http://www.dhammadownload.com

ဓမ္မစေတီတော်

# ထေရထေရီဂါထာပါဠိတော်
# မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော
ဦးအေးအေး-ဒေါ် ခင်စန်းကြွင်-နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
မောင်ခင်ချမ်းမြေ့ ဆေး-အားရည်ရှား၏
သားကြီး-ဘိုဝင်းထွန်းလင်း ၊
မအေးမြသီတာ (ခေတ္တ-ဂျပန်)
သားငယ် ကိုအောင်ပြည့်စုံအေး (ခေတ္တ-စင်ကာပူ)
မိသားစု ၊ တောင်မှ
၁၃၇၂-ခုနှစ်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ထေရဂါထာပါဠိတော်

နှင့်

# ထေရီဂါထာပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ ၂၅၃၇ ကောဇာ ၁၃၅၅ ၁၉၉၃

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ်-၀၂၄၀၅ /၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ်

ထေရဂါထာနှင့်ထေရီဂါထာပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

## ထေရဂါထာနှင့်ထေရီဂါထာများ

"အသျှင်ဘုရား ဤသာသနာတော်၌ ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေလျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ ဖြစ်ကာ အမွေး'မာန်'ကို ချထားပြီးလျှင် သူတပါးပေးသောပစ္စည်းဖြင့် အသက်မွေးသော သားသမင်စိတ်ထားဖြင့် နေကြသည့် ရဟန်းတို့ကို အကျွန်ုပ်မြင်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား'အမှန်အားဖြင့် ဤအသျှင်တို့သည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ မှန်မြတ်သော ရှေးတရားထက်ထူးသော နောက်တရားကို သိကြကုန်၏၊ ထို့ကြောင့်သာ လျှင် ဤအသျှင်တို့သည် ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေလျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ဖြစ်ကာ အမွေး 'မာန်'ကို ချထားပြီးလျှင် သူတပါးတို့ပေးသော ပစ္စည်းဖြင့် အသက်မွေးကုန်သည် ဖြစ်၍ သားသမင်စိတ်ထားဖြင့် နေကြကုန်၏'ဟု အကြံဖြစ်ပါ၏"[1]။

အထက်၌ ဖော်ပြအပ်သော စကားသည် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော် ဓမ္မစေတိယ သုတ်မှ ကောသလမင်းကြီးက ရဟန်းတော်များကိုမြင်၍ မြတ်စွာဘုရားအား လျှောက်ထားသော စကားတရပ်ဖြစ်၏၊ ကောသလမင်းကြီးသည် ဘုရားထံသို့ လာရာ၌ ကိလေသာကင်းဝေး၍ စိတ် အေးကြည်ရွှင်လျက် ကြည်လင်သော မျက်နှာရှိကြကုန်သော အရိယာသာဝကတို့ကို မြင်ရသော အခါ "ဤရဟန်းတို့ ကြည်လင်ရွှင်လန်း၍ ဆန်းသစ်စ လသာဖွယ် တင့်တယ်ပြည့်ဖြိုးနေကြခြင်းမှာ မှန်မြတ်သောတရားထူးကို ရရှိနေကြခြင်းကြောင့်သာ ဖြစ်ရာသည်"ဟု ကြံစည်မိသဖြင့် မြတ်စွာ ဘုရားအား လျှောက်ထားခြင်း ဖြစ်လေသည်။

ကောသလမင်းကြီး လျှောက်ထားသည့်အတိုင်းပင် ထေရဂါထာ ထေရီဂါထာ ကျမ်းနှစ်ကျမ်း သည် မြတ်စွာဘုရား၏ တပည့်သာဝကနှင့် တပည့်မ သာဝိကာဖြစ်ကြကုန်သော ရဟန်း ရဟန်းမ များက မှန်မြတ်သော ရှေးတရားထက်ထူးသော နောက်တရားကို သိကြရသောအခါ (ရဟန္တာ အဖြစ်သို့ ရောက်ကြသောအခါ) မိမိရအပ်သော မဂ်ဖိုလ်ချမ်းသာကို ဆင်ခြင်၍ အချို့က ဥဒါန်း ကျူးရင့်သောအားဖြင့်၎င်း, အချို့က မေးမြန်း(ဖြေကြား)သောအားဖြင့်၎င်း, အချို့က မပရိ နိဗ္ဗာန်ပြုခါနီးအခါ၌ သာသနာတော်၏ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိက အဖြစ်ကို ထင်ရှားစေလိုသောအားဖြင့်၎င်း မြွက်ဆိုဟောကြားထားသော စကားတော်များ ဖြစ်ကြပေသည်၊ ထိုစကားတော်အားလုံးကို ပဉ္စမသံဂါယနာတင်သောအခါ၌ တပေါင်းတည်း

[1] မ၊ မြန်-၂-၃၂၇။

http://www.dhammadownload.com



ပြု၍ ထေရဂါထာ ထေရီဂါထာ ဟူသော အမည်ဖြင့် သံဂါယနာတင် မထေရ်တို့က သီးခြားသတ်မှတ်၍ ထားခဲ့ကြကုန်၏။

ဤထေရဂါထာ ထေရီဂါထာကျမ်းသည်ကား မြတ်စွာဘုရား၏ သာဝက သာဝိကာ ရဟန္တာ ရဟန္တာမတို့၏ ဖြစ်စဉ် အကြောင်း အဋ္ဌုပ္ပတ္တိကျမ်းစာမဟုတ်ပေ၊ ထိုရဟန္တာ ရဟန္တာမတို့၏ ဖြစ်စဉ် အကြောင်း အဋ္ဌုပ္ပတ္တိကျမ်းစာကို အပဒါန်ပါဠိတော်ဟူသော အမည်ဖြင့် သီးသန့်ထားရှိခဲ့ပေ၏၊ ဤထေရဂါထာ ထေရီဂါထာကျမ်းမှာမူ ထင်ရှားသော ရဟန္တာ ရဟန္တာမကြီးများ၏ ဟောကြားမိန့်ဆိုတော်မူချက်များကို ဖတ်ရှုမှတ်သား၍ လိုက်နာ အတုယူရန်နှင့် သံဝေဂဉာဏ်ရင့်သန်၍ မူရင်းဟောကြားသူ ထေရ ထေရီပုဂ္ဂိုလ်ကြီးများကဲ့သို့ နိဗ္ဗာန်ထုတ်ချောက် ကူးမြောက်နိုင်ကြရန် ဟူသော အကျိုးထူးများကို အထူးမြော်ရည်၍ စုပေါင်းသံဂါယနာတင်တော်မူလျက် ထားတော်မူခဲ့သော ကျမ်းပင် ဖြစ်ပေ၏။

## နက်နဲသောတရားသဘောများ အပြည့်အဝ ပါရှိပုံ

ဤကျမ်း၏ အကျိုးအာနိသင်နှင့် တရားစကားတော်များ၏ တန်ဖိုးကို အထူးဖော်ပြနေဖွယ်မလို၊ ဤကျမ်းပါ အကြောင်းအရာ အမျိုးအပြားကိုထား၍ ကေနိပါတ်လာ တပုဒ်သောဂါထာမျှကို ဖတ်ရှုကြည့်လျှင်ပင် မည်မျှ နက်နဲ ထိမိသော တရားသဘောများ ပါဝင်နေသည်တို့ကို သတိပြုမိပေမည်။

ပုံစံအားဖြင့် ဤထေရဂါထာကျမ်းစာ အစဆုံး အမှတ်-၁ ဂါထာဖြစ်သော သုဘူတိထေရဂါထာ၌ လာသော—

> "မိုးနတ်သား ငါ၏ကျောင်းသည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေ တည်းဟူသော ဘေးရန်မှ ကင်း၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့၊ ငါ၏ စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ သံယောဇဉ်တို့မှ လွတ်မြောက်၏၊ ငါသည် ပြင်းထန်စွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပါ၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့"။

ဟူသော ဂါထာ(မြန်မာပြန်)ကို ဖတ်ကြည့်လျှင် သာမညအားဖြင့် သုဘူတိမည်သော ရဟန္တာမထေရ်မြတ်သည် ၎င်း၏ ကျောင်းငယ်ကို ကောင်းမွန်စွာ ပြင်ဆင်မိုးထားပြီးဖြစ်၍ ပြင်းထန်စွာ ရွာသွန်းတော့မည့်မိုးကို ခံနိုင်ရည်ရှိပုံ၊ စိတ်ဓါတ်တည်ကြည်၍ သံယောဇဉ်ကင်းသည့်ပြင် လုံ့လ ဝီရိယအသင့်ရှိနေသဖြင့် မိုးကို ဂရုမစိုက်ပုံတို့ကို ထင်မြင်လာနိုင်၏။ ထိုထက်တဆင့်တက်၍ အသင့်အတင့်ကြံစည်မိပြန်လျှင် ရဟန္တာပုဂ္ဂိုလ်များအဖို့ စိတ်ဓာတ်ကြည်လင်၍ သံယောဇဉ် ကင်းပြီးဖြစ်သဖြင့် မိုးပင်ရွာရွာ နေပင်ပူပူ သည်းခံစိတ် ထားရှိနိုင်ပုံတို့ကို ထင်မြင်လာပေလိမ့်မည်။

ဉာဏ်အမြင်ရင့်၍ တဆင့်ထက်တဆင့် ကြံစည်ပြီးလျှင် ပါရမီဓာတ်ခံ အလျောက် ထိုးထွင်း ဉာဏ်နှင့်ပြည့်စုံသူတို့အဖို့ကား အထက်ပါအကြောင်းအရာများထက်ထူးချွန်၍ အလွန်လေးနက်သော အောက်ပါတရားအချက်များကို သိမြင်နိုင်ရာပေသေး၏။

'ငါ၏ကျောင်း'ဟူရာ၌ ကျောင်းဟူသည်ကို သာမန်ကျောင်းထက်လွန်၍ ခန္ဓာကိုယ်အတ္တဘော ဟူသောကျောင်း ဝါ-ခန္ဓာကိုယ်အတ္တဘောဟု ယူဆနိုင်၏၊ 'မိုးထားပြီးဖြစ်၍'ဟူသော စကားကို

http://www.dhammadownload.com



သာမည မြက်သစ်ရွက်တို့ဖြင့် မိုးထားခြင်းမျိုးမဟုတ်ပဲ မလုံခြုံသော စက္ခုစသော ဟင်းလင်းဖြစ်သည့် ဒွါရတို့မှ ထိုးဖေါက်ဝင်ရောက်လာမည့် ရာဂစသော အမိုးအစွတ်တို့အား ပညာဖြင့် တားမြစ်ထားပြီးဖြစ်၍ဟု ယူဆနိုင်၏။

'ချမ်းသာကိုဆောင်နိုင်၏'ဟူသော စကား၌ ဆိုခဲ့ပြီးသည့်အတိုင်း ခန္ဓာကိုယ် အတ္တဘောကို ပညာဖြင့် မိုးကာထားသဖြင့် ကိလေသာဒုက္ခတို့မှ ကင်းရှင်း၍ ချမ်းသာခြင်းနှင့်ပြည့်စုံ၍ ဝါ ချမ်းသာကို ဆောင်၍ နေနိုင်၏ဟု အဓိပ္ပါယ် ယူနိုင်၏၊ လေတည်းဟူသော ဘေးရန်ဟူသည် ထောင်လွှားမှု'မာန'၊ ယစ်မူးမှု'မဒ'၊ ခက်မာမှု'ထမ္ဘ'၊ ချုတ်ချယ်မှု'သာရမ္ဘ'စသော ဘေးရန်များကိုဆိုလို၍ ၎င်းတို့မှ ကင်းရှင်းပြီဟု ယူဆနိုင်၏၊ ထိုမှတဆင့်တက်၍ ငါ၏စိတ်သည် ညစ်ညူးကြောင်းတရားတို့အား တားမြစ်နိုင်ရုံမျှသာမက မြတ်သော မဂ်ဖိုလ်သမာဓိဖြင့် ကောင်းစွာတည်ကြည်သောကြောင့်သာလျှင် မြတ်သောပညာဖြင့် သံယောဇဉ်အားလုံးတို့မှ လွတ်မြောက်ပြီဟု ပြလိုသောကြောင့် "ငါ၏စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ သံယောဇဉ်တို့မှ လွတ်မြောက်၏"ဟု ဆိုလေသည်၊ ဤသို့ဖြစ်၍ ယခုအခါ ကိစ္စအားလုံးပြီးပြီဟူ၍ ကြောင့်ကြမဲ့နေလေသလောဟုဥြားအံ့၊ မနေဟုသိရန်လည်း "ငါသည်ပြင်းထန်စွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပါ၏"ဟု ဆက်၍ ဆိုလေသည်။

ဤသို့ဖြင့် ထိုဂါထာ၏ အဓိပ္ပါယ်ကို တရားသဘောများဖြင့် ထိုးထွင်း၍ နက်နဲစွာ နားလည်လာနိုင်ပေသည်။

ထိုသို့ နားလည်လာလျှင် "ငါ၏ကျောင်းသည် မိုးထားပြီဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏" ဟူသောစာပိုဒ်ဖြင့် လောကီ လောကုတ္တရာအပြားရှိသော မိမိ၏ အဓိသီလသိက္ခာကိုရင်း, ငါ၏ စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍"ဟူသော အပိုဒ်ဖြင့် အဓိစိတ္တသိက္ခာကိုရင်း, "သံယောဇဉ်တို့မှ လွတ်မြောက်၏"ဟူသော စာပိုဒ်ဖြင့် အဓိပညာသိက္ခာကိုရင်း, "ပြင်းထန်စွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍နေ၏"ဟူသော အပိုဒ်ဖြင့် မျက်မှောက်ချမ်းသာစွာ နေထိုင်ရခြင်းကိုရင်း ထင်မြင်နိုင်ပြီးလျှင် နက်နဲသောတရား၏အရသာတို့ကို ထိုးထွင်းသိမြင်၍လာနိုင်ပေသည်။

ဤသို့ အမြွက်မျှပြဆိုခဲ့သည့်အတိုင်း ထေရဂါထာ ထေရီဂါထာလာ ဂါထာ တရားစကားအားလုံးသည် ပုဒ်တိုင်း ပုဒ်တိုင်း၌ အလွန်နက်နဲ၍ လောကီ လောကုတ္တရာ အကျိုးတရားများ တိုးပွါးဖွယ်ရာ အနက်အဓိပ္ပါယ်များဖြင့် ပြည့်ဝနေသည်တို့ကို အထူး သတိချပ်အပ်လှပေ၏။

## ဤကျမ်းလာ ထေရာထေရီများနှင့် အပဒါန်လာ ထေရာထေရီများ

ဤထေရဂါထာ ထေရီဂါထာကိုဖတ်ရှုရာ၌ အထူး သိထားရန် အချက်တချက်မှာ ဤထေရဂါထာ ထေရီဂါထာ တရားစကားတော်များကို ဟောကြားမိန့်မြွက်တော်မူကြသော ရဟန္တာ ရဟန္တာမ ထေရထေရီအရှင်အရှင်မကြီးတို့အနက် အချို့သော အရှင် အရှင်မကြီးတို့၏အကြောင်း အဋ္ဌုပ္ပတ္တိတို့သည် ထေရာပဒါန် ထေရီပဒါန်ကျမ်း၌ ပါဝင်၍ အချို့သော အရှင် အရှင်မကြီးတို့၏ အကြောင်း အဋ္ဌုပ္ပတ္တိတို့မှာ ထေရာပဒါန်ထေရီအပဒါန်ကျမ်း၌ မပါဝင်ခဲ့သည့်အချက်ပင်ဖြစ်၏၊ ဤ၌ ရဟန္တာ ထေရ ထေရီများချည်းဖြစ်ပါလျက် အဘယ့်ကြောင့် အပဒါန်၌ အချို့သာပါဝင်၍ အချို့ မပါဝင်သနည်းဟု မေးဖွယ်ရာ ရှိ၏။

http://www.dhammadownload.com



ဤအမေးကို ဖြေဆိုရာဝယ် အပဒါန်ဟူသော အဓိပ္ပါယ်ကို ပြန်လည် ညွှန်းပြသင့်ပေသေး၏ (ယင်းအဓိပ္ပါယ်ကို အကျယ်တဝင့် သိရန် အပဒါန်ပါဠိတော် မြန်မာပြန် ပဌမအုပ် ကျမ်းဦး မှတ်ဖွယ်ကို ဖတ်ရှုပါ)၊ အပဒါန်ဟူသည် (အနက်အမျိုးမျိုးရှိသည့်အနက်) "ဤသို့ ရှေးက ငါ ကျင့်ဘူးပြီ"ဟုဆိုအပ်သော အကောင်းအဆိုး အဖြစ်အပျက် အကြောင်းအဍ္ဍုပ္ပတ္တိကိုဆိုလိုပေရာ ရှေးဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာ သာဝကတို့အထံ၌ ပုညကိရိယာ၏အစွမ်းဖြင့် ဖြစ်စေအပ်သော သာဝက ပါရမီထူးရှိသည့် ပုဂ္ဂိုလ်မျိုးတို့သည်သာ အပဒါန်၌ ပါဝင်နိုင်သည်ဟု မှတ်သားထားသင့်၏။

အချင်းခပ်သိမ်း ရှေးအကြောင်းပြည့်စုံမှုမှကင်း၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု မရှိသင့်သည် မဟုတ်ပါလောဟု မေးလျှင် မှန်၏၊ အချင်းခပ်သိမ်း ရှေးအကြောင်းပြည့်စုံမှု ကင်း၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု မရှိသင့်ပေ၊ သို့သော် အပဒါန်ဝင်ပုဂ္ဂိုလ်တို့ကား အလွန်ထူးချွန်မြင့်မားသော ရှေးအကြောင်းပြည့်စုံမှု ရှိရပေမည်၊ အချင်းခပ်သိမ်း ရှေးအကြောင်း ပြည့်စုံမှု မကင်းသော်လည်း အလွန်ထူးချွန်မြင့်မားသော ရှေးအကြောင်း ပြည့်စုံမှုမရှိလျှင် အပဒါန်ပါဠိတော်၌ မပါဝင်နိုင်ပေ။

ထိုရှေးအကြောင်း ပြည့်စုံမှု "ဥပနိဿယသမ္ပတ္တိ" အတွက် ဖြည့်ကျင့်ရပုံ ကြိုးပမ်းအားထုတ်ရပုံတို့ကို ထေရာပဒါန် ပါဠိတော်မြန်မာပြန်ကျမ်းဦးမှတ်ဖွယ်၌ အကျယ်တဝင့် ရေးသားခဲ့ပြီဖြစ်၍ ဤ၌ ရေးသားရန်လိုတော့မည် မဟုတ်ပေ။

## ထေရဂါထာထေရာဆိုင်ရာ မှတ်သားဖွယ်များ

ဤထေရဂါထာ ထေရီဂါထာကျမ်း၌ ထေရာအပိုင်း ထေရီအပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားကာ မှတ်သားဖွယ်ရာများကို အမြွက်မျှ တင်ပြဦးအံ့။

ထေရဂါထာ ပါဠိတော်၌ သုဘူတ်ထေရ် အစ ဝင်္ဂီသထေရ်အဆုံး မထေရ်ပေါင်း ၂၆၄-ပါးတို့၏ တရားစကားတော်များပါရှိ၏၊ ထို ၂၆၄-ပါးသော ရဟန္တာမထေရ်တို့သည် မြတ်စွာဘုရား၏ သာဝက၏အဖြစ်ဖြင့် တမျိုးတည်းသာဖြစ်လေ၏၊ ထိုအတူ အသေက္ခ၏အဖြစ်စသည်ဖြင့်လည်း တမျိုးတည်းသာတည်း။

ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်းပြုခြင်း ဧဟိဘိက္ခုအဖြစ်မဟုတ်ပဲ ရဟန်းပြုခြင်းအားဖြင့်ကား နှစ်မျိုးပြားကုန်၏၊ ဧဟိဘိက္ခုရဟန်းဟူသည် မြတ်စွာဘုရားက "ဧဟိဘိက္ခု-ရဟန်းလာလှည့်"ဟု မြွက်ကြားရုံမျှဖြင့် ရဟန်းအဖြစ်သို့ရောက်သော ရဟန်းမျိုးဖြစ်၏၊ မြတ်စွာဘုရားသည် ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့်ဖြစ်ရမည့် ဥပနိဿယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တွေ့မြင်လျှင် နီလွင်သော ပွံ့သုကူ သင်္ကန်း၏အတွင်းမှ ရွှေအဆင်းနှင့်တူသော လကျ်ာလက်မောင်းတော်ကိုထုတ်၍ ဗြဟ္မာမင်း၏အသံတော်ကဲ့သို့သော အသံတော်ဖြင့် "ဧဟိဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"ဟု မြွက်ကြားတော်မူ၏၊ ထိုသို့ မြတ်စွာဘုရားက ဧဟိဘိက္ခု အခေါ်ခံရသော ရဟန်းအား မြတ်စွာဘုရား မြွက်ကြားခေါ်ဝေါ်သည်နှင့်တပြိုင်နက်သာလျှင် လူ၏အသွင်သည်ကွယ်ပျောက်၍ ရဟန်း၏ အသွင်သည် ပေါ်ပေါက်လာလေ၏၊ ဦးပြည်းခေါင်းတုံးပြီးဖြစ်၍ ဖန်ရည်ဆိုးသော အဝတ်ဖြင့် တထည်ကိုဝတ် တထည်ကိုရုံလျက် တထည်ကိုပခုံး၌တင်ကာ လက်ဝဲပခုံးစွန်း၌ ကြာညိုအဆင်းနှင့် တူသော မြေသပိတ်ကိုလွယ်ပြီးဖြစ်လေ၏၊ သင်္ကန်းသပိတ်စသော ပရိက္ခရာတို့ကိုလွယ်ကာ ဝါတော် ခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဖွယ်သော ဣရိယာပုတ်တို့ဖြင့် ပြည့်စုံစွာ

http://www.dhammadownload.com



သာလျှင် မြတ်စွာဘုရားသာလျှင် ဆရာ မြတ်စွာဘုရားသာလျှင် ဥပဇ္ဈာယ်ဖြစ်၍ မြတ်စွာဘုရားကို သာလျှင် ရှိခိုးလျက် တည်နေလေသည်။

မြတ်စွာဘုရားသည် ပဌမဗောဓိ (ဘုရားဖြစ်တော်မူစ) အခါကာလကပင် ဧဟိဘိက္ခုရဟန်း အဖြစ်ဖြင့် ရဟန်းပြုပေးတော်မူခဲ့၏၊ ထိုအခါမှစ၍ ဤမြတ်စွာဘုရား၏သာသနာတော်၌ ဧဟိဘိက္ခု ရဟန်းတို့သည် အညာသိကောဏ္ဍညမထေရ်မြတ် အမှူးရှိသော ပဉ္စဝဂ္ဂီငါးဦး, ယသမင်းကေရ်နှင့်၎င်း၏ အဖော်ဖြစ်သော ဝိမလ သုဗာဟု ပုဏ္ဏဇိနှင့် ဂဝမ္ပတိလေးပါး, အခြားအဆွေခင်ပွန်း ငါးဆယ် ငါးဦး, ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်, ဥရုဝေဠကဿပရှေ့ဆောင် တထောင်သော ရသေ့ဟောင်း ရဟန်းများ, အဂ္ဂသာဝကနှစ်ပါးနှင့် ၎င်းတို့၏အခြံအရံနှစ်ရာ့ငါးဆယ်, အင်္ဂုလိမာလမထေရ်(ဤသို့ ဝိနည်းပိဋကတ်၌လာသော ဧဟိဘိက္ခုရဟန်းပေါင်း-၁၃၅၀ ပါး) သေလပုဏ္ဏားနှင့် တပည့်ပုဏ္ဏား သုံးရာ, မဟာကပ္ပိနမင်းနှင့် ထိုမင်း၏အခြံအရံဖြစ်သော ယောကျ်ားတထောင်, သုဒ္ဓေါဒနမင်းကြီးက ဘုရားပင့်ရန်စေလွှတ်သော ကပိလဝတ်ပြည်သား တသောင်း, ဗာဝရီပုဏ္ဏားကြီး၏တပည့် အဇိတ စသော ယောကျ်ားတသောင်း ခြောက်ထောင် (ဤသို့ သုတ္တန်ပိဋကတ်၌လာသော ဧဟိဘိက္ခုရဟန်း ပေါင်း-၂၇၃၀၀ ဖြစ်၍ နှစ်ရပ်ပေါင်း) ဧဟိဘိက္ခုရဟန်းပေါင်း-၂၈၆၅၀ (နှစ်သောင်းရှစ်ထောင် ခြောက်ရာ့ငါးဆယ်)ဖြစ်၏၊ ထင်ရှားသော နေရာမှယူ၍ ပြထားသော စာရင်းသာဖြစ်၍ ထိုထက် အလွန်လည်းရှိရာသေးသည်၊ ဤဖော်ပြခဲ့သည်မှ တပါးသော ရဟန်းတို့ကား ဧဟိဘိက္ခုအဖြစ် မဟုတ်ပဲ အခြားဥပသမ္ပဒနည်းတို့ဖြင့် ရဟန်းဖြစ်လာသူတို့ချည်း ဖြစ်ကုန်၏။

ဖော်ပြပါ ဧဟိဘိက္ခူပသမ္ပဒါ ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်းဖြစ်ခြင်းမှတပါး သရဏဂမနူပ သမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဉှာဗျာကရဏူပသမ္ပဒါနှင့် ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါဟူ၍ ဥပ-သမ္ပဒလေးမျိုး ရှိသေး၏။

ထိုလေးမျိုးတို့တွင်—

**သရဏဂမနူပ သမ္ပဒါရဟန်း။** ။ဧဟိဘိက္ခူပသမ္ပဒါ ရဟန်းတို့အား ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်း အဖြစ် ခွင့်ပြုသကဲ့သို့ပင် သရဏဂုံသုံးပါးဖြင့် ရဟန်းအဖြစ်ခွင့်ပြု တော်မူ၏၊ ဤသို့သရဏဂုံသုံးပါးဖြင့် ရဟန်းအဖြစ် ခွင့်ပြုသည့်အတိုင်းဖြစ်လာသော ရဟန်းများကို သရဏဂမနူပသမ္ပဒါရဟန်းဟု ခေါ် ဆိုရလေသည်။

**ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း။** ။အသျှင်မဟာကဿပအား မြတ်စွာဘုရားက "တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ"စသော ဩဝါဒသုံးရပ်ကို ပေး၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူခြင်းကို ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါဟု ဆိုရ၏၊ ဤမြတ်စွာဘုရားသာသနာ တော်တွင် အသျှင်မဟာကဿပသည်သာ တပါးတည်းသော ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း ဖြစ် လေသည်။

**ပဉှာဗျာကရဏူပသမ္ပဒါရဟန်း။** ။မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ စင်္ကြံကြွတော် မူရာမှ သောပါကသာမဏေကို "ဥဒ္ဓုမာတကသညာတိ ဝါ သောပါက'ရူပသညာ'တိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာ ဗျဉ္ဇနာ ဥဒါဟု ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ" စသည်ဖြင့် အသုဘနှင့်စပ်သော ပြဿနာတို့၌ မေးသည်ရှိသော် ခုနစ်နှစ်အရွယ် သောပါက သာမဏေက "ဥဒ္ဓုမာတကသညာတိ ဝါ ဘဂဝါ 'ရူပသညာ'တိ ဝါ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇန

http://www.dhammadownload.com



မေဝ နာနာ”စသဖြင့် ဖြေဆိုသောအခါ သဗ္ဗညုတဉာဏ်တော်နှင့် နှီးနှော၍ ဖြေဆိုနိုင်ပေသည်ဟု နှစ်သက်တော်မူသဖြင့် မြတ်စွာဘုရားက ထိုပြဿနာအဖြေဖြင့်ပင် ရဟန်းအဖြစ်ခွင့်ပြုတော်မူခဲ့၏၊ ဤသို့ ပြဿနာမေးဖြေ၍ ရဟန်းအဖြစ်ခွင့်ပြုခြင်းကို ပဉှာဗျာကရဏူပသမ္ပဒါဟု ခေါ်ဆိုရလေသည်။

**ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း။** ။အသျှင် ရာဓမထေရ်မှစ၍ ယခုခေတ်အထိ ဥတ်လျှင် စတုတ္ထမြောက်ကမ္မဝါစာဖြင့် ရဟန်းခံခြင်းကိုကား ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါဟူ၍ ခေါ်ဆိုရ၏။

ထိုမှတပါး အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကအားဖြင့် သုံးမျိုးပြားကုန်၏၊ ထို သုံးမျိုးနှင့် ဆိုင်ရာသိမှတ်စရာတို့ကို ထေရာပဒါန် ပါဠိတော်မြန်မာပြန် ပဌမတွဲ ကျမ်းဦးမှတ်ဖွယ်၌ ကြည့်ရှုကြပါကုန်။

ပဋိပဒါဟုဆိုအပ်သော အကျင့်ပဋိပတ်ဆိုင်ရာအားဖြင့် ဒုက္ခပဋိပဒါဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါ ခိပ္ပာဘိညာ, ဟူ၍ လေးမျိုးပြားကုန်၏၊ ဆင်းရဲငြိုငြင်စွာကျင့်၍ နုန့်နှေးစွာ သိမြင်သောပုဂ္ဂိုလ်, ဆင်းရဲငြိုငြင်စွာကျင့်၍ လျင်မြန်စွာသိမြင်သောပုဂ္ဂိုလ်, ချမ်းသာလွယ်ကူစွာကျင့်၍ နုန့်နှေးစွာ သိမြင်သောပုဂ္ဂိုလ်နှင့် ချမ်းသာလွယ်ကူစွာကျင့်၍ လျင်မြန်စွာသိမြင်သောပုဂ္ဂိုလ်ဟူ၍ အဓိပ္ပါယ်ရ၏။

ဣန္ဒြေလွန်ကဲခြင်းအစွမ်းအားဖြင့် ငါးမျိုးပြား၏၊ ထိုမြတ်စွာဘုရား၏ တပည့်သာဝကတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း၌ တူညီကြလင့်ကစား ဣန္ဒြေလွန်ကဲထူးချွန်ရာ၌ မတူကြပေ၊ ဝက္ကလိမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သဒ္ဓိန္ဒြေလွန်ကဲ၏၊ ကောဏ္ဍိဝိသမဟာသောဏမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် ဝီရိယိန္ဒြေလွန်ကဲ၏၊ သောဘိတမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သတိန္ဒြေလွန်ကဲ၏၊ စူဠပန္ထကမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သမာဓိန္ဒြေလွန်ကဲ၏၊ အာနန္ဒာမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် ပညိန္ဒြေလွန်ကဲ၏၊ ဤနေရာ၌ ငါးမျိုးပြားသည်မှာ ရှေးအဖို့၌ ရအပ်သော ထူးခြားမှုအစွမ်းဖြင့်သာဆို၏၊ အထက်မဂ်ခဏ၌မူ ဣန္ဒြေငါးမျိုးစလုံး၌ပင် ထူးခြားမှု မရှိကြ၊ သဘောအားဖြင့် အတူတူပင်ဟု ယူဆကြရာ၏။

ထိုအတူပင် ပါရမိပ္ပတ္တာ, ပဋိသမ္ဘိဒါပတ္တာ, ဆဠာဘိညာ, တေဝိဇ္ဇနှင့် သုက္ခဝိပဿကဟူ၍ ငါးမျိုးပြားသေးသည်။

**ပါရမိပ္ပတ္တရဟန္တာ။** ။ထိုတွင် အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလ္လာန်တို့ကဲ့သို့ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ပါရမိပ္ပတ္တာဟု ခေါ်ဆိုရကုန်၏။

**ပဋိသမ္ဘိဒါပတ္တရဟန္တာ။** ။အတ္ထပဋိသမ္ဘိဒါ(=အကြောင်းကြောင့်ဖြစ်လာသော အကျိုးတရားစု, နိဗ္ဗာန်, ပါဠိတော်၏ အနက်သဘော, ဝိပါက်စိတ်, ကြိယာစိတ်၊ ၎င်းငါးပါးသောတရားစုကို ပိုင်းခြားဝေဘန်၍ သိသောဉာဏ်), ဓမ္မပဋိသမ္ဘိဒါ(=အကျိုးကို ဖြစ်စေသော အကြောင်းတရားဟူသမျှ, အရိယမဂ်လေးပါး, ပါဠိတော်အစဉ်, ကုသိုလ်, အကုသိုလ်၊ ၎င်းငါးပါးသော တရားစုကို ပိုင်းခြားဝေဘန်၍သိသောဉာဏ်), နိရုတ္တိပဋိသမ္ဘိဒါ(=ဆိုခဲ့ပြီးသော အတ္ထငါးမျိုး ဓမ္မငါးမျိုးတို့နှင့်ဆိုင်ရာ သဒ္ဒါပုဒ်ပါဠိ ဆယ်ပါးတို့တို့ ကျွမ်းကျင်နားလည်သောဉာဏ်),

http://www.dhammadownload.com



ပဋိဘာနပဋိသမ္ဘိဒါ (=ဆိုခဲ့သော ပဋိသမ္ဘိဒါသုံးပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဘန်၍ သိသောဉာဏ်)ဟူသော ပဋိသမ္ဘိဒါလေးပါးသို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်ကို ပဋိသမ္ဘိဒါပတ္တဟု ခေါ်ဆိုရလေသည်။

ဆဠဘိညရဟန္တာ။ ။ဣဒ္ဓိဝိဓဉာဏ် စသော အဘိညာဉ်ခြောက်ပါးသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်ကို ဆဠဘိညဟု ခေါ်ဆိုရ၏။

တေဝိဇ္ဇရဟန္တာ။ ။ပုဗ္ဗေနိဝါသာနုဿတိ စသော ဝိဇ္ဇာသုံးပါးကိုရသော ရဟန္တာပုဂ္ဂိုလ်ကို တေဝိဇ္ဇဟု ခေါ်ဆိုရ၏။

သုက္ခဝိပဿက ရဟန္တာ။ ။ခဏိကသမာဓိမျှ၌ တည်၍ ဝိပဿနာကိုဖြစ်စေသော, ချွန်မရပ် အထက်မဂ်တို့ကို ရရှိသော ရဟန္တာပုဂ္ဂိုလ်ကို သုက္ခဝိပဿကဟု ခေါ်ဆိုရလေသည်၊ ဤသို့ စသည်ဖြင့် ရဟန္တာယောကျ်ားတို့ကို ဝေဘန်မှတ်သားအပ်ပေ၏။

## ထေရီများနှင့်ဆိုင်သောမှတ်သားဖွယ်ရာများ

ထေရီဟု ဆိုအပ်သော ရဟန္တာမတို့ကား ရဟန်းယောကျ်ားတို့ကဲ့သို့ ဧဟိဘိက္ခုအဖြစ် လုံးဝ မရှိပေ၊ ဤနေရာ၌ လျှဉ်းပါးဖွယ် ရှိနေပေသည်၊ ထေရီဂါထာပါဠိတော် ဘဒ္ဒါကုဏ္ဍလကေသာ ထေရီဝတ္ထုတွင်—

"နိဟစ္စ ဇာဏုံ ဝန္ဒိတွာ၊ သမ္မုခါ အဉ္ဇလိံ အကံ။
'ဧဟိ ဘဒ္ဒေ'တိ မံ အဝစ၊ သာ မေ အာသူပသမ္ပဒါ"။

"ငါသည် ဒူးနှစ်ဖက်ကို ထောက်၍ ရှိခိုးပြီးလျှင် မျက်မှောက်တော်၌ လက်အုပ်ချီခြင်းကို ပြုပြီ၊ (မြတ်စွာဘုရားသည်) 'ဘဒ္ဒါ လာလော့'ဟု ငါ့ကို မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏"ဟူ၍ရှင်း။

ထိုဘဒ္ဒါကုဏ္ဍလကေသာ ထေရီ၏ အပဒါန်တွင်—

"အာယာစိတော တဒါ အာဟ၊ 'ဧဟိ ဘဒ္ဒေ'တိ နာယကော။
တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယမဒ္ဒသံ"။

"ထိုအခါ (ငါသည် ရှင်အဖြစ် ရဟန်းအဖြစ်ကို) တောင်းပန်ခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည်'ချစ်သမီးဘဒ္ဒါ လာလော့'ဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ ငါသည် ပဉ္စင်းဖြစ်ပြီး၍ အနည်းငယ်သော ရေကို တွေ့မြင်၏"ဟူ၍ရှင်း ပါရှိ၏။

ထိုစကားရပ်တို့၏ အဓိပ္ပါယ်ကို ဆင်ခြင်လျှင် ဧဟိဘဒ္ဒေ ဟူသည်မှာ ဧဟိဘိက္ခုနီဟု ခေါ်သော စကားရပ်ကဲ့သို့ပင် ဖြစ်နေ၏၊ ထို့ပြင် "သာ မေ အာသူပသမ္ပဒါ, တဒါဟံ ဥပသမ္ပန္နာ=ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏၊ ထိုအခါ ငါသည် ပဉ္စင်းဖြစ်၍" ဟူသော စကားတို့ကြောင့် မုချ ဧဟိဘိက္ခုနီ ရှိနိုင်ရာသေး၏ဟု စဉ်းစားစရာပင် ဖြစ်နေပေသည်။

သို့သော်လည်း အဋ္ဌကထာဆရာက[၁] ထိုဧဟိဘဒ္ဒေ ဟူသော စကားကို "ချစ်သမီးဘဒ္ဒါ လာလော့၊ ဘိက္ခုနီမတို့ကျောင်းသို့သွား၍ ဘိက္ခုနီမတို့အထံ၌ ဘိက္ခုနီအဖြစ် ရဟန်းခံယူလော့

၁။ ထေရီဂါထာ ဋ္ဌ-၁၁၀၊၁၁၀ ၂။

http://www.dhammadownload.com



ာ့ ငါ (ဘဒ္ဒါကုဏ္ဍလကေသာ) ကို ခိုင်းစေ၏၊ မြတ်စွာဘုရား၏ ထိုခိုင်းစေချက်သည် ငါ့အား ရဟန်းဖြစ်ခြင်းအကြောင်းဖြစ်၏" ဟု ဖွင့်ဆိုထားပြီးလျှင် ဧဟိဘိက္ခုနီဟူ၍ မရှိနိုင်ကြောင်း အခိုင် အမာပြဆိုထား၏။

ထိုနောက် အကယ်၍ မြတ်စွာဘုရားသည် ဘိက္ခုနီအဖြစ် စပ်ယှဉ်လာသော မာတုဂါမအချို့ကို ဧဟိဘိက္ခုနီဟု ခေါ်ခဲ့လျှင် ဘိက္ခုနီအဖြစ်(ဧဟိဘိက္ခုနီရဟန်းမ)ဖြစ်လာစရာအကြောင်းရှိသည်၊ သို့သော် ကတာဓိကာရ ဟူသော ရှေးက ပြုဘူးသော ကုသိုလ်ပါရမီ အဆောက်အဦ ဆုတောင်း ဆုယူမှု မရှိသောကြောင့် ဧဟိဘိက္ခုနီ ခေါ်တော်မမူဟု ပရိကပ္ပ 'ကြံဆသော စကား' အနေဖြင့် ဖွင့်ပြထားသေး၏။

တဖန်လည်း ဧဟိဘိက္ခုနီနှင့် သရဏဂုံသုံးပါးဖြင့် 'ရဟန်းမ' ဖြစ်ရသူတို့ကို အခြားသော ဘုရားများလက်ထက်၌ ရှိကြောင်း အချို့ဆရာများဆိုသေး၏ဟု ဝိနည်းဋီကာ တွင် ပြဆိုပြီးလျှင် ထိုစကားသည် ငါတို့ဘုရားလက်ထက်၌လည်း ဖြစ်သင့်ခြင်း၏ လျှဉ်းပါးဖွယ်ရှိခြင်းကြောင့်၎င်း ဧဟိဘိက္ခုနီအား တားမြစ်ကန့်ကွက်ထားခြင်း၏ အရိပ်ထင်ခြင်းကြောင့်၎င်း မသင့်သကဲ့သို့ ထင်ကြောင်း ဆက်လက်ပြဆိုထားလေသည်။

ဓမ္မပဒဝတ္ထုဝိသာခါဝတ္ထု၌ "ဤသက်နိုးဒါန၏ အကျိုးကြောင့် ဤမဟာလတာ ပသာဓန တန်ဆာကို ရရှိ၏၊ မှန်ပေ၏၊ မိန်းမတို့အား သက်နိုးဒါနသည် မဟာလတာပသာဓနတန်ဆာကို ရခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်၏၊ ယောကျ်ားတို့အား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းဖြင့် (ဧဟိဘိက္ခုအဖြစ်ဖြင့်)အထွတ်အထိပ်သို့ ရောက်၏" ဟု ဖော်ပြပါရှိလေသည်၊ ဤသို့ဖြင့် ထေရီ ဝါ-ဘိက္ခုနီတို့၌ ဧဟိဘိက္ခုနီအဖြစ် မရှိသည်ကို မှတ်သားထားအပ်ပေသည်။

ဘိက္ခုနီတို့ ဘိက္ခုနီအဖြစ် ခံယူရခြင်းတို့သည် သုံးပါးအပြားရှိကုန်၏၊ ၎င်းမှာ ဂရုဓမ္မပဋိဂ္ဂဟ ဏူပသမ္ပဒါ၊ ဒူတေနူပသမ္ပဒါနှင့် အဋ္ဌဝါစိကူပသမ္ပဒါတို့တည်း။

**ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ** ဟူသည်မှာ ပဌမဆုံးဘိက္ခုနီဖြစ်လာသော မိထွေးတော် ဂေါတမီ အား ဂရုဓမ်တရားရှစ်ပါးတို့ကို ခံယူစေခြင်းဖြင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်တည်း။

**ဒူတေနူပသမ္ပဒါ**မှာ အဍ္ဍကာသိ ပြည့်တန်ဆာမအား တမန်ဖြင့် အထူးခွင့်ပြုအပ်သော ရဟန်းအဖြစ်ကိုဆိုသည်၊ ဤဒူတေနူပသမ္ပဒါမှာ အဍ္ဍကာသိတဦးအတွက်သာ အထူးခွင့်ပြုရခြင်း ဖြစ်၏၊ အဍ္ဍကာသိပြည့်တန်ဆာမသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုပြီးနောက် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ် ထပ်မံခံယူခြင်းငှါ သာဝတ္ထိပြည်သို့သွားရန် စီစဉ်သည်ကို သေသောက်ကြူးတို့က သိသဖြင့် အဍ္ဍကာသိအား လမ်းမှဖမ်း၍ ဖျက်ဆီးကြမည်ဟု တိုင်ပင်ကြကုန်၏၊ ထိုအကြောင်းကို သိ၍ ဘုရားထံမသွားဝံ့သဖြင့် ရဟန်းအဖြစ် ထပ်မံ ခံယူရန် ခက်ခဲနေသည်ကို ဘုရားရှင် သိတော်မူ၍ "အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိ ဥပသမ္ပါဒေတုံ=ရဟန်းတို့ တမန်ဖြင့်လည်း ရဟန်းခံခြင်း ငှါ ခွင့်ပြုတော်မူ၏" ဟု အထူးခွင့်ပြု၍ ရဟန်းခံပေးလေသည်။

**အဋ္ဌဝါစိကူပသမ္ပဒါ**ဟူသည်မှာ ဘိက္ခုနီအဖြစ် ခံယူလိုသော မိန်းမသည် ဘိက္ခုနီသံဃာ၌ ဥတ္တိစတုတ္ထကံဖြင့် (ယခုခေတ် ရဟန်းများ ရဟန်းခံသကဲ့သို့) ပဌမတကြိမ် ရဟန်းမိန်းမအဖြစ် ခံယူ၍ ဘိက္ခုသံဃာ၌ ဥတ္တိစတုတ္ထကံဖြင့်ပင် ဒုတိယတကြိမ် ခံယူရပြန်၏။ ဤသို့ ဥတ်လျှင် လေး

http://www.dhammadownload.com



ကြိမ်မြောက်ဖြင့် နှစ်ကြိမ်ရဟန်းခံရသည်ကို အဋ္ဌဝါစိကူပသမ္ပဒါဟု ဆိုရလေသည်။ ဤသို့ ဘိက္ခုနီတို့ ဘိက္ခုနီအဖြစ် ခံယူခြင်း (ဘိက္ခုနီ ပဉ္စင်းခံခြင်း)တို့သည် သုံးပါး အပြားရှိလေသည်။

(ဤသို့လျှင် ဘုရားသာသနာတော်၌ ရဟန်း ရဟန်းမအဖြစ် ခံယူခြင်း ဥပသမ္ပဒါတို့သည် ဘိက္ခု=ရဟန်းယောကျ်ားတို့၌ ငါးပါး, ဘိက္ခုနီ=ရဟန်းမိန်းမတို့၌ သုံးပါးအားဖြင့် ရှစ်ပါး အပြား ရှိလေသည်)။

## ဘိက္ခုနီသာသနာ အစနှင့်အဆုံး

ဘိက္ခုနီဟူသော ထေရီမများနှင့်စပ်၍ ဘိက္ခုနီ၏အစမှာ မိထွေးတော်ဂေါတမီဟုဆိုအပ်သော ဂေါတမီထေရီ ဘိက္ခုနီမကြီးပင်ဖြစ်၏၊ မိထွေးတော်ဂေါတမီ ဘိက္ခုနီမပြုလုပ်သော အချိန်အခါမှာ မြတ်စွာဘုရား ငါးဝါမြောက် ဝေသာလီပြည်၌ ဝါဆိုတော်မူစဉ်အခါပင် ဖြစ်၏၊ ထိုအကြောင်းနှင့် စပ်၍ ထေရီဂါထာအဋ္ဌကထာတွင် ဤသို့ ဆိုလေသည်[၁]။

"အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည်ကိုအမှီပြု၍ စုလစ်မွန်းချွန် အထွတ်တပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်၌သာလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် စံဝင်၏၊ ထိုနောက် ရောဟိနီမြစ်ကမ်း၌ ကလဟဝိဝါဒသုတ္တန် ဒေသနာ၏အဆုံးတွင် လူ့ဘောင်မှထွက်၍ ရဟန်းပြုကုန်သော သာကီဝင်မင်းသား ငါးရာတို့၏ ခြေရင်း အလုပ်အကျွေး(ဇနီးသည်)တို့သည် တပေါင်းတည်းဖြစ်ကာ မိထွေးတော် ဂေါတမီ၏ အထံသို့သွား၍ အားလုံးကပင် "ဘုရားရှင်အထံ၌ ဘိက္ခုနီမပြုကြပါကုန်စို့"ဟုပြောဆိုကာ မိထွေး တော်ကို အကြီးအမှူးပြု၍ မြတ်စွာဘုရားအထံသို့သွားရန် အလိုရှိကြကုန်၏၊ မိထွေးတော်သည် လည်း ရှေးအခါက တကြိမ် မြတ်စွာဘုရားကို ဘိက္ခုနီမ ပြုလုပ်ရန် တောင်းပန်ရာ မရခဲ့သူပေ၊ ထို့ကြောင့် မိထွေးတော်သည် (ယခုတကြိမ် ဘိက္ခုနီမ ပြုလုပ်လိုရာ၌) ဆတ္တာသည်ကိုခေါ် စေ၍ ဆံပင်တို့ကို ရိတ်စေပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ဆင်လျက် အလုံးစုံသော သာကီဝင် မင်းသမီးတို့ကိုခေါ် ဆောင်၍ ဝေသာလီပြည်သို့သွားပြီးနောက် အာနန္ဒာမထေရ်နှင့်အတူ မြတ်စွာ ဘုရားကို တောင်းပန်ကာ ဂရုဓမ်ရှစ်ပါးကိုခံယူခြင်းဖြင့် ဘိက္ခုနီမအဖြစ်ကို ရရှိလေ၏၊ ဂေါတမီမှ တပါးသော သာကီဝင်မင်းသမီးအားလုံးတို့သည်လည်း ဘိက္ခုနီမ ဖြစ်ကြကုန်၏၊ ဤဆိုအပ်ခဲ့ပြီး သည်ကား အကျဉ်းတည်း၊ အကျယ်သည်ကား ထိုထိုပါဠိတော်၌ လာသည်သာလျှင်တည်း။

ဤသို့ ဘိက္ခုနီမဖြစ်ပြီးသော မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ ရှိခိုး ကာ တခုသောနေရာ၌ ထိုင်နေ၏၊ ထိုအခါ မိထွေးတော်အား မြတ်စွာဘုရားသည် တရားဟော တော်မူ၏။ မိထွေးတော်သည် ကမ္မဋ္ဌာန်းကိုယူ၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ကြွင်းသော ဘိက္ခုနီမ ငါးရာတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ဤသို့ ဘိက္ခုနီသံဃာ သည် ကောင်းစွာ တည်သည်ရှိသော် ထိုထို ရွာ နိဂုံး မင်းနေပြည်တို့၌ အမျိုးကောင်းသမီးတို့သည် ၎င်း အမျိုးကောင်း ချွေးမတို့သည်၎င်း အမျိုးကောင်း သတို့သမီးငယ်တို့သည်၎င်း မြတ်စွာ ဘုရား၏ ကောင်းသောဘုရားအဖြစ် တရားတော်၏ ကောင်းသော တရားအဖြစ် သံဃာတော်၏ ကောင်းစွာကျင့်သည်၏အဖြစ်ကို ကြားရ၍ အလွန် ကြည်ညိုကြကုန်သည်ဖြစ်၍၎င်း သံသရာ၌

[၁] ထေရီဂါထာ ၄-၄။

http://www.dhammadownload.com



ငြီးငွေ့ ရွံကြောက်ကြကုန်သည်ဖြစ်၍ငင်း မိမိ၏ လင်သား မိဘ ဆွေမျိုးတို့ကို ခွင့်ပြုကြစေကုန်၍ သာသနာတော်၌ အသက်ပေးပြီးလျှင် ဘိက္ခုနီမ ပြုလုပ်ကြကုန်၏"။

ဤသို့လျှင် ခေမာထေရီ ဥပ္ပလဝဏ္ဏာထေရီဟူသော အဂ္ဂသာဝိကာထေရီမကြီးများ, မဟာပဇာပတိဂေါတမီထေရီစသော မဟာသာဝိကာထေရီမကြီးများနှင့် ထေရိကာထေရီ, တိဿာထေရီ, ဝီရာထေရီ, မိရာထေရီစသော ပကတိသာဝိကာထေရီမများဟူသော ဘုရားလက်ထက်မှ ထောင်သောင်းမကသော ဘိက္ခုနီထေရီမများဖြင့် ဘိက္ခုနီသာသနာသည် စည်ပင် ပွင့်လင်းခဲ့၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း ဘိက္ခုနီသာသနာသည် အစဉ်အဆက် မပြတ်ခဲ့ပဲ ပဌမသံဂါယနာ ဒုတိယသံဂါယနာနှင့် တတိယသံဂါယနာတို့အထိ မညှိုးမနွမ်း ပွင့်လန်း စည်ပင်ခဲ့ပေသည်။

တတိယသံဂါယနာတင်ပြီးနောက် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် အမှူးပြုသော တတိယသင်္ဂီတိကာရကမထေရ်မြတ်တို့သည် သာသနာ့နောင်ရေး မြော်တွေးတော်မူလျက် ကိုးတိုင်းကိုးဌာနတို့၌ သာသနာပြုစေလွှတ်တော်မူခဲ့ရာ သီဟိုဠ်ကျွန်းသို့ အသျှင်မဟိန္ဒမထေရ်ကို စေလွှတ်ခဲ့၏၊ ထိုအခါ သီဟိုဠ်မင်းသမီး အနုဠာဒေဝီသည် သတို့သမီးတထောင်နှင့်တကွ ရဟန်းပြုသဖြင့် သီဟိုဠ်ကျွန်း၌လည်း ဘိက္ခုနီ သာသနာထွန်းကားခဲ့ပေ၏။

အပရန္တတိုင်းသို့ အသျှင်ယောနကဓမ္မရက္ခိတမထေရ် သာသနာပြုကြွခဲ့၏၊ အပရန္တတိုင်းဟူသည် ယခုခေတ်ဘုံဘေမြို့မှစ၍ မြောက်ဖက်ကမ်းရိုးတန်းတလျှောက် (အိန္ဒိယအနောက်ဖက်ကမ်းရိုးတန်းဒေသ) ပင်ဖြစ်၏၊ ထိုဒေသ၌လည်း အမျိုးသမီးတထောင်ခန့် ဘိက္ခုနီမပြုလုပ်ကြသည်ဟု အဆိုရှိလေသည်၊ ထိုစဉ်အခါ သုဝဏ္ဏဘုမ္မိတိုင်း (သထုံပြည်)သို့ အသျှင်သောဏနှင့် အသျှင်ဥတ္တရတို့ သာသနာပြုကြွရာ အမျိုးသမီးတထောင်ငါးရာ ရဟန်းပြုကြကြောင်းဆို၏၊[1] သို့သော် အပရန္တတိုင်းနှင့် သုဝဏ္ဏဘူမိတွင် ဘိက္ခုနီသာသနာ နှစ်ကာလကြာမြင့်စွာတည်ရှိနေသော အထောက်အထားများကိုကား မတွေ့ရပေ၊ ကိုးတိုင်းကိုးဌာနတွင် ဤသီဟိုဠ် အပရန္တနှင့် သုဝဏ္ဏဘူမိမှတပါး အခြားခြောက်တိုင်းတို့၌ကား ဘိက္ခုနီသာသနာပွင့်လင်းခဲ့ကြောင်း စာပေအမှတ်အသားမတွေ့ရသဖြင့် ထိုအခါက ထိုခြောက်တိုင်းတို့၌ ဘိက္ခုနီသာသနာ မပွင့်လင်းဟုသာ မှတ်သားထားသင့်ပေ၏။

ဘိက္ခုနီသာသနာ၏အစနှင့်အလယ်ကို ထိုသို့သိမှတ်နိုင်ကြသော်လည်း ဘိက္ခုနီသာသနာ၏ အဆုံးကို သိမှတ်ရန် မလွယ်ကူချေ၊ ပိဋကစာပေတို့တွင် အတိအကျမပါမရှိသော်လည်း သီဟိုဠ်ကျွန်းသည်သာ ဘိက္ခုနီသာသနာသက်အရှည်ဆုံးဖြစ်ကြောင်းကား သေချာပေသည်၊ သာသနာနှစ်-၄၀၀ ကျော်တွင် သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿသူပုန်ဘေးကြီး ဆိုက်ရောက်နေစဉ်အခါတွင် ဘိက္ခုနီမများ ရှိသေးကြောင်း နာဂထေရီနှင့် အခြားဘိက္ခုနီမများအကြောင်း အဋ္ဌကထာ[2] တွင် တွေ့ရ၏၊ ထိုအချိန်၌ပင် ဘိက္ခုနီသာသနာမှာ အားနည်း၍နေကြောင်း အရိပ်အမြွက်တွေ့ရပေရာ သာသနာ ၄၅၀ (ဗုဒ္ဓ-ဘီစီ)၌ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် ပေါတ္ထကာရုဠ (စတုတ္ထသံဂါယနာ) ပြီး၍ နှစ်ပေါင်းမကြာမီ သာသနာ ငါးရာကျော်လောက်တွင်ပင် ဘိက္ခုနီသာသနာ ကုန်ဆုံးပြတ်တောက်ခဲ့မည်ဟု ခန့်မှန်းရပေသည်။

---

၁။ ဝိ ဋ္ဌ-၁-၅၂။

၂။ ဒီ ဋ္ဌ-၂-၁၂၅။

http://www.dhammadownload.com



## ထေရထေရီတို့နှင့် ထေရဂါထာ ထေရီဂါထာများ

ထေရဂါထာ ထေရီဂါထာတို့နှင့်စပ်၍ ယင်းဂါထာများသည် ရဟန္တာဖြစ်တော်မူကြကုန်သော ထေရထေရီရဟန္တာအရှင် အရှင်မတို့က ဥဒါန်းကျူးရင့်သောအနေအားဖြင့်၎င်း မေးမြန်းဖြေကြားသောအားဖြင့်၎င်း ပရိနိဗ္ဗာန်ပြုခါနီးအချိန်၌ သာသနာတော်၏ နိယျာနိကအဖြစ်ကို ထင်ရှားစေလိုသောအားဖြင့်၎င်း ရွတ်ဆိုတော်မူခဲ့ကြသော ဂါထာများ ဖြစ်ကြသည်ဟု ဤစာတမ်းအစ၌ ရေးသားခဲ့ပေသည်၊ တခါတရံ အထက်ပါ အကြောင်းများမှအပ မိမိ၏ အရဟတ္တဖိုလ် ဖြစ်ပေါ်ကြောင်းဖြစ်သော အခြားသူ၏စကားခွန်းကိုပင် မိမိအဖို့ အကျိုးဖြစ်ထွန်းစေသည့်အားလျော်စွာ ထပ်မံ၍ရွတ်ဆိုခဲ့သဖြင့် ထိုဂါထာကိုပင် မှတ်တမ်းတင်ခဲ့ပေသည်။

ပုံစံအားဖြင့် ဤထေရဂါထာ ဘာသာပြန် ကေကနိပါတ် နဝမဝဂ် ဒုတိယဝတ္ထု၌ ဒကဿပ မထေရ်သည် ၎င်း၏မိခင်ပြောကြားသောစကားကိုပင် ထပ်မံ၍ ဥဒါန်းစကားအနေဖြင့် ရွတ်ဆိုထားပေသည်။

ထိုကဿပမထေရ်သည် မဟာသာဝက အသျှင်မဟာကဿပမဟုတ်ပေ၊ သို့သော် ဥဒိစ္စပုဏ္ဏားမျိုးပင်ဖြစ်၍ ငယ်စဉ်အခါကပင် ဖခင်သေဆုံးခဲ့သဖြင့် မိခင်လက်၌ ကြီးခဲ့ရလေသည်၊ နောက်အဘို့၌ ဘုရားရှင်ထံတွင် တရားနာရ၍ သောတာပန်တည်ပြီးနောက် ရဟန်းပြုကာ ဝါကျွတ်ချိန်တွင် မြတ်စွာဘုရား ဒေသစာရီကြွချီရာသို့ လိုက်ပါရန် မိခင်အား ခွင့်တောင်းရာ မိခင်က—

"သားငယ် အကြင်အကြင်အရပ်၌ ဆွမ်းရလွယ်ကုန်၏၊ အနာရောဂါမရှိကုန်၊ ခိုးသူဘေးစသော ဘေးရန်မရှိကုန်၊ ထိုထိုအရပ်သို့ သွားပါလေလော့၊ ပူဆွေးမှု 'သောက'ဖြင့် အနှိပ်စက်ခံရသူ မဖြစ်ပါလေလင့်"ဟု ပြောဆို၏။

ထိုမိခင်၏စကားကိုကြား၍ မထေရ်သည် "ငါ၏အမိသည် ငါ့အား ပူဆွေးမှု 'သောက' ကင်းသောအရပ်သို့ သွားရန်တောင့်တ၏၊ ယခု ငါသည် အချင်းခပ်သိမ်း လွန်စွာ့ လွန်စွာ ပူဆွေးမှု 'သောက'ကင်းငြိမ်းရာဌာနသို့ သွားခြင်းငှါ သင့်ပေ၏"ဟု ကြံစည် စဉ်းစား၍ ပြင်းစွာသောလုံ့လကို ဖြစ်စေလျက် ဝိပဿနာကိုပွါးကာ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် "ဤအမိ၏ စကားသည်သာလျှင် အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းတောင်းသဖွယ်ဖြစ်ပေ၏"ဟု ဆင်ခြင်ကာ ထိုဂါထာကိုသာလျှင် တဖန်ကျူးရင့်လေသည်၊ ထို့ကြောင့်ပင် ကဿပထေရဂါထာ၌ ဤအမိ၏စကားသည်ပင်လျှင် မထေရ်၏ဥဒါန်းစကားအဖြစ် ထင်ရှားခဲ့လေသည်။

ကပ္ပဋကုရမည်သော ရဟန်းသည် ရဟန်းဖြစ်ပြီးနောက် ၎င်း၏တထည်တည်းသော ပုဆိုးပိုင်းကိုစွဲ၍ သာသနာတော်၌ မမွေ့လျော်သဖြင့် ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုလိုက် လူထွက်လိုက် ဖြစ်နေ၏၊ နောက်ဆုံးအကြိမ် ရဟန်းပြုပြီးနောက် တရားသဘင်တွင် တရားနာစဉ် အိပ်ပျော်နေမိလေရာ ဘုရားရှင်က....

"ကြည်လင်ပြည့်လျှံနေသော အမြိုက်တရားဟူသော ရေအိုးသည် ထိုထိုအရပ်ဝယ် ထင်ရှားရှိနေပါလျက် ကပ္ပဋကုရမည်သော ရဟန်းသည် 'ဤကား ငါ၏ အဝတ်စုတ်

http://www.dhammadownload.com



ပုဆိုးပိုင်းတည်း (ဤအဝတ်စုတ်ပုဆိုးပိုင်းကိုဝတ်၍ ဖြစ်သလိုပင် အသက်မွေးအံ့ဟု ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ရှိသည်ဖြစ်၍) လောကီ လောကုတ္တရာ စျာန်တို့ကို ပွါးများရန် ဘာဝနာလမ်းစဉ်ကို ဆန့်ကျင်သော စိတ်ရှိသူဖြစ်ခဲ့၏။

ကပ္ပဋကုရရဟန်း (ငါ့တရားကို နာမည်ဟု ထိုင်လျက်) အိပ်ငိုက်ခြင်းသို့ မရောက်လင့် (အိပ်ငိုက်ခြင်းသို့ ရောက်သော) သင့်ကို နားအနီး၌ (ဤအခါမှစ၍ ကိလေသာတို့ကို ပယ်ခြင်းငှါ) ငါဆုံးမတော့မည်မဟုတ်၊ ကပ္ပဋ သင်သည် သံဃာ့အလယ်၌ တဆတ်ဆတ်ငိုက်မျဉ်းလျက် (ရခဲသော ဒုလ္လဘခဏဟူသော) အတိုင်းအရှည်ကို မသိမမြင်လေစွတကား”¹ဟု ဆုံးမတော်မူ၏။

ဤသို့ မြတ်စွာဘုရားက ဂါထာနှစ်ပုဒ်ဖြင့် ပြင်းပြင်းထန်ထန် ဖိနှိပ်၍ ဆုံးမခြင်းကိုပြုမှ အရိုးသို့ စူးဝင်အောင် ချွန်းဖြင့် အချိတ်ခံရသော ဆင်ကြမ်းကြီးသည် လမ်းမှန်သို့ သက်ဝင်သကဲ့သို့ ကောင်းစွာ သံဝေဂဖြစ်ပြီးလျှင် ဝိပဿနာကိုပွါး၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက်၌ မြတ်စွာဘုရားဆုံးမအပ်သော ဂါထာနှစ်ပုဒ်ကိုသာလျှင် မိမိအဖို့ အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းသဖွယ်ဖြစ်၏ဟု နှလုံးသွင်းကာ တဖန်ကျူးရင့် မြွက်ဆို၏၊ ထို့ကြောင့် ကပ္ပဋကုရထေရဂါထာ၌ ဤဂါထာနှစ်ပုဒ်ကိုပင် မှတ်တမ်းတင်ထားတော်မူခဲ့ကြလေသည်။

ထို့အတူပင် အချို့ အချို့ မထေရ်တို့၏ ထေရဂါထာများ၌လည်း အခြားသူ၏စကားများကို သွင်းယူရွတ်ဆိုထားသည်တို့ကို တွေ့ရလေသည်။

ဥပ္ပလဝဏ္ဏာထေရီဂါထာ၌ ဥပ္ပလဝဏ်ထေရီမရွတ်ဆိုသောဂါထာ-၁၂ ပုဒ်တွင်—

“အမိနှင့်သမီးဖြစ်ကြသူ နှစ်ယောက်ကုန်သော ငါတို့သည် လင်တူမယားတို့ဖြစ်ကြရကုန်၏၊ ထိုငါတို့အား မဖြစ်စဘူး ထူးထူးကဲကဲ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော ထိတ်လန့်မှုသံဝေဂဖြစ်ခဲ့၏။

ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ်ရှိကုန်၏၊ မစင်မကြယ် ရွံရှာဖွယ်ဖြစ်၍ မကောင်းသော အနံ့ရှိကုန်၏၊ များစွာသော ကိလေသာတည်းဟူသော ဆူးငြောင့်ရှိကုန်၏၊ ယင်းသို့ သဘောရှိသော ကာမဂုဏ်၌ အမိနှင့်သမီးဖြစ်ကြသူ ငါတို့သည် (သားမောင်ဖြစ်သော လင်၌) လင်တူမယားဖြစ်ခဲ့ကြရကုန်၏။

ထိုငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးကင်းသောအားဖြင့် ရှုပြီးလျှင် ရာဇဂြိုဟ်ပြည်၌ပင် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပြီ”²။

ဟူသော ဂါထာသုံးပုဒ်ပါရှိ၏၊ ထိုဂါထာသုံးပုဒ်ပါအဓိပ္ပါယ်မှာ လက်ဝဲတော်ရံ တန်ခိုးတေဒဂ်ရ ဥပ္ပလဝဏ်ထေရီမကိုယ်တိုင် ရွတ်ဆိုထားသော်လည်း ဥပ္ပလဝဏ်ထေရီမ၏ အဖြစ်သနစ်မဟုတ်ချေ၊ ဂင်္ဂါတီရိယမထေရ်၏ အမိနှင့်နှစ်မတို့ အဖြစ်အပျက်ဖြစ်ကာ ကာမဂုဏ်တို့၏ အပြစ်ကိုပြလို၍ ဥပ္ပလဝဏ်ထေရီမက ဂင်္ဂါတီရိယမာတာထေရီမ ရွတ်ဆိုသည့်အတိုင်း ရွတ်ဆိုထားခြင်းဖြစ်လေသည်။

၁။ ဤထေရဂါထာပါဠိတော်မြန်မာပြန်-၄၂။ ၂။ ထေရီဂါထာပါဠိတော်မြန်မာပြန်-၂၁၆။

http://www.dhammadownload.com



## ထေရထေရီတို့နှင့် ထေရဂါထာ ထေရီဂါထာများ

ထေရဂါထာ ထေရီဂါထာတို့နှင့်စပ်၍ ယင်းဂါထာများသည် ရဟန္တာဖြစ်တော်မူကြကုန်သော ထေရထေရီရဟန္တာအရှင်အရှင်မတို့က ဥဒါန်းကျူးရင့်သောအနေအားဖြင့်၎င်း မေးမြန်းဖြေကြားသောအားဖြင့်၎င်း ပရိနိဗ္ဗာန်ပြုခါနီးအချိန်၌ သာသနာတော်၏ နိယျာနိကအဖြစ်ကို ထင်ရှားစေလိုသောအားဖြင့်၎င်း ရွတ်ဆိုတော်မူခဲ့ကြသော ဂါထာများ ဖြစ်ကြသည်ဟု ဤစာတမ်းအစ၌ ရေးသားခဲ့ပေသည်၊ တခါတရံ အထက်ပါ အကြောင်းများမှအပ မိမိ၏ အရဟတ္တဖိုလ် ဖြစ်ပေါ်ကြောင်းဖြစ်သော အခြားသူ၏စကားခွန်းကိုပင် မိမိအဖို့ အကျိုးဖြစ်ထွန်းစေသည့်အားလျော်စွာ ထပ်မံရွတ်ဆိုခဲ့သဖြင့် ထိုဂါထာကိုပင် မှတ်တမ်းတင်ခဲ့ပေသည်။

ပုံစံအားဖြင့် ဤထေရဂါထာ ဘာသာပြန် ကေကနိပါတ် နဝမဝဂ် ဒုတိယဝတ္ထု၌ ကဿပမထေရ်သည် ၎င်း၏မိခင်ပြောကြားသောစကားကိုပင် ထပ်မံ၍ ဥဒါန်းစကားအနေဖြင့် ရွတ်ဆိုထားပေသည်။

ထိုကဿပမထေရ်သည် မဟာသာဝက အသျှင်မဟာကဿပမဟုတ်ပေ၊ သာ့ဝတ္ထိ ဥဒိစ္စပုဏ္ဏားမျိုးပင်ဖြစ်၍ ငယ်စဉ်အခါကပင် ဖခင်သေဆုံးခဲ့သဖြင့် မိခင်လက်၌ ကြီးခဲ့ရလေသည်၊ နောက်အဘို့၌ ဘုရားရှင်ထံတွင် တရားနာရ၍ သောတာပန်တည်ပြီးနောက် ရဟန်းပြုကာ ဝါကျွတ်ချိန်တွင် မြတ်စွာဘုရား ဒေသစာရီကြွချီရာသို့ လိုက်ပါရန် မိခင်အား ခွင့်တောင်းရာ မိခင်က—

"သားငယ် အကြင်အကြင်အရပ်၌ ဆွမ်းရလွယ်ကုန်၏၊ အနာရောဂါမရှိကုန်၊ ခိုးသူဘေးစသော ဘေးရန်မရှိကုန်၊ ထိုထိုအရပ်သို့ သွားပါလေလော့၊ ပူဆွေးမှု 'သောက'ဖြင့် အနှိပ်စက်ခံရသူ မဖြစ်ပါလေလင့်"ဟု ပြောဆို၏။

ထိုမိခင်၏စကားကိုကြား၍ မထေရ်သည် "ငါ၏အမိသည် ငါ့အား ပူဆွေးမှု 'သောက' ကင်းသောအရပ်သို့ သွားရန်တောင့်တ၏၊ ယခု ငါသည် အချင်းခပ်သိမ်း လွန်စွာ့ လွန်စွာ ပူဆွေးမှု 'သောက'ကင်းငြိမ်းရာဌာနသို့ သွားခြင်းငှါ သင့်ပေ၏"ဟု ကြံစည် စဉ်းစား၍ ပြင်းစွာသောလုံ့လကို ဖြစ်စေလျက် ဝိပဿနာကိုပွါးကာ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် "ဤအမိ၏ စကားသည်သာလျှင် အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းတောင်းသဖွယ်ဖြစ်ပေ၏"ဟု ဆင်ခြင်ကာ ထိုဂါထာကိုသာလျှင် တဖန်ကျူးရင့်လေသည်၊ ထို့ကြောင့်ပင် ကဿပထေရဂါထာ၌ ဤအမိ၏စကားသည်ပင်လျှင် မထေရ်၏ဥဒါန်းစကားအဖြစ် ထင်ရှားခဲ့လေသည်။

ကပ္ပဋကုရမည်သော ရဟန်းသည် ရဟန်းဖြစ်ပြီးနောက် ၎င်း၏တထည်တည်းသော ပုဆိုးပိုင်းကိုစွဲ၍ သာသနာတော်၌ မမွေ့လျော်သဖြင့် ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုလိုက် လူထွက်လိုက် ဖြစ်နေ၏၊ နောက်ဆုံးအကြိမ် ရဟန်းပြုပြီးနောက် တရားသဘင်တွင် တရားနာစဉ် အိပ်ပျော်နေမိလေရာ ဘုရားရှင်က....

"ကြည်လင်ပြည့်လျှံနေသော အမြိုက်တရားဟူသော ရေအိုးသည် ထိုထိုအရပ်ဝယ် ထင်ရှားရှိနေပါလျက် ကပ္ပဋကုရမည်သော ရဟန်းသည် 'ဤကား ငါ၏ အဝတ်စုတ်

http://www.dhammadownload.com



ပုဆိုးပိုင်းတည်း (ဤအဝတ်စုတ်ပုဆိုးပိုင်းကိုဝတ်၍ ဖြစ်သလိုပင် အသက်မွေးအံ့ဟု ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ရှိသည်ဖြစ်၍) လောကီ လောကုတ္တရာ ဈာန်တို့ကို ပွါးများရန် ဘာဝနာလမ်းစဉ်ကို ဆန့်ကျင်သော စိတ်ရှိသူဖြစ်ခဲ့၏။

ကပ္ပဋကုရရဟန်း (ငါတရားကို နာမည်ဟု ထိုင်လျက်) အိပ်ငိုက်ခြင်းသို့ မရောက်လင့် (အိပ်ငိုက်ခြင်းသို့ ရောက်သော) သင့်ကို နားအနီး၌ (ဤအခါမှစ၍ ကိလေသာတို့ကို ပယ်ခြင်းငှါ) ငါဆုံးမတော့မည်မဟုတ်၊ ကပ္ပဋ သင်သည် သံဃာ့အလယ်၌ တဆတ်ဆတ် ငိုက်မျဉ်းလျက် (ရခဲသော ဒုလ္လဘခဏဟူသော) အတိုင်းအရှည်ကို မသိမမြင်လေစွာ့ တကား"[၁] ဟု ဆုံးမတော်မူ၏။

ဤသို့ မြတ်စွာဘုရားက ဂါထာနှစ်ပုဒ်ဖြင့် ပြင်းပြင်းထန်ထန် ဖိနှိပ်၍ ဆုံးမခြင်းကိုပြုမှ အရိုးသို့ စူးဝင်အောင် ချွန်းဖြင့် အချိတ်ခံရသော ဆင်ကြမ်းကြီးသည် လမ်းမှန်သို့ သက်ဝင်သကဲ့သို့ ကောင်းစွာ သံဝေဂဖြစ်ပြီးလျှင် ဝိပဿနာကိုပွါး၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက်၌ မြတ်စွာဘုရားဆုံးမအပ်သော ဂါထာနှစ်ပုဒ်ကိုသာလျှင် မိမိအဖို့ အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းသဖွယ်ဖြစ်၏ဟု နှလုံးသွင်းကာ တဖန်ကျူးရင့် မြွက်ဆို၏၊ ထို့ကြောင့် ကပ္ပဋကုရထေရဂါထာ၌ ဤဂါထာနှစ်ပုဒ်ကိုပင် မှတ်တမ်းတင်ထားတော်မူခဲ့ကြလေသည်။

ထို့အတူပင် အချို့ အချို့ မထေရ်တို့၏ ထေရဂါထာများ၌လည်း အခြားသူ၏စကားများကို သွင်းယူရွတ်ဆိုထားသည်တို့ကို တွေ့ရလေသည်။

ဉပ္ပလဝဏ္ဏာထေရီဂါထာ၌ ဉပ္ပလဝဏ်ထေရီမရွတ်ဆိုသောဂါထာ-၁၂ ပုဒ်တွင်—

"အမိနှင့်သမီးဖြစ်ကြသူ နှစ်ယောက်ကုန်သော ငါတို့သည် လင်တူမယားတို့ဖြစ်ကြရကုန်၏၊ ထိုငါတို့အား မဖြစ်စဘူး ထူးထူးကဲကဲ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေတတ်သော ထိတ်လန့်မှုသံဝေဂဖြစ်ခဲ့၏။

ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ်ရှိကုန်၏၊ မစင်မကြယ် ရွံရှာဖွယ်ဖြစ်၍ မကောင်းသော အနံ့ရှိကုန်၏၊ များစွာသော ကိလေသာတည်းဟူသော ဆူးငြောင့်ရှိကုန်၏၊ ယင်းသို့ သဘောရှိသော ကာမဂုဏ်၌ အမိနှင့်သမီးဖြစ်ကြသူ ငါတို့သည် (သားမောင်ဖြစ်သော လင်၌) လင်တူမယားဖြစ်ခဲ့ကြရကုန်၏။

ထိုငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးကင်းသောအားဖြင့် ရှုပြီးလျှင် ရာဇဂြိုဟ်ပြည်၌ပင် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပြီ"[၂]။

ဟူသော ဂါထာသုံးပုဒ်ပါရှိ၏၊ ထိုဂါထာသုံးပုဒ်ပါအဓိပ္ပါယ်မှာ လက်ဝဲတော်ရံ တန်ခိုးတော်ရ ဉပ္ပလဝဏ်ထေရီမကိုယ်တိုင် ရွတ်ဆိုထားသော်လည်း ဉပ္ပလဝဏ်ထေရီမ၏ အဖြစ်သနစ်မဟုတ်ချေ၊ ဂင်္ဂါတီရိယမထေရ်၏ အမိနှင့်နှစ်မတို့ အဖြစ်အပျက်ဖြစ်ကာ ကာမဂုဏ်တို့၏ အပြစ်ကိုပြလို၍ ဉပ္ပလဝဏ်ထေရီမက ဂင်္ဂါတီရိယမာတာထေရီမ ရွတ်ဆိုသည့်အတိုင်း ရွတ်ဆိုထားခြင်းဖြစ်လေသည်။

---

၁။ ဤထေရဂါထာပါဠိတော်မြန်မာပြန်-၄၂။ ၂။ ထေရီဂါထာပါဠိတော်မြန်မာပြန်-၂၁၆။

http://www.dhammadownload.com



ဖြစ်စဉ်မှာ ဤသို့တည်း၊သာဝတ္ထိပြည်၌ ကုန်သည်တဦး၏ မယားအား နံနက်မိုးသောက်ယံ၌ ကိုယ်ဝန်တည်၏၊ ထိုမိန်းမသည် ကိုယ်ဝန်တည်သည့်အဖြစ်ကို မသိ၊ ကုန်သည်သည် မိုးလင်းချိန်တွင် လှည်းတို့၌ ကုန်ပစ္စည်းတို့ကိုတင်၍ ရာဇဂြိုဟ်မြို့သို့ ကုန်ရောင်းရန်ရည်ရွယ်၍ ထွက်သွား၏၊ ထိုမိန်းမအား လင်ယောကျ်ား ထွက်ခွါသွားပြီး နောက်ကာလ၌ ကိုယ်ဝန်သည် ရင့်၍ထင်ရှားလာ၏၊ ထိုအခါ၌ ထိုမိန်းမ၏ယောက္ခမ (မိန်းမသူ)က "ငါ့သားသည် ကြာမြင့်စွာက ခရီးထွက်သွား၏၊ (ယခု) သင်သည်လည်း ကိုယ်ဝန်တည်၏၊ သင်သည် ယုတ်မာသောအကျင့်ကိုကျင့်၏" ဟု ဆို၏၊ ထိုမိန်းမက "ကျွန်မသည် သင်၏သားမှတပါး အခြားယောကျ်ားကို မသိပါ"ဟု ပြော၏၊ ထိုသို့ပြောသော်လည်း ယောက္ခမသည် ယုံကြည်မှုမရှိသည်ဖြစ်၍ ထိုမိန်းမကို အိမ်မှ နှင်ထုတ်လိုက်လေ၏၊ ထိုမိန်းမသည် လင်ယောကျ်ားကို ရှာဖွေလျက်သွားလေသော် အစဉ်အားဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်လေ၏၊ ထိုခဏ၌ပင် ထိုမိန်းမအား ကမ္မဇလေတို့သည် လှုပ်ရှားကုန်သော် လမ်း၏အနီးရှိ ဇရပ်တဆောင်သို့ဝင်၍ သားဖွားခြင်းကိစ္စကို ပြုရ၏၊ ထိုမိန်းမသည် ရေချိုးရန် အသွင် သားယောကျ်ားကလေးကို ဖွားမြင်၍ ခိုကိုးရာမဲ့တို့ တည်းခိုရာဇရပ်၌ သိပ်ထားခဲ့ပြီး ရေရှာရန် အပြင်သို့ထွက်ခဲ့၏။

ထိုအခါ သားသမီးမရှိသော လှည်းကုန်သည်ကြီးတဦးသည် ထိုလမ်းခရီးဖြင့်လာရာ (ဇရပ်ပေါ်၌ သူငယ်ကိုမြင်၍) "ပစ်ထားခဲ့သော ကလေးပါတကား ငါ၏သားဖြစ်စေအံ့"ဟု နှလုံးသွင်း၍ ထိုကလေးကို (ယူသွားပြီးလျှင်) နို့ထိန်းလက်သို့အပ်၍ မွေးမြူ၏၊ မကြာမီ ကလေး၏ မိခင်သည် ရေဆေးကြောခြင်းကိစ္စကို ပြုပြီး၍ ရေကို ဆောင်ယူပြီးလျှင် ပြန်လာသည်ရှိသော် ထားခဲ့သော သားကို မတွေ့ရသဖြင့် ပူဆွေးမှုသောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ငိုကြွေးလျက် ရာဇဂြိုဟ်မြို့သို့ မဝင်ပဲသာလျှင် လမ်းအတိုင်းလျှောက်၍ သွားလေ၏၊ ထိုမိန်းမကို ခါးပြဗိုလ်ကြီးတဦးသည် လမ်းခရီးအကြား၌ တွေ့မြင်သည်ရှိသော် တပ်မက်သောစိတ်ရှိ၍ မယားအဖြစ် သိမ်းပိုက်လေ၏၊ ထိုမိန်းမသည် ခါးပြဗိုလ်ကြီး၏ အိမ်၌ပင် နေထိုင်လျက် သမီးတယောက်ကို မွေးဖွား၏။

ထိုနောက် ထိုမိန်းမသည် တနေ့သ၌ သမီးငယ်ကိုချီလျက် နေစဉ် လင်(ခါးပြဗိုလ်)နှင့် ရန်ဖြစ်လေရာ သမီးငယ်ကို ခုတင်၌ ပစ်ချမိသဖြင့် သမီးငယ်၏ ဦးခေါင်းသည် အနည်းငယ် ကွဲသွားလေ၏၊ ထိုနောက် ထိုမိန်းမသည်လည်း လင်(ခါးပြဗိုလ်)ကို ကြောက်လန့်၍ ရာဇဂြိုဟ်မြို့သို့ တဖန်ပြန်သွားပြီးလျှင် မိမိစိတ်ထင်တိုင်း သွားလာနေထိုင် လုပ်ကိုင်စားသောက်နေလေသည်။

ထိုမိန်းမ၏ (ဇရပ်ပေါ်မှ ပျောက်ဆုံးသွားသော)သားသည် ပဌမအရွယ်၌ ရောက်၍ ရာဇဂြိုဟ်မြို့၌ နေလေရာ ထိုမိန်းမကို တွေ့လေလျှင် မိခင်ဟူ၍ မသိသဖြင့် မယားအဖြစ် သိမ်းပိုက်လေ၏၊ ထိုမိန်းမ၏ သားလင်သည် နောက်အဖို့၌ ခါးပြဗိုလ်ကြီး၏ သမီး(မိမိနှမ)ကို နှမအဖြစ်မသိပဲ လက်ထပ်၍ အိမ်သို့ခေါ်လာပြန်လေ၏၊ ဤသို့ ထိုသူသည် မိမိ၏အမိနှင့် နှမကို မယားကြီး မယားငယ်ပြု၍ နေလေ၏၊ ထိုအမေနှင့် သမီးသည်လည်း လင်တူမယားဖြစ်၍ နေကုန်၏။

တနေ့သ၌ အမိ(မယားကြီး)သည် သမီး(မယားငယ်)၏ ဆံထုံးကိုဖြေ၍ သန်းရှာစဉ် ဦးခေါင်း၌ အမာရွတ်ကို တွေ့သော် "ဤမိန်းကလေးသည် ငါ၏သမီးပင် ဖြစ်လေသလော"ဟု မေးလေလျှင် အကြောင်းစုံကို သိသဖြင့် နှစ်ဦးသားဖက်၍ ငိုယိုကြလေ၏၊ ထိုစဉ် လင်ဖြစ်သူပြန်လာ၍ အဖြစ်စုံကို ပြောကြားကာ လင်၏ဇာတိ မေးမြန်းမိပြန်သဖြင့် သားအဖြစ် မောင်အဖြစ်ကို

http://www.dhammadownload.com



သိရပြန်လေရာ ပြင်းပြစွာ ထိတ်လန့်မှု သံဝေဂဖြစ်၍ သားအမိသုံးယောက်စလုံး ရဟန်းပြုကြလေ၏။

မယားကြီးဖြစ်သော အမိဘိက္ခုနီမသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ကာမဂုဏ်တို့၌ အပြစ်ကို မြင်သည်၏အစွမ်းဖြင့် ဖော်ပြပါ သုံးဂါထာကို ရွတ်ဆို ဥဒါန်းကျူးလေသည်၊ ထိုကို မြင်၍ ဥပ္ပလဝဏ်ထေရီမသည်လည်း ကာမဂုဏ်၏ အပြစ်တို့ကို ဖော်ပြခြင်းငှါ ထိုသုံးဂါထာတို့ကိုပင် တဖန် ဥဒါန်းသဖွယ် ရွတ်ဆိုခဲ့လေသည်။

## အမည်တူမထေရ်များ

ဤထေရဂါထာပါဠိတော်၌ ပါဝင်သော ရဟန္တာအရှင်တို့၏ ဘွဲ့မည်တော်များနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်တရပ်မှာ အမည်တူ မထေရ်များပါရှိနေခြင်းပင် ဖြစ်၏၊ ထိုမထေရ်များမှာ ပါရာပရိယမထေရ် ၂-ပါး, အဘိမုတ္တမထေရ် ၂-ပါး, ဂေါတမမထေရ် ၃-ပါး, ဇေန္တမထေရ် ၂-ပါး, နန္ဒကမထေရ် ၂-ပါး, သမ္ဘူတမထေရ် ၂-ပါး, သောဏမထေရ် ၃-ပါးနှင့် သောပါကမထေရ် ၂-ပါးတို့ဖြစ်ကြ၏။

ထိုမထေရ်တို့တွင် ပါရာပရိယမထေရ် ၂-ပါးမှာ ဧကကနိပါတ်မှတပါးနှင့် ဝီသတိနိပါတ်မှတပါး ဖြစ်၏၊ ပါရာပရိယဟူသော အမည်မှာ အမျိုးအနွယ်အမည် ဂေါတ္တနာမဖြစ်၍ အနွယ်တူမထေရ်များဟု သိသာနိုင်၏၊ သို့သော် အဋ္ဌကထာအရ ဧကက ပါရာပရိယမထေရ်မှာ ရာဇဂြိုဟ်မြို့သား ပုဏ္ဏားမျိုးဖြစ်၍ ဝီသတိပါရာပရိယမထေရ်မှာ သာဝတ္ထိမြို့သား မဟာသာလပုဏ္ဏားမျိုးဖြစ်လေသည်၊ အထူးအားဖြင့် ဝီသတိနိပါတ်၌ ပါရာပရိယဟူသော အမည်ဖြင့် ၂-နေရာပါရှိရာ တပါးတည်းပင်ဖြစ်၍ ပဌမပါရာပရိယနေရာ၌ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် မိမိ၏ ပဋိပဒ်ဘဝ၌ ဣန္ဒြေခြောက်ပါးတို့အား နှိမ်နင်းရန် ကြံစည်ပုံကို ပြခြင်းငှါ ရွတ်ဆိုခြင်းဖြစ်ပြီးလျှင် ဒုတိယပါရာပရိယနေရာ၌မူ နောက်အဘို့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် မိမိ (ပါရာပရိယမထေရ်) ကိုယ်တိုင်လည်း ပရိနိဗ္ဗာန်ပြုတော်မူခါနီးတွင် အနာဂတ်သာသနာ၌ ရဟန်းတို့ မကောင်းသော တရားတို့ကို ကျင့်သုံးကြမည့်အကြောင်းကို ပြခြင်းငှါ ရွတ်ဆိုခဲ့ခြင်း ဖြစ်လေသည်။

အဘိမုတ္တမထေရ် ၂-ပါးတွင် ဧကကနိပါတ်မှ အဘိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှ ပုဏ္ဏားမျိုး အဘိမုတ္တမထေရ်ဖြစ်၍ ဝီသတိနိပါတ်လာ အဘိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှပင်ဖြစ်၍ သင်္ကိစ္စမထေရ်မြတ်ကြီး၏ တူတော်ရင်း ဖြစ်လေသည်။

ဂေါတမမထေရ်မှာ ၃-ပါးပါရှိ၍ ဒုကနိပါတ်လာ ပဌမဂေါတမမထေရ်မှာ ရာဇဂြိုဟ်မြို့သား ဖြစ်၏၊တိကနိပါတ်လာ ဒုတိယဂေါတမမထေရ်မှာ မြတ်စွာဘုရားနှင့်အနွယ်တူ သာကီဝင်မင်းသား ဖြစ်၍ အနွယ်၏အမည်အားဖြင့် ဂေါတမမထေရ်ဟု တွင်လေသည်။ ဒသကနိပါတ်လာ ဂေါတမမထေရ်ကား သာဝတ္ထိမြို့သား ဥဒိစ္စပုဏ္ဏားမျိုး ဖြစ်လေသည်၊ ၎င်းကို အပရဂေါတမမထေရ်ဟု ခေါ်ဆိုလေသည်၊ ၎င်း အပရဂေါတမမထေရ်ရွတ်ဆိုသော ၁၀-ဂါထာမှာ ရဟန်းတို့ ကျင့်ကြံအားထုတ်ရမည့် တရားများကိုချည်း ပြဆိုထားသဖြင့် အလွန် မှတ်သားစရာ ကောင်းလေသည်။

ဇေန္တမထေရ် ၂-ပါးတွင် ဧကကနိပါတ်လာ ဇေန္တမထေရ်မှာ မဂဓတိုင်း ဇေန္တရွာ ရွာစား (သို့မဟုတ် မြို့စား)မင်း သားဖြစ်၍ ဆက္ကနိပါတ်လာ ဇေန္တမထေရ်မှာ သာဝတ္ထိမြို့ ကောသလ

http://www.dhammadownload.com



မင်းကြီး၏ ပုရောဟိတ်သားဖြစ်လေရာ ၎င်းကို ပုရောဟိတပုတ္တဇေန္တမထေရ်ဟု ခေါ်ဝေါ်လေသည်။

နန္ဒကမထေရ် ၂-ပါးတွင် ဒုကနိပါတ်လာ နန္ဒကမထေရ်မှာ စမ္ပာမြို့သား သူဌေးမျိုးမှ ရဟန်းပြုသူဖြစ်၍ စတုက္ကနိပါတ်လာ နန္ဒကမထေရ်မှာမူ သာဝတ္ထိမြို့သားဖြစ်ကာ အသီတိမဟာသာဝကဝင် ဘိက္ခုနောဝါဒကတေဒဂ်ရ မထေရ်ကြီးပင် ဖြစ်လေသည်။

သမ္ဘူတမထေရ် ၂-ပါးတွင် ဧကကနိပါတ်လာ သမ္ဘူတမထေရ်မှာ ရာဇဂြိုဟ်မြို့ တဦးသော ပုဏ္ဏားသူဌေးကြီး၏သားဖြစ်ကာ ရဟန်းပြုပြီးနောက် အေးချမ်းသော တော်အရပ်၌သာ သီတင်းသုံးလေ့ရှိသဖြင့် သမ္ဘူတမထေရ် ဟူသော အမည်ထက် သီတဝနိယမထေရ် (အေးချမ်းသော တောနေရဟန်း)ဟူသောအမည်ဖြင့်သာ ထင်ရှားလေသည်၊ စတုက္ကနိပါတ်လာ သမ္ဘူတမထေရ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက်မှ အသျှင်အာနန္ဒာထံ၌ ရဟန်းပြု၍ ရဟန္တာဖြစ်ရသော မထေရ် ဖြစ်သည်၊ ထိုမထေရ်မှာ အလွန် သက်တော်ရှည်ပေရာ ဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၀၀-ကြာသောအခါ၌ဖြစ်ပေါ်လာသော ဝေသာလီ ဒုတိယသံဂါယနာပွဲအထိ သက်တော် ထင်ရှား ရှိနေသေးရုံမက ထိုဒုတိယသံဂါယနာပွဲ၌ ကိုယ်တော်တိုင် ပါဝင်တော်မူခဲ့သဖြင့် အထူးတလည် မှတ်သားထိုက်သော ရဟန္တာမထေရ်မြတ်ကြီးတပါးပင် ဖြစ်လေသည်။

သောဏမထေရ် ၃-ပါးတွင် ဒုကနိပါတ်လာ သောဏမထေရ်မှာ ကပိလဝတ်မြို့ ပေါဋိရိယ ရွာစားမင်း၏သားဖြစ်၍ သောဏပေါဋိရိယပုတ္တမထေရ်ဟု အမည် တွင်သည်၊ ပဉ္စကနိပါတ်လာ သောဏမထေရ်မှာမူ အဝန္တိတိုင်း ကုရရဃရမြို့မှ အလွန်ချမ်းသာသော သူဌေးသားဖြစ်၍ တကုဋေ တန် နားတန်ဆာ(နားဒွောင်း)ဆင်မြန်းရသူဖြစ်ရာ သောဏဟူသော အမည်ရိုးရိုးထက် သောဏ ကုဋိကဏ္ဏဟု အမည်ထင်ရှားခဲ့၏၊ ရဟန်းပြုသောအခါ၌လည်း သောဏကုဋိကဏ္ဏ မထေရ်ဟုပင် ထင်ရှားခဲ့ပြီး အဟောအပြောကောင်းရာ၌ ထိပ်တန်းဘွဲ့တံဆိပ် (ကလျာဏဝါက္ကရဏတေဒဂ်) ရသော မထေရ် ဖြစ်၏၊ တေရသနိပါတ်လာ သောဏမထေရ်ကား စမ္ပာမြို့မှ အလွန် ကြွယ်ဝ ချမ်းသာသော သူဌေးသားဖြစ်၍ ခြေဘဝါး၌ အမွေးနုကလေးများပေါက်သည့်အထိ နူးညံ့ သိမ်မွေ့သူ ဖြစ်၏၊ ရဟန်းဖြစ်သောအခါ နူးညံ့ သိမ်မွေ့သည်နှင့် မမျှအောင် အားထုတ်သဖြင့် အာရဒ္ဓဝီရိယတေဒဂ်ရသူ အသီတိမဟာသာဝကဝင် မထေရ်မြတ် ဖြစ်လေသည်၊ သောဏမထေရ် သုံးပါးမှာ သောဏပေါဋိရိယ သောဏကုဋိကဏ္ဏ သောဏကောဠိဝိသဟု အသီးသီး အမည် ရကြသည်။

သောပါက ၂-ပါးကား ၂-ပါးလုံးပင် ၇-နှစ်အရွယ် ရဟန္တာဖြစ်သူချည်း ဖြစ်၏၊ ဧကက နိပါတ်လာ သောပါကမှာ ၎င်းမမွေးဖွါးမီပင် မိခင်သေ၍ မိခင်အလောင်းကို မီးသင်္ဂြိုဟ်ဆ၍ သားအိမ်တွင်းရှိ 'သောပါက' အလောင်း သားဆူယ်မှာ မီးမလောင်ပဲနေသဖြင့် သုသာန်ရှိ စဏ္ဍာလခေါင်းက မွေးစားထားရသူဖြစ်သည်၊ ၎င်း ၇-နှစ်အရွယ်သို့ရောက်သော် မြတ်စွာဘုရား ကိုယ်တော်တိုင် သုသာန်သို့ကြွလာ၍ တရားဟောတော်မူသဖြင့် သာမဏေဖြစ်ပြီးနောက် အရ- ဟတ္တဖိုလ်သို့ ရောက်လေသည်၊ သတ္တကနိပါတ်လာ သောပါကမှာ ရာဇဂြိုဟ်မြို့သားဖြစ်၍ လေးလသားကပင် အဖသေခဲ့ပြီး ၇-နှစ်အရွယ်တွင် ၎င်းအား မွေးစားထားသူ ဘထွေးက မိမိ သားနှင့် မတည့်သဖြင့် အမျက်ထွက်၍ သုသာန်သို့ခေါ်လာပြီး ကြိုးဖြင့်တုပ်နှောင်ကာ လူသေ ကောင်ဖြင့်တွဲ၍ချည်လျက် တောခွေးများစားစေရန် ထားခဲ့၏၊ သို့သော် ပစ္ဆိမဘဝိကဖြစ်၍

http://www.dhammadownload.com



တောခွေးတို့လည်း စားနိုင် သေလည်း မသေပဲ မြတ်စွာဘုရားကြွလာပြီး တရားဟောရာ ထို သုသာန်အတွင်း၌ပင် သောတာပတ္တိဖိုလ်သို့ရောက်၍ ဘုရားနှင့်အတူပါသွားကာ နောက်အရဟတ္တဖိုလ်သို့ရောက်ပြီးမှ သာမဏေဖြစ်၏၊ မကြာမီ မြတ်စွာဘုရား၏ ပြဿနာ ၁၀-ချက်ကို ဖြေနိုင်၍ ၇-နှစ်အရွယ်ဖြင့်ပင် ပဉ္စာဗျာကရဏူပသမ္ပဒါရဟန်းအဖြစ် ခွင့်ပြုခဲ့သဖြင့် ရဟန်းဖြစ်ရ၏၊ ဤ မြတ်စွာဘုရားသာသနာတော်တွင် တပါးတည်းသော ပဉ္စာဗျာကရဏူပသမ္ပဒါရဟန်းဖြစ်လေသည်၊ ထို့ကြောင့် သောပါက ၂-ပါးသည် ၂-ပါးစလုံးပင် ဘွဲ့မည်တော်တူသည်နှင့်အမျှ သုသာန်၌ ဘုရားကိုယ်တော်တိုင်ကြွ၍ တရားဟောရခြင်း ၇-နှစ်အရွယ် ရဟန္တာသာမဏေများချည်းဖြစ်ကြ ခြင်းတို့ တူညီသဖြင့် အထူးတလည် ခွဲခြားမှတ်သားထားရန် အရေးကြီးလေသည်။

## အမည်တူထေရီများ

ထေရီတို့တွင်လည်း အမည်တူထေရီမများ ရှိသေး၏၊ ၎င်းတို့မှာ ဘဒ္ဒါ၊ မုတ္တာ၊ သုဘာနှင့် သုမနာ ထေရီများဖြစ်၏၊ ဘဒ္ဒါမှာ ဘဒ္ဒါကုဏ္ဍလကေသာနှင့် ဘဒ္ဒါကာပိလာနီတို့ဖြစ်၏၊ ၎င်းတို့မှာ အလွန်ထင်ရှားကျော်ကြားကြသည်လည်းတကြောင်း ကုဏ္ဍလကေသာနှင့် ကာပိလာနီဟူသော နောက်အမည်များပါတွဲ၍ ခေါ်ဝေါ်ထားသဖြင့်တကြောင်း မမှားမယွင်းနိုင်ပေ၊ မုတ္တာထေရီ ၂-ပါးမှာ ထေရီဂါထာ ဧကကနိပါတ်မှာချည်းဖြစ်၍ ပဌမမုတ္တာထေရီမှာ သာဝတ္ထိပြည်သူ ဗြာဟ္မဏ မဟာသာလမျိုးဖြစ်ပြီး အပျိုအရွယ်ကပင် ထေရီမဖြစ်ခဲ့၏၊ ဒုတိယမုတ္တာထေရီကား ကောသလ ဇနပုဒ်သူဖြစ်ကာ ဆင်းရဲသောပုဏ္ဏားသမီးဖြစ်၍ ခါးကုန်းသော ပုဏ္ဏားအိုကြီး၏ ဇနီးဖြစ်ခဲ့ရပြီး မောင်းဆုံ၌ ကုန်း၍ချည်း ဆန်ထောင်းနေရသဖြင့် ဘိက္ခုနီမှဖြစ်သောအခါ လင်ကုန်းနှင့် မောင်း ဆုံ၌ ကုန်း၍ဆန်ထောင်းရသော အကုန်းဘေးတို့မှ လွတ်မြောက်ပြီဟု ဥဒါန်းကျူးခဲ့သူဖြစ်လေ သည်။

သုဘာထေရီ ၂-ပါးမှာ သုဘာကမ္မာရဓီတုထေရီနှင့် သုဘာဇီဝကမ္ဗဝနိကာထေရီတို့ဖြစ်၏၊ သို့သော် ကမ္မာရဓီတု (ပန်းထိမ်သည်သမီး)နှင့် ဇီဝကမ္ဗဝနိကာ (ဇီဝက၏သရက်ဥယျာဉ်၌နေလေ့ ရှိသူ)ဟူသော နောက်တွဲအမည်များဖြင့် မထင်ရှား၊ သုဘာဟူ၍သာ ထင်ရှားသဖြင့် ခွဲခြား၍ သိမှတ်ထားရန်လိုပေသည်၊ ဝီသတိနိပါတ်လာ သုဘာထေရီမမှာ ရာဇဂြိုဟ်ပြည် ပန်းထိမ်ဆရာ တဦး၏သမီးဖြစ်၍ အလွန်အဆင်းလှပသူတဦးဖြစ်၏၊ ငယ်ရွယ်စဉ်ကပင် မိထွေးတော်ဂေါတမီ အထံ၌ ရဟန်းပြုခဲ့ပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့၏၊ ၎င်း၏ဂုဏ်ကို မြတ်စွာဘုရားကိုယ်တော် တိုင် ချီးကျူးသဖြင့် သိကြားမင်းက နတ်အပေါင်းဖြင့် လာရောက်၍ ရှိခိုးပူဇော်ခြင်းကိုခံရလေ သည်၊ တိံသနိပါတ်လာ သုဘာထေရီကား ရာဇဂြိုဟ်မြို့ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေး တဦး၏သမီးဖြစ်၏၊ သူသည်လည်း အလွန်လှပ၍ ငယ်ရွယ်စဉ်ကပင် မိထွေးတော်ဂေါတမီ အထံ၌ ရဟန်းပြုခဲ့ပြီး အနာဂါမိအဆင့်သို့ရောက်၍ ဇီဝက၏ သရက်ဥယျာဉ်၌ တရားအားထုတ်၏၊ ထိုစဉ် ပန်းထိမ်သား သေသောက်ကြူးက သွေးဆောင်ဖြားယောင်းရာ ကာမဂုဏ်၏ အပြစ်တရားကို အကျယ်တဝင့်ဟောခဲ့သည်၊ သို့သော် လက်လျှော့၍မသွား လှပသော မျက်လုံးကြောင့် ပိုမိုစွဲလမ်း ပါသည်ဟုဆိုသဖြင့် ထိုပန်းထိမ်သားအား မျက်လုံးကိုဖောက်၍ပေးခဲ့သည်၊ ထို့ကြောင့် ဤသုဘာ ထေရီသည် ပို၍ထင်ရှားခဲ့ပေ၏။

သုမနာထေရီ ၂-ပါးစလုံးပင် ဧကကနိပါတ်၌ ပါဝင်၏၊ ပဌမသုမနာထေရီမှာ ကပိလဝတ်မြို့မှ သာကီဝင်မင်းသမီးတဦး ဖြစ်၏၊ အရွယ်ရောက်သောအခါ၌ မိထွေးတော်ဂေါတမီ ထေရီထံ၌

http://www.dhammadownload.com



ဘိက္ခုနီမပြုလုပ်ခဲ့ပြီး ဝိပဿနာပွါး၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့သည်၊ ဒုတိယသုမနာ ထေရီကား သာဝတ္ထိမြို့တော် ကောသလမင်းကြီး၏ နှစ်မတော်ဖြစ်၍ ငယ်စဉ်ကပင် ရဟန်းပြုလိုသော်လည်း ဘွားတော်ကြီးကိုင်ရှ်နေရကာ ဘွားတော်ကြီးလွန်မှ ရဟန်းပြုရ၏၊ ထိုသို့ အရွယ်အနည်းငယ်လွန်မှ ရဟန်းဖြစ်သောကြောင့် ဝုဍ္ဎပဗ္ဗဇိတ သုမနာထေရီဟု အမည်တွင်လေသည်။

ဤသို့လျှင် ဤထေရဂါထာ ထေရီဂါထာကျမ်း၌ပါဝင်သော အမည်တူထေရ ထေရီတို့ကိုလည်း မှတ်သားထားကြရာ၏၊ သို့မှသာလျှင် ဖတ်ရှုရာ၌ ရှင်းလင်းသိသာ၍ ဆိုင်ရာတရားဂါထာတို့၌ အရသာတွေ့နိုင်မည် ဖြစ်လေသည်။

ဤသို့လျှင် ထေရဂါထာ ထေရီဂါထာ ဘာသာပြန်ကျမ်းနှစ်ကျမ်း၌ ပါဝင်ကြသော တရားဂါထာများသည် အာသဝေါကုန်ခန်း၍ ရဟန္တာစင်စစ် ဖြစ်တော်မူကြကုန်သော သာဝကသာဝိကာ အရှင်နှင့် အရှင်မကြီးများကိုယ်တော်တိုင် မိမိတို့၏ ဂုဏ်ကျေးဇူးများဖြစ်ကြသည့် အထူးထူး အပြားပြားဝေဘန်အပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်များကို ထုတ်ဖော်ဝေဘန်ပြရာ တရားဂါထာ များချည်းလိုလိုဖြစ်ကြသည်၊ ထိုတရားဂါထာများသည်လည်း ရဟန္တာပုဂ္ဂိုလ်ကြီးများ မြွက်ကြား ဟောဖော်တော်မူသည်နှင့်အမျှလည်း လေးနက်မှန်ကန်၍ အသိဉာဏ်တိုးစရာ အနှစ်အရသာနှင့် ပြည့်စုံလျက် နိဗ္ဗာန်ဘုံနန်းအထိ စခန်းညွှန် လမ်းညွှန်ပြုထားပေရာ ဖတ်ရှုကြသူ သူတော်ကောင်း တို့သည်လည်း ရှင်လန်းဝမ်းမြောက်ခြင်း ကျေနပ်နှစ်သိမ့်ခြင်း အားကျနှစ်လိုခြင်း အတုယူ လိုက် နာခြင်းတို့မှစ၍ ကုသိုလ်ကောင်းမှုများကို ကျင့်သုံးအားထုတ် ပြုလုပ်ဆည်းပူးကြကာ ပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလ၌ မုချဆတ်ဆတ် တရားမြတ်ကို တပ်အပ်မိမိ ရရှိအောင် အားထုတ်ကြခြင်းဖြင့် ၎င်း တမလွန်နာဂတ် ဘဝဇာတ်တခုခုတွင် အလိုရှိအပ်သော သမ္ဗောဓိဉာဏ်ကို အမိဋ္ဌာန်မူ တောင်းဆုယူ၍ စင်ပြူသော စိတ်ထားဖြင့် ပါရမီတရားတို့ကို ကြိုးစားအားထုတ်ကြခြင်းဖြင့်၎င်း ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးတရားတို့ တိုးပွါးနိုင်ကြပါစေသတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

## ထေရဂါထာပါဠိတော် မြန်မာပြန်

# မာတိကာ

---

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ခြင်္သေ့မင်းသည် ရဲရင့်သောအသံကို မြွက်ဆိုသကဲ့သို့ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော အရှင်မြတ်တို့သည် မိမိတို့ ရအပ်သော အရဟတ္တဖိုလ်ကို ဆင်ခြင်လျက် ဂါထာတို့ကို မြွက်ဆိုကြောင်း နိဒါန်းဂါထာ ၃-ပုဒ် .... ၁

### ၁-ပဌမဝဂ်

**၁-သုဘူတိတ္ထေရဂါထာ**

သုဘူတိမထေရ်သည် ကျောင်းမရှိ၍ လွင်တီးခေါင်၌ နေရာ မထေရ်တန်ခိုးကြောင့် မိုးမရွာပဲ နေ၏၊ ထိုအကြောင်းကို မင်းနှင့် တိုင်းသူပြည်သားတို့ သိ၍ သစ်ရွက်မိုးကျောင်း ဆောက်ပေးသဖြင့် ကျောင်းအတွင်းသို့ ဝင်စဉ် မိုးရွာလာသောအခါ သုဘူတိမထေရ် ရွတ်ဆိုသောဂါထာ .... .... ၂

**၂-မဟာကောဋ္ဌိကတ္ထေရဂါထာ**

ပဋိသမ္ဘိဒါပတ္တတေဒဂ်ရ မဟာကောဋ္ဌိကမထေရ်သည် နောက်အဖို၌ ဝိမုတ္တိချမ်းသာကို ခံစားလျက် ဥဒါန်းကျူးသော အစွမ်းဖြင့် ရွတ်ဆိုသောဂါထာ .... .... ၂

**၃-ကင်္ခါရေဝတတ္ထေရဂါထာ**

ကင်္ခါရေဝတထေရ်သည် ရဟန္တာဖြစ်ပြီးနောက် မြတ်စွာဘုရား၏ ဒေသနာတော်အစွမ်းကို ချီးကျူးသောအားဖြင့် ဝမ်းမြောက်ဝမ်းသာ ရွတ်ဆိုသောဂါထာ .... .... ၂

**၄-ပုဏ္ဏတ္ထေရဂါထာ**

ဓမ္မကထိကတေဒဂ်ရ မန္တာနီပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏမထေရ်သည် မြတ်စွာဘုရားကိုမှီ၍ ငါနှင့် သတ္တဝါများစွာ သံသရာဒုက္ခမှ ကင်းငြိမ်းရ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းကား ကျေးဇူးများစွတကားဟု ဥဒါန်းကျူးသောဂါထာ .... .... ၂

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅-ဒဗ္ဗတ္ထေရဂါထာ | မလ္လာမင်းသား ဒဗ္ဗမထေရ်သည် မေတ္တိယဘူမဇကာရဟန်းတို့ စွပ်စွဲသော အမှုလကပါရာဇိကအဓိကရုဏ်းကိစ္စ ပြီးငြိမ်းသောအခါ လောကကို သနားသောအားဖြင့် မိမိဂုဏ်ကို ထင်စွာပြ၍ ရွတ်ဆိုသောဂါထာ .... | ၃ |
| ၆-သီတဝနိယတ္ထေရဂါထာ | သီတဝနိယမည်သော သမ္ဘူတမထေရ်သည် မြတ်စွာဘုရားကို ဖူးမြင်ရန် လာစဉ် ရဟန်းတို့ကို မြင်၍ ဤသို့ မြတ်စွာဘုရားကို လျှောက်ထားပါဟု ပြောဆို မြွက်ကြားသောဂါထာ .... .... | ၃ |
| ၇-ဘလ္လိယတ္ထေရဂါထာ | မာရ်နတ်သည် ဘလ္လိယမထေရ်ကို ချောက်လှန့်ရန် ကြောက်ဖွယ်သောအဆင်းဖြင့် လာသောအခါ ဘလ္လိယမထေရ်က ငါသည် ကြောက်လန့်ခြင်းအားလုံးမှ လွန်ခဲ့ပြီဟု ရွတ်ဆိုပြောကြားသောဂါထာ .... .... | ၃ |
| ၈-ဝီရတ္ထေရဂါထာ | မယားဟောင်းက လူထွက်ရန် အမျိုးမျိုးသော အမှုအရာဖြင့် ဖြားယောင်းသွေးဆောင်သောအခါ ငါ့ကို ဖြားယောင်းသူသည် မြင့်မိုရ်တောင်ကို မှက်တောင်ပံလေဖြင့် လှုပ်ရှားစေလိုသူနှင့်သာ တူ၏ဟု ဆို၍ ဝီရမထေရ်က မြွက်ကြားသောဂါထာ .... .... | ၃ |
| ၉-ပိလိန္ဒဝစ္ဆတ္ထေရဂါထာ | နတ်တို့ ချစ်မြတ်နိုးခြင်း၌ တေဒဂ်ရသော ပိလိန္ဒဝစ္ဆမထေရ်သည် လူ့ဘဝက ဂန္ဓာရီအတတ်နှင့် ပတ်သက်၍ စုံစမ်းရန် ဘုရားထံလာမိသည်ကို ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာ မြွက်ဆိုသောဂါထာ .... .... | ၄ |
| ၁၀-ပုဏ္ဏမာသတ္ထေရဂါထာ | မယားဟောင်းက လူထွက်ရန် သွေးဆောင်ဖြားယောင်းလို၍ သားငယ်ကို တန်ဆာဆင်လျက် လာရောက်ရာတွင် ပုဏ္ဏမာသမထေရ်က မိမိကပ်ငြိတွယ်တာမှု ကင်းပြီဟု ပြောဆို ဟောကြားသောဂါထာ .... | ၄ |


ပဌမဝဂ် ပြီး၏။

http://www.dhammadownload.com

# မာတိကာ


အမှတ်-၈ | အကြောင်းအရာ | စာမျက်နှာ

## ၂-ဒုတိယဝဂ်

### ၁-စူဠဝစ္ဆတ္ထေရဂါထာ

စူဠဝစ္ဆမထေရ်သည် ရဟန္တာဖြစ်ပြီးနောက် ရဟန်းတို့အား ငြင်းခုံခြင်း၌ မွေ့လျော်လျှင် အကျိုးပျက်စီးပုံကို မြင်၍ မိမိ၏ တရားထူးရပုံကို ဆင်ခြင်ကာ နှစ်သက်ဝမ်းမြောက်စွာ ရွတ်ဆိုသောဂါထာ .... .... ၄

### ၂-မဟာဝစ္ဆတ္ထေရဂါထာ

မဟာဝစ္ဆမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၍ ဝိမုတ္တိချမ်းသာကို ခံစားလျက် သာသနာတော်၏ နိယျာနိကအဖြစ်ကို ထင်စွာပြ၍ သီတင်းသုံးဘော်တို့ အားတက်စေရန် ရွတ်ဆိုသောဂါထာ .... .... ၄

### ၃-ဝနဝစ္ဆတ္ထေရဂါထာ

ဝနဝစ္ဆမထေရ်သည် ရဟန္တာဖြစ်ပြီးနောက် ကပိလဝတ်၌သီတင်းသုံးတော်မူသော မြတ်စွာဘုရားထံသို့လာစဉ် ရဟန်းတို့က တော၌ ချမ်းသာသုခ ရ၏လောဟု မေး၍ မိမိနေသော တော၏ဂုဏ်ကို ချီးကျူး ရွတ်ဆိုသောဂါထာ .... .... ၅

### ၄-သိဝကသာမဏေရဂါထာ

ဝနဝစ္ဆမထေရ်၏တူ သိဝကသာမဏေသည် တော၌ မထေရ်အား လုပ်ကျွေးစဉ် တနေ့ ရွာသို့သွားရာ ရွာ၌ သာမဏေအား ရောဂါဆိုး ကပ်ရောက်၏၊ ဦးရီးတော်မထေရ်သိ၍ လာရောက်ပြုစုရာ ညဉ့်အချိန်၌ ရွာထဲ၌ မနေလို၍ မထေရ်က တောသို့သွားအံ့ဟုပြောကာ သာမဏေအား ပွေ့ချီ၍ ခေါ်၏၊ ဦးရီးတော်၏လက်ပေါ်၌ အရဟတ္တဖိုလ်ရောက်၍ ဦးရီးတော်၏စကားနှင့်ပေါင်း၍ မိမိ၏အလိုကို မြွက်ဆိုသောဂါထာ .... ၅

### ၅-ကုဏ္ဍဓာနတ္ထေရဂါထာ

ရှေးအကုသိုလ်ကြောင့် အမျိုးမျိုးအစွပ်စွဲခံရသော ကုဏ္ဍဓာနမထေရ်သည် ရဟန္တာဖြစ်၍ တခုသောစာရေးတံကို ရှေးဦးစွာခံယူရာ ပုထုဇဉ်တို့အထင်လွဲသဖြင့် ထိုသူတို့၏အယူမှားကို ပယ်ဖျောက်ရန် ကောင်းကင်မှ တန်ခိုးဖြင့် ဟောကြားသောဂါထာ .... .... ၆

### ၆-ဗေလဋ္ဌသီသတ္ထေရဂါထာ

ဥရုဝေဠကဿပ၏ ရသေ့အသင်းဝင်ဖြစ်ခဲ့ဘူး၍ အသျှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော ဗေလဋ္ဌသီသမထေရ်သည် တနေ့သ၌ ဖလသမာပတ်မှ ထ၍ ထိုချမ်းသာကို ဆင်ခြင်လျက် ဥဒါန်းကျူးသောဂါထာ ....

http://www.dhammadownload.com



**အမှတ်စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

**၇-ဒါသကတ္ထေရဂါထာ**

ဒါသကမထေရ်သည် အစားကြီး အအိပ်ကြီး၍ ပျင်းရိသူဖြစ်ရာ တနေ့၌ ပြင်းစွာဟောက်၍ အိပ်ပျော်နေစဉ် ဘုရားရှင်က ဂါထာဖြင့် ဖိနှိပ်၍ ဟောကြား၏၊ ထိုအခါမှ သံဝေဂရ၍ ဝိပဿနာပွါးကာ မကြာမီ ရဟန္တာ ဖြစ်၏၊ ထိုနောက် မြတ်စွာဘုရား ဖိနှိပ်ဟောကြားသော ဂါထာကို မိမိအတွက် အလွန် အကျိုးဖြစ်ထွန်းသည်ဟု ရွတ်ဆိုကျူးရင့်၏၊ ထိုသို့ ဘုရားရှင် ဟောသည့်အတိုင်း ဒါသကမထေရ်ကျူးရင့်သောဂါထာ .... .... ၆

**၈-သိင်္ဂါလပိတုတ္ထေရဂါထာ**

သိင်္ဂါလပိတုထေရ်သည် မြတ်စွာဘုရားထံမှ အဋ္ဌိကကမ္မဋ္ဌာန်းကိုယူ၍ ဘေသကဠာတော၌နေစဉ် တောစောင့်နတ်က ဂါထာရွတ်၍ အားပေး၏၊ ထိုဂါထာကို အကြောင်းပြု၍ ရဟန္တာဖြစ်ရာ ထိုဂါထာကို တဆင့်ရွတ်ဆို လေ့ ရှိ၏၊ ထိုသို့ တောစောင့်နတ် ရွတ်ဆိုသည့်အတိုင်း တဆင့် ရွတ်ဆိုသော ဂါထာ .... .... ၆

**၉-ကုလတ္ထေရဂါထာ**

ဘုရားသာသနာ၌ ရဟန်းအဖြစ်ကိုရရှိသော်လည်း တရားထူးကို မရနိုင်ပဲရှိနေသော ကုလမထေရ်သည် တနေ့သ၌ ဆွမ်းခံသွားစဉ် မြွားဖြောင့်နေသော မြွားသမား၊ သစ်တုံးကို ရွေ(ခွဲ)နေသော သစ်ရွေသမားတို့ကိုမြင်ရ၍ အသက်မဲ့ မြွားနှင့်သစ်များကိုပင် ပြုပြင်၍ ရသေး၏၊ အဘယ့်ကြောင့် စိတ်ကို မပြုပြင်နိုင်အံ့နည်းဟု ဥပမာတင် ဆင်ခြင်ကာ တရားအားထုတ်သည်တွင် မကြာခင် အရဟတ္တဖိုလ်သို့ရောက်၍ ဝမ်းမြောက်စွာ ရွတ်ဆို ပြောကြားသောဂါထာ .... .... ၆

**၁၀-အဇိတတ္ထေရဂါထာ**

ဗာဝရီရသေ့၏တပည့် အဇိတရသေ့သည် ဘုရားထံသို့ စုံစမ်းရန်အလာတွင် သူ၏ စိတ်ပြဿနာများကို မြတ်စွာဘုရားက နှုတ်ဖြင့် ဖြေကြားတော်မူသည်ကို ကြည်ညိုလျက် ရဟန်းပြုကာ ဝိပဿနာကိုပွါး၍ ရဟန္တာဖြစ်လျှင် ရရင့်စွာ ရွတ်ဆိုသောဂါထာ .... .... ၆

ဒုတိယဝဂ် ပြီး၏။

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

## ၃-တတိယဝဂ်

**၁-နိဂြောဓတ္ထေရဂါထာ**

နိဂြောဓလုလင်သည် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ကို အလှူခံသောနေ့၌ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကို မြင်ရသဖြင့် ရှင်ပြုအားရမ်း ရဟန်းပြုကာ အားထုတ်၍ မကြာခင် ရဟန္တာဖြစ် အဘိညာဉ်ရ ဖလသမာပတ်ဖြင့် အချိန်ကို လွန်စေလျက် သာသနာတော်၏ ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်ပုံကို ထင်ရှားစေခြင်းငှါ ရွတ်ဆို ဖော်ပြသော ဂါထာ .... .... ၆

**၂-စိတ္တကတ္ထေရဂါထာ**

• ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် တရားတော်ကို နာယူ ကြည်ညို နှစ်သက် ရဟန်းဘက်သို့ ကူးသော စိတ္တကမထေရ်သည် စျာန်အခြေခံသော ဝိပဿနာကိုပွါး၍ မကြာခင် ရဟန္တာဖြစ်ပြီးနောက် မမေ့လျော့ခြင်းနှင့်ပတ်သက်၍ ရဟန်းတို့အား ပြောကြားသောဂါထာ .... .... ၇

**၃-ဂေါသာလတ္ထေရဂါထာ**

ဂေါသာလမထေရ်သည် အရဟတ္တဖိုလ်ကိုရပြီး၍ ဒိဋ္ဌဓမ္မ ချမ်းသာစွာ နေရခြင်းငှါ တောင်စဉ်တောင်ဝှမ်းသို့သာ သွားလိုကြောင်း မိမိ၏ ပဋိပတ်ကို ပြောကြားရင်း ရွတ်ဆိုသောဂါထာ .... .... ၇

**၄-သုဂန္ဓတ္ထေရဂါထာ**

မဟာသာလမထေရ်ထံ၌ တရားနာရ၍ ရဟန်းပြုသော သုဂန္ဓမထေရ်သည် တရားကိုအားထုတ်ရာ ခုနစ်ရက် အတွင်း၌ ရဟန္တာဖြစ်၍ ထိုအကြောင်းကိုဖော်ပြသောဂါထာ .... .... ၇

**၅-နန္ဒိယတ္ထေရဂါထာ**

သာကီဝင်မင်းသားနန္ဒိယမထေရ်သည် ဘုရားထံ၌ ရဟန်းပြုပြီးလျှင် ဝိပဿနာကိုအားထုတ်ရာ ရှေးဆုတောင်းအတိုင်း မကြာခင် အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် မိဂဒါဝုန်တောအရောက် မာရ်နတ် ချောက်လှန့်သည်တွင် ရဲရင့်စွာ ပြန်ကြား ရွတ်ဆိုသောဂါထာ .... .... ၇

**၆-အဘယတ္ထေရဂါထာ**

ဗိမ္ဗိသာရမင်းကြီး၏သားတော် အဘယမင်းသားသည် အဖနတ်ရွာစံသောအခါ သံဝေဂရကာ ရဟန်းပြု ရှေးဦးစွာသောတာပန်တည် မကြာမီ အရဟတ္တဖိုလ်ရောက်၍ မိမိ၏ပဋိပတ်ကို ပြောကြားခြင်းဖြင့် ရွတ်ဆိုသောဂါထာ .... ၇

http://www.dhammadownload.com



**အမှတ်စဉ်** **အကြောင်းအရာ** **စာမျက်နှာ**

**၇-လောမသကင်္ဂိယတ္ထေရဂါထာ**

နူးညံ့လှသော လောမသကင်္ဂိယ မထေရ်သည် တောတွင်းသို့ အရောက် ဆူးပြောင့်ခလုတ်ကို သည်းခံနိုင်ပါမည်လားဟု ရဟန်းများက ဆိုရာတွင် သည်းခံနိုင်ကြောင်းဖြင့် ရဟန္တာဖြစ်ပြီးနောက်လည်း ဤနည်းအတိုင်း ရွတ်ဆိုပြောပြသောဂါထာ .... .... ၈

**၈-ဇမ္ဗုဂါမိယပုတ္တတ္ထေရဂါထာ**

ဇမ္ဗုဂါမိယပုတ္တမထေရ်သည် ရဟန္တာမဖြစ်မီ ဖခင်ကစုံစမ်းလိုသဖြင့် ရေးပေးဘူးသောဂါထာကိုပင် ရဟန္တာဖြစ်ပြီးနောက်လည်း ဖခင်ကို ပူဇော်လိုသဖြင့် ရွတ်ဆိုဖော်ပြသည်၊ ဖခင်၏ဂါထာဖြစ်သော်လည်း သားရဟန္တာ၏ဂါထာဟု ဆိုရသောဂါထာ .... .... ၈

**၉-ဟာရိတတ္ထေရဂါထာ**

ဟာရိတမထေရ်သည် မြှားသမားဥပမာဖြင့် မိမိစိတ်ကို တည်ကြည်ဖြောင့်မတ်အောင် အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်ရကြောင်းကို ပြောကြားရွတ်ဆိုသောဂါထာ .... .... ၈

**၁၀-ဥတ္တိယတ္ထေရဂါထာ**

ဥတ္တိယမထေရ်သည် ဝိပဿနာအားထုတ်စဉ် ရောဂါဝင်သဖြင့် သံဝေဂဖြစ်ပြီး ဝီရိယအားတက်၍ကြိုးစားရာ အရဟတ္တဖိုလ်သို့ ရောက်ရသည်တွင် မိမိ၏ကျင့်စဉ် ပြည့်စုံပုံအခြင်းအရာကို အဦးထား၍ ပြောကြားရွတ်ဆိုသောဂါထာ .... .... ၈

**တတိယဝဂ် ပြီး၏။**

---

## ၄-စတုတ္ထဝဂ်

**၁-ဂဟ္ဘရတီရိယတ္ထေရဂါထာ**

မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာကိုမြင်၍ ကြည်ညိုသဖြင့် ရဟန်းအဖြစ်သို့ရောက်လာသော ဂဟ္ဘရတီရိယမထေရ်သည် ဝိပဿနာကို ပွါးများရင်း ရဟန္တာအဖြစ်သို့ရောက်ပြီးနောက် တောအရပ်၌နေခြင်းကိုသာ ငါနှစ်သက်၏ ဟု ပြောကြားရွတ်ဆိုသောဂါထာ .... .... ၉

**၂-သုပ္ပိယတ္ထေရဂါထာ**

မိတ်ဆွေဖြစ်သော သောပါကမထေရ်ထံမှ တရားနာရ၍ သံဝေဂရကာ ရဟန်းပြု ပဋိပတ်ကို ကြိုးစား၍ ရဟန္တာအဖြစ်သို့ရောက်သော သုပ္ပိယမထေရ်ရွတ်ဆိုသောဂါထာ .... .... ၉

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃-သောပါကတ္ထေရဂါထာ | | |
| | မေတ္တာကမ္မဋ္ဌာန်းကိုယူ၍ သုသာန်၌နေကာ မေတ္တာအခြေခံဝိပဿနာကိုပွါးလျက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရသော သောပါကမထေရ်သည် မေတ္တာအကျိုးပြ ရွတ်ဆိုသောဂါထာ .... .... | ၉ |
| ၄-ပေါသိယတ္ထေရဂါထာ | | |
| | သားတယောက်ရပြီးမှ သံဝေဂရ ရဟန်းပြုကာ တောသို့ဝင်လျက် သစ္စာလေးပါးကမ္မဋ္ဌာန်းကို ပွါးများသဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်သော ပေါသိယမထေရ်သည် "တောသည်သာကျောင်းဖြစ်၏" ဟူသော သဘောဖြင့် ရွတ်ဆိုသောဂါထာ .... .... | ၉ |
| ၅-သာမညကာနိတ္ထေရဂါထာ | | |
| | မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာကိုမြင်၍ ကြည်ညိုသဖြင့် ရဟန်းပြုကာ စရိုက်အားလျော်သောကမ္မဋ္ဌာန်းကို ပွါးများ ဈာန်အခြေခံသော ဝိပဿနာကို ကြိုးစား၍ အရဟတ္တဖိုလ်ရောက်သော သာမညကာနိမထေရ်သည် မိမိ၏ပဋိပတ်အားလျော်စွာ မဂ်ဖိုလ်ရလာပုံကို ဖော်ပြရွတ်ဆိုသောဂါထာ .... .... | ၉ |
| ၆-ကုမာရပုတ္တတ္ထေရဂါထာ | | |
| | အသျှင်သာရိပုတြာထံရဟန်းပြုကာ တရားအားထုတ်ပါလျက် တရားထူးကိုမရ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ် တရားကိုကြားနာလျက် သင့်လျော်သော ဥနုရာဠ ဝိပဿနာကိုပွါးများသဖြင့် ရဟန္တာအဖြစ်သို့ရောက်သော ကုမာရပုတ္တမထေရ်သည် သာသနာတော်၏ ဝဋ်မှထွက်မြောက်ကြောင်းဖြစ်ပုံကို ပြလျက် ရွတ်ဆိုသောဂါထာ .... .... | ၁၀ |
| ၇-ကုမာရပုတ္တသဟာယတ္ထေရဂါထာ | | |
| | ကုမာရပုတ္တမထေရ်၏ အဆွေတော်ဖြစ်သော ကုမာရပုတ္တသဟာယမထေရ်သည် နေရာဇနပုဒ်နှင့်ပတ်သက်၍ သံဝေဂဖြစ်ကာ စိတ်ကိုနိုင်အောင် ဆုံးမလျက် ဝိပဿနာကိုပွါး ရဟန္တာအဖြစ်သို့ရောက်သောအခါ စိတ်ကိုဆုံးမပုံနှင့်စပ်လျဉ်း၍ ရွတ်ဆိုသောဂါထာ .... .... | ၁၀ |
| ၈-ဂဝမ္ပတိတ္ထေရဂါထာ | | |
| | ယသမထေရ်၏မိတ်ဆွေ ဂဝမ္ပတိသည် ယသမထေရ်ထံတွင် ရဟန်းပြု၍ မြတ်စွာဘုရားထံရောက်လျှင် ဘုရားတရားတော်ကို နာယူရသည်တွင် အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် မြတ်စွာဘုရားအား ပူဇော်သောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... | ၁၀ |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၉-တိဿတ္ထေရဂါထာ

မြတ်စွာဘုရား၏ ဘထွေးတော်သား တိဿမထေရ်သည် ဇာတိမာန အလျောက် တရားအားမထုတ်ပဲနေရာ မြတ်စွာဘုရားက သတိရလောက် အောင် ဆုံးမတော်မူသဖြင့် သံဝေဂဖြစ်ပွါးကာ ဝိပဿနာကို အားထုတ် သဖြင့် ရဟန္တာအဖြစ်သို့ရောက်၍ မြတ်စွာဘုရားအား ပူဇော်ခြင်းငှါ ရွတ်ဆို သောဂါထာ .... .... ၁၀

၁၀-ဝဍ္ဎမာနတ္ထေရဂါထာ

ဝေသာလီမင်းသားဖြစ်သော ဝဍ္ဎမာနမထေရ်သည် သပိတ်မှောက်ကံ ကြောင့် သံဝေဂရ၍ ရဟန်းပြုပြီးနောက် တရားကိုအားမထုတ် ထိနမိဒ္ဓ နှိပ်စက်ခြင်းကို ခံ၍နေရင်း သံဝေဂရလောက်အောင် မြတ်စွာဘုရား၏ ဆုံးမတော်မူချက်ကြောင့် တရားထူးရကာ မြတ်စွာဘုရားအား ပူဇော် ခြင်းငှါ ရွတ်ဆိုသောဂါထာ .... .... ၁၀

စတုတ္ထဝဂ် ပြီး၏။

၅-ပဉ္စမဝဂ်

၁-သိရိဝဍ္ဎတ္ထေရဂါထာ

ဝေဘာရ, ပဏ္ဍဝတောင်တို့၏ မနီးမဝေး တောအတွင်း၌ တရားအား ထုတ်နေဆဲ, အခါမဲ့ မိုးရွာသဖြင့် ပူအိုက်ခြင်းပြေပျောက် ဥတုသပ္ပါယ လျောက်ပတ်ခြင်းကိုရ၍ တည်ကြည်ငြိမ်သက် တိုးတက်ပွါးများကာ ရဟန္တာအဖြစ်သို့ရောက်သော သိရိဝဍ္ဎမထေရ်သည် မိမိ၏ ဥပနိဿယကို ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... ၁၁

၂-ခဒိရဝနိယတ္ထေရဂါထာ

အသျှင်သာရိပုတြာ၏ညီ ခဒိရဝနိယ မထေရ်သည် ရွာတောအတွင်း တရားအားထုတ်ရင်း ရဟန္တာအဖြစ်ဖြင့် ဘုရားနှင့်နောင်တော်ကြီးကို ဖူး မြင်မည်ဟု ကြိုးစား၍ မကြာမီ ရဟန္တာ အဖြစ်သို့ ရောက်ပြီးနောက် မကျန်းမမာ ဖြစ်နေစဉ် သျှင်သာရိပုတြာ ကြွလာသည်ကို မြင်၍ သာမ ဏေ တို့အား ဆုံးမသောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... ၁၁

၃-သုမင်္ဂလတ္ထေရဂါထာ

လယ်သမား ဘဝမှ သံဝေဂရ၍ ရဟန်းပြုလာသော သုမင်္ဂလမထေရ် သည် သစ်ပင်ရင်းသို့ကပ်ကာ ဆိတ်ငြိမ်ရာရသည့်အတိုင်း ဝိပဿနာပွါး များ အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၍ မိမိ၏ဒုက္ခမှ လွတ် မြောက်လာခြင်းကို ပြောကြား ဥဒါန်းကျူးသောဂါထာ .... .... ၁၁

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၄-သာနုတ္ထေရဂါထာ

ခုနစ်နှစ်အရွယ် သာမဏေငယ်ဖြစ်သော သာနုသည် အမိဖြစ်သူ၏ လူမထွက်စေလိုသောပြောစကားအရ သံဝေဂ ဖြစ်ပွါး တရားကိုအားထုတ်သဖြင့် မကြာမီ ရဟန္တာဖြစ်၍ ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသော ဂါထာ .... .... .... ၁၁

၅-ရမဏီယဝိဟာရိတ္ထေရဂါထာ

သူဌေးသား ဘဝတွင် မင်းပြစ်မင်းဒဏ် ခံရသူကို မြင်ရ၍ သံဝေဂရကာ ရဟန်းပြု သျှင်ဥပါလိထံတွင် သီလစင်ကြယ်အောင် သုတ်သင်လျက် ဝိပဿနာ ပွါးများသဖြင့် မကြာမီ ရဟန္တာဖြစ်ရသော ရမဏီယဝိဟာရိမထေရ်သည် ဝိမုတ္တိချမ်းသာကို ခံစားရင်းရွတ်ဆိုသောဂါထာ .... .... ၁၂

၆-သမိဒ္ဓိတ္ထေရဂါထာ

စည်းစိမ်ဂုဏ်သိရီ ပြည့်စုံသော သမိဒ္ဓိသည် ရဟန်းပြုပြီးနောက် တပေါဒါရုံကျောင်း၌နေစဉ် ဘုရား တရား သံဃာ၌ သက်ဝင်လေးစား ဝိပဿနာပွါး၍ မကြာခင် ရဟန္တာဖြစ်သည်ကို မာရ်နတ်က လာရောက်ခြိမ်းချောက်သော်လည်း မကြောက်ရွံကြောင်း ဖော်ပြရွတ်ဆိုသောဂါထာ .... ၁၂

၇-ဥဇ္ဈယတ္ထေရဂါထာ

ဗေဒင်၌ အနှစ်သာရကို မမြင်၍ မြတ်စွာဘုရားထံ ရဟန်းပြုလာသော ဥဇ္ဈယမထေရ်သည် စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းယူအားထုတ်၍ မကြာခင် ရဟန္တာဖြစ် ဘုရားထံသွားရောက်လျက် ဘုရားရှင်အား ချီးမွမ်းထောမနာသော အခြင်းအရာဖြင့် ရွတ်ဆိုသောဂါထာ .... .... ၁၂

၈-သဥ္ဇယတ္ထေရဂါထာ

ထင်ရှားသော ဗြဟ္မာဏပုဏ္ဏားဆရာကြီးများ သာသနာတော်၌ ကြည်ညိုကြသည်ကို မြင်ရလျှင် ရှင်ပျုသဒ္ဓါ ဘုရားရှင်ထံသို့ ကပ်ရောက် တရားတော်ကို နာယူသဖြင့် သောတာပန်တည်ပြီးနောက် ရဟန်းအဖြစ်သို့ ရောက်သော သဥ္ဇယ မထေရ်သည် ရဟန်းပြုမည်ဟု ဆံရိတ်အပြီးတွင် ရဟန္တာ အဖြစ်သို့ ရောက်ရ၍ ထိုအကြောင်းကို ပြောကြားသောဂါထာ.... ၁၂

၉-ရာမဏေယျကတ္ထေရဂါထာ

ဇေတဝန်ကျောင်းတော်လှူပွဲတွင် ကြည်ညိုစိတ်ဖြစ်ကာ ရဟန်းပြုလာသော ရာမဏေယျက မထေရ်သည် တနေ့သ၌ မာရ်နတ်က ချောက်လှန့်သော်လည်း မကြောက်မလန့် မာရ်နတ်လက်ချက်ဟု သိသဖြင့် ဂရုမစိုက်ကြောင်းကိုပြကာ ရွတ်ဆိုသောဂါထာ .... .... ၁၂

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀-ဝိမလတ္ထေရဂါထာ | | |
| | မြတ်စွာဘုရား၏ အာနုဘော်ကို ကြည်ညိုသဖြင့် ရဟန်းပြုလာသော ဝိမလထေရ်သည် တောင်ဝှမ်း၌ တရားအားထုတ်နေစဉ် မိုးကြီးရွာ၍ ဥတုသပ္ပါယဖြစ်ကာ ဝိပဿနာပွါးများလျက် ရဟန္တာအဖြစ်သို့ရောက်လျှင် ရဟန်းကိစ္စပြီးစီး၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသောဂါထာ .... | ၁၃ |

ပဉ္စမဝဂ် ပြီး၏။

---

၆-ဆဋ္ဌဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁-၄-ဂေါဓိကာဒိစတုတ္ထေရဂါထာ | | |
| | ဂေါဓိက, သုဗာဟု, ဝလ္လိယ, ဥတ္တိယ မထေရ်လေးပါးတို့သည် သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြသည့် အလျောက် ဝိပဿနာကို ပွါးများရာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကြ၍ မိုးကိုရွာချင်သလိုရွာစေ ဟူသော အဓိပ္ပါယ်ဖြင့် ရွတ်ဆိုကြသောဂါထာများ .... | ၁၃-၁၄ |
| ၅-အဉ္စနဝနိယတ္ထေရဂါထာ | | |
| | လေးထောင့်အင်းပျဉ်ကို ကျောင်းပြုနေရင်း အရဟတ္တဖိုလ်သို့ရောက်သော အဉ္စနဝနိယ မထေရ်သည် မိမိကဲ့သို့ ဖြစ်စေလိုသဖြင့် ရွတ်ဆိုသောဂါထာ .... .... | ၁၄ |
| ၆-ကုဋိဝိဟာရိတ္ထေရဂါထာ | | |
| | လယ်သမား၏ မျက်မိုး တဲကျောင်း၌နေလျက် တရားအားထုတ်ကာ အရဟတ္တဖိုလ် ရရှိသော ကုဋိဝိဟာရိမထေရ်သည် လယ်သမားအား အကျိုးမဲ့မဟုတ်ကြောင်း မိန့်ကြားသောဂါထာ .... .... | ၁၄ |
| ၇-ဒုတိယကုဋိဝိဟာရိတ္ထေရဂါထာ | | |
| | နတ်သား၏ စကားကို ကြားရ၍ သံဝေဂဖြစ်ကာ ဝိပဿနာပွါး၍ ရဟန္တာ အဖြစ်သို့ ရောက်ရသော ဒုတိယကုဋိဝိဟာရိမထေရ်သည် ကျောင်းသစ်ကို မတောင့်တသင့်ကြောင်း ရွတ်ဆိုသောဂါထာ .... | ၁၄ |
| ၈-ရမဏီယကုဋိကတ္ထေရဂါထာ | | |
| | အရွယ်ရှိ မိန်းမတို့က ဖြားယောင်းကြရာ မိမိ၌ ရာဂမရှိကြောင်း ဖော်ပြလိုသော ရမဏီယကုဋိက မထေရ်သည် ကာမဂုဏ်ကို အလိုမရှိကြောင်း ရွတ်ဆိုသောဂါထာ .... .... | ၁၄ |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၉-ကောသလဝိဟာရိတ္ထေရဂါထာ

နေရာအာဝါသလျောက်ပတ်သဖြင့် သမာဓိကို ရကာ ဝိပဿနာပွါး များ၍ ရဟန္တာဖြစ်ရသော ကောသလဝိဟာရီမထေရ်သည် ဝိမုတ္တိ ချမ်းသာကို ခံစားရင်း ဖြစ်ပေါ်သော ပီတိအဟုံဖြင့် ဥဒါန်းကျူးသော ဂါထာ .... .... ၁၅

၁၀-သီဝလိတ္ထေရဂါထာ

လာဘ်ပေါများသော သီဝလိမထေရ်သည် မိမိ၌ မာနာနုသယ မရှိ အရဟတ္တဖိုလ်ထိ ရရှိ၍ အကြံဟူသမျှ ပြီးစီးကြောင်း ရွတ်ဆိုသောဂါထာ.... ၁၅

ဆဋ္ဌဝဂ် ပြီး၏။

---

၇-သတ္တမဝဂ်

၁-ဝပ္ပတ္ထေရဂါထာ

ပဉ္စဝဂ္ဂီငါးဦးတွင် ပါဝင်သော ဝပ္ပမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်၍ မိမိရရှိသော တရားထူးကို ဆင်ခြင်ရင်း ဘုရားရှင်၏ ဂုဏ်ကြီးပုံ ကို ဆင်ခြင်ကာ ပုထုဇဉ်နှင့် အရိယာတို့၏ အမြင်မရှိခြင်း ရှိခြင်းကို ပြသောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... ၁၅

၂-ဝဇ္ဇိပုတ္တတ္ထေရဂါထာ

အမတ်မျိုးဖြစ်သော ဝဇ္ဇိပုတ္တမထေရ်သည် တောအတွင်း၌ တရား အားထုတ်နေစဉ် တောစောင့်နတ်၏ သံဝေဂရရေး သတိပေးချက်အရ တရားကို ကြိုးစား၍ အရဟတ္တဖိုလ်သို့ ရောက်ရာ တောစောင့်နတ် သတိ ပေးသောအတိုင်း ရွတ်ဆိုသောဂါထာ .... .... ၁၅

၃-ပက္ခတ္ထေရဂါထာ

သားတစ်ကို လုယက်ကြသော ကျီးငှက်တို့ကို မြင်ရ၍ သတိအထူး ရသောပက္ခမထေရ်သည် ကာမမှ ထွက်မြောက်ခြင်း၏ အကျိုးကို ဆင်ခြင် ဝိပဿနာတင် ပွါးများလျက် ရဟန္တာဖြစ်လျှင် ယခင်ထိတ်လန့်ခဲ့သော အကြောင်းကို ပြောကြားရွတ်ဆိုသောဂါထာ .... .... ၁၆

၄-ဝိမလကောဏ္ဍညတ္ထေရဂါထာ

ဗိမ္ဗိသာရမင်း၏ သားတော် ဝိမလကောဏ္ဍညသည် မြတ်စွာဘုရား၏ အာနုဘော်ကို မြင်၍ ကြည်ညိုရွှင်လန်း ရဟန်းပြုပြီးလျှင် ဝိပဿနာကို ပွါး၍ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်သောအခါ မာနကို ပညာဖြင့် ပယ်ရှားကြောင်းကို ဖော်ပြရွတ်ဆိုသောဂါထာ .... .... ၁၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅-ဥက္ခေပကတဝစ္ဆတ္ထေရဂါထာ | | |
| | ဘုရားအထံတော်၌ တရားနာ၍ ရဟန်းများထံ၌ စာပေသင်ကြားလျက် ရုပ်နာမ်ကို ပိုင်းခြား ဝိပဿနာကို ပွါးကာ ရဟန္တာဖြစ်ရသော ဥက္ခေပကတဝစ္ဆမထေရ်သည် ပိဋကတ်ဒေသနာကို ဟောကြားရွတ်ဆိုသောဂါထာ .... .... | ၁၆ |
| ၆-မေဃိယတ္ထေရဂါထာ | | |
| | မြတ်စွာဘုရားကို စွန့်ခွါ၍ တကိုယ်တည်းနေရာ သမာဓိမရသဖြင့် မြတ်စွာဘုရားထံသို့ ပြန်လာကာ ဘုရားရှင်၏ ဩဝါဒအတိုင်း ဝိပဿနာ ပွါး၍ ရဟန္တာဖြစ်သော မေဃိယမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်ရကြောင်း ရွတ်ဆိုသောဂါထာ .... .... | ၁၆ |
| ၇-ဧကဓမ္မသဝနီယတ္ထေရဂါထာ | | |
| | အနိစ္စာဝတသင်္ခါရာဟူသော ဂါထာကို ကြားရသဖြင့် အနိစ္စသညာ ထင်ကာ ရဟန်းပြုလာသော ဧကဓမ္မသဝနီယမထေရ်သည် တရားတပုဒ်ဖြင့် ကိလေသာတို့ကို ရှို့မြိုက်နိုင်ကြောင်း ရွတ်ဆိုသော ဂါထာ .... | ၁၇ |
| ၈-ဧကုဒါနိယတ္ထေရဂါထာ | | |
| | ဇေတဝန်ကျောင်းတော် ခံယူပွဲတွင် ဘုရားရှင်၏ အာနုဘော်ကို ကြည်ညိုသဖြင့် ရဟန်းပြုလာသော ဧကုဒါနိယမထေရ်သည် စိတ်တည်ကြည်ခြင်းကို ရ၍ ဝိပဿနာပွါးကာ ရဟန္တာဖြစ်ပြီးနောက် သောကမရှိကြောင်း ရွတ်ဆိုသောဂါထာ .... .... | ၁၇ |
| ၉-ဆန္နတ္ထေရဂါထာ | | |
| | ဖွားဘက်တော်ဖြစ်၍ ဆွေတော်မျိုးတော်တို့ တွေ့ဆုံပွဲ၌ ရဟန်းပြုလာသော ဆန္နမထေရ်သည် ဘုရားပရိနိဗ္ဗာန် စံပြီးနောက်မှ ရဟန္တာဖြစ်ရ၍ မြတ်စွာဘုရားကို ချီးကျူးရွတ်ဆိုသောဂါထာ .... .... | ၁၇ |
| ၁၀-ပုဏ္ဏတ္ထေရဂါထာ | | |
| | သုနာပရန္တတိုင်းသား အသျှင်ပုဏ္ဏသည် ဘုရားရှင်၏ ဩဝါဒအတိုင်း မိမိဖွားရာ တိုင်းသို့ပြန်လာ၍ သမထဝိပဿနာကို ပွါးများလျက် ရဟန္တာဖြစ်ပြီးနောက် သီလပညာ၏ ဂုဏ်ကို ချီးကျူးရွတ်ဆိုသောဂါထာ .... | ၁၇ |


သတ္တမဝဂ် ပြီး၏။

http://www.dhammadownload.com



| ဂါထာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဂ-အဋ္ဌမဝဂ်


**၁-ဝစ္ဆပါလတ္ထေရဂါထာ**

ဉရုဝေလကဿပနှင့် မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြပွဲတွင် ဘုရားရှင်ကို ကြည်ညို၍ ရဟန်းပြုလာသော ဝစ္ဆမထေရ်သည် ခုနစ်ရက်အတွင်း ရဟန္တာဖြစ်ပြီးနောက် နူးညံ့သိမ်မွေ့သူ သက်ရွယ်ကြီးရင့်သူတို့အား မှီခိုဆည်းကပ်ရခြင်း၏ အကျိုးရှိပုံကို ရွတ်ဆိုသောဂါထာ .... .... ၁၇

**၂-အာတုမတ္ထေရဂါထာ**

သူဌေးသားဖြစ်၍ မိဖတို့က အိမ်ထောင်ချထားသည်ကို မလိုက်နာပဲ ရဟန်းပြုလာသော အာတုမ မထေရ်သည် ရဟန္တာဖြစ်ပြီးနောက် မယားမပေးစားမီ ရဟန်းပြုခဲ့ကြောင်း ရွတ်ဆိုသောဂါထာ .... ၁၈

**၃-မာဏဝတ္ထေရဂါထာ**

သူအို သူနာ သူသေတို့ မြင်၍ သံဝေဂရကာ ရဟန်းပြုလာသော မာဏဝမထေရ်သည် ရဟန္တာဖြစ်၍ ဝတ္ထုကာမကို စွန့်ခဲ့ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၁၈

**၄-သုယာမနတ္ထေရဂါထာ**

ဗေဒင်ပါရဂူဖြစ်၍ ကာမဂုဏ်ကို စက်ဆုပ်ကာ ဘုရားရှင် ဝေသာလီပြည်အရောက်တွင် သဒ္ဒါပွါး၍ ရဟန်းပြုပြီးနောက် ခေါင်းရိတ်အပြီး၌ ရဟန္တာဖြစ်သော သုယာမနမထေရ်သည် နီဝရဏတို့ကို ပယ်ခြင်းနှင့်စပ်လျဉ်း၍ ရွတ်ဆိုသောဂါထာ .... .... ၁၈

**၅-သုသာရဒတ္ထေရဂါထာ**

ဓမ္မသေနာပတိ အသျှင်သာရိပုတြာ၏ထံတွင် ရဟန်းပြုကာ ဝိပဿနာပွါးသဖြင့် ရဟန္တာဖြစ်သော သုသာရဒမထေရ်သည် သူတော်ကောင်းကို မှီဝဲရခြင်း၏ အကျိုးရှိပုံကို ပြောကြားသောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... ၁[illegible]

**၆-ပိယဉ္ဇဟတ္ထေရဂါထာ**

ဝေသာလီပြည်သို့ ဘုရားရှင်ရောက်တော်မူသောအခါ ရဟန်းပြု၍ တောရဆောက်တည်ကာ ဝိပဿနာပွါးသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရသော ပိယဉ္ဇဟမထေရ်သည် သတ္တဝါတို့နှင့် ခြားနားသော နေထိုင်မှုရှိစေရန် ပြောကြားရွတ်ဆိုသောဂါထာ .... .... [illegible]

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၇-ဟတ္ထာရောဟပုတ္တတ္ထေရဂါထာ

ဆင်ဆရာ့သားဖြစ်လျက် ဆင်ကိုဆုံးမခြင်းထက် မိမိစိတ်ကိုဆုံးမခြင်းက မြတ်သည်ဟု ကြံစည်၍ ရဟန်းပြုသော ဟတ္ထာရောဟပုတ္တမထေရ်သည် စိတ်ကိုဆုံးမရာ၌ ဆင်ကိုဆုံးမသကဲ့သို့ ဖြစ်သင့်ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၁၉

၈-မေဏ္ဍသိရတ္ထေရဂါထာ

ဘုရားရှင် သာကေတမြို့ အဥ္စနတော၌ သီတင်းသုံးစဉ် ရဟန်းပြုသော မေဏ္ဍသိရမထေရ်သည် ရဟန္တာဖြစ်သောအခါ ဆင်းရဲအစုကိုဖျက်ဆီးပြီးဖြစ်ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၁၉

၉-ရက္ခိတတ္ထေရဂါထာ

သာကီဝင်မင်းသား ရဟန်းငါးရာတွင် ပါဝင်၍ ကာမဂုဏ်အပြစ်ကို မြင်သဖြင့် ဝိပဿနာပွါးများ၍ ရဟန္တာဖြစ်သော ရက္ခိတမထေရ်သည် မိမိ၌ ကိလေသာမီး ငြိမ်းအေးပြီးဖြစ်ကြောင်း ရွတ်ဆိုသောဂါထာ .... ၁၉

၁၀-ဥဂ္ဂတ္ထေရဂါထာ

ဥဂ္ဂနိဂုံးသို့ ဘုရားရှင်ရောက်တော်မူသောအခါ ဘုရားရှင်ထံ ရဟန်းပြုပြီးလျှင် ကမ္မဋ္ဌာန်းကို ကြိုးစား၍ မကြာမီရဟန္တာဖြစ်သော ဥဂ္ဂမထေရ်သည် အားရှိမရှိ ကံဟူသမျှ ကုန်ခန်းကြောင်း ပြောကြားရွတ်ဆိုသောဂါထာ .... .... ၁၉

အဋ္ဌမဝဂ် ပြီး၏။

---

## ၉-နဝမဝဂ်

၁-သမိတိဂုတ္တတ္ထေရဂါထာ

ကုဋ္ဌရောဂါစွဲကပ်သော သမိတိဂုတ္တမထေရ်သည် သျှင်သာရိပုတြာ၏ တရားကို နာရသဖြင့် ဝိပဿနာပွါးကာ ရဟန္တာဖြစ်၍ ပြုခဲ့သော အကုသိုလ်ကံကို အောက်မေ့လျက် ယခု အကုသိုလ်ကံဟူသမျှကို ပယ်ပြီးဖြစ်ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၂၀

၂-ကဿပတ္ထေရဂါထာ

ဥဒိစ္စပုဏ္ဏားသား ကဿပသည် ဘုရားရှင်၏ တရားတော်ကို နာရ၍ သောတာပန် တည်ကာ ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရား ဒေသစာရီ လှည့်လည်ရာသို့ လိုက်ပါလိုကြောင်း မိခင်ထံ ခွင့်တောင်းစဉ် အမိ၏ဆုံးမစကားအတိုင်း ရဟန္တာဖြစ်သောအခါ အမိ၏စကားကို ထပ်မံ ရွတ်ဆိုသောဂါထာ .... .... ၂၀

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

**၃-သီဟတ္ထေရဂါထာ**

မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ သဒ္ဓါပေါ်ပေါက် ရဟန်းအဖြစ်သို့ရောက်သော သီဟမထေရ်သည် တောအတွင်း တရားအားထုတ်စဉ် တရားထူးကို မရပဲရှိရာ ဘုရားရှင်ကိုယ်တော်တိုင် ကောင်းကင်က ရပ်လျက် ဆုံးမတော်မူမှ အရဟတ္တဖိုလ်ကို ရ၍ ဘုရားသြဝါဒအတိုင်း ရွတ်ဆိုသောဂါထာ .... .... ၂၄

**၄-နီတတ္ထေရဂါထာ**

ရဟန်းဖြစ်လျက် အိပ်ကာ စားကာ တိရစ္ဆာနကထာ ပြောကာဖြင့် အချိန်ကုန်သည်ကို ဘုရားရှင်မြင်တော်မူ၍ ဆုံးမဟောကြားမှ သံဝေဂရ ဝိပဿနာပွားများ ရဟန္တာဖြစ်ရသော နီတမထေရ်သည် [illegible]သြဝါဒ အတိုင်း ရွတ်ဆိုသောဂါထာ .... .... ၂၀

**၅-သုနာဂတ္ထေရဂါထာ**

သျှင်သာရိပုတြာထံ ရဟန်းပြုကာ ဝိပဿနာပွါးများ၍ ရဟန္တာဖြစ်သော သုနာဂမထေရ်သည် ရဟန်းတို့အား တရားဟောသည့် အနေဖြင့် ရွတ်ဆိုသောဂါထာ .... .... ၂၀

**၆-နာဂိတတ္ထေရဂါထာ**

မဓုပိဏ္ဍိကသုတ်ကို ကြားနာရ၍ သဒ္ဓါအလျှောက် ရဟန်းအဖြစ်သို့ ရောက်လာသော သာကီဝင်မင်းသား နာဂိတမထေရ်သည် မြတ်စွာဘုရား ဂုဏ်ကို ချီးကျူးရွတ်ဆိုသောဂါထာ .... .... ၂၁

**၇-ပဝိဋ္ဌတ္ထေရဂါထာ**

ပရိဗိုဇ်တို့ထံတွင် ရဟန်းပြုပြီးမှ ဘုရားရှင်ထံသို့ ရောက်ကာ သာသနာတွင် ရဟန်းဖြစ်လာသော ပဝိဋ္ဌမထေရ်သည် ဘဝအသစ်ဖြစ်ရန် မရှိတော့ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၂၁

**၈-အဇ္ဇုနတ္ထေရဂါထာ**

နိဂဏ္ဌတို့ထံတွင် ရဟန်းပြုပြီးမှ ဘုရားရှင့်ယမိုက် ပြာဋိဟာကို မြင်ရ၍ သာသနာတော်၌ ရဟန်းပြုသော အဇ္ဇုနမထေရ်သည် ဝိပဿနာကို ပွါး၍ မကြာမီ ရဟန္တာဖြစ်ကာ ပီတိအဟုန်ဖြင့် ဥဒါန်းကျူးသောဂါထာ .... [illegible]

**၉-(ပဌမ)ဒေဝသဘတ္ထေရဂါထာ**

မြတ်စွာဘုရားတရားကို နာရ၍ မင်းအဖြစ်ကိုစွန့် ရဟန်းပြုလာသော ဒေဝသဘမထေရ်သည် ဝိပဿနာကို ပွါးများ၍ ရဟန္တာဖြစ်သောအခါ ပယ်ဖြိုးအပ်သော ကိလေသာတို့ကို ဆင်ခြင်လျက် ဥဒါန်းကျူးသောဂါထာ ....

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၀-သာမိဒတ္တတ္ထေရဂါထာ

လောကကို ထိတ်လန့်ကာ သာသနာကိုကြည်ညို၍ ရဟန်းပြုလာသော သာမိဒတ္တမထေရ်သည် တရားကိုအားထုတ်၍ မကြာမီ ရဟန္တာဖြစ်သောအခါ မိမိ၏ ပဋိပတ်ကို ပြောကြားရင်း ရွတ်ဆိုသောဂါထာ .... ၂၂

နဝမဝဂ် ပြီး၏။

---

၁၀-ဒသမဝဂ်

၁-ပရိပုဏ္ဏကတ္ထေရဂါထာ

နိဗ္ဗာန်ချမ်းသာကိုသာ ရှာမှီးမည်ဟူသောရည်ရွယ်ချက်ဖြင့် ရဟန်းပြုသာသော သာကီဝင်မင်းသား ပရိပုဏ္ဏကမထေရ်သည် ဝိပဿနာကို ပွါးများ၍ အရဟတ္တဖိုလ်သို့ရောက်လျှင် နိဗ္ဗာန်အရသာကို ခံစားရကြောင်း ဥဒါန်းကျူးသောဂါထာ .... .... ၂၂

၂-ဝိဇယတ္ထေရဂါထာ

ရှေးဦးစွာရသေ့ပြု နောက်မှ သာသနာတွင်း ရဟန်းဖြစ်လာသော ဝိဇယမထေရ်သည် တရားကိုအားထုတ်၍ မကြာမီ ရဟန္တာဖြစ်လာသောအခါ နိဗ္ဗာန်ကိုအာရုံပြုသော ရဟန်း၏ သွားရာလမ်းကြောင်းနှင့်စပ်လျဉ်း၍ ရွတ်ဆိုသောဂါထာ .... .... ၂၂

၃-ဧရကတ္ထေရဂါထာ

မိစ္ဆာဝိတက်အားကြီး၍ ရဟန်းအဖြစ်၌ငြီးငွေ့နေသော ဧရကမထေရ်သည် ဘုရားရှင်တရားကို ကြားနာရလျှင် သံဝေဂဖြစ်ကာ ဝိပဿနာ အားထုတ်၍ မကြာခင် ရဟန္တာဖြစ်သောအခါ ဝတ္ထုကာမကို အလိုမရှိကြောင်း ရွတ်ဆိုသောဂါထာ .... .... ၂၃

၄-မေတ္တဇိတ္ထေရဂါထာ

ရှေးဦးစွာ ရသေ့ပြု၍ နောက်မှ သာသနာတွင်း ရဟန်းဖြစ်လာသော မေတ္တဇိမထေရ်သည် ဝိပဿနာကိုပွါးများ၍ ရဟန္တာ ဖြစ်သော အခါ မြတ်စွာဘုရားကို ချီးမွမ်းသောအားဖြင့် ရွတ်ဆိုသောဂါထာ .... .... ၂၃

၅-စက္ခုပါလတ္ထေရဂါထာ

မျက်စိကွယ်လျက် ရဟန္တာဖြစ်ရသော သူဌေးသား စက္ခုပါလမထေရ်သည် မိမိအား လာရောက်ခေါ်သော တူသာမဏေ သီလပျက်သဖြင့် အတူမသွားလို လူမိုက်နှင့် မပေါင်းနိုင်၊ အပေါင်းမလုပ်နိုင်ကြောင်း ရွတ်ဆိုသောဂါထာ .... .... ၂၃

http://www.dhammadownload.com



အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၆-ခဏ္ဍသုမနတ္ထေရဂါထာ

ဘုရားရှင် ပါဝါပြည် သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် သဒ္ဓါ အလျောက် ရဟန်းပြုလာသော ခဏ္ဍသုမနမထေရ်သည် ဝိပဿနာ ပွါး များ၍ အဘိညာဉ်ရ ရဟန္တာဖြစ်လာသောအခါ မြတ်လေးပန်း တပွင့် အကျိုးကို ဖော်ပြရွတ်ဆိုသောဂါထာ .... .... ၂၃

၇-တိဿတ္ထေရဂါထာ

ပုက္ကုသာတိမင်းကဲ့သို့ ဘုရားရှင်ကို ရည်မှန်း၍ ရဟန်းပြုလာသော တိဿမထေရ်သည် ဝိပဿနာအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်လျှင် နှစ်ကြိမ်မြောက် ဘိသိက်သွန်းခြင်းဖြစ်ကြောင်း ရွတ်ဆိုသောဂါထာ .... ၂၃

၈-အဘယတ္ထေရဂါထာ

တန်ဆာဆင်ထားသော မိန်းမကိုမြင်၍ ကိလေသာဝင်ပြီးနောက် သတိ တရားရလာသော အဘယမထေရ်သည် စိတ်ကိုနှိပ်ကာ ဝိပဿနာကို ပွါးလျက် ရဟန္တာဖြစ်သောအခါ ရူပါရုံ၏အပြစ်ကို ဖော်ပြ ရွတ်ဆိုသော ဂါထာ .... .... ၂၄

၉-ဥတ္တိယတ္ထေရဂါထာ

သဒ္ဓါတရားဖြင့် ရဟန်းပြုလာပါလျက် ဆွမ်းခံသွားရင်း မာတုဂါမ၏ သီချင်းသံကြောင့် ဆန္ဒရာဂဖြစ်ပေါ်လာသော ဥတ္တိယမထေရ်သည် ဆန္ဒ ရာဂကို ပယ်ခွါ ဝိပဿနာကို ပွါးများလျက် ရဟန္တာအဖြစ်သို့ရောက်လျှင် မိန်းမအသံ၏ အပြစ်ကို ဖော်ပြရွတ်ဆိုသောဂါထာ .... .... ၂၄

၁၀-(ဒုတိယ)ဒေဝသဘတ္ထေရဂါထာ

နိဂြောဓာရုံကျောင်း၌ ဘုရားရှင် သီတင်းသုံးစဉ် သဒ္ဓါ၍ ရဟန်းဖြစ် လာသော ဒေဝသဘမထေရ်သည် ဝိပဿနာကိုပွါးများ၍ မကြာခင် ရဟန္တာဖြစ်လာသောအခါ ဝိမုတ္တိပန်းကိုပန်ဆင်သော ရဟန်းအကြောင်း ဖော်ပြရွတ်ဆိုသောဂါထာ .... .... ၂၄

ဒသမဝဂ် ပြီး၏။

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **၁၁-ကောဒသမဝဂ်** | |
| **၁-ဗေလဋ္ဌာနိကတ္ထေရဂါထာ** | | |
| | သဒ္ဓါ၍ ရဟန်းပြုကာ တောရဆောက်တည်နေပါလျက် ပျင်းရိခြင်း ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းဖြင့် နေထိုင်သော ဗေလဋ္ဌာနိက မထေရ်သည် ဘုရားရှင်၏ဩဝါဒကြောင့် သံဝေဂရ ဝိပဿနာကို ပွါး၍ မကြာခင် ရဟန္တာဖြစ်သောအခါ ရွတ်ဆိုသောဂါထာ .... .... | ၂၄ |
| **၂-သေတုစ္ဆတ္ထေရဂါထာ** | | |
| | မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုလာသော သေတုစ္ဆမထေရ်သည် ဘုရားရှင် တရားတော်ကို နာယူရသည့်အတိုင်း ပရိကမ်ကို အားထုတ်သဖြင့် ရဟန္တာဖြစ်သောအခါ လောကဓံကို သည်းမခံနိုင်သူတို့ သမာဓိ မရနိုင်ကြောင်း ရွတ်ဆိုသောဂါထာ .... .... | ၂၅ |
| **၃-ဗန္ဓုရတ္ထေရဂါထာ** | | |
| | ကိစ္စတခုကြောင့် အခြားသူများနှင့်အတူ ဘုရားရှင့်ထံရောက်၍ တရားကို နာရသဖြင့် ရဟန်းပြုသော သူဌေးသား ဗန္ဓုရမထေရ်သည် ဉာဏ်ရင့်သည့်အလျောက် တရားအားထုတ်ကာ ရဟန္တာဖြစ်သောအခါ တရားအရသာအကြောင်း ဖော်ပြရွတ်ဆိုသောဂါထာ .... .... | ၂၅ |
| **၄-ခိတကတ္ထေရဂါထာ** | | |
| | အသျှင်မဟာမောဂ္ဂလ္လာန်၏ တန်ခိုးကြီးပုံကို ကြားရ၍ ဘုရားရှင့်ထံ ရဟန်းပြုလာသော ခိတကမထေရ်သည် ကမ္မဋ္ဌာန်းယူကာ အားထုတ်သဖြင့် မကြာခင် ရဟန္တာဖြစ်သောအခါ ရူပကာယ၏ပေါ့ပါးပုံကို ဖော်ပြ ရွတ်ဆိုသောဂါထာ .... .... | ၂၅ |
| **၅-မလိတဝမ္ဘတ္ထေရဂါထာ** | | |
| | ပစ္စာဘူတမထေရ်ထံတွင် တရားနာ ရဟန်းပြု ဝိပဿနာ ပွါးများ၍ ရဟန္တာဖြစ်သော မလိတဝမ္ဘမထေရ်သည် လောကုတ္တရာ အကျိုးစီးပွါးနှင့် မစပ်သော့နေခြင်းဖြင့် မနေသင့်ကြောင်း ရွတ်ဆိုသောဂါထာ .... | ၂၅ |
| **၆-သုဟေမန္တတ္ထေရဂါထာ** | | |
| | သက်သာနဂိုရ်ပြည်၌ သီတင်းသုံးသော ဘုရားရှင့်ထံတွင် တရားနာ ရဟန်းပြုလာသော သုဟေမန္တမထေရ်သည် ပိဋကတ် ၃-ပုံ ဆောင်ခြင်း ဝိပဿနာပွါးခြင်းဖြင့် အဘိညာဉ်ရ ပဋိသမ္ဘိဒါရောက် ရဟန္တာဖြစ်သော အခါ ပညာရှိသူသာ များစွာမြင်သိနိုင်ကြောင်း ရွတ်ဆိုသောဂါထာ .... | [illegible] |

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၇-ဓမ္မသဝတ္ထေရဂါထာ

အိမ်ရာထောင်ခြင်း၏အပြစ် ရဟန်းပြုခြင်း၏အကျိုးကို မြင်၍ ဘုရားရှင့်ထံ တရားနာယူ ရဟန်းပြုသော ဓမ္မသဝမထေရ်သည် ဝိပဿနာကို ပွါး၍ မကြာခင် ရဟန္တာဖြစ်သောအခါ ရွတ်ဆိုသောဂါထာ .... .... ၂၆

၈-ဓမ္မသဝပိတုတ္ထေရဂါထာ

သားရဟန်းပြုသည်ကိုအားကျ သံဝေဂဉာဏ်ထင် ဘုရားရှင့်ထံ ရဟန်းပြုသော ဓမ္မသဝပိတုမထေရ်သည် ဝိပဿနာကိုပွါး၍ မကြာခင် ရဟန္တာဖြစ်လျှင် အသက် ၁၂၀-ရှိမှ ရဟန်းပြုကြောင်း ရွတ်ဆိုသောဂါထာ .... ၂၆

၉-သံဃရက္ခိတတ္ထေရဂါထာ

သဒ္ဓါ၍ ရဟန်းပြုလာသော သံဃရက္ခိတမထေရ်သည် သားငယ်ကို မစွန့်ခွါနိုင်သော သမင်မကို မြင်ရာတွင် သံဝေဂရကာ ဝိပဿနာကို ပွါးများ၍ ရဟန္တာဖြစ်လျှင် သမင်မဥပမာတင်၍ ရွတ်ဆိုသောဂါထာ .... ၂၆

၁၀-ဥသဘတ္ထေရဂါထာ

သူကြွယ်မျိုးမှ ရဟန်းပြုလာသော ဥသဘမထေရ်သည် တနေ့သ၌ လိုဏ်ဂူမှအထွက် မိုးဥတုကြောင့် အခက်အလက်စည်ကားနေသောတောကို မြင်ရလျှင် ငါလည်း ဥတုသပ္ပါယကောင်းခိုက် အားထုတ်မည်ဟူသော ငြဖြင့် အားထုတ်ရာ ရဟန္တာဖြစ်လေသဖြင့် မိမိ၏ဥတုသပ္ပါယအခြေခံကို ဖော်ပြ ရွတ်ဆိုသောဂါထာ .... .... ၂၆


ကောဒသမဝဂ် ပြီး၏။

---

၁၂-ဒွါဒသမဝဂ်


၁-ဇေန္တတ္ထေရဂါထာ

ဘုရားရှင့်ထံ ရဟန်းပြု၍ ဘုရားရှင့်ထံမှ ကမ္မဋ္ဌာန်းကိုယူ ဝိပဿနာကို ပွါးများသဖြင့် ခိပ္ပါဘိညာအဖြစ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရသော ဇေန္တမထေရ်သည် ရဟန်းအဖြစ်ခဲယဉ်းပုံ စသည်ကို ရွတ်ဆိုသောဂါထာ .... ၂၇

၂-ဝစ္ဆဂေါတ္တတ္ထေရဂါထာ

ဗေဒင်၌ အနှစ်သာရကိုမမြင်၍ ဘုရားရှင့်ထံ ရဟန်းပြုကာ ဝိပဿနာ ပွါးများ၍ ရဟန္တာဖြစ်လာသော ဝစ္ဆဂေါတ္တမထေရ်သည် ဝိဇ္ဇာသုံးပါးသို့ ရောက်ရကြောင်း ရွတ်ဆိုသောဂါထာ .... ....

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၃-ဝနဝစ္ဆတ္ထေရဂါထာ**

ဗိမ္ဗိသာရမင်းကြီး၏တရားပွဲ၌ သစ္စာတရားဖြစ်ပေါ်၍ ရဟန်းပြုလာသော ဝနဝစ္ဆမထေရ်သည် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ကျောက်တောင်၏မွေ့လျော်ဖွယ်ကောင်းပုံကို ရွတ်ဆိုသောဂါထာ .... .... ၂၃

**၄-အဓိမုတ္တတ္ထေရဂါထာ**

နောက်ဆုံးဘဝဖြစ်၍ ဝဋ်မှထွက်မြောက်ကြောင်းကိုရှာရင်း ဘုရားရှင်ထံတွင် ရဟန်းပြုလာသော အဓိမုတ္တမထေရ်သည် ဝိပဿနာကို ပွါးများ၍ မကြာမီ ရဟန္တာဖြစ်သောအခါ ခန္ဓာကိုယ်ကို မွေးမြူခြင်း၏အပြစ်ကို ဖော်ပြ ရွတ်ဆိုသောဂါထာ .... .... ၂၃

**၅-မဟာနာမတ္ထေရဂါထာ**

ဘုရားရှင်ထံ ရဟန်းပြု၍ တရားအားထုတ်သော်လည်း တရားမရ တောင်ထိပ်သို့တက်ကာ "တရားမရလျှင် တောင်ပေါ်ကတွန်းချမည်" ဟု ကိုယ့်ကိုယ်ကို ခြိမ်းခြောက် အားထုတ်မှ အရဟတ္တဖိုလ်ရသော မဟာနာမမထေရ်သည် မိမိကိုယ်ကိုခြိမ်းခြောက်ရကြောင်း ရွတ်ဆိုသောဂါထာ .... ၂၈

**၆-ပါရာပရိယတ္ထေရဂါထာ**

ရာဇဂြိုဟ်ပြည်သို့ ဘုရားရှင်ကြွလာစဉ် ဘုရားအာနုဘော်ကို မြင်၍ ရဟန်းပြုသော ဗေဒပါရဂူ ပါရာပရိယမထေရ်သည် မိမိ၏ ပဋိပတ်ကို ဆင်ခြင်၍ ရွတ်ဆိုသောဂါထာ .... .... ၂၈

**၇-ယသတ္ထေရဂါထာ**

ကာမဂုဏ်ကိုထိတ်လန့်ကာ ဘုရားရှင်ထံရောက်လာ၍ သစ္စာဒေသနာ နာရသဖြင့် သောတာပန်တည် ဖခင်လိုက်လာသောအခါ ရဟန္တာဖြစ်သော သူဌေးသား ယသမထေရ်သည် ဟေဘိက္ခုရဟန်းအဖြစ်ဖြင့် ရွတ်ဆိုသောဂါထာ .... .... ၂၈

**၈-ကိမိလတ္ထေရဂါထာ**

ရူပတင့်တယ်သော မိန်းမငယ်အသွင်ကို ရှေးဦးပြ နောက်မှ အိုရုပ် နာရုပ် ဖန်ဆင်းပြတော်မူသဖြင့် အလွန်ထိတ်လန့်၍ ရဟန်းပြု ဝိပဿနာ ပွါးများ မကြာမီရဟန္တာဖြစ်သော ကိမိလမထေရ်သည် မိမိထင်မြင်ခဲ့ပုံကို ရွတ်ဆိုသောဂါထာ .... .... ၂၈

**၉-ဝဇ္ဇိပုတ္တတ္ထေရဂါထာ**

ဆင်ဆရာဖြစ်ရာမှ တရားတော်ကို နာရသဖြင့် ရဟန်းပြုလာသော ဝဇ္ဇိပုတ္တမထေရ်သည် ဝိပဿနာပွါး၍ အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ အာနန္ဒာမထေရ်အား ပြောကြားသောဂါထာ

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၀-ဣသိဒတ္တထေရဂါထာ

စိတ္တသူကြွယ်၏ အဒိဋ္ဌသဟာယဖြစ်၍ သတင်းကြားဖြင့် သျှင်မဟာကစ္စည်းထံရဟန်းပြုလာသော ဣသိဒတ္တမထေရ်သည် ဝိပဿနာပွါးများ၍ အဘိညာဉ်ရရဟန္တာဖြစ်သောအခါ မိမိရရှိသောအရဟတ္တဖိုလ်ကို ဖော်ပြ ရွတ်ဆိုသောဂါထာ .... .... ၂၉

ဧကနိပါတ် မာတိကာ ပြီး၏။

---

## ၂-ဒုကနိပါတ်မာတိကာ

### ၁-ပဌမဝဂ်

၁-ဥတ္တရထေရဂါထာ

သူခိုးဟု အထင်မှားကာ ဖမ်းဆီးချုပ်နှောင် သံတံကျင်အလျှိုခံရသော ဥတ္တရသာမဏေသည် ဘုရားရှင်ကိုယ်တော်တိုင် ကြွလာ၍ တရားပြ ဆုံးမသည့်အတိုင်း ဝိပဿနာပွါးများ အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ ဘဝဟူသမျှ အမြဲမရှိကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၃၀

၂-ပိဏ္ဍောလဘာရဒွါဇထေရဂါထာ

ဥတေနမင်း၏ ပုရောဟိတ်သား ဘာရဒွါဇသည် ဘုရားရှင့်ထံ ရဟန်းပြု ဝိပဿနာပွါး၍ မကြာမီ ရဟန္တာ ဖြစ်သောအခါ သီဟနာဒ ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်ပြီးနောက် အာဟာရနှင့် စပ်လျဉ်း၍ ရွတ်ဆိုသော ဂါထာများ .... ၃၀

၃-ဝလ္လိယထေရဂါထာ

မိတ်ဆွေကောင်း၏ ကျေးဇူးဖြင့် ဘုရားရှင့်ထံတွင် တရားနာယူကာ သဒ္ဓါ၍ ရဟန်းပြုလာသော ဝလ္လိယ မထေရ်သည် တရားကို အားထုတ်၍ မကြာမီ ရဟန္တာ ဖြစ်သောအခါ စိတ်သည် မျောက်နှင့်တူကြောင်း ရွတ်ဆိုသောဂါထာများ .... .... .... ၃၀

၄-ဂင်္ဂါတီရိယထေရဂါထာ

အမိနှင့်နှမအား မယားကြီးမယားငယ် ပြုခဲ့မိသည်ကိုသိ၍ သံဝေဂရလျက် ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်ကို မရမချင်း စကားမပြောဆောက်တည်လျက်နေခဲ့ရာ သူအ,ဟူ၍အထင်ခံရသော ဂင်္ဂါတီရိယမထေရ်သည် သုံးနှစ်မြောက်သွင် အရဟတ္တဖိုလ်ရ၍ မိမိရဟန္တာဖြစ်ရပုံကို ရွတ်ဆိုသောဂါထာများ

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၅-အဇိနတ္ထေရဂါထာ

ဆင်းရဲနွမ်းပါးသဖြင့် လှည့်လည်သွားလာရင်း ဘုရားရှင့်ထံရောက်ကာ ရဟန်းပြု၍ လာသော အဇိနမထေရ်သည် ဝိပဿနာအားထုတ် မကြာမီ ရဟန္တာဖြစ်သောအခါ ပညာနည်းသူတို့ မထီမဲ့မြင်ပြုတတ်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... .... ၃၁

၆-မေဠဇိနတ္ထေရဂါထာ

ဝိဇ္ဇာသိပ္ပတို့၌ အပြီးသို့ရောက် တတ်မြောက်ပြီးနောက် မိဂဒါဝုန်တော ဘုရားရှင့်ထံရောက်လာ၍ ရဟန်းပြု ဝိပဿနာကို ပွါးများကာ ရဟန္တာဖြစ်သည်တွင် ဥတ္တရိမနုဿဓမ္မကိုမေးသဖြင့် ရဲရင့်စွာ ဖြေဆိုပြောကြားသောဂါထာများ .... .... .... .... ၃၁

၇-ရာဓတ္ထေရဂါထာ

အိုကြီးအိုမှ သျှင်သာရိပုတြာထံတွင် ရဟန်းပြု၍ ဝိပဿနာပွါးများကာ ရဟန္တာဖြစ်လာသော ရာဓမထေရ်သည် အမိုးမရှိသော အိမ်ဥပမာဖြင့် ရွတ်ဆိုသောဂါထာများ .... .... .... ၃၁

၈-သုရာဓတ္ထေရဂါထာ

ရာဓမထေရ်၏ ညီဖြစ်သော သုရာဓမထေရ်သည် အစ်ကိုကြီး၏အတုကိုယူကာ ရဟန်းပြု တရားအားထုတ်၍ အရဟတ္တဖိုလ်ကိုရရှိသောအခါ တဏှာကုန်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၃၂

၉-ဂေါတမတ္ထေရဂါထာ

မသူတော်တို့နှင့် ပေါင်းမိ၍ အကျင့်ပျက်စီးပြီးနောက် သာဝတ္ထိရလာခိုက် ဘုရားရှင်ကြွလာသည်ကိုမြင်ကာ တရားတော်ကိုနာယူ ကြည်ညိုသဖြင့် ရဟန်းပြုလာသော ဂေါတမမထေရ်သည် ဝိပဿနာပွါးများ သင်ခန်းသွားအဆုံး (ခေါင်းရိတ်အပြီး) တွင် ရဟန္တာဖြစ်၍ မိန်းမတို့အဖြစ်ကို ရွတ်ဆိုသောဂါထာများ .... .... .... ၃၂

၁၀-ဝသဘတ္ထေရဂါထာ

လိစ္ဆဝီမင်းသား ဝသဘမထေရ်သည် ဝိပဿနာ ပွါးများသဖြင့် မကြာမီ ရဟန္တာဖြစ်လာသောအခါ လူအပေါင်းကို လှည့်စားသော ရဟန်းအကြောင်းနှင့်စပ်၍ သိကြားမင်းအား ပြောကြားသောဂါထာများ .... ၃၂

ပဌမဝဂ်ပြီး၏

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၂-ဒုတိယဝဂ်

**၁-မဟာစုန္ဒတ္ထေရဂါထာ**

သျှင်သာရိပုတြာ၏ ညီငယ် စုန္ဒသည် အရွယ်ရောက်သောအခါ နောင်တော့်ထံတွင် ရှင်ရဟန်းပြု၍ ဝိပဿနာကို အားထုတ်ခြင်းဖြင့် မကြာမီ အဘိညာဉ်ရ အရဟတ္တဖိုလ်ရောက် ပုဂ္ဂိုလ်ဖြစ်၍ မိမိ၏ ရရှိသောတရားပြည့်စုံခြင်း အကြောင်းရင်းကို ရွတ်ဆိုသောဂါထာများ .... .... ၃၃

**၂-ဇောတိဒါသတ္ထေရဂါထာ**

သျှင်မဟာကဿပထံတွင် တရားနာ သဒ္ဓါ၍ ရဟန်းပြုလာသော ဇောတိ ဒါသမထေရ်သည် ဝိပဿနာပွါးများ၍ မကြာမီ ရဟန္တာအဘိညာဉ်ရဖြစ်သောအခါ ပုဏ္ဏားတို့၏ ပဉ္စာတပ အကျင့်ကို နှိပ်နင်း၍ ထိုပုဏ္ဏားတို့အား ရဟန်းပြုစေပြီးနောက် ဘုရားရှင့်ထံ လာရောက်ဖူးမြော်ပြီး မိမိ၏ မွေးဖွားရာသို့ သွားကာ ကံအကျိုးပေးပုံနှင့် စပ်လျဉ်း၍ ရွတ်ဆိုသော ဂါထာများ .... .... .... ၃၃

**၃-ဟေရညကာနိတ္ထေရဂါထာ**

ကောသလမင်း၏ ရွာသူကြီးသား ဟေရညကာနိသည် ဇေတဝန်ကျောင်းတော်ခံယူပွဲတွင် ဘုရားရှင့် တန်ခိုးတော်ကို ကြည်ညိုသဖြင့် ရဟန်းပြု ဝိပဿနာပွါးများ မကြာမီ ရဟန္တာဖြစ်သောအခါ အလုပ်အကိုင်၌သာ မွေ့လျော်သော မိမိညီအား ဆုံးမ ရွတ်ဆိုသောဂါထာများ .... .... ၃၃

**၄-သောမမိတ္တတ္ထေရဂါထာ**

ဗေဒပါရဂူဖြစ်၍ ဝိမလမထေရ်ထံ တရားနာ ရဟန်းပြုပြီးလျှင် သျှင်မဟာကဿပ၏ အဆုံးအမ၌ တည်လျက် ဝိပဿနာပွါးများခြင်းဖြင့် အရဟတ္တဖိုလ်ရောက်သော သောမမိတ္တမထေရ်သည် ပျင်းရိသော ဝိမလမထေရ်ကို ဆုံးမခြိမ်းချောက် ရွတ်ဆိုသောဂါထာများ .... .... ၃၄

**၅-သဗ္ဗမိတ္တတ္ထေရဂါထာ**

သဒ္ဓါသဖြင့် ရဟန်းပြုလာသော သဗ္ဗမိတ္တမထေရ်သည် တောကျောင်းမှ ဘုရားရှင့်ထံသို့ လာရာလမ်းတွင် မုဆိုးတို့ထောင်ထားသော ကျော့ကွင်း၌ မိနေသော သမင်ကလေးအတွက် သမင်မကြီး မခွါနိုင်ပုံနှင့် ယောကျ်ားတဦး မီးရှို့ခံရ၍ မြည်တမ်းပုံတို့ကို တွေ့မြင် ထိတ်လန့်ကာ ဝိပဿနာပွါးများ ရဟန္တာဖြစ်သောအခါ အချင်းချင်း နှိပ်စက်ကြပုံကို ရွတ်ဆိုသော ဂါထာများ .... .... .... .... ၃၄

http://www.dhammadownload.com



စာမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၆-မဟာကာဠတ္ထေရဂါထာ

သုသာန်စုတင်ဆောင် မဟာကာဠမထေရ်သည် ကမ္မဋ္ဌာန်းရှုရန် ထားလာသော သူ့သေကောင်အစိတ်အပိုင်းတို့ကို တွေ့မြင်၍ ကိလေသာ ဥပစိ မဖြစ်စေသင့်ကြောင်း မိမိကိုယ်ကို ဆုံးမရွတ်ဆိုသောဂါထာများ .... ၃၄

၇-တိဿတ္ထေရဂါထာ

ဗေဒပါရဂူဖြစ်၍ လုလင်ငါးရာတို့ကို ပညာသင်ကြားပေးနေရာမှ ဘုရားရှင်နှင့်တွေ့ကာ သဒ္ဓါသဖြင့် ရဟန်းပြုလာသော တိဿမထေရ်သည် တရားအားထုတ်၍ မကြာမီ အရဟတ္တဖိုလ်သို့ရောက်လျှင် လာဘ်ပူဇော်သကာ၏ ရန်သူဖြစ်ပုံကို ရွတ်ဆိုသောဂါထာများ .... .... ၃၅

၈-ကိမိလတ္ထေရဂါထာ

သျှင်အနုရုဒ္ဓါ သျှင်နန္ဒိယတို့နှင့် အတူ ပေါင်းဖော်ဘက်ဖြစ်သော အသျှင်ကိမိလသည် ရဟန္တာဖြစ်သောအခါ ရုပ်ရုံစသည်၌ မွေ့လျော်မှုကို စွန့်၍ တရား၌ မွေ့လျော်ပုံကို ရွတ်ဆိုသောဂါထာများ .... .... ၃၅

၉-နန္ဒတ္ထေရဂါထာ

ဘုရားရှင့် ညီတော် နန္ဒမထေရ်သည် ဇနပဒကလျာဏီအတွက် ရမက်များသော်လည်း ဘုရားရှင်၏ ဥပါယ်တမျဉ်ဖြင့် ဝိပဿနာပွါးများ၍ မကြာမီ ရဟန္တာဖြစ်သောအခါ ဘုရားရှင်ကြောင့် လမ်းမှန်ရောက်ပုံကို ရွတ်ဆိုသောဂါထာများ .... .... ၃၅

၁၀-သိရိမတ္ထေရဂါထာ

မွေးကတည်းက ကြ[illegible]ရေဘိုးပွါးခဲ့သော သိရိမမထေရ်သည် ဘုရားရှင်၏ အာနုဘော်ကို [illegible] ရဟန်းပြုပြီးလျှင် လာဘ်ပူဇော်မှုကို မငဲ့ကွက် ဝိပဿနာကိုသာကြို[illegible]သဖြင့် မကြာမီအဘိညာဉ်ရ ရဟန္တာဖြစ်၏၊ ထိုအခါ ပညာမဲ့သူတို့ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းနှင့် စပ်လျဉ်း၍ ရွတ်ဆိုသောဂါထာများ .... .... ၃၆

ဒုတိယဝဂ် ပြီး၏။

---

၃-တတိယဝဂ်

၁-ဥတ္တရတ္ထေရဂါထာ

ကာဠကာရာမသုတ္တန်ကို ဟောရာ၌ သဒ္ဓါပွါးကာ ရဟန်းပြုလာသော ဥတ္တရမထေရ်သည် ဘုရားရှင်နှင့်အတူ ရာဇဂြိုဟ်မြို့၌နေစဉ် ဝိပဿနာပွါးများအံ့၍ အဘိညာဉ်ရ ရဟန္တာဖြစ်ပြီးနောက် သာဝတ္ထိပြည်အရောက်တွင် ရဟန်းများက မေးသဖြင့် ဖြေကြားသောဂါထာများ .... .... ၃၈

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၂-ဘဒ္ဒဇိတ္ထေရဂါထာ

ကုဋေရှစ်ဆယ်ကြွယ်ဝ ဘဒ္ဒိယသူဌေး၏ တဦးတည်းသောသား ဘဒ္ဒဇိသည် အခြံအရံများနှင့်အတူ ဘုရားရှင့်ထံ တရားနာယူစဉ် အဆင်တန်ဆာ ဝတ်ဆင်ထားလျက်ပင် ရဟန္တာဖြစ်သွား၏၊ အကယ်၍ ရဟန်းမပြုလျှင် အသက်ဆုံးရန် (နိဗ္ဗာန်စံရန်) ဖြစ်သောကြောင့် ရဟန်းပြု မဟာပနာဒ ဇာတ်ကိုဟောကာ ရှေးအဖြစ်ကို ရွတ်ဆိုသောဂါထာများ .... .... ၃၆

၃-သောဘိတတ္ထေရဂါထာ

ဘုရားရှင်တရားကို နာရ၍ ရဟန်းပြုသော သောဘိတမထေရ်သည် ဝိပဿနာ ပွါးများသဖြင့် အဘိညာဉ်ရ ရဟန္တာဖြစ်လျှင် ပုဗ္ဗေနိဝါသဉာဏ် အရာ၌ တေဒဂ်ရ၍ ယင်းဉာဏ်၏ အကြောင်း ပဋိပတ်ကို ဆင်ခြင်၍ ရွတ်ဆိုသောဂါထာများ .... .... ၃၆

၄-ဝလ္လိယတ္ထေရဂါထာ

သျှင်မဟာကစ္စည်းထံတွင် ရဟန်းပြုခဲ့သော ငယ်မည်ကဏှမိတ္တအမည် ရှိခဲ့၍ ပညာနုန့်သူဖြစ်ကာ သူတပါးကိုသာ မှီခိုရသောကြောင့် နွယ်နှင့် တူသူ ဝလ္လိယဟူ၍ ထင်ရှားသော မထေရ်သည် နောင် ဉာဏ်ရင့်လျက် ဝိပဿနာ ပွါးသောအခါ ရဟန္တာဖြစ်လေ၏၊ တရားတောင်းစဉ်က လျှောက်ထားသည့်အတိုင်း ရွတ်ဆိုသောဂါထာများ .... .... ၃၇

၅-ဝီတသောကတ္ထေရဂါထာ

ဝိဋ္ဋာသိပ္ပတို့၌ တတ်မြောက်ပြီးနောက် ဂိရိဒတ္တမထေရ်ထံမှ သုတ် အဘိဓမ္မာတို့ကို နိုင်နင်းသော(အသောကမင်း၏ ညီငယ်)ဝီတသောကမင်း သားသည် မှန်ကြည့်ရင်း တရားရ သံဝေဂဖြစ် တရား နှလုံးသွင်းရာ ချက်ချင်း သောတာပန်တည် ရဟန်းပြု မကြာခင် ရဟန္တာဖြစ်သော အခါ မိမိဖြစ်ရပုံကို ရွတ်ဆိုသောဂါထာများ .... .... ၃၇

၆-ပုဏ္ဏမာသတ္ထေရဂါထာ

မွေးဖွားချိန်၌ အိမ်ရှိ ခွက်ဟူသမျှ ရတနာတို့ဖြင့် ပြည့်သောကြောင့် ပုဏ္ဏမာသအမည်ရသော သူဌေးသားသည် သားတယောက် ရပြီးမှ စွန့်ခွါ ရဟန်းပြု၍ တရားအားထုတ်ရာ အဘိညာဉ်ရ ရဟန္တာဖြစ်ပြီးနောက် ကျန်ရစ်သောသား သေဆုံး၍ မယားဟောင်းက ဖြားယောင်းသော်လည်း လှုမထွက်နိုင်ကြောင်း ရွက်ဆိုဟောကြားသောဂါထာများ .... ၃၈

၇-နန္ဒကတ္ထေရဂါထာ

သောဏကောဠိဝိသ ရဟန်းပြုသည်ကို အားကျ၍ ရဟန်းပြုသော နန္ဒကသည် ကိလေသာအားကြီး၍ တရားအားမထုတ်နိုင်၊ နောက်မှ

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝန်ရှုန်းသော နွားကို ပြုကာ ဆုံးမသော ဘရတမထေရ်၏ စကားအရ ဝိပဿနာကို ပွါးများအည်တွင် မကြာခင် ရဟန္တာဖြစ်၍ အာဇာနည် နွားလားဥသာအဖမာတားသျှတ် ရွတ်ဆိုသောဂါထာများ .... | ၃၈ |
| ၈-အရတထေရဂါထာ | | |
| | နန္ဒကထေရ်၏နောင်တော် ဘရတမထေရ်သည် သောဏကမထေရ်ထံမှ တရားနာ၍ ရဟန်းပြုခဲ့သည့်အတိုင်း တရားအားထုတ်သဖြင့် မကြာခင် အဘိညာဥ်ရ ရဟန္တာဖြစ်၏၊ ထိုအခါ ညီတော်ကို ခေါ်သောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၃၈ |
| ၉-ဘာရဒွါဇထေရဂါထာ | | |
| | ဘာရဒွါဇအိမ်ထောင်ကျ၍ သားတယောက်ရရာ ကဏှဒိန္နအမည်ပေး၊ တက္ကသိုလ်သို့ ပညာသင်လွှတ်သည်တွင် မဟာထေရ်တပါးထံတွင် ရဟန်းပြု မကြာမီ ရဟန္တာ ဖြစ်၏၊ အဖလည်း ဘုရားရှင်ထံ ရဟန်းပြု ရဟန္တာဖြစ် သားရဟန္တာက ဘုရားထံအဖူးလာရာတွင် အဖရဟန္တာကို မြင်၍ ရဟန်းကိစ္စ ပြီးမပြီး မေးရာ အဖရဟန္တာက ပြန်ပြောသောဂါထာများ | ၃၉ |
| ၁၀-ကဏှဒိန္နထေရဂါထာ | | |
| | ဘာရဒွါဇ၏သား ကဏှဒိန္နသည် သျှင်သာရိပုတြာထံ တရားနာ ရဟန်းပြု ဝိပဿနာပွါး ရဟန္တာဖြစ်သောအခါ အရိယမဂ်ခရီးသို့ ဆိုက်ရောက်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... | ၃၉ |


တတိယဝဂ် ပြီး၏။

---

၄-စတုတ္ထဝဂ်


| | | |
|---|---|---|
| ၁-မိဂသိရထေရဂါထာ | | |
| | လူသေ၏ ဦးခေါင်းရိုးကို တီးခေါက်ခြင်းဖြင့် လားရာဘဝကို သိနိုင်သော မန္တရသူ မိဂသိရသည် သာဝတ္ထိပြည် ဘုရားရှင်ထံရောက်လျှင် ပရိနိဗ္ဗာန်ပြုသူ၏ ဦးခေါင်းရိုးကို ခေါက်စေရာတွင် မသိနိုင်၍ ဘုရားရှင်ထံ ရဟန်းပြုကာ ဝိပဿနာပွါးများသဖြင့် ရဟန္တာဖြစ်သောအခါ မဂ်အစဉ်ဖြင့် အရဟတ္တဖိုလ်ရရှိကြောင်း ရွတ်ဆိုသောဂါထာများ .... .... | ၃၉ |
| ၂-သိဝကထေရဂါထာ | | |
| | ဝိဇ္ဇာသိပ္ပပြည့်စုံပြီးမှ ကာမဂုဏ်ကိုစွန့်၍ ပရိဗိုဇ်ရဟန်းပြုကာ လှည့်လည်ရင်း ဘုရားရှင်က ရဟန်းပြုလျက် ဝိပဿနာပွါးများသဖြင့် ရဟန္တာဖြစ်သော သိဝကမထေရ်သည် တဏှာယောကျ်ားလက်သမားကို မြင်ပြီးဖြစ်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... | ၄၀ |

http://www.dhammadownload.com



# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃-ဥပဝါဏတ္ထေရဂါထာ | | |
| | ဇေတဝန်ကျောင်းတော်ခံယူပွဲ၌ ဘုရားရှင့်တန်ခိုးတော်ကို တွေ့မြင်ကြည်ညိုကာ ရဟန်းပြုသော ဥပဝါဏမထေရ်သည် ဝိပဿနာကို ပွါးများ၍ အဘိညာဉ်ရ ရဟန္တာဖြစ်ပြီးသောအခါ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၍ မြတ်စွာဘုရား လေရောဂါဖြစ်ရာ ဒေဝဟိတပုဏ္ဏားအား ရေနွေးလှူရန် ရွတ်ဆိုသောဂါထာများ .... .... | ၄၀ |
| ၄-ဣသိဒိန္နတ္ထေရဂါထာ | | |
| | သုနာပရန္တတိုင်းသား သူဌေးမျိုး ဣသိဒိန္နသည် စန္ဒကူးကျောင်းအလှူပွဲတွင် ဘုရားရှင်၏ တန်ခိုးတော်ကို တွေ့မြင်ကြည်ညို၍ တရားနာသောတာပန်ဖြစ်ပြီး လူ့ဘောင်၌နေရာ နတ်သားတဦးက ၎င်းကို ဂါထာဖြင့် စောဒနာ၏၊ ထိုအခါ ရဟန်းပြုပြီးလျှင် မကြာခင် ရဟန္တာဖြစ်၍ နတ်သားစောဒနာသည့်အတိုင်း တပန် ရွတ်ဆိုသောဂါထာများ .... | ၄၀ |
| ၅-သမ္ဗုလကစ္စာနတ္ထေရဂါထာ | | |
| | ကြောက်မက်ဖွယ် မိုးကြိုးထစ်ချုန်းသည်ကို ဂရုမစိုက် ပမာမထား ကြောက်မက်ဖွယ်ကောင်းသော လိုဏ်ဂူတွင်း၌ တည်ကြည်သော စိတ်ဖြင့် တရားအားထုတ်ကာ အဘိညာဉ်ရ ရဟန္တာဖြစ်ရသော သမ္ဗုလကစ္စာန မထေရ်သည် မိမိ၏ ပဋိပတ်ကို ဆင်ခြင်ကာ ဝမ်းမြောက်ခြင်းဖြင့် ဥဒါန်းကျူးသောဂါထာများ .... .... | ၄၁ |
| ၆-နိတကတ္ထေရဂါထာ | | |
| | ကောသလတိုင်းသား နိတကသည် ဘုရားရှင့်ထံ၌ တရားနာရ၍ သဒ္ဓါပေါက် ရဟန်းအဖြစ်သို့ ရောက်ပြီးလျှင် တောဝင် တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သောအခါ မိမိ၏ မတုန်လှုပ်ကြောင်းကို ဖော်ပြ ရွတ်ဆိုသောဂါထာများ .... .... | ၄၁ |
| ၇-သောဏပေါဋိရိယပုတ္တတ္ထေရဂါထာ | | |
| | ဘဒ္ဒိယမင်းသား ရဟန်းပြုသောအခါ စစ်သူကြီးဖြစ်သော ငါသည် အဘယ့်ကြောင့် ရဟန်းမပြုနိုင်အံ့နည်းဟု အားကျကာ ရဟန်းပြုသော သောဏမထေရ်သည် အိပ်ကျူးခြင်းကြောင့် တရားထူးမရ ဘုရားရှင်၏ ဩဝါဒကို ကြားရမှ အရှုံးမပေးသောစိတ်ဖြင့် ပွါးများမှု အရဟတ္တဖိုလ်သို့ ရောက်သောအခါ မိမိ၏ စိတ်နေစိတ်ထားကို ဖော်ပြ ရွတ်ဆိုသော ဂါထာများ ... .... | ၄၁ |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၈-နိသဘတ္ထေရဂါထာ

သာကီဝင်မင်းတို့၏ စစ်ပွဲတွင် ဘုရားရှင့်အာနုဘော်ကို မြင်၍ ရဟန်းပြုကာ ထိုနေ့မှာပင် အရဟတ္တဖိုလ်ကို ရရှိသော နိသဘမထေရ်သည် ခန္ဓပရိနိဗ္ဗာန်ပြုခြင်းကိုသာ မြော်လင့်ကြောင်း ရွတ်ဆိုသောဂါထာများ .... ၄၂

၉-ဥသဘတ္ထေရဂါထာ

ဘုရားရှင့်အာနုဘော်ကိုမြင်၍ ရဟန်းပြုပြီးနောက် သတိမေ့လျော့ ပေါ့တန်စွာ နေမိ၍ မကောင်းသော အိပ်မက် မက်သည်တွင် သံဝေဂရကာ ဝိပဿနာပွါးများသဖြင့် မကြာမီ ရဟန္တာဖြစ်သော ဥသဘမထေရ်သည် မိမိ၏ အဖြစ်ကို ရွတ်ဆိုသောဂါထာများ .... ၄၂

၁၀-ကပ္ပဋကုရတ္ထေရဂါထာ

မြက်ရောင်းသမားဘဝမှ ရဟန္တာတပါးကို တွေ့မြင်၍ တရားနာယူ သံဝေဂဖြစ်ပွါးကာ ရဟန်းပြုပြီးမှ ၇-ကြိမ်လူထွက် ရဟန်းပြန်ဝတ်နှင့် နောက်ဆုံးတွင် တရားသဘင်၌ အိပ်ငိုက်နေရာ ဘုရားရှင်က ဖိနှိပ်ဆုံးမမှု ဝိပဿနာပွါးသဖြင့် ရဟန္တာဖြစ်သော ကပ္ပဋကုရမထေရ်သည် ဘုရားရှင် ဆုံးမတော်မူတိုင်း ရွတ်ဆိုသောဂါထာများ .... .... ၄၂

စတုတ္ထဝဂ် ပြီး၏။

---

## ၅-ပဉ္စမဝဂ်

၁-ကုမာရကဿပတ္ထေရဂါထာ

ဘိက္ခုနီမ၏သား ကုမာရကဿပသည် ရဟန်းပြုသည်မှစ၍ ဝိပဿနာ ပွါး စာပေသင်ကြားပြီးနောက် မဟာဗြဟ္မာ၏ ပြဿနာတို့ကိုယူကာ ဘုရားရှင့်ထံ လျှောက်ထား၍ အဖြေကိုမှတ်သားကာ တရားအားထုတ် သဖြင့် ရဟန္တာဖြစ်သောအခါ ဘုရားရှင်၏ အံ့ဘွယ်ရှိပုံကို ရွတ်ဆိုသော ဂါထာများ .... .... ၄၃

၂-ဓမ္မပါလတ္ထေရဂါထာ

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် အဝန္တိတိုင်း၌ ဖွားမြင်လာသော ဓမ္မ ပါလသည် တက္ကသိုလ်ပြည်မှအပြန် မထေရ်တပါးကို တွေ့မြင် တရားနာ သဖြင့် ရဟန်းပြုကာ ဝိပဿနာပွါး၍ အဘိညာဉ်ရ ရဟန္တာဖြစ်သော အခါ တနေ့တွင် သာမဏေနှစ်ပါး ပန်းခူးရင်း လိမ့်ကျ၍ တန်ခိုးဖြင့် ခံယူ ပြီးနောက် ၎င်းတို့အား ဆုံးမ ရွတ်ဆိုသောဂါထာများ .... .... ၄၃

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**၃-မြဟ္မာလိတ္ထေရဂါထာ**

ကောသလတိုင်းသား ဗြဟ္မာလိသည် လိမ်မာသောအရွယ်သို့ ရောက်လျှင် သံဝေဂဉာဏ်ဖြင့် ရဟန်းပြုကာ ကမ္မဋ္ဌာန်းယူလျက် တောရဆောက်တည်၍ ဝိပဿနာပွါးသည်တွင် ရဟန္တာဖြစ် အဘိညာဉ်ရလျှင် ဣန္ဒြေစောင့်ထိန်းပုံကို ရွတ်ဆိုသောဂါထာများ .... .... ၄၃

**၄-ခမောဃရာဇတ္ထေရဂါထာ**

ဗာဝရီပုဏ္ဏားဏ်တပည့် ရသေ့ဖြစ်၍ အခြားရသေ့များနှင့်အတူ ဘုရားရှင့်ထံ ရောက်လာကာ ပြဿနာကို လျှောက်ထား ဖြေကြားတော်မူချက်ဆုံးသောအခါ အရဟတ္တဖိုလ်ရရှိသော မောဃရာဇမထေရ်သည် အကုသိုလ်ကံကြောင့် ယားနာဖြစ်၍ ကျောင်း၌မနေ လယ်ထဲ၌နေရာ မြတ်စွာဘုရားကမေး၍ ၎င်းကဖြေသောဂါထာများ .... .... ၄၄

**၅-ဝိသာခပဉ္စာလပုတ္တတ္ထေရဂါထာ**

ပဉ္စာလမင်းသမီး၏သား ဝိသာခသည် မိမိရွာအနီးသို့ ဘုရားရှင်ကြွအလာတွင် တရားနာရ၍ ရဟန်းပြုကာ ဘုရားရှင်နှင့်အတူ သာဝတ္ထိပြည်ရောက်သောအခါ ဝိပဿနာပွါးသဖြင့် မကြာမီ အဘိညာဉ်ရ ရဟန္တာဖြစ်၍ မိမိအရပ်သို့ ပြန်လာရာ၌ ဓမ္မကထိကအင်္ဂါကို မေးလျှောက်သဖြင့် ဖြေကြား ရွတ်ဆိုသောဂါထာများ .... .... ၄၄

**၆-စူဠကတ္ထေရဂါထာ**

ဓနပါလဆင်ကို ဆုံးမပွဲ၌ ဘုရားရှင့်အပေါ် ၌ ကြည်ညို၍ ရဟန်းပြုကာ ဣန္ဒသာလဂူ၌နေစဉ် မိုးဥတုအကျ ဥဒေါင်းတို့တွန်ကျူးခြင်း ဥတုသပ္ပါယမျှခြင်းကို အကြောင်းပြု၍ ဝိပဿနာပွါးများသဖြင့် ရဟန္တာဖြစ်သော စူဠကမထေရ်သည် အကျင့်ကောင်းဖြင့် နိဗ္ဗာန်ရောက်နိုင်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၄၄

**၇-အနုပမတ္ထေရဂါထာ**

အဆင်းလှသဖြင့် အနုပမအမည်ရသော သူကြွယ်သားသည် ကာမဂုဏ်ကို စွန့်ကာ သာသနာ၌ ရဟန်းပြု တောရဆောက်တည်သော်လည်း စိတ်ကိုမနိုင်ပဲရှိနေရာ ဒုလ္လဘတရားဖြင့် စိတ်ကို ဆုံးမ၍ ဝိပဿနာပွါးများမှ အရဟတ္တဖိုလ်သို့ရောက်သဖြင့် စိတ်အကြောင်းကို ရွတ်ဆိုသောဂါထာများ .... .... ၄၅

**၈-ဝဇ္ဇိတတ္ထေရဂါထာ**

မိန်းမအတွေ့ကိုမခံနိုင်၍ စွန့်ပစ်ကာ ရဟန်းပြုလာသော ဝဇ္ဇိတမထေရ်သည် ဝိပဿနာပွါးများသဖြင့် နေ့ချင်းရဟန္တာဖြစ်သောအခါ မိမိကိုယ်တိုင် နောင်တပန်ဖြစ်ဘို့မရှိတော့ကြောင်း ရွတ်ဆိုသောဂါထာများ ....

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

**၉-သန္ဓိတတ္ထေရဂါထာ**

သူကြွယ်သား သန္ဓိတသည် အနိစ္စနှင့်စပ်သော ဒေသနာကိုကြားနာရ၍ ရဟန်းပြုကာ ဝိပဿနာပွါးများသဖြင့် အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ ရှေးဘဝက ဘုရား၌အမှတ်ရပုံကို ရွတ်ဆိုသောဂါထာများ .... ၄၅

ပဉ္စမဝဂ် ပြီး၏။

ဒုကနိပါတ်မာတိကာ ပြီး၏။

---

## ၃-တိကနိပါတ်မာတိကာ

**၁-အင်္ဂဏိကဘာရဒွါဇတ္ထေရဂါထာ**

ဝိဇ္ဇာသိပ္ပတို့၌ တတ်မြောက်ပြီးသော အင်္ဂဏိကဘာရဒွါဇသည် ပရိဗိုဇ်ရဟန်းအဖြစ်မှ ဘုရားရှင်ကိုကြည်ညို၍ ရဟန်းပြုပြီးလျှင် ဝိပဿနာပွါးများသဖြင့် မကြာခင် ရဟန္တာဖြစ်သောအခါ ယခုမှ ဗြာဟ္မဏအစစ်ဖြစ်ရကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၄၇

**၂-ပစ္စယတ္ထေရဂါထာ**

ပစ္စယမည်သော မင်းသားသည် ဘုရားရှင့်တရားကိုနာရ၍ ရဟန်းပြုကာ ရှေးကဿပဘုရားလက်ထက်ကကဲ့သို့ ဝိပဿနာပွါးများသဖြင့် ထိုခဏချင်း ညဏ်ရင့်ကျက်သည့်အလျောက် အရဟတ္တဖိုလ်သို့ ရောက်၍ လွန်ကဲသော လုံ့လအကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၄၇

**၃-ဗာကုလတ္ထေရဂါထာ**

သူဌေးနှစ်ဦး၏ အမွေခံ နှစ်ပေါင်း ရှစ်ဆယ်မျှ လူ့ဘဝ၌နေခဲ့သော ဗာကုလသည် ဘုရားရှင့်ထံရဟန်းပြု၍ တရားအားထုတ်ရာ ရှစ်ရက်မြောက်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ အနာကင်းရာ၌ တောဒဂ်ရပြီးနောက် ပရိနိဗ္ဗာန်ပြုခါနီးတွင် သံဃာ့အလယ်၌ အဆုံးအမပေးကာ ရွတ်ဆိုသောဂါထာများ .... .... ၄၇

**၄-ဓနိယတ္ထေရဂါထာ**

အိုးထိန်းသည်သား ဓနိယသည် ပုက္ကုသာတိမင်း ပရိနိဗ္ဗာန်ပြုကြောင်း ကြားရလျှင် သဒ္ဓါတရားဖြစ်ကာ ရဟန်းပြုပြီးနောက် ကျောင်းအတွက် ဘုရားရှင်ကဲ့ရဲ့တော်မူသည်တွင် သံဃိကကျောင်း၌နေလျက် ဝိပဿနာပွါးများသဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ တရားတခုကိုသာ ပွါးများသင့်ကြောင်း ရွတ်ဆိုသောဂါထာများ .... .... ၄၈

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


**၅-မာတင်္ဂပုတ္တတ္ထေရဂါထာ**

မာတင်္ဂသူကြွယ်၏သား မာတင်္ဂပုတ္တသည် ပျင်းရိလှသဖြင့် ချမ်းသာလို၍ ဘုရားရှင့်ထံ ရဟန်းပြုကာ ကမ္မဋ္ဌာန်းယူ၍ ဘာဝနာကို အားထုတ်သောအခါ အဘိညာဉ်ရ ရဟန္တာဖြစ်လျှင် ပျင်းရိခြင်းကိုကဲ့ရဲ့ လုံ့လရှိခြင်းကို ချီးကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၄၈

**၆-ခုဇ္ဇသောဘိတတ္ထေရဂါထာ**

ခါးအနည်းငယ်ကုန်းသော ခုဇ္ဇသောဘိတသည် အရွယ်ရောက်သောအခါ သျှင်အာနန္ဒာထံတွင် ရဟန်းပြု၍ အားထုတ်သဖြင့် အဘိညာဉ်ရ ရဟန္တာဖြစ်လျှင် စရည်းပင်စောင့်နတ်လျှောက်သည့်အတိုင်း ရွတ်ဆိုသောဂါထာများ .... .... ၄၉

**၇-ဝါရဏတ္ထေရဂါထာ**

တောကျောင်းမထေရ်တပါးထံ၌ တရားနာ၍ သဒ္ဓါဖြစ်ကာ ရဟန်းပြုလာသော ဝါရဏမထေရ်သည် ဘုရားရှင့်ထံသို့လာရာလမ်းတွင် မြွေနှင့် မြွေပါတို့ အချင်းချင်း ကိုက်သတ်ကြသည်ကိုမြင်ကာ သံဝေဂဖြစ်နေစဉ် ဘုရားရှင်၏ဩဝါဒကို ကြားရပြန်သဖြင့် ဝိပဿနာပွါးများ ရဟန္တာ ဖြစ်သောအခါ ရွတ်ဆိုသောဂါထာများ .... .... ၄၉

**၈-ဝဿိကတ္ထေရဂါထာ**

ဘုရားရှင်၏ ယမိုက်ပြာဋိဟာကိုမြင်၍ သဒ္ဓါဖြစ်ကာ ရဟန်းပြုလာသော ဝဿိကမထေရ်သည် ရောဂါဖြစ်နေရာ ဆေးဆရာကုစားသဖြင့် ရောဂါမှအထတွင် သံဝေဂဖြစ် ဝိပဿနာကိုပွါး၍ အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ ဆွေမျိုးတို့အား မိမိကျေးဇူးပြုပုံကို ရွတ်ဆိုသောဂါထာများ .... .... ၄၉

**၉-ယသောဇတ္ထေရဂါထာ**

တံငါသည့်သား ယသောဇသည် တံငါသည်တို့နှင့်အတူ အစိရဝတီမြစ်၌ ကွန်ပစ်ရာ ရွှေအဆင်းရှိသော ငါးကြီးကိုရလျှင် ကောသလမင်းထံပို့ ထိုမှတဆင့် ဘုရားရှင့်ထံရောက်လျှင် ကပိလရဟန်းဖြစ်ခဲ့သော ရွှေငါးကြီးအကြောင်းကိုကြားရသဖြင့် ရဟန်းပြုကာ ဝိပဿနာပွါး၍ အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ ရွတ်ဆိုသောဂါထာများ .... .... ၅၀

**၁၀-သာဋိမတ္တိယတ္ထေရဂါထာ**

တောကျောင်း ရဟန်းတို့သံဝေဂ် ရဟန်းပြုကာ ဝိပဿနာပွါးသဖြင့် အဘိညာဉ်ရ ရဟန္တာဖြစ်သော သာဋိမတ္တိယမထေရ်သည် မာန်နတ် လှည့်စားခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းရွတ်ဆိုသောဂါထာများ .... ....

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၁၁-ဥပါလိတ္ထေရဂါထာ

ဝိနည်း ဓောဒဂ်ရ ဥပါလိမထေရ်သည် ဘုရားရှင့်စကားတော်ကို ခံယူ၍ ဝိပဿနာပွါးများလျှင် မကြာမီ ရဟန္တာဖြစ်သောအခါ ဥပသမ္ပဒ္ဓာရ ဝယ် ဩဝါဒပေးသော အနေဖြင့် ရဟန်းကောင်းဖြစ်သူတိုင်း ပစ္စည်း လေးပါးတို့၌ တောင့်တမှုကင်းသင့်ကြောင်း ရွတ်ဆိုသောဂါထာများ .... ၅၁

၁၂-ဥတ္တရပါလတ္ထေရဂါထာ

ဘုရားရှင်၏ ယမိုက်ပြာဋိဟာကိုမြင်၍ သဒ္ဓါတရားဖြင့် ရဟန်းပြုသော ဥတ္တရပါလမထေရ်သည် နှလုံးသွင်း ချွတ်ချော်၍ ကာမရာဂ ဖြစ်သည်ကို နှိပ်ကွပ်ဆုံးမကာ သံဝေဂဖြစ်ပွါး ဝိပဿနာအားထုတ်၍ အရဟတ္တဖိုလ် သို့ရောက်သည်တွင် မိမိ၏ ပဋိပတ်ကို ဆင်ခြင်၍ ရဲရင့်စွာ ရွတ်ဆိုသော ဂါထာများ .... .... ၅၁

၁၃-အဘိဘူတတ္ထေရဂါထာ

ဝေဠုပုရပြည့်ရှင် ဘုရင်အဘိဘူတသည် မိမိပြည်သို့ကြွရောက်လာသော ဘုရားရှင်ကိုဖူးမြင်ကာ တရားနာယူ အလှူကြီးပေးပြီးလျှင် အနုမောဒနာ တရားအကျယ်ကိုနာရသဖြင့် ရဟန်းပြု၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော အခါ မိမိ၏ရဟန်းဖြစ်ပုံကို ထင်ရှား ဖော်ပြ ရွတ်ဆိုသောဂါထာများ .... ၅၁

၁၄-ဂေါတမတ္ထေရဂါထာ

သာကီဝင်မင်းသား ဂေါတမသည် ဆွေတော် မျိုးတော်တို့ အစည်း အဝေးတွင် ရဟန်းပြုကာ ဝိပဿနာပွါးများသဖြင့် အဘိညာဉ်ရ ရဟန္တာဖြစ်သောအခါ နိဗ္ဗာန်ချမ်းသာကိုရရှိပြီဖြစ်ကြောင်း ရွတ်ဆိုသော ဂါထာများ .... .... ၅၂

၁၅-ဟာရိတတ္ထေရဂါထာ

ဇာတိမာနဖြင့် သူတပါးကို လူယုတ်များဟူ၍ ခေါ် လေ့ရှိသော ဟာရိတ သည် ရဟန်းတို့ထံတွင် တရားနာရ၍ ရဟန်းပြုသော်လည်း လူယုတ် ခေါ် ဆိုခြင်းဝါဒ မပျောက်၊ ဘုရားရှင့်ထံရောက်မှ ပေါ့သောတရားကို နာရ၍ ဝိပဿနာပွါးများကာ အရဟတ္တဖိုလ်ရောက်သည်တွင် ယခင်က ပြုသင့် သော ကိစ္စကို နောက်မှ ပြုမိခြင်းအပြစ်ကိုပြကာ ရွတ်ဆိုသောဂါထာများ.... ၅၂

၁၆-ဝိမလတ္ထေရဂါထာ

သောမမိတ္တမထေရ်ကိုအမှီပြု၍ ရဟန်းပြုသော ဝိမလမထေရ်သည် ဆရာ၏တိုက်တွန်းချက်အရ ဝိပဿနာကိုဖြစ်စေရာ မကြာခင် ရဟန္တာ ဖြစ်၍ မိမိ၏ ဆွေတော် ရဟန်းအား ဆုံးမသော်အားဖြင့် ရွတ်ဆိုသော ဂါထာများ .... .... ၅၂


တိကနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၄-စတုက္ကနိပါတ်


**၁-နာဂသမာလတ္ထေရဂါထာ**

သာကီဝင်မင်းသား နာဂသမာလသည် ဘုရားရှင့်ထံ ရဟန်းပြုပြီး တခါတရံ ဘုရားရှင်၏ အလုပ်အကျွေးဖြစ်ကာ တနေ့တွင် ဆွမ်းခံသွားစဉ် လမ်းမ၌ ကပွဲကို မြင်ရ၍ စိတ္တဇလေကြောင့် လှုပ်ရှားနေကြသည်ဟု အမှန်ကိုမြင်ပြီး တရားကို ဆင်ခြင်သည်တွင် အရဟတ္တဖိုလ်သို့ရောက်လေရာ မိမိ၏ ပဋိပတ်ကို ပြောကြားသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... [illegible]

**ဘဂုတ္ထေရဂါထာ**

အနုရုဒ္ဓါ ကိမိလတို့နှင့်အတူ ရဟန်းပြုလာသော သာကီဝင်မင်းသား ဘဂုသည် တနေ့တွင် ထိနမိဒ္ဓနှိပ်စက်သဖြင့် စကြံ့တွင် လဲကျရာမှ စိတ်ကို ဆွဲဆောင်၍ ဝိပဿနာပွါးများသည်တွင် ရဟန္တာဖြစ်လေလျှင် အပ္ပမာဒဖြင့် နေခြင်းကို ပြောကြား ရွတ်ဆိုသောဂါထာများ .... .... ၅၄

**၃-သဘိယတ္ထေရဂါထာ**

ဝါဒပေါင်းများစွာ တတ်မြောက်၍ အရပ်တကာသို့ လှည့်လည်နေသော သဘိယပရိဗိုဇ်သည် ရာဇဂြိုဟ်ပြည် ဘုရားရှင့်ထံရောက်သောအခါ ပြဿနာမေးလျှောက်လျှင် ဖြေကြားတော်မူသည်ကို ကြည်ညို၍ ရဟန်းပြုကာ ဝိပဿနာပွါးများသည်တွင် အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုနောက် ဒေဝဒတ်အသင်းသား ရဟန်းများအား ဆုံးမသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... [illegible]

**၄-နန္ဒကတ္ထေရဂါထာ**

သာဝတ္ထိပြည်သား နန္ဒကသည် ဘုရားရှင့်ထံ ရဟန်းပြု၍ ဝိပဿနာပွါးများရာတွင် ရဟန္တာဖြစ်ပြီးနောက် ဘိက္ခုနောဝါဒကတေဒဂ်ရလျက် သာဝတ္ထိပြည်၌ ဆွမ်းခံစဉ် မယားဟောင်းက ပြုံးရယ်ပြရာ၌ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ဖြစ်ပုံကို ရွတ်ဆိုသောဂါထာများ .... .... ၅၅

**၅-ဇမ္ဗုကတ္ထေရဂါထာ**

ဘဝဝဋ်ဟောင်းကြောင့် မစင်ကိုစား၍ ကျင်ငယ်ရေကို သောက်နေမှုသော ဇမ္ဗုကသည် အရဟတ္တဖိုလ်ရနိုင်သော အခြေခံရှိသည့်အတွက် ဘုရားရှင့်ကိုယ်တိုင် ကြွလာ၍ တရားဟောသည်တွင် သောတာပန်တည်ပြီးနောက် ဝိပဿနာကို ပွါးများသောအခါ ရဟန္တာဖြစ်၍ မိမိအဖြစ်ကို ပြောကြား ရွတ်ဆိုသောဂါထာများ ၅[illegible]

http://www.dhammadownload.com



| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**၆-သေနကတ္ထေရဂါထာ**

ဥရုဝေလကဿပ၏တူ သေနကသည် တပေါင်းလနက္ခတ်ပွဲတွင် ဂယာဆိပ်၌ ဘိသိက်သွန်းလောင်းနေရာ ထိုအနီးတွင် သီတင်းသုံးလျက်ရှိသော မြတ်စွာဘုရားထံရောက်ကာ တရားတော်ကို နာရ၍ ရဟန်းပြု ဝိပဿနာပွါးများလျှင် မကြာခင် ရဟန္တာဖြစ်၍ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသောဂါထာများ .... .... ၅၆

**၇-သမ္ဘူတတ္ထေရဂါထာ**

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အသျှင်အာနန္ဒာထံတွင် တရားနာကာ ရဟန်းပြုသော သမ္ဘူတမထေရ်သည် ဝိပဿနာကို ပွါးများသဖြင့် ရဟန္တာဖြစ်လေရာ ဓမ္မသံဝေဂဖြစ်၍ ရွတ်ဆိုသောဂါထာများ .... .... ၅၇

**၈-ရာဟုလတ္ထေရဂါထာ**

သားတော်ရာဟုလာသည် ဘုရားရှင့်ထံတွင် ရဟန်းဖြစ်ကာ သုတ်ပေါင်းများစွာကို နာယူရသည့်အတိုင်း ဉာဏ်ရင့်လျက် ဝိပဿနာကို ပွါးများသည်တွင် အရဟတ္တဖိုလ်သို့ ရောက်သောအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်၍ ရွတ်ဆိုသောဂါထာများ .... .... ၅၇

**၉-စန္ဒနတ္ထေရဂါထာ**

ဘုရားရှင့်ထံတွင် ရဟန်းပြုသောအခါ သားတယောက်ရပြီးဖြစ်သော်လည်း သံယောဇဉ်ကို ဖြတ်တောက်လျက် ဥသာတာပန်အဖြစ်မှ ဆက်လက်ကြိုးစား၍ ရဟန္တာဖြစ်လာသော စန္ဒနမထေရ်သည် အဖော်ရဟန်းတို့က သစ္စာလေးပါး ထိုးထွင်းသိပုံကို မေးမြန်းသည့်အတိုင်း ဖြေကြား ရွတ်ဆိုသောဂါထာများ .... .... ၅၈

**၁၀-ဓမ္မိကတ္ထေရဂါထာ**

ဇေတဝန်ကျောင်းတော်ခံယူပွဲတွင် ကြည်ညို၍ ရဟန်းပြုသော ဓမ္မိကမထေရ်သည် ရုက္ခဓမ္မဇာတ်ကို နာကြားပြီးနောက် မြတ်စွာဘုရား၏ ဩဝါဒဒေသနာကို အစဉ်လျှောက်၍ တထိုင်ချင်းပင် အရဟတ္တဖိုလ်ရောက်သောအခါ မြတ်စွာဘုရားဟောကြားသည့်အတိုင်း ပြန်လည်ရွတ်ဆိုသောဂါထာများ .... .... ၅၈

**၁၁-သပ္ပကတ္ထေရဂါထာ**

သဒ္ဓါတရားအလျောက် ဘုရားရှင့်ထံတွင် ရဟန်းပြုလာသော သပ္ပကမထေရ်သည် ဘုရားရှင့်ထံမှ ကမ္မဋ္ဌာန်းယူ၍ အဇကရဏီယမြစ်ကမ်း သေလာဂိရိကျောင်း၌ နေထိုင်ရင်း တရားအားထုတ်၍ ရဟန္တာဖြစ်လာသောအခါ ဆွေမျိုးတို့အား မိမိနေရာကို ညွှန်ကြားသောအားဖြင့် ရွတ်ဆိုသောဂါထာများ

အပိုဒ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၂-မုဒိတတ္ထေရဂါထာ

မင်းဘေးကို ကြောက်၍ ပြေးလာပြီးလျှင် ရဟန္တာတပါးထံတွင် နေရင်း ရဟန်းပြုကာ ကမ္မဋ္ဌာန်းအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရသော မုဒိတမထေရ်သည် ရဟန်းအဖော်တို့က မေးမြန်း၍ မိမိ၏ ပဋိပတ်အခြင်းအရာကို ပြောကြားရွတ်ဆိုသောဂါထာများ .... .... ၅၉

စတုက္ကနိပါတ်မာတိကာ ပြီး၏။

---

## ၅-ပဉ္စကနိပါတ်

၁-ရာဇဒတ္တတ္ထေရဂါထာ

ပြည့်တန်ဆာမနှင့် ပျော်ပါးသဖြင့် ဆင်းရဲနွမ်းပါးပြီးနောက် ဘုရားရှင့်ထံရောက်ကာ တရားတော်ကို နာယူ၍ ရဟန်းပြုပြီးလျှင် သုသာန်ဓုတင်ဆောက်တည်နေရာ သုသာန်သို့ပစ်လာသော ပြည့်တန်ဆာမရုပ်အလောင်း၌ အသုဘရှုလျက် အရဟတ္တဖိုလ်ရရှိသော ရာဇဒတ္တမထေရ်သည် မိမိ၏ ပဋိပတ်ကို ဆင်ခြင်၍ ဝမ်းမြောက်စွာ ရွတ်ဆိုသောဂါထာများ .... .... ၆၁

၂-သုဘူတတ္ထေရဂါထာ

သူကြွယ်သား သုဘူတသည် အရွယ်ရောက်လျှင် လူ့အဖြစ်ကို ပယ်ခွါ တိတ္ထိတို့ သာသနာ၌ ရဟန်းပြုပြီးမှ အနှစ်သာရမရှိကြောင်းသိ၍ သျှင်သာရိပုတြာ သျှင်မောဂ္ဂလ္လာန်စသည်တို့ ရဟန်းပြုပုံကို မြင်ကာ သဒ္ဓါဖြင့် ရဟန်းပြုပြီးလျှင် ဆိတ်ငြိမ်ရာ၌ ဝိပဿနာပွါးများ၍ ရဟန္တာဖြစ်သောအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ရွတ်ဆိုသောဂါထာများ .... ၆၁

၃-ဂိရိမာနန္ဒတ္ထေရဂါထာ

ဗိမ္ဗိသာရမင်း၏ ပုရောဟိတ်သား ဂိရိမာနန္ဒသည် ဘုရားရှင့်တန်ခိုးတော်ကိုမြင်၍ ကြည်ညိုသမှု ရဟန်းပြုပြီးလျှင် ဘုရားရှင်ကို ဖူးမြင်ရန် ရာဇဂြိုဟ်ပြည်သို့ရောက်လာ ဗိမ္ဗိသာရမင်းကြီးက ပစ္စည်းလေးပါးဖြင့် ဘိတ်ကြားသည်ကို ကိစ္စများ၍ မေ့လျော့လျက် အဗ္ဘောကာသိက လွင်ပြင်၌ နေထိုင်စဉ် ဗိမ္ဗိသာရမင်းက ကျောင်းဆောက်လှူမှ အာဝါသ လျောက်ပတ်သဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ဝမ်းမြောက်ဝမ်းသာ ရွတ်ဆိုသောဂါထာများ .... ....

၄-သုမနတ္ထေရဂါထာ

သူကြွယ်သား သုမနသည် အရွယ်ရောက်သောအခါ ဦးရီးဖြစ်သူ ရဟန္တာက ရဟန်းပြုစေကာ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပေး၍

http://www.dhammadownload.com



အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

အားထုတ်သည်တွင် ဈာန်လေးပါးနှင့် အဘိညာဉ်ငါးပါးကို ရပြီးနောက် ဝိပဿနာသို့တက်၍ အားထုတ်စေသဖြင့် အရဟတ္တဖိုလ်သို့ရောက်ရာ တနေ့သ၌ ဦးရိုးရဟန္တာထံအရောက် ရရှိသောမဂ်ဖိုလ်ကို မေး၍ ဖြေကြားလျှောက်ထားသောဂါထာများ .... .... ၆၂

၅-ဝစ္ဆတ္ထေရဂါထာ

သူကြွယ်သား ဝစ္ဆသည် အမိဖြစ်သူက ရှေးဦး ဘိက္ခုနီမပြု ရဟန္တာဖြစ်ပြီးမှ သားဖြစ်သူကိုလည်း ရဟန်းပြုစေရာ ဗဟုသုတ မေ့ကထိကဖြစ်လျှင် မယ်တော်ကို တွေ့မြင်ရန် သင်းပိုင်ကိုယ်ရုံမျှဖြင့် သွားသည်ကို မယ်တော်က စောဒနာသဖြင့် သံဝေဂရရှိကာ ဝိပဿနာကို ပွါးများ၍ ရဟန္တာဖြစ်သည်တွင် မယ်တော်၏ ဩဝါဒပြည့်စုံခြင်းကို အရင်းပြုကာ ရွတ်ဆိုသောဂါထာများ .... .... ၆၃

၆-နဒီကဿပတ္ထေရဂါထာ

နေရဉ္ဇရာမြစ်ကမ်းအနီးတွင် သင်ခမ်းဆောက်လုပ်နေထိုင်သော နဒီကဿပသည် ဘုရားရှင်ကြွလာ၍ ပရိသတ်နှင့်တကွ ဧဟိဘိက္ခုရဟန်းဖြစ်ပြီးနောက် အာဒိတ္တပရိယာယသုတ်ကို နာကြားရသည်တွင် ရဟန္တာဖြစ်လေ၏၊ နောက်အခါ မိမိ၏ပဋိပတ်ကိုဆင်ခြင်လျက် အယူမှားကိုပယ်ခဲ့ပြီးကြောင်း ပြောကြားရွတ်ဆိုသောဂါထာများ .... .... ၆၄

၇-ဂယာကဿပတ္ထေရဂါထာ

ဂယာအရပ်၌နေသော ဂယာကဿပသည် ဘုရားရှင်ကြွလာ၍ ပရိသတ်နှင့်တကွ ဧဟိဘိက္ခုဖြစ်ပြီးနောက် အာဒိတ္တပရိယာယသုတ်ကို နာကြားသည်တွင် ရဟန္တာဖြစ်၍ မိမိ၏ပဋိပတ်ကို ဆင်ခြင်ကာ မကောင်းမှု မျှောပစ်ခြင်းကို ပြောကြားသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၆၄

၈-ဝက္ကလိတ္ထေရဂါထာ

ပုဏ္ဏားမျိုးဝက္ကလိသည် အရွယ်ရောက်၍ ဘုရားရှင်ကို ဖူးမြင်ရသည်တွင် အမြဲဖူးမြင်ရအောင် ရဟန်းပြုကာ ဘုရားရှင်ကို အမြဲကြည့်ရှုနေလေရာ ဘုရားရှင်က တရားကိုမြင်မှ ငါဘုရားကိုမြင်နိုင်ကြောင်း ဟောပြမှ သဘောကျလျက် ဝိပဿနာကို အဆင့်ဆင့်ကြိုးစား၍ ရဟန္တာဖြစ်သောအခါ ရွတ်ဆိုသောဂါထာများ .... .... ၆၅

၉-ဝိဇိတသေနတ္ထေရဂါထာ

ဆင်ဆရာ့သား ဝိဇိတသေနသည် ဦးရိုးတော်နှစ်ယောက် ရဟန်းပြုသကဲ့သို့ ဘုရားရှင်ကို ကြည်ညိုလျက် ဦးရိုးတော်တို့ထံတွင် ရဟန်းပြုကာ ဆုံးမတော်မူသည့် အတိုင်း ဝိပဿနာ ပွါးများ၍ အရဟတ္တဖိုလ်သို့

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရောက်သောအခါ စိတ်ယုတ်ကို ဖိနှိပ်ထားပုံ အခြင်းအရာဖြင့် ရွတ်ဆိုသော ဂါထာများ .... .... | ၆၅ |
| ၁၀-ယသဒတ္တတ္ထေရဂါထာ | မလ္လမင်းသား ယသဒတ္တသည် သဘိယပရိဗိုဇ်နှင့်အတူ ခရီးလှည့်လည်ရင်း ဘုရားရှင်ထံသို့ ရောက်လျှင် သဘိယပရိဗိုဇ်က မေးလျှောက်ပြစ်တင်မည်ဟူသော စိတ်အကြံကို ဘုရားရှင်သိတော်မူသဖြင့် သဘိယသုတ္တန်ကို ဟောပြဆုံးမတော်မူသည်တွင် သံဝေဂရရှိလျက် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ရောက်သောအခါ ပညာမဲ့သူတို့ သူတော်ကောင်းတရားမှ ဝေးပုံကို ရွတ်ဆိုသောဂါထာများ .... .... | ၆၆ |
| ၁၁-သောဏကုဋိကဏ္ဏတ္ထေရဂါထာ | တကုဋေတန် နားဒောင်းကိုဝတ်ဆင်သဖြင့် ကုဋိကဏ္ဏသောဏမည်သော သူဌေးသားသည် ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဂန္ဓကုဋိတခုအတွင်း ဘုရားရှင်နှင့်အတူ နေခွင့်ရရှိလျက် ဘုရားရှင်တိုက်တွန်းချက်အရ အဋ္ဌကဝဂ် ၁၆-သုတ်ကို ရွတ်ဆိုပြခြင်းဖြင့် သာဓုခေါ်တော်မူကာ ဥဒါန်းဂါထာအဆုံးတွင် ရဟန္တာဖြစ်လေ၏၊ နောက်အခါ မိမိပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးရင့်သောဂါထာများ ..... .... | ၆၇ |
| ၁၂-ကောသိယတ္ထေရဂါထာ | ပုဏ္ဏားမျိုး ကောသိယသည် သျှင်သာရိပုတြာထံ မပြတ်ဆည်းကပ်လျက် တရားနာ၍ ရဟန်းပြုကာ ကမ္မဋ္ဌာန်းအားထုတ်သည်တွင် မကြာမီ ရဟန္တာဖြစ်လေလျှင် မိမိ၏ပဋိပတ်ကို ဆင်ခြင်၍ သူတော်ကောင်းကိုမှီဝဲခြင်း၏အကျိုးကို ချီးမွမ်းသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... | ၆၇ |


ပဉ္စကနိပါတ်မာတိကာ ပြီး၏။

## ၆-ဆက္ကနိပါတ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁-ဥရုဝေလကဿပတ္ထေရဂါထာ | ဥရုဝေလကဿပသည် ဥရုဝေလတောဌ် တပည့်ရသေ့ငါးရာနှင့်နေစဉ် ဘုရားရှင်ကြွလာဆုံးမ၍ တပည့်များနှင့်အတူ ဧဟိဘိက္ခုရဟန်းဖြစ်လျက် အာဒိတ္တပရိယာယသုတ်ကို နာကြားပြီးလျှင် အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် မိမိပဋိပတ်ကို ဆင်ခြင်၍ ရဲရင့်စွာ ရွတ်ဆိုသောဂါထာများ .... | ၆၉ |
| ၂-တေကိစ္ဆကာရိတ္ထေရဂါထာ | အဖ ဖြစ်သူကို စန္ဒဂုတ်မင်းက အချုပ်ထောင် ချထားရာတွင် တိမ်းရှောင်ကာ သာဏဝါသီမထေရ်ထံတွင် ရဟန်းပြုသော ပုဏ္ဏားသား | |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

တေကိစ္ဆကာရိသည် ကမ္မဋ္ဌာန်းအားထုတ်နေစဉ် မာရ်နတ်လာရောက် ဖျက်ဆီးသော်လည်း ဂုဏ်တော်ကိုဆင်ခြင် ဝိပဿနာတင်၍ အားထုတ်သဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသောအခါ မာရ်နတ်နှင့် အပြန်အလှန် ပြောဆိုပုံ ဖော်ပြသောဂါထာများ .... .... ၆၉

၃-မဟာနာဂတ္ထေရဂါထာ

ပျားရည် ကုန်သည့်သား မဟာနာဂသည် အရွယ်ရောက်သောအခါ ဘုရားရှင် အဋ္ဌနတော်၌ သီတင်းသုံးစဉ် ဂဝမ္ပတိ မထေရ်၏ တန်ခိုးတော်မြင်၍ ကြည်ညိုကာ ရဟန်းပြုလျက် ထိုမထေရ် အဆုံးအမ၌ တည်ပြီးလျှင် ဝိပဿနာပွါးသည်တွင် အရဟတ္တဖိုလ်သို့ ရောက်သောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ဆုံးမသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၇၀

၄-ကုလ္လတ္ထေရဂါထာ

ရာဂစရိုက်အားကြီးသော ကုလ္လမထေရ်သည် သုသာန်၌ အမြဲလှည့်လည်ရန် ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသော်လည်း ရာဂမငြိမ်းဖြစ်နေသဖြင့် ဘုရားရှင်က အသုဘရုပ်အသွင် ဖန်ဆင်း၍ ပြတော်မူမှ ရာဂကင်းကွာ၍ ရဟန္တာ ဖြစ်လေ၏၊ ထိုအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်ရွတ်ဆိုသောဂါထာများ .... .... ၇၁

၅-မာလုကျပုတ္တတ္ထေရဂါထာ

မာလုကျပုတ္တသည် ပရိဗိုဇ်တို့ထံတွင် ရှေးဦး ရဟန်းပြု၍ ဘုရားရှင့်တရားကိုနာရမှ သာသနာတွင်း ရဟန်းပြုလျက် ဝိပဿနာ ပွါးများရာ မကြာခင် အဘိညာဉ်ရ ရဟန္တာဖြစ်ပြီးနောက် ဆွေမျိုးတို့က လူထွက်ရန် ဥစ္စာဖြင့် ဖြားယောင်းကြသည်တွင် ကောင်းကင်၌ ရပ်တည်၍ ရွတ်ဆိုသောဂါထာများ .... .... ၇၂

၆-သပ္ပဒါသတ္ထေရဂါထာ

သုဒ္ဓေါဒနမင်းကြီး၏ ပုရောဟိတ်သား သပ္ပဒါသသည် ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ သဒ္ဓါတရား ဖြစ်ကာ ရဟန်းပြု၍ တရားအားထုတ်သော်လည်း သမာဓိမရနိုင်၍ သင်ဓုန်းဓားဖြင့် လည်ပင်းလှီးရန် ကြံရွယ်ခဲ့ပြီးမှ အရဟတ္တဖိုလ်သို့ ရောက်သည်တွင် ပြန်ကြားရွတ်ဆိုသောဂါထာများ .... .... ၇၂

၇-ကာတိယာနတ္ထေရဂါထာ

ကာတိယာနမထေရ်သည် ရဟန်းတရားကိုအားထုတ်ရင်း အိပ်ငိုက်သဖြင့် မြေပေါ်သို့ လဲကျသည်ကို ဘုရားရှင်သိ၍ ကြွလာပြီး ကောင်းကင်မှ သတိပေးတော်မူသည်တွင် သံဝေဂဖြစ်ပွါး အရဟတ္တဖိုလ်ကို ရရှိသောအခါ ဘုရားရှင်ဟောတော်မူသည့်အတိုင်း ရွတ်ဆိုသော ဂါထာများ .... ၇၃

http://www.dhammadownload.com




အမှတ်စဉ် — အကြောင်းအရာ — စာမျက်နှာ

**၈-မိဂဇာလတ္ထေရဂါထာ**

ဝိသာခါကျောင်းအမကြီး၏သား မိဂဇာလသည် ကျောင်းသို့ အစဉ်မပြတ်သွား၍ တရားနာရသဖြင့် ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင် အရဟတ္တဖိုလ်သို့ ရောက်၍ ရွတ်ဆိုသောဂါထာများ .... .... ၂၄

**၉-ပုရောဟိတပုတ္တဇေန္တတ္ထေရဂါထာ**

မာနကြီးသော ပုရောဟိတ်သားဇေန္တသည် "ဘုရားရှင်ကစကားပြောမှ ငါပြောမည်" ဟု စိတ်ဖြစ်နေသည်ကို ဘုရားရှင်သိရှိ၍ မာနမကောင်းကြောင်း မိန့်တော်မူသည်တွင် သတိတရားရ မာနကျကာ တရားတော်ကိုနာယူပြီး ရဟန်းပြု၍ ရဟန္တာဖြစ်သောအခါ မိမိ၏ ပဋိပတ်ကို ပြောကြားသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၂၅

**၁၀-သုမနတ္ထေရဂါထာ**

အနောတတ်အိုင်နေ မိစ္ဆာဒိဋ္ဌိ နဂါးကို ဆုံးမနိုင်သော ခုနစ်နှစ်ရွယ် သုမနသာမဏေသည် ၎င်းအား ဘုရားရှင်ချီးကျူးမိန့်ကြားတော်မူသည့် အတိုင်း ရွတ်ဆိုသောဂါထာများ .... .... ၂၅

**၁၁-နှာတကမုနိတ္ထေရဂါထာ**

ပုဏ္ဏားမျိုး နှာတကသည် ရှေးဦးစွာ ရသေ့ပြုကာ တောအရပ်၌ ကြိတ်ဆန်ကိုစား မီးကိုလုပ်ကျွေးလျက်နေစဉ် သူ၏ ဥပနိဿယကို ဘုရားရှင်မြင်တော်မူသဖြင့် ကြွလာ၍ တရားဟောတော်မူသည်တွင် ရဟန်းပြု၍ ရဟန္တာဖြစ်၏၊ နောက်အခါ လေရောဂါနှိပ်စက်ခြင်းကို ခံနေရဆဲ ဘုရားရှင်ကြွလာကာ မေးမြန်းတော်မူသဖြင့် ဖြေကြား လျှောက်ထားသော ဂါထာများ .... .... ၂၆

**၁၂-ဗြဟ္မဒတ္တတ္ထေရဂါထာ**

ကောသလမင်း၏သားတော် ဗြဟ္မဒတ္တသည် ဇေတဝန်ကျောင်းပူဇော်ပွဲတွင် ဘုရားရှင့် တန်ခိုးတော်ကို မြင်၍ ကြည်ညိုကာ ရဟန်းပြုပြီးနောက် ဝိပဿနာ ပွါးသဖြင့် ပဋိသမ္ဘိဒါတို့နှင့် အဘိညာဉ်ရ၏။ သူတပါးက မည်သို့ပင် ဆဲရေးသော်လည်း သည်းခံလျက် လူများအား ဆုံးမ၍ နောက်ဂါထာနှစ်ပုဒ်ဖြင့် မိမိကိုယ်ကိုဆုံးမကာ ရဟန္တာဖြစ်သည်တွင် ပြန်လည် ရွတ်ဆိုသောဂါထာများ။ .... .... ၂၇

၁၃-သိရိမဏ္ဍတ္ထေရဂါထာ

သိရိမဏ္ဍမထေရ်သည် ဥပုသ်နေ့၌ ဥပုသ်ပြုပါတိမောက်ပြစဉ် တရားအတိုင်းပြုလုပ်ခြင်း၏ ချမ်းသာနိုင်ပုံကို ဆင်ခြင်လျက် သာသနာတော်၏

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စင်ကြယ်ခြင်း၌ ကြည်ညိုစိတ်ထား၀ိပဿနာပွါးသည်တွင် အရဟတ္တဖိုလ်သို့ ရောက်လေလျှင် မိမိ၏ပဋိပတ်ကို ဆင်ခြင်လျက် ကြည်လင်သော စိတ်ထားဖြင့် ရဟန်းတို့အား ဆုံးမသောဂါထာများ .... .... | ၇၇ |
| ၁၄-သဗ္ဗကာမိတ္ထေရဂါထာ | | |
| | ဝေသာလီမင်းမျိုး သဗ္ဗကာမိသည် အိမ်ယာကိုစွန့်ခွါ၍ သျှင်အာနန္ဒာထံတွင် ရဟန်းပြု၏၊ သျှင်အာနန္ဒာနှင့်အတူ ဝေသာလီပြည် ဆွေမျိုးအိမ်သို့ ရောက်သောအခါ မယားဟောင်းက ဖြားယောင်း၍ ကိလေသာဖြစ်ပေါ်လာသော်လည်း တရားဖြင့် ဆုံးမ သုသာန်သို့သွားကာ ဝိပဿနာပွါးသည်တွင် ရဟန္တာဖြစ်လေ၏၊ ယောက္ခမ ဖြစ်သူက သမီးကလေးကိုပြ၍ လူထွက်ရန် အကြောင်းပြသော်လည်း ကာမဂုဏ်၌ တပ်မက်မှုမရှိကြောင်း ရွတ်ဆိုသော ဂါထာများ .... .... | ၇၈ |

ဆဋ္ဌနိပါတ်မာတိကာ ပြီး၏။

---

၇-သတ္တကနိပါတ်

| | | |
|---|---|---|
| ၁-သုန္ဒရသမုဒ္ဒတ္ထေရဂါထာ | | |
| | သူဌေးသားသုန္ဒရသမုဒ္ဒသည် ရဟန်းပြုပြီးနောက် ဝိပဿနာပွါးလျက်နေစဉ် အမိဖြစ်သူက လူထွက်စေလိုသဖြင့် ပြည့်တန်ဆာမတဦးကို လွှတ်၍ ဖြားယောင်းစေ၏။ သို့ရာတွင် ကိလေသာကို အလိုမလိုက် ဂရုစိုက်ကာ ဘာဝနာကို ကြိုးစားသည်တွင် အဘိညာဉ်ရ ရဟန္တာဖြစ်၍ ပြည့်တန်ဆာမနှင့် အပြန်အလှန် ပြောကြားဟန် ရွတ်ဆိုသောဂါထာများ .... | ၇၉ |
| ၂-လကုဏ္ဍကဘဒ္ဒိယတ္ထေရဂါထာ | | |
| | လကုဏ္ဍကဘဒ္ဒိယ ( အရပ်ပုကွသောဘဒ္ဒိယ )မထေရ်သည် ဗဟုဿုတ ဓမ္မကထိကဖြစ်လျက် သာယာသောအသံဖြင့် တရားဟောနိုင်၏၊ တနေ့သ၌ လမ်းသွားရင်း ပြည့်တန်ဆာမတယောက်က ပြုံးရယ်သည်တွင် သွားရိုးကိုကြည့်ကာ ဝိပဿနာပွါး၍ အနာဂါမ်တည်၏၊ နောက် ကာယဂတာသတိကို ပွါးများ သျှင်သာရိပုတြာ၏ ဩဝါဒတရားအတိုင်း အားထုတ်ရာ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် မိမိ၏ပဋိပတ်ကို ဖော်ပြရွတ်ဆိုသော ဂါထာများ .... .... | ၇၆ |
| ၃-ဘဒ္ဒတ္ထေရဂါထာ | | |
| | သိကြားမင်း၏အမိန့်အရ လူ့ပြည်၌ ဖြစ်လာသောဘဒ္ဒသည် ၇-နှစ်အရွယ်တွင် မိဘများက တန်ဆာဆင်၍ ဘုရားရှင့်ထံ အပ်နှံလျှင် | |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သျှင်အာနန္ဒာအား လှဲ့အပ်၍ ရှင်ပြုစေရာ အကျဉ်းမျှ သင်ကြားပေးသော ဝိပဿနာဖြင့် ကြိုးစား၍ နေမဝင်မီပင် အဘိညာဉ်ရ ရဟန္တာဖြစ်သဖြင့် မိမိ၏အကြောင်းအရာကို ရွတ်ဆိုသောဂါထာများ .... .... | ၈၀ |
| ၄-သောပါကတ္ထေရဂါထာ | | |
| | နိမ့်ကျသောအမျိုး၌ ဖြစ်ရသော သောပါကသည် လေးနှစ်အရွယ်က အဖဆုံး၍ ဘထွေးဖြစ်သူ၏လက်တွင် ကြီးပွါးရ၏၊ ၇-နှစ်အရွယ်တွင် ဘထွေးက ၎င်းသားနှင့်မတည့်၍ သုသာန်တွင်ပစ်ထားရာ ဘုရားရှင်က ကြွရောက်တရားပြသဖြင့် သောတာပန်ဖြစ် ဇေတဝန်ကျောင်းတော်ရောက် နောက်တနေ့ မိခင်အရင်းလိုက်လာသည်တွင် တရားဟောပြ ဆုံးမသည်ကို ကြားနာရလျှင် အရဟတ္တဖိုလ်သို့ ရောက်ကာ ပုစ္ဆာအမေးအဖြေဖြင့် ရဟန်းအဖြစ်သို့ ရောက်ရ၍ မိမိ၏ အဖြစ်ကို ဖော်ပြ ရွတ်ဆိုသော ဂါထာများ .... .... | ၈၁ |
| ၅-သရဘင်္ဂတ္ထေရဂါထာ | | |
| | မြွားမြက်များကိုနုတ်ယူ၍ ကျောင်းသင်ခမ်းလုပ်သောကြောင့် သရဘင်္ဂအမည်ရသော အနဘိလက္ခိတရသေ့ထံသို့ ဘုရားရှင်ကြွလာ၍ တရားဟောသည်တွင် ရဟန်းပြု ဝိပဿနာပွါး၍ မကြာခင် ရဟန္တာဖြစ်လေ၏။ ထိုအခါ လူအများက "ရသေ့ဖြစ်တုန်းကကဲ့သို့ ကျောင်းကို ပြုပြင်ဦးမည်လား"ဟု မေးကြသည့်တွင် ထိုသို့ မပြုပြင်တော့ကြောင်း သစ္စာလေးပါးကို မြင်ပြီးဖြစ်ကြောင်း ရွတ်ဆိုသောဂါထာများ .... | ၈၂ |


သတ္တကနိပါတ်မာတိကာ ပြီး၏။

---

## ၈-အဋ္ဌကနိပါတ်


၁-မဟာကစ္စာယနတ္ထေရဂါထာ

စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်သား ကစ္စာယနသည် အဖကွယ်လွန်သောအခါ ပုရောဟိတ်ရာထူးကိုရ၏၊ ဘုရင်က ဘုရားပွင့်တော်မူကြောင်းကြားရ၍ ဘုရားထံ သွားရောက်ပင့်ဆောင်ရန် ပုရောဟိတ်ကို လွှတ်လေရာ ဘုရားရှင်၏ တရားတော်ကို နာရ၍ တရားအဆုံးတွင် အပေါင်းခုနစ်ဦးနှင့်တကွ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်သောအခါ ရွတ်ဆိုသောဂါထာများ....

၂-သိရိမိတ္တတ္ထေရဂါထာ

သူကြွယ်သားသိရိမိတ္တသည် အရွယ်ရောက်သောအခါ ဓနပါလဆင်ကို ဆုံးမတော်မူရာ၌ ကြည်ညိုသဖြင့် ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင်

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မကြာခင် ရဟန္တာဖြစ်၏၊ တနေ့သ၌ ပါတိမောက်ပြခြင်းငှါ နေရာသို့ တက်၍ ယပ်ကိုကိုင်ကာ ရဟန်းတို့အား မြင့်မြတ်သောဂုဏ်များကို ဝေဘန်ဖော်ပြရွတ်ဆိုသော ဂါထာများ .... .... | ၇၅ |
| ၃-မဟာပန္ထကတ္ထေရဂါထာ | | |
| | မဟာပန္ထကမထေရ်သည် ယောနိသောမနသိကာရဖြင့် တရားအား ထုတ်ကာ အရူပဈာန်လေးပါးကိုရလျက် ဝိပဿနာပွါး၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ဈာန်ချမ်းသာ ဖိုလ်ချမ်းသာဖြင့် အချိန်ကုန်စေလျက် မိမိ၏ပဋိပတ်ကိုဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာ ရဲရင့်စွာ ရွတ်ဆိုသော ဂါထာများ .... .... | ၇၆ |
| | **အဋ္ဌကနိပါတ်မာတိကာ ပြီး၏။** | |

## ၉-နဝကနိပါတ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁-ဘူတတ္ထေရဂါထာ | | |
| | သာကေတမြို့တံခါးရှိ သူဌေးကြီးသား ဘူတသည် သာကေတမြို့ ကျောင်းတွင် သီတင်းသုံးတော်မူသော ဘုရားရှင်ထံ သွားရောက်ကာ တရားနာရ၍ ရဟန်းပြုပြီးနောက် အဇကရဏီယမြစ်ကမ်းရှိ လိုဏ်၌ နေထိုင်လျက် ဝိပဿနာပွါးသည်တွင် မကြာခင် ရဟန္တာဖြစ်၍ ဆွေမျိုးများက သာကေတမြို့၌နေရန် တောင်းပန်သောအခါ မိမိ၏ဆိတ်ငြိမ်ရာ၌ မွေ့လျော်ကြောင်း ဖော်ပြရွတ်ဆိုသောဂါထာ .... .... | ၇၇ |
| | **နဝကနိပါတ်မာတိကာ ပြီး၏။** | |

## ၁၀-ဒသကနိပါတ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁-ကာဠုဒါယိတ္ထေရဂါထာ | | |
| | ဘုရားရှင့်ဖွားဘက်တော် ကာဠုဒါယီသည် ဘုရားရှင်ကို ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ရောက်အောင် အပင့်သွားရာတွင် တရားဟောချိန်၌ ရောက်သွား၍ ပရိသတ်အစွန်က တရားနာရင်း မိမိပရိသတ်နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဟေဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူရန် ခရီးလမ်း ဖော်ပြကာ ချီးကျူးရွတ်ဆိုသော ဂါထာများ .... .... | ၇၉ |
| ၂-ကေဝိဟာရိယတ္ထေရဂါထာ | | |
| | အသောကမင်းကြီး၏ညီငယ် အိမ်ရှေ့မင်းတိဿသည် တောလည်သွားစဉ် ယောနကမဟာဓမ္မရက္ခိတမထေရ်ကို ဖူးမြင်ရ၍ အားကျကြည်ညိုလျက် | |

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

ရဟန်းပြုရန် နောင်တော်ထံ ခွင့်တောင်းကာ ရဟန်းချမ်းသာကို တောင့်တခဲ့၏။ မကြာမီ ယောနကမဟာဓမ္မရက္ခိတမထေရ်ထံတွင် ရဟန်းပြု၍ တောသို့ဝင်ကာ ရဟန်းတရား အားထုတ်သည်တွင် မကြာခင် ရဟန္တာဖြစ်၍ မိမိသဘောထားကို ပြောကြားရွတ်ဆိုသော ဂါထာများ .... ၉၀

၃-မဟာကပ္ပိနတ္ထေရဂါထာ

မဟာကပ္ပိနမင်းသည် လောကဌ် ဘုရားပွင့်ကြောင်း သတင်းကောင်းကို ကြားရသဖြင့် ဘုရားရှင်ရှိရာသို့ သွားရောက်ကာ စန္ဒဘာဂါမြစ်ကမ်းအနီးတွင် ဘုရားရှင်ကို ဖူးတွေ့လျက် တရားတော်ကို နာရသောအခါ အမတ်တထောင်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဟေဘိက္ခုရဟန်းချည်း ဖြစ်ကြရာတွင် မဟာကပ္ပိနမထေရ်ကို ဘိက္ခုဩဝါဒတေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူရာ တနေ့သဌ် ဘိက္ခုနီမတို့အား ဆုံးမဟောကြားသော ဂါထာများ .... .... ၉၁

၄-စူဠပန္ထကတ္ထေရဂါထာ

မဟာပန္ထက၏ညီ စူဠပန္ထကသည် ဂါထာတပုဒ်ကို လေးလသင်ကြားသော်လည်း မရနိုင်၍ နောင်တော်က နှင်ထုတ်ရာ ငိုကြွေးနေဆဲ ဘုရားရှင်နှင့်တွေ့၍ ရဇောဟရဏံ ရွတ်စေခြင်းဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် တန်ခိုးဖန်ဆင်းခြင်းအရာဌ် တေဒဂ်ထားခြင်း ခံရ၏။ တနေ့သဌ် ရဟန်းတို့က အဘယ်သို့ သစ္စာလေးပါးကို ထိုးထွင်းသိပါသနည်းဟု မေးသည်တွင် ဖြေဆိုသော ဂါထာများ .... ၉၂

၅-ကပ္ပတ္ထေရဂါထာ

မဂဓတိုင်း ပဒေသရာဇ်မင်း ကပ္ပသည် ကာမဂုဏ်တို့ဌ် အလွန်တပ်မက်နေရာ ဘုရားရှင်က အသုဘကမ္မဋ္ဌာန်းဖြင့် ကျွတ်တမ်းဝင်မည်ကို မြင်တော်မူ၍ ကြွလာလျက် ကောင်းကင်မှ အသုဘကထာကို ဟောပြသည်တွင် အသုဘထင်မြင်သဖြင့် ရဟန်းပြုရန် တောင်းပန်သည့်အတိုင်း ခေါင်းရိတ်စေရာ သင်ဓုန်းအဆုံးဌ် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ပြီးနောက် ဘုရားရှင်ဟောတော်မူသည့်အတိုင်း ရွတ်ဆိုသော ဂါတာများ .... ၉၃

၆-ဝင်္ဂန္တပုတ္တဥပသေနတ္ထေရဂါထာ

နာလကရွာသား ဥပသေနသည် ဗေဒင်ကျမ်းကို သင်ယူပြီးနောက် ဘုရားရှင်ထံရောက် ရဟန်းပြုကာ တဝါမျှ မရသေးပဲ ဆရာပြုသည်ကို ဘုရားရှင် ကဲ့ရဲ့တော်မူသဖြင့် ပရိသတ်ကို မှီ၍ ချီးမွမ်းခံရအောင် ကျင့်မည်ဟူသော ကြံရွယ်ချက်ဖြင့် ဝိပဿနာ ပွါးများရာ မကြာခင် ရဟန္တာ ဖြစ်လေ၏။ သမန္တပါသာဒိကအရာဌ် တေဒဂ်ရပြီးနောက် အခါ-

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

တပါး ကောသမ္ဗီရဟန်းများ ကွဲပြားရာ ရဟန်းတပါးက ဤအကွဲကို မည်သို့ပြုရပါမည်နည်းဟု မေးလျှောက်သည်တွင် မိမိ၏ ပဋိပတ်အစဉ်ကို ပြောပြသော ဂါထာများ .... .... ၅၅

၃-(အပရ)ဂေါတမတ္ထေရဂါထာ

ဥဒိစ္စပုဏ္ဏားမျိုး ဂေါတမသည် ဘုရားမပွင့်မီကပင် ဗေဒပါရဂူဖြစ်လျက် ဝါဒစစ်ထိုးရန် လှည့်လည်နေဆဲ ဘုရားပွင့်လာရာ အခါတပါး ဇေတဝန်ကျောင်းတော် ပူဇော်ပွဲတွင် ဘုရားထံ ချဉ်းကပ်၍ ရဟန်းပြုရန် ခွင့်မတောင်းရာ ပိဏ္ဍောလဘာရဒွါဇရဟန်းတပါးအား ရဟန်းပြုပေးရန် လွှဲအပ်သဖြင့် ခေါင်းရိတ်အပြီးတွင် အရဟတ္တဖိုလ်သို့ ရောက်၏။ ဆွေမျိုးတို့က "လောက၌ အဘယ်ဝါဒသည် သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်ပါသနည်း"ဟု မေးလျှောက်သောအခါ ပြန်ကြားရွတ်ဆိုသော ဂါထာများ .... ၅၆

ဒသကနိပါတ်မာတိကာ ပြီး၏။

---

၁၁-ဧကာဒသနိပါတ်

၁-သံကိစ္စတ္ထေရဂါထာ

အမိအလောင်းကို မီးသင်္ဂြိုဟ်ရာမှ အသက်မသေပဲ ကျန်ရစ်ခဲ့သော သံကိစ္စသည် ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ဖြစ်ခဲ့ရပုံကို သံဝေဂရ၍ သျှင်သာရိပုတြာထံ၌ ရှင်ပြု တစပဉ္စက ကမ္မဋ္ဌာန်းကိုပေးကာ ခေါင်းရိတ်အပြီးတွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏။ခိုးသားငါးရာတို့ လက်ထည်းရောက်သော်လည်း အသက်မသေ ကျန်ရစ်ရပြန်၏။ အခါတပါး ဥပါသကာတယောက်က အသျှင်၏ အနီးတွင် ပြုစုလုပ်ကျွေးနေထိုင်လိုပါကြောင်း တောင်းပန်သည်တွင် ပြန်ကြားရွတ်ဆိုသော ဂါထာများ .... .... ၅၇

ဧကာဒသနိပါတ်မာတိကာ ပြီး၏။

---

၁၂-ဒွါဒသကနိပါတ်

၁-သီလဝတ္ထေရဂါထာ

ဗိမ္ဗိသာရမင်းကြီး၏သားတော် သီလဝသည် နောင်တော်အဇာတသတ်က သတ်လိုသဖြင့် အမုန်ယစ်သောဆင်ပေါ် သို့တင်၍ သတ်စေသော်လည်း မသေ၊ ထိုအခြင်းအရာကို ဘုရားရှင်မြင်တော်မူ၍ သျှင်မောဂ္ဂလ္လာန်ကို

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ခေါ်ယူစေရာ ဆင်နှင့်တကွ မင်းသား ရောက်လာ၍ ဆင်ပေါ် မှဆင်းကာ ဘုရားရှင်ကို ရှိခိုးလျက် တရားတော်ကို နာရလျှင် ရဟန်းပြု ဝိပဿနာပွါး များလျှင် မကြာမီ ရဟန္တာဖြစ်၏၊ ထို့နောင် ကောသလတိုင်း၌ နေစဉ် အဇာတသတ်က အာဏာသားတို့ကို လွှတ်၍ သတ်စေပြန်ရာ အာဏာသား တို့လည်း မထေရ်၏ တရားကို နာရ၍ အားလုံး ရဟန်းပြုကြသည်တွင် ထိုရဟန်းတို့အား ဟောကြားသော ဂါထာများ .... .... | ၁၀၀ |
| ၂-သုနီတတ္ထေရဂါထာ | | |
| | ရှေးကာဝ ဝစီကံကြောင့် သူတပါး၏ အညစ်အကြေးကို စွန့်ရသော အမျိုး၌ ဖြစ်ရသော သုနီတသည် အရဟတ္တဖိုလ် ဥပနိဿယရှိသူဖြစ်၍ အမိုက်ကျုံးနေဆဲ ဘုရားရှင် ကြွလာ၍ ခေါ်တော်မူလျှင် ဝမ်းမြောက် ဝမ်းသာ ရဟန်းပြုသည်တွင် ဟေဘိက္ခုရဟန်းအဖြစ် ခံယူလျက် ကမ္မဋ္ဌာန်းကို အားထုတ်ရာ သမာပတ်ရှစ်ပါး အဘိညာဉ်ခြောက်ပါးတို့နှင့် တကွ ရဟန္တာဖြစ်လေ၏။ ထိုအသျှင့်ထံသို့ သိကြားဗြဟ္မာတို့ ချဉ်းကပ် ရှိခိုးကြ၏၊ အခါတပါး ရဟန်းများက "အဘယ်အမျိုးမှ အဘယ်သို့ ရဟန်းပြု၍ အဘယ်သို့ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသနည်း"ဟု မေးကြရာ ပြန်ကြားဖြေဆိုသောဂါထာများ .... .... | ၁၀၁ |

ဒွါဒသကနိပါတ်မာတိကာ ပြီး၏။

---

## ၁၃-တေရသနိပါတ်

| | | |
|---|---|---|
| ၁-သောဏကောဠိဝိသတ္ထေရဂါထာ | | |
| | စမ္ပာမြို့ဥဿဘသူဌေးသား သောဏသည် အလွန်နူးညံ့၍ ပြာသာဒ် ၃-ဆောင်၌ နတ်သားကဲ့သို့ စည်းစိမ်ခံစားနေရာမှ ဗိမ္ဗိသာရမင်း၏ အမိန့် ဖြင့် ရာဇဂြိုဟ်ပြည်သို့လာရာတွင် ဘုရားရှင်ထံရောက် တရားတော်နာယူ ၍ ရဟန်းပြုပြီးလျှင် တမာပင်တော၌ တရားကို အပြင်းအထန်အားထုတ် သော်လည်း တရားမရနိုင် လူထွက်တော့မည်ဟု အကြံပြုနေဆဲ ဘုရားရှင် ကြွလာ၍ စောင်းဥပမာဖြင့် အညီအမျှကျင့်ရမည့်အကြောင်း ဟောတော် မူမှ အညီအမျှ အားထုတ်သည်တွင် ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးသောဂါထာများ .... .... | ၁၀၃ |

တေရသနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၄-စုဒ္ဒသကနိပါတ်

၁-ခဒိရဝနိယရေဝတတ္ထေရဂါထာ

ရှားတောနေ သျှင်ရေဝတသည် ရဟန္တာဖြစ်ပြီးနောက် မကြာမကြာ ဘုရားရှင်နှင့် သာဝကကြီးတို့ထံ လာရောက်ဆည်းကပ်လေ့ရှိရာ အရွယ်ကြီးရင့်သောအခါလည်း လာလေ့ရှိသည့်အတိုင်း တနေ့သ၌ သာဝတ္ထိပြည်သို့အလာ မြို့နှင့်မနီးမဝေး တောအုပ်၌နေထိုင်ဆဲ မြို့တွင်းမှ ခိုးယူလာသောသူခိုးကို လိုက်လံဖမ်းဆီးကြသူတို့သည် မထေရ်အနီး၌ ပစ်ချခဲ့သော ဥစ္စာထုပ်ကိုတွေ့၍ မထေရ်ကို ဖမ်းဆီးကာ ဘုရင့်ရှေ့မှောက်သို့ ပို့ကြသည်တွင် မထေရ်ကိုလွှတ်စေ၍ စစ်ဆေးသောအခါ ပြန်လည်ဖြေဆိုသောဂါထာများ ၁၀၅

၂-ဂေါဒတ္တတ္ထေရဂါထာ

လှည်းကုန်သည်မျိုး၌ဖြစ်ရသော ဂေါဒတ္တသည် လှည်းဖြင့် ကုန်သွယ်သွားရင်း ဝန်မရုန်းနိုင်၍ လဲကျသော နွားကို မညှာမတာ အမြီးကိုထိုးဖောက်နှိပ်စက်သည်တွင် နွားက လူ့စကားဖြင့် "ဖြစ်လေရာဘဝ၌ သင့်ကိုပြန်၍ နှိပ်စက်မည်"ဟု ပြောဆိုဆုတောင်းသည်ကိုကြား၍ သံဝေဂဖြစ်ကာ မထေရ်တပါးထံ ရဟန်းပြု ဝိပဿနာကိုပွါးရာ မကြာမီ ရဟန္တာဖြစ်၏၊ တနေ့သ၌ ဆည်းကပ်လာသော ရှင်လူရဟန်းတို့အား လောကဓံနှင့် စပ်လျဉ်း၍ ဟောကြားသောဂါထာများ .... .... ၁၀၆

စုဒ္ဒသကနိပါတ်မာတိကာ ပြီး၏။

---

၁၅-သောဠသကနိပါတ်

၁-အညာသိကောဏ္ဍညတ္ထေရဂါထာ

ပဉ္စဝဂ္ဂီငါးဦးဝင် အသျှင်ကောဏ္ဍညသည် ဝါဆိုလပြည့်ကျော် ၅-ရက်တွင် အနတ္တလက္ခဏသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်သည်၊ နောက်အခါ ရတ္တညူတေဒဂ်ဖြင့် ချီးမြှောက်ခံရ၏၊ အခါတပါး သိကြားမင်းလာ၍ လျှောက်သည်၊ တရားဟောသဖြင့် သိကြားက ကြည်ညို၍ လျှောက်သောဂါထာနှင့် မထေရ်ကရွတ်ဆိုသော ဂါထာများ .... .... ၁၀၈

၂-ဥဒါယိတ္ထေရဂါထာ

ဥဒါယီသုံးမျိုးတွင် မဟာဥဒါယိမည်သော ပုဏ္ဏားမျိုး ဥဒါယီသည် ဆွေတော်မျိုးတော် အစည်းအဝေးတွင် ဘုရားရှင်ကို ကြည်ညို၍ ရဟန်းပြု ဝိပဿနာပွါးလျှင် မကြာခင် ရဟန္တာဖြစ်လေ၏၊ တနေ့သ၌ မြတ်စွာဘုရားက နာဂေါပမသုတ္တန် (ဆင်ဥပမာတရား)ကို ဟောကြားပြီး အဆုံးတွင်

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ခေါ်ယူစေရာ ဆင်နှင့်တကွ မင်းသား၊ ရောက်လာ၍ ဆင်ပေါ်မှဆင်းကာ ဘုရားရှင်ကို ရှိခိုးလျက် တရားတော်ကို နာရလျှင် ရဟန်းပြု ဝိပဿနာပွါးများလျှင် မကြာမီ ရဟန္တာဖြစ်၏၊ ထိုနောင် ကောသလတိုင်း၌ နေစဉ် အဇာတသတ်က အာဏာသားတို့ကို လွှတ်၍ သတ်စေပြန်ရာ အာဏာသားတို့လည်း မထေရ်၏ တရားကို နာရ၍ အားလုံး ရဟန်းပြုကြသည်တွင် ထိုရဟန်းတို့အား ဟောကြားသော ဂါထာများ .... .... | ၁၀၀ |
| ၂-သုနီတတ္ထေရဂါထာ | ရှေးကံဝ ဝစီကံကြောင့် သူတပါး၏ အညစ်အကြေးကို စွန့်ရသော အမျိုး၌ ဖြစ်ရသော သုနီတသည် အရဟတ္တဖိုလ် ဥပနိဿယရှိသူဖြစ်၍ အမှိုက်ကျုံးနေဆဲ ဘုရားရှင် ကြွလာ၍ ခေါ်တော်မူလျှင် ဝမ်းမြောက်ဝမ်းသာ ရဟန်းပြုသည်တွင် ဟေဘိက္ခုရဟန်းအဖြစ် ခံယူလျက် ကမ္မဋ္ဌာန်းကို အားထုတ်ရာ သမာပတ်ရှစ်ပါး အဘိညာဉ်ခြောက်ပါးတို့နှင့် တကွ ရဟန္တာဖြစ်လေ၏။ ထိုအသျှင့်ထံသို့ သိကြားဗြဟ္မာတို့ ချဉ်းကပ်ရှိခိုးကြ၏၊ အခါတပါး ရဟန်းများက "အဘယ်အမျိုးမှ အဘယ်သို့ ရဟန်းပြု၍ အဘယ်သို့ သစ္စာလေးပါးတို့ကို သိုးထွင်း၍ သိသနည်း"ဟု မေးကြရာ ပြန်ကြားဖြေဆိုသောဂါထာများ .... .... | ၁၀၁ |

ဒွါဒသကနိပါတ်မာတိကာ ပြီး၏။

---

## ၁၃-တေရသနိပါတ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁-သောဏကောဠိဝိသတ္ထေရဂါထာ | စမ္ပာမြို့ဥသဘသူဌေးသား သောဏသည် အလွန်နူးညံ့၍ ပြာသာဒ် ၃-ဆောင်၌ နတ်သားကဲ့သို့ စည်းစိမ်ခံစားနေရာမှ ဗိမ္ဗိသာရမင်း၏ အမိန့်ဖြင့် ရာဇဂြိုဟ်ပြည်သို့လာရာတွင် ဘုရားရှင်ထံရောက် တရားတော်နာယူ၍ ရဟန်းပြုပြီးလျှင် တမာပင်တော၌ တရားကို အပြင်းအထန်အားထုတ်သော်လည်း တရားမရနိုင် လူထွက်တော့မည်ဟု အကြံပြုနေဆဲ ဘုရားရှင်ကြွလာ၍ စောင်းဥပမာဖြင့် အညီအမျှကျင့်ရမည့်အကြောင်း ဟောတော်မူမှ အညီအမျှ အားထုတ်သည်တွင် ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးသောဂါထာများ .... .... | ၁၀၃ |

တေရသနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ


## ၁၄-စုဒ္ဒသကနိပါတ်

**၁-ခဒိရဝနိယရေဝတတ္ထေရဂါထာ**

ရှားတောနေ သျှင်ရေဝတသည် ရဟန္တာဖြစ်ပြီးနောက် မကြာမကြာ ဘုရားရှင်နှင့် သာဝကကြီးတို့ထံ လာရောက်ဆည်းကပ်လေ့ရှိရာ အရွယ်ကြီးရင့်သောအခါလည်း လာလေ့ရှိသည့်အတိုင်း တနေ့သ၌ သာဝတ္ထိပြည်သို့အလာ မြို့နှင့်မနီးမဝေး တောအုပ်၌နေထိုင်ဆဲ မြို့တွင်းမှ ခိုးယူလာသော သူခိုးကို လိုက်လံဖမ်းဆီးကြသူတို့သည် မထေရ်အနီး၌ ပစ်ချခဲ့သော ဥစ္စာထုပ်ကိုတွေ့၍ မထေရ်ကို ဖမ်းဆီးကာ ဘုရင့်ရှေ့မှောက်သို့ ပို့ကြသည်တွင် မထေရ်ကိုလွှတ်စေ၍ စစ်ဆေးသောအခါ ပြန်လည်ဖြေဆိုသောဂါထာများ ၁၀၅

**၂-ဂေါဒတ္တတ္ထေရဂါထာ**

လှည်းကုန်သည်မျိုး၌ဖြစ်ရသော ဂေါဒတ္တသည် လှည်းဖြင့် ကုန်သွယ်သွားရင်း ဝန်မရုန်းနိုင်၍ လဲကျသော နွားကို မညှာမတာ အမြီးကို ထိုးဖောက်နှိပ်စက်သည်တွင် နွားက လူ့စကားဖြင့် "ဖြစ်လေရာဘဝ၌ သင့်ကိုပြန်၍ နှိပ်စက်မည်"ဟု ပြောဆိုဆုတောင်းသည်ကိုကြား၍ သံဝေဂဖြစ်ကာ မထေရ်တပါးထံ ရဟန်းပြု ဝိပဿနာကိုပွါးရာ မကြာမီ ရဟန္တာဖြစ်၏၊ တနေ့သ၌ ဆည်းကပ်လာသော ရှင်လူရဟန်းတို့အား လောကဓံနှင့် စပ်လျဉ်း၍ ဟောကြားသောဂါထာများ .... .... ၁၀၆

စုဒ္ဒသကနိပါတ်မာတိကာ ပြီး၏။

---

## ၁၅-သောဠသကနိပါတ်

**၁-အညာသိကောဏ္ဍညတ္ထေရဂါထာ**

ပဥ္စဝဂ္ဂီငါးဦးဝင် အသျှင်ကောဏ္ဍညသည် ဝါဆိုလပြည့်ကျော် ၅-ရက်တွင် အနတ္တလက္ခဏသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်သည်၊ နောက်အခါ ရတ္တညူတာဒဂ်ဖြင့် ချီးမြှောက်ခံရ၏၊ အခါတပါး သိကြားမင်းလာ၍ လျှောက်သည်၊ တရားဟောသဖြင့် သိကြားက ကြည်ညို၍ လျှောက်သော ဂါထာနှင့် မထေရ်ကရွတ်ဆိုသော ဂါထာများ .... .... ၁၀၇

**၂-ဥဒါယိတ္ထေရဂါထာ**

ဥဒါယိသုံးမျိုးတွင် မဟာဥဒါယိမည်သော ပုဏ္ဏားမျိုး ဥဒါယိသည် ဆွေတော်မျိုးတော် အစည်းအဝေးတွင် ဘုရားရှင်ကို ကြည်ညို၍ ရဟန်းပြု ဝိပဿနာပွါးလျှင် မကြာခင် ရဟန္တာဖြစ်လေ၏၊ တနေ့သ၌ မြတ်စွာဘုရားက နာဂေါပမသုတ္တန် (ဆင်ဥပမာတရား)ကို ဟောကြားပြီး အဆုံးတွင်

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဘုရားရှင်၏ ဂုဏ်တော်ကို နှလုံးသွင်းကာ "ငါသည် ဘုရားတည်းဟူသော ဂန္ဓဆင်မင်းကြီး၏ ဂုဏ်များကို ထင်ရှားအောင်ပြအံ့"ဟု ချီးကျူးရွတ်ဆိုသောဂါထာများ .... — | ၁၀၉ |

သောဠသကနိပါတ်မာတိကာ ပြီး၏။

---

## ၁၆-ဝီသတိနိပါတ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁-အဓိမုတ္တတ္ထေရဂါထာ | | |
| | သံကိစ္စမထေရ်၏ တူဖြစ်သော အဓိမုတ္တသည် အရွယ်ရောက်သောအခါ ဦးရိုးတော်မထေရ်ထံတွင် ရှင်ပြု၍ ဝိပဿနာပွါးရာ သာမဏေအဖြစ်နှင့်ပင် အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ရှင်အဖြစ်မှ ရဟန်းပြုလို၍ မယ်တော်ထံ ပြောကြားရန်သွားရာ လမ်းတွင် ဗလိပူဇော်ရန် လူသားရှာနေကြသော ခိုးသား ၅၀၀နှင့်တွေ့၍ ဖမ်းဆီးလျှင် မတုန်မလှုပ် မျက်နှာကြည်လင်လျက်နေသည်ကို ခိုးသူခေါင်းဆောင်က ချီးကျူးသော ဂါထာနှင့် အဓိမုတ္တမထေရ်က ပြန်ကြားသောဂါထာများ .... .... | ၁၁၂ |
| ၂-ပါရာပရိယတ္ထေရဂါထာ | | |
| | ပုဏ္ဏားသူကြွယ်သား ပါရာပရိယသည် ဗေဒင်သုံးပုံကို သင်ကြားပြီးမှ ဇေတဝန်ကျောင်းတော်သွား၍ ပရိသတ်အစွန်ကထိုင်လျက် တရားနာရာ ဣန္ဒြိယဘာဝနာသုတ်ကို နာရသဖြင့် ရဟန်းပြု၏၊ နာယူထားသော ဣန္ဒြိယဘာဝနာသုတ်ကို အဖန်ဖန်စဉ်းစားလျက် ဝိပဿနာပွါးသည်တွင် မကြာခင် ရဟန္တာဖြစ်လေ၏၊ နောက်အခါ မိမိကြံစည်သောအခြင်းအရာကို ထင်ရှားပြသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၁၁၄ |
| ၃-တေလကာနိတ္ထေရဂါထာ | | |
| | ဘုရားမပွင့်မီကပင် ပုဏ္ဏားမျိုး၌ ဖြစ်လာသော တေလကာနိသည် အရွယ်ရောက်သောအခါ ပါရမီရှိသူဖြစ်၍ ပရိဗိုဇ်ရဟန်းပြုကာ ဝဋ်မှထွက်ကြောင်းတရားကို ရှာဖွေရင်း လှည့်လည်လျက် ပညာရှိတို့ကို ပြဿနာမေးလေ၏၊ ဘုရားပွင့်လာသောအခါ ဘုရားရှင်ထံ ချဉ်းကပ်၍ တရားနာရသည်တွင် ရဟန်းပြုလျက် ဝိပဿနာကိုပွါးလျှင် မကြာခင် ရဟန္တာဖြစ်လေ၏၊ တနေ့သ၌ ရဟန်းတို့နှင့်အတူနေစဉ် မိမိ၏တရားထူးကို ဆင်ခြင်၍ မိမိ၏ ပဋိပတ်ကို အောက်မေ့ကာ ရဟန်းတို့အား ပြောကြားသောဂါထာများ .... .... | |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၄-ရဋ္ဌပါလတ္ထေရဂါထာ**

ရဋ္ဌပါလသူဌေးသားသည် ရဟန်းပြုလို၍ ခုနစ်ရက် အစာတော်ခံမှ မိဘက ခွင့်ပြု၍ ရဟန်းပြုခွင့်ရခဲ့၏၊ ဘုရားရှင်အမိန့်ဖြင့် မထေရ်တပါးထံ ရဟန်းပြုပြီးလျှင် ဝိပဿနာကိုပွါးရာ မကြာခင်ရဟန္တာဖြစ်လေ၏၊ အခါ တပါး မိဘရှိရာသို့သွားလေရာ တန်ဆာဆင်ထားသော မိန်းမတို့ဖြင့် ဖြားယောင်းသွေးဆောင် လူ့ဘောင်သို့ကျအောင် ပြုမူကြသည်တွင် အနိစ္စစသည်နှင့် ယှဉ်သော တရားကို ဖော်ပြဟောကြားသောဂါထာများ ၁၁၉

**၅-မာလုကျပုတ္တတ္ထေရဂါထာ**

ဆက္ကနိပါတ်၌ မာလုကျ ပုတ္တမထေရ် ရဟန္တာအဖြစ်ဖြင့် ရွတ်ဆိုသော ဂါထာများကို ပြခဲ့၏၊ ဤ၌ကား ပုထုဇဉ်အဖြစ်ဖြင့် မြတ်စွာဘုရားအား တရားအကျဉ်းဟောတော်မူပါဟု တောင်းပန်သည်တွင် အကျဉ်းအားဖြင့် ဟောတော်မူရာ ထိုအကျဉ်းကို ဆောင်ယူသင်ကြားထားကြောင်း ဖော်ပြ သောဂါထာများ .... .... ၁၂၂

**၆-သေလတ္ထေရဂါထာ**

လုလင်သုံးရာတို့၏ ဆရာ ဗေဒင်သုံးပုံဆောင် သေလပုဏ္ဏားကြီးသည် ဘုရားရှင်ထံရောက်လာကာ လက္ခဏာတော်များကို စုံစမ်းရင်း ချီးကျူး လျှောက်ထား၍ ဘုရားရှင်၌ အကြွင်းမရှိ ယုံကြည် ကြည်ညိုလျက် လုလင် ၃၀၀-နှင့်တကွ ဧဟိ ဘိက္ခု ရဟန်းအဖြစ်ကို ခံယူကြ၏၊ ဤသို့ ရဟန်းဖြစ် ကြပြီးနောက် ဝိပဿနာပွါးများကြသည်တွင် အရဟတ္တဖိုလ်သို့ ရောက် ကြ၏၊ ထိုအခြင်းအရာနှင့် စပ်လျဉ်းသောဂါထာများ .... .... ၁၂၅

**၇-ကာဠိဂေါဓာပုတ္တဘဒ္ဒိယတ္ထေရဂါထာ**

သာကီဝင်မင်းသား ဘဒ္ဒိယသည် အနုရုဒ္ဓါစသော မင်းသား ငါးဦးတို့ နှင့် အတူ အနုပိယသရက် ဥယျာဉ်၌ သီတင်းသုံးတော်မူသော ဘုရားရှင် ထံရောက်လာ ရဟန်းပြု၍ ရဟန္တာဖြစ်ကြ၏။ ဥစ္စာကုလိက တေဒဂ်ရ ဖြစ်၏။ အစဉ်မပြတ်''ချမ်းသာလေစွ ချမ်းသာလေစွ''ဟု ဥဒါန်း ကျူးနေ သည်ကို ရဟန်းများက အထင်မှား၍ ဘုရားထံလျှောက်သဖြင့် ခေါ် ယူမေး စစ်ရာ ရှေးအခါမင်းဖြစ်စဉ်က အစောင့် အရှောက်တွေရှိပါလျက် ထိတ်လန့် နေရ၏၊ ယခုအခါ ရဟန်းအဖြစ်၌ ဤသို့မထိတ်လန့်ရကြောင်း ဘုရားရှင် မျက်မှောက်တွင် ရဲရင့်စွာ ရွတ်ဆိုသောဂါထာများ .... .... ၁၂၇

**၈-အင်္ဂုလိမာလတ္ထေရဂါထာ**

ကောသလမင်းကြီး၏ ပုရောဟိတ်သား အင်္ဂုလိမာလသည် ဆင်ပြောင် ခုနစ်စီးအားကို ဆောင်နိုင်၏၊ တက္ကသိုလ်ပြည် ဆရာ့ထံတွင် ပညာသင်

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကြားစဉ် မလိုသူတို့၏ ပြောစကားကြောင့် လူသတ်သမားဖြစ်ရ၏။ အမိကိုပင် သတ်ရန် လိုက်နေဆဲ ဘုရားရှင် ကြွလာရာ ဘုရားကိုဆက်၍ လိုက်ပြန်၏။ မမှီနိုင်၍ ရပ်လော့ဟုဆိုသည်တွင် "သင်သာမရပ် ငါးကားရပ်၏" ဟု မိန့်တော်မူသော စကားအရ ဖြေရှင်းဟောပြသည်ကို သဘောကျ၍ ပေဟိဘိက္ခု ရဟန်းအဖြစ်ကို ခံယူပြီးနောက် ဝိပဿနာကို ပွါးများရာ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုအခါ ဝိမုတ္တိချမ်းသာကို ခံစားရင်း ဝမ်းမြောက် ဝမ်းသာ ဥဒါန်းကျူးသောဂါထာများ .... .... | ၁၃၀ |
| ၉-အနုရုဒ္ဓတ္ထေရဂါထာ | | |
| | မဟာနာမ်မင်း၏ညီ အနုရုဒ္ဓါသည် ကြီးကျယ်သော စည်းစိမ်ကိုခံစားနေရာမှ ဘုရားရှင်ထံရောက်၍ ရဟန်းပြု တဝါတွင်း၌ပင် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ဖြစ်စေလျက် တဖန် ရှင်သာရိပုတြာထံမှ ကမ္မဋ္ဌာန်းယူကာ စေတိယတိုင်း အရှေ့တော၌ တရားအားထုတ်နေစဉ် မဟာပုရိသဝိတက်နှင့် စပ်လျဉ်း၍ မဟာအရိယဝံသ ပဋိပဒါကို ဘုရားရှင် ဟောတော်မူသောအခါ ဝိပဿနာပွါးလျက် ပဋိသမ္ဘိဒါဖြင့် ခြံရံသော အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ဒိဗ္ဗစက္ခုတေဒဂ်ဖြင့် ချီးကျူးခံရ၏၊ ထိုအရှင်နှင့် စပ်လျဉ်း၍ ဘုရားဟောဂါထာများ ပါဝင်သော်လည်း ထိုအရှင်ဟောဟူ၍သာ ဆိုရသောဂါထာများ .... .... | ၁၃၃ |
| ၁၀-ပါရာပရိယတ္ထေရဂါထာ | | |
| | ပါရာပရိယ မထေရ်၏ ဂါထာများကို အောက်ကပြဆိုခဲ့ပြီးဖြစ်၏၊ ဤ၌ကား ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်တွင် ထိုအရှင် ပရိနိဗ္ဗာန် စံခါနီး၌ အနာဂတ်သာသနာတွင် ဖြစ်ပေါ်လာမည့် ရဟန်းတို့၏ အကျင့်ပျက်စီးပုံကို ပြသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၁၃၆ |

ဝီသတိနိပါတ်မာတိကာ ပြီး၏။

---

## ၁၇-တိံသနိပါတ်

| | | |
|---|---|---|
| ၁-ဖုဿတ္ထေရဂါထာ | | |
| | ပဒေသရာဇ်မင်းသား ဖုဿသည် မင်းသားတို့ တတ်အပ်သော အတတ်များကို သင်ကြားပြီးနောက် တရားရ၍ မဟာထေရ် တပါးထံ တရားနာယူကာ ရဟန်းပြု၏၊ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို အားထုတ်ရာ ချာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဖြစ်လေ၏။ တနေ့သ၌ ပဏ္ဍရဂေါတ္တရသေ့က ဖုဿမထေရ်ထံတွင် တရားနာစဉ် ဤနေ့ငြိမ်သက်သော ရဟန်းများကို မြင်ရ၍ "ဤသို့သော အကျင့်မျိုး ကြာရှည်တည်ပါမူ ကောင်းလေစွ"ဟု ကြံစည်ကာ "အနာဂတ်ရဟန်းတို့၏ ပဋိပတ်သည် မည်သို့ ဖြစ်လိမ့်မည်နည်း" ဟု လျှောက်သဖြင့် ဖြေဆိုသော ဂါထာများ .... .... | ၁၄၀ |

http://www.dhammadownload.com




အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

၂-သာရိပုတ္တတ္ထေရဂါထာ

အရှင်သာရိပုတြာသည် ရဟန်းပြုပြီးနောက် ၁၅-ရက် (လခွဲ) လွန်မှ ဘုရားရှင်နှင့်အတူ ရာဇဂြိုဟ်ပြည် သူကရခတ (ဝက်တူး) လိုဏ်၌နေစဉ် တူတော်သူ ဒီဃနခ ပရိဗိုဇ်အား ဟောကြားသော ဝေဒနာပရိဂ္ဂဟ သုတ္တန်ကို နာယူရသဖြင့် သူတပါးချက်ပြီး ထမင်းကို စားရသကဲ့သို့ အရဟတ္တဖိုလ်ရရှိ၍ ပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်ရ၏။ မဟာပညာတေဒဂ်လည်း ရရှိ၏။ တနေ့သ၌ သီတင်းသုံးဖော်ရဟန်းတို့အား မိမိ၏ အကျင့်ကို ဖွင့်ပြသောအားဖြင့် ဟောကြားသောဂါထာများ .... . .... ၁၄၃

၃-အာနန္ဒတ္ထေရဂါထာ

ဘုရားရှင့် ဘထွေးတော် အမိတ္တောဒနမင်း၏သား အာနန္ဒာသည် ဘဒ္ဒိယမင်းသားတို့နှင့်အတူ ဘုရားရှင့်ထံ ရဟန်းပြု၍ မကြာခင် ပုဏ္ဏမထေရ်၏ တရားကို နာရသဖြင့် သောတာပန်ဖြစ်၏။ တေဒဂ်ငါးချက်ကိုလည်း ရရှိ၏။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ပဌမသင်္ဂါယနာတင်ခါနီးမှ အဘိညာဉ်ရ ရဟန္တာဖြစ်၍ သင်္ဂါယနာပွဲသို့ဝင်ရ၏။ သင်္ဂါယနာတင်ပွဲတွင် ထိုထိုရဟန်းတို့အား ဩဝါဒပေးသောအားဖြင့် မိမိ၏ ပဋိပတ်ကို ဖွင့်ပြ၍ရွတ်ဆိုသောဂါထာများ .... .... ၁၄၈


တိံသနိပါတ်မာတိကာ ပြီး၏။

---

### ၁၈-စတ္တာလီသနိပါတ်


၁-မဟာကဿပတ္ထေရဂါထာ

ပိပ္ပလိလုလင်ဟု အမည်ရခဲ့သော သျှင်မဟာကဿပသည် တောထွက်လာစဉ်ကလည်း မြေလှုပ်ခဲ့၏၊ ဘုရားရှင်နှင့် သင်္ကန်းလဲသောအခါလည်း မြေလှုပ်ခဲ့၏၊ ဘုရားရှင်၏ သင်္ကန်းတော်ကို ဝတ်ရုံရသော်လည်း စိတ်ထားတက်ကြွခြင်းမရှိ ဘုရားရှင့်ထံ၌ ဓုတင် တဆယ့်သုံးပါးတို့ကို ဆောင်တော်မူသဖြင့် တေဒဂ်ရ ဖြစ်တော်မူ၏၊ ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မျှသာ ပုထုဇဉ်အဖြစ်၌တည်၍ ရှစ်ရက်မြောက်၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏။ ထိုအရှင်မြတ်၏ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်းကို အဦးပြုသောအားဖြင့် ရဟန်းတို့အား ဆုံးမသော ဂါထာများ .... .... ၁၅၂


စတ္တာလီသနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

## ၁၉-ပညာသနိပါတ်

**၁-တာလပုဋ္ဌတ္ထေရဂါထာ**

ကချေသည်ဘဝတွင် ကြီးပွါးတိုးတက်ခဲ့သော တာလပုဋ္ဌသဘင်ဆရာကြီးသည် ဘုရားရှင်ထံ ရောက်သောအခါ သဘင်သည်များ အပါယ်လားရကြောင်း ဟောတော်မူသည်တွင် သံဝေဂရ သဒ္ဓါတရား ဖြစ်၍ ရဟန်းပြုကာ ဝိပဿနာပွါးရာ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ရှေးအခါက မိမိ၏ ယောနိသောမနသိကာရနှင့် ယှဉ်သောစိတ်ကို အမျိုးမျိုးခွဲခြား၍ အနီးရှိ ရဟန်းတို့အား ဩဝါဒပေးသောအားဖြင့် ဟောကြားသော ဂါထာများ .... .... ၁၅၃

ပညာသနိပါတ်မာတိကာ ပြီး၏။

---

## ၂၀-သဋ္ဌိနိပါတ်

**၁-မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ**

သျှင်သာရိပုတြာနှင့်အတူ ရဟန်းပြုခဲ့သော သျှင်မောဂ္ဂလ္လာန်သည် ရဟန်းပြုသည်မှ ခုနစ်ရက်မြောက်နေ့၌ မဂဓတိုင်း ကလ္လဝါလရွာကို အမှီပြု၍ တရားအားထုတ်စဉ် ထိနမိဒ္ဓဝင်နေသည်ကို ဘုရားရှင်က တရားဖြင့် ထိတ်လန့်စေတော်မူမှ ထိနမိဒ္ဓကိုပယ်ရှားကာ ဓာတုကမ္မဋ္ဌာန်းကို ကြားနာလျက် ဝိပဿနာကိုပွါးသည်တွင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ တန်ခိုးအရာ၌ စတဒဂ်ရဖြစ်တော်မူ၏၊ သာဝကပါရမီ အထွတ်အထိပ်သို့ ရောက်သော ထိုအသျှင်သည် ထိုထိုအကြောင်းကိုစွဲ၍ ထိုထိုအရပ်၌ ဟောကြားရွတ်ဆိုသော ဂါထာများ .... .... ၁၆၅

သဋ္ဌိနိပါတ်မာတိကာ ပြီး၏။

---

## ၂၁-မဟာနိပါတ်

**၁-ဝင်္ဂီသတ္ထေရဂါထာ**

ဝင်္ဂီသပုဏ္ဏားသည် ဆဝသီသမန္တဖြင့် သုံးနှစ်ပြည့်ကြာပြီးသော လူခေါင်းရိုးကိုခေါက်၍ လားရာဂတိကို ပြောနိုင်၏၊ ဤနည်းဖြင့် လှည့်လည်ဓဟာပြောနေစဉ် ဘုရားရှင်ထံ ရောက်၍ ပရိနိဗ္ဗာန်စံသွားသူ၏ ခေါင်းရိုးကို မန္တဖြင့်ခေါက်၍ မသိနိုင်မှ ထိုပညာကိုစွန့်ကာ ဘုရားရှင်ထံတွင် ရဟန်းပြု၏၊ ဝင်္ဂီသမထေရ်သည် ဝိပဿနာပွါး၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ဘုရားရှင်အား ဥပမာအမျိုးမျိုးဖြင့် ချီးကျူးရွတ်ဆိုသော

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ဂါထာများ, ထိုမထေရ်၏ အရဟတ္တဖိုလ်ရပြီးမှ ရှေးနောက်အခါတို့၌ ထိုထိုစိတ်ဖြစ်ပုံကိုအစွဲပြု၍ မထေရ်ကိုရည်စူးလျက် သျှင်အာနန္ဒာ အစ ရှိသော မထေရ်တို့ ရွတ်ဆိုသော ဂါထာများ .... .... | ၁၇၃ |

ထေရဂါထာမာတိကာ ပြီး၏။

---

## ထေရီဂါထာပါဠိတော် မြန်မာပြန် မာတိကာ

### ၁-ဧကကနိပါတ်

**၁-အညတရာထေရီဂါထာ**

ဝေသာလီမင်းသမီး ထေရီကာသည် အိမ်ထောင်ပြုပြီးမှ ဝေသာလီပြည်သို့ ဘုရားရှင် ကြွလာစဉ် ဥပါသိကာမအဖြစ်သို့ ရောက်၏၊မိထွေးတော် ဂေါတမီထံတွင် ရဟန်းပြုလိုသော်လည်း လင့်ထံမှ အခွင့်မရ၊ တနေ့တွင် မီးဖိုချောင်၌ ဟင်းချက်စဉ် ဝိပဿနာပွါး၍ အနာဂါမ်အဖြစ်သို့ ရောက်မှ အခွင့်ရ ရဟန်းပြုကာ ဘုရားရှင့်ထံသို့ ရောက်သောအခါ တရားတော် နာရသည့် အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုအခါ ရွတ်ဆိုဥဒါန်းကျူးသော ဂါထာ .... .... ၁၈၃

**၂-မုတ္တာထေရီဂါထာ**

ပုဏ္ဏားသူကြွယ်သမီး မုတ္တာသည် အသက် ၂၀-တွင် မိထွေးတော် ဂေါတမီထံ၌ ရဟန်းပြု၍ ဝိပဿနာပွါးနေစဉ် ဂန္ဓကုဋီမှ ဘုရားရှင် ကိုယ်တော်တိုင် ရောင်ခြည်တော်လွှတ်ကာ ဩဝါဒပေးတော်မူရာ ထို ဩဝါဒ၌ တည်လျက် ကြိုးစားသဖြင့် မကြာမီ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုအခါ ဘုရားရှင် ဩဝါဒပေးတော်မူသည့် အတိုင်း ဥဒါန်းကျူးရင့် (ရွတ်ဆို) သော ဂါထာ .... .... ၁၈၃

**၃-ပုဏ္ဏာထေရီဂါထာ**

သူကြွယ်သမီး ပုဏ္ဏာသည် အသက် ၂၀-တွင် မိထွေးတော်ဂေါတမီထံ၌ ရဟန်းပြု၍ ဝိပဿနာပွါးနေစဉ် ဂန္ဓကုဋီမှ ရောင်ခြည်တော် လွှတ်ကာ ဩဝါဒပေးတော်မူရာ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ ဥဒါန်းကျူးရင့် (ရွတ်ဆို)သော ဂါထာ .... .... ၁၈၃

**၄-တိဿာထေရီဂါထာ**

သာကီဝင်မင်းသမီးဘုရားအလောင်း၏ ရံရွေတော်ဖြစ်ခဲ့သော တိဿာသည် မိထွေးတော်ဂေါတမီနှင့်အတူ လူ့ဘောင်မှ ထွက်ခွါ ရဟန်းပြု၍

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝိပဿနာပွါးစဉ် ဂန္ဓကုဋိမှ ရောင်ခြည်တော်လွှတ်ကာ ဩဝါဒပေးတော်မူရာ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ ဥဒါန်းကျူးရင့် (ရွတ်ဆို) သော ဂါထာ .... .... | ၁၈၄ |
| ၅-အညတရတိဿာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော် ဖြစ်ခဲ့သော တိဿာ (တဦး)သည် လည်း ယခင် တိဿာနည်းအတိုင်း ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ .... .... | ၁၈၄ |
| ၆-ဓီရာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော်ဖြစ်ခဲ့သော ဓီရာသည်လည်း ဤနည်း တူ ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ.... | ၁၈၄ |
| ၇-ဝီရာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော်ဖြစ်ခဲ့သော ဝီရာသည်လည်း ဤနည်း တူ ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ .... | ၁၈၄ |
| ၈-မိတ္တာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော် ဖြစ်ခဲ့ဘူးသော မိတ္တာသည်လည်း ဤနည်းတူ ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ .... .... | ၁၈၄ |
| ၉-ဘဒြာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော်ဖြစ်ခဲ့ဘူးသော ဘဒြာသည်လည်း ဤနည်းတူ ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ .... .... | ၁၈၄ |
| ၁၀-ဥပသမာထေရီဂါထာ | | |
| | ဘုရားအလောင်း၏ ရံရွေတော်ဖြစ်ခဲ့ဘူးသော ဥပသမာသည်လည်း ဤနည်းတူ ရဟန်းပြု အရဟတ္တဖိုလ်သို့ ရောက်၍ ဥဒါန်းကျူးရင့်သော ဂါထာ .... .... | ၁၈၅ |
| ၁၁-မုတ္တာထေရီဂါထာ | | |
| | ဆင်းရဲသားပုဏ္ဏားအသမီး မုတ္တာသည် ခါးကုန်းသော ပုဏ္ဏားနှင့် အိမ်ထောင်ပြုရသည်ကို မနှစ်သက်သဖြင့် ခွင့်တောင်းကာ ရဟန်းပြု ဝိပဿနာကို ပွါးရာတွင် အပြင်အာရုံသို့ ပြေးသွားသောစိတ်ကို ဖိနှိပ်၍ ကြိုးစားအားထုတ်မှ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူးရင့်သော ဂါထာ .... .... | ၁၈၅ |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

**၁၂-ဓမ္မဒိန္နာထေရီဂါထာ**

ဝိသာခသူဌေးကတော် ဓမ္မဒိန္နာသည် အနာဂါမ်တည်သော လင်သူဌေးကို အားကျ၍ ရဟန်းပြုပြီးလျှင် ဆိတ်ငြိမ်ရာရွာကျောင်း၌ တရားကို အားထုတ်ရာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ဓမ္မကထိကဧတဒဂ်ကိုလည်း ရရှိ၏၊ ထိုမထေရ်မ ရွတ်ဆိုသောဂါထာ .... ၁၀၅

**၁၃-ဝိသာခါထေရီဂါထာ**

ဓီရာထေရီနှင့် အလားတူ ရဟန်းပြု၍ ရဟန္တာဖြစ်လာသော ဝိသာခါ ထေရီသည် ရဟန္တာဖြစ်၍ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ရွတ်ဆိုသော ဂါထာ .... .... ၁၀၅

**၁၄-သုမနာထေရီဂါထာ**

တိဿာထေရီနှင့် အလားတူ ရဟန်းပြု၍ တရားအားထုတ်နေစဉ် ဘုရားရှင် ရောင်ခြည်တော်လွှတ်၍ တရားဟောတော်မူရာ ဂါထာဆုံးသည် နှင့် တပြိုင်နက် ရဟန္တာဖြစ်၏၊ ထိုမထေရ်မ ရွတ်ဆိုသော ဂါထာ .... ၁၀၆

**၁၅-ဥတ္တရာထေရီဂါထာ**

တိဿာထေရီနှင့် အလားတူ ရဟန်းပြု၍ တရားအားထုတ်နေစဉ် ဘုရားရှင် ရောင်ခြည်တော်လွှတ်၍ ဟောပြသော ဂါထာအဆုံး၌ ရဟန္တာဖြစ်၏၊ ထိုမထေရ်မ ဥဒါန်းကျူးရင့်သော ဂါထာ .... ၁၀၆

**၁၆-ဝုဍ္ဎပဗ္ဗဇိတသုမနာထေရီဂါထာ**

မဟာကောသလမင်း၏ နှစ်မတော် သုမနာသည် ရဟန်းပြုလိုသော်လည်း အဖွားကို ပြုစုနေရသဖြင့် အချိန်လွန်မှ အဖိုးတန်အခင်းအရံတို့ကို သံဃာအား လှူဒါန်း၍ ရဟန်းပြုကာ ဘုရားရှင့်ထံ တရားနာရ၍ အနာဂါမ်တည်လေ၏၊ ထိုအခါမှ ရဟန်းပြုလျက် ဘုရားရှင်၏ တရားတော်ကို တဖန်နာယူရသည်၏အဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်ရသည်တွင် ဘုရားရှင် ဟောတော်မူသော ဂါထာအတိုင်း ဥဒါန်း ကျူးရင့်သောဂါထာ .... .... ၁၀၇

**၁၇-ဓမ္မာထေရီဂါထာ**

သာဝတ္ထိမြို့ အမျိုးသမီးဓမ္မာသည် အိမ်ထောင်ပြုပြီးမှ သဒ္ဓါတရား ဖြစ်၍ ရဟန်းပြုလိုသော်လည်း အခွင့်မရ လင်သေမှ အခွင့်ရ၍ ရဟန်း ပြုကာ တရားအားထုတ်နေစဉ် တနေ့သ၌ ဆွမ်းခံသွားရင်း လဲကျ၍ ထို အာရုံကို ဝိပဿနာတင်ကာ ပွါးများသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ရ၍ ဥဒါန်းကျူးသောဂါထာ .... .... ၁၀၇

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၈-သံသာထေရီဂါထာ

မိလုထေရီနှင့်အလားတူ ရဟန်းပြု ရဟန္တာဖြစ်၍ ရွတ်ဆိုသော ဂါထာ .... .... ၁၀၆

ဧကကနိပါတ်မာတိကာ ပြီး၏။

---

## ၂-ဒုကနိပါတ်

၁-အဘိရူပနန္ဒာထေရီဂါထာ

ခေမကသာကီဝင်မင်း၏ သမီးတော် အလွန်အဆင်းလှသော နန္ဒာသည် အရွယ်ရောက်၍ ထိမ်းမြားမည့်နေ့တွင် သတို့သားသေဆုံးသဖြင့် မိဘတို့က ရဟန်းပြုစေ၏၊ အဆင်းမာန်တက်၍ ဘုရားထံမသွားပဲနေရာ တနေ့တွင် မိမိအလှည့်ကျ၍ ဘုရားထံရောက်သောအခါ တန်ခိုးတော်ဖြင့် ဖန်ဆင်းသော ရုပ်ကောင်ကိုပြ၍ တရားဟောရာ ဂါထာအဆုံး၌ ရဟန္တာဖြစ်လေ၏၊ ထိုထေရီမအား ဘုရားရှင်ဟောကြားသောဂါထာများ .... ၁၀၇

၂-ဇေန္တာထေရီဂါထာ

လိစ္ဆဝီမင်းသမီးဇေန္တာသည် အဘိရူပနန္ဒာနှင့် အတိတ်ပစ္စုပ္ပန်အလုံးစုံ တူ၏၊ (ထူးသည်ကား)ဘုရားရှင်၏ တရားတော်ကို နာရသည့် အဆုံးတွင် အရဟတ္တဖိုလ်သို့ရောက်၍ မိမိရရှိသော တရားထူးကို ဆင်ခြင်ကာ ပီတိအစွမ်းဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၁၀၇

၃-သုမင်္ဂလမာတာထေရီဂါထာ

သုမင်္ဂလရဟန္တာ၏ မိခင်ဖြစ်သော သုမင်္ဂလမာတာသည် ဘိက္ခုနီမ တို့ထံတွင် ရဟန်းပြု၍ တရားအားထုတ်နေစဉ် ထနေ့သ၌ လူ့ဘဝက ဆင်းရဲဒုက္ခရောက်ခဲ့ရသည်တို့ကို ဆင်ခြင်ကာ သံဝေဂဖြစ်ပွါးသဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူးသော ဂါထာများ .... .... ၁၀၇

၄-အဍ္ဎကာသိထေရီဂါထာ

သူကြွယ်သမီးအဍ္ဎကာသိသည် ရွှေဝစီကံဆိုးကြောင့် ပြည့်တန်ဆာမ ဖြစ်ရ၏၊ နောင်အခါ ဝိနည်းခန္ဓက၌ လာသည့်အတိုင်း တမန်လွှတ်ခြင်း ဖြင့် ရဟန်းဖြစ်ခဲ့၏၊ ရဟန်းဖြစ်၍ ဝိပဿနာကို ပွါးသည်တွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူး သောဂါထာများ .... .... ၁၀၈

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅-စိတ္တာထေရီဂါထာ | သူကြွယ်သမီးစိတ္တာသည် ဘုရားရှင် ရာဇဂြိုဟ်မြို့သို့ ဝင်သောအခါ သဒ္ဓါတရားဖြစ်ခဲ့၍ နောင် မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြုငြီး၊ အိုမင်းသောအခါ ဂိဇ္ဈကုဋ်တောင်ပေါ်သို့တက်၍ ဝိပဿနာပွါးသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ မိမိ၏ ပဋိပတ်ကို ဆင်ခြင်ကာ ရွတ်ဆိုသောဂါထာများ .... .... | ၁၈၈ |
| ၆-မေတ္တိကာထေရီဂါထာ | သူကြွယ်သမီးမေတ္တိကာသည် စိတ္တာနည်းတူ ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ မိမိပဋိပတ်ကို ဆင်ခြင်ကာ ဥဒါန်းကျူးသောဂါထာများ .... .... | ၁၈၈ |
| ၇-မိတ္တာထေရီဂါထာ | သာကီဝင်မင်းသမီး မိတ္တာသည် ဘုရားရှင့်ထံ တရားနာပြီးနောက် မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြု ဝိပဿနာကိုပွါးရာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသောဂါထာများ .... .... | ၁၈၈ |
| ၈-အဘယမာတုထေရီဂါထာ | ဗိမ္ဗိသာရမင်းကြီး၏ သားတော် အဘယမင်းသား(အဘယထေရ်)၏ မယ်တော် အဘယမာတာသည် သားထံတွင် တရားနာ၍ သဒ္ဓါဖြစ်ကာ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၍ ဝိပဿနာပွါးရာ မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏၊ ထိုအခါ သားရဟန်းဟောကြားသောဂါထာအတိုင်း ဥဒါန်းကျူး ရွတ်ဆိုသောဂါထာများ .... .... | ၁၈၉ |
| ၉-အဘယာထေရီဂါထာ | အဘယမာတာထေရီ၏ မိတ်ဆွေဖြစ်သော အဘယာသည် မိတ်ဆွေထေရီမ ရဟန်းပြုသောအခါ အတူရဟန်းပြု၍ ရာဇဂြိုဟ်မြို့၌ နေစဉ် တနေ့သ၌ အသုဘရှုရန် တမာတောသို့သွား၏၊ ဘုရားရှင်သည် ဂန္ဓကုဋိမှ နေ၍ ထိုမထေရ်မရှေ့တွင် ဥဒ္ဓုမာတကအဖြစ်ကို ထင်စေတော်မူ၍ သံဝေဂဖြစ်ပွါးမှ ရောင်ခြည်တော်လွှတ်ကာ တရားဟောတော်မူသည်တွင် တရားဂါထာအဆုံး၌ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ထိုဂါထာအတိုင်း ဥဒါန်းကျူးသောဂါထာများ .... .... | ၁၈၉ |
| ၁၀-သာမာထေရီဂါထာ | သာမာဝတီမိဖုရား၏ အဆွေဖြစ်သော သာမာသည် သာမာဝတီမိဖုရား ကွယ်လွန်သောအခါ သံဝေဂဖြစ်၍ ရဟန်းပြု၏၊ သာမာဝတီ | |

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိဖုရားကို စွဲ၍ ဖြစ်သော သောကကို မဖျောက်နိုင်ပဲရှိနေစဉ် အသျှင်အာနန္ဒာ၏ ဩဝါဒကို နာရသဖြင့် ၇-ရက်မြောက်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ရလေ၏၊ ထိုအခါ ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၁၇၉ |

ဒုကနိပါတ်မာတိကာ ပြီး၏။

---

## ၃-တိကနိပါတ်

| | | |
|---|---|---|
| ၁-အပရသာမာထေရီဂါထာ | | |
| | သာမာဝတီမိဖုရား၏ အဆွေတဦးဖြစ်သော သာမာသည်လည်း မိတ်ဆွေကွယ်လွန်သောအခါ သံဝေဂဖြစ်၍ ရဟန်းပြု၏၊ နှစ်ဆယ့်ငါးနှစ်ပတ်လုံး စိတ်တည်ကြည်မှုမရပဲ အိုမင်းသောအခါမှ ဘုရားရှင်၏ ဩဝါဒကိုရ၍ ဝိပဿနာပွါးသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ.... | ၁၈၁ |
| ၂-ဥတ္တမာထေရီဂါထာ | | |
| | သူဌေးသမီး ဥတ္တမာသည် ပဋာစာရီထေရီမ၏ထံတွင် တရားနာရ၍ ရဟန်းပြုကာ ဝိပဿနာပွါးသော်လည်း မဂ်ဖိုလ်အပြီးအဆုံးသို့ မရောက်နိုင်ပဲရှိနေသည်တွင် သူ၏စိတ်ဖြစ်ပုံကိုသိသော ပဋာစာရီက ဩဝါဒပေးမှ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၍ မိမိ၏ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးရွတ်ဆိုသောဂါထာများ .... .... | ၁၈၁ |
| ၃-အပရာဥတ္တမာထေရီဂါထာ | | |
| | ပုဏ္ဏားသူကြွယ်သမီး ဥတ္တမာသည် ဒေသစာရီ လှည့်လည်လာသော ဘုရားရှင့်ထံတွင် တရားနာရ၍ ရဟန်းပြု မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူးရွတ်ဆိုသောဂါထာများ .... | ၁၈၁ |
| ၄-ဒန္တိကာထေရီဂါထာ | | |
| | ပုရောဟိတ်ပုဏ္ဏား၏သမီး ဒန္တိကာသည် မိထွေးတော် ဂေါတမီထံတွင် ရဟန်းပြု၍ ရာဇဂြိုဟ်မြို့၌နေစဉ် တနေ့သ၌ ဆွမ်းစားပြီးနောက် ဂိဇ္ဈကုဋ်တောင်ပေါ်တွင် နေ့သန့်စင်ခိုက် ဆင်ဆရာက ဆင်ကိုအမိန့်ပေးပုံ လိုက်နာပုံကိုမြင်ရသဖြင့် ဝိပဿနာပွါး၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏၊ ထိုအခါ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသောဂါထာများ .... | ၁၈၂ |
| ၅-ဥဗ္ဗိရိထေရီဂါထာ | | |
| | ကောသလမင်း၏မိဖုရားဥဗ္ဗိရိသည် သမီးကလေးဇီဝါ ကွယ်လွန်သဖြင့် သုသာန်သို့ နေ့စဉ်သွားကာ ငိုကြွေးနေသည်ကို ဂန္ဓကုဋိမှ ဘုရားရှင် | |

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မြင်တော်မူ၍ ကိုယ်ထင်ပြတော်မူပြီးလျှင် တရားဟောတော်မူရာ ဝိပဿနာပွါးလျက် မင်္ဂအစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ ရရှိသော တရားထူးကိုပြလျက် ရွတ်ဆိုသောဂါထာများ .... .... | ၁၉၂ |
| ၆-သုက္ကာထေရီဂါထာ | | |
| | သူကြွယ်သမီးသုက္ကာသည် ဘုရားရှင် ရာဇဂြိုဟ်မြို့သို့ ဝင်ကြွတော်မူသောအခါ သဒ္ဓါတရားဖြစ်၍ နောင် ဓမ္မဒိန္နာထေရီ၏ထံတွင် တရားနာရာ သံဝေဂဖြစ်လျက် ထိုထေရီမ၏ထံ၌ပင်ရဟန်းပြု ဝိပဿနာပွါးကာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်၏။ ဓမ္မကထိကဖြစ်၍ တရားနာရသော ရုက္ခစိုဝ်းနတ်ရွတ်သောဂါထာနှင့် ထေရီမပရိနိဗ္ဗာန်ပြုခါနီး ရွတ်သော ဂါထာများ .... .... | ၁၉၃ |
| ၇-သေလာထေရီဂါထာ | | |
| | အာဠဝီမင်းသမီး သေလာသည် အဖမင်းကြီးနှင့်အတူ ဘုရားရှင့်ထံမှ တရားနာရ၍ ဥပါသိကာဖြစ်ပြီးလျှင် နောင် ဘိက္ခုနီမတို့ထံတွင် ရဟန်းပြု ဝိပဿနာပွါးရာ မကြာမီ ရဟန္တာ ဖြစ်၏။ သာဝတ္ထိမြို့၌နေစဉ် မာရ်နတ်လာ၍ ဖြားယောင်းသည်တွင် ပြန်လှန် ခြိမ်းခြောက်သောအားဖြင့် ရွတ်ဆိုသော ဂါထာများ .... .... | ၁၉၃ |
| ၈-သောမာထေရီဂါထာ | | |
| | ပုရောဟိတ်သမီး သောမာသည် ရာဇဂြိုဟ်မြို့သို့ ဘုရားအကြွတွင် ဥပါသိကာဖြစ်ပြီးလျှင် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြု၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်၏၊ သေလာကဲ့သို့ မာရ်နတ်လာ၍ ဖြားယောင်းသည်တွင် ပြန်လှန်မောင်းမဲသော ဂါထာများ .... .... | ၁၉၃ |


ထိကနိပါတ်မာတိကာ ပြီး၏။

---

## ၄-စတုက္ကနိပါတ်


| | | |
|---|---|---|
| ၁-ဘဒ္ဒကာပိလာနီထေရီဂါထာ | | |
| | သျှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်နှင့်အတူ တောထွက်ခဲ့၍ ငါးနှစ်ပတ်လုံး တိတ္ထိကျောင်း၌နေခဲ့သော ဘဒ္ဒကာပိလာနီသည် နောင်အခါ မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင် မကြာမီ ရဟန္တာဖြစ်ပြီးနောက် ပုဗ္ဗေနိဝါသာနုဿတိအရာတွင် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခံရ၏၊ တနေ့သ၌ သျှင်မဟာကဿပ၏ ဂုဏ်ချီးကျူးမှုကို အစွဲပြုကာ မိမိ၏ ပြုအပ်သောကိစ္စ ပြီးစီးကြောင်း ဥဒါန်းကျူးသော ဂါထာများ .... .... | ၁၉၅ |


စတုက္ကနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၅-ပဉ္စကနိပါတ်

၁-အညတရာထေရီဂါထာ

မိထွေးတော်ဂေါတမီ၏ နို့ထိန်းဖြစ်သော အမျိုးသမီး တဦးသည် မိထွေးတော်ဂေါတမီနှင့်အတူ ရဟန်းပြု၍ ၂၅-နှစ်ပတ်လုံး ကာမရာဂ၏ နှိပ်စက်ခြင်းကြောင့် စိတ်တည်ငြိမ်ခွင့်မရသဖြင့် ငိုကြွေးကာ ဓမ္မဒိန္နာထေရီ ထံတွင် တရားနာရမှ တရားအားထုတ်နိုင်၍ မကြာခင် ရဟန္တာ ဖြစ်လေ ၏၊ ထိုအခါ မိမိ၏ပဋိပတ်ကိုဆင်ခြင်လျက် ဥဒါန်းကျူးသော ဂါထာများ.... ၁၉၆

၂-ဝိမလာထေရီဂါထာ

ရုပ်အဆင်းကိုမှီ၍ အသက်မွေးရသော ဝိမလာသည် သျှင်မဟာ-မောဂ္ဂလ္လာန်ဆွမ်းခံကြွလာစဉ်မြင်၍ တပ်မက်သောစိတ်ဖြစ်ကာ မထေရ်၏ နေရာသို့ လိုက်သွား၍ ဖြားယောင်းရာတွင် မထေရ်က အသုဘတရားဖြင့် ခြိမ်းခြောက်၍ ဆုံးမတော်မူ၏၊ ထိုဆုံးမချက်အရ သံဝေဂဖြစ်ပြီးလျှင် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုလျက် တရားအားထုတ်သည်တွင် မကြာခင် ရဟန္တာဖြစ်၍ မိမိပဋိပတ်ကိုဆင်ခြင်ကာ ဥဒါန်းကျူးသောဂါထာများ .... ၁၉၆

၃-သီဟာထေရီဂါထာ

သီဟစစ်သူကြီး၏တူမ သီဟာသည် ဦးရီးစစ်သူကြီးအား ဘုရားရှင် တရားဟောသည်ကို နာရ၍ မိဘတို့ထံခွင့်တောင်း ရဟန်းပြုကာ ဝိပဿနာ ကိုအားထုတ်သော်လည်း စိတ်ကိုမနိုင်သဖြင့် ၇-နှစ်ပတ်လုံး စိတ်သက်သာ ခွင့်ကိုမရသောကြောင့် ကြိုးဆွဲချသေတော့မည်ဟု သစ်ကိုင်းတွင် ကြိုး ချည်၍ လည်ကိုအစွပ်တွင် ဝိပဿနာဉာဏ်ဖြစ်ပွါး တရားသက်ဝင်၍ ပဋိ-သမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်လေ၏။ ကြိုးကွင်းလည်း လည်မှ ကျွတ်သွားလေ၏၊ ထိုအခါ ဥဒါန်းကျူးသော ဂါထာများ .... .... ၁၉၇

၄-သုန္ဒရီနန္ဒာထေရီဂါထာ

ဇနပဒကလျာဏီဟူ၍၎င်း၊ နန္ဒာဟူ၍၎င်း အမည်တွင်သော သုန္ဒရီ နန္ဒာသည် ဆွေတော်မျိုးတော်များ ရဟန်းပြုကုန်ကြသဖြင့် သဒ္ဓါမပါပဲ ဆွေမျိုးစိတ်ဖြင့် ရဟန်းပြု၏။ အဆင်းမာန်တက်၍ တရားမရ ဘုရားရှင်က နိမ္မိတရုပ်အသွင် ဖန်ဆင်း၍ တရားဟောတော်မူမှ တရားအဆုံးတွင် ရဟန္တာဖြစ်၍ မိမိ၏ပဋိပတ်ဆင်ခြင်ကာ ဥဒါန်းကျူးသောဂါထာများ .... ၁၉၇

၅-နန္ဒုတ္တရာထေရီဂါထာ

ပုဏ္ဏားအမျိုးသမီး နန္ဒုတ္တရာသည် ဝိဇ္ဇာသိပ္ပဆိုင်ရာများကို သင်ကြား တတ်မြောက်၍ ဇမ္ဗူဒိပ်အတွင်းလှည့်လည်ကာ ဝါဒပြိုင်ဘက်ရှာနေဆဲတွင် သျှင်မောဂ္ဂလ္လာန်ထံသို့ရောက်၍ ပြဿနာမေးသည်တွင် မထေရ်၏ဩဝါဒ၌

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

တည်၍ ရဟန်းပြုကာ ရဟန်းတရား ပွါးများလျှင် မကြာခင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိပဋိပတ်ကို ဆင်ခြင်၍ ဥဒါန်းကျူးသောဂါထာများ .... .... ၁၉၈

၆-မိတ္တာကာဠီထေရီဂါထာ

ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ မဟာသတိပဋ္ဌာန်တရားကို ဟောကြားရာတွင် သဒ္ဓါတရားဖြစ်၍ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုခဲ့သော မိတ္တာကာဠီသည် ၇-နှစ်ပတ်လုံး လာဘ်ပူဇော်မှုကို တပ်မက်၍နေခဲ့ရာ နောင်သံဝေဂဖြစ်ပွါး တရားအားထုတ်လျှင် မကြာခင်ရဟန္တာဖြစ်၏၊ထိုအခါ မိမိပဋိပတ်ကို ဆင်ခြင်၍ ဥဒါန်းကျူးသောဂါထာများ .... .... ၁၉၈

၇-သကုလာထေရီဂါထာ

ပုဏ္ဏားအမျိုးသမီး သကုလာသည် ဇေတဝန်ကျောင်းတော် အလှူပွဲတွင် ဥပါသိကာ ဖြစ်ပြီးနောက် ရဟန္တာတပါးထံ၌ တရားနာရ၍ ရဟန်းပြုပိပဿနာပွါးသည်တွင် မကြာခင် ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသော ဂါထာများ .... .... ၁၉၉

၈-သောဏာထေရီဂါထာ

သားဆယ်ယောက်ရပြီးမှ လင်ရဟန်းပြုလျှင် ဥစ္စာဟူသမျှကို ခွဲဝေပေးခဲ့၍ ရဟန်းပြုလာသော သောဏာအမျိုးသမီးကြီးသည် ပြင်းပြင်းထန်ထန် တရားကို အားထုတ်ရာ ဘုရားရှင် မြင်တော်မူ၍ ဂန္ဓကုဋိမှနေလျက်ပင် ရောင်ခြည်တော်လွှတ်ကာ တရားဟောတော်မူသောအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ တနေ့သ၌ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးသော ဂါထာများ .... .... ၂၀၀

၉-ဘဒ္ဒါကုဏ္ဍလကေသာထေရီဂါထာ

သူဌေးသမီးဘဒ္ဒါသည် လင်ခိုးသားကြီးကို ချောက်ကမ်းပါးမှ တွန်းချခဲ့၍ နိဂဏ္ဌတို့ထံတွင် ဆံပင်ကို ထန်းစေ့မှုတ်ဖြင့် နုတ်ခံကာ ရဟန်းပြု၏၊ နောက်မှ ဆံပင်တိုးပွါး၍ ကုဏ္ဍလကေသာမည်ခဲ့၏။နိဂဏ္ဌတို့ထံမှ ထွက်ခွါ၍ ပညာအမျိုးမျိုးကို သင်ကြားကာ ပညာစွမ်းပြရန် လှည့်လည်ရင်း သာဝတ္ထိပြည်သို့ ရောက်သောအခါ သျှင်သာရိပုတြာနှင့် ပဌမတွေ့၍ ပညာစမ်းသည်တွင် ရှုံးလေ၏၊ နောက်ဘုရားရှင်ထံရောက် တရားဟောတော်မူသောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်မှ ရဟန်းပြု၍ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးသောဂါထာများ .... .... ၂၀၀

၁၀-ပဋာစာရီထေရီဂါထာ

သာဝတ္ထိသူဌေးသမီး ပဋာစာရီသည် အိမ်တွင်းအမှုထမ်းတယောက်နှင့် အိမ်ထောင်ကျ၍ လင်နှင့်သားနှစ်ယောက်သေဆုံးသဖြင့်ရင်း မိဘသေဆုံး

http://www.dhammadownload.com




| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သပြင့်ရှင်း သောကရှုံးရှုံးကာ လှည့်လည်ပြေးသွားရင်း ဘုရားရှင် တရားဟောတော်မူရာသို့ ရောက်သွား၍ တရားနာယူ စိတ်ကောင်းဝင်လျက် ရဟန်းပြုသောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိပဋိပတ်ကို ဆင်ခြင်၍ ဥဒါန်းကျူးသောဂါထာများ — | ၂၀၁ |
| ၁၁-တိံသမတ္တာထေရီဂါထာ | | |
| | အမျိုးသမီး ၃၀-တို့သည် ပဋာစာရီထေရီထံတွင် တရားနာယူ၍ ရဟန်းပြုကြပြီးလျှင် ဝတ်ပဋိပတ်တို့ကို ဖြည့်ကျင့်နေကြစဉ် ထိုအမျိုးသမီးတို့အား သြဝါဒပေး၏၊ ထိုသြဝါဒ၌တည်ကာ ဝိပဿနာပွါးကြသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကြ၍ ရွတ်ဆိုကြသောဂါထာများ .... | ၂၀၁ |
| ၁၂-စန္ဒာထေရီဂါထာ | | |
| | ပုဏ္ဏားအမျိုးသမီးစန္ဒာသည် စည်းစိမ်ဥစ္စာနှင့် ဆွေမျိုးများပျက်စီးခြင်းကြောင့် ဆင်းရဲနွမ်းပါးခက်လက်စွာကာ တောင်းစားရလေ၏၊ တနေ့သ၌ ပဋာစာရီထေရီ၏ ဆွမ်းကြွင်းစွန့်ရာသို့ ရောက်သွားသည်တွင် ဘိက္ခုနီမတို့က သနားသဖြင့် ကျွေးမွေးကြ၏၊ သူသည် ဘိက္ခုနီမတို့ကို ကြည်ညို၍ တရားနာယူ သံဝေဂဖြစ်ပွါးလျက် ရဟန်းပြုပြီး၍ ဘာဝနာကိုကြိုးစားသည်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိပဋိပတ်ကို ဆင်ခြင်၍ ရွတ်ဆိုသောဂါထာများ .... .... | ၂၀၂ |


ပဉ္စကနိပါတ်မာတိကာ ပြီး၏။

---

## ၆-ဆက္ကနိပါတ်


| | | |
|---|---|---|
| ၁-ပဉ္စသတမတ္တာထေရီဂါထာ | | |
| | သားသေဆုံးသဖြင့် သောကကိုယ်စီ ဖြစ်နေကြသော အမျိုးသမီး ငါးရာတို့သည် သောကနှိပ်စက်ခြင်းခံရသဖြင့် ပဋာစာရီ ထေရီထံသို့ ချဉ်းကပ်၍ သောကပျောက်ကြောင်းကို လျှောက်ကြသည်တွင် တရားဟောပြ၍ သံဝေဂဖြစ်ကာ ရဟန်းပြုကြ၍ တရားအားထုတ်ကြလျှင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကြ၏၊ ထိုအခါ ဥဒါန်းကျူးသော ဂါထာများ .... .... | ၂၀၃ |
| ၂-ဝါသေဋ္ဌီထေရီဂါထာ | | |
| | အမျိုးသမီးဝါသေဋ္ဌီသည် မတ်တတ်ပြေး သားကလေး ကွယ်လွန်ရာ သောကအားကြီး၍ ရူးလေ၏၊ ဆေးကုသနေဆဲတွင် ထွက်ပြေး၍ မိထိလာမြို့သို့ ရောက်သောအခါ ဘုရားရှင်နှင့် တွေ့ရသည်တွင် ဘုရား၏ အာနု- | |

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဘော်ကြောင့် အရွှးပျောက်ကင်းလျက် အကျဉ်းချုပ်တရားကို နာရသဖြင့် ရဟန်းပြု ဝိပဿနာပွါးရာ မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ ဥဒါန်းကျူးသောဂါထာများ .... .... ၂၀၃

၃-ခေမာထေရီဂါထာ

ဗိမ္ဗိသာရမင်းကြီး၏မိဖုရား ခေမာသည် အဆင်းမာန်ယစ်၍ ဘုရားရှင်ထံ မသွားပဲနေရာ ဘုရင်၏အမိန့်ဖြင့် ဘုရားရှင်ထံသို့ ရောက်လျှင် နိမ္မိတရုပ်ဖန်ဆင်း၍ တရားဟောတော်မူသည်တွင် သောတာပန်တည် ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ မဟာပညာဧတဒဂ်ရရှိ၏၊ မာရ်နတ်ဖြားယောင်းလာသောအခါ မိမိ၏ ရာဂကင်းပုံနှင့် မာရ်နတ်၏ သဘောကိုပြကာ ရွတ်ဆိုသောဂါထာများ .... .... ၂၀၄

၄-သုဇာတာထေရီဂါထာ

သူဌေးသမီး သုဇာတာသည် အိမ်ထောင်ကျပြီးမှ တနေ့သ၌ လင်နှင့်အတူ အခြွေရံများပါ ဥယျဉ်သို့ နက္ခတ်ပွဲ ကစားရန်သွား၍ အပြန်တွင် မျက်စည်းညိုတော၌ ဘုရားရှင်ကို ဖူးမြင်ရ၍ တရားတော်ကိုနာပြီးသောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ပြီးမှ ရဟန်းပြု၏။ ထိုအခါ ပဋိပတ်ကို ဆင်ခြင်၍ ဥဒါန်းကျူးသောဂါထာများ .... .... ၂၀၅

၅-အနောပမာထေရီဂါထာ

သူဌေးသမီး အနောပမာသည် အရွယ်ရောက်သောအခါ မင်းသူဌေးအမတ်သားတို့က စေ့စပ်တောင်းဆို လာကြသည်ကို သံဝေဂဖြစ်ကာ ဘုရားရှင်ထံတွင် တရားနာရလျှင် တရားတော်သို့ အစဉ်လျှောက်၍ ဝိပဿနာပွါးရာ အနာဂါမ်တည်လေ၏၊ ထိုအခါမှ ရဟန်းပြု၍ ၇-ရက်မြောက်သောနေ့၌ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ဥဒါန်းကျူးသောဂါထာများ .... .... ၂၀၅

၆-မဟာပဇာပတိဂေါတမီထေရီဂါထာ

ဘိက္ခုနီမအဖြစ်သို့ရောက်ပြီးသော မိထွေးတော်ဂေါတမီသည် ဘုရားရှင့်ထံ ချဉ်းကပ်၍ တရားနာ ကမ္မဋ္ဌာန်းတောင်း အားထုတ်သည်တွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ နောက်ပါ ဘိက္ခုနီမငါးရာတို့သည်လည်း နန္ဒကောဝါဒဒေသနာအဆုံးတွင် အဘိညာဉ်ရ ဖြစ်ကြကုန်၏၊ ဂေါတမီထေရီသည် ရတ္တညူဧတဒဂ်ဖြင့် ချီးမြှင့်ခြင်းကို ခံရ၍ တနေ့သ၌ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်ကို ထုတ်ဖော်ချီးကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၂၀၆

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇-ဂုတ္တာထေရီဂါထာ | | |
| | ပုဏ္ဏားအမျိုးသမီး ဂုတ္တာသည် အရွယ်ရောက်သောအခါ အိမ်ထောင်မပြုလိုသဖြင့် မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြုကာ ဝိပဿနာပွါး၏၊ သို့ရာတွင် သမာဓိမရနိုင်ပဲရှိနေရာ ဘုရားရှင်က ရောင်ခြည်တော်လွှတ်၍ ၆-ဂါထာဖြင့် ဩဝါဒပေးတော်မူသောအခါ ဂါထာအဆုံးတွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ဘုရားရှင်ဩဝါဒပေးတော်မူသည့်အတိုင်း ရွတ်ဆိုသောဂါထာများ .... .... | ၂၀၇ |
| ၈-ဝိဇယာထေရီဂါထာ | | |
| | ခေမာထေရီနှင့် မိတ်ဆွေဖြစ်သော ဝိဇယာသည် ခေမာမိဖုရားကို အားကျကာ ခေမာထေရီထံတွင် ရဟန်းပြု၏၊ ခေမာထေရီသည် သူ၏ အဇ္ဈာသယအားလျော်စွာ တရားဟောကာ ဝိပဿနာပွါးစေသည်တွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၂၀၈ |

ဆက္ကနိပါတ်မာတိကာ ပြီး၏။

---

## ၇-သတ္တကနိပါတ်

| | | |
|---|---|---|
| ၁-ဥတ္တရာထေရီဂါထာ | | |
| | အမျိုးသမီးဥတ္တရာသည် ပဋာစာရီထေရီထံတွင် တရားနာရသဖြင့် ရဟန်းပြု၍ ဝိပဿနာပွါးလျှင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လေ၏၊ ထိုအခါဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... ..... | ၂၀၉ |
| ၂-စာလာထေရီဂါထာ | | |
| | သျှင်သာရိပုတြာ၏ နှမတော်စာလာသည် မောင်တော်ကြီး ဥပတိဿ ရဟန်းပြုသွားသောအခါ ငါလည်းရဟန်းပြုမည်ဟူသော ပြင်းထန်သော ဆန္ဒဖြင့် ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင် မကြာခင် ရဟန္တာဖြစ်လေ၏၊ နောက်အခါ အန္ဓဝနတောဌ်နေစဉ် မာရ်နတ်လာ၍ ဖြားယောင်းသွေးဆောင်လေရာ မိမိ၌ ရဟန်းကိစ္စပြီးနေပြီဖြစ်ကြောင်း မာရ်နတ်နှင့် အပြန်အလှန်ပြောဆိုကြပုံကို ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသော ဂါထာများ .... .... | ၂၀၉ |
| ၃-ဥပစာလာထေရီဂါထာ | | |
| | စာလာထေရီ၏ ညီမအရင်း ဥပစာလာသည်လည်း စာလာနည်းတူ ရဟန်းပြု ရဟန္တာဖြစ်ပြီးနောက် မာရ်နတ်နှင့်အပြန်အလှန် ပြောဆိုကြပုံကို ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... | ၂၁၀ |

သတ္တကနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

## ၈-အဋ္ဌကနိပါတ်

၁-သီဟာ ပစာလာထေရီဂါထာ

သျှင်သာရိပုတြာ၏ နှမတော် ၃-ပါးအနက် အငယ်ဆုံးဖြစ်သော သီသူပစာလာသည် အစ်မများနည်းတူ သျှင်သာရိပုတြာထံတွင် ရဟန်းပြု၍ ဝိပဿနာကိုပွါးများရာ မကြာခင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ရောက်လျှင် ဖလသမာပတ်ချမ်းသာကို ခံစားနေစဉ် တနေ့သ၌ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် ငါမှာ ရဟန်းကိစ္စပြီးပြီဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသောဂါထာများ .... .... ၂၁၂

အဋ္ဌကနိပါတ်မာတိကာ ပြီး၏။

---

## ၉-နဝနိပါတ်

၁-ဝဍ္ဎမာတုထေရီဂါထာ

ဝဍ္ဎမည်သော သားတယောက်မိခင် ဝဍ္ဎမာတာသည် သားကို ဆွေမျိုးတို့ထံအပ်ခဲ့၍ ဘိက္ခုနီမတို့ထံတွင် ရဟန်းပြုခဲ့၏၊ (ဝဍ္ဎထေရဂါထာတွင် ဆိုခဲ့ပြီးဖြစ်၏) သားရဟန်းက မယ်တော်ကိုဆုံးမသောဂါထာ မယ်တော် လျှောက်ထားပြန်ကြားသောဂါထာများ .... .... ၂၁၃

နဝနိပါတ်မာတိကာ ပြီး၏။

---

## ၁၀-ဧကာဒသနိပါတ်

၁-ကိသာဂေါတမီထေရီဂါထာ

သူဆင်းရဲအမျိုးသမီး ကိသာဂေါတမီသည် သားတယောက် မတ်တတ် ပြေးကလေး သေဆုံးရာတွင် စိတ်ဖောက်ပြန်ကာ သားရှင်ဘို့ဆေးကို လှည့်လည်တောင်းနေစဉ် ဘုရားရှင့်ထံရောက်သည်တွင် လူမသေဘူး သောအိမ်မှ မုံ့ညင်းစေ့ကို အရှာခိုင်း၍ လူမသေဘူးသောအိမ်မရှိ ကြောင်းသိမှ သားသေကိုစွန့်၍ ဘုရားရှင့်ထံတွင် တရားနာရာ သောတာပန်တည် ရဟန်းပြု ဝိပဿနာပွါးနေဆဲ ရောင်ခြည်တော်လွှတ်၍ တရားဟောတော်မူမှ ဂါထာအဆုံးတွင် ရဟန္တာဖြစ်၏၊ လူခစီဝရအရာတွင် ဧတဒဂ်ရရှိ၏၊ တနေ့သ၌ ပဋိပတ်ကို ဆင်ခြင်လျက် ကလျာဏမိတ်ဆွေ ကောင်းကို ချီးမွမ်းသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၂၁၄

ဧကာဒသနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com



အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ၁၁-ဒွါဒသနိပါတ်


**၁-ဥပ္ပလဝဏ္ဏာထေရီဂါထာ**

သူဌေးသမီးဥပ္ပလဝဏ္ဏာသည် အရွယ်ရောက်သောအခါ အလွန်အဆင်းလှသဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံးရှိ မင်း,သူဌေးတို့က တောင်းဆိုလာကြရာ အပေးခက်သောကြောင့် ရဟန်းပြုပါဟု အဖ၏တိုက်တွန်းချက်အရ ရဟန်းပြု၏၊ တနေ့သ၌ ဥပုသ်အိမ်တွင် ဆီမီးညှိထွန်းစဉ် မီးကိုကြည့်ကာ ဈာန်အခြေခံရလျက် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ တန်ခိုးအရာတွင် ဧတဒဂ်ရသူဖြစ်၏၊ တနေ့သ၌ ဂင်္ဂါတီရိယမထေရ်, မယ်တော်နှင့်သမီးတို့ လင်တူမယားဖြစ်ရပုံကို ရည်ရွယ်ကာ ကာမဂုဏ်အပြစ်ကို ဆင်ခြင်လျက် မာရ်နတ်ကို ခြိမ်းချောက်သောအားဖြင့် သိမ်းကျုံးရွတ်ဆိုသောဂါထာများ .... ၂၁၆


ဒွါဒသနိပါတ်မာတိကာ ပြီး၏။

---

## ၁၂-သောဠသနိပါတ်


**၁-ပုဏ္ဏာထေရီဂါထာ**

အနာထပိဏ်သူဌေး၏ ကျွန်မသမီး ပုဏ္ဏာသည် သီဟနာဒ· သုတ္တန်အဆုံး၌ သောတာပန်တည်ပြီးနောက် ပုဏ္ဏားတဦးကို ဆုံးမရာ၌ ချီးမွမ်းခံရ၍ ကျွန်အဖြစ်မှခွင့်လွှတ်ကာ ရဟန်းပြု ဝိပဿနာပွါးရာတွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်ကာ ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... ၂၁၈


သောဠသနိပါတ်မာတိကာ ပြီး၏။

---

## ၁၃-ဝီသတိနိပါတ်


**၁-အမ္ဗပါလီထေရီဂါထာ**

ဝေသာလီပြည် သရက်ပင်ရင်း၌ ဖွားမြင်လာသော အမ္ဗပါလီသည် အရုပ်အဆင်း အလွန်လှသဖြင့် များစွာသောမင်းသားတို့ သူ့ရသင့် ငါရသင့် ငြင်းခုန်ကြရာ ထိုရန်ကို ငြိမ်းစေခြင်းငှါ ပြည့်တန်ဆာမအရာ၌ ထားခြင်းကို ခံရလေ၏၊ သူသည် ဘုရားရှင်၌ ကြည်ညို၍ ကျောင်းဆောက်လှူဒါန်းကာ မိမိ၏သား ဝိမလကောဏ္ဍညမထေရ်ထံ တရားနာယူလျက် မိမိ၏ ဆိုမင်းပုံ၌ သင်္ခါရဖြစ်ပျက် ဝိပဿနာပွါးသည်တွင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ထိုအခါ မိမိ၏ပဋိပတ်ကို ဆင်ခြင်လျက် ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၂၂၀

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၂-ရောဟိနီထေရီဂါထာ

ပုဏ္ဏားသူကြွယ်သမီး ရောဟိနီသည် ဘုရားရှင်ထံတွင် တရားတော်ကို နာရ၍ သောတာပန်တည်ကာ မိဖတို့အား တရားဟောပြ သာသနာ၌ ကြည်ညိုစေပြီးလျှင် မိမိကိုယ်တိုင်လည်း ရဟန်းပြု၍ ဝိပဿနာပွါးသဖြင့် မကြာမီ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိ၏ ပဋိပတ်ကို ဆင်ခြင်လျက် မိမိ၏ ဖခင်နှင့် အပြန်အလှန် ပြောဆိုခဲ့သော အတိုင်း ဥဒါန်းကျူးသောဂါထာများ .... .... ၂၂၄

၃-စာပါထေရီဂါထာ

ဥပက၏ ဇနီး သုဘဒ္ဒ၏မယ်တော်ဖြစ်သော စာပါ (ဆာဝါ) သည် ဥပကထွက်ခွါသွားသောအခါ လောကကို ငြီးငွေ့သဖြင့် သားကလေးကို အဖိုးတို့ထံတွင် အပ်နှင်းခဲ့၍ သာဝတ္ထိပြည် ဘိက္ခုနီမတို့ထံ သွားရောက်ကာ ရဟန်းပြု ဝိပဿနာပွါးသည်တွင် မဂ်အစဉ်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုအခါ မိမိပဋိပတ်ကို ဆင်ခြင်၍ ရှေးအခါက ဥပကနှင့် ပြောဆိုကြသည့်အတိုင်း ဥဒါန်းကျူးသောအားဖြင့် တပေါင်းတည်း ရွတ်ဆိုသောဂါထာများ .... .... ၂၂၇

၄-သုန္ဒရီထေရီဂါထာ

ပုဏ္ဏားသမီးသုန္ဒရီသည် အဖဖြစ်သူရဟန်းပြုသွားသည်ကို အားကျကာ အမိထံမှ ရဟန်းပြုခွင့် တောင်း၍ ပစ္စည်းဥစ္စာတို့ကို စွန့်ပစ်ပြီးလျှင် ရဟန်းပြု၏၊ သိက္ခမာန်အဖြစ်နှင့်ပင် ဝိပဿနာပွါးရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ နောက်အဖို့၌ မိမိ၏ပဋိပတ်ကို ဆင်ခြင်ကာ အဖဖြစ်သူ ပြောခဲ့ဘူးသောဂါထာကို အစပြု၍ ဥဒါန်းကျူးသောဂါထာများ .... .... ၂၂၉

၅-သုဘာကမ္မာရဓီတုထေရီဂါထာ

ရှုပ်အဆင်းတင့်တယ်သော ရွှေပန်းထိမ်သည့်သမီးသုဘာသည် ဘုရားရှင်ရာဇဂြိုဟ်ပြည်သို့ကြွဝင်တော်မူသောအခါ ကြည်ညို၍ ဘုရားရှင့်ထံ ချဉ်းကပ်လေရာ သစ္စာလေးပါးတရားကိုနာရသဖြင့် သောတာပန်တည်လေ၏၊ နောက်မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြု၍ တရားအားထုတ်နေရာ ဣန္ဒြေရင့်ကျက်သည်အားလျော်စွာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်လေ၏၊ ထိုအခါ ရွတ်ဆိုသောဂါထာများ .... .... ၂၃၀

ဝီသတိနိပါတ်မာတိကာ ပြီး၏။

http://www.dhammadownload.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ၁၄-တိံသနိပါတ်

### ၁-သုဘာဇီဝကမ္ဗဝနိကာထေရီဂါထာ

ပုဏ္ဏားအမျိုးသမီးသုဘာသည် သံဝေဂရ၍ မိထွေးတော်ဂေါတမီထံတွင် ရဟန်းပြုကာ ဝိပဿနာပွါးရာ နှစ်ရက်သုံးရက်ဖြင့် အနာဂါမ်တည်လေ၏၊ တနေ့သော် လူရမ်းကားတဦးသည် ဇီဝကဥယျာဉ်၌ သွားနေသော သုဘာထေရီကိုမြင်၍ တပ်မက်စကားပြောသည်တွင် တရားပြ၍ တားမြစ်သော်လည်း မရသဖြင့် အလှဆုံးဖြစ်သော မျက်လုံးကို ထုတ်ဖောက်ပေးလိုက်မှ နောင်တရကာ ကန်တော့လေ၏၊ ဘုရားရှင့်ထံရောက်လျှင် မျက်စိပကတိအကောင်းဖြစ်ပြန်ပြီးနောက် တရားကိုအားထုတ်ရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ လူရမ်းကားနှင့် ပြောဆိုခဲ့သောစကားများကို ဥဒါန်းကျူးသောအားဖြင့် ရွတ်ဆိုသောဂါထာများ .... .... ၂၃၅

တိံသနိပါတ်မာတိကာ ပြီး၏။

---

## ၁၅-စတ္တာလီသနိပါတ်

### ၁-ဣသိဒါသီထေရီဂါထာ

ဥဇ္ဇေနီသူဌေးသမီး ဣသိဒါသီသည် အမျိုးတူယောကျာ်းနှင့် အိမ်ထောင်ပြုပြီးမှ လင်ကမနှစ်သက်၍ နှင်ထုတ်ခံရ၏၊ နောက်ထပ် လင်နှစ်ဆက်၏ စွန့်ပစ်ခြင်းကိုလည်း ခံရ၏၊ ထိုအခါ သံဝေဂရကာ အဖထံခွင့်တောင်း၍ ဇိနဒတ္တာထေရီထံတွင် ရဟန်းပြုကာ ဝိပဿနာပွါးသည်တွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏၊တနေ့သော် ဆွမ်းခံပြီးနောက် မဟာဂင်္ဂါမြစ်ကမ်း သဲပုံအစုဉ်ထိုင်၍ မိမိ၏အဆွေဗောဓိထေရီမက မေးသည်ကို ဖြေဆို၏၊ ထိုအမေးအဖြေများကို ဆက်စပ်ပြထားသော ဂါထာများ .... .... ၂၄၀

စတ္တာလီသနိပါတ်မာတိကာ ပြီး၏။

---

## ၁၆-မဟာနိပါတ်

### ၁-သုမေဓာထေရီဂါထာ

မန္တာဝတီမြို့ ဘုရင့်သမီးသုမေဓာသည် ငယ်စဉ်ကစ၍ ဘိက္ခုနီတို့ထံတွင် တရားနာရ၍ သံဝေဂရပြီးဖြစ်သည့်အတိုင်း အိမ်ထောင်မပြုပဲ ရဟန်းပြုရန် ခွင့်တောင်းရာ မိဘတို့ကခွင့်မပြုသဖြင့် မိမိကိုယ်တိုင်

http://www.dhammadownload.com



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | သန့်လျက်ဖြင့် ဆံပင်ကိုရိတ်ဖြတ်ကာ ခင်ပွန်းလောင်း မင်းသားအား ကာမဂုဏ်၏အပြစ်တို့ကို ဟောကြားပြီး ပဋိကူလကမ္မဋ္ဌာန်းကိုပွါး၍ ပဉ္စမဈာန်ကိုရရှိ၏၊ နောက်မှ ဘိက္ခုနီမကျောင်း၌ ရဟန်းပြု ဝိပဿနာပွါးသည်တွင် မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေ၏၊ ထိုအခါ မိမိ ပဋိပတ်ကို ဆင်ခြင်လျက် ယခင်ဖြစ်စဉ်ကို ပြန်လည်ဟောကြားသော ဂါထာများ .... .... | ၂၄၆ |

ထေရီဂါထာပါဠိတော် မြန်မာပြန်
မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများဖြစ်သည် ဟု သိမှတ်ရန်။

• ဤကဲ့သို့ ချရားပွင့်ကိုပြလျှင် ၎င်းချရားပွင့် ရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဖော်ပြထားသည် ဟု သိမှတ်ရန်။ အချို့နေရာ၌ ချရားပွင့်အစား ဂဏန်းဖြင့် ပြထားသည်–အဓိပ္ပါယ်အတူပင် ဖြစ်၏။

http://www.dhammadownload.com

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ထေရဂါထာပါဠိတော်

## မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### နိဒါနဂါထာ

တောင်ခေါင်းလိုဏ်ဂူ၌ နေကြကုန်သော အစွယ်ရှိသော ခြင်္သေ့တို့၏ ကျူးဝါးသံကဲ့သို့ (မင်္ဂလေးပါး တည်းဟူသော) အစွယ်ရှိကုန်သော ပွါးများအပ်ပြီးသည့် စိတ်ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ ကျူးဝါးသံဖြစ်ကုန်သော အကျိုးကို ဆောင်တတ်ကုန်သော ဂါထာတို့ကို နာကြကုန်။

အကြင် အကြင်(သုဘူတိ, မဟာကောဋ္ဌိကစသော ထင်ရှားသော) အမည်ရှိကုန်သော အကြင် အကြင်(ဂေါတမ, ကဿပ စသော ထင်ရှားသော) အနွယ်ရှိကုန်သော အကြင်သို့ သဘောရှိသော တရားဖြင့် နေလေ့ရှိကုန်သော အကြင် အကြင်သို့သော နှလုံးသွင်းခြင်း 'အဓိမုတ္တိ'ရှိကုန်သော (တိဟိတ် ပဋိသန္ဓေပညာ, ပါရိဟာရိကပညာ, ဘာဝနာပညာဖြင့်) ပညာရှိကုန်သော မထေရ်တို့သည် မပျင်းမရိ လုံ့လရှိကုန်လျက် နေတော်မူကြကုန်၏။

ထိုမထေရ်တို့သည် ထိုထို (သစ်ပင်ရင်း တောတောင်စသော ဆိတ်ငြိမ်ရာ) အရပ်တို့၌ (သမထဝိပဿနာ ဘာဝနာဖြင့်)ကောင်းစွာရှု၍ ရွေ့လျောခြင်းမရှိသော နိဗ္ဗာန်ကို မျက်မှောက်ပြုကာ မဂ်၏အဆုံးဖြစ်သော အရဟတ္တဖိုလ်ကို ဆင်ခြင်ကုန်လျက် ဤဂါထာအနက်အဓိပ္ပါယ်ကို မြွက်ဆိုတော်မူကြကုန်၏။

http://www.dhammadownload.com

# ၁-ဧကကနိပါတ်

## ၁-ပဌမဝဂ်

### ၁-သုဘူတိတ္ထေရဂါထာ

၁။ မိုးနတ်သား ငါ၏ ကျောင်းသည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေဟည်းဟူသော ဘေးရန်မှ ကင်း၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့၊ ငါ၏ စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ သံယောဇဉ်တို့မှ လွတ်မြောက်၏၊ ငါသည် ပြင်းထန်စွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပါ၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့။

ဤသို့လျှင် အသျှင်သုဘူတိမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၂-မဟာကောဋ္ဌိကတ္ထေရဂါထာ

၂။ ငြိမ်သက်သော ဣန္ဒြေရှိသော အကုသိုလ်အားလုံးကို ပြုခြင်းမှလည်း ကြဉ်ရှောင်သော ပညာဖြင့် ဆင်ခြင်၍ ဆိုလေ့ရှိသော တုန်လှုပ်မှုမရှိသော ရဟန်းသည် လေသည် သစ်ရွက်ကို တိုက်ဖျက် ချွေလွှင့်သကဲ့သို့ ယုတ်မာသော အကုသိုလ်တရားတို့ကို လွှင့်နိုင်ပယ်နိုင်၏။

ဤသို့လျှင် အသျှင်မဟာကောဋ္ဌိကမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၃-ကင်္ခါရေဝတတ္ထေရဂါထာ

၃။ အကြင် မြတ်စွာဘုရားတို့သည် မိမိထံမှောက် ရောက်လာကုန်သော (ငါကဲ့သို့ ယုံမှားခြင်း ရှိကုန်သော)သူတို့၏ ယုံမှားမှုကို ဖျောက်တတ်ကုန်၏၊ ညဉ့်သန်ခေါင်အခါ တောက်ပ ထွန်းလင်းသော မီးကဲ့သို့ (တရား) အလင်းရောင်ကို ပေးတတ်ကုန်၏၊ ပညာမျက်စိကို ပေးတတ်ကုန်၏၊ ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ထိုမြတ်စွာဘုရားတို့၏ ဤ (ဒေသနာဉာဏ်) ပညာတော်ကို ရှုလိုက်စမ်းပါလော့။

ဤသို့လျှင် အသျှင်ကင်္ခါရေဝတမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၄-ပုဏ္ဏတ္ထေရဂါထာ

၄။ ပညာရှိကုန်သော မိမိအကျိုးစီးပွါးစသည်ကို မြင်နိုင်ကုန်သော သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ရာ၏၊ မမေ့မလျော့ကြကုန်မူ၍ အထူးသဖြင့် မြင်စွမ်းနိုင်ကုန်သော ပညာရှိတို့သည် ကြီးမြတ်နက်နဲ၍ သိနိုင်ခဲသော သိမ်မွေ့သော နိဗ္ဗာန်ဟူသော အကျိုးကို ရနိုင်ကြကုန်၏။

ဤသို့လျှင် မန္တာနီပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏမထေရ်သည် ဂါထာကို ရွတ်ဆို၏။

http://www.dhammadownload.com



### ၅-ဒဗ္ဗတ္ထေရဂါထာ

၅။ အကြင်ဒဗ္ဗသည် (ရှေးအခါက) အဆုံးအမခက်၏၊ ယခုအခါ မြတ်သော ဆုံးမခြင်းဖြင့် ဆုံးမအပ်ပြီးသည်ဖြစ်၍ ယဉ်ကျေး၏၊ ပညာရှိ၏၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်းစသည်ဖြင့် ရောင့်ရဲ၏၊ ယုံမှားမှုကို လွန်မြောက်ပြီးဖြစ်၏၊ ကိလေသာအသင်းအပင်းကို အောင်ပြီးဖြစ်၏၊ ဘေးဘျမ်းတို့မှ ကင်းပြီးဖြစ်၏၊ ထိုဒဗ္ဗသည် ကိလေသာငြိမ်းအေးပြီးဖြစ်ရကား မတုန်မလှုပ် တည်ဘုံသော သဘောရှိ၏။

ဤသို့လျှင် အသျှင်ဒဗ္ဗမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၆-သီတဝနိယတ္ထေရဂါထာ

၆။ အကြင်ရဟန်းသည် တပါးတည်း ကြောက်မက်ဖွယ်သုသာန်တောသို့ ကပ်၏၊ ထိုပညာရှိရဟန်းသည် (ဆံအစရှိသော သုံးဆယ့်နှစ်ပါးသော အစုလျှင်အာရုံရှိသော) ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စောင့်ရှောက်ပွါးများလျက် ပစ္စည်းလေးပါးတို့၌ ရောင့်ရဲသည်ဖြစ်၍ အရဟတ္တမဂ်သမာဓိဖြင့် တည်ကြည်သော စိတ်ရှိကာ (ကိလေသာ အသင်းအပင်းကို) အောင်မြင်ပြီးဖြစ်ရကား ကြက်သီးမွေးညင်းထခြင်းမှ ကင်းရှင်းလေတော့၏။

ဤသို့လျှင် အသျှင်သီတဝနိယမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၇-ဘလ္လိယတ္ထေရဂါထာ

၇။ ကြီးစွာသော ရေအယဉ်သည် အလွန်အားနည်းသော ကျူရိုးတံတားကို ဖျက်ဆီးသကဲ့သို့ အကြင်ရဟန်းသည် သေမင်း၏ (အိုခြင်း, နာခြင်း စသည့်) စစ်သည်ကို ဖျက်ဆီး၏၊ (ကိလေသာအသင်းအပင်းကို) အောင်ပြီးဖြစ်၏၊ ဘေးဘျမ်းတို့မှ ကင်းပြီးဖြစ်၏၊ ယဉ်ကျေး၏၊ ထိုရဟန်းသည် ကိလေသာငြိမ်းအေးပြီးဖြစ်ရကား မတုန်မလှုပ်တည်တံ့သော သဘောရှိ၏။

ဤသို့လျှင် အသျှင်ဘလ္လိယမထေရ်သည် ဂါထာကို ရွတ်ဆို၏။

### ၈-ဝီရတ္ထေရဂါထာ

၈။ အကြင်ဝီရရဟန်းသည် (ရှေးအခါက) အဆုံးအမခက်၏၊ ယခုအခါ မြတ်သော ဆုံးမခြင်းဖြင့် ဆုံးမအပ်ပြီးသည်ဖြစ်၍ ယဉ်ကျေး၏၊ လုံ့လရှိ၏၊ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်းစသည်ဖြင့် ရောင့်ရဲ၏၊ ယုံမှားမှုကို လွန်မြောက်ပြီးဖြစ်၏၊ ကိလေသာအသင်းအပင်းကို အောင်ပြီးဖြစ်၏၊ ကြက်သီးမွေးညင်းထခြင်းမှ ကင်း၏၊ ထိုဝီရရဟန်းသည် ကိလေသာငြိမ်းအေးပြီးဖြစ်ရကား မတုန်မလှုပ်တည်တံ့သော သဘောရှိ၏။

ဤသို့လျှင် အသျှင်ဝီရမထေရ်သည် ဂါထာကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၉-ပိလိန္ဒဝစ္ဆတ္ထေရဂါထာ

၉။ မြတ်စွာဘုရားအထံသို့ ငါ၏ ဤလာခြင်းသည် ကောင်းသောလာခြင်းပါပေ တည်း၊ မကောင်းသောလာခြင်းမဟုတ်ပါ[၁]၊ ငါ၏ ဤစုံစမ်းခြင်းသည် မကောင်းသော စုံစမ်းခြင်းမဟုတ်၊ အပြားအားဖြင့် ဝေဖန်အပ်ကုန်သော တရားတို့တွင် အကြင်မြတ်သော သစ္စာလေးပါးတရားသည် ရှိ၏၊ ထိုသစ္စာလေးပါးတရားသို့ ကိုယ်တိုင် မျက်မှောက်ပြုသော အားဖြင့် ကပ်ရောက်ပြီ။

ဤသို့လျှင် အသျှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဂါထာကို ရွတ်ဆို၏။

## ၁၀-ပုဏ္ဏမာသတ္ထေရဂါထာ

၁၀။ အကြင်ရဟန်းသည် (အလုံးစုံသော ခန္ဓာစသော) လောက၏ ဖြစ်ခြင်း ပျက် ခြင်းကို သိ၍ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ရောက်၏၊ သစ္စာလေးပါးတို့ကို သိလျက်တည်၏[၂]၊ (မဂ်အစောင့်အရှောက်ဖြင့်) စောင့်ရှောက်ခြင်းသဘောရှိ၏၊ ခပ်သိမ်းသော အာရုံတရား တို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မလိမ်းကျံ မကပ်ငြိ၊ ထိုရဟန်းသည် ဤပစ္စုပ္ပန်လောက၌ရှင်း တမလွန်လောက၌ရှင်း ငဲ့ကွက်မှုတဏှာကို ပယ်ပြီးပြီ။

ဤသို့လျှင် အသျှင်ပုဏ္ဏမာသမထေရ်သည် ဂါထာကို ရွတ်ဆို၏။

ပဌမဝဂ် ပြီး၏။

---

## ၂-ဒုတိယဝဂ်

## ၁-စူဠဝစ္ဆတ္ထေရဂါထာ

၁၁။ မြတ်စွာဘုရား ဟောကြားသိစေတော်မူအပ်သော ဗောဓိပက္ခိယတရား၌ ဝမ်း မြောက်ခြင်းများသော ရဟန်းသည် သင်္ခါရတရားတို့၏ ငြိမ်းရာဖြစ်၍ ငြိမ်းသက်ချမ်းသာ သော နိဗ္ဗာန်ကို ရနိုင်ရာ၏။

ဤသို့လျှင် စူဠဝစ္ဆမထေရ်သည် ရွတ်ဆို၏။

## ၂-မဟာဝစ္ဆတ္ထေရဂါထာ

၁၂။ ဤလောက၌ အကြင်ရဟန်းသည် လွန်ကဲသော ပညာအားနှင့် ပြည့်စုံ၏၊ လွန်ကဲသော သီလအကျင့်နှင့် ပြည့်စုံ၏၊ (ဥပစာရသမာဓိ အပ္ပနာသမာဓိဖြင့်) ကောင်းစွာ တည်ကြည်သည်ဖြစ်၍ ဈာန်၌ မွေ့လျော်၏၊ သတိရှိ၏၊ ထိုရဟန်းသည် ရာဂကင်းပြီးဖြစ်၍

---

၁-အဋ္ဌကထာ၌ နာပဂတံ ရှိ၏၊ အစီးအပွါးဘိုးတက်ခြင်းမှ မဟုတ်ပါဟု ပြန်လေ။

၂-အဋ္ဌကထာ၌ ဝေဒဂူ ပုဒ်၏ အဖွင့် တနည်းထား၍ စတ္တာရိ ဝါ သစ္စာနိ စသည်ဖြင့် ဖွင့်ဆို၏၊ ဇင်းစင်းမှာ ဝေဒဂူ၏ အဖွင့် တနည်းမဟုတ် သမိတော၏ အဖွင့်သာတည်း၊ အဋ္ဌကထာ၌ သမိတောတိ စတ္တာရိ သစ္စာနိယ၊ အသိသမေစ္စ ဋ္ဌိတော ဟု ရှိရမည်၊ ဤသို့ ရှိသင့်ပုံကို ယူ၍ ဤ၌ မြန်မာပြန်လိုက်၏။

http://www.dhammadownload.com



(သာမိပရိဘောဂဖြင့်) အကျိုးရှိသော ဘော်ဇဉ်ကို သုံးဆောင်လျက် ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကာလကို ငံ့လင့်နေ၏။

ဤသို့လျှင် မဟာဝစ္ဆမထေရ်သည် ရွတ်ဆို၏။

### ၃-ဝနဝစ္ဆတ္ထေရဂါထာ

၁၃။ အကြင်ကျောက်တောင်တို့သည် မိုးတိမ်ညိုအဆင်းရှိကုန်၏၊ အရောင်ပြိုးပြိုးပြက် ထွက်ကုန်၏၊ အေးမြကြည်လင်သော ရေလည်းရှိကုန်၏၊ စင်ကြယ်သော မြေအဘို့လည်း ရှိကုန်၏၊ ထန္တ္တ (?)အဆင်းနှင့်တူသော နီသောအဆင်းရှိသော သိကြားကွမ်းသွေးကောင် (ဣန္ဒဂုပ်ကောင်ဟု အမည်ရသော) ပိုးပရန်တို့ဖြင့် ဖုံးလွှမ်းထားကုန်၏၊ ထိုကျောက်တောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

ဤသို့လျှင် ဝနဝစ္ဆမထေရ်သည် ရွတ်ဆို၏။

### ၄-သိဝကသာမဏေရဂါထာ

၁၄။ "သိဝက ဤရွာနီးကျောင်းမှ (တောအရပ်သို့သော) သွားကြကုန်အံ့"ဟု ဥပဇ္ဈာယ်ဆရာက အကျွန်ုပ်ကို ပြောဆို၏၊ အကျွန်ုပ်၏ ကိုယ်သည် ရွာအနီး၌ နေရ၏၊ အကျွန်ုပ်၏ စိတ်သော်ကား တောသို့ ရောက်နေပါ၏၊ လျောင်း၍နေရပါသော်လည်း (ထိုလျောင်းသော ကိုယ်ဖြင့်ပင် တွားလျက် တောသို့) သွားပါအံ့၊ (ကာမဂုဏ်တို့နှင့် သံသရာ၌ အပြစ်ကိုရင်း ကာမဂုဏ်မှ ထွက်မြောက်ခြင်းနှင့် နိဗ္ဗာန်၌ အကျိုးအာနိသင်ကိုရင်း) သိသော သူတို့အား ငြိတွယ်မှု မရှိတော့ပေ။

ဤသို့လျှင် ဝနဝစ္ဆမထေရ်၏(တူဖြစ်သော)သိဝကသာမဏေသည် ရွတ်ဆို၏၊

### ၅-ကုဏ္ဍဓာနတ္ထေရဂါထာ

၁၅။ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို (အောက်မဂ်ဖြင့်) ဖြတ်တောက်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်) ငါးပါးတို့ကို (အရဟတ္တမဂ်ဖြင့်) ပယ်စွန့်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ပယ်ခြင်းငှါ) သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကိုလည်း လွန်စွာ ပွါးစေရာ၏၊ (ဤသို့ ပွါးများသော) ရဟန်းကို (ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ)ဟူသော ငြိတွယ်မှု ငါးမျိုးတို့ကို လွန်မြောက်နိုင်၍ ဩဃလေးပါးမှ ကူးမြောက်ပြီးသူဟူ၍ ဆိုအပ်၏။

ဤသို့လျှင် ကုဏ္ဍဓာနမထေရ်သည် ရွတ်ဆို၏။

### ၆-ဗေလဋ္ဌသီသတ္ထေရဂါထာ

၁၆။ ငါ့ရှင်တို့ ဦးချိုရှိသော ကောင်းမြတ်သော အာဇာနည်နွားလားဥသဘသည် ထွန်ကြောင်းခရီးပေါ်၌ မပင်မပန်း သွားနိုင်သကဲ့သို့ ထို့အတူ အာမိသတို့နှင့် မရောသော မြတ်သော(ဖလသမာပတ်)ချမ်းသာကို ရသည်ဖြစ်၍ ညဉ့်နေ့တို့သည် မပင်မပန်းသဖြင့် ငါ့ကို လွန်သွားကြကုန်၏။

ဤသို့လျှင် ဗေလဋ္ဌသီသမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၇-ဒါသကတ္ထေရဂါထာ

၁၇။ အကြင်အခါ ပညာနည်းသူသည် အစားကြီးသည်ဖြစ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိန မိဒ္ဓ'ဖြင့် နှိပ်စက်ခံရကာ အစာပြည့်နေသော ဝက်ကြီးကဲ့သို့ တပြောင်းပြန်ပြန် လူးလိမ့်လျက် အအိပ်ကြူး၏၊ ထိုအခါ အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းသို့ ရောက်ရ၏။

ဤသို့လျှင် ဒါသကမထေရ်သည် ရွတ်ဆို၏။

## ၈-သိင်္ဂါလပိတုတ္ထေရဂါထာ

၁၈။ အကြင်ရဟန်းသည် ဘေသကလမည်သော တော၌(နေလျက်)သဗ္ဗညုမြတ်စွာဘုရား၏ တရားအမွေခံဖြစ်၍ အလုံးစုံသော အတ္တဘောတည်းဟူသော မြေကြီးကို အဋ္ဌိက သညာဖြင့် အရိုးစုဟု နှလုံးသွင်းသည်၏အစွမ်းဖြင့် ပြန့်နှံ့ပြီ၊ ထိုရဟန်းသည် ကာမရာဂကို လျင်စွာသာလျှင် ပယ်နိုင်လိမ့်မည်ဟု အကျွန်ုပ် ထင်၏။

ဤသို့လျှင် သိင်္ဂါလပိတုမထေရ်သည် ရွတ်ဆို၏။

## ၉-ကုလတ္ထေရဂါထာ

၁၉။ ရေကို ဆောင်သော သူတို့သည် ရေကို(မိမိလိုရာအရပ်သို့)ဆောင်ကုန်၏၊ လေးသမားတို့သည် မြှားကို(မီးကင်၍)ဖြောင့်အောင် ပြုကုန်၏၊ တစည်းသစ်ရွေသမားတို့သည် သစ်ကို (မိမိအလိုရှိသလို) ရွေကုန်၏၊ ဤအတူ ကောင်းသော အကျင့်ရှိကုန်သော ပညာရှိတို့သည် (သောတာပတ္တိမဂ်စသည်ကို ဖြစ်စေလျက်) မိမိကိုယ်ကို ဆုံးမကုန်၏။

ဤသို့လျှင် ကုလမထေရ်သည် ရွတ်ဆို၏။

## ၁၀-အဇိတတ္ထေရဂါထာ

၂၀။ ငါ့အား သေရလိမ့်မည်ဟူသော အကြောင်းကြောင့် ထိတ်လန့်ကြောက်ရွံ့မှု (ဘေး)မရှိ၊ ငါ့အား အသက်ဇီဝိတ်န္ဒြေ၌ ငဲ့ကွက်မှုတဏှာလည်း မရှိ၊ ငါသည် ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ပြန့်ပြောသော သတိရှိလျက် မိမိကိုယ်ကို စွန့်လိုက်တော့အံ့။

ဤသို့လျှင် အဇိတမထေရ်သည် ရွတ်ဆို၏။

ဒုတိယဝဂ် ပြီး၏။

---

## ၃ တတိယဝဂ်

## ၁-နိဂြောဓတ္ထေရဂါထာ

၂၁။ ငါသည်(ပဋိသန္ဓေနေမှု အိုမှု စသော)ဘေးကို မကြောက်တော့ပါ၊ နိဗ္ဗာန်(သို့ ပို့ဆောင်ခြင်း)၌ လိမ်မာတော်မူသော ငါတို့၏ဆရာ မြတ်စွာဘုရားသည်(ပဋိသန္ဓေနေခြင်း အိုခြင်း စသော)ဘေးတို့ မတည်မရှိရာ နိဗ္ဗာန်သို့ အရိယမဂ်တည်းဟူသော အကြင်ခရီး

http://www.dhammadownload.com



လမ်းကြောင်းဖြင့် ကြွသွားတော်မူ၏၊ ရဟန်းတို့သည် ထိုမြတ်စွာဘုရား ကြွသွားရာ ခရီး လမ်းကြောင်းဖြင့်ပင် သွားကုန်၏။

ဤသို့လျှင် နိဂြောဓမထေရ်သည် ရွတ်ဆို၏။

## ၂-စိတ္တကတ္ထေရဂါထာ

၂၂။ စိမ်းညိုသော လည်ရေးရှိသည်၏ အဖြစ်ကြောင့် ကောင်းသော လည်ပင်းနှင့် ပြည့်စုံကုန်သော အမောက်ဦးစွန်းရှိကုန်သော ဥဒေါင်းငှက်တို့သည် ကာရမ္ဘ မည်သော တောအုပ်၌ သာယာစွာ တွန်မြူးကြကုန်၏၊ ထိုဥဒေါင်းငှက်တို့သည် အေးသော မိုးသက် လေဖြင့် ကောင်းစွာ မြူးထူး ကစားခြင်းရှိကုန်သည်ဖြစ်၍ (ကျိန်းစက်ခွင့်ပြုသောအချိန်၌) ကျိန်းစက်နေသော(သမထဝိပဿနာ) ဈာန်ရယောဂီရဟန်းကို နှိုးကုန်၏။

ဤသို့လျှင် စိတ္တကမထေရ်သည် ရွတ်ဆို၏။

## ၃-ဂေါသာလတ္ထေရဂါထာ

၂၃။ ငါသည် ဝါးချုံရိပ်၌ ချိုမြိန်သောဂဏာနို့ဆွမ်းကို သုံးဆောင်ပြီးလျှင် (မြတ်စွာ ဘုရား အဆုံးအမတော်ကို) ကောင်းစွာ ခံလင့်သဖြင့် ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ခြင်း ပျက် ခြင်းကို ကြည့်ရှု သုံးသပ်လျက် ပဋိပဿဒ္ဓိဝိဝေက ဖလသမာပတ္တိဝိဝေကကို ပွါးလိုသော ကြောင့် (ရှေး၌ နေဘူးသော) တောင်စဉ် တောင်ဝှမ်းသို့ ပြန်သွားပေတော့အံ့။

ဤသို့လျှင် ဂေါသာလမထေရ်သည် ရွတ်ဆို၏။

## ၄-သုဂန္ဓတ္ထေရဂါထာ

၂၄။ ရဟန်းအဖြစ်သို့ ရောက်၍ တဝါသာ ရသေးသော(သင်)သုဂန္ဓသည် သင့်ဆရာ မြတ်စွာဘုရား တရားတော်၏ တရားကောင်းဖြစ်သည်ကို ရှုပါလော့၊ သင်သည် ဝိဇ္ဇာ သုံးပါးတို့သို့ အစဉ် ရောက်အပ်ကုန်ပြီ၊မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ပြုအပ်ပြီ။

ဤသို့လျှင် သုဂန္ဓမထေရ်သည် ရွတ်ဆို၏။

## ၅-နန္ဒိယတ္ထေရဂါထာ

၂၅။ မာရ်နတ် အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် (အရဟတ္တမဂ် ဉာဏ်ရောင် အားဖြင့်) အရောင်အလင်း ရှိသည် ဖြစ်၍ မပြတ်မလပ်ပင် အရဟတ္တဖိုလ်ဉာဏ်နှင့်တကွ ဖြစ်၏၊ ထိုသို့ သဘောရှိသော အရဟတ္တဖိုလ်ဉာဏ်နှင့် ပြည့်စုံသော ရဟန်းကို နှိပ်စက်သည် ရှိသော် ဆင်းရဲဒုက္ခသို့(သင်)ရောက်ရလတ္တံ့။

ဤသို့လျှင် နန္ဒိယမထေရ်သည် ရွတ်ဆို၏။

## ၆-အဘယတ္ထေရဂါထာ

၂၆။ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ ကောင်းစွာ ဟောအပ် သော တရားစကားတော်ကို ကြားနာရသောကြောင့် (ကောင်းစွာ သင်ကြားထား၍

http://www.dhammadownload.com



ကျွမ်းကျင် လိမ်မာသော လေးသမားသည်) ခုနစ်စိတ်ခွဲထားသော သားမြီးဖျားကို မြားဖြင့် မချွတ်မယွင်းစေမူ၍ ဖောက်ထွင်းအောင် ပစ်ရာသကဲ့သို့ သိမ်မွေ့သော (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိပြီ။

ဤသို့လျှင် အဘယမထေရ်သည် ရွတ်ဆို၏။

## ၇-လောမသကင်္ဂိယတ္ထေရဂါထာ

၂၇။ ငါသည် ဆိတ်ငြိမ်မှု 'ဝိဝေက' ကို ပွါးစေလိုသည်ဖြစ်၍ မြေဇာမြက်ကိုရင်း သမန်းမြက်ကိုရင်း ဆူးချုံကိုရင်း ပန်းရင်းမြက်ကိုရင်း မြူဆန်မြက် ပြိတ်မြက်ကိုရင်း ရင်ဖြင့် ဖယ်ရှား၍ သွားပါအံ့။

ဤသို့လျှင် လောမသကင်္ဂိယမထေရ်သည် ရွတ်ဆို၏။

## ၈-ဇမ္ဗုဂါမိကပုတ္တတ္ထေရဂါထာ

၂၈။ အသို့နည်း၊ အဝတ် သက်န်းကို တန်ဆာဆင်မှု၌ မွေ့လျော်ခြင်း ကင်းပါ၏လော၊ အသို့နည်း၊ အတ္တဘောကို တန်ဆာဆင်မှု၌ မွေ့လျော်ခြင်း ကင်းပါ၏လော၊ အသို့နည်း၊ (သင့် အား) သီလဖြင့် ပြီးသော အနံ့လှိုင်ပါ၏လော၊ သင်သည် (သီလနှင့် ပြည့်စုံခြင်း ကြောင့်ဖြစ်သော ကျော်စောသံကို) ပျံ့နှံ့စေနိုင်ပါ၏လော၊ တပါးသော ဒုဿီလပုဂ္ဂိုလ်သည် သီလဖြင့်ပြီးသော အနံ့ မပျံ့မလှိုင်စေနိုင်သကဲ့သို့ သီလဖြင့်ပြီးသော အနံ့ မပျံ့မလှိုင် စေနိုင်ပဲ ရှိနေပါသလော။

ဤသို့လျှင် ဇမ္ဗုဂါမိကပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၉-ဟာရိတတ္ထေရဂါထာ

၂၉။ ဟာရိတ လေးသမားသည် မြားကို ဖြောင့်စွာ ပြုသကဲ့သို့ စိတ်ကို တက်ကြွစေလျက် (ဝီရိယနှင့် သမာဓိကို မျှစေကာ) စိတ်ကို ဖြောင့်စွာပြုပြီးလျှင် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ခွဲလေလော့။

ဤသို့လျှင် ဟာရိတမထေရ်သည် ရွတ်ဆို၏။

## ၁၀-ဥတ္တိယတ္ထေရဂါထာ

၃၀။ ငါ့အား အနာရောဂါဖြစ်လတ်သော် ငါ့အား အနာရောဂါ ဖြစ်ချေပြီ၊ ငါ့အား (ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌) မမေ့မလျော့ရန် အခါတန်ပြီဟု ငါ့အား အောက်မေ့မှု သတိ ဖြစ်ပေါ်လာပြီ။

ဤသို့လျှင် ဥတ္တိယမထေရ်သည် ရွတ်ဆို၏။

တတိယဝဂ် ပြီး၏။

http://www.dhammadownload.com



## ၄-စတုတ္ထဝဂ်

### ၁-ဂဟ္ဝရတီရိယတ္ထေရဂါထာ

၃၁။ တောအုပ်ကြီး၌ မှက် ခြင်တို့ တွေ့ထိ ကိုက်ခဲခံရသည်ရှိသော် စစ်မြေဦး၌ ကျက်စားသော ဆင်ပြောင်ကြီးကဲ့သို့ ထိုတောအုပ်ကြီး၌ သတိရှိသည်ဖြစ်၍ သည်းခံနေရာ၏။

ဤသို့လျှင် ဂဟ္ဝရတီရိယမထေရ်သည် ရွတ်ဆို၏။

### ၂-သုပ္ပိယတ္ထေရဂါထာ

၃၂။ ငါသည် (ခဏတိုင်း ခဏတိုင်း) အိုမင်းခြင်းသို့ ရောက်နေရသော ခန္ဓာကိုယ်ကြီးဖြင့် အိုခြင်းကင်းရာ နိဗ္ဗာန်ကို လဲလှယ်ဖလှယ် ဝယ်ယူပါအံ့၊ (တဆယ့်တပါးသော မီးတို့ဖြင့်) လောင်ကျွမ်းခံနေရသော ခန္ဓာကိုယ်ကြီးဖြင့် မီးတဆယ့်တတန် ငြိမ်းရာမှန်သော နိဗ္ဗာန်တရားကို လဲလှယ်ဖလှယ် ဝယ်ယူပါအံ့၊ (ဤသို့လျှင်) ယောဂတို့၏ ကုန်ရာဖြစ်သော မိမိထက် လွန်မြတ်သော တရားမရှိသော ထူးကဲလွန်မြတ်သော သန္တိသုခ နိဗ္ဗာနဓာတ်ကို ငါသည် လဲလှယ်ဖလှယ် ဝယ်ယူပါတော့အံ့။

ဤသို့လျှင် သုပ္ပိယမထေရ်သည် ရွတ်ဆို၏။

### ၃-သောပါကတ္ထေရဂါထာ

၃၃။ (အမိသည်) ချစ်ခင်အပ်သော တယောက်တည်းသောသား၌ အကျိုးစီးပွါးကို လိုလားသူ ဖြစ်သကဲ့သို့ ထိုအတူ (သုသာန်၌ နေသော ရဟန်းသည်) အလုံးစုံသော အရပ်တို့ဝယ် အလုံးစုံသော သတ္တဝါတို့၌ အကျိုးစီးပွါးကို လိုလားသူ ဖြစ်ရာ၏။

ဤသို့လျှင် သောပါကမထေရ်သည် ရွတ်ဆို၏။

### ၄-ပေါသိယတ္ထေရဂါထာ

၃၄။ ပေါသိယသည် တောမှ ရွာသို့ လာလတ်ပြီးသော် ထိုနောက် အိမ်သို့ ဝင်ခဲ့ပြီ၊ ထိုမိန်းမတို့သည် အခါခပ်သိမ်း အနီး၌ မရှိကြကုန်သော်သာ မြတ်ကုန်၏ဟု သိသဖြင့် စကားမပြောမဆိုမူ၍ ထိုအိမ်မှထလျက် ဖဲသွား၏။

ဤသို့လျှင် ပေါသိယမထေရ်သည် ရွတ်ဆို၏။

### ၅-သာမညကာနိတ္ထေရဂါထာ

၃၅။ အကြင်ပုဂ္ဂိုလ်သည် အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်း၌ မြတ်သောအင်္ဂါရှစ်ပါးရှိသော မကောက်မကွေ့ ဖြောင့်မတ်သော ခရီးလမ်းဟူသော မဂ္ဂင်ရှစ်ပါးကို ပွါးများ၏၊ ချမ်းသာကို အလိုရှိသော ထိုပုဂ္ဂိုလ်သည် ထိုချမ်းသာအကျိုး၌ ကျင့်သည်ရှိသော် နိဗ္ဗာန်ဟူသော ချမ်းသာကို ရ၏၊ ကျေးဇူးသတင်း ကျော်စောခြင်းသို့လည်း ရောက်၏၊ ထိုပုဂ္ဂိုလ်အား အခြံအရံသည်လည်း တိုးပွါး၏။

ဤသို့လျှင် သာမညကာနိမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၆-ကုမာပုတ္တတ္ထေရဂါထာ

၃၆။ ငါ့ရှင်တို့ (အလိုနည်းခြင်း အစရှိသည်တို့နှင့် စပ်ယှဉ်သော တရားကို) ကြားနာရခြင်းသည် ကောင်းမြတ်လှပေ၏၊ (ထိုအလိုနည်းခြင်းစသော) အကျင့်ကို ကျင့်ရခြင်းသည် ကောင်းမြတ်လှပေ၏၊ အခါခပ်သိမ်း ကာမဂုဏ်ငါးပါးတို့ကို ပယ်ခြင်းငှါ ကျင့်ခြင်းသည် ကောင်းမြတ်လှပေ၏၊ (ဒိဋ္ဌဓမ္မိကစသည်, ကုသိုလ်စသည် အပြားရှိသော) သဘောတရားကို မေးမြန်းရခြင်းသည် ကောင်းမြတ်လှပေ၏၊ ဆုံးမသည့်အတိုင်း အရိုအသေ လိုက်နာကျင့်သုံးရခြင်းသည် ကောင်းမြတ်လှပေ၏၊ ဤဆိုပြီးသော ကြားနာခြင်း စသည်သည် ကြောင့်ကြမရှိသောသူ၏ ရဟန်းကျေးဇူးတရားပင်တည်း။

ဤသို့လျှင် ကုမာပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၇-ကုမာပုတ္တသဟာယကတ္ထေရဂါထာ

၃၇။ ခရီးဒေသစာရီ လှည့်လည် သွားလာကြကုန်သော ရဟန်းတို့သည် စိတ်ကို မစောင့်စည်းကုန်သည်ဖြစ်၍ တိုင်းပြည်အသီးသီးသို့ သွားကြကုန်၏၊ ထိုရဟန်းတို့သည် သမာဓိကိုသော်လည်း ချွတ်ယွင်းစေကြကုန်၏၊ ထိုရဟန်းတို့၏ တိုင်းပြည်လှည့်လည်ခြင်းသည် အဘယ်အကျိုးကို ပြုလုပ်ပြီးစီးစေနိုင်အံ့နည်း၊ ထို့ကြောင့် စိတ်ညစ်ညူးခြင်းကို ပယ်ဖျောက်ရာ၏၊ မမွေလျော်သည်၏ အစွမ်းအားဖြင့်ဖြစ်သော စိတ်ညစ်ညူးမှုကို ပယ်ဖျောက်၍ တဏှာရွေသွားမပြုပဲ သမထဝိပဿနာဘာဝနာဖြင့် ကောင်းစွာရှုရာ၏။

ဤသို့လျှင် ကုမာပုတ္တသဟာယကမထေရ်သည် ရွတ်ဆို၏။

## ၈-ဂဝံပတိတ္ထေရဂါထာ

၃၈။ အကြင် ဂဝံပတိမထေရ်သည် တန်ခိုးအဘိညာဉ်ဖြင့် သရဘူမြစ်ကို တန့်စေ၏၊ ထိုဂဝံပတိမထေရ်သည် (တဏှာဒိဋ္ဌိတည်းဟူသော) မှီရာကင်း၏၊ တဏှာဟူသော မြူမရှိ၊ ငြိတွယ်မှုအားလုံးကို လွန်၍ တည်သော ဘဝသုံးပါး၏ ကမ်းတဖက်သို့ ရောက်ပြီးသော ထိုရဟန်းမြတ် (ဂဝံပတိမထေရ်) ကို နတ်တို့သည်လည်း ရှိခိုးကြကုန်၏။

ဤသို့လျှင် ဂဝံပတိမထေရ်သည် ရွတ်ဆို၏။

## ၉-တိဿတ္ထေရဂါထာ

၃၉။ လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း ဦးခေါင်းမီးလောင်ခံရသူကဲ့သို့၎င်း ထိုအတူ ရဟန်းသည် ကာမရာဂကို ပယ်ခြင်းငှါ သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏။

ဤသို့လျှင် တိဿမထေရ်သည် ရွတ်ဆို၏။

## ၁၀-ဝဍ္ဎမာနတ္ထေရဂါထာ

၄၀။ လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း ဦးခေါင်းမီးလောင်ခံရသူကဲ့သို့၎င်း ထိုအတူ ရဟန်းသည် ဘဝရာဂကို ပယ်ခြင်းငှါ သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏။

ဤသို့လျှင် ဝဍ္ဎမာနမထေရ်သည် ရွတ်ဆို၏။

စတုတ္ထဝဂ် ပြီး၏။

http://www.dhammadownload.com


## ၅-ပဥ္စမဝဂ်

### ၁-သိရိဝစ္ဆတ္ထေရဂါထာ

၄၁။ လျှပ်စစ်နွယ်တို့သည် ဝေဘာရတောင် ပဏ္ဍဝတောင်တို့၏ အလယ်၌ ကျရောက်တောက်ပကုန်ဘိသကဲ့သို့ အတုမရှိမှု၍ သည်းခံခြင်းစသော ဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သားတော်သည် တောင်၏အကြား ဥမင်လိုဏ်ဂူသို့ ကပ်ရောက်သည်ဖြစ်၍ သမထဝိပဿနာဘာဝနာဖြင့် ကောင်းစွာရှု၏။

ဤသို့လျှင် သိရိဝစ္ဆမထေရ်သည် ရွတ်ဆို၏။

### ၂-ခဒိရဝနိယတ္ထေရဂါထာ

၄၂။ စာလာ, ဥပစာလာ, သီသူပစာလာတို့ သင်တို့သည် သတိချပ်ကုန်လျက်သာလျှင် နေကြကုန်လော့၊ သားမြီးကို ပစ်နိုင်သည့်လေးသမားနှင့်တူသော (သင်တို့၏ ဦးရီးတော်) အသျှင်သာရိပုတြာသည် ကြွလာတော်မူ၏။

ဤသို့လျှင် ခဒိရဝနိယမထေရ်သည် ရွတ်ဆို၏။

### ၃-သုမင်္ဂလတ္ထေရဂါထာ

၄၃။ ငါသည် ဘဝသစ်မှ လွတ်ခြင်းရှိသူဖြစ်၏၊ ငါသည် ဘဝသစ်မှ ကောင်းစွာလွတ်ခြင်းရှိသူဖြစ်၏၊ သုံးပါးသော ကုန်ခြင်းတို့မှ အလွန်လျှင် ကောင်းစွာ လွတ်ခြင်းရှိသူဖြစ်၏၊ ငါသည် ကုန်း၌ ရိတ်ဖြတ်ရခြင်းတို့မှလည်း လွတ်သူဖြစ်၏၊ ငါသည် ကုန်း၌ ထွန်ယက်ရခြင်းတို့မှလည်း လွတ်သူဖြစ်၏၊ ငါသည် ကုန်း၌ ပေါက်တူးပေါက်ရခြင်းတို့မှလည်း လွတ်သူဖြစ်၏၊ (တစဉ် ထွန်သွား ပေါက်တူးတို့သည်) ငါ၏အနီး၌ပင် ရှိသည်ဖြစ်ကုန်သော်လည်း (ထိုတစဉ် ထွန်သွား ပေါက်တူးတို့ကို စွန့်လွှတ်ရန်) စွမ်းနိုင်သည်သာလျှင်တည်း၊ စွမ်းနိုင်သည်သာလျှင်တည်း၊ သုမင်္ဂလ သမထဝိပဿနာဘာဝနာဖြင့် ကောင်းစွာ ရှုဆင်ခြင်လော့၊ သုမင်္ဂလ သမထဝိပဿနာဘာဝနာဖြင့် ကောင်းစွာ ရှုဆင်ခြင်လော့၊ သုမင်္ဂလ မမေ့မလျော့မူ၍ နေလော့။

ဤသို့လျှင် သုမင်္ဂလမထေရ်သည် ရွတ်ဆို၏။

### ၄-သာနုတ္ထေရဂါထာ

၄၄။ မိခင် လူတို့သည် သေသူကိုသော်လည်း (ရည်စူး၍) ငိုကြွေးကြကုန်၏၊ အသက်ရှင်လျက် (အရပ်တပါးသို့ သွားသဖြင့်) မတွေ့မမြင်ရသူကိုသော်လည်း (ရည်စူး၍) ငိုကြွေးကြကုန်၏၊ မိခင် အသက်ရှင်လျက် ထင်ရှားရှိနေသော ငါ့ကို တွေ့မြင်နေရပါလျက် အဘယ်ကြောင့် ငါ့ကို (ရည်စူး၍) ငိုကြွေးရဘိသနည်း။

ဤသို့လျှင် သာနုမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၅-ရမဏီယဝိဟာရိတ္ထေရဂါထာ

၄၅။ ကောင်းမြတ်သော အာဇာနည်နွားလားဥသဘသည် ချွတ်ချော်တိမ်းပါးပြီးမှ တဖန် ရပ်တည်မြဲ ရပ်တည်သကဲ့သို့ ထို့အတူ အမြော်အမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ငါ့ကို (ကိလေသာဟူသော ပင်ပန်းခြင်းကြောင့် ပြစ်မှား၍ ပူမိသောအားဖြင့်) ချွတ်ချော်တိမ်းပါးသော်လည်း တဖန် ရပ်တည်မြဲ ရပ်တည်သူ အာဇာနည်ယောကျ်ားကောင်းဟူ၍ သိမှတ်လေလော့။

ဤသို့လျှင် ရမဏီယဝိဟာရိမထေရ်သည် ရွတ်ဆို၏။

## ၆-သမိဒ္ဓိတ္ထေရဂါထာ

၄၆။ ငါသည် ယုံကြည်မှု'သဒ္ဓါ'တရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ငါသည် အောက်မေ့မှု'သတိ'ကိုရင်း သိမှု'ပညာ'ကိုရင်း ပွါးများအပ်ပြီ၊ ငါ၏ စိတ်သည်လည်း ကောင်းစွာတည်ကြည်ပြီ၊ သင်မာရ်နတ်သည်(ဖောက်ပြန်သော)အဆင်းတို့ကို အလိုရှိတိုင်း ပြုလေလော့၊ ထိုအဆင်းတို့ဖြင့် ငါ့ကို နှိပ်စက်နိုင်လိမ့်မည်မဟုတ်သည်သာတည်း။

ဤသို့လျှင် သမိဒ္ဓိမထေရ်သည် ရွတ်ဆို၏။

## ၇-ဥဇ္ဇယတ္ထေရဂါထာ

၄၇။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားအား ရှိခိုးခြင်းဖြစ်ပါစေသတည်း၊ (အရှင်ဘုရားသည်) ခပ်သိမ်းသော ကိလေသာတို့မှ လွတ်ကင်းတော်မူပါပေ၏၊ အရှင်ဘုရား၏ အဆုံးအမ သွားရာလမ်းကြောင်း၌ လိုက်နာနေထိုင်သော အကျွန်ုပ်သည် အာသဝေါ ကင်းသည်ဖြစ်၍ နေထိုင်ရပါ၏။

ဤသို့လျှင် ဥဇ္ဇယမထေရ်သည် ရွတ်ဆို၏။

## ၈-သဉ္ဇယတ္ထေရဂါထာ

၄၈။ အကြင်အခါမှစ၍ ငါသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏၊ ထိုရဟန်းပြုသော အခါမှစ၍ အရိယာတို့၏ ဥစ္စာမဟုတ်သော ရာဂစသော အပြစ်နှင့် တကွဖြစ်သော ကာမဂုဏ်နှင့် စပ်သော အကြံအစည်ကို ကြံစည်ဘူး၏ဟု မသိစဘူး။

ဤသို့လျှင် သဉ္ဇယမထေရ်သည် ရွတ်ဆို၏။

## ၉-ရာမဏေယျကတ္ထေရဂါထာ

၄၉။ မာရ်နတ် ငါ၏စိတ်သည် အာရုံတခုတည်း၌ မွေ့လျော်သည်ဖြစ်၍ ငှက်တို့၏ စိန်စိန် 'စိဟ စိဟ' မြည်ကျူးသံတို့ကြောင့်ရင်း မျောက်တို့၏ မြည်သံတို့ကြောင့်ရင်း ငါ၏စိတ် မတုန်လှုပ်ပေ။

ဤသို့လျှင် ရာမဏေယျကမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



### ၁၀-ဝိမလတ္ထေရဂါထာ

၅၀။ မြေအပြင်ဝယ် (မိုးရေ အယဉ်တို့ဖြင့်) သွန်လောင်းနေ၏၊ (မိုးရေပေါက်တို့နှင့် ရောနှောသဖြင့်)အေးမြသော လေသည် တိုက်ခတ်နေ၏၊ ကောင်းကင်၌ လျှပ်စစ်နွယ်တို့သည် ရှက်သန်းကုန်၏၊ ငါ၏ (သန္တာန်ဝယ်) အကုသလဝိတက်တို့သည် (အရိယမဂ်ကို ရသဖြင့်)အကြွင်းမဲ့ ငြိမ်းကုန်၏၊ ငါ၏စိတ်သည် (လောကုတ္တရာသမာဓိဖြင့်) ကောင်းစွာ တည်ကြည်၏။

ဤသို့လျှင် ဝိမလမထေရ်သည် ရွတ်ဆို၏။

ပဉ္စမဝဂ် ပြီး၏။

---

## ၆-ဆဋ္ဌဝဂ်

### ၁-ဂေါဓိကတ္ထေရဂါထာ

၅၁။ မိုးသည် ကောင်းစွာ သီဆိုအပ်သော သီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋီ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ငါ၏စိတ်သည်လည်း(လောကုတ္တရာသမာဓိဖြင့်)ကောင်းစွာ တည်ကြည်၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလော့။

ဤသို့လျှင် ဂေါဓိကမထေရ်သည် ရွတ်ဆို၏။

### ၂-သုဗာဟုတ္ထေရဂါထာ

၅၂။ မိုးသည် ကောင်းစွာ သီဆိုအပ်သော သီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋီ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ ငါ၏စိတ်သည်လည်း ကရဇကာယ၌ (ကာယဂတာသတိဘာဝနာ၏ အစွမ်းဖြင့်)ကောင်းစွာ တည်ကြည်၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာသွန်း လော့။

ဤသို့လျှင် သုဗာဟုမထေရ်သည် ရွတ်ဆို၏။

### ၃-ဝလ္လိယတ္ထေရဂါထာ

၅၃။ မိုးသည် ကောင်းစွာ သီဆိုအပ်သော သီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋီ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ ထို(ကျောင်း)၌ မမေ့မလျော့သည်ဖြစ်၍ ငါနေ၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလော့။

ဤသို့လျှင် ဝလ္လိယမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com


## ၄-ဥတ္တိယတ္ထေရဂါထာ

၅၄။ မိုးသည် ကောင်းစွာ သီဆိုအပ်သော သီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋိ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ ထို (ကျောင်း)၌ အဖော်မရှိသည်ဖြစ်၍ ငါနေ၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလိုက်ပါလော့။

ဤသို့လျှင် ဥတ္တိယမထေရ်သည် ရွတ်ဆို၏။

## ၅-အဉ္စနဝနိယတ္ထေရဂါထာ

၅၅။ အဉ္စနမည်သော တောသို့ သက်ဝင်ကာ အခြေရှည်သော လေးထောင့်အင်းပျဉ်ကို ကျောင်းပြု၍(နေသော ငါသည်) ဝိဇ္ဇာသုံးပါးတို့သို့ အစဉ်ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ပြုအပ်ပြီ။

ဤသို့လျှင် အဉ္စနဝနိယမထေရ်သည် ရွတ်ဆို၏။

## ၆-ကုဋိဝိဟာရိတ္ထေရဂါထာ

၅၆။ ငါ၏ ကျောင်း၌ နေသူကား အဘယ်သူနည်းဟု(လယ်စောင့်က မေးသော်) သင်၏ ကျောင်း၌ နေသူကား ရာဂကင်းပြီးသူ ကောင်းစွာ တည်ကြည်သော စိတ်ရှိသူ ရဟန်းတည်း၊ လယ်စောင့်သမား ဤအတိုင်း သိလော့၊ သင်ပြုလုပ်အပ်သော ကုဋိ(ကျောင်း)သည် အချည်းနှီး အကျိုးမရှိသည် မဟုတ်။

ဤသို့လျှင် ကုဋိဝိဟာရိမထေရ်သည် ရွတ်ဆို၏။

## ၇-ဒုတိယကုဋိဝိဟာရိတ္ထေရဂါထာ

၅၇။ ရဟန်း သင်သည် ဤကျောင်းကား ကျောင်းဟောင်းတည်းဟု အခြားတပါးသော ကျောင်းသစ်ကို တောင့်တဘိ၏၊ ရဟန်း အသစ်ဖြစ်သော ကျောင်းသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သောကြောင့် အသစ်ဖြစ်သောကျောင်း၌ တောင့်တမှု တဏှာကို ကင်းစင်ပါစေလော့။

ဤသို့လျှင် ဒုတိယကုဋိဝိဟာရိမထေရ်သည် ရွတ်ဆို၏။

## ၈-ရမဏီယကုဋိကတ္ထေရဂါထာ

၅၈။ ငါ၏ ကျောင်းသည် မွေ့လျော်ဖွယ် ရှိ၏၊ ယုံကြည်မှု သဒ္ဓါတရားဖြင့် လှူအပ်သောကြောင့် စိတ်နှစ်ခြိုက် မွေ့လျော်ဖွယ် ရှိ၏၊ ငါအား သတို့သမီးတို့ဖြင့် အလိုမရှိ၊ သတို့သမီးတို့ မိန်းမတို့ဖြင့် အလိုရှိသူတို့ထံသို့သာ သင်တို့ သွားကြကုန်လော့။

ဤသို့လျှင် ရမဏီယကုဋိကမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၉-ကောသလဝိဟာရိတ္ထေရဂါထာ

၅၉။ ငါသည် ယုံကြည်မှု 'သဒ္ဓါ'တရားဖြင့် ရဟန်းပြုခဲ့၏၊ တော၌နေသော ငါသည် ကျောင်းကိုလည်း ဆောက်လုပ်ပြီးပြီ၊ မမေ့မလျော့ပဲ ပြင်းစွာ အားထုတ်အပ်သည်ဖြစ်၍ ပညာအဆင်အခြင်နှင့် ပြည့်စုံလျက် အောက်မေ့မှု'သတိ'ရှိကာ နေ၏။

ဤသို့လျှင် ကောသလဝိဟာရိမထေရ်သည် ရွတ်ဆို၏။

## ၁၀-သီဝလိတ္ထေရဂါထာ

၆၀။ ငါသည် အကြင် နိဗ္ဗာန်ဟူသော အကျိုးကို အလိုရှိသည်ဖြစ်၍ ဝိဇ္ဇာသုံးပါးနှင့် ကိလေသာတို့မှ လွတ်မြောက်မှု'ဖလဝိမုတ္တိ'ကို တောင့်တရှာမှီးလျက် ဆိတ်ငြိမ်ရာ ကျောင်းသို့ ပုန်းအောင်း ခိုဝင်ခဲ့ပြီ၊ ငါသည် ထောင်လွှား တက်ကြွမှု'မာနာနုသယ'ကို စွန့်ပြီး ဖြစ်ရကား ငါ လိုလားကြံစည်ခဲ့သော ထိုအကျိုးတို့သည် ယခုအခါ ငါ့အား ပြည့်စုံကုန်ပြီ။

ဤသို့လျှင် သီဝလိမထေရ်သည် ရွတ်ဆို၏။

ဆဋ္ဌဝဂ် ပြီး၏။

---

# ၇-သတ္တမဝဂ်

## ၁-ဝပ္ပတ္ထေရဂါထာ

၆၁။ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မဖောက်မပြန် သိမြင်သူ အရိယာပုဂ္ဂိုလ်သည် မဖောက်မပြန် အမှန်သိမြင်သူ အရိယာပုဂ္ဂိုလ်ကို(ပညာမျက်စိဖြင့်)အဟုတ်အမှန် သိမြင်နိုင်၏၊ မဖောက်မပြန် အမှန် မသိမြင်နိုင်သူ (ပုထုဇဉ်ပုဂ္ဂိုလ်)ကိုလည်း (ပညာမျက်စိဖြင့်) အဟုတ် အမှန် သိမြင်နိုင်၏၊ (ပညာမျက်စိ) ကင်း၍ မဖောက်မပြန် အမှန် မသိမြင်နိုင်သူ ဗာလပုထုဇဉ် ပုဂ္ဂိုလ်သည် မဖောက်မပြန် အမှန် မသိမြင်နိုင်သူ ပုထုဇဉ်ပုဂ္ဂိုလ်ကိုငှင်း မဖောက်မပြန် အမှန်သိမြင်နိုင်သူ အရိယာပုဂ္ဂိုလ်ကိုငှင်း(မိမိပညာမျက်စိဖြင့်)မသိမမြင်နိုင်။

ဤသို့လျှင် ဝပ္ပမထေရ်သည် ရွတ်ဆို၏။

## ၂-ဝဇ္ဇီပုတ္တတ္ထေရဂါထာ

၆၂။ ငါတို့သည် တောအုပ်အတွင်းဝယ် စွန့်ပစ်အပ်သော သစ်တုံးကဲ့သို့ တယောက်ထီးတည်း တောအုပ်ကြီး၌ နေကြရပါကုန်၏၊ ဤသို့ပင် တယောက်ထီးတည်း နေကြရကုန်သော်လည်း ငရဲသူသတ္တဝါတို့သည် နတ်ရွာသုဂတိသို့ လားရောက်ကြသူတို့ကို တောင့်တကြကုန်ဘိသကဲ့သို့ အကျိုးစီးပွါးကို လိုလား တောင့်တကြကုန်သော လူအများတို့သည် ထိုတော၌နေသော ငါ့ကို လိုလား တောင့်တကြကုန်၏။

ဤသို့လျှင် ဝဇ္ဇီပုတ္တမထေရ်သည် ရွတ်ဆို

http://www.dhammadownload.com



## ၃-ပက္ခတ္ထေရဂါထာ

၆၃။ (ဤလောက၌ စွန်ရဲတကောင်၏ နှုတ်သီးမှ) လျှောကျသော သားတစ်သည် (အခြားစွန်ရဲနှုတ်သီးသို့ ရောက်၍)တဖန် လျှောကျရပြန်၏၊ မြေကြီးသို့ပင် ကျသော်လည်း ယင်းသားတစ်၌ တပ်မက်ကုန်သော စွန်ရဲအားလုံးတို့သည် တဖန် ပြန်လာ၍ ထိုးဆိတ်ကြကုန်၏၊ (ဤစွန်ရဲတို့ကဲ့သို့ သံသရာ၌ ကျင်လည်ရကုန်သော သတ္တဝါတို့သည်) ကုသိုလ်ဓမ္မမှ လျှောကျကုန်သည်ရှိသော် (ငရဲစသည်တို့၌) ကျရောက်ကြရကုန်၏၊ ဤသို့ ငရဲစသည်တို့၌ ကျရောက်ကြရကုန်သော်လည်း ဘဝသုံးပါးတို့၌ တပ်မက်သူတို့သည် ထိုထိုဘဝသို့ လားရောက်စေတတ်သော ကံဖြင့် တဖန် လားရောက်ကြရကုန်၏၊ ငါသည်မူကား မဂ်ကိစ္စကို ပြုပြီးပြီ၊ မွေ့လျော်ဖွယ်နိဗ္ဗာန်၌ မွေ့လျော်ရပြီ၊ ဖလသမာပတ်ချမ်းသာဖြင့် စင်စစ် ချမ်းသာသော နိဗ္ဗာန်သို့ ကပ်ရောက်ရပြီ။

ဤသို့လျှင် ပက္ခမထေရ်သည် ရွတ်ဆို၏။

## ၄-ဝိမလကောဏ္ဍညတ္ထေရဂါထာ

၆၄။ သရက်ပင်အမည်ဖြင့် ခေါ်ဝေါ်အပ်သော အမ္ဗပါလီပြည့်တန်ဆာမ၏ (ဝမ်း၌) ပဏ္ဍုရကေတု အမည်ရသော ဗိမ္ဗိသာရမင်းကြောင့်ဖြစ်၍ မွေးဖွားသော ငါသည် ပညာတံခွန်ဖြင့်သာလျှင် မာနတံခွန်ကို ပယ်ပြီးပြီ၊ မဟာကေတု အမည်ရသော ကိလေသာမာန်ကိုယ်တွင်းရန်ကို လွှမ်းမိုး ဖျက်ဆီးလိုက်ပြီ။

ဤသို့လျှင် ဝိမလကောဏ္ဍညမထေရ်သည် ရွတ်ဆို၏။

## ၅-ဥက္ခေပကတဝစ္ဆတ္ထေရဂါထာ

၆၅။ ဥက္ခေပကတဝစ္ဆ ရဟန်းသည် အကြင် ပိဋကတ် သုံးပုံကို နှစ်ပေါင်းများစွာ စုပေါင်းသည်၏ အစွမ်းဖြင့် စိတ်နှလုံး၌ ထားအပ်ပြီ၊ ထိုဥက္ခေပကတဝစ္ဆရဟန်းသည် ထို ပိဋကတ်သုံးပုံဟူသော ပရိယတ္တိဓမ္မကို မြန်မြေ မျှားမြတ်သော နှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ကောင်းစွာထိုင်လျက် လူတို့အား ဟောကြား၏။

ဤသို့လျှင် ဥက္ခေပကတဝစ္ဆမထေရ်သည် ရွတ်ဆို၏။

## ၆-မေဃိယတ္ထေရဂါထာ

၆၆။ ကြီးမြတ်သော လုံ့လရှိတော်မူသော ခပ်သိမ်းသော ဉေယျတရားတို့၏ အဆုံးသို့ ရောက်တော်မူသော မြတ်စွာဘုရားသည် ငါ့ကို ဆုံးမတော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသောကြောင့် အောက်မေ့မှု 'သတိ' ရှိသည် ဖြစ်၍ မြတ်စွာဘုရားအနီး၌ နေခဲ့ပြီ၊ ငါသည် သုံးပါးသော ဝိဇ္ဇာတို့သို့ အစဉ် ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာကျင့်အပ်ပြီ။

ဤသို့လျှင် မေဃိယမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



### ၇-ကေဝဋ္ဋသဝနိယတ္ထေရဂါထာ

၆၇။ ငါသည် ရာဂစသော ကိလေသာတို့ကို(အရိယမဂ်ဉာဏ်တည်းဟူသော မီးဖြင့်) ရှို့မြှိုက်အပ်ကုန်ပြီ၊ ကာမဘဝစသော အလုံးစုံသော ဘဝတို့ကို ပယ်နုတ်အပ်ကုန်ပြီ၊ ဇာတိအစရှိသော သံသရာသည် ကုန်ပြီ၊ (ထို့ကြောင့်) ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ရခြင်း မရှိတော့ပြီ။

ဤသို့လျှင် ကေဝဋ္ဋသဝနိယမထေရ်သည် ရွတ်ဆို၏။

### ၈-ကေဒါနိယတ္ထေရဂါထာ

၆၈။ စိတ်အားလုံးတို့ထက် လွန်သော အရဟတ္တဖိုလ်စိတ်နှင့်ပြည့်စုံသူ မမေ့မလျော့သူ အရဟတ္တဖိုလ်ဉာဏ်ဟု ဆိုအပ်သော မောနၡ၏အကြောင်း ဗောဓိပက္ခိယတရားတို့၌ ကျင့်သုံးပြီးသူ ငြိမ်သက်သော ကိုယ်စိတ်ရှိသူ အခါခပ်သိမ်း သတိရှိသူ တာဒိဂုဏ်နှင့် ပြည့်စုံသူ ရဟန္တာပုဂ္ဂိုလ်အား စိုးရိမ်မှု"သောက"တို့ မဖြစ်ကုန်။

ဤသို့လျှင် ကေဒါနိယမထေရ်သည် ရွတ်ဆို၏။

### ၉-ဆန္နတ္ထေရဂါထာ

၆၉။ သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ဟောတော်မူအပ်သော ဝိမုတ္တိရသကို ပေးတတ်သောကြောင့် မြတ်သော အရသာရှိသော တရားတော်ကို နတ်လူအပေါင်းတို့ ပူဇော်အပ်သော မြတ်စွာဘုရားအထံမှ ကြားနာရသောကြောင့် ငေြခင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကျင့်သုံးခဲ့ပြီးပြီ၊ ထိုမြတ်စွာဘုရားသည် ယောဂလေးပါးတို့ဖြင့် မနှိပ်စက်အပ်သော နိဗ္ဗာန်ခရီး၌ လိမ်မာကျွမ်းကျင်တော်မူပေစွတကား။

ဤသို့လျှင် ဆန္နမထေရ်သည် ရွတ်ဆို၏။

### ၁၀-ပုဏ္ဏတ္ထေရဂါထာ

၇၀။ သီလသည်သာလျှင် မြတ်သည်သာတည်း၊ ထို့ပြင် ပညာရှိသောသူသည် မြတ်လှ၏၊ လူတို့၌ရင်း နတ်တို့၌ရင်း သီလပညာဟူသော အကြောင်းကြောင့် ဆန့်ကျင်ဖက် ကိလေသာကာမတို့ကို အောင်မြင်နိုင်၏။

ဤသို့လျှင် ပုဏ္ဏမထေရ်သည် ရွတ်ဆို၏။

သတ္တမဝဂ် ပြီး၏။

---

## ၈-အဋ္ဌမဝဂ်

### ၁-ဝစ္ဆပါလတ္ထေရဂါထာ

၇၁။ အလွန်အလွန် နူးညံ့သိမ်မွေ့သော (သစ္စတ္တပဋိစ္စသမုပ္ပါဒ်စသော) အနက်တို့ကို ရှုမြင်တတ်၍ ပညာအရာ၌ လိမ်မာသော(သိတင်းသုံးဘော်တို့၌ ကိုယ်နှုတ်နှလုံးကို) နှိမ့်ချ

http://www.dhammadownload.com



လေ့ရှိသော အသက်ကြီးသောသူတို့အား ကောင်းစွာ မှီဝဲဆည်းကပ်လေ့ရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ရရန် ခဲယဉ်းလှသည်မဟုတ်။

ဤသို့လျှင် ဝစ္ဆပါလမထေရ်သည် ရွတ်ဆို၏။

## ၂-အာတုမတ္ထေရဂါထာ

၇၂။ နုနယ်လှသော ပွါးစီးသော အခက်အညွန့်ရှိသော ဝါးညွန့်သည် အခက်အလက်ဖြာထွက်လာခဲ့သော် (ဝါးချုံမှ) ထုတ်ယူရန် ခဲယဉ်းသကဲ့သို့ မယားပေးစား ဆောင်နှင်းခဲ့သော် ငါသည် မယားတည်းဟူသော အနှောင်အဖွဲ့မှ လွတ်ထွက်ရန် ခဲယဉ်း၏၊ ထို့ကြောင့် မယားမပေးစားမီ အခါကပင် ငါ့ကို ခွင့်ပြုစေ၍ ရဟန်းပြုခဲ့သူ ဖြစ်ခဲ့၏။

ဤသို့လျှင် အာတုမမထေရ်သည် ရွတ်ဆို၏။

## ၃-မာဏဝတ္ထေရဂါထာ

၇၃။ ငါသည် ဇရာအနှိပ်စက်ခံရသည့် သူအိုကိုငှင်း ဆင်းရဲခြင်းသို့ ရောက်နေသော သူနာကိုငှင်း အသက်ကုန်ခြင်းသို့ ရောက်ပြီးသော သူသေကိုငှင်း မြင်ပြီးနောက် အိမ်မှ ထွက်ခဲ့၍ ရာဂမကင်းသူတို့၏ စိတ်နှလုံးကို မွေ့လျော်စေတတ်ကုန်သော ဝတ္ထုကာမတို့ကို ပယ်စွန့်ကာ မြတ်စွာဘုရား သာသနာ၌ ရဟန်းပြုခဲ့၏။

ဤသို့လျှင် မာဏဝမထေရ်သည် ရွတ်ဆို၏။

## ၄-သုယာမနတ္ထေရဂါထာ

၇၄။ အကြင်ရဟန်းအား ကာမဂုဏ်တို့၌ လိုလားတပ်မက်မှု 'ကာမစ္ဆန္ဒ'သည်ငှင်း သူတပါးပျက်စီးစေလိုမှု 'ဗျာပါဒ' သည်ငှင်း လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်ငှင်း ပြန့်လွင့်မှု 'ဥဒ္ဓစ္စ'သည်ငှင်း မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'သည်ငှင်း အချင်းခပ်သိမ်း မရှိတော့ချေ၊ (ထိုရဟန်းအား တစုံတရာပြုဖွယ်ကိစ္စသည်ငှင်း ပြုပြီးသော တရားကို ပွါးစေခြင်းသည်ငှင်း မရှိတော့ချေ)။

ဤသို့လျှင် သုယာမနမထေရ်သည် ရွတ်ဆို၏။

## ၅-သုသာရဒတ္ထေရဂါထာ

၇၅။ ကောင်းစွာစီရင်အပ်သော တရားဒေသနာ ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့အား ဖူးမြော်ရခြင်းသည် ကောင်းမြတ်လှ၏၊ ထိုအရိယာ သူတော်ကောင်းတို့သို့ ချဉ်းကပ်၍ ပြဿနာမေးမြန်းခြင်းဖြင့် ယုံမှားခြင်း ကင်းပြတ်နိုင်၏၊ ပညာသည်လည်း ပွါး၏၊ (ထိုအရိယာသူတော်ကောင်းတို့သည်) လူမိုက်ကိုလည်း ပညာရှိဖြစ်အောင် ပြုကုန်၏၊ ထို့ကြောင့် သူတော်ကောင်းတို့နှင့် ပေါင်းဆော်ရခြင်းသည် ကောင်းမြတ်လှ၏။

ဤသို့လျှင် သုသာရဒမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



### ၆-ပိယဥ္စဟတ္ထေရဂါထာ

၇၆။ ရဟန်းသည် သတ္တဝါတို့က မာန ဥဒ္ဓစ္စ စသည်တို့ဖြင့် ထ‌ောင်လွှားကုန်သည်ရှိသော် မိမိက (ထိုမာန ဥဒ္ဓစ္စ စသည်တို့ကို ရှောင်ကြဉ်သဖြင့်) မိမိကိုယ်ကို နှိမ့်ချရာ၏၊ သတ္တဝါတို့က ယုတ်နိမ့်သော နှလုံးသွင်းမှု ပျင်းရိမှုတို့ဖြင့် ယုတ်နိမ့်လျော့ကျကုန်သည်ရှိသော် (မိမိက) မြင့်မြတ်သော နှလုံးသွင်းမှု ဝီရိယအားထုတ်မှုတို့ဖြင့် မိမိကိုယ်ကို မြှင့်တင်အားထုတ်ရာ၏၊ (သတ္တဝါတို့သည် မဂ်တည်းဟူသော မြတ်သော အကျင့်ဖြင့်နေခြင်း အရိယာတို့၏နေခြင်းဖြင့်) မနေကြကုန်သည်ရှိသော် (မိမိသည် ထိုနေခြင်းဖြင့်) နေရာ၏၊ (သတ္တဝါတို့သည် ကိလေသာကာမဂုဏ်၌ မွေ့လျော်ခြင်းဖြင့်) မွေ့လျော်ကုန်သည်ရှိသော် (မိမိသည်) ကာမဂုဏ်၌ မွေ့လျော်ခြင်းဖြင့် မမွေ့လျော်ရာ။

ဤသို့လျှင် ပိယဥ္စဟမထေရ်သည် ရွတ်ဆို၏။

### ၇-ဟတ္ထာရောဟပုတ္တတ္ထေရဂါထာ

၇၇။ ဤစိတ်သည် မနှိမ်နင်းမီ ရှေးအခါက အလိုရှိတိုင်းသော အာရုံနှင့် အလိုရှိရာအရပ်သို့ ချမ်းသာသည့်အတိုင်း လှည့်လည်ချင်သလို လှည့်လည်ခဲ့ပြီ၊ချွန်းစွဲ ဦးစီး ဆင်ထိန်းကြီးသည် အမုန်ယစ်သောဆင်ကို နှိပ်ကွပ်ဆုံးမသကဲ့သို့ ငါသည် ထိုစိတ်ကို သင့်သော အကြောင်းအားဖြင့် ယနေ့ပင် နှိပ်ကွပ်ဆုံးမတော့အံ့။

ဤသို့လျှင် ဟတ္ထာရောဟပုတ္တမထေရ်သည် ရွတ်ဆို၏။

### ၈-မေဏ္ဍသိရတ္ထေရဂါထာ

၇၈။ ငါသည် အကြင် အရဟတ္တမဂ်ဉာဏ်ကို ရသည်ရှိသော် သံသရာဝဋ်မှ ဆုတ်နစ်နိုင်ရာ၏၊ ထိုအရဟတ္တမဂ်ဉာဏ်ကို မရသောကြောင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ၊ ဆင်းရဲခြင်းသဘောရှိသော ထိုငါသည် ဆင်းရဲအစုကို (အရဟတ္တမဂ်ဉာဏ်ဖြင့်) ဖျက်ဆီးအပ်ပြီ။

ဤသို့လျှင် မေဏ္ဍသိရမထေရ်သည် ရွတ်ဆို၏။

### ၉-ရက္ခိတတ္ထေရဂါထာ

၇၉။ ငါသည် ကာမရာဂစသော အလုံးစုံသော ရာဂကို(သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့်) ပယ်အပ်ပြီ၊ အလုံးစုံသော ဒေါသကို (မဂ်ဖြင့်) ပယ်နုတ်အပ်ပြီ၊ ငါ့အား အလုံးစုံသော မောဟကင်းပျောက်ပြီ၊ ထို့ကြောင့် ငါသည် ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၏၊ ငြိမ်းအေးခြင်းသို့ ရောက်ရသူဖြစ်၏။

ဤသို့လျှင် ရက္ခိတမထေရ်သည် ရွတ်ဆို၏။

### ၁၀-ဥဂ္ဂတ္ထေရဂါထာ

၈၀။ အားနည်းသည်လည်းဖြစ်သော ထို့မှတပါး အားကြီးသည်လည်းဖြစ်သော အကြင်ကံကို ငါသည် ပြုလုပ်ဆည်းပူးအပ်ပြီ၊ ဤအလုံးစုံသော ကံသည် (အရဟတ္တမဂ်ကို

http://www.dhammadownload.com



ရခြင်းကြောင့်) ကုန်ခန်းပြီ၊ (သို့ကြောင့်) ယခုအခါဝယ် တပန် ဘဝသစ်၌ ဖြစ်ရခြင်းမရှိ တော့ပြီ။

ဤသို့လျှင် ဥဂ္ဂမထေရ်သည် ရွတ်ဆို၏။

အဋ္ဌမဝဂ် ပြီး၏။

---

၉-နဝမဝဂ်

## ၁-သမိတိဂုတ္တတ္ထေရဂါထာ

၈၁။ ငါသည် ဤဘဝမှတပါးသော ရှေးဘဝတို့၌ အကြင်မကောင်းမှုကံကို ပြုလုပ် ဆည်းပူးအပ်ပြီ၊ ထိုမကောင်းမှုကံသည် ဤပစ္စုပ္ပန်အတ္တဘော၌သာလျှင် ခံစားအပ်သော အကျိုးရှိ၏၊ ထိုကံ၏ အကျိုးပေးရာဌာနဖြစ်သော တပါးသောခန္ဓာအစဉ်မရှိတော့ပြီ။

ဤသို့လျှင် သမိတိဂုတ္တမထေရ်သည် ရွတ်ဆို၏။

## ၂-ကဿပတ္ထေရဂါထာ

၈၂။ သားငယ် အကြင်အကြင်အရပ်၌ ဆွမ်းရလွယ်ကုန်၏၊ အနာရောဂါမရှိကုန်၊ ခိုးသူဘေးစသော ဘေးရန်မရှိကုန်၊ ထိုထိုအရပ်သို့ သွားပါလေလော့၊ ပူဆွေးမှုသောက ဖြင့် အနှိပ်စက်ခံရသူ မဖြစ်ပါစေလင့်။

ဤသို့လျှင် ကဿပမထေရ်သည် ရွတ်ဆို၏။

## ၃-သီဟတ္ထေရဂါထာ

၈၃။ သီဟ သင်သည် နေ့ညဉ့်ပတ်လုံး မပျင်းမရိသည်ဖြစ်၍ မမေ့မလျော့နေပါလော့၊ အပြစ်ကင်းသော (သမထဝိပဿနာ) တရားကို ပွါးများပါလေလော့၊ ဤသို့ပွါးများလျက် အတ္တဘောကို(စွဲမက်မှု'ဆန္ဒရာဂ'ကို ပယ်သောအားဖြင့်)လျင်မြန်စွာ စွန့်ခဲ့ပါလေလော့။

ဤသို့လျှင် သီဟမထေရ်သည် ရွတ်ဆို၏။

## ၄-နီတတ္ထေရဂါထာ

၈၄။ အကြင်ရဟန်းသည် တညဉ့်ပတ်လုံး အိပ်၍ တနေ့ပတ်လုံး အပေါင်းအဖော်၌ မွေ့လျော်၏၊ ပညာမဲ့သော ထိုရဟန်းသည် အဘယ်အခါ၌ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုနိုင် လတ္တံ့နည်း။

ဤသို့လျှင် နီတမထေရ်သည် ရွတ်ဆို၏။

## ၅-သုနာဂတ္ထေရဂါထာ

၈၅။ ဘာဝနာစိတ်၏ အကြောင်းနိမိတ်ကို ယူခြင်း၌ လိမ်မာသူ ကမ္မဋ္ဌာန်းကို ဆောင် ခြင်း၌ လိမ်မာသူ ထင်သော သတိရှိသူ သမထဝိပဿနာဘာဝနာဖြင့် ရှုဆင်ခြင်သူရဟန်း

http://www.dhammadownload.com



သည် ဆိတ်ငြိမ်မှုဝိဝေကာ၏ အရသာကို သိ၍ ကာမာမိသ, ဝဋ္ဋာမိသတို့နှင့် မရောနှောသော ချမ်းသာကို ရရာ၏။

ဤသို့လျှင် သုနာဂမထေရ်သည် ရွတ်ဆို၏။

## ၆-နာဂိတတ္ထေရဂါထာ

၈၆။ နိဗ္ဗာန်သို့လားရောက်စေတတ်သော အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည် ငါဘုရားသာသနာတော်၌ ရှိသကဲ့သို့ သာသနာ့ပြင်ပဖြစ်သော အများများသောတိတ္ထိတို့၏ အယူ၌ နိဗ္ဗာန်သို့ လားရောက်စေတတ်သော မဂ်မည်သည် မရှိဟု (မကြောက်မရွံ့ ရဲဝံ့သော အသံကို မိန့်မြွက်တော်မူသော)ငါတို့၏ဆရာ မြတ်စွာဘုရားသည် ကိုယ်တိုင်သာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူအပ်သော တရားတော်ကို လက်ဝါးပြင်၌ (တင်ထားသော သျှိသျှားသီးကဲ့သို့)ပြတော်မူလျက် ရဟန်းအပေါင်းကို ဆုံးမတော်မူ၏။

ဤသို့လျှင် နာဂိတမထေရ်သည် ရွတ်ဆို၏။

## ၇-ပဝိဋ္ဌတ္ထေရဂါထာ

၈၇။ ဉပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို (ဝိပဿနာပညာနှင့် တကွဖြစ်သော မဂ်ပညာဖြင့်) မဖောက်မပြန် မြင်အပ်ကုန်ပြီ၊ အလုံးစုံသော ဘဝတို့ကို ခွဲဖောက်ဖျက်ဆီးအပ်ကုန်ပြီ၊ ဇာတိလျှင်အကြောင်းရှိသော သံသရာသည် ကုန်ပြီ၊ ယခုအခါ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းသဘော မရှိတော့ပြီ။

ဤသို့လျှင် ပဝိဋ္ဌမထေရ်သည် ရွတ်ဆို၏။

## ၈-အဇ္ဇုနတ္ထေရဂါထာ

၈၈။ ကြီးစွာသောရေအယဉ်၌ (အဟုန်ဖြင့်) မျောလာသောသူသည် (ခိုင်မာသော လှေကို ရ၍)ထိုရေအယဉ်မှ ကြည်းကုန်းထက်သို့ မိမိကိုယ်ကို ထုတ်ဆောင်ခြင်းငှါ(စွမ်းနိုင်သကဲ့သို့ ဤအတူ) သံသရာတည်းဟူသော များစွာသော ရေအယဉ်၌ (ကိလေသာအဟုန်ဖြင့်) မျောလာသော ငါသည် သစ္စာလေးပါး မြတ်တရားတို့ကို အရိယမဂ်ဉာဏ်ဖြင့် သိပြီးဖြစ်သောကြောင့် (အရိယမဂ်တည်းဟူသော လှေကိုရ၍) ထိုသံသရာတည်းဟူသော များစွာသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ မိမိကိုယ်ကို ထုတ်ဆောင်ခြင်းငှါ စွမ်းနိုင်ခဲ့ပြီတကား။

ဤသို့လျှင် အဇ္ဇုနမထေရ်သည် ရွတ်ဆို၏။

## ၉-(ပဌမ)ဒေဝသဘတ္ထေရဂါထာ

၈၉။ ငါသည် ပကတိညွန်နှင့်တူသော ကာမရာဂ, နက်စောက်ပြန့်ကျယ်သော ညွန်နှင့်တူသော ဆန္ဒရာဂတို့ကို အနာဂါမိမဂ်ဖြင့် လွန်မြောက်ပြီးပြီ၊ ကူးခပ်လွန်မြောက်နိုင်ခဲ့သောကြောင့် အလွန်နက်ရှိုင်းရာ သမုဒ္ဒရာနှင့်တူသော မိစ္ဆာအယူတို့ကို (သောတာပတ္တိမဂ်ဖြင့်

http://www.dhammadownload.com



ပင်)ပယ်ဖြတ်အပ်ကုန်ပြီ၊ ကာမောဃစသော ဩဃမှုရင်း အဘိဇ္ဈာကာယဂန္ထအစရှိသော ဂန္ထမှုရင်း(ထိုထိုမဂ်ဖြင့်) လွတ်မြောက်ခဲ့ပြီ၊ မာန်မာန အားလုံးတို့ကို(အရဟတ္တမဂ်ဖြင့်) ဖျက်ဆီးခဲ့ပြီ။

ဤသို့လျှင် ဒေဝသဘာမထေရ်သည် ရွတ်ဆို၏။

## ၁၀-သာမိဒတ္တတ္ထေရဂါထာ

၉၀။ ငါသည် (ဥပါဒါန်၏အာရုံဖြစ်သော) ခန္ဓာငါးပါးတို့ကို(ပရိညာ သုံးပါးတို့ဖြင့်) ပိုင်းခြား၍ သိအပ်ကုန်ပြီ၊ (ယင်းသို့ ပိုင်းခြား၍ သိပြီးဖြစ်သောကြောင့် ထိုဥပါဒါနက္ခန္ဓာတို့သည် သမုဒယကို ပယ်သဖြင့်) အမြစ်အရင်းပြတ်သည်ဖြစ်၍ တည်ကုန်၏၊ ဇာတိလျှင် အကြောင်းရှိသော သံသရာသည် ကုန်ပြီ၊ ယခုအခါဝယ် နောင်တဖန် ဘဝသစ်ဖြစ်ခြင်းသဘောမရှိတော့ပြီ။

ဤသို့လျှင် သာမိဒတ္တမထေရ်သည် ရွတ်ဆို၏။

နဝမဝဂ် ပြီး၏။

---

## ၁၀-ဒသမဝဂ်

## ၁-ပရိပုဏ္ဏကတ္ထေရဂါထာ

၉၁။ ယနေ့ နိရောဓသမာပတ်ကို ဝင်စားသည်၏ အစွမ်းဖြင့်၎င်း ဖလသမာပတ်ကို ဝင်စားသည်၏ အစွမ်းဖြင့်၎င်း ငါသုံးဆောင်အပ်သော နိဗ္ဗာန်ဟူသော အမြိုက်သုဒ္ဓါသည် အလိုရှိအပ် ချီးမွမ်းအပ်သော အမြိုက်သုဒ္ဓါဖြစ်သကဲ့သို့ ထို့အတူ မင်းဖြစ်စဉ်အခါက ငါသုံးဆောင်အပ်သော အရသာအမျိုးမျိုးရှိသော ဘောဇဉ်သည်၎င်း နတ်ဖြစ်စဉ်အခါက ငါသုံးဆောင်အပ်သော နတ်သုဒ္ဓါဘုတ်သည်၎င်း အလိုရှိအပ် ချီးမွမ်းအပ်သော ဘောဇဉ် မဟုတ်ချေ၊ အပိုင်းအခြားမရှိသော ဉေယျတရားကို မြင်တော်မူသော ဂေါတမနွယ်ဘွား မြတ်စွာဘုရား ဟောတော်မူအပ်သော အမြိုက်နိဗ္ဗာန်တရားကို (ယခုအခါ) ငါသုံးဆောင်ရပြီ။

ဤသို့လျှင် ပရိပုဏ္ဏကမထေရ်သည် ရွတ်ဆို၏။

## ၂-ဝိဇယတ္ထေရဂါထာ

၉၂။ အကြင်မြတ်သော ပုဂ္ဂိုလ်အား ကာမာသဝစသော အာသဝတို့သည်(အကြွင်းမဲ့) ကုန်ခန်းပြီ၊ ပစ္စည်းလေးပါး၌လည်း တဏှာဒိဋ္ဌိနိဿယတို့ဖြင့် မမှီတွယ် မမက်မော၊ အကြင်ပုဂ္ဂိုလ်အား သုညတ အနိမိတ္တ အပဏိဟိတအမည်ရသော ဝိမောက္ခနိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ ကောင်းကင်၌ ပျံသော ငှက်တို့၏ သွားရာလမ်းကြောင်းကို သိရန် ခဲယဉ်းသကဲ့သို့ ဤအတူသာလျှင် နိဗ္ဗာန်ကို အာရုံပြုသော ထိုရဟန်း၏ ငရဲစသည်သို့ သွားရာလမ်းကြောင်းကို သိရန် ခဲယဉ်း၏။

ဤသို့လျှင် ဝိဇယမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၃-ရေဝတတ္ထေရဂါထာ

၉၃။ ရေဝတ ဝတ္ထုကာမ ကိလေသာကာမတို့သည်(ဒုက္ခ၏တည်ရာဖြစ်သောကြောင့်) ဆင်းရဲကုန်၏၊ ရေဝတ (ကာမတို့သည် သဘောမှန်ကို မသိသူအား ချမ်းသာဟု ထင်ရ သော်လည်း သဘောမှန်ကို သိသူအား) ချမ်းသာမဟုတ်ကုန်၊ ရေဝတ အကြင်သူသည် ကိလေသာကာမဖြင့် ဝတ္ထုကာမတို့ကို အလိုရှိ၏၊ ထိုသူသည် ဆင်းရဲကို အလိုရှိသူမည်၏၊ ရေဝတ အကြင်သူသည် ကိလေသာကာမဖြင့် ဝတ္ထုကာမတို့ကို အလိုမရှိ၊ ထိုသူသည် ဆင်းရဲကို အလိုမရှိသူမည်၏။

ဤသို့လျှင် ရေဝတမထေရ်သည် ရွတ်ဆို၏။

## ၄-မေတ္တဇိတ္ထေရဂါထာ

၉၄။ သာကီဝင်မင်းသားဖြစ်တော်မူသော ဘုန်းကြက်သရေရှိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏၊ မြတ်သော သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူပြီးသော ထိုမြတ်စွာဘုရားသည် ဤမြတ်သော လောကုတ္တရာတရားကိုးပါးကို ကောင်းစွာ ဟောတော်မူပေ၏။

ဤသို့လျှင် မေတ္တဇိမထေရ်သည် ရွတ်ဆို၏။

## ၅-စက္ခုပါလတ္ထေရဂါထာ

၉၅။ ငါသည် မျက်စိနှစ်ကွင်း အလင်းမရသူ ပျက်စီးသော မျက်စိရှိသည်ဖြစ်၍ ကန်းသူဖြစ်ခဲ့၏၊ ရှည်လျားစွာသော ခရီးခဲကို သွားနေသော ငါသည် မြေ၌ လှဲလျက် သော်လည်း သွားအံ့၊ ယုတ်မာသော အပေါင်းအဖော်နှင့်ကား သွားမည်မဟုတ်။

ဤသို့လျှင် စက္ခုပါလမထေရ်သည် ရွတ်ဆို၏။

## ၆-ခဏ္ဍသုမနတ္ထေရဂါထာ

၉၆။ ငါသည် (မြတ်လေး) ပန်းတပွင့်ကို (မြတ်စွာဘုရားစေတီတော်အား) စွန့်လွှတ် ပူဇော်ခြင်းကြောင့် (လူတို့အရေအတွက်အားဖြင့်) အနှစ် ကုဋေရှစ်ဆယ်တို့ပတ်လုံး နတ် ပြည်တို့၌ ချမ်းသာကို ခံစားပြီးနောက်(ထိုကံ၏)အကျိုးကြွင်းဖြင့် ကိလေသာမှ ငြိမ်းပြီး သူ ဖြစ်ရ၏။

ဤသို့လျှင် ခဏ္ဍသုမနမထေရ်သည် ရွတ်ဆို၏။

## ၇-တိဿတ္ထေရဂါထာ

၉၇။ ငါသည် ပိုလ်ချိန်တရာရှိသော ရွှေဖြင့်ပြီးသော အနားရေးများစွာရှိသော ရွှေခွက်ကို စွန့်ပယ်၍ မြေသပိတ်ကို စွဲယူပြီ ဤမြေသပိတ်ကိုစွဲလျက် ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည် နှစ်ကြိမ်မြောက်သော အဘိသိက်သွန်းခြင်းပေတည်း။

ဤသို့လျှင် တိဿမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၈-အဘယတ္ထေရဂါထာ

၉၈။ (မိန်းမ၏အဆင်း) ရူပါရုံကို မြင်ခြင်းကြောင့် သုဘ သုခစသည်ဖြင့် ချစ်ခင်ဖွယ်ဟု အမှတ်နိမိတ်ပြု၍ နှလုံးသွင်းသူအား(အသုဘဟု ဖြစ်သော)သတိသည် ပျောက်ကွယ်ခဲ့၏၊ ထိုသူသည် ပြင်းစွာ တပ်မက်သော စိတ်ရှိသည်ဖြစ်၍ (ထိုအဆင်းရူပါရုံကို) ခံစား၏၊ ထိုအာရုံကို သိမ်းကျုံးလွှမ်းမိုးလျက် တည်၏၊ (ဤသို့ ဖြစ်သော်) ထိုသူအား သံသရာဘဝ၏ အကြောင်း မူလအဖြစ်သို့ ကပ်ရောက်ခြင်း သဘောရှိကုန်သော အာသဝတို့သည် အဆင့်ဆင့် တိုးပွါးကုန်၏။

ဤသို့လျှင် အဘယမထေရ်သည် ရွတ်ဆို၏။

## ၉-ဥတ္တိယတ္ထေရဂါထာ

၉၉။ (မိန်းမအသံ)သဒ္ဒါရုံကို ကြားခြင်းကြောင့် သုဘ, သုခစသည်ဖြင့် ချစ်ခင်ဖွယ်ဟု အမှတ်နိမိတ်ပြု၍ နှလုံးသွင်းသူအား(အသုဘဟုဖြစ်သော)သတိသည် ပျောက်ကွယ်ခဲ့၏၊ ထိုသူသည် ပြင်းစွာ တပ်မက်သောစိတ်ရှိသည်ဖြစ်၍ (ထိုအသံသဒ္ဒါရုံကို) ခံစား၏၊ ထိုအာရုံကို သိမ်းကျုံး လွှမ်းမိုးလျက် တည်၏၊ (ဤသို့ဖြစ်သော်) ထိုသူအား သံသရာသို့ကပ်ရောက်ကြောင်း သဘောရှိကုန်သော အာသဝတို့သည် အဆင့်ဆင့် တိုးပွါးကုန်၏။

ဤသို့လျှင် ဥတ္တိယမထေရ်သည် ရွတ်ဆို၏။

## ၁၀-(ဒုတိယ)ဒေဝသဘတ္ထေရဂါထာ

၁၀၀။ သမ္မပ္ပဓာန်လေးပါးနှင့် ပြည့်စုံသော ကာယာနုပဿနာစသော သတိပဋ္ဌာန်လျှင် ကျက်စားရာ အာရုံရှိသော ဝိမုတ္တိပန်းတို့ဖြင့် တန်ဆာဆင်အပ်သော ရဟန်းသည် အာသဝကင်းသည်ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့။

ဤသို့လျှင် ဒေဝသဘမထေရ်သည် ရွတ်ဆို၏။

ဒသမဝဂ် ပြီး၏။

---

## ၁၁-ဧကာဒသမဝဂ်

## ၁-ဗေလဋ္ဌာနိကတ္ထေရဂါထာ

၁၀၁။ လူ့အဖြစ်ကို စွန့်ခဲ့သော်လည်း ရဟန်းကိစ္စ မပြီးဆုံးသေးသော(ရှုန့်ရင်း ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းဖြင့်)ပါးစပ်တည်းဟူသော ထွန်သွားရှိသော ဝမ်းကိုသာ မွေးမြူတတ်သော ပျင်းရိသော သူသည် အစာပြည့်သော ဝက်ကြီးကဲ့သို့ ပညာနည်းသည်ဖြစ်၍ အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းသို့ ကပ်ရလိမ့်သတည်း။

ဤသို့လျှင် ဗေလဋ္ဌာနိကမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၂-သေတုစ္ဆတ္ထေရဂါထာ

၁၀၂။ ထောင်လွှားမှု မာန်မာနသည် လှည့်ပတ်အပ်ကုန်သည်ဖြစ်၍ အတွင်း အပ ဖြစ်ကုန်သော သင်္ခါရတရားတို့၌ ညစ်နွမ်းခြင်းသို့ ရောက်ကုန်သော လာဘ်ရခြင်း မရခြင်းကြောင့်ဖြစ်သော (ချစ်ခြင်း မုန်းခြင်းတို့) နှိပ်စက် ဖိစီးအပ်ကုန်သော သူတို့သည် (သမထဝိပဿနာ၏ အစွမ်းဖြင့်) စိတ်တည်ကြည်မှုကို မရနိုင်ကုန်။

ဤသို့လျှင် သေတုစ္ဆမထေရ်သည် ရွတ်ဆို၏။

## ၃-ဗန္ဓုရတ္ထေရဂါထာ

၁၀၃။ ငါသည် ဤပစ္စည်းလာဘ်လာဘဖြင့် အလိုမရှိ၊ (လောကုတ္တရာ)တရားအရသာဖြင့် ရောင့်ရဲသည်ဖြစ်၍ (မြတ်သော ချမ်းသာဖြင့်) ချမ်းသာခြင်းသို့ ရောက်၏၊ အရသာအားလုံးတို့ထက် အမြတ်ဆုံးဖြစ်သော(ဓမ္မ)အရသာကို သောက်လျက် တည်၏၊ အဆိပ်နှင့်တူသော အာမိသအရသာနှင့် ရောနှောခြင်းကို ငါပြုတော့မည် မဟုတ်။

ဤသို့လျှင် ဗန္ဓုရမထေရ်သည် ရွတ်ဆို၏။

## ၄-ခိတကတ္ထေရဂါထာ

၁၀၄။ ငါ၏ ရူပကာယသည် ပေါ့ပါးသည်ဖြစ်၍သာလျှင် ပြန့်ပြောသော ပီတိနှင့်တကွ ဖြစ်သော ချမ်းသာသုခဖြင့် တွေ့ထိသည်သာလျှင်တည်း၊ လေသည် လွင့်တင်အပ်သော ဝါဂွမ်းကဲ့သို့ ငါ၏ ရူပကာယသည် (ကောင်းကင်သို့) လွင့်ထက်သွားသည်သာလျှင်တည်း။

ဤသို့လျှင် ခိတကမထေရ်သည် ရွတ်ဆို၏။

## ၅-မလိတဝမ္ဘတ္ထေရဂါထာ

၁၀၅။ (အကြင် ကျောင်း၌ နေသောငါအား အစားအသောက်မျှတမှုကို မရသဖြင့် မမွေ့လျော်ခြင်း ဖြစ်၏၊ ထိုကျောင်း၌ ရဟန်းတရား ပြည့်စုံမှုရခဲ့လျှင်) ဖျင်းရိသော်လည်း ငါနေ၏၊ မဖဲသွား၊ (အကြင်ကျောင်း၌နေသောငါအား ပစ္စည်းချို့တဲ့မှုမရှိသဖြင့် ဖျင်းရိခြင်းမရှိ မွေ့လျော်၏၊ ထိုကျောင်း၌) မွေ့လျော်သော်လည်း (ရဟန်းတရား ပြည့်စုံမှုကို မရခဲ့သော် ထိုကျောင်းမှ)ဖဲသွား၏၊ ပညာရှိသည် လောကုတ္တရာ အကျိုးစီးပွါးနှင့် မစပ်သောနေခြင်းဖြင့် မနေရာ။

ဤသို့လျှင် မလိတဝမ္ဘမထေရ်သည် ရွတ်ဆို၏။

## ၆-သုဟေမန္တတ္ထေရဂါထာ

၁၀၆။ ပညာနည်းသောသူသည် များပြားသောသဒ္ဒါဖြစ်ကြောင်း သဒ္ဒပဝတ္တိနိမိတ်ရှိသော များပြားသော မှတ်ကြောင်းလက္ခဏာရှိသော အနက်သဘော၏ တခုသော ပဝတ္တိနိမိတ် တခုသော လက္ခဏာကိုသာလျှင် မြင်လေရာ၏၊ ပညာရှိသည်ကား များပြားသော သဒ္ဒပဝတ္တိနိမိတ် များပြားသော လက္ခဏာတို့ကို (ပညာစက္ခုဖြင့်) မြင်နိုင်၏။

ဤသို့လျှင် သုဟေမန္တမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၇-ဓမ္မသဝတ္ထေရဂါထာ

၁၀၇။ (ငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုရင်း ကာမဂုဏ်တို့မှ ထွက်မြောက်မှု၌ အကျိုးကိုရင်း)ပညာဖြင့် နှိုင်းချိန်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏၊ ထို့ကြောင့် 'ငါသည် သုံးပါးသော အသိဉာဏ် 'ဝိဇ္ဇာ'တို့သို့ အစဉ်ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် ဓမ္မသဝမထေရ်သည် ရွတ်ဆို၏။

## ၈-ဓမ္မသဝပိတုတ္ထေရဂါထာ

၁၀၈။ ထိုငါသည် (မွေးဖွားသည်မှ) အသက်တရာ့နှစ်ဆယ်ရှိသည်ဖြစ်၍ ရဟန်းဘဝသို့ ကပ်ရောက်ခဲ့၏၊ (သို့ဖြစ်ပါလျက်) ငါသည် သုံးပါးသော အသိဉာဏ် 'ဝိဇ္ဇာ'တို့သို့ အစဉ်ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာ ပြုကျင့်အပ်ပြီ။

ဤသို့လျှင် ဓမ္မသဝပိတုမထေရ်သည် ရွတ်ဆို၏။

## ၉-သံဃရက္ခိတတ္ထေရဂါထာ

၁၀၉။ ဤရဟန်းသည် လွန်ကဲသော အကျိုးစီးပွါးဖြင့် သတ္တဝါတို့ကို အစဉ်သနားလေ့ရှိတော်မူသော မြတ်စွာဘုရား၏ ပဋိပတ္တိသာသနာတော်ကို ဆိတ်ငြိမ်ရာသို့ ကပ်လျက်အားမထုတ်လေယောင်တကား၊ ထိုသို့ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း မကျင့်သောကြောင့်သာလျှင် တောသမင်မငယ်သည်(သားဦး ချစ်ခြင်း မကင်းပြတ်သဖြင့် ဆင်းရဲကို)ခံစားရသကဲ့သို့ ဤအတူ ဤရဟန်းသည် (သံဃာဦး ချစ်ခြင်း မကင်းပြတ်သဖြင့်) ဣန္ဒြေတို့ကို မစောင့်စည်းသည်ဖြစ်၍ နေဘိ၏။

ဤသို့လျှင် သံဃရက္ခိတမထေရ်သည် ရွတ်ဆို၏။

## ၁၀-ဥသဘတ္ထေရဂါထာ

၁၁၀။ တောင်ထိပ်တို့၌ မိုးကြီးသည် ရွာသွန်သွန်းလောင်းအပ်ကုန်သော သစ်ပင်တို့သည် ကောင်းစွာ စည်ပင်ပွါးများခြင်း ဖြစ်ကုန်သကဲ့သို့ ထို့အတူ ဆိတ်ငြိမ်မှုကို အလိုရှိသော တောကျောင်းဟု အမှတ်ရှိသော ဥသဘ (အမည်ရှိသော ငါ့)အား စိတ်၏ ဘာဝနာအမှု၌ ပွါးများရန် လျောက်ပတ်ကောင်းမြတ်သည်၏အဖြစ်ကို အဆင့်ဆင့် ဖြစ်စေ၏။

ဤသို့လျှင် ဥသဘမထေရ်သည် ရွတ်ဆို၏။

ကောဒသမဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၂-ဒွါဒသမဝဂ်

### ၁-ဇေန္တတ္ထေရဂါထာ

၁၁၁။ ရဟန်းအဖြစ်မည်သည် ပြုလုပ်ရန် ခဲယဉ်းလှ၏၊ အိမ်တို့မည်သည် စိုးအုပ်၍ နေရန် ခဲယဉ်းလှ၏၊ (ရဟန်းဖြစ်သောသူတို့ ထိုးထွင်းသိရမည့်)တရားသည် နက်နဲလှ၏၊ စည်းစိမ်ဥစ္စာတို့မည်သည် ရရန်ခဲယဉ်းလှ၏၊ (ဤသာသနာတော်၌) ရတတ်သမျှဖြင့် သာလျှင် အသက်မွေးခြင်းသည် ငါတို့အား ငြိုငြင်ဆင်းရဲလှ၏၊ သင်္ခါရတရားတို့၏ မမြဲသော သဘောကို အခါခပ်သိမ်း ရှုခြင်းငှါ သင့်လှ၏။

ဤသို့လျှင် ဇေန္တမထေရ်သည် ရွတ်ဆို၏။

### ၂-ဝစ္ဆဂေါတ္တတ္ထေရဂါထာ

၁၁၂။ ငါသည် ဝိဇ္ဇာသုံးပါးကို ရပြီ၊ (မြတ်သောမဂ်ဖိုလ်ဈာန်ဖြင့်)မြတ်သော နိဗ္ဗာန်ကို ရှုလေ့ရှိ၏၊ စိတ်ကို ကောင်းစွာထားခြင်း၌ လိမ္မာ၏၊ ငါသည် မိမိအကျိုးတည်းဟူသော အရဟတ္တဖိုလ်သို့ အစဉ်ရောက်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ပြုအပ်ပြီ။

ဤသို့လျှင် ဝစ္ဆဂေါတ္တမထေရ်သည် ရွတ်ဆို၏။

### ၃-ဝနဝစ္ဆတ္ထေရဂါထာ

၁၁၃။ ကြည်လင်သော ရေရှိကုန်သော ကျယ်ပြန့်၍ နူးညံ့သည့် ကျောက်ရှိကုန်သော မျောက် ချေ (ဂျီ) သမင်စသော သားကောင်တို့ဖြင့် ရောပြွမ်းကုန်သော (ထိုထိုအရပ်၌) ရေမှော်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ထိုကျောက်တောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

ဤသို့လျှင် ဝနဝစ္ဆမထေရ်သည် ရွတ်ဆို၏။

### ၄-အဓိမုတ္တတ္ထေရဂါထာ

၁၁၄။ ခန္ဓာကိုယ်ကို မွေးမြူမှု၌သာ အလေးပြုနေသော (မွန်မြတ်သော အာဟာရ စသည်တို့ဖြင့်) မိမိကိုယ်၏ ချမ်းသာမှု၌ တပ်မက်နေသော ရဟန်းအား (ဤအတိုင်း) အသက်အပိုင်းအခြား နည်းပါးကုန်ခန်းသည်ရှိသော် ရဟန်းကောင်းအဖြစ် အဘယ် ကြောင့် ဖြစ်နိုင်ပါအံ့နည်း။

ဤသို့လျှင် အဓိမုတ္တမထေရ်သည် ရွတ်ဆို၏။

### ၅-မဟာနာမတ္ထေရဂါထာ

၁၁၅။ မဟာနာမ် ထိုသင်သည် (ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ ကြံစည်မှုဝိတက်များနေ ခဲ့မှု) များစွာသော တောင်ထွတ်တို့၌ ပေါက်ရောက်သော နဘပင်တို့နှင့် ပြည့်စုံသော အလုံးစုံသော ဂုဏ်တို့ဖြင့် ထင်ရှားသော (အထူးထူးအပြားပြားသော သစ်ပင် ချုံနွယ်

http://www.dhammadownload.com



ကို့ဖြင့်) ထက်ဝန်းကျင်ဖုံးလွှမ်းနေသော ( လျှောက်ပတ်သော ) ဤနေသာဒကမည်သော ကျောက်တောင်မှ ဆုတ်ယုတ်ရတော့လတ္တံ့။

ဤသို့လျှင် မဟာနာမမထေရ်သည် ရွတ်ဆိုနံ၏။

## ၆-ပါရာပရိယထေရဂါထာ

၁၁၆။ ငါသည် ( ကျွသမ္ဘာ စသည်တို့၏ဖြစ်ရာ ) ဖဿာယတနအမည်ရသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို (ကိလေသာကို ပယ်သည်၏အစွမ်းအားဖြင့်) ပယ်စွန့်သောကြောင့် လုံခြုံသော တံခါးရှိသူ(ကာယဒုစရိုက်စသည်တို့မှ) ကောင်းစွာ စောင့်စည်းပြီးသူ ဖြစ်၏၊ ထို့ကြောင့် ငါသည် ဝဋ်ဆင်းရဲ၏ မူလဘူတဖြစ်သော အဝိဇ္ဇာတဏှာဟူသော အပြစ်ဒေါသကို ထွေးအန်ပြီးဖြစ်ရကား အာသဝေါတရားတို့ကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရအပ်ပြီ။

ဤသို့လျှင် ပါရာပရိယမထေရ်သည် ရွတ်ဆိုနံ၏။

## ၇-ယသထေရဂါထာ

၁၁၇။ ငါသည် ကောင်းသော စန္ဒကူးနံ့သာတို့ဖြင့် လိမ်းကျံအပ်သော ကိုယ်ရှိသည်ဖြစ်၍ ကောင်းသောအဝတ်တို့ကို ဝတ်ဆင်ကာ အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်ပင် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ (ထို့ကြောင့် ငါသည်) မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ပြုလုပ်အပ်ပြီ။

ဤသို့လျှင် ယသမထေရ်သည် ရွတ်ဆိုနံ၏။

## ၈-ကိမိလထေရဂါထာ

၁၁၈။ ပျို့မျှစ်နုနယ်ခြင်းစသော ခန္ဓာကိုယ်၏ အခိုက်အတန့်ကို စွဲ၍ဖြစ်သော အရွယ်သည် (သင်ကား လျင်စွာ ပြေးသွားလော့၊ ရပ်တည်မနေလင့်ဟု နတ်တို့က)စေခိုင်းအပ်သကဲ့သို့ မရပ်မနား ပြေးသွားနေ၏၊ ဤခန္ဓာကိုယ်သည် မူလသဘောအတိုင်းပင် ထင်ရှားရှိနေပါလျက် အသီးအခြား တပါးဖြစ်နေဘိသကဲ့သို့ ငါ့အား ထင်နေ၏၊ (ရှည်ကြာမြင့်စွာ ကွေ့ကွင်းနေရသူကို တပါးမဟုတ်သော်လည်း တပါးကဲ့သို့ ထင်မှတ်တတ်၏၊ ယခုမူ) ကွေ့ကွင်းနေခြင်း မရှိပဲလျက် တပါးမဟုတ်မူ၍ ဖြစ်နေသော ထိုငါ၏ အတ္တဘောကို ကပါးသော သတ္တဝါ၏ အတ္တဘောကဲ့သို့ အောက်မေ့ မှတ်ထင်နေ၏။

ဤသို့လျှင် ကိမိလမထေရ်သည် ရွတ်ဆိုနံ၏။

## ၉-ဝဇ္ဇိပုတ္တထေရဂါထာ

၁၁၉။ ဂေါတမနွယ်ဖြစ်သော ဘုရားရှင်သည် သစ်ပင်ရင်းတည်းဟူသော တောအုပ်သို့ ချဉ်းကပ်ပြီးလျှင် ငါသည် ဤသို့ကျင့်၍ နိဗ္ဗာန်ကို ရယူတိုက်၏ဟု နိဗ္ဗာန်ကို စိတ်နှလုံး၌ သွင်းထားပြီးလျှင် သမထ ဝိပဿနာ ဘာဝနာနှင့် တကွဖြစ်သော မဂ္ဂဘာဝနာကို ပွါးများ

http://www.dhammadownload.com



လော့၊ (လွန်ကဲသော ကုသိုလ်တရားတို့၌) မမေ့လျော့လင့်၊ ဗလစ် ဗလစ် ပြော်ဆိုနေခြင်းသည် သင့်အား အဘယ်အကျိုးကို ပြီးစေနိုင်အံ့နည်း။

ဤသို့လျှင် ဝဇ္ဇိပုတ္တမထေရ်သည် ရွတ်ဆို၏။

### ၁၀-ဣသိဒတ္တထေရဂါထာ

၁၂၀။ ငါသည် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်ပြီ၊ ထိုဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဝင့်မြစ်ပြတ်ကုန်သည်ဖြစ်၍ တည်ကုန်၏၊ ငါသည် ဆင်းရဲ၏ကုန်ရာ 'နိဗ္ဗာန်'သို့ ရောက်ပြီဖြစ်၍ အာသဝေါတရားတို့ကုန်ရာ အရဟတ္တဖိုလ်ကို ရအပ်ပြီ။

ဤသို့လျှင် ဣသိဒတ္တမထေရ်သည် ရွတ်ဆို၏။

ဒွါဒသမဝဂ် ပြီး၏။

## ဧကကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၂-ဒုကနိပါတ်

## ၁-ပဌမဝဂ်

### ၁-ဥတ္တရတ္ထေရဂါထာ

၁၂၁။ မြဲသော တစုံတခုသော ဘဝမည်သည်မရှိ၊မြဲသော သင်္ခါရတို့သည်လည်း မရှိကုန်၊ ထိုခန္ဓာငါးပါးတို့သည် အဆက်ဆက်ဖြစ်လည်း ဖြစ်ကုန်၏၊ ရွေ့ လည်းရွေ့ လျောကုန်၏။

၁၂၂။ ငါသည် ဤသို့သော အပြစ်ကို (ဝိပဿနာပညာဖြင့်) သိ၍ ဘဝဖြင့် အလိုမရှိသူ အလုံးစုံသော ကာမတို့မှ ထွက်မြောက်ပြီးသူ ဖြစ်၏၊ ထို့ကြောင့် အာသဝကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရအပ်ရောက်အပ်ပြီ။

ဤသို့လျှင် အသျှင်ဥတ္တရမထေရ်သည် ဂါထာတို့ကို ရွတ်ဆို၏။

### ၂-ပိဏ္ဍောလဘာရဒွါဇတ္ထေရဂါထာ

၁၂၃။ ဤငါ၏ အသက်ရှည်ခြင်းသည် မသင့်သော ရှာမှီးခြင်းဖြင့် အသက်ရှည်သည် မဟုတ်၊ စားမျိုအပ်သော အစာသည် (မင်ဂုဏ်ဖိုလ်ဂုဏ်ကဲ့သို့) စိတ်၏ ငြိမ်သက်ခြင်းကို ပြုတတ်သည် မဟုတ်၊ ကိုယ်သည် စားမျိုဖွယ် 'အာဟာရ' လျှင် တည်ရာရှိ၏၊ ဤသို့ သိမြင်၍ ဆွမ်းခံလှည့်လည်သွားလာ၏။

၁၂၄။ ဒါယကာအိမ်တို့၌ အကြင်ရှိခိုးပူဇော်ခြင်းမည်သည် ရှိ၏၊ ထိုရှိခိုးပူဇော်ခြင်းကို ညွန်နှင့်တူ၏ဟူ၍ (ပညာရှိတို့သည်) ပြောဆိုကြကုန်၏၊ သိမ်မွေ့သော ငြောင့်နှင့်တူသော တဏှာကို လွန်စွာ နုတ်နိုင်ခဲသည်ဖြစ်သောကြောင့် ယုတ်မာသော ယောကျ်ားသည် ပူဇော်သကာကို စွန့်နိုင်ခဲ၏။

ဤသို့လျှင် အသျှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် ဂါထာတို့ကို ရွတ်ဆို၏။

### ၃-ဝလ္လိယတ္ထေရဂါထာ

၁၂၅။ မျောက်နှင့်တူသော စိတ်သည် တံခါးငါးပေါက်ရှိသော ခန္ဓာကိုယ်တဲကုပ်၌ ဝင်ရောက်၍ လျင်စွာ လျင်စွာ ထိခိုက်လှုပ်ရှားစေလျက် စင်္ကြံစသောဒွါရဖြင့် လှည့်လည်၏။

၁၂၆။ မျောက်နှင့်တူသောစိတ် သင် ရပ်နေလိုက်လော့၊ မပြေးပါလင့်၊ (ယခုအခါ တံခါးပိတ်လိုက်ပြီဖြစ်သောကြောင့်) ထိုအတ္တဘောတည်းဟူသော အိမ်ကို ရှေးကကဲ့သို့ သင် မမှီဝဲနိုင်တော့ပြီ၊သင့်ကို မဂ်ပညာဖြင့် နှိပ်အပ်ပြီးဖြစ်သောကြောင့်(ဒုတိယအတ္တဘောစသော) ဝေးလံရာသို့ သင် မသွားရတော့လတ္တံ့ ။

ဤသို့လျှင် ဝလ္လိယမထေရ်သည် ရွတ်ဆို၏။

### ၄-ဂင်္ဂါတီရိယတ္ထေရဂါထာ

၁၂၇။ ငါသည် ဂင်္ဂါမြစ်ကမ်းနားဌ် ထန်းရွက်သုံးရွက်တို့ဖြင့် နေရာ (ကုဋိ) ကျောင်းကို ပြုလုပ်အပ်ပြီ၊ ငါ၏ သပိတ်သည် သေသော သူကို နို့ရည်သွန်းလောင်းသော ကရားနှင့် တူ၏၊ သင်္ကန်းသည်လည်း မြေမှုန့်အလိမ်းလိမ်းကပ်သော ပံ့သုကူအဝတ်သာလျှင်တည်း။

http://www.dhammadownload.com



၁၂၈။ ငါသည် ရဟန်းပြုသောနှစ်မှ အရဟတ္တဖိုလ်သို့ မရောက်မီ နှစ်နှစ်တို့အတွင်း၌ (နှစ်မ တော်လောက်ပြီဟု နို့ ရည်ကို မြစ်ပယ်သော) စကားတခွန်းမျှကိုသာလျှင် ဆိုဘူး၏၊ သုံးခုမြောက်နှစ်အတွင်း၌ (အရဟတ္တမဂ်ဖြင့်) အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖောက်ခွဲဖျက်ဆီးအပ်ပြီ။

ဤသို့လျှင် ဂင်္ဂါတီရိယမထေရ်သည် ရွတ်ဆို၏။

## ၅-အဇိနတ္ထေရဂါထာ

၁၂၉။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံလျက် အာသဝေါကင်းပြီးဖြစ်၍ သေခြင်းကို စွန့်ပြီးသူ ဖြစ်ငြားသော်လည်း ထိုသူကို မထင်ရှားသောသူဟူ၍ ပညာနည်းသူ လူမိုက်တို့သည် (ထို အရှင်မြတ်တို့ဂုဏ်ကို) မသိသဖြင့် မထီမဲ့မြင် ပြုကုန်၏။

၁၃၀။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည်ကား ထမင်းအဖျော်ကိုသာလျှင် ရခြင်းရှိသူ ဖြစ်၏၊ (ချာန်စသည်ကို ရခြင်းမရှိ) ထိုပုဂ္ဂိုလ်သည် (သီလမရှိသည်၏ အဖြစ်ဖြင့်) ယုတ်မာ သော သဘောပင်ရှိသော်လည်း လူမိုက်တို့ အရိုအသေပြုအပ်သူဖြစ်၏။

ဤသို့လျှင် အဇိနမထေရ်သည် ရွတ်ဆို၏။

## ၆-မေဠဇိနတ္ထေရဂါထာ

၁၃၁-၂။ ငါသည် အကြင်အခါ၌ သစ္စာလေးပါးတရားကို ဟောကြားတော်မူသော မြတ်စွာဘုရား၏ သစ္စာလေးပါးတရားကို ကြားနာရပြီ၊ (ထိုအခါမှစ၍) မာရ်တို့သည် မအောင်အပ်သည်ဖြစ်၍ ခပ်သိမ်းသောတရားကို သိတော်မူသော လှည်းမှူးသဖွယ်ဖြစ် တော်မူသော ကြီးသောလုံ့လလည်းရှိတော်မူသော မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်သူတို့ထက် အလွန်အကဲမြင့်မြတ်တော်မူသော မြတ်စွာဘုရား၌ ယုံမှားခြင်းဖြစ်မိ၏ဟု မသိစဘူး၊ (ဟောတော်မူအပ်သော) အရိယမဂ်၌၎င်း (ထိုမဂ်၏ အကြောင်းဖြစ်သော သီလစသော) အကျင့်၌၎င်း ယုံမှားခြင်းသည်လည်း ငါ့အားမရှိ။

ဤသို့လျှင် မေဠဇိနမထေရ်သည် ရွတ်ဆို၏။

## ၇-ရာဓတ္ထေရဂါထာ

၁၃၃။ မကောင်းသဖြင့် မိုးအပ်သော အိမ်ကို မိုးရေမိုးပေါက်သည် ထိုးဖောက် စီးကျသကဲ့သို့ ထို့အတူ သမထဝိပဿနာဘာဝနာတို့ဖြင့် မပွါးများအပ်သော စိတ်ကို ရာဂ စသော ကိလေသာတို့သည် ထိုးဖောက်ယိုစီးကုန်၏။

၁၃၄။ ကောင်းစွာ မိုးအပ်သော အိမ်ကို မိုးရေမိုးပေါက်သည် မထိုးဖောက် မစီး ကျနိုင်သကဲ့သို့ ထို့အတူ သမထဝိပဿနာဘာဝနာတို့ဖြင့် ကောင်းစွာ ပွါးများအပ်သော စိတ်ကို ရာဂစသော ကိလေသာတို့သည် မထိုးဖောက် မယိုစီးနိုင်ကုန်။

ဤသို့လျှင် ရာဓမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ဂ-သုရာဓတ္ထေရဂါထာ

၁၃၅။ ငါ့အား ဘဝသုံးပါး၌ ဖြစ်မှုသည် ကုန်ခြင်းသို့ ရောက်ပြီ၊ မြတ်စွာဘုရား [illegible]မဟူသော မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ကွန်ရက်ဟု အမည်ရသော ဒိဋ္ဌိအဝိဇ္ဇာကို ပယ်အပ်ပြီ၊ ဘဝသုံးပါးသို့ ပို့ဆောင်တတ်သော တဏှာတည်းဟူသော ကြိုးကို ဖြတ်တောက်အပ်ပြီ။

၁၃၆။ ငါသည် အကြင်အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့၏၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ရာဖြစ်သော ထိုအရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အကျိုးကို ငါရပြီ။

ဤသို့လျှင် သုရာဓမထေရ်သည် ရွတ်ဆို၏။

## ၉-ဂေါတမတ္ထေရဂါထာ

၁၃၇။ အကြင်ရဟန်းတို့သည် မိန်းမတို့၌ ရာဂတည်းဟူသော အနှောင်အဖွဲ့ဖြင့် မနှောင်ဖွဲ့ကုန်၊ စင်စစ်အားဖြင့် အခါခပ်သိမ်း စောင့်ရှောက်ထိန်းသိမ်းအပ်ကုန်သော ယင်းမိန်းမတို့၌ မှန်သောစကားကို ရခြင်းငှါ မတတ်ကောင်း၊ ဤသို့သဘောရှိသော မိန်းမတို့ကို ရှောင်ကြဉ်၍ တည်ကုန်သော ထိုရဟန်းတို့သည် ချမ်းသာစွာ အိပ်ရနေရကုန်၏။

၁၃၈။ ဟယ်ကာမ သင့်အား (အရိယမဂ်ဖြင့်) သတ်ဖြတ်ဖျက်ဆီးခြင်းကို ပြုကျင့်ခဲ့ပြီ၊ ယခုအခါ ငါတို့သည် ထိုကာမဂုဏ်တို့ကို ပယ်ပြီးလေသောကြောင့် ကိလေသာတည်းဟူသော ကြွေးမြီကင်းကုန်ပြီ၊ အကြင်နိဗ္ဗာန်အရပ်သို့ မဂ်ဟူသော ခရီးအစွမ်းဖြင့်ရောက်၍ မစိုးရိမ်ရ၊ ယခုအခါ ထိုနိဗ္ဗာန်သို့ ငါတို့ သွားရောက်ကုန်အံ့။

ဤသို့လျှင် ဂေါတမမထေရ်သည်ရွတ်ဆို၏။

## ၁၀-ဝသဘတ္ထေရဂါထာ

၁၃၉။ (ပလွှားတတ်သူသည် ပလွှားသော အသက်မွေးခြင်းဖြင့် လူအပေါင်းကို လှည့်ပတ်လျက် ယုတ်မာသော အလိုဆိုးရှိသည်အဖြစ်စသော တရားတို့ဖြင့်) ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သတ်၏၊ နောက်ကာလ၌ ထိုပလွှားတတ်သူသည် (ဤရဟန်းသည် သီလကိုချစ်သော ရဟန်းတည်းဟု ချီးမွမ်းကုန်သော) သူတို့ကို (အကျိုးမများသည်တို့ကို ပြု၍ ပစ္စည်းကို ဖျက်ဆီးခြင်းဖြင့်) သတ်၏၊ ငှက်မုဆိုးသည် တိမ်ညင်ငှက်ဖြင့် အခြားသော ငှက်အပေါင်းကို လှည့်စား၍ သတ်သကဲ့သို့ ထိုပလွှားတတ်သူသည် မိမိကိုယ်ကို အသေသတ်သည်ကိုပြု၍ ဖျက်ဆီး၏။

၁၄၀။ သိကြားမင်း ဟူရိယာပုထ်ကို ပြုပြင်ခြင်းစသည့် ပြင်ပဖြစ်သော အသွင်အပြင် ပြည့်စုံကာမျှဖြင့် ဗြာဟ္မဏမဟုတ်၊ အတွင်း၌ သီလစသည်နှင့် ပြည့်စုံခြင်းဖြင့်သာ ဗြာဟ္မဏမည်၏၊ ထို့ကြောင့် အကြင်ပုဂ္ဂိုလ်၌ ယုတ်ညံ့သော အမှုတို့သည် ရှိကုန်၏၊ ထိုပုဂ္ဂိုလ်ကို စင်စစ် ယုတ်ညံ့သော ပုဂ္ဂိုလ်ဟု သိလေလော။

ဤသို့လျှင် ဝသဘမထေရ်သည် ရွတ်ဆို၏။

ပဌမဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-ဒုတိယဝဂ်

### ၁-မဟာစုန္ဒတ္ထေရဂါထာ

၁၄၁။ ကောင်းစွာ သင်ကြားနာယူခြင်းသည် (သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ်နှင့်စပ်သော) အကြားအမြင်ကို ပွါးစေတတ်၏၊ အကြားအမြင်သည် (အကုသိုလ်ကိုပယ်ခြင်း ကုသိုလ်ရခြင်း၏ အကြောင်းဖြစ်သော) ပညာကို ပွါးစေ၏၊ ပညာဖြင့် (ဒိဋ္ဌဓမ္မစသည်ကို ဝေဘန်ခြင်း ဒုက္ခစသည်ကို ဝေဘန်ခြင်းဟူသော) အနက်ကို(ဟုတ်မှန်စွာ) သိ၏၊ သိအပ်သော အနက်သည်(လောကီ လောကုတ္တရာ)ချမ်းသာကို ဆောင်တတ်၏။

၁၄၂။ ဆိတ်ငြိမ်သော ကျောင်းတို့ကို မှီဝဲရာ၏၊ သံယောဇဉ်တရားတို့မှ လွတ်ကြောင်းဖြစ်သော ဝိပဿနာဘာဝနာ မဂ္ဂဘာဝနာကို ပွါးများကျင့်သုံးရာ၏၊ ထို(ဆိတ်ငြိမ်သော) ကျောင်း(ရပြီးသော လွန်ကဲသောကုသိုလ်)တရားတို့၌ မွေ့လျော်မှုကို မရခဲ့မူ စိတ်ကို စောင့်ရှောက်လျက် ထင်သောသတိရှိသည်ဖြစ်၍ သံဃာ့ဘောင်၌ နေရာ၏။

ဤသို့လျှင် မဟာစုန္ဒမထေရ်သည် ရွတ်ဆို၏။

### ၂-ဇောတိဒါသတ္ထေရဂါထာ

၁၄၃-၄။ ကြမ်းထမ်းသော အမှုရှိကုန်သော အကြင်ပုဂ္ဂိုလ်တို့သည် သားရေလွန်ကြိုးပိုင်းစသည်ဖြင့်(ဦးခေါင်းစသည်တို့၌)ရစ်ပတ်သဖြင့်ငှင်း သူတပါးတို့အား သတ်ဖြတ်မှု အမျိုးမျိုးဖြင့်ငှင်း လူတို့ကို ညှဉ်းဆဲနှိပ်စက်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် အကြင်ညှဉ်းဆဲမှု (ကမ္မကရဏ) တို့ဖြင့် သူတပါးတို့ကို ညှဉ်းဆဲနှိပ်စက်ကုန်၏၊ ထိုညှဉ်းဆဲမှု (ကမ္မကရဏ) တို့၌သာလျှင်(ကိုယ်တိုင် ထိုသို့သော ဆင်းရဲကို)ခံစားကြရကုန်၏၊ သတ္တဝါသည် အကြင်ကောင်းသောကံကိုငှင်း မကောင်းသောကံကိုငှင်း ပြုလုပ်မိ၏၊ ထိုကံသည် အကျိုးမပေးပဲ မပျောက်ပျက်နိုင်သည်သာလျှင်တည်း၊ အကြင်သတ္တဝါသည် အကြင်အကြင်ကံကို အကျိုးပေးစွမ်းနိုင်သော အခြင်းအရာအားဖြင့် ပြုလုပ်သည်းမူး၏၊ ထိုသတ္တဝါသည် ထိုထိုကံ၏သာလျှင် အမွေခံသူဖြစ်၏။

ဤသို့လျှင် ဇောတိဒါသမထေရ်သည် ရွတ်ဆို၏။

### ၃-ဟေရညကာနိတ္ထေရဂါထာ

၁၄၅။ နေ့ညဉ့်တို့သည် (လျင်လျင်မြန်မြန် ကွယ်ပျောက်သောအားဖြင့်) လွန်သွားကုန်၏၊ အသက်ဇီဝိတိန္ဒြေသည်(ခဏိကနိရောဓ၏အစွမ်းဖြင့်)ချုပ်ပျောက်ရ၏၊ တောင်ကျ (ယမား)ချောင်းတို့၏ ရေသည် ကြာမြင့်စွာ မတည်နိုင်သကဲ့သို့ ထိုအတူ သတ္တဝါတို့၏ အသက်သည် ကုန်ခန်းခြင်းသို့ ရောက်၏။

၁၄၆။ သို့ဖြစ်လျက် လူမိုက်သည် မကောင်းမှုကံတို့ကို ပြုလုပ်ပြီးလျှင် နောင်အခါ ခံရမည့်ဆင်းရဲခြင်းတည်းဟူသော အကျိုးကို မသိရှာလေ၊ ပြုပြီးသည်မှ နောက်ကာလ၌

http://www.dhammadownload.com



ထိုလူမိုက်အား အလိုမရှိအပ်သော ဆင်းရဲသည်သာ ဖြစ်ရ၏၊ မှန်၏-ထိုမကောင်းမှုကံ၏ အကျိုးသည် ယုတ်ညံ့သောအကျိုးသာ ဖြစ်၏။

ဤသို့လျှင် ဟေရညကာနိမထေရ်သည် ရွတ်ဆို၏။

## ၄-သောမမိတ္တတ္ထေရဂါထာ

၁၄၇။ သမုဒ္ဒရာ၏ တဖက်ကမ်းသို့ ကူးမြောက်လိုသူသည် သေးငယ်သော သစ်သားဖောင်ကို တက်စီး၍ ကူးသည်ရှိသော် မဟာသမုဒ္ဒရာ၌ နစ်မြုပ်ရသကဲ့သို့ ဤအတူ ပျင်းရိသူကို အကြောင်းပြု၍ ကောင်းသော အသက်မွေးခြင်းရှိသူသည်လည်း (သံသရာ၌) နစ်မြုပ်ရ၏၊ ထို့ကြောင့် ပျင်းရိ၍ ဝီရိယယုတ်လျော့သော ထိုသူကို ရှောင်ကြဉ်ရာ၏။

၁၄၈။ ကာယဝိဝေကစသည်ဖြင့် ကင်းဆိတ်ကြသူ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြသူ သမထဝိပဿနာဖြင့် ရှုလေ့ရှိကြသူ အမြဲ ထက်သန်သော လုံ့လရှိကြသူ အရိယာပညာရှိတို့နှင့် အတူတကွ နေထိုင်မှီဝဲရာ၏။

ဤသို့လျှင် သောမမိတ္တမထေရ်သည် ရွတ်ဆို၏။

## ၅-သဗ္ဗမိတ္တတ္ထေရဂါထာ

၁၄၉။ (မိုက်မဲလှသော)လူသည် (ငါ့သား ငါ့အမိ စသည်ဖြင့်) အခြားလူအပေါ်၌ (တဏှာအနှောင်အဖွဲ့ဖြင့်)နှောင်ဖွဲ့၏၊ (မိုက်မဲလှသော)လူသည် (ငါ့သား ငါ့သမီးစသည်ဖြင့်) အခြားလူကိုသာလျှင် (တဏှာဖြင့် ကပ်ငြိသိမ်းဆည်း၍) တည်၏၊ (မိုက်မဲလှသော) လူသည် အခြားလူကို (ဒေါသ၏ အစွမ်းဖြင့်) ညှဉ်းပန်း နှိပ်စက်အပ်၏၊ (ထိုအမှုသည် အကျိုး၏ အစွမ်းဖြင့် ငါ့အပေါ်သို့ ကျရောက်လိမ့်မည်ဟု မသိသော) လူသည်လည်း အခြားတပါးသော လူကို နှိပ်စက်၏။

၁၅၀။ အခြား တပါးသော လူသည် အခြား တပါးသော လူအား(တဏှာ၏ အစွမ်းဖြင့် ကပ်ငြိခြင်း ဒေါသ၏အစွမ်းဖြင့် နှိပ်စက်ခြင်းဖြင့်) အဘယ် အကျိုးရှိအံ့နည်း၊ အမိအဖပင်ဖြစ်၍လည်း အခြား တပါးသော အမိအဖဖြင့်၎င်း အခြားတပါးသော သားသမီးဖြင့်၎င်း အဘယ် အကျိုးရှိအံ့နည်း၊ ထို့ကြောင့် ငါသည် (အမိ အဖ သား သမီး စသော) ထိုလူများ အပေါင်းကို၎င်း ထိုလူများအပေါင်းကို နှိပ်စက်၍တည်သော တဏှာ ဒေါသကို၎င်း ပယ်စွန့်၍ (မနှိပ်စက်နိုင်ရာ ဌာနသို့) သွားရောက်လို၏။

ဤသို့လျှင် သဗ္ဗမိတ္တမထေရ်သည် ရွတ်ဆို၏။

## ၆-မဟာကာဠတ္ထေရဂါထာ

၁၅၁။ ကိုယ်လုံးကိုယ်ထည် ကြီးမား၍ ကျီးနှင့်တူသော အဆင်းရှိသော ဤကာဠီမည်သော (သုသာန်စောင့်) မိန်းမကြီးသည် (လူသေကောင်၏) ပေါင်နှစ်ဖက်ကို၎င်း လက်မောင်းနှစ်ဖက်ကို၎င်း ဖြတ်ပြီးလျှင် လူသေကောင်၏ ဦးခေါင်းကိုလည်း နို့ခမ်းအိုးကဲ့သို့ ရိုက်ခွဲ၍ ဦးနှောက်ယိုစီးသည်ကို ဖွလျက် (လူသေကောင်၏ အစိတ်အပိုင်းတို့ကို မူလအတိုင်း ထားခြင်းဖြင့်) ဆက်စပ်ပြီးသော် (အသားဈေးဖြန့်ခင်းသကဲ့သို့) ထိုင်နေ၏။

http://www.dhammadownload.com



၁၅၂။ အကြင် ပုဂ္ဂိုလ်သည် စင်စစ်အားဖြင့် (ကမ္မဋ္ဌာန်းကောင်ကို မြင်သော်လည်း) မလိမ်မာသည်ဖြစ်၍ (ကမ္မဋ္ဌာန်းကိုစွန့်ကာ မသင့်မတင့် နှလုံးသွင်းခြင်းဖြင့်) ကိလေသာတည်းဟူသော ဥပဓိကို ဖြစ်စေ၏၊ ပညာနုန့်သော ထိုပုဂ္ဂိုလ်သည် အဖန်ဖန် (ငရဲစသည်တို့၌ဖြစ်သော)ဆင်းရဲသို့ ကပ်ရောက်ရ၏၊ ထို့ကြောင့် ဤကိလေသာ ဟူသော ဥပဓိကား ဆင်းရဲဖြစ်ကြောင်းတည်းဟူ၍ သိသောသူသည် ဤသူသေကောင်ကဲ့သို့ ဦးခေါင်းကွဲသူ ဖြစ်၍ တဖန် ငါမအိပ်တော့အံ့ဟု အသင့်အတင့် နှလုံး သွင်းလျက် ကိလေသာတည်းဟူသော ဥပဓိကို မဖြစ်စေရာ။

ဤသို့လျှင် မဟာကာလမထေရ်သည် ရွတ်ဆို၏။

## ၇-တိဿတ္ထေရဂါထာ

၁၅၃။ ဒုကုဋ္ဌသကာန်းကိုရုံသော ဦးပြည်းရဟန်းသည် ထမင်းအဖျော် အဝတ် သင်္ကန်း ကျောင်း အိပ်ရာနေရာတို့ဖြင့် လာဘ်ရသူဖြစ်ခဲ့ပါမူ ထိုလာဘ်ရသော ရဟန်းသည် များစွာသော ရန်သူတို့ကို ရသူ မည်၏။

၁၅၄။ ထို့ကြောင့် ရဟန်းသည်(လာဘ်) ပူဇော်သကာတို့၌ ဤသို့ သဘောရှိသော ကြီးကျယ်သောဘေးဟူသော အပြစ်ဒေါသကို သိမြင်၍ (အလိုနည်းမှု ရောင့်ရဲလွယ်မှုကို) စိတ်နှလုံး၌ ထားပြီးလျှင်) ဖြစ်ပေါ်လာသော အပြစ်မရှိသော လာဘ်ကို ရှောင်ကြဉ်ခြင်းဖြင့်) လာဘ်သပကာနည်းသူ (လာဘ်၌ တပ်မက်မှု) တဏှာမိုးမစွတ်သူ သတိရှိသူဖြစ်၍ ကျင့်ရာ၏။

ဤသို့လျှင် တိဿမထေရ်သည် ရွတ်ဆို၏။

## ၈-ကိမိလတ္ထေရဂါထာ

၁၅၅-၆။ များစွာသော စည်းစိမ် ချမ်းသာတို့ကို စွန့်ကုန်၍ သပိတ်လက်စွဲလျက် ဆွမ်းခံသဖြင့် ရသောဆွမ်း၌ မွေ့လျော်ကြကုန်သော ထက်သန်သော လုံ့လရှိကုန်သည် ဖြစ်၍ နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်ထားကုန်သော အခါခပ်သိမ်း မြဲမြံခိုင်ခံ့သော လုံ့လရှိကုန်သော သာကီဝင်မင်းသားဖြစ်ကြသည့် သူငယ်ချင်းရဟန်းသုံးယောက်တို့သည်ပါစိနဝံသ အမည်ရသော တောအုပ်ဝယ် လောက၌ အကျုံးဝင်သော ရူပါရုံစသည်တို့၌ မွေ့လျော်မှုကို (မဂ်ပညာဖြင့်) ပယ်စွန့်၍ (အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်) တရား၌ မွေ့လျော်ခြင်းဖြင့် မွေ့လျော်ကြကုန်၏။

ဤသို့လျှင် ကိမိလမထေရ်သည် ရွတ်ဆို၏။

## ၉-နန္ဒတ္ထေရဂါထာ

၁၅၇။ ငါသည် မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့်(အတ္တဘော၌)တန်ဆာဆင်ခြင်းကိုသာ အားထုတ်ခဲ့သူ(ဇာတိမာန် စသည်တို့ဖြင့်) စိတ်မငြိမ်သက်သူ လျှပ်ပေါ်သူ ဖြစ်ခဲ့၏၊ ဝတ္ထုကာမတို့၌ တပ်မက်မှု 'ဆန္ဒရာဂ' အနှိပ်စက်ခံရသူ ဖြစ်ခဲ့၏။

http://www.dhammadownload.com



၁၅၈။ ငါသည် ဆုံးမခြင်းအကြောင်း၌ လိမ်မာတော်မူသော နေမင်း အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားကြောင့် သင့်သော အကြောင်းအားဖြင့် (သမထဝိပဿနာ စင်ကြယ်သော အကျင့်ကို) ကျင့်၍ ဘဝ(သံသရာညွန့်ပြောင်း)၌ (နစ်မြုပ်နေသော ငါ၏) စိတ်ကို (အရိယမဂ်တည်းဟူသော လက်ဖြင့် နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌) ထုတ်ဆောင် တည်စေခဲ့ပြီ။

ဤသို့လျှင် နန္ဒမထေရ်သည် ရွတ်ဆို၏။

## ၁၀-သိရိမတ္ထေရဂါထာ

၁၅၉။ (ပညာရှိသူမှ)တပါးသော လူမိုက်တို့သည် ထိုပုဂ္ဂိုလ်ကို ချီးမွမ်းကုန်၏၊(အချီးမွမ်းခံရသော ထိုသူသည်) မိမိက မတည်ကြည်သူဖြစ်ပါမူ မိမိက ဥပစာရသမာဓိမျှဖြင့်သော်လည်း မတည်ကြည်သောကြောင့်(ပညာရှိသူမှ)တပါးသောလူမိုက်တို့သည် အချည်းနှီး အကြောင်းမဲ့ ချီးမွမ်းသည် မည်ကုန်၏။

၁၆၀။ (ပညာရှိသူမှ) တပါးသော လူမိုက်တို့သည် ထိုပုဂ္ဂိုလ်ကို ကဲ့ရဲ့ကုန်၏၊ (အကဲ့ရဲ့ခံရသော ထိုသူသည်) မိမိက ကောင်းစွာ တည်ကြည်သူဖြစ်ခဲ့ပါမူ မိမိက (မဂ်ဖိုလ် သမာဓိဖြင့်) ကောင်းစွာ တည်ကြည်ပြီးဖြစ်သောကြောင့် (ပညာရှိသူမှ) တပါးသော လူမိုက်တို့သည် အချည်းနှီး အကြောင်းမဲ့ ကဲ့ရဲ့သည် မည်ကုန်၏။

ဤသို့လျှင် သိရိမမထေရ်သည် ရွတ်ဆို၏။

ဒုတိယဝဂ် ပြီး၏။

---

## ၃-တတိယဝဂ်

## ၁-ဥတ္တရတ္ထေရဂါထာ

၁၆၁။ ငါသည် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ငါသည် တဏှာကို ကောင်းစွာ ပယ်နုတ်အပ်ပြီ၊ ငါသည် ဗောဇ္ဈင်တရားတို့ကို ပွါးများအပ်ကုန်ပြီ၊ ငါသည် အာသဝေါတရားတို့ကုန်ရာ နိဗ္ဗာန်ကို ရအပ်ပြီ။

၁၆၂။ ထိုငါသည် (ဆိုခဲ့ပြီးသည့်အတိုင်း) ခန္ဓာတို့ကို ပိုင်းခြားသိပြီး၍ (တဘဝနှင့် တဘဝကို ဖွဲ့စပ်မြေးရှက်တတ်သော ကွန်ရက်ရှိသောကြောင့်) ဇာလိနီမည်သော တဏှာကို (ငါ၏ စိတ်သန္တာန်မှ) ထုတ်နုတ်ပြီးလျှင် ဗောဇ္ဈင်ခုနစ်ပါး တရားတို့ကို ပွါးများပြီးဖြစ်ရကား အာသဝေါကင်းပြီးဖြစ်၍ ပရိနိဗ္ဗာန်ပြုရတော့အံ့။

ဤသို့လျှင် ဥတ္တရမထေရ်သည် ရွတ်ဆို၏။

## ၂-ဘဒ္ဒဇိတ္ထေရဂါထာ

၁၆၃-၄။ အကြင်မင်း၏ ပြာသာဒ်သည် ရွှေဖြင့်ပြီး၏၊ အကျယ်အားဖြင့် မြားတဆယ့်ခြောက်ပြန်ကျ (ယူဇနာခွဲ) ပမာဏရှိ၏၊ အမြင့်ကား မြားအပြန်တထောင်ကျ (နှစ်ဆယ့်

http://www.dhammadownload.com



ငါးယူဇနာပမာဏရှိ၏)၊ (ထိုပြာသာဒ်သည်ကား) ဘုံဆင့်တထောင်ရှိ၏၊ အရာမက များစွာသော တံခါးရှိ၏၊ (ထိုထိုအရပ်ဌာနတို့၌) တပ်ထားသော တံခွန်ကုက္ကားတို့နှင့် ပြည့်စုံ၏၊ ရွှေစင်သိဂ်နိက်ဖြင့် ပြီး၏၊ ထိုပြာသာဒ်ဝယ် ခုနစ်နေရာတို့၌ ကချေသည် ခြောက်ထောင်တို့သည် မင်းကြီးပြုံးရယ်စေခြင်းငှါ ကကြကုန်၏၊ (ထိုမင်းသည်ကား မဟာပနာဒ အမည်ရသော မင်းဖြစ်၏)။

ဤသို့လျှင် ဘဒ္ဒဇိမထေရ်သည် ရွတ်ဆို၏။

## ၃-သောဘိတတ္ထေရဂါထာ

၁၆၅။ သတိရှိသော ပညာရှိသော ထက်သန်သော (သဒ္ဓါစသော) ဗိုလ် (ထက်သန်သော သမ္မပ္ပဓာန်ဝီရိယ) လုံ့လရှိသော ရဟန်းဖြစ်သော ငါသည် ကမ္ဘာငါးရာတို့ကို တညဥ့်တည်းကဲ့သို့ အောက်မေ့နိုင်၏။

၁၆၆။ ငါသည် သတိပဋ္ဌာန်လေးပါးတို့ကိုင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုင်း မဂ္ဂင်ရှစ်ပါးတို့ကိုင်း ပွါးများခြင်းကြောင့် ကမ္ဘာငါးရာတို့ကို တညဥ့်တည်းကဲ့သို့ အောက်မေ့နိုင်၏။

ဤသို့လျှင် သောဘိတမထေရ်သည် ရွတ်ဆို၏။

## ၄-ဝလ္လိယတ္ထေရဂါထာ

၁၆၇။ အကြင်ကိစ္စကို မြဲမြံခိုင်ခံ့သော လုံ့လဝီရိယဖြင့် ပြုသင့်ပြုထိုက်၏၊ အကြင်ကိစ္စကို သစ္စာလေးပါးကို သိလိုသောသူသည် ပြုသင့်ပြုထိုက်၏၊ (ထိုကိစ္စနှစ်မျိုးလုံးကို အကျွန်ုပ်သည် ယခု) ပြုလုပ်အံ့၊ မချွတ်ယွင်းစေအံ့၊ (အဆင့်အဆင့် အားထုတ်သဖြင့်) ပရက္ကမဟု အမည်ရသော ကောင်းစွာအားထုတ်မှု ဝီရိယကို ရှုတော်မူပါလော့။

၁၆၈။ အရှင်ဘုရားသည် အကျွန်ုပ်အား အမြိုက်နိဗ္ဗာန်ကို (ရောက်စေတတ်သည် အဖြစ်ဖြင့် တည်သောကြောင့်) အမတောဂဓအမည်ရသော ဖြောင့်မတ်သော မဂ်ခရီးကို ဟောကြားတော်မူပါလော့၊ ဂင်္ဂါရေအယဉ်သည် သမုဒ္ဒရာသို့ (မချွတ်မယွင်း) စီးဝင်သကဲ့သို့ ထိုအတူ အကျွန်ုပ်သည် ကမ္မဋ္ဌာန်းကို အားထုတ်လျက် မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ သွားရောက်ပါအံ့။

ဤသို့လျှင် ဝလ္လိယမထေရ်သည် ရွတ်ဆို၏။

## ၅-ဝီတသောကတ္ထေရဂါထာ

၁၆၉။ (ရှေးလူဖြစ်စဉ်အခါက) ဆတ္တာသည်သည် 'ငါ၏ဆံပင်တို့ကို ရိတ်ဖြတ်အံ့'ဟု ငါ့ထံသို့ ချဉ်းကပ်လာ၏၊ (ငါသည်) ထိုဆတ္တာသည်ထံမှ မှန်ကြေးမုံကို ယူ၍ (မိမိ၏) ကိုယ်ကို ကြည့်ရှု ဆင်ခြင်ခဲ့၏။

၁၇၀။ (ဤသို့ ကြည့်ရှု ဆင်ခြင်သည်ရှိသော်) ငါ၏ကိုယ်သည် နိစ္စ သုခသည်တို့မှ အချည်းနှီးဖြစ်၍ ဉာဏ်၌ထင်လာ၏၊ ခန္ဓာကိုယ်၌ အမှန်ကို မမြင်နိုင်အောင် ကန်းသည်ကို ပြုတတ်သော အဝိဇ္ဇာဟူသော အမိုက်မှောင်သည် ကင်းပျောက်ခြင်းသို့ ရောက်ခဲ့ပြီ၊

http://www.dhammadownload.com



(ထိုကြောင့်) အမျိုးကိုပ်ံစသည်တို့၌ စွန်းပစ်အပ်သော စက်ဆုပ်ရွံရှာဖွယ် ပုဆိုးပိုင်းနှင့်တူသည့် ကိလေသာအားလုံးတို့ကို (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ဖြတ်အပ်ကုန်ပြီ၊ နောင်တပန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ။

ဤသို့လျှင် ဝိတသောကမထေရ်သည် ရွတ်ဆိုခဲ့၏။

## ၆-ပုဏ္ဏမာသတ္ထေရဂါထာ

၁၇၁-၂။ ငါသည် နီဝရဏငါးပါးတို့ကို ပယ်စွန့်ဖျက်ဆီး၍ (ကာမ ယောဂစသော) ယောဂလေးပါးတို့သည် မနှိပ်စက်အပ်သော နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်းငှါ မိမိ၏ဉာဏ် အမြင်ဖြစ်သော တရားတည်းဟူသော မှန်ကြေးမုံကို ယူ၍ အဇ္ဈတ္တိကာယတန ဗာဟိရာ-ယတနနှင့်တကွဖြစ်သော ဤကိုယ်အားလုံးကို(အနိစ္စ ဒုက္ခ အနတ္တဟု) ဉာဏ်ဖြင့် ရှုဆင်ခြင် ခဲ့ပြီ၊ ဤသို့ ရှုဆင်ခြင်သော ငါ့အား မိမိသန္တာန်၌ရှင်း သူတပါးသန္တာန်၌ရှင်းဖြစ်သော ခန္ဓာငါးပါးဟူသော အတ္တဘောသည် နိစ္စ သုခစသည်တို့မှ အချည်းနှီးဖြစ်၍ ဉာဏ်၌ ထင် လာ၏။

ဤသို့လျှင် ပုဏ္ဏမာသမထေရ်သည် ရွတ်ဆိုခဲ့၏။

## ၇-နန္ဒကတ္ထေရဂါထာ

၁၇၃-၄။ ကောင်းမြတ်သော အာဇာနည် နွားလားဥသဘသည် ချော်ချော်တိမ်းပါး ပြီးမှ တဖန် ရပ်တည်မြဲ ရပ်တည်သကဲ့သို့ ရောက်လာသောတာဝန်ကို ဆောင်ခြင်းသည် လျောက်ပတ်၏ဟု လွန်စွာထိတ်လန့်ခြင်းကိုရ၍ တွန့်တိုစိတ်မရှိပဲ ဝန်ကိုဆောင်သကဲ့သို့ ဤအတူ မဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရားတပည့်ဖြစ်သော မြတ်စွာဘုရား၏ ရင်၌ဖြစ်သော သားဖြစ်သော ငါ့ကို နွားလားဥသဘ အာဇာနည်နှင့်တူ၏ဟု မှတ်ကြ ကုန်လော့။

ဤသို့လျှင် နန္ဒကမထေရ်သည် ရွတ်ဆိုခဲ့၏။

## ၈-ဘရတတ္ထေရဂါထာ

၁၇၅။ နန္ဒက လာလှည့်၊ အပြစ်ကြီးငယ်ကို ရှုကြည့်၍ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား၏ အထံသို့ (ငါတို့) သွားကြကုန်အံ့၊ ဘုရားမြတ်၏ မျက်မှောက်၌ ခြင်္သေ့ ကဲ့သို့ ရဲရင့်သော စကားသံကို ကြုံးဝါး လျှောက်ဆိုကြကုန်အံ့။

၁၇၆။ အကြင်အကျိုးငှါ မြတ်စွာဘုရားသည် ငါတို့ကို သနားစောင့်ရှောက် ချီး မြှောက်သဖြင့် ရှင်ရဟန်းပြုပေးတော်မူ၏၊ ငါတို့သည် သံယောဇဉ် အားလုံးတို့ကုန်ရာ အရဟတ္တဖိုလ်ဟူသော ထိုအကျိုးကို ရအပ်ပြီ။

ဤသို့လျှင် ဘရတမထေရ်သည် ရွတ်ဆိုခဲ့၏။

http://www.dhammadownload.com



### ၉-ဘာရဒွါဇတ္ထေရဂါထာ

၁၇၇။ စစ်သည်နှင့်တကွသောမာရ်ကို အောင်ပြီးသောကြောင့် ဤသို့အောင်ပြီးသော စစ်မြေပြင်ရှိသော ရဲရင့်သော ပညာရှိတို့သည် တောင်စောင်းလိုဏ်ဂူ၌ နေကုန်သော ခြင်္သေ့တို့ကဲ့သို့ မကြောက်မရွံ့ရဲရင့်သော စကားကို မြွက်ဆိုကြွေးဝါးကုန်၏။

၁၇၈။ ငါသည် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ခြင်းဖြင့် ဆည်းကပ်အပ်ပြီ၊ လောကုတ္တရာတရားကိုးပါးကိုရင်း အရိယာသံဃာကိုရင်း ပူဇော်အပ်ပြီ၊ အာသဝေါကင်းပြီးသော (ငါ၏) သားရဟန်းကို မြင်ရသောကြောင့် ငါသည်လည်း နှစ်သက်၏၊ ဝမ်းမြောက်လည်း ဝမ်းမြောက်၏။

ဤသို့လျှင် ဘာရဒွါဇမထေရ်သည် ရွတ်ဆို၏။

### ၁၀-ကဏှဒိန္နတ္ထေရဂါထာ

၁၇၉။ ငါသည် အရိယာသူတော်ကောင်းတို့ကို မပြတ်ဆည်းကပ်အပ်ကုန်ပြီ၊ (သစ္စာ ပဋိစ္စသမုပ္ပါဒ်နှင့်စပ်သော) တရားတို့ကိုလည်း မပြတ်ကြားနာအပ်ကုန်ပြီ၊ ကြားနာပြီး နောက် အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သည်အဖြစ်ဖြင့် တည်သောကြောင့် အမတော ဂဓအမည်ရသော မဂ်ခရီးသို့ ရောက်ခဲ့ပြီ။

၁၈၀။ ဘဝရာဂ ဘဝ၌ တပ်စွန်းမှုဖြင့် အနှိပ်စက်ခံနေရသူဖြစ်သော ငါ့အား ယခုအခါ နောက်ထပ် တဖန် ဘဝရာဂမရှိပေ၊ ရှေးပုထုဇဉ်သေက္ခဖြစ်စဉ်က ဘဝရာဂဖြစ်ခဲ့ဘူးသော်လည်း အရဟတ္တမဂ်စိတ်ဖြစ်သောအခါမှစ၍ ဘဝရာဂမဖြစ်ဘူးပြီ၊ နောင်လည်း မဖြစ်တော့လတ္တံ့၊ ယခုအခါ၌လည်း ဘဝရာဂမရှိတော့ပေ။

ဤသို့လျှင် ကဏှဒိန္နမထေရ်သည် ရွတ်ဆို၏။

တတိယဝဂ် ပြီး၏။

---

## ၄-စတုက္ကနိပါတ်

### ၁-မိဂသိရတ္ထေရဂါထာ

၁၈၁။ ငါသည် အကြင်အခါမှစ၍ မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြု၏၊ ထိုရဟန်းပြုသောအခါမှစ၍ (သမထ ဝိပဿနာဖြင့် သံကိလေသအဘို့မှ) လွတ်မြောက်သည် ဖြစ်၍ (ဖြူစင်သော တရားနာခြင်းဖြင့် မဂ်ခရီးစဉ်အတိုင်း) တက်ရောက်ပြီးသော် (အနာဂါမိမဂ်ဖြင့်) ကာမဓာတ်ကို လွန်မြောက်ပြီ။

၁၈၂။ မြတ်စွာဘုရားကြည့်ရှုတော်မူစဉ် ထိုအနာဂါမိမဂ်ကို ရပြီးသည့်နောက် (အရဟတ္တမဂ်ကို ရခြင်းဖြင့် ငါ၏) စိတ်သည် ကိလေသာအားလုံးမှ လွတ်ပြီ၊ သံယောဇဉ်အားလုံးတို့ ကုန်ခြင်းကြောင့် ငါ၏ အရဟတ္တဖိုလ်သည် မပျက်မစီးနိုင်တော့ပေ။

ဤသို့လျှင် မိဂသိရမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၂-သံဃကတ္ထေရဂါထာ

၁၈၃။ ထိုထိုဘုံဘဝ၌ အဖန်တလဲလဲဖြစ်ကုန်သော အတ္တဘောတည်းဟူသော အိမ်တို့သည် အမြဲမတည်ကုန်၊ ငါသည် အတ္တဘောတည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော တဏှာယောက်ျား လက်သမားကို ရှာဖွေလျက် (ဤမျှလောက်သော ကာလပတ်လုံး အဖန်ဖန် ကျင်လည်ခဲ့ရပြီ)၊ အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းသည် ဆင်းရဲလှ၏။

၁၈၄။ အတ္တဘောတည်းဟူသော အိမ်ကို ဆောက်တည်သော ဟယ်တဏှာယောက်ျား လက်သမား ယခုအခါ (အရိယမဂ်ဉာဏ်တည်းဟူသော မျက်စိဖြင့်) သင့်ကို ငါမြင်အပ်ပြီ၊ သင်သည် အတ္တဘောတည်းဟူသော အိမ်ကို တဖန်မဆောက်ရတော့လတ္တံ့၊ သင်၏ ကိလေသာဟူသော အိမ်၏ အခြင်ရနယ်အားလုံးတို့ကို ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီ၊ (အဝိဇ္ဇာ ဟုဆိုအပ်သော) အထွတ်အချက်တို့ကိုလည်း ချိုးဖဲ့ဖျက်ဆီးအပ်ကုန်ပြီ၊ ငါ၏ စိတ်ကို နောင်အခါ မဖြစ်ခြင်းသဘောသို့ ရောက်စေအပ်ပြီ၊ ထို့ကြောင့် ဤဘဝ၌သာလျှင် ပျက်စီး ချုပ်ပျောက်လတ္တံ့။

ဤသို့လျှင် သိဝကမထေရ်သည် ရွတ်ဆို၏။

## ၃-ဥပဝါနတ္ထေရဂါထာ

၁၈၅-၆။ ဤလောက၌ ပူဇော်ထိုက်သူ သိကြားဗြဟ္မာစသည်တို့သည် ပူဇော်အပ်သော အရှိအသေပြုထိုက်သူ ဗိမ္ဗိသာရ ကောသလစသော မင်းတို့သည် အရှိအသေပြုအပ်သော မြတ်နိုးပူဇော်ထိုက်သူ ရဟန္တာပုဂ္ဂိုလ်တို့သည် မြတ်နိုးပူဇော်အပ်သော ပူဇော်အထူးကို ခံတော်မူထိုက်သော ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို လေအနာတို့သည် နှိပ်စက်အပ်ပါ၏၊ ပုဏ္ဏား အကယ်၍ ရေနွေးရှိပါမူ (မြတ်စွာဘုရား၏ လေရောဂါငြိမ်းစေခြင်းငှါ ဆောင်ယူလိုပါ၏)၊ မြတ်စွာဘုရားအား (ရေနွေးကို) ပေးလှူပါလော့။

ဤသို့လျှင် ဥပဝါနမထေရ်သည် ရွတ်ဆို၏။

## ၄-ဣသိဒိန္နတ္ထေရဂါထာ

၁၈၇။ ငါသည် ဤသာသနာတော်၌ ပရိယတ္တိကို ဆောင်ကုန်သော ဥပါသကာအချို့ တို့ကို တွေ့မြင်အပ်ကုန်ပြီ၊ ထိုဥပါသကာတို့သည် (ပရိယတ္တိကို ဆောင်ထားခြင်းကြောင့်သာလျှင်) 'ကာမတို့သည် အမြဲမရှိကုန်'ဟု ပြောဆိုကုန်လျက်(မိမိတို့ကိုယ်တိုင်ကမူ) အားကြီးသောရာဂဖြင့် တပ်မက်ကုန်သောကြောင့် ပတ္တမြားနားဒောင်းတို့၌ပင်း သားသမီး တို့၌ရင်း မယားတို့၌ရင်း ငဲ့ကွက်ခြင်း ရှိကုန်၏။

၁၈၈။ (ထိုဥပါသကာတို့သည် ပတ္တမြားနားဒောင်း သားမယားတို့၌ ငဲ့ကွက်ခြင်း ရှိကုန်သောကြောင့်) ဤသာသနာတော်၌ တရားတော်ကို မချွတ်ကေန် မသိကြကုန်၊ (ဤသို့ မသိကြကုန်သော်လည်း) 'ကာမတို့သည် အမြဲမရှိကုန်'ဟူ၍ကား ပြောဆိုနေကြကုန်၏၊ ထိုဥပါသကာတို့အား ရာဂကို ဖြတ်အံ့သောငှါ ဉာဏ်အားအစွမ်းသည် မရှိ၊ ထို့ကြောင့်

http://www.dhammadownload.com



(တရားဝက်အစွမ်းဖြင့်) မှီကုန်သည်ဖြစ်၍ သားမယားကိုငှင်း ဥစ္စာကိုငှင်း မစွန့်လွှတ်နိုင်ကြကုန်။

ဤသို့လျှင် ဗ္ဗာသိဒိန္နမထေရ်သည် ရွတ်ဆိုခဲ့၏။

## ၅-သမ္ဗုလကစ္စာနထေရဂါထာ

၁၈၉။ မိုးသည် ရွာလည်းရွာ၏၊ မိုးသည် ချုန်းလည်းချုန်း၏၊ ငါသည်လည်း တယောက်းတည်း ကြောက်မက်ဖွယ်ကောင်းသော တောင်ခေါင်း၌ နေ၏၊ ကြောက်မက်ဖွယ်ကောင်းသော တောင်ခေါင်း၌ တယောက်တည်းနေသော ထိုငါ့အား ကြောက်ခြင်းသည်ငှင်း ကိုယ်၏ တုန်လှုပ်ခြင်းသည်ငှင်း ကြက်သီးမွေးညင်းထခြင်းသည်ငှင်း မရှိပေ။

၁၉၀။ ကြောက်မက်ဖွယ် ကောင်းသော တောင်ခေါင်း၌ တယောက်တည်းနေသော ငါ့အား ကြောက်ခြင်းသည်ငှင်း ကိုယ်၏ တုန်လှုပ်ခြင်းသည်ငှင်း ကြက်သီးမွေးညင်းထခြင်းသည်ငှင်း မရှိဟူသော ထိုသဘောသည် ငါ၏ ဓမ္မတာသဘောပင်တည်း။

ဤသို့လျှင် သမ္ဗုလကစ္စာနမထေရ်သည် ရွတ်ဆို၏။

## ၆-နိတကထေရဂါထာ

၁၉၁။ အဘယ်သူ၏ စိတ်သည် ကျောက်တောင်နှင့်တူစွာ တည်သည်ဖြစ်၍ (လောကဓံတရားတို့ကြောင့်) မတုန်လှုပ်သနည်း၊ အဘယ်သူ၏ စိတ်သည် တပ်မက်ဖွယ်ဖြစ်သော တေဘူမကတရားတို့၌ (အရိယမဂ်ဖြင့်) တပ်မက်ခြင်းကင်းသနည်း၊ အဘယ်သူ၏ စိတ်သည် အမျက်ထွက်ကြောင်း တရားအပေါင်း၌ အမျက်မထွက်သနည်း၊ အကြင်ပုဂ္ဂိုလ်၏ စိတ်သည် ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပွါးများထားပြီး ဖြစ်၏၊ ထိုပုဂ္ဂိုလ်သို့ အဘယ်သတ္တဝါ သခါရကြောင့် ဆင်းရဲကပ်ရောက်လိမ့်မည်နည်း။

၁၉၂။ ငါ၏စိတ်သည် ကျောက်တောင်နှင့်တူစွာ တည်သည်ဖြစ်၍ (လောကဓံတရားတို့ကြောင့်) မတုန်လှုပ်၊ ငါ၏စိတ်သည် တပ်မက်ဖွယ်ဖြစ်သော တေဘူမကတရားတို့၌ (အရိယမဂ်ဖြင့်) တပ်မက်ခြင်းကင်း၏၊ ငါ၏စိတ်သည် အမျက်ထွက်ကြောင်း တရားအပေါင်း၌ အမျက်မထွက်၊ ငါ၏စိတ်သည် ဤဆိုအပ်ခဲ့ပြီးသည့်အတိုင်း ပွါးများထားပြီးဖြစ်၏၊ ငါ့ထံသို့ အဘယ်သတ္တဝါ သခါရကြောင့် ဆင်းရဲသည် ကပ်ရောက်လိမ့်မည်နည်း။

ဤသို့လျှင် နိတကမထေရ်သည် ရွတ်ဆို၏။

## ၇-သောဏပေါင်ငရိယထေရဂါထာ

၁၉၃။ အရဟတ္တဖိုလ်ကို မရသေးသမျှ နက္ခတ်တည်းဟူသော ပန်းအစဥ်ရှိသော ဤညဥ့်အချိန်ကာလသည် အိပ်စက်ရန်အတွက် မဟုတ်ပေ၊ ဤညဥ့်အချိန်ကာလသည်ကား အမှန်စင်စစ် လူသံ ငှက်သံတို့မှ ကင်းဆိတ်သဖြင့် ရဟန်းတရား အားထုတ်ရန်အတွက်သာ ပညာရှိတို့ အလိုရှိအပ်သော အခါကာလပေတည်း။

၁၉၄။ (အကြင်အခါ ငါသည် ဆင်စီး၍ စစ်မြေပြင်သို့ ဝင်သည်ရှိသော်) ဆင်ကျောက်ကုန်းမှ စောက်ထိုးမိုးမျှော် ကျရာ၏၊ (ထိုအခါ) ငါ့ကို ဆင်ပြောင်ကြီးသည်

http://www.dhammadownload.com



အကယ်၍ နင်းသတ်ခဲ့ပါမူ စစ်မြေပြင်၌ (ဆင်နင်း၍) သေရခြင်းသည် ဝါ့အား မြတ်ပါသေး၏၊ (ကိလေသာတို့မှ) ရှုံးသည်ဖြစ်၍ အသက်ရှည်နေရခြင်းသည် မမြတ်သည်သာတည်း။

ဤသို့လျှင် သေဘာပေါဠိရိယပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၈-နိသဘတ္ထေရဂါထာ

၁၉၅။ ချစ်အပ်သော သဘောရှိကုန်သော နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်၍ (ကံကံ၏အကျိုး ရတနာသုံးပါးကို) ယုံကြည်မှု 'သဒ္ဓါ'၏ အစွမ်းဖြင့် အိမ်အနေ့ာင်အဖွဲ့မှ ထွက်လျက်(ရဟန်းပြုသူသည်)ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်ရာ၏။

၁၉၆။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း၊ မနှစ်သက်၊ ထင်သောသတိရှိကာ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ပြုချိန်ကိုသာ မြော်လင့်လျက် နေ၏။

ဤသို့လျှင် နိသဘမထေရ်သည် ရွတ်ဆို၏။

## ၉-ဥသဘတ္ထေရဂါထာ

၁၉၇။ ငါသည် အိပ်မက်ထဲ၌ သရက်ညွန့်အဆင်းနှင့်တူသော သင်္ကန်းကို ပခုံး၌တင်၍ ဆင်ကျောက်ကုန်း၌ ထိုင်နေလျက် ရွာတွင်းသို့ ဆွမ်းခံဝင်၏။

၁၉၈။ (ရွာတွင်းသို့ ဝင်ကာမျှဖြစ်သော ငါ့ကိုသာလျှင် လူအများက ကြည့်ရှုကြသည်ဖြစ်၍) ဆင်ကျောက်ကုန်းမှ သက်ဆင်း၍ (ရပ်နေ၏ဟု အိပ်မက်မက်ပြီးနောက် အိပ်ရာမှ နိုးလာ၏)၊ ထိုအခါ၌ ငါသည် (မင်းဖြစ်စဉ်က ဇာတိမာန်စသည်ဖြင့်) မာန်ယစ်သူဖြစ်လျက်လည်း ထိတ်လန့်ခြင်းသံဝေဂကို ရ၏၊ ယခုအခါ ငါသည် အာသဝေါတရားကုန်ရာ နိဗ္ဗာန်သို့ ရောက်ပြီ။

ဤသို့လျှင် ဥသဘမထေရ်သည် ရွတ်ဆို၏။

## ၁၀-ကပ္ပဋကုရတ္ထေရဂါထာ

၁၉၉။ ကြည်လင်ပြည့်လျှံနေသော အမြိုက်တရားဟူသော ရေအိုးသည် ထိုထိုအရပ်ဝယ် ထင်ရှားရှိနေပါလျက် ကပ္ပဋကုရမည်သော ရဟန်းသည် ဤကား ငါ၏အဝတ်စုတ်ပုဆိုးပိုင်းတည်း၊ (ဤအဝတ်စုတ်ပုဆိုးပိုင်းကို ဝတ်၍ ဖြစ်သလိုပင် အသက်မွေးအံ့ဟု ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ရှိသည်ဖြစ်၍)လောကီ လောကုတ္တရာစျာန်တို့ကို ပွါးများရန် ဘာဝနာလမ်းစဉ်ကို ဆန့်ကျင်သော စိတ်ရှိသူ ဖြစ်ခဲ့၏။

၂၀၀။ ကပ္ပဋကုရရဟန်း(ငါ့တရားကို နာမည်ဟု ထိုင်လျက်)အိပ်ငိုက်ခြင်းသို့ မရောက်လင့်၊ (အိပ်ငိုက်ခြင်းသို့ ရောက်သော) သင့်ကို နားအနီး၌ (ဤအခါမှစ၍ ကိလေသာ

http://www.dhammadownload.com



တို့ကို ပယ်ခြင်း၄ါ)ငါဆုံးမတော့မည်မဟုတ်၊ ကပ္ပ သင်သည် သံဃာ့အလယ်၌ တဆော်ဆော် ငိုက်မျဉ်းလျက် (ရခဲသော ဒုလ္လဘခဏဟူသော) အတိုင်းအရှည်ကို မသိမမြင်လေစွာ့ တကား။

ဤသို့လျှင် ကပ္ပဋကုရမထေရ်သည် ရွတ်ဆို၏။

စတုတ္ထဝဂ် ပြီး၏။

---

## ၅-ပဉ္စမဝဂ်

### ၁-ကုမာရကဿပတ္ထေရဂါထာ

၂၀၁။ သမ္ဗုဒ္ဓဘုရားရှင်တို့သည် ဩော်အံ့ဖွယ်ရှိပေကုန်စွာ့တကား၊ လောကုတ္တရာတရား ကိုးပါးတို့သည် ဩော်အံ့ဖွယ်ရှိပေကုန်စွာ့တကား၊ ငါတို့၏ဆရာ မြတ်စွာဘုရား၏ ပြည့်စုံခြင်းတို့သည် ဩော်အံ့ဖွယ်ရှိပေကုန်စွာ့တကား၊ ယင်းသို့သော ဆရာထံ၌ အကျင့်မြတ်ကို ကျင့်သုံးရသဖြင့် ဤသို့ မွန်မြတ်သော သဘောရှိသော လောကုတ္တရာတရားကို ငါကဲ့သို့သော တပည့်သား သာဝကသော်မှလည်း မျက်မှောက်ပြုနိုင်တုံဘိသေး၏။

၂၀၂။ မရေတွက်နိုင်သော မဟာကပ်တို့၌ သက္ကာယဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးကို ရခဲ့ကြရကုန်ပြီ၊ ထိုဥပါဒါနက္ခန္ဓာကို ရသော ဘဝတို့တွင် ဤဘဝသည် နောက်ဆုံးဖြစ်၏၊ ဤခန္ဓာကိုယ်သည် အဆုံးစွန်တည်း၊ ထို့ကြောင့် ယခုအခါ၌ ပဋိသန္ဓေနေမှု သေမှုနှင့် တကွဖြစ်သော ခန္ဓာအစဉ်ဖြင့် မှတ်အပ်သည့် သံသရာဟူသော ဘဝသစ် မရှိတော့ပြီ။

ဤသို့လျှင် ကုမာရကဿပမထေရ်သည် ရွတ်ဆို၏။

### ၂-ဓမ္မပါလတ္ထေရဂါထာ

၂၀၃။ အကြင်ရဟန်းသည် ငယ်သေးသည် ဖြစ်ပါလျက် မြတ်စွာဘုရားသာသနာတော်၌ (သမထဝိပဿနာကို) အားထုတ်၏၊ ထိုရဟန်းသည် အိပ်ပျော်သော သူတို့တွင် နိုးကြားသူ ဖြစ်၏၊ ထိုရဟန်း၏ အသက်ရှင်နေရခြင်းသည် အချည်းနှီးမဟုတ်။

၂၀၄။ ထို့ကြောင့် ပညာရှိသည် မြတ်စွာဘုရား အဆုံးအမတော်ကို မပြတ်အောက်မေ့ သတိရလျက် ယုံကြည်မှု'သဒ္ဓါ'တရားကိုရင်း၊ စောင့်ထိန်းမှု'သီလ'ကိုရင်း ကြည်ညိုမှု 'ပသာဒ'ကိုရင်း သစ္စာလေးပါးတရားကို သိမြင်မှုကိုရင်း အားထုတ်ရာ၏။

ဤသို့လျှင် ဓမ္မပါလမထေရ်သည် ရွတ်ဆို၏။

### ၃-ဗြဟ္မာလိတ္ထေရဂါထာ

၂၀၅။ အဘယ်ရဟန်း၏ ဣန္ဒြေတို့သည် ရထားထိန်း ကောင်းစွာဆုံးမထားသည် ဖြစ်၍ ယဉ်ကျေးပြီးသော မြင်းတို့ကဲ့သို့ ငြိမ်သက်ခြင်းသို့ ရောက်ကုန်သနည်း၊ မာနကို ပယ်ပြီး အာသဝေါကင်းပြီးဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံသော အဘယ်ရဟန်းအား နတ်တို့ ချစ်မြတ်နိုးကုန်သနည်း။

http://www.dhammadownload.com



၂၀၆။ ငါ၏ဤခန္ဓာတို့သည် ရထားထိန်း ကောင်းစွာ ဆုံးမထားသည်ဖြစ်၍ ယဉ်ကျေးပြီးသော မြင်းတို့ကဲ့သို့ ငြိမ်သက်ခြင်းသို့ ရောက်ကုန်၏၊ မာနကိုပယ်ပြီး အာသဝေါကင်းပြီးဖြစ်၍ တာဒိဂုဏ်နှင့်ပြည့်စုံသော ငါ့အား နတ်တို့ ချစ်မြတ်နိုးကုန်၏။

ဤသို့လျှင် ဖြဟ္မာလိမထေရ်သည် ရွတ်ဆို၏။

## ၄-မောဃရာဇတ္ထေရဂါထာ

၂၀၇။ ကိုယ်ရေကား မကောင်း၊ စိတ်နေစိတ်ထား ကောင်းသော မောဃရာဇ သင်သည် အမြဲမပြတ် အရဟတ္တဖိုလ် သမာဓိဖြင့် တည်ကြည်သော စိတ်ရှိ၏၊ သင်သည် ရဟန်းဖြစ်ခဲ့၏၊ သူတပါးတို့က သင့်ကို ကျောင်းဆောက်၍ မလှူ၊ သံသိကကျောင်းသို့လည်း မဝင်သည်ရှိသော် ဆောင်းဥတု ချမ်းအေးသော ညဉ့်အချိန်ကာလတို့ပတ်လုံး အဘယ်သို့ ပြုလုပ် နေထိုင်လတ္တံ့နည်းဟု(မြတ်စွာဘုရားက မေးတော်မူ၏)။

၂၀၈။ အလုံးစုံသော မဂဓတိုင်းတို့သည် ကောက်စပါးနှင့် ပြည့်စုံကုန်၏ဟု အကျွန်ုပ် ကြားဘူးပါ၏၊ အခြား တပါးသော ချမ်းသာစွာ အသက်မွေးခြင်း ရှိကုန်သော ရဟန်းတို့သည် အိပ်ရကုန်သကဲ့သို့ အကျွန်ုပ်သည်လည်း ကောက်ရိုးကိုသာ အခင်းအရုံပြု၍ အိပ်ခဲ့ပါပြီ။

ဤသို့လျှင် မောဃရာဇမထေရ်သည် ရွတ်ဆို၏။

## ၅-ဝိသာခပဉ္စာလပုတ္တတ္ထေရဂါထာ

၂၀၉။ (မိမိကိုယ်ကို) မပလွှားရာ၊ သူတပါးတို့ကိုလည်း မရှုတ်ချရာ၊ အထင်အမြင်လည်း မသေးရာ၊ အဘိညာဉ်၏ တဖက်ကမ်းသို့ ရောက်သူ (ရဟန္တာ)ကို ထိခိုက် မပြောဆိုရာ၊ မိမိ၏ ဂုဏ်ကျေးဇူးကို မင်းပရိသတ်စသည်တို့ အလယ်၌ မထုတ်ဖော် မပြောဆိုရာ၊ ပျံ့လွင့်ခြင်း ကင်းသူ ကောင်းစွာ နှိုင်းချိန်၍ ပြောဆိုသူ ကောင်းသော အကျင့်သီလနှင့် ပြည့်စုံသူ ဖြစ်ရာ၏။

၂၁၀။ အလွန်အလွန် နူးညံ့သိမ်မွေ့သော (သစ္စာ ပဋိစ္စသမုပ္ပါဒ်စသော) အနက်တို့ကို ရှုမြင်၍ ပညာ့အရာ၌ လိမ္မာသော (သီတင်းသုံးဘော်တို့၌ ကိုယ်နှုတ်နှလုံးကို) နှိမ့်ချလေ့ရှိသော ကောင်းစွာ မှီဝဲအပ်သည့် ပွါးစီးသော သီလရှိသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို ရရန် ခဲယဉ်းလှသည် မဟုတ်။

ဤသို့လျှင် ဝိသာခပဉ္စာလပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၆-စူဠကတ္ထေရဂါထာ

၂၁၁။ (ဤတောအုပ်ဝယ်) ကောင်းသော ဦးစွန်းရှိကုန်သော လှပသော အမြီး အတောင်ရှိကုန်သော ကောင်းစွာ စိမ်းညိုသော လည်ပင်းလည်းရှိကုန်သော ကောင်းသောမျက်နှာလည်း ရှိကုန်သော နှစ်လိုဖွယ်သော တွန်သံနှင့်လည်း ပြည့်စုံကုန်သော ဥဒေါင်းတို့သည် တွန်ကျူးကြကုန်၏၊ ဤမြေကြီးသည်လည်း ကောင်းစွာ စိမ်းညိုသော

http://www.dhammadownload.com



မြက် ရှိ၏၊ ကောင်းစွာ ပြန့်နှံ့သော ရေပေါက်လည်း ရှိ၏၊ ကောင်းကင်သည်လည်း ကောင်းသော မိုးတိမ်လွှာ ရှိ၏။

၂၁၂။ မြတ်စွာဘုရားသာသနာတော်၌ ကောင်းစွာ အားထုတ်ခြင်းသည် ကောင်း၏၊ (ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌) ခန့်သော သဘောရှိသော သင်သည် ယောဂီပုဂ္ဂိုလ်တို့ ရှုသင့် ရှုထိုက်သော ချောက်ကို ရှုပါလေလော့၊ အလွန်အလွန် ဖြူစင် နူးညံ့ သိမ်မွေ့၍ အလွန်မြင်နိုင်ခဲသော မြင့်မြတ်သော ရွှေလျော့ခြင်း မရှိသည့် ထိုနိဗ္ဗာန်ကို (ကောင်းသော အကျင့်ဖြင့်) တွေ့ထိ မျက်မှောက်ပြုလေလော့။

ဤသို့လျှင် စူဠကမထေရ်သည် ရွတ်ဆို၏။

## ၇-အနူပမတ္ထေရဂါထာ

၂၁၃။ တံကျင်နှင့်တူသော ကံ ကိလေသာတို့သည် ထိုထိုဘဝသို့တင်အပ်သော အလွန်နှစ်သက်သော စိတ်သည် ဖြစ်ပေါ်လာ၏၊ ဟယ် ယုတ်မာသောစိတ် အကြင်အကြင်အရပ်၌ တံကျင်နှင့်တူသောဘဝ ဖွဲ့နှင့်တူသော ကာမဂုဏ်တို့သည် ရှိကုန်၏၊ သင်သည် ထိုထိုအရပ်သို့သာလျှင် သွားဘိ၏။

၂၁၄။ ထို့ကြောင့် ထိုစိတ်ကို စိတ်ယုတ်ဟူ၍ ငါဆို၏၊ အကျိုးမဲ့ကို ဆောင်တတ်သော စိတ်ဟု ငါထပ်၍ ဆို၏၊ ရနိုင်ခဲသော ဆရာကို သင်ရအပ်၏၊ ယင်းသို့ ဆရာကောင်းကို ရအပ်ပါလျက် အကျိုးမဲ့သို့ ပို့ဆောင်တတ်သော အကုသိုလ်၌ ငါ့ကို မတိုက်တွန်းလင့်။

ဤသို့လျှင် အနူပမမထေရ်သည် ရွတ်ဆို၏။

## ၈-ဝဇ္ဇိတတ္ထေရဂါထာ

၂၁၅။ အကန်းဖြစ်သော ပုထုဇဉ်သည် အရိယသစ္စာတို့ကို မမြင်သောကြောင့် ရှည်စွာသော ကာလပတ်လုံး သုဂတိဘဝ ဒုဂ္ဂတိဘဝတို့၌ ကျင်လည်လျက် တပြောင်းပြန်ပြန် ဖြစ်ခဲ့ရလေပြီ။

၂၁၆။ မမေ့မလျော့သော ထိုငါ့အား (ကျင်လည်ကြောင်းဖြစ်သောကြောင့်) သံသရာဟု အမည်ရသော ကံ ကိလေသာတို့ကို(အရဟတ္တမဂ်ဖြင့်)ချေမှုန်းဖျက်ဆီးအပ်ကုန်ပြီ၊ အလုံးစုံသော လားရာဂတိတို့ကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ ယခုအခါ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

ဤသို့လျှင် ဝဇ္ဇိတမထေရ်သည် ရွတ်ဆို၏။

## ၉-သန္ဓိတတ္ထေရဂါထာ

၂၁၇။ ငါသည် ထင်သော သတိရှိသည်ဖြစ်၍ စိမ်းညိုသော အရောင်ရှိသော တခဲနက်သော အရွက် အခက် အညွန့်တို့ဖြင့် စည်ပင်သော ဗောဓိညောင်ပင်ဝယ် ဘုရား၌ ဆောက်သော တခုတည်းသော အမှတ်သညာကို ရခဲ့၏။

http://www.dhammadownload.com



၂၁၈။ ဤကမ္ဘာမှ(ပြန်၍ရေသော်)သုံးဆဲ့ တကမ္ဘာထက်၌ (အကြင်ဘုရား၌ ရောက်လော ဝ၊ခုတည်းသော အမှတ်သညာကို ရခဲ့၏၊ ထိုအခါက)ထို ဆိုအပ်ပြီးသော သညာ၏ အားအစွမ်းဖြင့် ငါသည် အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို ရအပ်ပြီ။

ဤသို့လျှင် သန္ဓိတမထေရ်သည် ရွတ်ဆို၏။

ပဌမဝဂ် ပြီး၏။

# ဒုကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၃-တိကနိပါတ်

## ၁-အင်္ဂဏိကဘာရဒွါဇတ္ထေရဂါထာ

၂၁၉။ မသင့်သောအကြောင်းဖြင့် သံသရာစင်ကြယ်မှု(ဘဝနိဿရဏ)ကို ရှာမှီးလျက် တောဌ် မီးကို ပူဇော်ခဲ့ပြီ၊ စင်ကြယ်ကြောင်းလမ်းစဉ်ကို မသိသည်ဖြစ်၍ ပဥ္စာတပအစ ရှိသော အတ္တကိလမထာနုယောဂ အကျင့်ကို ပြုကျင့်ခဲ့ပြီ။

၂၂၀။ ထိုနိဗ္ဗာန်ချမ်းသာကို သုခပဋိပဒါ အကျင့်ဖြင့် ငါရအပ်ပြီ၊ (မြတ်စွာဘုရား) တရားတော်၏ ကောင်းသောတရား၏အဖြစ်ကို ရှုပါလော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့သို့ ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကိုလည်း လိုက်နာပြုကျင့်ပြီးပြီ။

၂၂၁။ ရှေးအခါက(ပုဏ္ဏားတို့ သမုတ်သဖြင့်)ဗြဟ္မာမင်း၏ အဆွေဖြစ်သော ဗြာဟ္မဏ ဇာတ်ရှိသူ ဖြစ်ခဲ့၏၊ ယခုသော်ကား (မကောင်းမှုကို အပပြုပြီးသော) ဗြာဟ္မဏအစစ် ဖြစ်ခဲ့၏၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောပြီးသူ (ပရမတ္ထအားဖြင့်) ချမ်းသာခြင်းရှိသူ ဝေဒဟု ဆိုအပ်သော မဂ်ဉာဏ်ဖြင့် (သံသရာ ရေအယဉ်၏ တဖက်ကမ်းသို့) ရောက်ပြီးသူ ဖြစ်၏။

ဤသို့လျှင် အင်္ဂဏိကဘာရဒွါဇမထေရ်သည် ရွတ်ဆို၏။

## ၂-ပစ္စယတ္ထေရဂါထာ

၂၂၂။ ငါသည် ရဟန်းပြုသောနေ့မှ ငါးရက်မြောက်အတွင်း၌ အရဟတ္တဖိုလ်သို့ မရောက်သေးပဲ ကျင့်ဆဲ 'သေက္ခ'သာ ဖြစ်သေး၏၊ ငါသည် ကျောင်းတွင်းသို့ ဝင်နေစဉ် စိတ်၏ တောင့်တခြင်းသည် ဖြစ်ပေါ်လာ၏။

၂၂၃။ ငါသည် တဏှာတည်းဟူသော ငြောင့်ကို မနုတ်ရသေးသမျှ မည်သည့် ဘောဇဉ်ကိုမျှ မသုံးဆောင်တော့အံ့၊ မည်သည့်သောက်ဖွယ်ကိုမျှ မသောက်တော့အံ့၊ ကျောင်းအခန်းမှလည်း မထွက်တော့အံ့၊ မည်သည့်နံပါးဖြင့်မျှ မအိပ်စက်တော့အံ့။

၂၂၄။ ဤသို့နေသော ထိုငါ၏ လွန်ကဲသော လုံ့လကို ရှုပါလော့ (ယင်းလုံ့လ၏ တန်ခိုးကြောင့်)ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် ပစ္စယမထေရ်သည် ရွတ်ဆို၏။

## ၃-ဗာကုလတ္ထေရဂါထာ

၂၂၅။ အကြင်ပုဂ္ဂိုလ်သည် ယခုရှယ်စဉ် ရှေးအခါက ပြုသင့်ပြုထိုက်သော အမှုကိစ္စ တို့ကို နောင် အိုမင်းသောအခါမှ ပြုလုပ်ရန် အလိုရှိ၏၊ ထိုပုဂ္ဂိုလ်သည် ချမ်းသာတည်ရာ အဖြာဖြာမှ ဆုတ်ယုတ်ရ၏၊ နောင်တ တဖန်လည်း ပူပန်ရ၏။

http://www.dhammadownload.com



၂၂၆။ အကြောင်အမှုကို ပြုလုပ်၏၊ ထိုပြုလုပ်သောအမှုကိုသာ ပြောဆိုရာ၏၊ အကြောင်အမှုကို မပြုလုပ်၊ ထိုမပြုလုပ်သောအမှုကို မပြောဆိုရာ၊ မပြုလုပ်ပဲ ပြောဆိုသူကို ပညာရှိတို့ သိကြကုန်၏(အထင်မကြီးကြကုန်)။

၂၂၇။ အကြောင်နိဗ္ဗာန်၌ ဆင်းရဲအားလုံးချုပ်ငြိမ်း၏၊ မြတ်စွာဘုရား ဟောတော်မူသော ပူဆွေးခြင်းကင်းသော ရာဂစသော မြူကင်းသော ဘေးကင်းသော ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွာတကား။

ဤသို့လျှင် ဗာကုလမထေရ်သည် ရွတ်ဆို၏။

## ၄-ဓနိယတ္ထေရဂါထာ

၂၂၈။ ရဟန်းအဖြစ်၌ ငဲ့ကွက်မှုရှိသူသည် ချမ်းသာစွာ အသက်မွေးရန် အလိုရှိပါမူ သံဃိကဥစ္စာဖြစ်သော သင်္ကန်း အဖျော် ခဲဖွယ် ဘောဇဉ်ကို မထီမဲ့မြင် မပြုရာ။

၂၂၉။ ရဟန်းအဖြစ်၌ ငဲ့ကွက်မှုရှိသူသည် ချမ်းသာစွာ အသက်မွေးရန် အလိုရှိပါမူ ကြွက်တွင်းကို မှီဝဲနေထိုင်သော မြွေကဲ့သို့ ကျောင်းအိပ်ရာ နေရာကို မှီဝဲနေထိုင်ရာ၏။

၂၃၀။ ရဟန်းအဖြစ်၌ ငဲ့ကွက်မှု ရှိသူသည် ချမ်းသာစွာ အသက်မွေးရန် အလိုရှိပါမူ (ကောင်းဆိုးယုတ်မြတ် မသတ်မှတ်ပဲ) ရတတ်သမျှသော ပစ္စည်းဖြင့် ရောင့်ရဲရာ၏၊ (မမေ့မလျော့မှု) တရားတခုကိုသာလျှင် ပွါးများရာ၏။

ဤသို့လျှင် ဓနိယမထေရ်သည် ရွတ်ဆို၏။

## ၅-မာတင်္ဂပုတ္တတ္ထေရဂါထာ

၂၃၁။ ဤအခါသည် အလွန်ချမ်းအေး၏၊ ဤအခါသည် အလွန်ပူပြင်း၏၊ (ဤအခါသည် အလွန်စောသေး၏) ဤအခါသည် အလွန်ညဥ့်နက် (နေွာက်ကျ)၏၊ ဤသို့ အလုပ်ကိစ္စကို စွန့်လွှတ်ကုန်သော သတ္တဝါတို့ကို ဗုဒ္ဓုပ္ပါဒစသော အခါကောင်း အခွင့်ကောင်းတို့သည် လွန်သွားကုန်၏။

၂၃၂။ အကြောင်သူသည် အချမ်းကိုရင်း အပူကိုရင်း မြက်မှိုက်ထက်ပိုလွန်၍ မထင်မှတ်၊ မအောက်မေ့၊ ထိုသူသည် ယောကျ်ားတို့ပြုအပ်သော အမှုကိစ္စတို့ကို ပြုလုပ်သည်ဖြစ်၍ နိဗ္ဗာန်ချမ်းသာမှ မဆုတ်ယုတ်။

၂၃၃။ ငါသည် ဆိတ်ငြိမ်မှု ဝိဝေကကို ပွါးလိုသည်ဖြစ်၍ မြေဇာမြက်ကိုရင်း သမန်းမြက်ကိုရင်း ဆူးရှိသော ချုံကိုရင်း ပန်းရင်းကိုရင်း ဖြူဆန်မြက် ပြိတ်မြက်ကိုရင်း ရင်ဖြင့် ပယ်ရှား၍ သွားပါအံ့။

ဤသို့လျှင် မာတင်္ဂပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၆-ခုဇ္ဇသောဘိတတ္ထေရဂါထာ

၂၃၄။ ပါဋလိပုတ်ပြည်၌ နေလေ့ရှိကုန်သော ဆန်းကြယ်သော တရားစကားကို ဟောတတ်ကုန်သော များသောအကြားအမြင်ရှိကုန်သော ရဟန်းတို့တွင် တပါးအပါ

http://www.dhammadownload.com



အဝင်ဖြစ်သော ခုဇ္ဇသောဘိတ အမည်ရသော ဤအရှင်သည် စရည်းပင်ရောက်ရာ လိုက်ထံခါး၌ ရပ်နေ၏။

၂၃၅။ ပါဋလိပုတ်ပြည်၌ နေလေ့ရှိကုန်သော ဆန်းကြယ်သော တရားစကားကို ဟောတတ်ကုန်သော များသော အကြားအမြင်ရှိကုန်သော ရဟန်းတို့တွင် တပါးအပါ အဝင်ဖြစ်သော ခုဇ္ဇသောဘိတ အမည်ရသော ဤအရှင်သည် လေဖြင့် ကြွလာသည်ဖြစ်၍ စရည်းပင်ရောက်ရာ လိုက်ဘံခါး၌ ရပ်နေ၏။

၂၃၆။ ဤခုဇ္ဇသောဘိတမထေရ်သည် (ကိလေသာတို့ကို) ကောင်းစွာ စစ်တိုက်ခြင်းဖြင့်ရင်း အဆွေခင်ပွန်းကောင်းတို့ပေးအပ်သည့် လျော်ကန်ပတ်သော ဓမ္မဒါနဖြင့်ရင်း (အလုံးစုံသော ကိလေသမာရ် အဘိသင်္ခါရမာရ်ကို နှိမ်နင်းရာ) စစ်မြေပြင်ဝယ် အောင်ပွဲရသဖြင့်ရင်း အရဟတ္တမဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်ခြင်းဖြင့်ရင်း ဤဆိုခဲ့ပြီးသော အပြားအားဖြင့် ချမ်းသာကို ခံစားရ၏။

ဤသို့လျှင် ခုဇ္ဇသောဘိတမထေရ်သည် ရွတ်ဆို၏။

## ၇-ဝါရဏတ္ထေရဂါထာ

၂၃၇။ ဤလောက၌ လူတို့တွင် မည်သူမဆို တစုံတယောက်သောသူသည် အခြားတပါးသော သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ ထိုသူသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သော ချမ်းသာမှ ဆုတ်ယုတ်၏။

၂၃၈။ အကြင်သူသည်ကား မေတ္တာစိတ်ဖြင့် ခပ်သိမ်းသော သတ္တဝါတို့ကို သနားစောင့်ရှောက်တတ်၏၊ ထိုသို့သဘောရှိသော မေတ္တာဖြင့် နေလေ့ရှိသော သူသည် များစွာသော ကုသိုလ်တရားကို ပွါးစည်းစေနိုင်၏။

၂၃၉။ ကောင်းစွာ ဟောအပ်သော ပရိယတ္တိတရားကို သင်ယူရာ၏၊ ကိလေသာတို့ကို ငြိမ်းစေပြီးသော ရဟန်း (အဆွေခင်ပွန်းဒါယကာ) တို့သို့ ရံခါရံခါ ဆည်းကပ်ခြင်းကိုလည်း ပြုကျင့်ရာ၏၊ ဆိတ်ငြိမ်ရာ၌ တယောက်တည်းနေခြင်းကိုရင်း စိတ်၏ငြိမ်းခြင်းကိုရင်း ပြုကျင့်ရာ၏။

ဤသို့လျှင် ဝါရဏမထေရ်သည် ရွတ်ဆို၏။

## ဂ-ဝဿိကတ္ထေရဂါထာ

၂၄၀။ ဤလောက၌ ယုံကြည်မှု 'သဒ္ဓါ' တရားနှင့် ပြည့်စုံသော ပညာရှိသော လောကုတ္တရာတရားကိုးပါး၌ တည်သော သီလနှင့် ပြည့်စုံသော သူသည် တယောက်တည်းပင် ဖြစ်သော်လည်း သဒ္ဓါတရားမရှိကုန်သော မိမိနှင့် ဆွေမျိုးတော်စပ်သောသူ ချစ်ကျွမ်းဝင်သူ အဆွေခင်ပွန်းတို့၏ အကျိုးစီးပွါးအလို့ငှါ ဖြစ်၏။

၂၄၁-၂။ ငါသည် သနားငဲ့ညှာသောအားဖြင့်(ထိုထိုတရားစကားကို ပြောဟောကာ) ဖိနှိပ်ဆုံးမပြီးလျှင် ဆွေမျိုးတို့ကို တိုက်တွန်းနှိုးဆော်အပ်ကုန်ပြီ၊ (ထိုဆွေမျိုးတို့သည်) အဆွေအမျိုးဟူသော ချစ်ခြင်း အဆွေခင်ပွန်းဟူသော ချစ်ခြင်းဖြင့် ရဟန်းတို့၌ ကြည်ညို

http://www.dhammadownload.com



သောစိတ်ရှိကာ အရိုအသေပြုကုန်သောကြောင့် ထိုအဆွေအမျိုး အဆွေခင်ပွန်းတို့သည် ကွယ်လွန်သေဆုံးကုန်သည်ရှိသော် ချမ်းသာတည်ရာ ဗြာဝတီ သာနတ်ပြည်သို့ ရောက်ကြရကုန်၏၊ ငါ၏ ညီအစ်ကိုမောင်နှမမိဘဆွေမျိုးတို့သည် အလိုရှိတိုင်းသော ဝတ္ထုကာမတို့နှင့် ပြည့်စုံကုန်၍ မွေ့လျော်စံပျော်ရကုန်၏။

ဤသို့လျှင် ဝဍ္ဎိကမထေရ်သည် ရွတ်ဆို၏။

## ၉-ယသောဇတ္ထေရဂါထာ

၂၄၃။ မည်းနက်သည်ဖြစ်၍ ကိုင်းသော ကိုယ်အင်္ဂါရှိသော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသည့်ကိုယ်ရှိလျက် မပျင်းရိသော စိတ်ရှိသူသည် ထမင်းအဖျော်၌ အတိုင်းအရှည်ကို သိ၏။

၂၄၄။ ဆင်ပြောင်ကြီးသည် စစ်မြေဦး၌ (လက်နက်တို့ဖြင့် ပုတ်ခတ်မှုကို သည်းခံ၍ သူတပါးစစ်သည်ကို ဖျက်ဆီးသကဲ့သို့ ထို့အတူ ရဟန်းသည်) တောနက်ကြီးအတွင်း၌ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ခြင်မှက်တို့ တွေ့ထိကိုက်ခဲမှုကို သည်းခံလျက် (မာရ်စစ်သည်ကို ဖျက်ဆီးရာ၏)။

၂၄၅၊ တယောက်တည်းနေသော ရဟန်းသည် ဗြဟ္မာကဲ့သို့(ဝိဝေကသုခကို ပွါးလျက် နေနိုင်၏)၊ နှစ်ယောက်နေမူ နတ်နှစ်ယောက်တို့ကဲ့သို့ (အချင်းချင်းထိပါးသဖြင့် အမျက်ဒေါသဖြစ်ရာ၏)၊သုံးယောက်တို့နေကြကုန်မူ ရွာ၌နေသောသူတို့ကဲ့သို့ (ဆိတ်ငြိမ်မှု ဝိဝေက မဖြစ်နိုင်)၊ ထို့ထက် အလွန်များစွာ နေကြကုန်မူ အုတ်အုတ်ကျက်ကျက် ဖြစ်ကြရကုန်၏။

ဤသို့လျှင် ယသောဇမထေရ်သည် ရွတ်ဆို၏။

## ၁၀-သာဋိမတ္တိယတ္ထေရဂါထာ

၂၄၆။ (ဥပါသကာ) သင့်အား ရှေးအခါက (ငါ့အပေါ်၌) ယုံကြည်မှု'သဒ္ဓါ'တရား ရှိ၏၊ ထိုသဒ္ဓါတရားသည် ယခုအခါ သင့်မှာ မရှိတော့ပြီ၊ (ထို့ကြောင့်) သင်၏ ဤပစ္စည်းလေးပါးသည် သင် (ဥပါသကာ) အားသာလျှင် ဖြစ်ပါစေ၊ ငါ့အား မကောင်းသော အကျင့် 'ဒုစရိုက်' သည် မရှိ။

၂၄၇။ အကြင်ကြောင့် (ပုထုဇဉ်တို့သန္တာန်၌ ဖြစ်သော) သဒ္ဓါတရားသည် အမြဲမတည်၊ တုန်လှုပ်၏၊ ဤသို့ဖြစ်သော ထိုသဒ္ဓါတရားကို ငါတွေ့မြင်အပ်ပြီ၊ ထို့ကြောင့်ပင် ဤသတ္တဝါတို့သည် ရံခါ အဆွေခင်ပွန်း၏ အစွမ်းဖြင့် ချစ်ခင်ကြ၍ (ရံခါ) မုန်းတီးကြကုန်၏၊ ထိုပုထုဇဉ်တို့ ချစ်ခြင်း မုန်းခြင်းဖြစ်ရာ၌ ရဟန်းသည် အဘယ်အကျိုး ဆုတ်ယုတ်ပါသနည်း။

၂၄၈။ ရဟန်းအတွက် ဆွမ်းမည်သည် အိမ်တိုင်းအိမ်တိုင်း၌ အနည်းငယ်စီ အနည်းငယ်စီ ချက်ထား၏၊ ငါဆွမ်းခံစားတော့အံ့၊ ငါ့အား (ဆွမ်းခံသွားစွမ်းနိုင်သော) ခြေသလုံးစွမ်းအားသည် ရှိပါသေး၏။

ဤသို့လျှင် သာဋိမတ္တိယမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၁၀-ဥပါလိတ္ထေရဂါထာ

၂၄၉။ ယုံကြည်မှု'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ငယ်ရွယ်စဉ်ကပင် ရဟန်းပြုသော ရဟန်းငယ်သည် စင်ကြယ်သော အသက်မွေးခြင်းရှိကုန်သော ပျင်းရိခြင်းမှ ကင်းကုန်သော အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲရာ၏။

၂၅၀။ (ဂုဏ်ကို) ယုံကြည်မှု'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ငယ်ရွယ်စဉ်ကပင် ရဟန်းပြုသော ပညာရှိရဟန်းငယ်သည် သံဃာ့ဘောင်၌နေလျက် ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်သည်၏အစွမ်းဖြင့် ဝိနည်း (ပရိယတ်)ကို သင်ရာ၏။

၂၅၁။ ယုံကြည်မှု'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ငယ်ရွယ်စဉ်ကပင် ရဟန်းပြုသော ရဟန်းငယ်သည် အပ်သည် မအပ်သည်တို့၌ လိမ္မာသည်ဖြစ်၍ (ပစ္စည်းလေးပါးတို့၌) တော်င့်တမှုကင်းလျက် ကျင့်ရာ၏။

ဤသို့လျှင် ဥပါလိမထေရ်သည် ရွတ်ဆို၏။

## ၁၂-ဥတ္တရပါလတ္ထေရဂါထာ

၂၅၂။ ပညာနှင့်ပြည့်စုံ၍ အကျိုးစီးပွါးကို ကြံစည်ခြင်းငှါ စွမ်းနိုင်သူဖြစ်ပါလျက် တွေ့ဝေခြင်းကို ပြုတတ်ကုန်သော ရှုပါရုံစသော ကာမဂုဏ်ငါးပါးတို့သည် လောကမှ ထွက်မြောက်လိုသော ငါ့ကို လောကအတွင်း၌ ကျရောက်စေကုန်၏။

၂၅၃။ ငါသည် ကိလေသာမာရ်၏ နိုင်ငံသို့ ပြေးဝင်ကာ မြဲမံသော ကိလေသာဟူသော ငြောင့်စူးဝင်နေသူဖြစ်လျက် သေမင်း၏ ကျော့ကွင်းမှ လွတ်ခြင်းငှါ စွမ်းနိုင်ခဲ့၏။

၂၅၄။ ငါသည် အလုံးစုံသော ကိလေသာကာမတို့ကို (အရဟတ္တမဂ်ဖြင့်)ပယ်အပ်ပြီ၊ ငါသည် အလုံးစုံသော ကိလေသာကာမအားလုံးတို့ကို (အရဟတ္တမဂ်ဖြင့်) ဖျက်ဆီးအပ်ကုန်ပြီ၊ ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိသော သံသရာဝဋ်သည် ကုန်ပြီ၊ ယခုအခါ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိပြီ။

ဤသို့လျှင် ဥတ္တရပါလမထေရ်သည် ရွတ်ဆို၏။

## ၁၃-အဘိဘူတတ္ထေရဂါထာ

၂၅၅။ ဤအရပ်သို့ အညီအညွတ်စည်းဝေးရောက်လာကြသမျှသော ဆွေမျိုးအားလုံးတို့ (သင်တို့)နားထောင်ကြကုန်လော့၊ သင်တို့အား (ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ) တရားကို ဟောကြားပေအံ့၊ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှ၏။

၂၅၆။ မြတ်စွာဘုရားသာသနာတော်အတွင်း၌ အားထုတ်ကြကုန်လော့၊ ကြိုးစားကြကုန်လော့၊ လုံ့လပြုကြကုန်လော့၊ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ (သင်တို့သည်) သေမင်း၏(ကိလေသာ)စစ်သည်ကို ချေမှုန်းဖျက်ဆီးကြကုန်လော့။

၂၅၇။ အကြင်သူသည် ဤဓမ္မဝိနယသာသနာတော်၌ မမေ့မလျော့ပဲ နေအံ့၊ ထိုသူသည် ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိသော သံသရာဝဋ်ကို ပယ်၍ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လတ္တံ့။

ဤသို့လျှင် အဘိဘူတမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၁၄-ဂေါတမတ္ထေရဂါထာ

၂၅၈။ ငါသည် (အစမထင်သော သံသရာ၌) ကျင်လည်ရသည်ဖြစ်၍ ငရဲသို့လည်း အဖန်ဖန် ကျရောက်ခဲ့ရပြီ၊ ပြိတ္တာဘုံသို့လည်း အဖန်ဖန် ကပ်ရောက်ခဲ့ရလေပြီ၊ ဆင်းရဲ အမျိုးမျိုးတို့ကြောင့် အခံခက်သော တိရစ္ဆာန်မျိုး၌လည်း ဘဝဇာတ်အမျိုးမျိုးဖြင့် ကာလရှည်စွာ နေခဲ့ရ၏။

၂၅၉။ လူ့ဘဝကိုလည်း ရခဲ့၏၊ ကာမာဝစရနတ်ပြည်သို့လည်း (ပဋိသန္ဓေအားဖြင့်) ရံခါရံခါ ရောက်ခဲ့ရ၏၊ ရူပဘဝတို့၌၎င်း အရူပဘဝတို့၌၎င်း နေဝသညာနာသညာယတန ဘုံတို့၌၎င်း အသညသတ်ဘုံတို့၌၎င်း (ပဋိသန္ဓေအားဖြင့်) ငါသည် နေခဲ့ရဘူး၏။

၂၆၀။ ကာမဘဝစသော ဘဝတို့ကို "အနှစ်မှ ကင်းကုန်၏၊ အကြောင်းတရားတို့ ပေါင်းဆုံ၍ ပြုအပ်ကုန်၏၊ တုန်လှုပ်ခြင်း ရှိကုန်၏၊ အခါခပ်သိမ်း ပျက်စီးခြင်းသို့ ရောက်ကုန်၏" ဟု ကောင်းစွာ သိအပ်ကုန်၏၊ ထိုဆိုအပ်ခဲ့ပြီးသော မျှားစွာဖြစ်သော အတ္တဘောကို သိပြီး၍ သတိရှိသော ငါသည် နိဗ္ဗာန်သို့သာလျှင် ကောင်းစွာရောက်ရပြီ။

ဤသို့လျှင် ဂေါတမမထေရ်သည် ရွတ်ဆို၏။

## ၁၅-ဟာရိတတ္ထေရဂါထာ

၂၆၁။ အကြင်ပုဂ္ဂိုလ်သည် ငယ်ရွယ်စဉ် ရှေးအခါက ပြုသင့်ပြုထိုက်သော အမှုကိစ္စ တို့ကို နောင်အိုမင်းသောအခါမှ ပြုလုပ်ရန် အလိုရှိ၏၊ ထိုပုဂ္ဂိုလ်သည် ချမ်းသာတည်ရာ အဖြာဖြာမှ ဆုတ်ယုတ်ရ၏၊ နောင်တတဖန်လည်း ပူပန်ရ၏။

၂၆၂။ အကြင်အမှုကို ပြုလုပ်၏၊ ထိုပြုလုပ်သော အမှုကိုသာ ပြောဆိုရာ၏၊ အကြင် အမှုကို မပြုလုပ်၊ ထိုမပြုလုပ်သော အမှုကို မပြောဆိုရာ၊ မပြုလုပ်ပဲ ပြောဆိုသူကို ပညာ ရှိတို့ သိကြကုန်၏ (အထင်မကြီးကြကုန်)။

၂၆၃။ အကြင်နိဗ္ဗာန်၌ ဆင်းရဲအားလုံး ချုပ်ငြိမ်း၏၊ မြတ်စွာဘုရား ဟောတော် မူသော ပူဆွေးခြင်းကင်းသော ရာဂစသော မြူကင်းသော ဘေးကင်းသော ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာလေစွ့တကား။

ဤသို့လျှင် ဟာရိတမထေရ်သည် ရွတ်ဆို၏။

## ၁၆-ဝိမလတ္ထေရဂါထာ

၂၆၄။ မတုန်မလှုပ်သော ချမ်းသာကို တောင့်တသော သူသည် ယုတ်မာသော အဆွေ ခင်ပွန်းတို့ကို ဝေးစွာကြဉ်ရှောင်၍ သူတော်ကောင်းဖြစ်သော အဆွေခင်ပွန်းသို့ ဆည်းကပ် ရာ၏၊ ထိုအဆွေခင်ပွန်းကောင်း၏ အဆုံးအမ၌ တည်ရာ၏။

၂၆၅။ သမုဒ္ဒရာ၏ တဖက်ကမ်းသို့ ကူးမြောက်လိုသူသည် သေးငယ်သော သစ်သား ပေါင်ကို တက်စီး၍ ကူးသည်ရှိသော် မဟာသမုဒ္ဒရာ၌ နစ်မြုပ်ရသကဲ့သို့ ဤအတူ ပျင်းရိသူကို အကြောင်းပြု၍ ကောင်းသော အသက်မွေးခြင်းရှိသူသည်လည်း (သံသရာ၌) နစ်မြုပ်ရ၏၊ ထို့ကြောင့် ပျင်းရိ၍ ဝီရိယယုတ်လျော့သော ထိုသူကို ရှောင်ကြဉ်ရာ၏။

http://www.dhammadownload.com



၂၆၆။ ကာယဝိဝေကစသည်ဖြင့် ကင်းဆိတ်ကြသူ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကြသူ သမထဝိပဿနာဖြင့် ရှုလေ့ရှိကြသူ အမြဲထက်သန်သော လုံ့လရှိကြသူ အရိယာပညာရှိတို့နှင့် အတူတကွ နေထိုင်မှီဝဲရာ၏။

ဤသို့လျှင် ဝိမလမထေရ်သည် ရွတ်ဆို၏။

# တိကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၄-စတုတ္ထနိပါတ်

## ၁-နာဂသမာလတ္ထေရဂါထာ

၂၆၇။ တူရိယာကို တီးမှုတ်လိုက်သည်ရှိသော်(လက်ဝတ်တန်ဆာတို့ဖြင့်)တန်ဆာဆင်ထားသော တင့်တယ်သော အဝတ်တို့ကို ဝတ်လျက် ပန်းကို ပန်ဆင်သော စန္ဒကူးနံ့သာရည်ဖြင့် လိမ်းကျံထားသော ကချေသည်မိန်းမတယောက်သည် ခရီးလမ်းမအလယ်၌ ကခုန်နေ၏။

၂၆၈။ ငါသည် ဆွမ်းအလို့ငှါ ရွာတွင်းသို့ ဝင်သွားစဉ် (လက်ဝတ်တန်ဆာတို့ဖြင့်) တန်ဆာဆင်ထားသော တင့်တယ်သော အဝတ်တို့ကို ဝတ်သော ထိုကချေသည်မိန်းမကို သေမင်းထောင်ထားသော ကျော့ကွင်းကဲ့သို့ တွေ့မြင်ရ၏။

၂၆၉။ ထို့ကြောင့် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်ဟု) အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်ပေါ်လာ၏၊ အပြစ်ဟု ထင်မြင်သော အာဒီနဝဉာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည်(ငါ၏နှလုံး၌)ကောင်းစွာ တည်၏။

၂၇၀။ ထိုနိဗ္ဗိဒါဉာဏ်ဖြစ်သည်မှ နောက်၌ ငါ၏စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ မြတ်စွာဘုရားတရားတော်၏ ကောင်းမြတ်သောတရားတော်၏အဖြစ်ကို ရှုပါလော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် နာဂသမာလမထေရ်သည် ရွတ်ဆို၏။

## ၂-ဘဂုတ္ထေရဂါထာ

၂၇၁။ ငါသည် ကိုယ်၏ထိုင်းမှိုင်းမှု 'မိဒ္ဓ' နှိပ်စက်သည်ဖြစ်၍ နေရာကျောင်းမှ(စင်္ကြံသွားအံ့သောငှါ)ထွက်ခဲ့၏၊ အကျွန်ုပ်သည် စင်္ကြံလျှောက်နေစဉ် ထိုစင်္ကြံစောင်းတန်းဝယ် (ငိုက်မျဉ်းမှု'မိဒ္ဓ'နှိပ်စက်သောကြောင့်)မြေ၌ လဲကျခဲ့ပါ၏။

၂၇၂။ ထိုငါသည်(မြေမှုန့်လိမ်းကပ်သော)ကိုယ်တို့ကို သုတ်ခါ၍ စင်္ကြံသို့ တဖန် တက်ပြီးလျှင် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ စင်္ကြံ စောင်းတန်း၌ စင်္ကြံသွားခဲ့ပါ၏။

၂၇၃။ ထိုသို့ စင်္ကြံသွားပြီးနောက် ငါ့အား စက်ဆုပ်ရွံရှာဖွယ်ဟု အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်ပေါ်လာ၏၊ အပြစ်ဟုမြင်သော 'အာဒီနဝ'ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်ပါ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည် (ငါ၏နှလုံး၌) ကောင်းစွာ တည်၏။

၂၇၄။ ထိုနိဗ္ဗိဒါဉာဏ်ဖြစ်သည်မှ နောက်၌ ငါ၏ စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ မြတ်စွာဘုရား တရားတော်၏ ကောင်းမြတ်သော တရားတော်၏အဖြစ်ကို ရှုပါ

http://www.dhammadownload.com



လော့၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသော အတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် ဘဂုမထေရ်သည် ရွတ်ဆို၏။

## ၃-သဘိယတ္ထေရဂါထာ

၂၇၅။ (ပညာရှိမှ)တပါးသောသူတို့သည် ဤငြင်းခုံရာ၌ ငါတို့သည် သေမင်းနိုင်ငံသို့ သွားကြရကုန်အံ့ဟူ၍ မသိကုန်၊ အကြင် ပညာရှိတို့သည်ကား ထိုငြင်းခုံရာ၌ (ငါတို့သည် သေမင်းနိုင်ငံသို့ သွားရောက်ရကုန်အံ့ဟု) သိကုန်၏၊ ထိုသို့ သိသောကြောင့် ငြင်းခုံမှုတို့သည် ငြိမ်းကုန်၏။

၂၇၆။ အကြင့်အခါ၌ (ငြင်းခုံမှု ငြိမ်းကြောင်းကို) မသိကုန်သော သူတို့သည် မအိုမသေ အမြဲ နေကြရမည့်သူဘိုကဲ့သို့ လှည့်လည် သွားလာကြကုန်၏၊ (ထိုအခါ ငြင်းခုံမှု မငြိမ်းကုန်သည်သာတည်း)၊ အကြင်ပညာရှိတို့သည်ကား မြတ်စွာဘုရား အဆုံးအမတရားတော်ကို သိကုန်၏၊ ထိုသူတို့သည် (ကိလေသာရောဂါဖြင့်)နာကျင်မှုရှိသော သတ္တဝါတို့တွင်(ကိလေသာအားဖြင့်)နာကျင်မှုမရှိကုန်သည်ဖြစ်၍ နေကြရကုန်၏။

၂၇၇။ လျော့လျော့ပြုအပ်သော ကုသိုလ်ကံဟူသမျှသည်၎င်း ညစ်နွမ်းစွာ ဆောက်တည်မှု အကျင့်သည်၎င်း မိမိ သူဘပါး နှစ်ပါးစုံကာင ယုံမှားအပ်သော ရဟန်းတရားကို ပြုခြင်းသည်၎င်း ထိုဆိုအပ်ပြီးသော ကမ္မဝတ ဖြဟ္မစရိယမျိုးသည် များမြတ်သောအကျိုး ရှိသည် မဟုတ်။

၂၇၈။ အကြင်သူသည် သီတင်းသုံးဘော်တို့အပေါ်၌ ရိုသေလေးမြတ်မှု မရှိ၊ ကောင်းကင်သည် မြေကြီးမှဝေးသကဲ့သို့ ထိုသူသည် သူတော်ကောင်းတရားမှ ဝေး၏။

ဤသို့လျှင် သဘိယမထေရ်သည် ရွတ်ဆို၏။

## ၄-နန္ဒကတ္ထေရဂါထာ

၂၇၉။ (စက်ဆုပ်ရွံရှာဖွယ် ဝတ္ထုအမျိုးမျိုးတို့ဖြင့်)ပြည့်၍ မကောင်းသော အနံ့ရှိသော ကိလေသာမာရ်၏ အသင်းအပင်း၌ ဖြစ်သော(ကိလေသာမိုးရည်) စိုစွတ်သော သင်၏ ကိုယ်၌ အခါခပ်သိမ်း ကိုးဒွါရတို့မှ (ယိုစီးနေသော) ကိုးခုသော အယဉ်တို့သည် စက်ဆုပ်ဖွယ် ဖြစ်လေစွတကား။

၂၈၀။ အဟောင်းဖြစ်သော အမှုအရာကို မအောက်မေ့လင့်၊ (ယခုလည်း ရှေးက အတိုင်း ပြုကျင့်လိမ့်မည်ဟု မကြံစည်လင့်)၊ အရိယာ သာဝကအပေါင်း၌ မသိမ့်မြင် မအောက်မေ့လင့်၊ ထိုအရိယာပုဂ္ဂိုလ်တို့သည် နတ်ပြည်ချမ်းသာ၌သော်လည်း မတပ်မက်ကြကုန်၊ (မစင်စုနှင့်တူသော) လူတို့ကာမဂုဏ်ချမ်းသာ၌ကား အဘယ်မှာ တပ်မက်ပါတော့အံ့နည်း။

၂၈၁။ အကြင်သူတို့သည်ကား မိုက်ကုန်၏၊ ပညာမရှိကုန်၊ (အသုဘကို သုဘဟု ...းဖြင့်) မကောင်းသော အကြံကို ကြံစည်ကုန်၏၊ မသိမှု မောဟဖြင့် ထက်ဝန်းကျင်

http://www.dhammadownload.com



ဖုံးလွှမ်းအပ်သော စိတ်ရှိကုန်၏၊ ထိုသို့သဘောရှိသော (အန္ဓပုထုဇဉ်)လူမိုက်တို့သည် မာရ်မင်း ထောင်ထားအပ်သော ကိုမိန်းမဟူသော အန္တောင်အဖွဲ့(ကျော့ကွင်း)၌ တပ်မက်သောအားဖြင့် တည်ကုန်၏။

၂၇၂။ အကြင်ပုဂ္ဂိုလ်သည် ရာဂကိုရင်း ဒေါသကိုရင်း အဝိဇ္ဇာ 'မောဟ' ကိုရင်း (အရိယမဂ်ဖြင့်)ပယ်ဖြတ်ပြီး ဖြစ်ကုန်၏၊ တဏှာတည်းဟူသော ကြိုးကို ပယ်ဖြတ်ပြီး ဖြစ်ကုန်၍ တဏှာတည်းဟူသော အန္တောင်အဖွဲ့မှ ကင်းကုန်သော ထိုသို့သဘောရှိသော ပုဂ္ဂိုလ်တို့သည် ထိုဆိုအပ်ပြီးသော မာရ်မင်း၏ ကျော့ကွင်း၌ မတပ်မက်သောအားဖြင့် တည်ကုန်၏။

ဤသို့လျှင် နန္ဒကမထေရ်သည် ရွတ်ဆို၏။

## ၅-ဇမ္ဗုကတ္ထေရဂါထာ

၂၇၃။ ငါသည် ငါးဆဲ့ငါးနှစ်တို့ပတ်လုံး (ရေချိုးခြင်းကို ပယ်သောအားဖြင့် ကိုယ်၌ ကပ်သော)မြူအညစ်အကြေးတို့ကို ဆောင်ခဲ့ပြီ၊(ကောင်းမှုကို လိုလားသူတို့ လှူအပ်သော) ဆွမ်းကို တလတကြိမ်(လျှာဖျား၌ တင်ထားသဖြင့်)စားလျက် ဆံမုတ်ဆိတ်ကို (လက်ဖြင့်) နုတ်စေခဲ့၏။

၂၇၄။ ခြေတဖက်တည်းဖြင့် ရပ်ခဲ့ပြီ၊ ထိုင်ခြင်းကို (အခါခပ်သိမ်း) ရှောင်ကြဉ်ခဲ့ပြီ၊ မစင်ခြောက်တို့ကိုလည်း ခဲစားခဲ့၏၊ ဒါယကာတို့ ပင့်ဖိတ်သော ဆွမ်းကိုလည်း မသာယာခဲ့။

၂၇၅။ ဒုဂ္ဂတိလားကြောင်း ဖြစ်သော ဤသို့သော မကောင်းမှုများစွာကို ပြုလုပ်ခဲ့၍ (ကာမောဃစသော)ကြီးစွာသော ရေအယဉ်ဖြင့် မျောပါနေရစဉ် (လူ့ဘဝကို ရ၍ ယခုအခါ၌ ကောင်းမှု၏ အကျိုးကြောင့်) မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်ခဲ့၏။

၂၇၆။ (ရတနာသုံးပါးသို့)ကိုးကွယ် ဆည်းကပ်ခြင်းသို့ရောက်သော ငါ့ကို ရှုပါလော့၊ မြတ်စွာဘုရားတရားတော်၏ ကောင်းမြတ်သောတရားတော်၏အဖြစ်ကို ရှုပါလော့၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် ဇမ္ဗုကမထေရ်သည် ရွတ်ဆို၏။

## ၆-သေနကတ္ထေရဂါထာ

၂၇၇။ ဂယာဖဂ္ဂုမည်သော ဥတ္တရဖဂ္ဂုနီနက္ခတ်ပွဲ၌ ဂယာမည်သော ရေဆိပ်အနီးတွင် မြတ်သောတရားကို ဟောတော်မူသော—

၂၇၈။ များစွာသော ကိုယ်ရောင် ဉာဏ်ရောင်နှင့် ပြည့်စုံတော်မူသော ဂိုဏ်းတို့၏ ဆရာဖြစ်တော်မူသော အထွတ်အထိပ်သို့ ရောက်တော်မူသော နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော မာရ်ငါးပါးကို အောင်တော်မူပြီးသော အတုမဲ့ဉာဏ်အမြင် ရှိတော်မူသော—

http://www.dhammadownload.com



၂၇၉။ မြတ်သော ရဟန္တာဖြစ်တော်မူသော ကြီးမြတ်သော လုံ့လရှိတော်မူသော များသောတန်ခိုးရှိတော်မူသော အာသဝအားလုံးကုန်ပြီးဖြစ်၍ အာသဝကင်းစင်တော်မူသော (ဝေနေယျသတ္တဝါတို့၏) ဆရာဖြစ်တော်မူသော မည်သည့်အရပ်ကမျှ ဘေးမရှိသော မြတ်စွာဘုရားကို ဖူးမျှော်ရပြီးဖြစ်သောကြောင့် ငါ၏လာခြင်းသည် ကောင်းသော လာခြင်းဖြစ်ပါပေ၏။

၂၈၀။ ထိုမြတ်စွာဘုရားသည် သက္ကာယဟူသောတိုင်၌ ဒိဋ္ဌိဟူသောကြိုးဖြင့် ဖွဲ့ချည် အပ်သည်ဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ညစ်နွမ်းနေရသော သေနကမည်သော ငါ့ကို ခပ်သိမ်းသော အထုံးအဖွဲ့ ဂန္ထတရားတို့မှ(အရိယမဂ်တည်းဟူသော လက်ဖြင့်)လွတ် စေတော်မူပေစွ့တကား။

ဤသို့လျှင် သေနကမထေရ်သည် ရွတ်ဆို၏။

## ၇-သမ္ဘူတတ္ထေရဂါထာ

၂၈၁။ အကြင်ပုဂ္ဂိုလ်သည် နှေးကွေးစွာ ပြုသင့်သောအခါ၌ ဆောလျင်စွာ ပြု၏၊ ဆောလျင်စွာ ပြုသင့်သောအခါ၌ နှေးကွေးစွာပြု၏၊ မသိမလိမ်မာသော ထိုပုဂ္ဂိုလ်သည် မသင့်လျော်သော အစီအရင်ကြောင့် ဆင်းရဲသို့ ရောက်ရ၏။

၂၈၂။ ထိုပုဂ္ဂိုလ်၏ အကျိုးစီးပွါးတို့သည် လဆုတ်ပက္ခ၌ လကဲ့သို့ တနေ့တခြား ဆုတ်ယုတ်ကုန်၏၊ အကျော်အစော မရှိသည်အဖြစ်သို့လည်း ရောက်ရ၏၊ အဆွေခင်ပွန်း တို့နှင့်လည်း ဆန့်ကျင်ဘက် ဖြစ်ရ၏။

၂၈၃။ အကြင်ပုဂ္ဂိုလ်သည် နှေးကွေးစွာ ပြုသင့်သောအခါ၌ နှေးကွေးစွာပြု၏၊ ဆောလျင်စွာ ပြုသင့်သောအခါ၌လည်း ဆောလျင်စွာပြု၏၊ ပညာရှိသော ထိုပုဂ္ဂိုလ်သည် သင့်လျော်သော အစီအရင်ကြောင့် ချမ်းသာခြင်းသို့ ရောက်ရ၏။

၂၈၄။ ထိုပုဂ္ဂိုလ်၏ အကျိုးစီးပွါးတို့သည် လဆန်းပက္ခ၌ လကဲ့သို့ တနေ့တခြား ပြည့်ဝ ကုန်၏၊ အခြံအရံများ၍ ကျော်စောခြင်းသို့လည်း ရောက်ရ၏၊ အဆွေခင်ပွန်းတို့နှင့်လည်း ဆန့်ကျင်ဘက်မဖြစ်။

ဤသို့လျှင် သမ္ဘူတမထေရ်သည် ရွတ်ဆို၏။

## ၈-ရာဟုလတ္ထေရဂါထာ

၂၈၅။ မြတ်စွာဘုရား၏ သားတော်အစစ် ဖြစ်သောကြောင့်၎င်း သစ္စာလေးပါးတရား တို့၌ မဂ်ပညာမျက်စိရှိသောကြောင့်၎င်း (အမျိုးအကျင့်) နှစ်မျိုးနှင့်ပြည့်စုံသော ရာဟုလာ- ဘဒ္ဒဟူ၍ ငါ့ကို ပညာရှိတို့ သိကြကုန်၏။

၂၈၆။ ငါ့အား အာသဝတရားတို့ကုန်ပြီ၊ ဘဝသစ်၌ တဖန်ဖြစ်ခြင်း မရှိပြီ၊ ထို့ကြောင့် ငါသည် သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတတ်သူ မြတ်သော အလှူကို ခံထိုက်သူ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ နိဗ္ဗာန်ကို မြင်သူဖြစ်၏။

http://www.dhammadownload.com



၂၉၇။ (ဤသတ္တဝါအပေါင်းတို့သည်) ကာမတို့၌ ကန်းကုန်၏၊ တဏှာကွန်ရက်ဖြင့် အဖုံးလွှမ်းခံရကုန်၏၊ တဏှာအမိုးဖြင့် မိုးထားခံရကုန်၏၊ မြုံးဝ၌ ငါးကဲ့သို့ မာရ်၏ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရကုန်၏။

၂၉၈။ ငါသည်ကား ထိုကာမအနှောင်အဖွဲ့ကို ပယ်ကာ ကိလေသာမာရ် အနှောင်အဖွဲ့ကို(အရဟတ္တမဂ် ဓားသန်လျက်ဖြင့် အကြွင်းမဲ့)ဖြတ်ပြီးလျှင်(အဝိဇ္ဇာဟုဆိုအပ်သော) အမြစ်နှင့်တကွသော တဏှာကို ပယ်နုတ်လျက် ငြိမ်းအေးပြီးသူ (သဉပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့်) ပရိနိဗ္ဗာန်ပြုပြီးသူ ဖြစ်၏။

ဤသို့လျှင် ရာဟုလမထေရ်သည် ရွတ်ဆို၏။

## ၉-စန္ဒနတ္ထေရဂါထာ

၂၉၉။ ရွှေဖြင့်ပြုအပ်သော တန်ဆာဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်ရှိသော မယားဟောင်းသည် ကျွန်မအပေါင်းခြံရံလျက် သားကို ရင်ခွင်ပိုက်၍ ငါ့ထံသို့ ချဉ်းကပ်လာ၏။

၃၀၀။ တန်ဆာဆင်လျက် (အဝတ်တို့ကို) ကောင်းစွာ ဝတ်ဆင်ကာ လာနေသော ငါ့သား၏ မိခင်ကို တွေ့မြင်လတ်သော် သေမင်းထောင်ထားသော ကျော့ကွင်းကဲ့သို့ ထင်မိ၏။

၃၀၁။ ထို့ကြောင့် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်ဟု) အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်ပေါ်လာ၏၊ အပြစ်ဟု ထင်မြင်သော အာဒီနဝဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည် (ငါ၏နှလုံး၌) ကောင်းစွာတည်၏။

၃၀၂။ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ဖြစ်သည်မှ နောက်၌ ငါ၏စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ မြတ်စွာဘုရား တရားတော်၏ ကောင်းမြတ်သော တရားတော်၏ အဖြစ်ကို ရှုပါလော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် စန္ဒနမထေရ်သည် ရွတ်ဆို၏။

## ၁၀-ဓမ္မိကတ္ထေရဂါထာ

၃၀၃။ လောကီလောကုတ္တရာနှစ်ဖြာသော သုစရိုက်တရားသည် တရားကျင့်သူကို အမှန်စင်စစ် (ဆင်းရဲမှ) စောင့်ရှောက်တတ်၏၊ ကောင်းစွာဆည်းပူးအပ်သော တရားသည် (လောကီ လောကုတ္တရာ) ချမ်းသာကို ရွက်ဆောင်တတ်၏၊ တရားကို ကျင့်သော ပုဂ္ဂိုလ်သည် မကောင်းသော လားရာ ဒုဂ္ဂတိဘဝသို့ မလားရောက်ရ၊ ဤဖြစ်ခြင်းသည် ကောင်းစွာ ကျင့်သော တရားတော်၏ အကျိုးဆက်တည်း။

၃၀၄။ ကုသိုလ်တရား အကုသိုလ်တရားအားဖြင့် နှစ်ပါးသော တရားတို့သည် တူမျှသော အကျိုးရှိကြသည်မဟုတ်ကုန်၊ အကုသိုလ်တရားသည် ငရဲသို့ ဆောင်တတ်၏၊ ကုသိုလ်တရားသည် ကောင်းသော လားရာသုဂတိဘဝသို့ ရောက်စေတတ်၏။

http://www.dhammadownload.com



၃၀၅။ ထိုကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားပေးအပ်သော အဆုံးအမဖြင့် ဝမ်းမြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ ပြုလုပ်လိုမှု 'ဆန္ဒ'ကို ဖြစ်ဝေရေး၊ မြတ်စွာဘုရား၏ တပည့်သာဝက ဖြစ်ကုန်သော ကိုးစားရာအမြတ်ဆုံး နိဗ္ဗာန်သို့ ရောက်လိုသူ ပညာရှိတို့သည် တရား၌ တည်ကုန်လျက် အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြကုန်၏။

၃၀၆။ ငါသည် ဂဏ္ဍာအမည်ရသော ဥပါဒါနက္ခန္ဓာ ငါးပါး၏ အကြောင်းမူလကို ခွါချအပ်ပြီ၊ တဏှာဟုဆိုအပ်သော ကွန်ရက်ကို (မဂ်ဖြင့်) ဖျက်ဆီးအပ်ပြီ၊ ထိုငါသည် သံသရာကုန်ပြီးသူဖြစ်၏၊ လပြည့်နေ့အခါဝယ် အပြစ်ငါးပါးကင်းစင်သော လမင်းကဲ့သို့ ငါ့အားရာဂစသော ကြောင့်ကြမှု (အပြစ်) မရှိတော့သည်သာတည်း။

ဤသို့လျှင် ဓမ္မိကမထေရ်သည် ရွတ်ဆို၏။

## ၁၁-သပ္ပကတ္ထေရဂါထာ

၃၀၇။ အကြင်အခါ အလွန်စင်ကြယ်ဖြူဖွေးသော အတောင်ရှိသော ဥဗျိုင်းငှက်တို့သည် မည်းညိုသော မိုးတိမ်၏ ဘေးဖြင့် ခြိမ်းချောက်ခြင်းခံရသောကြောင့် မိမိနေရာအသိုက်၌ ခိုအောင်းလိုသည်ဖြစ်၍ အသိုက်သို့ ပျံသွားလတ္တံ့၊ ထိုအခါဝယ် အဇကရဏီမြစ်သည် ငါ့ကို မွေ့လျော်စေ၏။

၃၀၈။ အကြင်အခါ၌ အလွန်အလွန် စင်ကြယ်ဖြူဖွေးသော ဥဗျိုင်းငှက်တို့သည် မည်းညိုသော မိုးတိမ်၏ ဘေးဖြင့် ခြိမ်းချောက်ခံရသည်ဖြစ်၍ ခိုအောင်းရာကိုမမြင်သောကြောင့် အသိုက်ကို ရှာလင့်၏၊ ထိုအခါဝယ် အဇကရဏီမြစ်သည် ငါ့ကို မွေ့လျော်စေ၏။

၃၀၉။ ငါနေသော လိုဏ်ဂူ၏ နောက်ကျောဘက် ထိုထိုအရပ်၌ ပေါက်ရောက်ကုန်သော ကမ်းနှစ်ဖက်ရှိ သပြေပင်တို့သည် အဇကရဏီမြစ်ကမ်းနှစ်ဖက်လုံးကို တင့်တယ်စေကုန်၏၊ ယင်းသပြေပင်တို့သည် ထိုအရပ်၌ နေသော အဘယ်မည်သော သူကို မမွေ့လျော်စေပဲ ရှိနိုင်အံ့နည်း။

၃၁၀။ မြွေအပေါင်းမှ ကောင်းစွာကင်းဝေးကုန်သော ငြိမ့်ငြောင်းသောအသံရှိကုန်သော ထိုဖါးတို့သည် (ချိုမြိန်သော အသံဖြင့်) အော်မြည်ကြကုန်၏၊ ယခုအခါ တောင်ကျစမ်းချောင်းတို့နှင့် ကင်းကွာသော အခါသမယမဟုတ်၊ အဇကရဏီမြစ်သည် ဘေးကင်း၏၊ အေးချမ်း၏၊ မွေ့လျော်ဖွယ်လည်းကောင်း၏။

ဤသို့လျှင် သပ္ပကမထေရ်သည် ရွတ်ဆို၏။

## ၁၂-မုဒိတတ္ထေရဂါထာ

၃၁၁။ ငါသည် အသက်ရှည်ခြင်းကိုအလိုရှိသည်ဖြစ်၍ ရှင်ရဟန်းပြုခဲ့ပြီ၊ ရှင်ရဟန်းအဖြစ်ကို ရပြီးနောက် ယုံကြည်မှု 'သဒ္ဓါ'တရားကို ရခဲ့၏၊ မြဲမြံသောလုံ့လရှိသည်ဖြစ်၍ ပြင်းစွာ အားကုတ်ခဲ့ပြီ။

http://www.dhammadownload.com



၃၁၂။ (ဤလို့ လဖြင့်) ငါ၏ ဤခန္ဓာကိုယ်သည် ပြိုကွဲမှုလည်း ပြိုကွဲပစေ၊ အသားတုံး အသားတစ်တို့သည် ကြေမွမှုလည်း ကြေမွပစေ၊ သလုံးမြင်းခေါင်းနှစ်ခုတို့သည် ငါ၏ ပုဆစ်ဒူးအဆက်တို့မှ ပြုတ်ကျမှုလည်း ပြုတ်ကျပစေကုန်။

၃၁၃။ ငါသည် တဏှာတည်းဟူသော ငြောင့်ကို မနုတ်ရသေးသမျှ မည်သည့်ဘောဇဉ်ကိုမျှ မသုံးဆောင်တော့အံ့၊ မည်သည့်သောက်ဖွယ်ကိုမျှ မသောက်တော့အံ့၊ ကျောင်းအခန်းမှလည်း မထွက်တော့အံ့၊ မည်သည့်နံပါးဖြင့်မျှ မအိပ်စက်တော့အံ့။

၃၁၄။ ဤသို့နေသော ထိုငါ၏ လွန်ကဲသော လုံ့လကို ရှုပါလော့၊ (ယင်းလုံ့လ၏ တန်ခိုးကြောင့်) ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာ ပြုကျင့်အပ်ပြီ။

ဤသို့လျှင် မုဒိတမထေရ်သည် ရွတ်ဆို၏။

## စတုက္ကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၅-ပဥ္စကနိပါတ်

## ၁-ရာဇဒတ္တတ္ထေရဂါထာ

၃၁၅။ ရဟန်းသည် သင်းချိုင်းသို့ သွား၍ သုသာန်၌ မင့်မကွက် စွန့်ပစ်ထားအပ်သော ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ ခဲစားထားသော မိန်းမအသေကောင်ကို မြင်ရ၏။

၃၁၆။ အသက်ဝိညာဉ်မှ ကင်းသော အကြင်အသေကောင်ယုတ်ကို မြင်ရသောကြောင့် အချို့သော သူတို့သည် စက်ဆုပ်ရွံရှာကြကုန်၏၊ ငါ့အားမူကား ကာမရာဂသည် ထင်ရှား ဖြစ်ပေါ်၏၊ (ထိုအကောင်ပုပ်၌ ကိုးဒွါရတို့မှ မစင်ကြယ်သော အဆာသည် ယိုစီး၏၊ မစင်ကြယ်သော အဖြစ်ကို မမြင်မြင်းကြောင့်) ငါသည် သူကန်းကဲ့သို့ ဖြစ်ခဲ့၏။

၃၁၇။ ထမင်းဆိုးတလုံးချက်ခန့်မျှ အချိန်အတွင်း (ရာဂကို ပယ်ဖျောက်လျက်) ထို အရပ်မှ ဖဲသွားခဲ့၏၊ (ဖဲသွားပြီးနောက် ငါသည်) သတိနှင့် ပြည့်စုံသည်ဖြစ်၍ ပညာ အဆင်အခြင်နှင့် ပြည့်စုံလျက် သင့်တော်သောနေရာသို့ ဝင်ခဲ့၏။

၃၁၈။ ထို့ကြောင့် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်ဟု) အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်ပေါ်လာ၏၊ အပြစ်ဟု ထင်မြင်သော အာဒီနဝဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည် (ငါ၏နှလုံး၌) ကောင်းစွာတည်၏။

၃၁၉။ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ဖြစ်သည်မှနောက်၌ ငါ၏စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ မြတ်စွာဘုရားကရားတော်၏ ကောင်းသောတရားတော်၏အဖြစ်ကို ရှုပါ လော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူ သောအတိုင်း ပြုကျင့်အပ်ပြီ။

ဤသို့လျှင် ရာဇဒတ္တမထေရ်သည် ရွတ်ဆို၏။

## ၂-သုဘူတတ္ထေရဂါထာ

၃၂၀။ အားမထုတ်အပ်သည့်(အယုတ်တရားနှစ်ပါး)၌ မိမိကိုယ်ကို အားထုတ်လိုသော ယောကျ်ားသည် နှစ်ပါးသော အစီးအပွါးကို ဆောင်တတ်သော ကိစ္စကို အလိုရှိလျက် ကျင့်ခဲ့ပါမူ (အလိုရှိအပ်သော စီးပွါးချမ်းသာသို့) မရောက်ရာ၊ ငါသည် ထိုဘုန်းကြက်သရေ မရှိသော သဘောကို အားထုတ်မိခဲ့၏။

၃၂၁။ နှိပ်စက်တတ်သော သဘောရှိသည်၏အဖြစ်ကြောင့် အဆမည်သော ရာဂ စသောကိလေသာတို့ကို မနှုတ်ပယ်မူ၍ တခုတည်းသော (အပ္ပမာဒ) တရားကို အကယ်၍ စွန့်လွှတ်မူ သူယုတ်မာကဲ့သို့ ဖြစ်ရာ၏၊ သဗ္ဗါစသော တရားအားလုံးတို့ကို စွန့်လွှတ်ပါမူ ညီညွတ်သည် မညီညွတ်သည်ကို မမြင်သောကြောင့် သူကန်းကဲ့သို့ ဖြစ်ရာ၏။

၃၂၂။ အကြင်အမှုကို ပြုလုပ်၏၊ ထိုပြုလုပ်သောအမှုကိုသာ ပြောဆိုရာ၏၊ အကြင် အမှုကို မပြုလုပ်၊ ထိုမပြုလုပ်သော အမှုကို မပြောဆိုရာ၊ မပြုလုပ်ပဲ ပြောဆိုသောသူကို ပညာရှိတို့ သိကြကုန်၏(အထင်မကြီးကြကုန်)။

http://www.dhammadownload.com



၃၂၃။ အဆင်းသာရှိ၍ အနံ့မရှိသည့် တင့်တယ်လှပသောပန်းကို ပန်ဆင်သူကဲ့သို့ ထို့အတူ ကောင်းစွာ ဟောတော်မူသော(ပိဋကတ်သုံးပုံတည်းဟူသော)စကားတော်သည် (တရားတော်လာတိုင်း) မပြုမကျင့်သောသူအား နတ်ရွာနိဗ္ဗာန်ဟူသော အကျိုးမရှိနိုင်။

၃၂၄။ အဆင်းလည်းရှိ ကောင်းသော ရနံ့လည်းရှိ၍ တင့်တယ်လှပသောပန်းကို ပန်ဆင်သူကဲ့သို့ ထို့အတူ ကောင်းစွာ ဟောတော်မူသော (ပိဋကတ်သုံးပုံတည်းဟူသော) စကားတော်သည် (တရားတော်လာတိုင်း) ကောင်းစွာ ကျင့်သူအား (နတ်ရွာနိဗ္ဗာန်ဟူသော)အကျိုးရှိ၏။

ဤသို့လျှင် သုဘူတမထေရ်သည် ရွတ်ဆို၏။

## ၁-ဂိရိမာနန္ဒတ္ထေရဂါထာ

၃၂၅။ မိုးသည် ကောင်းစွာ သီဆိုအပ်သောသီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋီ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးမှကင်း၏၊ ငါသည် ထိုကုဋီ(ကျောင်း)၌ (အရဟတ္တဖိုလ်သမာဓိဖြင့် ကောင်းစွာ) ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ နေ၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာ သွန်းလော့။

၃၂၆။ မိုးသည် ကောင်းစွာ သီဆိုအပ်သော သီချင်းသံကဲ့သို့ ထစ်ချုန်းလျက် ရွာ၏၊ ငါ၏ကုဋီ(ကျောင်း)သည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ ငါသည် ထိုကုဋီ(ကျောင်း)၌(အရဟတ္တဖိုလ်သမာဓိဖြင့် ကောင်းစွာ) ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ နေ၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာ သွန်းလော့။

၃၂၇။ မိုးသည် ရွာ၏။ လ။ ငါသည် ထိုကုဋီ(ကျောင်း)၌ ရာဂကင်းသည် ဖြစ်၍ နေ၏။

၃၂၈။ မိုးသည် ရွာ၏။ လ။ ငါသည် ထိုကုဋီ(ကျောင်း)၌ ဒေါသကင်းသည်ဖြစ်၍ နေ၏။

၃၂၉။ မိုးသည် ရွာ၏။ လ။ ငါသည် ထိုကုဋီ(ကျောင်း)၌ မောဟကင်းသည်ဖြစ်၍ နေ၏၊ မိုးနတ်သား အကယ်၍ ရွာသွန်းလိုမူ ရွာသွန်းလော့။

ဤသို့လျှင် ဂိရိမာနန္ဒမထေရ်သည် ရွတ်ဆို၏။

## ၄-သုမနတ္ထေရဂါထာ

၃၃၀။ ဥပဇ္ဈာယ်ဆရာသည်(သမထဝိပဿနာစသော အပြစ်ကင်းသော) တရားတို့တွင် အကြင်နိဗ္ဗာန်တရားကို အကျွန်ုပ်အတွက် လိုလားတောင့်တလျက် အမြိုက်နိဗ္ဗာန်ကို အလိုရှိပါ၏၊ ထိုနိဗ္ဗာန်တရားကို ဥပဇ္ဈာယ်ဆရာသည် လိုလားတောင့်တသော(ငါ့ကို အဆုံးအမပေးသည်၏ အစွမ်းဖြင့်) ချီးမြှောက်ပါ၏၊ (ထိုနိဗ္ဗာန်ကို ရခြင်းငှါ) ပြုသင့်သော (တဆယ့်ခြောက်ပါးသော မဂ်)ကိစ္စကို ပြုအပ်ပြီးပါပြီ။

http://www.dhammadownload.com



၃၃၁။ (ထိုကြောင့်သာလျှင် အကျွန်ုပ်သည် မဂ်လေးပါးသို့) အစဉ်ရောက်ပြီးသူ (မဂ်လေးပါးကို)မျက်မှောက်ပြုပြီးသူ ကိုယ်တိုင် အမြင်ရသော နိဗ္ဗာန်တရားရှိသူ တဆင့်ကြားမဟုတ် ကိုယ်တိုင်သိပြီးသူ (ကိလေသာအားလုံးတို့မှ) စင်ကြယ်သော ဉာဏ်ရှိသူ (တဆယ့်ခြောက်ပါးသော)ယုံမှားခြင်းကင်းပြီးသူ ဖြစ်ပါ၏ဟု အရှင်ဘုရားအထံ၌ ပြောကြားလျှောက်ထားပါ၏။

၃၃၂။ အကျွန်ုပ်သည် ရှေးက နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏၊ နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ကို စင်ကြယ်ကြည်လင်စေအပ်ပါပြီ၊ အကျွန်ုပ်သည် မိမိအကျိုးဖြစ်သော (အရဟတ္တဖိုလ်)ကို ရပါပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပါပြီ။

၃၃၃။ အရှင်ဘုရား၏ အဆုံးအမတော်၌ မမေ့မလျော့သော အကျွန်ုပ်သည် သိက္ခာသုံးပါးတို့ကို ကောင်းစွာ သင်ကြားအပ်ပါကုန်ပြီ၊ အကျွန်ုပ်အား အာသဝေါတရားအားလုံးတို့ ကုန်ပါကုန်ပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပါ။

၃၃၄။ အရှင်ဘုရားသည် အရိယာတို့၏ အကျင့်ဖြင့် အကျွန်ုပ်ကို ဆုံးမတော်မူပါပေ၏၊ အစဉ်သနား စောင့်ရှောက်တော်မူပါပေ၏၊ ချီးမြှောက်တော်မူပါပေ၏၊ အရှင်ဘုရား၏ အဆုံးအမသည် အချည်းနှီးမရှိပါ၊ အကျွန်ုပ်သည် အရှင်ဘုရား၏ အဆုံးအမကို (လိုက်နာသည်ဖြစ်၍)အနီးနေ တပည့်ဖြစ်ပါ၏။

ဤသို့လျှင် သုမနမထေရ်သည် ရွတ်ဆို၏။

## ၅-ဝစုတ္ထေရဂါထာ

၃၃၅။ ငါ၏အမိသည် (အဆုံးအမဟု ဆိုအပ်သော) တုတ်နှင်တံကို ပြပေသည် ဖြစ်ရကား ကောင်းမြတ်လှပါပေစွ၊ ငါသည် မွေးသမိခင်က ဆုံးမအပ်သည်ဖြစ်၍ ယင်းအမိ၏ စကား ကြားနာရသောကြောင့် ထက်သန်သော လုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူ မြတ်သောအရဟတ္တဖိုလ်သို့ ရောက်သူ ဖြစ်ရပါ၏။

၃၃၆။ ငါသည် ပူဇော်အထူးကို ခံထိုက်သူ မြတ်သောအလှူကို ခံထိုက်သူ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ အမြိုက်နိဗ္ဗာန်ကို မြင်ပြီးသူ ပုဂ္ဂိုလ်ဖြစ်ရပေ၏၊ မာရ်မင်း၏(ကိလေသာတည်းဟူသော)စစ်သည်ကို အောင်မြင်၍ အာသဝေါမရှိသူ ဖြစ်၍ နေရပါ၏။

၃၃၇။ ရှေးအခါက ငါ၏အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ရှင်း အပ 'ဗဟိဒ္ဓ' သန္တာန်၌ရှင်း အကြင်အာသဝတရားတို့ ရှိကုန်၏၊ ထိုအာသဝအားလုံးတို့သည် (ယခုအခါ) အကြွင်းမဲ့ ဖြတ်အပ်ပြီးဖြစ်၍ နောင်တဖန် မဖြစ်ကြကုန်လတ္တံ့။

၃၃၈။ နှစ်မ[၁] ထိုအကြောင်းကို ရဲရဲရင့်ရင့် ဆုံးမပါပေ၏၊ (သင်၏သားဖြစ်သော)ငါ၌သော်လည်း အဆွေခင်ပွန်းမဖွဲ့လိုယောင်တကား၊ သင်၏ သန္တာန်၌(အဝိဇ္ဇာအစရှိသော) တောအုပ်သည် မရှိတော့ယောင်တကား။

၁။ မိခင်နှင့်မိမိနှစ်ဦးစလုံးပင် အရဟတ္တဖိုလ်ကို ရခြင်းဖြင့် မြတ်စွာဘုရား၏ သမီးတော်သားတော်အဖြစ်ကို ပြလို၍ အမိကိုပင် နှစ်မဟု ခေါ်သည်။(အဋ္ဌကထာ)

http://www.dhammadownload.com



၃၃၉။ ငါသည် ဆင်းရဲကို အဆုံးပြုပြီးပြီ၊ ဤခန္ဓာကိုယ်သည် အဆုံးဖြစ်သော ခန္ဓာကိုယ်တည်း၊ ယခုအခါ ပဋိသန္ဓေနေမှု သေမှုနှင့်တကွ ဖြစ်သော ခန္ဓာအစဉ်ဖြင့် မှတ်အပ်သည့် သံသရာဟူသော ဘဝသစ်မရှိတော့ပြီ။

ဤသို့လျှင် ဝစ္ဆမထေရ်သည် ရွတ်ဆို၏။

## ၆-နဒီကဿပတ္ထေရဂါထာ

၃၄၀။ မြတ်စွာဘုရားသည် ငါ၏ အကျိုးစီးပွါးအလို့ငှါသာလျှင် နေရဥ္စရာ မြစ်အနီးသို့ ကြွလာတော်မူပါပေ၏၊ ငါသည် ယင်းမြတ်စွာဘုရား၏ (သစ္စာလေးပါးနှင့် စပ်သော) တရားတော်ကို ကြားနာ မှတ်သားရသောကြောင့် (ယဇ်ပူဇော်ခြင်း စသော) မှားသော အယူကို စွန့်ပြီ။

၃၄၁။ ငါသည် အမျိုးမျိုးသော ယဇ် (ပူဇော်ခြင်း)တို့ကို ပူဇော်ခဲ့ပြီ၊ ဤယဇ်ပူဇော်သော အကျင့်သည် သံသရာမှ စင်ကြယ်ကြောင်းအကျင့်ဟု အမှတ်ရှိ၍ မီးကို လုပ်ကျွေးခြင်းကို လုပ်ကျွေးပူဇော်ခဲ့၏၊ ပုထုဇဉ်သည် (မောဟတည်းဟူသော အမိုက်တိုက်ဖြင့်) အလွန် မိုက်စွာတကား။

၃၄၂။ ငါသည် မိစ္ဆာအယူဟူသော တောအုပ်သို့ ပြေးဝင်ကာ မှားသော နှလုံးသွင်းခြင်းဖြင့် တွေဝေသောအဖြစ်သို့ ရောက်လျက် အဝိဇ္ဇာဖြင့် ကန်းသည်ဖြစ်၍ (တရား ဟုတ်သည် မဟုတ်သည်ကို)မသိမှုကြောင့် မစင်ကြယ်သော အကျင့်လမ်းစဉ်ကို စင်ကြယ်သော အကျင့်လမ်းစဉ်ဟူ၍ မှတ်ထင်ခဲ့၏။

၃၄၃။ ငါသည် မိစ္ဆာအယူကို ပယ်အပ်ပြီ၊ ဘဝအားလုံးတို့ကို အကြွင်းမဲ့ ဖျက်ဆီးအပ်ကုန်ပြီ၊ မကောင်းမှုအားလုံးကို လောင်ကျွမ်းစေ၍ အမြတ်ဆုံး မီး 'ဒက္ခိနေယျဂ္ဂိ' ဖြစ်သော မြတ်စွာဘုရားကို ပူဇော်ပါ၏၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားကို ရှိခိုးပါ၏။

၃၄၄။ ငါသည် အလုံးစုံသော မောဟတို့ကို ပယ်အပ်ကုန်ပြီ၊ ဘဝ၌ တပ်မက်တတ်သော ဘဝတဏှာကို ဖျက်ဆီးအပ်ပြီ၊ ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိသော သံသရာဝဋ် ကုန်ပြီ၊ ယခုအခါ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိပြီ။

ဤသို့လျှင် နဒီကဿပမထေရ်သည် ရွတ်ဆို၏။

## ၇-ဂယာကဿပတ္ထေရဂါထာ

၃၄၅။ ငါသည် နံနက်တကြိမ် မွန်းတည့်တကြိမ် ညနေချမ်းတကြိမ်အားဖြင့် တနေ့သုံးကြိမ် ရေသို့ ဆင်းသက်ခဲ့၏၊ (ယင်းသို့ ဆင်းသက်ရာဝယ်) ထိုငါသည် ဂယာဖဂ္ဂု မည်သော ဥတ္တရဖဂ္ဂုနီနက္ခတ်ပွဲအခါ၌ ဂယာရေဆိပ်၌သာ ရေသို့ ဆင်းသက်ခဲ့၏။

၃၄၆။ ငါသည် ရှေးအခါကာလက တပါးသော ဘဝတို့၌ ပြုလုပ် ဆည်းပူးခဲ့သော ယုတ်ညံ့သော မကောင်းမှုကံကို ယခုအခါ ဤဂယာဆိပ်၌ မျှောတော့အံ့ဟု မြတ်စွာဘုရားထံ မရောက်မီ ဤသို့ အယူရှိခဲ့၏။

http://www.dhammadownload.com



၃၄၇။ ငါသည် အကြောင်းအကျိုးနှင့် စပ်သော ပုဒ်ဗျည်းရှိသော ကောင်းစွာ ဟောတော်မူအပ်သော မြတ်စွာဘုရား စကားတော်ကို ကြားနာရသောကြောင့် (ပရမတ္ထသဘောဖြင့်)မှန်ကန်သော ဟုတ်မှန်တိုင်းသော ဒုက္ခစသော အနက်သဘောကို အသင့်အားဖြင့် ဆင်ခြင်ခဲ့ပြီ။

၃၄၈။ ထို့ကြောင့် ငါသည် မကောင်းမှုအားလုံးကို ဆေးလျှော်ပြီးသူ (ရာဂစသော) အညစ်အကြေးမရှိသူ ကိုယ်အမူအရာဖြူစင်သူ နှုတ်အမူအရာသန့်ရှင်းသူ စိတ်အမူအရာစင်ကြယ်သူ ဖြစ်၏၊ စင်ကြယ်သော မြတ်စွာဘုရား၏ တရားအမွေခံ ဖြစ်၏၊ ဘုရားရှင်၏ ရင်တော်အနှစ် သားတော်စစ် ဖြစ်၏။

၃၄၉။ ငါသည် (သမ္မာဒိဋ္ဌိ စသော) အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော (မဂ်ဟူသော) အယဉ်သို့ သက်ဝင်၍ မကောင်းမှုအားလုံးကို မျှောခဲ့ပြီ၊ ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာ ပြုကျင့်ပြီးပြီ။

ဤသို့လျှင် ဂယာကဿပမထေရ်သည် ရွတ်ဆို၏။

## ၈-ဝက္ကလိတ္ထေရဂါထာ

၃၅၀။ ရဟန်း သင်သည် လေနာနှိပ်စက်ခံနေရလျက် လူတို့ ကျက်စား သွားလာရာမဟုတ်သော ပစ္စည်းလေးပါး ရခဲသော တောကြီးမျက်မည်း၌ နေသည်ရှိသော် အဘယ်သို့ ပြုလုပ်နေထိုင်လတ္တံ့နည်း။

၃၅၁။ အကျွန်ုပ်သည် ပြန့်ပြောများပြားမြတ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ဖြင့် ခန္ဓာကိုယ်ကို ပျံ့နှံ့စေလျက် (ပစ္စည်းလေးပါး ခေါင်းပါး ရခဲခြင်း) ကိုလည်း သည်းခံကာ တောကြီး မျက်မည်း၌ နေပါအံ့။

၃၅၂။ (မဂ်၌ အကျုံးဝင်သော)သတိပဋ္ဌာန်တို့ကို ပွါးစေလျက် (သဒ္ဓါ စသော)ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တို့ကိုလည်း ပွါးစေကာ တောကြီးမျက်မည်း၌ နေပါအံ့။

၃၅၃။ ထက်သန်သော လုံ့လရှိကုန်သော နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိကုန်သော အခါခပ်သိမ်း မြဲမြံ ခိုင်ခံ့သော လုံ့လရှိကုန်သော အညီအညွတ်ဖြစ်ကုန်သော သီတင်းသုံးဘော်တို့ကို ရှုကြည့်၍ တောကြီးမျက်မည်း၌ နေပါအံ့။

၃၅၄။ သတ္တဝါအားလုံးတို့ထက် မြတ်တော်မူသော မြတ်သော ဆုံးမခြင်းဖြင့် ယဉ်ကျေးတော်မူသော အထူးမရှိသော သမာဓိဖြင့် ဟည်ကြည်တော်မူသော မြတ်စွာဘုရားကို နေ့ရောညဉ့်ပါ မပျင်းမရိပဲ အပန်ဖန်အောက်မေ့လျက် တောကြီးမျက်မည်း၌ နေပါအံ့။

ဤသို့လျှင် ဝက္ကလိမထေရ်သည် ရွတ်ဆို၏၊

## ၉-ဝိဇိတသေနတ္ထေရဂါထာ

၃၅၅။ ကာမဂုဏ် ကွန်ရက်သဖွယ်ဖြစ်၍ ခန္ဓာကိုယ်၌ဖြစ်သော ဟယ် စိတ် (တံတိုင်းဖြင့် ပွဲ့အပ်သော မြို့၏) ကန့်လန့်ကျင်ထိုးထားသော မလှယ်ပေါက်တံခါးယော်၌ ဆင်တို့၏

http://www.dhammadownload.com



ထွက်သွားခြင်းကို တားမြစ်သကဲ့သို့ သင့်ကို တားမြစ်ထားအံ့၊ သင့်ကို မကောင်းမှု၌ မယှဉ်စေသောအားဖြင့် တားမြစ်အံ့။

၃၅၆။ တံခါးဖွင့်ခြင်းကိုမရသော ဆင်ကဲ့သို့ သင်စိတ်မိုက်သည် ယခုအခါ ကားမြစ်ထားပြီးဖြစ်၍ အလိုရှိတိုင်း မသွားရလတ္တံ့၊ ဟယ် စိတ်ယုတ် အဖန်ဖန် ထိုထို အာရုံ၌ ပြောင်းရွှေပြေးသွားသည်၏အစွမ်းဖြင့် မကောင်းမှု၌ မွေ့လျော်လျက် သင် လှည့်လည်ရတော့မည် မဟုတ်။

၃၅၇။ အားကောင်းသော ဆင်ဆရာသည် ဖမ်းပြီးစဖြစ်၍ မယဉ်ကျေးသေးသော ဆင်ပြောင်ကို ဆင် အလိုအတိုင်းမဟုတ်ပဲ ပြန်လည် ဆုတ်နစ်လာစေသကဲ့သို့ ထို့အတူ သင်စိတ်ယုတ်ကို သင့်အလိုအတိုင်း မဟုတ်ပဲ ပြန်လည် ဆုတ်နစ်လာစေအံ့။

၃၅၈။ မြတ်သော မြင်းကို ဆုံးမခြင်း၌ လိမ်မာသော မြတ်သော ရထားထိန်းသည် အာဇာနည်မြင်းကို ဆုံးမသကဲ့သို့ ထို့အတူ ငါသည် ( သဒ္ဓါစသော ) ဗိုလ်ငါးပါးတို့၌ တည်လျက် သင်စိတ်ယုတ်ကို ဆုံးမတော့အံ့။

၃၅၉။ ငါသည် သင်စိတ်ယုတ်ကို သတိတည်းဟူသော ကြိုးဖြင့် (ကမ္မဋ္ဌာန်းဟူသော တိုင်၌) ချည်ထားအံ့၊ (ကမ္မဋ္ဌာန်း၌) အားစိုက်သည်ဖြစ်၍ သင်စိတ်ယုတ်ကို ဆုံးမအံ့၊ ဟယ် စိတ်ယုတ် (သင်သည်လည်း) ဝီရိယဟူသော ရထားဦးဖြင့် ဖိနှိပ်ထားခံရသည်ဖြစ်၍ ဤ (ကမ္မဋ္ဌာန်းအာရုံ)မှ ဝေးရာသို့ မသွားရလတ္တံ့။

ဤသို့လျှင် ဝိဇိတသေနမထေရ်သည် ရွတ်ဆို၏။

## ၁၀-ယသဒတ္တထေရဂါထာ

၃၆၀။ အပြစ်တင်ချုတ်ချယ်လိုသော စိတ်ရှိသည့် ပညာမဲ့ပုဂ္ဂိုလ်သည် မြတ်စွာဘုရား အဆုံးအမ ပရိယတ္တိသာသနာတော်ကို နာကြားသင်ယူ၏၊ (ထိုပုဂ္ဂိုလ်သည်) ကောင်းကင်မှ မြေကြီး ဝေးသကဲ့သို့ ပဋိပတ်ဟူသော သူတော်ကောင်းတရားမှ ဝေး၏။

၃၆၁။ အပြစ်တင်ချုတ်ချယ်လိုသော စိတ်ရှိသည့် ပညာမဲ့ပုဂ္ဂိုလ်သည် မြတ်စွာဘုရား အဆုံးအမ ပရိယတ္တိသာသနာတော်ကို နာကြားသင်ယူ၏၊ (ထိုပုဂ္ဂိုလ်သည်) လဆုတ်ပက္ခ၌ လကဲ့သို့ လောကုတ္တရာတရားကိုးပါးမှ ဆုတ်ယုတ်၏။

၃၆၂။ အပြစ်တင်ချုတ်ချယ်လိုသော စိတ်ရှိသည့် ချုတ်ချယ်လိုသော(အပြစ်တင်လို) ပညာမဲ့ပုဂ္ဂိုလ်သည် မြတ်စွာဘုရားအဆုံးအမ ပရိယတ္တိသာသနာတော်ကို နာကြားသင်ယူ၏၊ (ထိုပုဂ္ဂိုလ်သည်)ရေနည်းငါးကဲ့သို့ သူတော်ကောင်းတရားမှ ခြောက်သွေ့လေတော့၏။

၃၆၃။ အပြစ်တင် ချုတ်ချယ်လိုသော စိတ်ရှိသည့် ပညာမဲ့ ပုဂ္ဂိုလ်သည် မြတ်စွာဘုရား အဆုံးအမ ပရိယတ္တိသာသနာတော်ကို နာကြားသင်ယူ၏၊ (ထိုပုဂ္ဂိုလ်သည်) လယ်၌ (မျိုးစေ့ ပုပ်ကဲ့သို့) သူတော်ကောင်းတရား၌ ပေါက်ပွါးစည်ပင်ခြင်းသို့ မရောက်။

၃၆၄။ အကြင်ပုဂ္ဂိုလ်သည်ကား နှစ်သက်ဝမ်းမြောက်သော စိတ်ဖြင့် မြတ်စွာဘုရား အဆုံးအမ ပရိယတ္တိသာသနာတော်ကို နာကြားသင်ယူ၏၊ (ထိုပုဂ္ဂိုလ်သည်) အာသဝေါ

http://www.dhammadownload.com



တရားအားလုံးတို့ကို ကုန်စေပြီးလျှင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ လွန်မြတ် ငြိမ်သက်သော နိဗ္ဗာန်သို့ ရောက်၍ အာသဝတရားကင်းလျက် (အနုပါဒိသေသနိဗ္ဗာန်ဖြင့်) ပရိနိဗ္ဗာန်ပြုရ၏။

ဤသို့လျှင် ယသဒတ္တမထေရ်သည် ရွတ်ဆို၏။

## ၁၁-သောဏကုဋိကဏ္ဏတ္ထေရဂါထာ

၃၆၅။ ငါသည် ပဉ္စင်းအဖြစ်ကို ဆင်းရဲငြိုငြင်သဖြင့် ရအပ်ပြီ၊ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့မှ လွတ်မြောက်သည်ဖြစ်၍ အာသဝေါကင်းသူဖြစ်၏၊ ငါသည် ရှေးက မမြင်ဘူးသော ထိုမြတ်စွာဘုရားကိုလည်း ဖူးမြင်ရ၏၊ ဂန္ဓကုဋိတိုက်တော်၌လည်း (မြတ်စွာဘုရားနှင့်)အတူတကွ နေရ၏။

၃၆၆။ မြတ်စွာဘုရားသည် များစွာသော ညဉ့်ပတ်လုံး လွင်တီးခေါင်၌ အချိန်အခါကို လွန်စေ၏၊ လွန်ပြီးသည့် နောက်အခါ၌ဝယ် (ဒိဗ္ဗဗြဟ္မအာနေဉ္ဇအရိယ)ဝိဟာရတို့၌ လိမ်မာတော်မူသော မြတ်စွာဘုရားသည် ကျောင်းတော်တွင်းသို့ ဝင်တော်မူ၏။

၃၆၇။ ခြင်္သေ့မင်းသည် ကျောက်လိုဏ်ဂူ၌ ကြောက်ရွံ့ထိတ်လန့်မှု ဘေးရန်မရှိပဲ အိပ်စက်သကဲ့သို့ ထိုအတူ ဂေါတမနွယ်ဘွား မြတ်စွာဘုရားသည်လည်း ကြောက်ရွံ့ထိတ်လန့်မှု စိတ်ထူပြာသမရှိပဲ ဒုကုဋ်သင်္ကန်းကြီးကို ခင်း၍ ကျိန်းစက်တော်မူ၏။

၃၆၈။ ထို့နောက် မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်သော ကောင်းသောစကား အစဉ်ရှိသော သောဏ(ကုဋိကဏ္ဏ)ရဟန်းငယ်သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ အဋ္ဌကဝဂ် တဆယ့်ခြောက်သုတ်ဟု ဆိုအပ်သော တရားတော်ကို ရွတ်ဆို၏။

၃၆၉။ သောဏကုဋိကဏ္ဏ ရဟန်းငယ်သည် ဉပါဒါနက္ခန္ဓာတရားငါးပါးတို့ကို ပိုင်းခြား သိပြီး၍ နိဗ္ဗာန်ရောက်ကြောင်း ခရီးလမ်းကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးကို ပွါးများ ပြီးလျှင် လွန်မြတ်ငြိမ်သက်သော နိဗ္ဗာန်သို့ ရောက်၍ အာသဝကင်းလျက်(အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်) ပရိနိဗ္ဗာန်ပြုရလတ္တံ့။

ဤသို့လျှင် သောဏကုဋိကဏ္ဏမထေရ်သည် ရွတ်ဆို၏။

## ၁၂-ကောသိယတ္ထေရဂါထာ

၃၇၀။ ဆရာတို့၏ ဆုံးမစကားကို သိသော အကြင်ပညာရှိသည် ထိုပညာရှိတို့၏ အဆုံးအမစကား၌ လိုက်နာပြုကျင့်နေထိုင်ရာ၏၊ ထိုဆရာ၌ ချစ်ခြင်းကို ဖြစ်စေရာ၏၊ ထိုသူသည် (ဆုံးမတိုင်းကျင့်သဖြင့်) ဆည်းကပ်သူလည်းမည်၏၊ ပညာရှိသူလည်းမည်၏၊ (သစ္စာလေးပါးတရားတို့ကို) သိခြင်းကြောင့် လောကီ လောကုတ္တရာ တရားထူးရှိသူလည်း ဖြစ်၏။

၃၇၁။ ဆင်ခြင်မှု 'ပဋိသင်္ခါန' ဉာဏ်အား၌ တည်သော အကြင်ပုဂ္ဂိုလ်ကို ဖြစ်ပေါ် လာသော ထူပြောအားကြီးသော ဘေးရန်တို့သည် အနည်းငယ်မျှ မတုန်လှုပ်စေနိုင်ကုန်

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်သည် အားရှိသူလည်း မည်၏၊ ပညာရှိသူလည်းမည်၏၊ (သစ္စာလေးပါးတရားတို့ကို)သိခြင်းကြောင့် လောကီလောကုတ္တရာတရားထူးရှိသူလည်း ဖြစ်၏။

၃၇၂။ မြင်းမိုရ်တောင်၏အနီး၌ မဟာသမုဒ္ဒရာသည် အရပ်ရှစ်မျက်နှာတို့မှ တိုက်သောလေတို့ကြောင့် မတုန်လှုပ်မူ၍ တည်သကဲ့သို့ အကြင်သူသည် (ကိလေသာတည်းဟူသောလေ တိတ္ထိတို့၏အယူဝါဒတည်းဟူသောလေတို့ကြောင့်) မတုန်မလှုပ် တည်၏၊ နက်နဲသောပညာလည်း ရှိ၏၊ သိမ်မွေ့သောအနက်ကိုလည်း မြင်နိုင်၏၊ ထိုသူသည် (ကိလေသာတို့) မလှုပ်မရှားစေနိုင်သော (အသံဟာရိယ) ပုဂ္ဂိုလ်လည်းမည်၏၊ ပညာရှိသူလည်းမည်၏၊ (သစ္စာလေးပါး တရားတို့ကို)သိခြင်းကြောင့်(လောကီလောကုတ္တရာ)တရားထူး ရှိသူလည်း ဖြစ်၏။

၃၇၃။ အကြင်သူသည် အကြင်ဆရာကို အမှီပြု၍ အကြားအမြင် များသူလည်းဖြစ်၏၊ တရားကိုဆောင်နိုင်သူလည်း ဖြစ်၏၊ သင်ကြားထားသောတရား၏ (ပါဠိအနက်ကို သိ၍) လောကုတ္တရာကိုးပါးအားလျော်သော အကျင့်ရှိသူလည်း ဖြစ်၏၊ ထိုသူသည် ထိုဆရာနှင့်တူသော သဘောရှိသော ပညာရှိသူလည်း ဖြစ်၏၊ (သစ္စာလေးပါး တရားတို့ကို) သိခြင်းကြောင့် (လောကီ လောကုတ္တရာ) တရားထူး ရှိသူလည်း ဖြစ်၏။

၃၇၄။ အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားတော်မူသော ပရိယတ္တိတရားတော်၏ အနက်ကိုလည်း သိ၏၊ အနက်ကို သိပြီးလျှင် သိသည့်အတိုင်းလည်း ကျင့်၏၊ ထိုပုဂ္ဂိုလ်သည် အနက်အထူးကို သိသော ပညာရှိလည်း မည်၏၊ (သစ္စာလေးပါး တရားတို့ကို)သိခြင်းကြောင့် (လောကီလောကုတ္တရာ) တရားထူး ရှိသူလည်း ဖြစ်၏။

ဤသို့လျှင် ကောသိယမထေရ်သည် ရွတ်ဆို၏။

## ပဉ္စကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၆-ဆက္ကနိပါတ်

## ၁-ဥရုဝေဠကဿပထေရဂါထာ

၃၇၅။ ငါသည် ကျော်စောခြင်းရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာတို့ကို မြင်သော်လည်း မြတ်စွာဘုရားက မခြိမ်းခြောက်သေးသမျှ ကာလပတ်လုံး ငြူစူမှု'ဣဿာ' ထောင်လွှားမှု 'မာန' လှည့်ပတ်ခံရသောကြောင့် အရှိအသေကိုးကွယ်ခြင်းကို မပြု။

၃၇၆။ လူနတ်တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ငါ၏ မှားယွင်းသော အကြံကို သိတော်မူ၍ လှုံ့ဆော်တိုက်တွန်းတော်မူ၏၊ ထို့ကြောင့် ရှေးကမဖြစ်ဘူးသေးသော ထိတ်လန့်မှု သံဝေဂတရားသည်၎င်း ရှေးကမဖြစ်ဘူးသေးသော ကြက်သီးမွေးညင်းထခြင်းသည်၎င်း ငါ့အား ဖြစ်ပေါ်လာ၏။

၃၇၇။ ထိုအခါ ရှေးက ရသေ့ဖြစ်ဘူးသော ငါ့အား ရှိပြီးဖြစ်သော အနည်းငယ်မျှသော လာဘ်ပူဇော်သကာ ပြည့်စုံမှုကို ပယ်စွန့်၍ မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုခဲ့၏။

၃၇၈။ ငါသည် ရှေးအခါက ကာမလောကကို ရှေးရှုတည်ကာ ယဇ်ပူဇော်ခြင်းဖြင့် နှစ်သက်ရောင့်ရဲခဲ့၍ နောက်အခါ၌မူ တပ်မက်မှု 'ရာဂ' ကို၎င်း အမျက်ထွက်မှု 'ဒေါသ' ကို၎င်း တွေဝေမှု 'မောဟ' ကို၎င်း အကြွင်းမဲ့ ပယ်နုတ်ဖျက်ဆီးခဲ့ပြီ။

၃၇၉။ ငါသည် ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုအဘိညာဉ်'ကို စင်ကြယ်ကြည်လင်စေအပ်ပြီ၊ တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓအဘိညာဉ်'ကို ရပြီ၊ သူတပါးစိတ်ကို ပိုင်းခြား၍သိသော 'စေတောပရိယ' ဉာဏ်ကို ရပြီ၊ နတ်တို့၏ နားနှင့်တူသော နား 'ဒိဗ္ဗသောတ အဘိညာဉ်'သို့လည်း ရောက်ပြီ။

၃၈၀။ အကြင် အရဟတ္တဖိုလ်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်(ရဟန်းပြု)၏၊ ငါသည် အလုံးစုံသော နှောင်ကြိုး (သံယောဇဉ်)တို့၏ ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သော အကျိုးကိုလည်း ရပြီ။

ဤသို့လျှင် ဥရုဝေဠကဿပမထေရ်သည် ရွတ်ဆို၏။

## ၂-တေကိစ္ဆကာရိတ္ထေရဂါထာ

၃၈၁။ ရဟန်း ကောက်လတ်စပါးတို့သည် တျင်း၌ သွင်းထားပြီးဖြစ်ကုန်၏၊ ကောက်ကြီးသလေးစပါးတို့သည်လည်း တလင်း၌ တည်ရှိနေကုန်သေး၏၊ (သို့ဖြစ်ပါလျက်) ထမင်းတခဲမျှကိုလည်း ငါမရ၊ ယခုအခါ၌ ငါအဘယ်သို့ ပြုရပါအံ့နည်း(ဟု မာရ်နတ်က ပြက်ရယ်ပြောဆို၏) ။

http://www.dhammadownload.com



၁၇၂။ သင်ကား မန္တိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ကာ ကြည်ညိုနှစ်သက်မှု 'ပီတိ'ဖြင့် တကိုယ်လုံး တွေ့ထိသည်ဖြစ်၍ အခါခပ်သိမ်း (ဥဗ္ဗေဂါပီတိဖြင့်) တက်ကြွသူ ဖြစ်လတ္တံ့။

၁၇၃။ သင်ကား မန္တိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော တရားတော်၏ ဂုဏ်ကို အဖန်ဖန်အောက်မေ့ကာ ကြည်ညိုလျက် နှစ်သက်မှု 'ပီတိ'ဖြင့် တကိုယ်လုံး တွေ့ထိသည်ဖြစ်၍ အခါခပ်သိမ်း (ဥဗ္ဗေဂါပီတိဖြင့်) တက်ကြွသူ ဖြစ်လတ္တံ့။

၁၇၄။ သင်ကား မန္တိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော သံဃာတော်၏ ဂုဏ်ကို အဖန်ဖန်အောက်မေ့ကာ ကြည်ညိုလျက် နှစ်သက်မှု 'ပီတိ'ဖြင့် တကိုယ်လုံး တွေ့ထိသည် ဖြစ်၍ အခါခပ်သိမ်း (ဥဗ္ဗေဂါပီတိဖြင့်) တက်ကြွသူ ဖြစ်လတ္တံ့၊ (သုံးဂါထာကို တေကိစ္ဆကာရိမထေရ်သည် ရွတ်ဆို၏)။

၁၇၅။ (ရဟန်း သင်သည်) အမိုးမရှိ ဟင်းလင်းပြင် (လွင်တီးခေါင်)၌ နေဘိ၏၊ ဤညဉ့်တို့သည် ဆောင်းတွင်းအခါကာလဖြစ်၍ ချမ်းအေးကုန်၏၊ (ထို့ကြောင့်) အအေးနှိပ်စက်သဖြင့် မပင်ပန်းပါစေလင့်၊ တံခါးပိတ်ထားသော ကျောင်းတွင်းသို့ ဝင်ပါလော့၊ (ဤသို့နေသည်ရှိသော် သင်ရဟန်းအား ချမ်းသာစွာနေရလတ္တံ့ဟု မာရ်နတ်သည် ဆို၏)။

၁၇၆။ ငါသည် အပ္ပမညာဟု ခေါ်ရသော ဗြဟ္မဝိဟာရတရား လေးပါးတို့ကို တွေ့ထိဝင်စားနေအံ့၊ ထိုဗြဟ္မဝိဟာရတရားတို့ဖြင့် ချမ်းသာခြင်းရှိသည်ဖြစ်၍ နေပါအံ့၊ ငါသည် တုန်လှုပ်ခြင်းမရှိမူ၍ နေသည်ရှိသော် အအေးဖြင့် ပင်ပန်းလိမ့်မည်မဟုတ်။

ဤသို့လျှင် တေကိစ္ဆကာရိမထေရ်သည် ရွတ်ဆို၏။

## ၃-မဟာနာဂတ္ထေရဂါထာ

၁၇၇။ အကြင်ရဟန်းအား သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု မရှိ၊ ထိုရဟန်းသည် ရေနည်းငါးကဲ့သို့ သူတော်ကောင်းတရားမှ ဆုတ်ယုတ်၏။

၁၇၈။ အကြင်ရဟန်းအား သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု မရှိ၊ ထိုရဟန်းသည် လယ်၌ စိုက်ပျိုးကြဲချသော မျိုးစေ့ပုပ်ကဲ့သို့ သူတော်ကောင်းတရား၌ စည်ပင်ခြင်းသို့ မရောက်နိုင်။

၁၇၉။ အကြင်ရဟန်းအား သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု မရှိ၊ ထိုရဟန်းသည် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ ကိလေသာငြိမ်းခြင်းမှ ဝေး၏။

၁၈၀။ အကြင်ရဟန်းအား သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု ရှိ၏၊ ထိုရဟန်းသည် ရေများသော အိုင်၌ ငါးကဲ့သို့ သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

၁၈၁။ အကြင်ရဟန်းအား သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု ရှိ၏၊ ထိုရဟန်းသည် လယ်၌ စိုက်ပျိုးကြဲချသော မျိုးစေ့ကောင်းကဲ့သို့ သူတော်ကောင်းတရား၌ စည်ပင်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



၃၉၂။ အကြင်ရဟန်းသည် သီတင်းသုံးဘော်တို့၌ ရိုသေလေးမြတ်မှု ရှိ၏၊ ထိုရဟန်း သည် တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ နိဗ္ဗာန်နှင့် နီး၏။

ဤသို့လျှင် မဟာနာဂမထေရ်သည် ရွတ်ဆို၏။

## ၄-ကုလ္လတ္ထေရဂါထာ

၃၉၃။ ကုလ္လရဟန်းသည် သင်းချိုင်းသို့သွား၍ သုသာန်၌ မငဲ့မကွက် စွန့်ပစ်ထားခဲ့ သော ပိုးလောက်တို့ဖြင့် ပြည့်သည်ဖြစ်၍ ခဲစားထားသော မိန်းမ (အသေကောင်) ကို မြင်ခဲ့ရ၏။

၃၉၄။ ကုလ္လရဟန်း ဆင်းရဲအမျိုးမျိုးတို့ဖြင့် မပြတ်နှိပ်စက်အပ်သော မစင်ကြယ် သော ပုပ်သော အနံ့ရှိသော အထက်သို့လည်းလျှံ အောက်သို့လည်း စီးဆင်းယိုကျ၍နေ သော ပုထုဇဉ်လူမိုက်တို့သာ အလွန်နှစ်သက်အပ်သော ဤခန္ဓာကိုယ်ကြီးကို သဘော အားဖြင့် ကြည့်ရှုပါလော့။

၃၉၅။ ငါသည် ဝိပဿနာဉာဏ်တည်းဟူသော တရားကြေးမုံကို ယူ၍ မဂ်ဉာဏ်ဟု ဆိုအပ်သော ဉာဏ်အမြင်ကို ရခြင်းငှါ အတွင်းရော အပြင်ပါ အချည်းနှီးဖြစ်သော ဤကိုယ်ကို (ဉာဏ်မျက်စိဖြင့်) ရှုဆင်ခြင်ပြီ။

၃၉၆။ ဤ ငါ၏ ကိုယ်သည် မတင့်မတယ် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ ထိုအသေကောင် သည်လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ ထိုအသေကောင်သည် မတင့်မတယ် စက်ဆုတ်ဖွယ် ဖြစ်သကဲ့သို့ ဤငါ၏ကိုယ်သည်လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ ဤခန္ဓာကိုယ်သည် အောက်ပိုင်း၌ မတင့်မတယ် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ အထက် ပိုင်း၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ အထက်ပိုင်း၌ မတင့်မတယ် စက်ဆုပ် ဖွယ်ဖြစ်သကဲ့သို့ အောက်ပိုင်း၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏။

၃၉၇။ ဤခန္ဓာကိုယ်သည် နေ့အခါ၌ မတင့်မတယ် စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့ ညဉ့် အခါ၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ ညဉ့်အခါ၌ မတင့်မတယ် စက်ဆုပ် ဖွယ် ဖြစ်သကဲ့သို့ နေ့အခါ၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ ဤခန္ဓာကိုယ် သည် ရှေးငယ်ရွယ်စဉ်အခါ၌ မတင့်မတယ် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ နောက်အိုမင်းသော အခါ၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏၊ အိုမင်းသောအခါ၌ မတင့်မတယ် စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့ ရှေးငယ်ရွယ်စဉ်အခါ၌လည်း မတင့်မတယ် စက်ဆုပ်ဖွယ်ပင် ဖြစ်၏။

၃၉၈။ တည်ကြည်သောစိတ်ရှိ၍ ခန္ဓာတို့၏သဘောတရားကိုရှုသော ယောဂါဝစရ ပုဂ္ဂိုလ်အား တရား၌မွေ့လျော်မှု ဖြစ်သကဲ့သို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော တူရိယာဖြင့် ကာမဂုဏ်ငါးပါး ခံစားသောသူအား ထိုသို့သဘောရှိသော မွေ့လျော်မှုမျိုး မဖြစ်နိုင်။

ဤသို့လျှင် ကုလ္လမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၅-မာလုကျပုတ္တတ္ထေရဂါထာ

၃၉၉။ မာလောနွယ်သည် (မှီရာသစ်ပင်ကို လွှမ်းမိုး၍) ကြီးပွါးသကဲ့သို့ တဏှာသည် မေ့မေ့လျော့လျော့ လှည့်လည်နေထိုင်လေ့ရှိသော သတ္တဝါကို လွှမ်းမိုး၍ ကြီးပွါး၏၊ သစ်သီးကို အလိုရှိသောမျောက်သည် တောထဲ၌ တပင်မှ တပင် တကိုင်းမှ တကိုင်းသို့ ကူးပြောင်းပြေးသွားသကဲ့သို့ တဏှာတိုးပွါးနေသော ထိုပုဂ္ဂိုလ်သည် တဘဝမှ တဘဝသို့ ကူးပြောင်း ကျင်လည်နေရ၏။

၄၀၀။ လောက၌ ကပ်ငြိတွယ်တာတတ်သောကြောင့် "ဝိသတ္တိကာ" အမည်ရသော ဤတဏှာယုတ်သည် အကြင်ပုဂ္ဂိုလ်ကို လွှမ်းမိုးနှိပ်စက်၏၊ အကြိမ်ကြိမ် မိုးရွာထားသော ဗြိတ်မြက်သည် တိုးပွါးသကဲ့သို့ ထိုအတူ (ဝဋ်ဆင်းရဲလျှင် အကြောင်းရှိကုန်သော) ပူဆွေးမှုသောကတို့သည် ထိုပုဂ္ဂိုလ်အား တိုးပွါးကုန်၏။

၄၀၁။ အကြင်ပုဂ္ဂိုလ်သည်ကား လောက၌ လွန်မြောက်နိုင်ခဲသော ဤတဏှာယုတ်ကို လွှမ်းမိုးနှိပ်စက် နိုင်၏၊ ပဒုမာကြာဖက်ပေါ်၌ ကျသောရေပေါက်သည် (ကြာဖက်မှ) လျှောကျသကဲ့သို့ ဝဋ်ဆင်းရဲလျှင် အကြောင်းရှိကုန်သော ပူဆွေးမှုသောကတို့သည် ထိုပုဂ္ဂိုလ်မှ လျှောကျကုန်၏။

၄၀၂။ ထို့ကြောင့် ဤအရပ်၌ အညီအညွတ်စည်းဝေးလာရောက်ကြကုန်သော အရှင်ဘုရားတို့ကို ပြောဆိုလိုပါ၏၊ အရှင်ဘုရားတို့အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း၊ ပန်းရင်းကို အလိုရှိသောသူသည် ဗြိတ်မြက်တောကို တူးဖို့ရသကဲ့သို့ (နိဗ္ဗာန်ကို အလိုရှိသော အရှင်ဘုရားတို့သည်) တဏှာ၏အမြစ်အရင်းဖြစ်သော (အဝိဇ္ဇာစသော ကိလေသာ) တောချုံကို တူးပစ်ကြကုန်လော့၊ ရေအယဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် အရှင်ဘုရားတို့ကို မဖျက်ဆီးပါစေလင့်။

၄၀၃။ (ထို့ကြောင့်) မြတ်စွာဘုရား အဆုံးအမစကားတော်ကို (ဆုံးမတော်မူတိုင်း) လိုက်နာပြုကျင့်ကြကုန်လော့၊ (ဗုဒ္ဓုပ္ပါဒခဏစသော) ခဏသည် အရှင်ဘုရားတို့ကို ကျော်လွန်၍ မသွားပါစေလင့်၊ ထိုစကားမှန်၏၊ (ဗုဒ္ဓုပ္ပါဒခဏစသော) ခဏကို လွန်ကုန်သော ပုဂ္ဂိုလ်တို့သည် ငရဲ၌ ဖြစ်ကြကုန်၍ စိုးရိမ်ကြရကုန်၏။

၄၀၄။ သတိမေ့လျော့မှု 'ပမာဒ'သည် မြူအညစ်အကြေး မည်၏၊ မေ့လျော့မှု 'ပမာဒ'ကြောင့် ဖြစ်သော မေ့လျော့မှု 'ပမာဒ'သို့ အစဉ်လိုက်သော ရာဂစသော အကုသိုလ်တရားအပေါင်းသည်လည်း မြူအညစ်အကြေးပင် မည်၏၊ မမေ့မလျော့မှု 'အပ္ပမာဒ'ဖြင့်၎င်း အရဟတ္တမဂ်ဉာဏ် 'ဝိဇ္ဇာ'ဖြင့်၎င်း မိမိ၏ (နှလုံး၌ မှီသော ရာဂစသော) ငြောင့်ကို နုတ်ရာ၏။

ဤသို့လျှင် မာလုကျပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၆-သပ္ပဒါသတ္ထေရဂါထာ

၄၀၅။ ငါသည် ရဟန်းပြုသောအခါမှစ၍ နှစ်ဆယ့်ငါးဝါတို့ပတ်လုံး မြတ်သောအကျင့်ကို ကျင့်ပါလျက် လက်ဖျစ်တတွက်မျှလည်း စိတ်တည်ငြိမ်မှုကို မရခဲ့ပေ။

http://www.dhammadownload.com



၄၀၆-၇။ ငါသည် ရာဂနှိပ်စက်အပ်သည်ဖြစ်၍ စိတ်တည်ငြိမ်မှုကို မရသောကြောင့် ခေးလက်နက်ဖြင့်မှုလည်း သတ်၍ သေတော့အံ့၊ ငါ့အား အသက်ရှည်ခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ငါကဲ့သို့သော ရဟန်းသည် သိက္ခာကိုစွန့်လျက်(လူထွက်သော)သေခြင်း မျိုး အဘယ်ကြောင့် ပြုရအံ့နည်းဟု နှလုံးပိုက်၍ လက်နှစ်ဖက်တို့ကို မြှောက်ချီကာ ငိုကြွေး လျက် ကျောင်းမှ ထွက်လာခဲ့ပြီ။

၄၀၈။ ထိုအခါ၌ ငါသည် သင်ဓုန်းခေးယပ်ကို ယူ၍ (အခန်းတခုသို့) ဝင်ပြီးလျှင် ညောင်စောင်းငယ်၌ ထိုင်နေလျက် မိမိလည်ကြောကို ဖြတ်ရန် သင်ဓုန်းခေးယပ်ကို (လည်ပင်း)ဆီသို့ ရွှေ့ရှုဆောင်၏။

၄၀၉။ ထိုနောက် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်ဟု) အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်လတ်၏၊ အပြစ်ဟု ထင်မြင်သော အာဒီနဝဉာဏ် ဖြစ်ပေါ်လာ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ် သည် (ငါ၏နှလုံး၌) ကောင်းစွာတည်၏။

၄၁၀။ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ဖြစ်သည်မှ နောက်၌ ငါ၏စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ တရားတော်၏ ကောင်းသောတရားတော်၏အဖြစ်ကို ရှုပါလော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့် အပ်ပြီ။

ဤသို့လျှင် သပ္ပဒါသမထေရ်သည် ရွတ်ဆို၏။

## ၇-ကာတိယာနတ္ထေရဂါထာ

၄၁၁။ ကာတိယာန (အိပ်ခြင်းမှ) ထလိုက်ပါလော့၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလိုက်ပါ လော့၊ အအိပ်များသူ မဖြစ်မူ၍ နိုးကြားသူ ဖြစ်ပါလော့၊ မာရ်မင်း၏ ကျော့ကွင်းဖြင့် မသေမင်းသည် ပျင်းရိသောသင့်ကို အောင်နိုင်ခြင်း မဖြစ်ပါစေလင့်။

၄၁၂။ မဟာသမုဒ္ဒရာ လှိုင်းတံပိုးအဟုန်သည် အားနည်းသောယောကျ်ားကို လွှမ်းမိုး သကဲ့သို့ ထိုအတူ ဇာတိဇရာတည်းဟူသော လှိုင်းတံပိုးအဟုန်သည်လည်း သင့်ကို လွှမ်းမိုး၏၊ ထိုသင်သည် မိမိအတွက် မှီခိုရာကျွန်းသဖွယ်ဖြစ်သော အရဟတ္တဖိုလ်ကို ဖြစ်စေပါလော့၊ အရဟတ္တဖိုလ်မှ တပါးသော ကိုးကွယ်ရာသည် သင့်အား မရှိတော့သည်သာတည်း။

၄၁၃။ မြတ်စွာဘုရားသည် ကပ်ငြိမှု ငါးမျိုးမှုရင်း ပဋိသန္ဓေနေမှု အိုမှုဘေးမှုရင်း လွန်မြောက်ကြောင်းဖြစ်သော ထိုအရိယမဂ်ကို ပြီးစေတော်မူ၏၊ (ထို့ကြောင့် အရဟတ္တ ဖိုလ်ကို ရခြင်းငှါ) ပုရိမယာမ် ပစ္ဆိမယာမ်ပတ်လုံး မမေ့မလျော့ဘဲ အားထုတ်လော့၊ ပွါးများခြင်းကို မြဲမြံစွာပြုလော့။

၄၁၄။ ကာတိယာန ရှေးလူဖြစ်စဉ်အခါကဖြစ်ကုန်သော (ကာမဂုဏ်) အနှောင် အဖွဲ့တို့ကို ဖြေလွှတ်လိုက်ပါလော့၊ (သင်သည်) ဒုကုဋ်ကို ဆောင်ကာ သင်ဓုန်းဖြင့် ခေါင်း တုံးလျက် ဆွမ်းခံမှုဖြင့် အသက်မွေးသူဖြစ်ရကား မြူးတူးခြင်း မေ့လျော့ခြင်းကိုလည်း မဖြစ်စေလင့်၊ အိပ်စက်မှုကိုလည်း အားမထုတ်လင့်၊ အာရုံသို့ ကပ်၍ရှုမှု အာရမ္မဏူပ- နိဇ္ဈာန်ကို အားထုတ်လော့။

http://www.dhammadownload.com



၄၁၅။ ကာတိယာန လက္ခဏာသို့ ကပ်၍ရှုမှု လက္ခဏူပနိဇ္ဈာန်ကို ဝင်စားလော့၊ (ကိလေသာတို့ကို)အောင်စေလော့၊ ယောဂလေးပါးတို့မှ ဘေးကင်းရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော (ဗောဓိပက္ခိယ) တရားတို့၌ လိမ်မာလော့၊ (ယင်းသို့ အားထုတ်သည်ရှိသော်) အတုမရှိ၍ အထူးသဖြင့် စင်ကြယ်သော အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ရောက်လျက် မိုးရေကျသဖြင့် မီးငြိမ်းသကဲ့သို့-အရိယမဂ်မိုးရေကျသဖြင့် ကိလေသာမီး ငြိမ်းအေးရလတ္တံ့။

၄၁၆။ သိကြားမင်းနှင့် အနွယ်တူဖြစ်သော ကာတိယာန လေသည် မီးတောက်မီးလျှံ အားနည်းသော ဆီမီးကိုငြင်း အားနည်းသော နွယ်ပင်ကိုငြင်း ဖျက်ဆီး ပစ်သကဲ့သို့ ထို့အတူ သင်သည်လည်း မာရ်၏ အလိုသို့ မလိုက်မူ၍ မာရ်ကို ဖျက်ဆီးလော့၊ (ဤသို့ ဖျက်ဆီးသည်ရှိသော်) သင်သည် ခံစားအပ်သော ဝေဒနာတို့၌ စွဲမက်မှု ကင်းသည်ဖြစ်၍ ဤဘဝ၌သာလျှင် ကိလေသာငြိမ်းအေးသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုရအံ့သောအခါကို ငံ့လင့်ခလေလော့။

ဤသို့လျှင် ကာတိယာနမထေရ်သည် ရွတ်ဆို၏။

## ဂ-မိဂဇာလတ္ထေရဂါထာ

၄၁၇။ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား ကောင်းစွာဟောတော်မူအပ်သောတရားတော်သည် သံယောဇဉ်အားလုံးတို့ကို လွန်စေနိုင်၏၊ ဝဋ်အားလုံးတို့ကို ဖျက်ဆီးတတ်၏။

၄၁၈။ သံသရာနှောင်အိမ်မှ ထွက်မြောက်စေတတ်၏၊ (သံသရာရေအယဉ်မှ) ထုတ်ဆောင်တတ်၏၊ တဏှာတို့၏ အကြောင်းမူလကို သွေ့ခြောက်စေတတ်၏၊ ဆင်းရဲကြောင်းဖြစ်၍ လူသတ်ရာ အိမ်နှင့်တူသော ကံ ကိလေသာကိုဖြတ်၍ နိဗ္ဗာန်သို့ ရောက်စေတတ်၏။

၄၁၉။ မသိမှု 'အဝိဇ္ဇာ'၏ အကြောင်းဖြစ်သော အာသဝတို့ကို ဖျက်ဆီးခြင်းငှါ ဖြစ်၏၊ ကံသည် ဆက်စပ်အပ်သော အတ္တဘောတည်းဟူသော ယန္တရားကို ဖျက်ဆီးတတ်၏၊ ဝိညာဉ်တို့ကို သိမ်းဆည်းရာ၌ ဉာဏ်တည်းဟူသော ဝရစိန်ကို ကျစေတတ်၏။

၄၂၀။ ဝေဒနာသုံးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိစေတတ်၏၊ ဉပါဒါန်တို့မှ လွတ်စေတတ်၏၊ ဘဝကြီးကိုးပါးကို ရဲရဲတောက်သော မီးကျီးစုကဲ့သို့ (မဂ်)ဉာဏ်ဖြင့် ကပ်၍ရှုတတ်၏။

၄၂၁။ မြတ်သောအရသာနှင့် တူ၏၊ အလွန်နက်နဲ၏၊ အိုခြင်း သေခြင်းကိုလည်း တားမြစ်တတ်၏၊ မြတ်သော အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်လည်း ဖြစ်၏၊ အလုံးစုံသော ဝဋ်ဆင်းရဲကို ငြိမ်းစေတတ်၏၊ ဘေးကင်း၏။

၄၂၂။ အကြောင်းကိုစွဲ၍ ဖြစ်သောတရားတို့၌ အကြောင်းကံကို အကြောင်းကံဟူ၍ငြင်း အကျိုးဝိပါက်ကို အကျိုးဝိပါက်ဟူ၍ငြင်း သိ၍ ဟုတ်မှန်တိုင်းသော လောကုတ္တရာ(ဉာဏ်)အလင်းရောင်ကို ပြတတ်၏၊ ဘေးကင်းရာ မြတ်သော နိဗ္ဗာန်ကို ရောက်စေတတ်၏၊ ကိလေသာပူလောင်မှုတို့မှ ငြိမ်းအေး၏၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်စေသဖြင့် အဆုံး၏ ကောင်းခြင်းရှိ၏။

ဤသို့လျှင် မိဂဇာလမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၉-ပုရောဟိတပုတ္တဇေန္တတ္ထေရဂါထာ

၄၂၃။ ဇာတိမာန်ဖြင့် မာန်ယစ်၍ နေသောငါသည် စည်းစိမ်ချမ်းသာကို စွဲ၍ ဖြစ်သောဘောဂမာနီ အစိုးရခြင်းကို စွဲ၍ဖြစ်သောဣဿရိယမာန်ဖြင့်ရှင်း လုံးရပ်သဏ္ဌာန် ကြန်အင်အဆင်းကိုစွဲ၍ဖြစ်သောမာန်ဖြင့်ရှင်း မာန်ယစ်သည်ဖြစ်၍ လှည့်လည်သွားလာ ခဲ့၏။

၄၂၄။ လွန်ကဲသောမာန ဖျက်ဆီးခံရသည်ဖြစ်၍ မိုက်မဲခက်ထန်လျက် မာနတံခွန် စိုက်ထူကာ မိမိနှင့်တူသူ တစုံတယောက်ကိုရှင်း မိမိထက်သာလွန်သူ တစုံတယောက်ကိုရှင်း ရှိ၏ဟု ငါမထင်မှတ်ခဲ့။

၄၂၅။ ငါသည် မာနခက်ထန်သည်ဖြစ်၍ ရိုသေမှု ကင်းမဲ့လျက် အမိကိုရှင်း အဖကို ရှင်း အလေးအမြတ်ပြုသင့်သူဟု သမုတ်အပ်ကုန်သော အခြားသူတို့ကိုရှင်း တစုံတယောက် ကိုမျှ ရှိမခိုးခဲ့ချေ။

၄၂၆-၇။ (ဤသို့ မာန်ခက်ထန်သည်ဖြစ်၍ လှည့်လည်သွားလာနေစဉ်) ရဟန်း အပေါင်းခြံရံလျက် နေမင်းကဲ့သို့ ယှဉ်းလင်းတောက်ပတော်မူသော ဆုံးမတတ်သော ဆရာတို့ထက် သာလွန်မြင့်မြတ်တော်မူသော မြတ်စွာဘုရားကို မြင်ရသောကြောင့် မာန ကိုရှင်း မာန်ယစ်ခြင်းကိုရှင်း စွန့်ပယ်၍ အလွန်ကြည်လင်သောစိတ်ဖြင့် သတ္တဝါခပ်သိမ်း တို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို ဦးညွတ်ရှိခိုးခဲ့ပြီ။

၄၂၈။ ငါသည် လွန်ကဲသော မာန်ကိုရှင်း ယုတ်သောမာန်ကိုရှင်း ပယ်အပ်ကုန်ပြီ၊ ကောင်းစွာ ဖျက်ဆီးပယ်နုတ်အပ်ကုန်ပြီ၊ ငါဟူသော မာန်ကို အကြွင်းမဲ့ဖြတ်အပ်ပြီ၊ အလုံးစုံသော မာန်အဘို့အစုတို့ကို သတ်ဖြတ်အပ်ကုန်ပြီ။

ဤသို့လျှင် ပုရောဟိတ်ပုဏ္ဏားသားဖြစ်သော ဇေန္တမထေရ်သည် ရွတ်ဆို၏။

## ၁၀-သုမနတ္ထေရဂါထာ

၄၂၉။ အကြင်အခါ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်မျှသာရှိသေး၍ သာမဏေပြု သစ်စသာဖြစ်လျက် တန်ခိုးကြီးသောနဂါးမင်းကို တန်ခိုးဖြင့် နှိပ်နင်းပြီးလျှင်—

၄၃၀။ အနောတတ္တအိုင်ကြီးမှရေကို ဥပဇ္ဈာယ်ဆရာ (အနုရုဒ္ဓါ)၏ အလို့ငှါ ဆောင် ယူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ငါ့ကို မြင်တော်မူ၍ ဤစကားကို မိန့်တော်မူ၏။

၄၃၁။ သာရိပုတြာ ရေအိုးကိုယူ၍ လာနေသော (အရဟတ္တဖိုလ်) သမာဓိဖြင့် ကောင်းစွာတည်ကြည်သော ဤသာမဏေယ်ကို ကြည့်ရှုစမ်းပါလော့။

၄၃၂။ အနုရုဒ္ဓါ၏ တပည့်ဖြစ်သော သာမဏေသည် ကြည်ညိုဖွယ်ကိုဆောင်သော ကျင့်ဝတ်နှင့်ပြည့်စုံ၍ ကောင်းမြတ်သော ဣရိယာပုထ်ရှိ၏၊ တန်ခိုးအရာ၌လည်း လိမ်မာ ရဲရင့်လှပေ၏။

၄၃၃။ အကြင်သာမဏေကို ယောကျ်ားအာဇာနည်ဖြစ်သော အနုရုဒ္ဓါသည် အာဇာ နည်ဖြစ်ရန် ပြုထားအပ်၏၊ သူတော်ကောင်းဖြစ်သော အနုရုဒ္ဓါသည် သူတော်ကောင်း

http://www.dhammadownload.com



ဖြစ်ရန် ပြုထားအပ်၏၊ ရဟန်းကိစ္စ ပြီးဆုံးပြီးဖြစ်သော အနုရုဒ္ဓါသည် ဆုံးမသင်ကြား ထားအပ်၏။

၄၃၄။ ထိုသာမဏေသည် မြတ်သော ငြိမ်းအေးသော နိဗ္ဗာန်သို့ ရောက်၍ ကိလေသာတို့ မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီး ဖြစ်သော်လည်း ငါ့ကို ထိုသာမဏေသည် သုမနသာမဏေတည်းဟု တစုံတယောက်က မသိပါစေနှင့်ဟု လိုလား တောင့်တ၏။

ဤသို့လျှင် သုမနမထေရ်သည် ရွတ်ဆို၏။

## ၁၁-နှာတကမုနိတ္ထေရဂါထာ

၄၃၅။ ရဟန်း သင်သည် လေနာနှိပ်စက်ခံနေရလျက် (လူတို့)ကျက်စားသွားလာရာ မဟုတ်သော (ပစ္စည်းလေးပါး)ရခဲသော တောကြီးမျက်မည်း၌ နေသည်ရှိသော် အဘယ် သို့ ပြုလုပ်နေထိုင်လတ္တံ့နည်း။

၄၃၆။ မြတ်စွာဘုရား အကျွန်ုပ်သည် ပြန့်ပြောမျှားမြတ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ'ဖြင့် ခန္ဓာကိုယ်ကို ပျံ့နှံ့စေလျက် (ပစ္စည်းလေးပါး) ဝေါင်းပါးရခဲခြင်း ကိုလည်း သည်းခံကာ တောကြီးမျက်မည်း၌ နေပါအံ့။

၄၃၇။ ဗောဇ္ဈင်ခုနစ်ပါးတို့ကိုင်း ဣန္ဒြေငါးပါးတို့ကိုင်း ဗိုလ်ငါးပါးတို့ကိုင်း ပွါး စေလျက် သိမ်မွေ့သော ( အရှူပ )ဈာန်နှင့် ပြည့်စုံလျက် အာသဝေါကင်းသည်ဖြစ်၍ နေပါအံ့။

၄၃၈။ ကိလေသာ အားလုံးတို့မှ လွတ်မြောက်သော စင်ကြယ်သော စိတ်ရှိသော မနောက်ကျုသော အရဟတ္တဖိုလ်ကို မပြတ်ဆင်ခြင်လျက် အာသဝေါကင်းသည်ဖြစ်၍ နေပါအံ့။

၄၃၉။ ရှေးအခါက ငါ၏ အတွင်း'အဇ္ဈတ္တ'သန္တာန်၌ငှင်း အပ'ဗဟိဒ္ဓ'သန္တာန်၌ငှင်း အကြင်အာသဝတရားတို့ ရှိကုန်၏၊ ထိုအာသဝအားလုံးတို့သည် (ယခုအခါ)အကြွင်းမဲ့ ဖြတ်အပ်ပြီးဖြစ်၍ နောက်တဖန် မဖြစ်ကြကုန်လတ္တံ့။

၄၄၀။ ငါသည် ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ် ကုန်ပြီ၊ ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဝဋ်မြစ်ပြတ်ကုန်သည်ဖြစ်၍ တည်ကုန်၏၊ ငါသည် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ။

ဤသို့လျှင် နှာတကမုနိမထေရ်သည် ရွတ်ဆို၏။

## ၁၂-ဗြဟ္မဒတ္တတ္ထေရဂါထာ

၄၄၁။ အမျက်ကင်း၍ ယဉ်ကျေးပြီးသော ညီမျှသည့်အသက်မွေးမှုရှိသော ကောင်း စွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသော (ပူပန်မှု)ငြိမ်းအေးပြီးသော တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား အဘယ်ကြောင့် အမျက်ထွက်မှု ဖြစ်နိုင်ပါတော့အံ့နည်း။

http://www.dhammadownload.com



၄၄၂။ အကြင်ပုဂ္ဂိုလ်သည် ( မိမိအပေါ်၌ )အမျက်ထွက်သူကို တုန့်ပြန်၍ အမျက်ထွက်၏၊ ထိုတုန့်ပြန်၍ အမျက်ထွက်သော ပုဂ္ဂိုလ်အားသာလျှင် ထိုအမျက်ထွက်မှုကြောင့် သာလွန်၍ ယုတ်မာသောပုဂ္ဂိုလ်မည်၏၊ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်သူကို တုံ့ပြန်၍ အမျက်မထွက်၊ ထိုတုံ့ပြန်၍ အမျက်မထွက်သောပုဂ္ဂိုလ်သည် အောင်နိုင်ခဲသော (ကိလေသာတည်းဟူသော)စစ်သည်ဗိုလ်ပါကို အောင်မြင်နိုင်သူမည်၏။

၄၄၃။ အကြင်ပုဂ္ဂိုလ်သည် အမျက်ထွက်သော တပါးသောသူကို သိလတ်၍ ထိုအမျက်ထွက်သူကို သတိရှိသည်ဖြစ်၍ သည်းခံ၏၊ ထိုပုဂ္ဂိုလ်သည် မိမိ သူတပါး နှစ်ပါးစုံသော ပုဂ္ဂိုလ်၏ အကျိုးစီးပွါးကို ကျင့်သည်မည်၏။

၄၄၄။ မိမိ သူတပါး နှစ်ဦးသားတို့၏ အမျက်ဒေါသကို ကုစားနိုင်သော ပုဂ္ဂိုလ်ကို အရိယာသူတော်ကောင်းတို့၏ အကျင့်တရား၌ မလိမ်မာသူတို့က သူမိုက်ဟု ထင်မှတ်ကြကုန်၏။

၄၄၅။ သင့်အား အကယ်၍ အမျက်ဒေါသဖြစ်ပေါ်လာမူ လွှဥပမာ(ရှိသောတရား)ကို ဆင်ခြင်လေ့၊ ( အချိုအချဥ်စသော ) အရသာ၌ တပ်မက်မောမှု ' တဏှာ 'ဖြစ်ပေါ်လာမူ မိမိရင်သွေး၏ အသားစားခြင်းဥပမာ(ရှိသောတရား)ကို အောက်မေ့လေလော့။

၄၄၆။ သင်၏စိတ်သည် ကာမဂုဏ်တို့၌၎င်း ဘဝတို့၌၎င်း ပြေးသွားနေခဲ့မူ ကောက်ခင်းကို ဝင်ရောက်မွေ့နှောက်စားသော နွားဆိုးကို (ကြိုးဖြင့် တိုင်၌ ဖွဲ့ချည်၍)နှိပ်နင်းရာသကဲ့သို့ ထိုအတူ သင်၏စိတ်ကို သတိ( ဟူသောကြိုး )ဖြင့် ( သမာဓိဟူသောတိုင်၌ ဖွဲ့ချည်၍) လျင်မြန်စွာ နှိပ်နင်းဆုံးမလေ့။

ဤသို့လျှင် ဗြဟ္မဒတ္တမထေရ်သည် ရွတ်ဆို၏။

## ၁၃-သိရိမဏ္ဍတ္ထေရဂါထာ

၄၄၇။ မိမိအပြစ်ကို ဖုံးဖိထားသူကို အလွန်( ကိလေသာမိုး )စိုစွတ်၏၊ မိမိအပြစ်ဖွင့်လှစ်ထားသူကို ကိလေသာမိုး မစိုစွတ်၊ ထို့ကြောင့် ဖုံးကွယ်ထားသော မိမိအပြစ်ကို ဖွင့်လှစ်ရာ၏၊ ဤသို့ အပြစ်ကို ဖွင့်လှစ်သည်ရှိသော် ထိုဖွင့်လှစ်ထားသူကို ကိလေသာမိုး မစိုစွတ်နိုင်။

၄၄၈။ လောကကြီးကို သေမင်းသည် အလွန်နှိပ်စက်အပ်၏၊ အိုခြင်း'ဇရာ'တရားသည် ခြံရံလွှမ်းမိုးအပ်၏၊ တဏှာငြောင့်သည် (နှလုံးတွင်း၌)စူးဝင်နေ၏၊ (အာရုံကို တောင့်တမှုလက္ခဏာရှိသော)အလိုသည် အခါခပ်သိမ်း ပူလောင်စေအပ်၏။

၄၄၉။ လောကကြီးကို သေမင်းသည် အလွန်နှိပ်စက်အပ်၏၊ အိုခြင်း'ဇရာ'တရားသည် ခြံရံလွှမ်းမိုးအပ်၏၊ ပြစ်မှုကျူးလွန်၍ အပြစ်ဒဏ်ရောက်သူသည် ကိုးကွယ်ရာမဲ့ဖြစ်၍ ညှဥ်းဆဲနှိပ်စက်ခံရသကဲ့သို့ လောကကြီးသည် ကိုးကွယ်ရာမဲ့ဖြစ်၍ အမြဲမပြတ်(ဇရာမရဏတို့)ညှဥ်းဆဲနှိပ်စက်ခံနေရ၏။

၄၅၀။ အိုခြင်း နာခြင်း သေခြင်းတရားသုံးပါးတို့သည် မီးပုံကြီးတို့ကဲ့သို့ (ဤသတ္တလောကကို နှိပ်စက်ကုန်လျက်) ရှေးရှုရောက်လာကုန်၏၊ (ထိုအိုခြင်း နာခြင်း သေခြင်း

http://www.dhammadownload.com



တို့ကို) ပြန်လည်တွန်းလှန်ဘို့ရန် အားအစွမ်းလည်းမရှိ၊ ထွက်ပြေးရန် လျင်မြန်မှုအဟုန် လည်းမရှိ။

၄၅၁။ အချိန်ကာလအနည်းငယ်ဖြစ်စေ များစွာဖြစ်စေ ဝိပဿနာမနသိကာရဖြင့် နေ့ရက်ကို အချည်းနှီးမဖြစ်အောင် ပြုလုပ်ရာ၏၊ အကြင်သူသည် အကြင်အကြင်ညဉ့်ကို (အချည်းနှီး)ကုန်စေ၏၊ ထိုသူ၏အသက်ရှည်ခြင်းသည် ထိုထိုကုန်သောညဉ့်မှ လျော့နည်းသွား၏။

၄၅၂။ သေရမည့် နေ့ညဉ့်အချိန်သည် သွားသောသူအားရှင်း ရပ်သောသူအားရှင်း ထိုင်နေသောသူအားရှင်း အိပ်သောသူအားရှင်း ကပ်ရောက်၏၊ (ထို့ကြောင့်)သေရမည့် အချိန် မသိသော သင့်အား မေ့လျော့နေရန် အချိန်အခါမဟုတ်။

ဤသို့လျှင် သိရိမဏ္ဍမထေရ်သည် ရွတ်ဆို၏။

## ၁၄-သဗ္ဗကာမိတ္ထေရဂါထာ

၄၅၃။ အခြေနှစ်ချောင်းရှိသော ဤကိုယ်သည် မစင်ကြယ်၍ မကောင်းသော အနံ့ရှိသည့်အပြင် ပိုးအမျိုးမျိုးတို့ဖြင့် ပြည့်ကာ ထိုထိုဒွါရကိုးပေါက်တို့မှ ယိုစီးနေသည် ဖြစ်ပါလျက် ပန်းနံ့သာစသည်တို့ဖြင့် ပြုပြင်၍ ဆောင်ထား၏။

၄၅၄။ (မုဆိုးသည်) ပုန်းအောင်းလျက် သမင်ကို ကျော့ကွင်းဖြင့် ဖမ်းယူသတ်ဖြတ်သကဲ့သို့ရှင်း (တံငါသည်သည်) ငါးကို သံမြှားချိတ်ဖြင့် ဖမ်းယူနှိပ်စက်သကဲ့သို့ရှင်း (မုဆိုးသည်) မျောက်ကို မျောက်နဲ့စေးဖြင့် ဖမ်းယူနှိပ်စက်သကဲ့သို့ရှင်း (ထို့အတူ မိန်းမတို့သည် ရူပါရုံစသည်တို့ဖြင့်) အန္ဓပုထုဇဉ်ကို ဖမ်းယူနှိပ်စက်ကုန်၏။

၄၅၅။ နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ထိုကာမဂုဏ်ငါးပါးတို့သည် မိန်းမ၏ ကိုယ်သဏ္ဌာန်၌ တွေ့မြင်သိရှိကြရကုန်၏။

၄၅၆။ အကြင်ပုထုဇဉ်တို့သည် ထိုမိန်းမတို့ကို ပြင်းစွာတပ်သော ရာဂစိတ်ရှိကုန်သည် ဖြစ်၍ ပေါင်းသင်းဆက်ဆံကြကုန်၏၊ ထိုပုထုဇဉ်တို့သည် ကြောက်မက်ဖွယ်ဖြစ်သော သင်းချိုင်းမြေကို တိုးပွါးစေကုန်၏၊ ဘဝသစ်ကို ဆည်းပူးကုန်၏။

၄၅၇။ လောက၌ အကြင်ပုဂ္ဂိုလ်သည် မြွေဦးခေါင်းကို မိမိခြေထောက်ဖြင့်(မထိခိုက်ရန်) ရှောင်လွှဲသကဲ့သို့ ထိုမိန်းမတို့ကို ရှောင်ကြဉ်၏၊ ထိုပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ တဏှာကို လွန်မြောက်နိုင်၏။

၄၅၈။ ငါသည် ဝတ္ထုကာမ ကိလေသာကာမတို့၌ အပြစ်ကိုမြင်၍ (ကာမဂုဏ်တို့မှ) လွတ်မြောက်ရာနိဗ္ဗာန်ကို ဘေးမရှိသောအားဖြင့် ရှုမြင်လျက် အလုံးစုံသောကာမ တဘူ မကတရားတို့မှ ကျွတ်လွတ်ပြီးဖြစ်၍ အာသဝေါကုန်ရာ အရဟတ္တဖိုလ်ကို ရအပ်ပြီ။

ဤသို့လျှင် သဗ္ဗကာမိမထေရ်သည် ရွတ်ဆိုး၏။

## ဆတ္တနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၇-သတ္တကနိပါတ်

## ၁-သုန္ဒရသမုဒ္ဒတ္ထေရဂါထာ

၄၅၉။ တန်ဆာဆင်လျက် တင့်တယ်သော အဝတ်ကို ဝတ်သော ပြည့်တန်ဆာမသည် ပန်းတို့ကို ပန်ဆင်ကာ အလှပြင်လျက် ခြေတို့ကို ချိပ်ရည်ဆိုးပြီးလျှင် ခြေနင်းကို စီး၍ ရပ်နေ၏။

၄၆၀။ ထိုပြည့်တန်ဆာမသည် ခြေနင်းတို့ကို ချွတ်၍ ရှေ့မှ လက်အုပ်ချီလျက် ပြေပြစ် နူးညံ့သောစကားဖြင့် ငါ့ကို ပြုံးရယ်လျက် ပြောဆိုလေ၏။

၄၆၁။ အရှင်သည် ပျိုမျစ်နုနယ် ငယ်ရွယ်သေးသည်ဖြစ်ပါလျက် ရဟန်းပြုဘိ၏၊ အကျွန်ုပ်စကား၌ တည်စေချင်၏၊ လူ၌ဖြစ်သော ကာမဂုဏ်တို့ကို ခံစားသုံးဆောင်ပါဦး လော့၊ အကျွန်ုပ်သည် အရှင့်အား စည်းစိမ်ဥစ္စာကို ပေးပါအံ့၊ အမှန်ကိုသာလျှင် ဝန်ခံပါ၏၊ (အကယ်၍ မယုံကြည်ပါမူ) သင့်ထံသို့ မီးကို ဆောင်၍ အကျွန်ုပ် (ကျိန်စာ) ဆိုပါအံ့။

၄၆၂။ အကျွန်ုပ်တို့ နှစ်ဦး အိုမင်း၍ တောင်ဝှေးစွဲကိုင်ရသောအခါ၌ နှစ်ဦးစလုံး ရဟန်းပြုကြပါကုန်အံ့၊ (ဤသို့ဖြစ်သော်) ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ အောင်ဆု ယူခြင်းပါတည်း။

၄၆၃။ တန်ဆာဆင်လျက် (အဝတ်တို့ကို) ကောင်းစွာဝတ်ဆင်ကာ လက်အုပ်ချီ၍ တောင်းပန်လာသော ထိုပြည့်တန်ဆာမကို တွေ့မြင်လတ်သော် သေမင်းထောင်ထား သော ကျော့ကွင်းကဲ့သို့ ထင်မိ၏။

၄၆၄။ ထို့ကြောင့် ငါ့အား (စက်ဆုပ်ရွံရှာဖွယ်ဟု) အသင့်အားဖြင့် နှလုံးသွင်းမှု ဖြစ်လတ်၏၊ အပြစ်ဟု ထင်မြင်သော အာဒီနဝဉာဏ်သည် ဖြစ်ပေါ်လာ၏၊ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သည် (ငါ၏ နှလုံး၌) ကောင်းစွာတည်၏။

၄၆၅။ ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ဖြစ်သည်မှနောက်၌ ငါ၏စိတ်သည် (ကိလေသာတို့မှ) လွတ်မြောက်ပြီ၊ တရားတော်၏ ကောင်းသောတရားတော်၏အဖြစ်ကို ရှုပါလော့၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့် အပ်ပြီ။

ဤသို့လျှင် သုန္ဒရသမုဒ္ဒမထေရ်သည် ရွတ်ဆို၏။

## ၂-လကုဏ္ဍကဘဒ္ဒိယတ္ထေရဂါထာ

၄၆၆။ သီလစသည်တို့ဖြင့် ကောင်းမြတ်သော ဘဒ္ဒိယမထေရ်သည် အမ္ဗာဋက အမည်ရှိသော မြတ်သောတောအုပ်၌ တဏှာကို အမြစ်ပါနုတ်၍ ထိုတောအုပ်၌ပင် (အရဟတ္တဖိုလ်ဈာန်ဖြင့်) ဈာန်ဝင်စားနေ၏။

http://www.dhammadownload.com



၄၆၇။ (ကာမဂုဏ်ခံစားသူ) အချို့သူတို့သည် မုရိုးစည်တို့ဖြင့်၎င်း စောင်းတို့ဖြင့်၎င်း ထက်စည်တို့ဖြင့်၎င်း မွေ့လျော်ကုန်၏၊ ငါတမူကား မြတ်စွာဘုရားသာသနာတော်ဝယ် သစ်ပင်ရင်း၌ (တယောက်တည်း) မွေ့လျော်၏။

၄၆၈။ မြတ်စွာဘုရားသည် ငါ့အား အကယ်၍ ဆုကို ပေးခဲ့မူ ထိုဆုလတ္တံ့သောဆုရယူလိုက်၏၊ လူခပ်သိမ်း၏ အမြဲမပြတ် ကာယဂတာသတိ ပွါးများနေခြင်းဟူသော ဆုကို ငါယူလိုက်၏။

၄၆၉။ အကြင်သူတို့သည် ငါ့ကို အဆင်းအားဖြင့် (ကဲ့ရဲ့ဖွယ်ဟု) အထင်အမြင်သေးကြကုန်၏၊ အကြင်သူတို့သည်ကား အသံကို ကြားရသောအားဖြင့် ချီးမွမ်းထောမနာချဉ်းကပ်လာကုန်၏၊ ထိုသူနှစ်မျိုးလုံးတို့ပင် ပြင်းစွာတပ်သော ဆန္ဒရာဂအလိုသို့ လိုက်ကုန်သည်ဖြစ်၍ ငါ့ကို ဟုတ်တိုင်းမှန်စွာ မသိနိုင်ကြလေကုန်။

၄၇၀။ (အကြင်သူသည်) မိမိသန္တာန်၌ဖြစ်သော (ခန္ဓာအာယတန) တရားကိုလည်း မသိ၊ သူတပါးသန္တာန်၌ ဖြစ်သော (ခန္ဓာအာယတန) တရားကိုလည်း မမြင်၊ ထိုသူမိုက်သည် ထက်ဝန်းကျင်မှ (ဉာဏ်အမြင်) ပိတ်ပင်သူဖြစ်၍ စင်စစ်သဖြင့် သူတပါးတို့ စကားသံဖြင့် မျောပါနေရ၏။

၄၇၁။ (အကြင်သူသည်) မိမိသန္တာန်၌ဖြစ်သော (ခန္ဓာအာယတန)တရားကို မသိ၊ သူတပါးသန္တာန်၌ဖြစ်သော (ခန္ဓာအာယတန) တရားကိုကား (သူတပါးစကားသံဖြင့်၎င်း အသွင်အပြင်ကို မှတ်သောအားဖြင့်၎င်း) သိမြင်၏၊ ထိုသူသည် သူတပါးသန္တာန်၌ဖြစ်သော တရားကို နည်းယူသဖြင့် အကျိုးမျှကို ယူသည်ဖြစ်၍ သူတပါးတို့ဆိုသော စကားသံဖြင့် မျောပါနေရ၏။

၄၇၂။ (အကြင်သူသည်ကား ရဟန္တာပုဂ္ဂိုလ်၏) အတွင်းသန္တာန်၌ဖြစ်သော တရားကိုလည်း အပြားအားဖြင့် သိ၏၊ အပသန္တာန်၌ ဖြစ်သော (ရဟန္တာပုဂ္ဂိုလ်၏ အကျင့်ကို မှတ်သဖြင့် ဂုဏ်အထူးနှင့်ယှဉ်ခြင်းကို) အထူးအားဖြင့် မြင်၏၊ ထိုသူသည် (တစုံတယောက်က) မပိတ်ပင်နိုင်မူ၍ (အရိယာတို့၏ ဂုဏ်ကို) မြင်လေ့ရှိသည်ဖြစ်၍ သူတပါးတို့ဆိုသော စကားသံဖြင့် မမျောပါနိုင်တော့ပေ။

ဤသို့လျှင် လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ရွတ်ဆို၏။

## ၁-ဘဒ္ဒတ္ထေရဂါထာ

၄၇၃။ ငါသည် (မိဘတို့၏) များစွာသော ဝတ်အကျင့်တို့ဖြင့်၎င်း (နတ်တို့နှင့် ဘုရားအား)တောင်းပန်ခြင်းတို့ဖြင့်၎င်း ရအပ်သည်ဖြစ်၍ အမိလည်းချစ် အဖလည်း ချစ်သော တဦးတည်းသောသား ဖြစ်ခဲ့ပါ၏။

၄၇၄။ ငါ့အကျိုးကို အလိုရှိကြကုန်သည်ဖြစ်၍ အစီးအပွါးကို ရှာမှီးလေ့ရှိကုန်သော ထိုအမိအဖနှစ်ပါးစုံတို့သည် ငါ့ကို အစဉ်သနားသဖြင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်စေကြကုန်၏။

http://www.dhammadownload.com



၄၇၅။ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား ဆင်းရဲငြိမ်းငြင်းစွာ ရအပ်သော ဤသားသည် နူးညံ့သိမ်မွေ့၏၊ ချမ်းသာသဖြင့် ကြီးပွါး၏၊ မြတ်စွာဘုရား၏ အလုပ်အကျွေးအကျိုးငှါ ဤသားငယ်ကို အရှင်ဘုရားအား ပေးလှူပါကုန်၏။

၄၇၆။ မြတ်စွာဘုရားသည်လည်း ငါ့ကို အလှူခံတော်မူ၍ အာနန္ဒာ ဤသူငယ်ကို လျင်စွာ ရဟန်းပြုလော့၊ ဤသူငယ်သည် ယောကျ်ားအာဇာနည် (ရဟန္တာ) ဖြစ်လတ္တံ့ဟု အသျှင်အာနန္ဒာအား ဤစကားကို မိန့်ဆိုတော်မူ၏။

၄၇၇။ မာရ်ငါးပါးကို အောင်တော်မူပြီးသော လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ့ကို ရှင်သာမဏေပြုစေပြီး၍ ဂန္ဓကုဋိကျောင်းတော်သို့ ဝင်တော်မူ၏၊ ရှင်သာမဏေပြုပြီးနောက် နေမဝင်မီပင် ငါ၏စိတ်သည်(အလုံးစုံသော အာသဝေါတရား တို့မှ)လွတ်မြောက်၏။

၄၇၈။ ထိုအာသဝေါတရား ကုန်ခန်းပြီးနောက် မြတ်စွာဘုရားသည်(မိမိဝင်စားမြဲ) (ဖလသမာပတ်ကို)ဝင်စားတော်မူ၍ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထပြီးလျှင် ဘဒ္ဒ လာလှည့်ဟု ငါ့ကို မိန့်တော်မူ၏၊ ထိုစကားတော်သည်ပင် ငါ့အား ပဉ္စင်းအဖြစ်ကို ပြီးစေတော့၏။

၄၇၉။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာ ရှိသေးလျက် ပဉ္စင်းအဖြစ်ကို ရခဲ့ပြီ၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပြီ၊ တရားတော်၏ ကောင်းသောတရားတော်အဖြစ်သည် သြော် အံ့ဖွယ် ရှိပါပေစွ။

ဤသို့လျှင် ဘဒ္ဒမထေရ်သည် ရွတ်ဆို၏။

## ၄-သောပါကတ္ထေရဂါထာ

၄၈၀။ ပြာသာဒ်ဆောင်ကျောင်းရိပ်၌ စင်္ကြံကြွတော်မူသော လူသုံးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကို မြင်၍ ထိုကျောင်းရိပ်၌ ယောကျ်ားမြတ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရှိခိုးခဲ့ပြီ။

၄၈၁။ သင်္ကန်းကို ပခုံးတဖက်၌ တင်၍ လက်တို့ကို ပူးရှက် ရှိခိုးပြီးလျှင် ကိလေသာ မြူကင်း၍ သတ္တဝါခပ်သိမ်းတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား၏ နောက်မှလိုက်၍ စင်္ကြံသွားနေခဲ့ပါ၏။

၄၈၂။ ထိုနောက် ပြဿနာတို့၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် ငါ့အား ကုမာရပြဿနာတို့ကို မေးတော်မူ၏၊ ငါသည် တုန်လှုပ်ခြင်းမရှိပဲ ကြောက်ရွံ့ခြင်း ကင်းစွာဖြင့် မြတ်စွာဘုရား၏ ကုမာရပြဿနာတို့ကို ဖြေကြားခဲ့၏။

၄၈၃။ ကုမာရပြဿနာတို့ကို ဖြေဆိုသည်ရှိသော် မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူ၏၊ (ထိုနောက်) ရဟန်းသံဃာကို စောင်းငဲ့ကြည့်ရှုတော်မူ၍ ဤအနက်သဘောကို မိန့်တော်မူ၏။

http://www.dhammadownload.com



၄၇၄။ အင်္ဂတိုင်း မဂဓတိုင်းသားတို့အား အရတော်လေစွ၊ ဤသောပါကသာမထေရသည် အကြင် အင်္ဂတိုင်း မဂဓတိုင်းသားတို့၏ သက်န်းကိုရင်း ဆွမ်းကိုရင်း သူနာ၏ အထောက်အပံ့ဆေးကိုရင်း ကျောင်းအိပ်ရာနေရာကိုရင်း ခံယူ၏၊ ခရီးဦးကြိုဆိုခြင်း အရို အသေပြုခြင်းကိုလည်း ခံယူ၏၊ ထိုအင်္ဂတိုင်း မဂဓတိုင်းသားတို့အား အရတော်လေစွ တကား၊ ဤသို့လည်း မိန့်တော်မူ၏။

၄၇၅။ သောပါက ပာနေ့မှ အစပြု၍ ငါဘုရားကို ဖူးမြင်ခြင်းငှါ ချဉ်းကပ်လော့၊ သောပါက ဤပြဿနာကို ဖြေခြင်းသည်ပင်လျှင် သင့်အား ပဉ္စင်းအဖြစ် ပြီးစေလော့၊ (ဤသို့လည်း မိန့်တော်မူ၏)။

၄၇၆။ ငါသည် မွေးဖွားသည်မှ ခုနစ်နှစ်သာ ရှိသေးလျက် ပဉ္စင်းအဖြစ်ကို ရပြီးလျှင် အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်ရ၏၊ တရားတော်၏ ကောင်းသောတရားတော်၏ အဖြစ်သည် သြော် အံ့ဖွယ် ရှိပါပေစွတကား။

ဤသို့လျှင် သောပါကမထေရ်သည် ရွတ်ဆို၏။

### ၅-သရဘင်္ဂတ္ထေရဂါထာ

၄၇၇။ (ရှေးရသေ့ဖြစ်စဉ်အခါက) အိုင်၌ (ပေါက်သော) မြက်တို့ကို လက်တို့ဖြင့် ချိုးနုတ်ပြီးလျှင် မြက်မိုးကျောင်း ပြုလုပ်နေခဲ့၏၊ ထို့ကြောင့် ငါ့အား အနွတ္ထသမုတိ အားဖြင့် သရဘင်္ဂဟူသော အမည်သည် ဖြစ်၏။

၄၇၈။ ယခုအခါ ငါ့အား အိုင်၌(ပေါက်သော)မြက်တို့ကို လက်တို့ဖြင့် ချိုးနုတ်ခြင်းငှါ မအပ်၊ များသော အခြံအရံရှိတော်မူသော ဂေါတမမြတ်စွာဘုရားသည် ငါတို့အား သိက္ခာ ပုဒ်တို့ကို ပညတ်တော်မူအပ်ကုန်၏။

၄၇၉။ သရဘင်္ဂအမည်ရသော ငါသည် မြတ်စွာဘုရားသြဝါဒကို မရသေးမီ ရှေး အခါက ဥပါဒါနက္ခန္ဓာငါးပါးဟူသော အနာရောဂါကို အလုံးစုံ ပြည့်စုံစွာ မသိမမြင်နိုင်ခဲ့ပါ၊ (ယခုအခါ) လွန်ကဲသော နတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သြဝါဒစကားကို လိုက်နာ ပြုကျင့်ခြင်းကြောင့် ဥပါဒါနက္ခန္ဓာငါးပါးဟူသော ထိုအနာရောဂါကို မဂ်ပညာဖြင့် မြင်ရပြီ။

၄၈၀။ အကြင် မဂ်ခရီးဖြင့်သာလျှင် ဝိပဿီမြတ်စွာဘုရားသည် (နိဗ္ဗာန်သို့)ကြွတော်မူ၏၊ အကြင် မဂ်ခရီးဖြင့်သာလျှင် သိခီမြတ်စွာဘုရားသည်၎င်း ဝေဿဘူ မြတ်စွာဘုရား သည်၎င်း ကကုသန်မြတ်စွာဘုရားသည်၎င်း ကောဏာဂုံမြတ်စွာဘုရားသည်၎င်း ကဿပ မြတ်စွာဘုရားသည်၎င်း (နိဗ္ဗာန်သို့) ကြွတော်မူ၏၊ ထိုမဂ်ခရီးဖြင့်ပင် ဂေါတမဘုရားရှင် သည် (နိဗ္ဗာန်သို့) ကြွတော်မူ၏။

၄၈၁။ တဏှာကင်းတော်မူကုန်ပြီးသော တဖန် ပဋိသန္ဓေမယူကုန်သော ကိလေသာ ကုန်ရာ နိဗ္ဗာန်၌ သက်ဝင်ကုန်သော ဘုရားရှင် ခုနစ်ဆူတို့သည် ရှိကုန်၏၊ လောကုတ္တရာတရား ကိုးပါးကြောင့်ဖြစ်ကုန်သော တာဒိဂုဏ်နှင့်ပြည့်စုံကုန်သော ယင်းမြတ်စွာဘုရားတို့သည် ဤဆိုလတ္တံ့သော တရားတော်မြတ်ကို ဟောတော်မူအပ်၏။

http://www.dhammadownload.com



၄၉၂။ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာဟူသော ဤအရိယသစ္စာ လေးပါးတရားတော်မြတ်တို့ကို သတ္တဝါတို့အား သနားတော်မူသဖြင့် ဟောတော်မူကုန်၏။

၄၉၃။ အကြင် နိဗ္ဗာန်ကို ရသည်ရှိသော် သံသရာ၌ (ဖြစ်သည့်) အဆုံး အပိုင်းအခြား မရှိသော ဒုက္ခသည် ဆုတ်နစ်ရပ်တန့်၏၊ (ထိုနိဗ္ဗာန်ကို ငါရအပ်ပြီ)၊ ဤခန္ဓာကိုယ် ပျက်စီး၍ အသက်ကုန်သည်မှ နောက်၌ ငါ့အား အခြားဟပါးသော ဘဝသစ်မရှိတော့ပြီ၊ ခပ်သိမ်းသော ဘဝတို့မှ ငါသည် ကောင်းစွာ လွတ်မြောက်ပြီ။

ဤသို့လျှင် သရဘင်္ဂမထေရ်သည် ရွတ်ဆို၏။

## သတ္တကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၈–အဋ္ဌကနိပါတ်

## ၁-မဟာကစ္စာယနတ္ထေရဂါထာ

၄၉၄။ (ရဟန်းတရားအားထုတ်မှု၏ ဘေးရန်ဖြစ်သော) အမှုကြီးငယ်အသွယ်သွယ်ကို မပြုရာ၊ ကလျာဏမိတ္တမဟုတ်သူကို ကြဉ်ရှောင်ရာ၏၊ (လူဒါယကာတို့အတွက်) ကြောင့်ကြ မစိုက်ရာ၊ မိမိချမ်းသာကို ဆောင်ရွက်နိုင်သော အကြင် ရဟန်းသည် အရသာ၌ တပ်မက် မောသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်ခြင်း၌ ကြောင့်ကြစိုက်သူ ဖြစ်၏၊ ထိုရဟန်းသည် သီလစသော အကျိုးကို ဆိတ်သုဉ်းစေ၏။

၄၉၅။ ဒါယကာတို့၏ ရှိခိုး ပူဇော်မှုကို ရွံ့ညွန်ဟူ၍ရှင်း သိမ်မွေ့၍ အနုတ်ခက်သော ဆူးငြောင့်တံသင်းဟူ၍ရှင်း ဘုရားစသော အရိယာသူတော်ကောင်းတို့ ပြောကြားကုန်၏၊ ထိုပူဇော်သက္ကာရမျိုးကို စိတ်နေစိတ်ထား ယုတ်ညံ့သူသည် စွန့်နိုင်ခဲ၏။

၄၉၆။ သူတပါးကို အထောက်အထားပြု၍ သတ္တဝါအား သတ်ဖြတ်ခြင်းစသော မကောင်းမှုကံကို သူတပါးကို မမှီဝဲ မပြုလုပ်စေရာ၊ မိမိလည်း ထိုမကောင်းမှုကံကို မမှီဝဲ မပြုလုပ်ရာ၊ အဘယ်ကြောင့်နည်းဟူမူ သတ္တဝါတို့သည် ကံသာလျှင် အဆွေအမျိုးရှိကြ သောကြောင့်တည်း။

၄၉၇။ သူတပါးတို့၏ စကားကြောင့် ခိုးသူ မဖြစ်နိုင်၊ သူတပါးတို့၏ စကားကြောင့် သူတော်ကောင်းလည်း မဖြစ်နိုင်၊ ထိုသူတော်ကောင်း ဟုတ်သည် မဟုတ်သည်ကို မိမိ ကိုယ်တိုင်သိသကဲ့သို့ ထိုအတူ နတ်တို့သည်လည်း သိကြကုန်၏။

၄၉၈။ (ပညာရှိမှ)တပါးသောသူတို့သည် ဤဇီဝလောက၌ ငါတို့သည် သေမင်းနိုင်ငံသို့ သွားရကုန်အံ့ဟု မသိကုန်၊ အကြင် ပညာရှိတို့သည်ကား ဤဇီဝလောက၌ ငါတို့သည် သေမင်းနိုင်ငံသို့ သွားရောက်ရကုန်အံ့ဟု သိကုန်၏၊ ထိုသို့ သိသောကြောင့် သူတပါးတို့ အား ညှဉ်းဆဲခြင်းတို့သည် ငြိမ်းကုန်၏။

၄၉၉။ ပညာရှိသောသူသည် ဥစ္စာ ပစ္စည်း ကုန်ခန်းသော်လည်း (အပြစ် မရှိသော အသက် မွေးခြင်းဖြင့်) အသက်မွေးနိုင်သည်သာတည်း၊ (ပညာမဲ့သော ပုဂ္ဂိုလ်သည်ကား ပညာကို မရသောကြောင့်) ဥစ္စာ ပစ္စည်းရှိငြားသော်လည်း အသက် မမွေးနိုင်။

၅၀၀။ (နားမပင်းသူသည်) အသံအားလုံးကို နားဖြင့် ကြားရ၏၊ (မကန်းသူသည်) အဆင်းအားလုံးကို မျက်စိဖြင့် မြင်ရ၏၊ ပညာရှိသည် မြင်အပ် ကြားအပ်သော အာရုံ အလုံးစုံကို စွန့်ပယ်ခြင်းငှါလည်း မထိုက်(သိမ်းယူထားခြင်းငှါလည်း မထိုက်)။

၅၀၁။ (ထို့ကြောင့်) မျက်စိအမြင်နှင့် ပြည့်စုံသော်လည်း သူကန်းကဲ့သို့ ဖြစ်ရာ၏၊ နားအကြားနှင့်ပြည့်စုံသော်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏၊ ပညာရှိသော်လည်း သူအ- ကဲ့သို့ ဖြစ်ရာ၏၊ အားအစွမ်းနှင့်ပြည့်စုံသော်လည်း အားနည်းသူကဲ့သို့ ဖြစ်ရာ၏၊ ထိုမှ

http://www.dhammadownload.com



တပါး (မလိုလားအပ်သော) အကြောင်း ကိစ္စ ဖြစ်ပေါ်လတ်သော် သူသေအိပ်သကဲ့သို့ အိပ်နေရာ၏။

ဤသို့လျှင် မဟာကစ္စာယနမထေရ်သည် ရွတ်ဆို၏။

## ၂-သိရိမိတ္တတ္ထေရဂါထာ

၅၀၂။ (အကြင် ရဟန်းသည်) အမျက် ထွက်လေ့ မရှိ၊ ရန်ငြိုးဖွဲ့လေ့ မရှိ၊ လှည့်ပတ်မှု 'မာယာ' မရှိ၊ ချောပစ် ကုန်းတိုက်မှုမှ ကင်း၏၊ ထိုသို့ သဘောရှိသော ထိုရဟန်းသည် ဤသို့ ကျင့်သည်ရှိသော် တမလွန်ဘဝ၌ အမှန်စင်စစ် မပူဆွေးရတော့ပေ။

၅၀၃။ အကြင် ရဟန်းသည် အမျက်ထွက်လေ့ မရှိ၊ ရန်ငြိုးဖွဲ့လေ့ မရှိ၊ လှည့်ပတ်မှု 'မာယာ'မရှိ၊ ချောပစ် ကုန်းတိုက်မှုမှ ကင်း၏၊ အခါခပ်သိမ်း စက္ခုအစရှိသော ဒွါရတို့ကို စောင့်ရှောက်၏၊ ထိုရဟန်းသည် ဤသို့ ကျင့်သည်ရှိသော် တမလွန်ဘဝ၌ မပူဆွေးရ တော့ပေ။

၅၀၄။ အကြင် ရဟန်းသည် အမျက်ထွက်လေ့ မရှိ၊ ရန်ငြိုးဖွဲ့လေ့ မရှိ၊ လှည့်ပတ်မှု 'မာယာ' မရှိ၊ ချောပစ် ကုန်းတိုက်မှုမှ ကင်း၏၊ ကောင်းသော သီလ ရှိ၏၊ ထိုရဟန်းသည် ဤသို့ ကျင့်သည်ရှိသော် တမလွန်ဘဝ၌ မပူဆွေးရတော့ပေ။

၅၀၅။ အကြင် ရဟန်းသည် အမျက်ထွက်လေ့ မရှိ၊ ရန်ငြိုးဖွဲ့လေ့ မရှိ၊ လှည့်ပတ်မှု 'မာယာ'မရှိ၊ ချောပစ် ကုန်းတိုက်မှုမှ ကင်း၏၊ ကောင်းသော အဆွေခင်ပွန်း ရှိ၏၊ ထို ရဟန်းသည် ဤသို့ ကျင့်သည်ရှိသော် တမလွန်ဘဝ၌ မပူဆွေးရတော့ပေ။

၅၀၆။ အကြင် ရဟန်းသည် အမျက်ထွက်လေ့ မရှိ၊ ရန်ငြိုးဖွဲ့လေ့ မရှိ၊ လှည့်ပတ်မှု 'မာယာ'မရှိ၊ ချောပစ်ကုန်းတိုက်မှုမှ ကင်း၏၊ (ဝဋ်မှ ထွက်မြောက်ကြောင်း) ကောင်း သော ပညာရှိ၏၊ ထိုရဟန်းသည် ဤသို့ ကျင့်သည်ရှိသော် တမလွန်ဘဝ၌ မပူဆွေးရ တော့ပေ။

၅၀၇။ အကြင် ပုဂ္ဂိုလ်အား မြတ်စွာဘုရား၌ ယုံကြည်မှု သဒ္ဓါတရား ရှိ၏၊ တုန်လှုပ် ခြင်း မရှိ၊ ကောင်းစွာ တည်၏၊ အကြင် ပုဂ္ဂိုလ်အား အရိယာသူတော်ကောင်းတို့ နှစ်သက် အပ်သော (ဘုရား အစရှိသည်တို့) ချီးမွမ်းအပ်သော ကောင်းသော သီလရှိ၏။

၅၀၈။ အကြင် ပုဂ္ဂိုလ်အား အရိယာသံဃာတော်၌ ယုံကြည်မှုသဒ္ဓါတရားရှိ၏၊ ဖြောင့်မတ်သော ကမ္မဿကတာဉာဏ်အမြင်လည်း ရှိ၏၊ (တုန်လှုပ်ခြင်းမရှိ၊ ကောင်းစွာ တည်၏)၊ထိုသူကို(သဒ္ဓါသီလစသော စင်ကြယ်သော ဥစ္စာရှိသောကြောင့်) မဆင်းရဲသော သူဟူ၍ ဘုရားအစရှိသောအရိယာတို့ ဆိုကုန်၏၊ ထိုပုဂ္ဂိုလ်၏အသက်ရှည်ခြင်းကို အချည်းနှီး မဟုတ်သော အသက်ရှည်ခြင်းဟူ၍ ဆိုကုန်၏။

၅၀၉။ ထို့ကြောင့် မြတ်စွာဘုရားတို့၏ အဆုံးအမတော်ကို အောက်မေ့သော အမျိုး ကောင်းသားသည် သဒ္ဓါကိုရင်း သီလကိုရင်း တရားတော်တို့၌ ဆုံးဖြတ် သိမြင်မှုဟူသော ကြည်ညိုခြင်းကိုရင်း အားထုတ်ပွါးများရာ၏။

ဤသို့လျှင် သိရိမိတ္တမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၃-မဟာပန္ထကတ္ထေရဂါထာ

၅၁၀။ အကြင်အခါ၌ ဘေးမရှိသော လူနတ်တို့၏ ဆရာဖြစ်သော မြတ်စွာဘုရားကို ရှေးဦးစွာ ဖူးမြင်ရ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပြီး၍ ထိုဖူးမြင်ပြီးသည်မှ နောက်၌ ငါ့အား ထိတ်လန့်မှု 'သံဝေဂ'ဖြစ်ခဲ့၏။

၅၁၁။ အကြင်သူသည် (မိမိထံသို့)ရောက်လာသော ကြက်သရေကို လက်တို့ဖြင့်သော်ငြင်း ခြေတို့ဖြင့်သော်ငြင်း ရိုက်နှက်ပုတ်ခတ်၍ နှင်ထုတ်ပစ်ရာ၏၊ ထိုကြက်သရေမဲ့သူသည် ထိုသို့သဘောရှိသော ဆရာမြတ်စွာဘုရားကို ဆည်းကပ်ပူဇော်ရ၍လည်း (အဆုံးအမကို မလိုက်နာသောအားဖြင့် ထိုအခွင့်ကောင်းကိုလည်း) ချွတ်ယွင်းစေရာ၏၊ (ငါသည်ကား ထိုသူကဲ့သို့ မပြုပါအံ့)။

၅၁၂။ ထိုအခါ၌ ငါသည် သားမယားကိုငြင်း ဥစ္စာစပါးကိုငြင်း စွန့်လျက် ဆံမုတ်ဆိတ်တို့ကို ရိတ်ဖြတ်၍ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏။

၅၁၃။ ငါသည် အကျင့် 'သိက္ခာ' တူမျှသောအသက်မွေးမှု 'သာဇီဝ'နှင့် ပြည့်စုံသည်ဖြစ်၍ ဣန္ဒြေတို့ကို ကောင်းစွာ စောင့်ရှောက်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် (ကိလေသာမာရ်စသည်တို့မှ) အရှုံးမခံမူ၍ နေ၏။

၅၁၄။ ထို့ကြောင့် (ငါ၏စိတ်နှလုံးမှ) တဏှာတည်းဟူသောငြောင့်ကို မနုတ်ပယ်ရသေးမီ တခဏမျှလည်း မထိုင်တော့အံ့ဟု ငါ၏စိတ်ဖြင့် လိုလားတောင့်တအပ်သော စိတ်ဆောက်တည်မှု ဖြစ်ပေါ်လာ၏။

၅၁၅။ ဤသို့နေသော ထိုငါ၏ လွန်ကဲသော လုံ့လကို ရှုပါလော့၊ ယင်းလုံ့လ၏ အကျိုးကြောင့် ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၅၁၆။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပြီ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်ပြီးပြီ၊ ငါသည် ပူဇော်အထူးကို ခံထိုက်သူ မြတ်သောအလှူကို ခံထိုက်သူဖြစ်၏၊ (ကိလေသာပမိစသော) ဥပဓိမရှိသည်ဖြစ်၍ ကိလေသာတို့မှ လွတ်မြောက်ပြီ။

၅၁၇။ ထို့နောက် ညဉ့်၏အဆုံး နေထွက်သောအခါကို အမှတ်ပြု၍ (ကာမတဏှာစသော) တဏှာအားလုံးကို (အရဟတ္တမဂ်ဖြင့်) ခြောက်သွေ့ကုန်ခန်းစေပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီ။

ဤသို့လျှင် မဟာပန္ထကမထေရ်သည် ရွတ်ဆို၏။

# အဋ္ဌကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၉-နဝကနိပါတ်

## ၁-ဘူတတ္ထေရဂါထာ

၅၁၈။ ဇရာမရဏသည် ဒုက္ခသာတည်းဟု မသိကုန်သော ပုထုဇဉ်တို့သည် အကြင် ဉပါဒါနက္ခန္ဓာငါးပါးအပေါင်း၌ မှီတွယ်ကပ်ငြိကုန်၏၊ အကြင်အခါ ပညာရှိသည် ဤဇရာမရဏကား ဒုက္ခသာတည်းဟု ထိုဒုက္ခကို ပိုင်းခြားသိလျက် သတိရှိသည်ဖြစ်၍ သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုပညာရှိသည် ယင်းသို့ မွေ့လျော်ခြင်းထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၁၉။ အကြင်အခါ ရဟန်းသည် ဆင်းရဲကို ဖြစ်စေတတ်သော အလုံးစုံပြန့်နှံ့သော သံသရာကို ချွတ်တတ်၍ ပဝတ္တိဒုက္ခကို အားထုတ်တတ်သော ဆင်းရဲကို ဆောင်ကြဉ်းတတ်သော တပ်မက်မှု တဏှာကို ပယ်ဖြတ်ကာ သတိရှိသည်ဖြစ်၍ သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်ခြင်းထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၂၀။ အကြင်အခါ ရဟန်းသည် ချမ်းမြေ့၍ လေးခုနှစ်လီ အင်္ဂါရှိသော ကိလေသာအားလုံးတို့ကို စင်ကြယ်စေတတ်သော မြတ်သော မဂ်ကို ပညာဖြင့် ရှုကာ သတိရှိသည်ဖြစ်၍သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်ခြင်းထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၂၁။ အကြင်အခါ ရဟန်းသည် ပူဆွေးမှုကင်းရာ ကိလေသာမြူကင်းရာ အကြောင်းတစုံတခု မပြုပြင်အပ်ရာ ကိလေသာအားလုံးတို့ စင်ကြယ်ရာ သံယောဇဉ် အနှောင်အဖွဲ့တို့၏ ကင်းပြတ်ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် ပွါးများ၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၂၂။ အကြင်အခါ ငှက်တို့၏ သွားလာပျံသန်းရာဖြစ်သော ကောင်းကင်ဝယ် မိုးစည်သံထစ်ချုန်း၏၊ ထက်ဝန်းကျင်မှ မိုးရေအယဉ်တို့ဖြင့် ပြည့်ကုန်၏၊ ထိုအခါ ရဟန်းသည် တောင်ခေါင်းလိုဏ်ဂူစသည်သို့ ကပ်လျက်သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၂၃။ အကြင်အခါ ရဟန်းသည် (သစ်ပင်တို့မှ ကိုင်းညွတ်ကျသော) ပန်းတို့ဖြင့် ရောပြွမ်းလျက် ဆန်းကြယ်စွာ တော၌ပေါက်သော ဦးဆောက်ပန်းရှိကုန်သော မြစ်တို့၏ ကမ်းနား၌ ထိုင်နေလျက် ကောင်းသော စိတ်ရှိသည်ဖြစ်၍သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၅၂၄။ အကြင်အခါ ညဉ့်အချိန်ဝယ် (လူတို့ဖြင့် ကျဉ်းမြောင်းခြင်းမှ) ကင်းသော တောအုပ်၌ မိုးရွာသည်ရှိသော် အစွယ်ရှိသော (ခြင်္သေ့ သစ်ကျားစသော) သတ္တဝါတို့သည် ဟောက်ကုန် ဟိန်းကုန်၏၊ ထိုအခါ ရဟန်းသည် တောင်ခေါင်းလိုဏ်ဂူစသည်သို့

http://www.dhammadownload.com



ကပ်လျက်သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၁၂၅။ အကြင် အခါ ရဟန်းသည် မိမိ၏ မိစ္ဆာဝိတက်တို့ကို ပိတ်ဆို့တားမြစ်၍ တောင်တို့၏ အကြားဝယ် တောင်ခေါင်းလိုဏ်ဂူကို မှီလျက် (ကိလေသာဟူသော) ပူလောင်ခြင်း ကင်းပြီး ခြောက်တံသင်း ကင်းပြီးဖြစ်၍သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

၁၂၆။ အကြင်အခါ ရဟန်းသည် (ရှာန်စသော) ချမ်းသာခြင်းရှိသည်ဖြစ်၍ (ရာဂစသော) အညစ်အကြေး ခြောက်တံသင်း (ဆွေမျိုးတို့နှင့် ကွေကွင်းခြင်းစသော အကြောင်းကြောင့်ဖြစ်သော) ပူဆွေးမှုကို ဖျက်ဆီးလျက် (အဝိဇ္ဇာဟူသော) တံခါးကျည် မင်းတုတ် ကင်းသည် တဏှာမရှိသည် (ရာဂစသော) ခြောက်ကင်းသည် ဖြစ်၍ အာသဝေါတရားအားလုံးတို့ကို ပျက်စီးအောင် ပြုပြီး၍သာလျှင် သမထဝိပဿနာဖြင့် ကပ်၍ ရှု၏၊ ထိုအခါ ထိုရဟန်းသည် ယင်းသို့ မွေ့လျော်မှုထက် လွန်မြတ်သော မွေ့လျော်မှုကို မရနိုင်။

ဤသို့လျှင် ဘူတမထေရ်သည် ရွတ်ဆို၏။

## နဝကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၀-ဒသကနိပါတ်

## ၁-ကာဠုဒါယိတ္ထေရဂါထာ

၅၂၇။ အရှင်ဘုရား ယခုအခါ သစ်ပင်တို့သည် ပွင့်သီးလိုကြကုန်သည်ဖြစ်၍ ယော်ရွက်ဝါတို့ကို ချွေချကုန်လျက် မီးကျီးအသွေး နီတွေးသော ဖူးညွန့်ရှိနေကြပါကုန်၏၊ ထိုသစ်ပင်တို့သည် မီးလျှံကဲ့သို့ (အရပ်လေးမျက်နှာတို့၌) ထွန်းပတောက်ပြောင်ပါကုန်၏၊ အတ္ထရသ စသည်တို့၏ စုဝေးပေါင်းဆုံရာ ဖြစ်တော်မူသော ကြီးမြတ်သော လုံ့လရှိတော်မူသော မြတ်စွာဘုရား (နေပြည်တော်သို့ ကြွတော်မူရန်) အချိန်တန်ပါပြီ

၅၂၈။ သစ်ပင်တို့သည် ပင်လုံးကျွတ် ပွင့်ကြကုန်သည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ်ရှိကြပါကုန်၏၊ ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့သည်လည်း (ရနံ့တို့ဖြင့်) သင်းပျံ့ကြိုင်လှိုင်ကြပါကုန်၏၊ ထိုသစ်ပင်တို့သည် အရွက်ဟောင်းကို ပယ်စွန့်၍ အသီးသီးရန် တောင့်တကြပါကုန်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား ဤရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူရန် အချိန်တန်ပါပြီ။

၅၂၉။ အရှင်ဘုရား ယခု ရာသီဥတုသည် အေးလည်းမအေးလွန်း၊ ပူလည်းမပူလွန်းလှပါ၊ ချမ်းသာစွာ ခရီးရှည်သွားခြင်းငှါ သင့်လျော်လှပါ၏၊ အနောက်ကို မျက်နှာမူ၍ ရောဟနီမြစ်ကို ကူးတော်မူသော အရှင်ဘုရားကို သာကီဝင်မင်းမျိုးတို့သည်၎င်း ကောလိယမင်းမျိုးတို့သည်၎င်း ဖူးမျှော်ကြပါစေကုန်လော့။

၅၃၀။ (လယ်သမားသည်) စပါးကို လိုလားတောင့်တသဖြင့် လယ်ထွန်ပါ၏၊ အသီးကို လိုလားတောင့်တသဖြင့်သာလျှင် မျိုးစေ့ကို စိုက်ပျိုးပါ၏၊ ပစ္စည်းဥစ္စာ စုဆောင်းလိုကုန်သော ကုန်သည်တို့သည် (အမြတ်အစွန်းကို) လိုလားတောင့်တသဖြင့် သမုဒ္ဒရာကို ကူးကြပါကုန်၏၊ (ထို့အတူ) အကျွန်ုပ်သည်လည်း (မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူလိမ့်မည်ဟူသော) အကြင်လိုလား တောင့်တချက်ဖြင့် (ဤအရပ်၌) ရပ်တည်နေပါ၏၊ တပည့်တော်၏ ထိုလိုလား တောင့်တချက်သည် ပြီးပြည့်စုံပါစေသတည်း။

၅၃၁။ လယ်သမားတို့သည် အကြိမ်ကြိမ်သာလျှင် မျိုးစေ့ကို စိုက်ပျိုးပါကုန်၏၊ မိုးနတ်သည်လည်း အကြိမ်ကြိမ်ပင် ရွာသွန်းပါ၏၊ လယ်သမားတို့သည်လည်း အကြိမ်ကြိမ် လယ်ကို ထွန်ယက်ကြပါကုန်၏၊ စပါးသည်လည်း အကြိမ်ကြိမ်ပင် တိုင်းနိုင်ငံသို့ ရောက်ပါ၏။

၅၃၂။ သူတောင်းစားတို့သည် အကြိမ်ကြိမ် လှည့်လည်ပါကုန်၏၊ အလှူရှင်တို့သည် အကြိမ်ကြိမ် ပေးလှူကြပါကုန်၏၊ အလှူရှင်တို့သည် အကြိမ်ကြိမ် ပေးလှူ၍ အကြိမ်ကြိမ် နတ်ပြည်သို့ ကပ်ရောက် ကြရပါကုန်၏။

၅၃၃။ ကြီးသော လုံ့လရှိတော်မူသော မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော ယောကျ်ားသည် အကြင်အမျိုး၌ ဖြစ်၏၊ ထိုအမျိုး၌ စင်စစ်သဖြင့် အမျိုးခုနစ်ဆက်တိုင်အောင် ဖြူစင်စေပါ၏၊ နတ်ထက်နတ်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်

http://www.dhammadownload.com



(ထို့ထက် အလွန်)ဖြူစင်စေရန် စွမ်းနိုင်တော်မူပါပေ၏ ဟု အကျွန်ုပ် မှတ်ထင်ပါ၏၊ အရှင်ဘုရားမှ (အရိယာဇာတ်အားဖြင့်) ဖြစ်သော မုနိဟူသော အမည်တော်သည် အမည်မှန်ဖြစ်ပါပေ၏။

၅၃၄။ သီလက္ခန္ဓစသော မြတ်သော တရားအပေါင်းကို ရှာတော်မူပြီးသော မြတ်စွာဘုရား၏ ခမည်းတော်ကား သုဒ္ဓေါဒနအမည်ရှိပါ၏၊ မြတ်စွာဘုရား၏ မယ်တော်ကား မာယာအမည်ရှိပါ၏၊ အကြင် မယ်တော်မာယာသည် ဘုရားလောင်းကို ဝမ်းဖြင့်လွယ်ပြီး၍ (မီးရှူးသန့်စင် ဖွားမြင်ပြီးသော်) ခန္ဓာကိုယ် ပျက်စီးသည်မှ နောက်၌ တုသိတာနတ်ပြည်ဝယ် မွေ့လျော်ရွှင်ပျော်ရပါ၏။

၅၃၅။ ကွယ်လွန်လေပြီးသော ဂေါတမအနွယ်ဖြစ်သော ထိုမာယာဒေဝီသည် ဤလူ့ပြည်မှ ရွှေ့လျောလတ်သော် နတ်၌ ဖြစ်သော ကာမဂုဏ်တို့ဖြင့် ပြည့်စုံလျက် ထိုတုသိတာနတ်တို့ဖြင့် ခြံရံကာ ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော်ရပါ၏။

၅၃၆။ ငါသည် သူတပါးတို့ သည်းမခံနိုင်သည်ကို သည်းခံတော်မူနိုင်သော ပြိုးပြိုးပြက် အရောင်ရှိတော်မူသော နှိုင်းခိုင်းစရာ ဥပမာရှိတော်မမူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ သားတော်စစ် ဖြစ်ပါ၏၊ သာကီဝင်မင်းမျိုးဖြစ်သောမင်းကြီး သင်မင်းကြီးသည် ငါ၏ အဖမြတ်စွာဘုရား၏ ခမည်းတော်ပေတည်း၊ ဂေါတမအနွယ် ဖြစ်တော်မူသော မင်းကြီး သင်မင်းကြီးသည် သဘောအားဖြင့် ငါ၏ ဘိုးတော်ပင်ဖြစ်၏။

ဤသို့လျှင် ကာဠုဒါယီမထေရ်သည် ရွတ်ဆို၏။

## ၂-ဧကဝိဟာရိယတ္ထေရဂါထာ

၅၃၇။ မိမိ၏ ပတ်ဝန်းကျင် ရှေ့နောက်ဝဲယာ အရပ်လေးမျက်နှာ၌ အခြားတပါးသောသူ မရှိခဲ့ပါမူ တောဌ် တယောက်ထီးတည်းနေသော ငါ့အား အလွန်လျှင် ချမ်းသာလှ၏။

၅၃၈။ ယခုအခါ မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော တောသို့ တယောက်ထီးတည်း သွားတော့အံ့၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ တယောက်ထီးတည်း နေလေ့ရှိသော ရဟန်းအား ချမ်းသာ၏။

၅၃၉။ တရားအားထုတ်သူ 'ယောဂီ'တို့၏ နှစ်သိမ့်မှု 'ပီတိ'ကို ပြုတတ်သော အမုန်ယစ်သော ဆင်တို့၏ သွားလာ မှီဝဲရာဖြစ်သော နှလုံးမွေ့လျော်ဖွယ်ရှိသော တောအရပ်သို့ တယောက်ထီးတည်း ရဟန်းတရားကို အလေ့အလာ ပြုလိုသည်ဖြစ်၍ လျင်စွာ ဝင်ပေတော့အံ့။

၅၄၀။ ကောင်းစွာပွင့်သော အေးမြသော တောအုပ်၌ အလွန်အေးမြသော တောင်မြောင်ချောက်ကြားဝယ် ကိုယ်လက်အင်္ဂါတို့ကို ရေဖြင့်သွန်းလောင်းပြီးလျှင် တယောက်ထီးတည်း စင်္ကြံ သွားပေအံ့။

http://www.dhammadownload.com



၅၄၁။ ငါသည် အဖော်မပါ တယောက်ထီးတည်း မြင်းကျက် နှလုံးမွေ့လျော်ဖွယ်ရှိသော တောအုပ်ကြီးဝယ် ရဟန်းကျင့်ပြီး၍ ဗြဟ္မသဝေါကင်းက [illegible]အခါ၌ နေရပါအံ့နည်း။

၅၄၂။ ဤသို့ ပြုလုပ်နေထိုင်လိုသော ငါ၏အလိုသည် ပြီးပြည့်စုံပါစေသတည်း၊ တယောက်သောသူက တယောက်သောသူ၏ အကျိုးစီးပွါးကို ပြုလုပ်မပေးနိုင်၊ ထို့ကြောင့် ငါ၏အကျိုးစီးပွါးကို ငါကိုယ်တိုင်သာလျှင် ပြီးစေတော့အံ့။

၅၄၃။ ထိုငါသည် ဝီရိယဟု ဆိုအပ်သော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ကာ တောအုပ်သို့ ဝင်ပေတော့အံ့၊ အာသဝေါကုန်ရာ (အရဟတ္တမဂ်) သို့ မရောက်သေးသမျှ ထိုတောအုပ်မှ မထွက်တော့အံ့။

၅၄၄။ အေးမြသော လေပြေလေညှင်းသည် ကောင်းသော အနံ့ကို ဆောင်လျက် တိုက်ခတ် လာသည်ရှိသော် (ငါသည်) တောင်ထိပ်ထက်၌ နေလျက် မသိမှု 'အဝိဇ္ဇာ' ကို ဖောက်ခွဲပေအံ့။

၅၄၅။ ပန်းတို့ဖြင့် ဖုံးလွှမ်း၍ အလွန်အေးမြသော ချိုင့်ဝှမ်းရှိမြောင် တောတောင် အတွင်း၌ ကိလေသာမှလွတ်မြောက်မှု 'အရဟတ္တဖိုလ်' ချမ်းသာဖြင့် ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ မွေ့လျော်ရလိမ့်မည်ဟု ငါလင်မိ၏။

၅၄၆။ ထိုငါသည် လဆန်းဆယ့်ငါးရက် လပြည့်ကဲ့သို့ အကြွအစည် ပြည့်ဝသည်ဖြစ်၍ အာသဝေါတရားအားလုံးတို့မှ ကုန်ပြီးသူဖြစ်၏၊ ငါ့အား ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိ တော့ပြီ။

ဤသို့လျှင် ကေဝိဟာရိယမထေရ်သည် ရွတ်ဆို၏။

## ၃-မဟာကပ္ပိနတ္ထေရဂါထာ

၅၄၇။ အကြင်ပုဂ္ဂိုလ်သည် အကျိုးရှိသောကိစ္စ အကျိုးမရှိသော ကိစ္စဟူသော ကိစ္စ နှစ်ပါးကို မရောက်မီ ရှေးဦးကပင် (ဆင်ခြင်) ကြည့်ရှု၏၊ ထိုသူ၏ (အကျိုးစီးပွါးကို အလို မရှိသူ) ရန်သူတို့သည်၎င်း (အကျိုးစီးပွါးကို အလိုရှိသူ) အဆွေခင်ပွန်းတို့သည်၎င်း (အကျိုးရှိ အကျိုးမဲ့ကို ပြုလုပ်ရန်) လမ်းပေါက်ကို ရှာကုန်သော်လည်း မတွေ့မမြင်နိုင် ကြကုန်။

၅၄၈။ အကြင်ပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက်လျှင် အာရုံရှိသော သတိကို အပြည့် အစုံ ကောင်းစွာ ပွါးအပ်၏၊ မြတ်စွာဘုရား ဟောတော်မူသည့် နည်းလမ်းစဉ်အတိုင်း လေ့လာအပ်၏၊ ထိုပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို (ဉာဏ်ဟူ သောအလင်းဖြင့်) ထွန်းလင်းတောက်ပစေနိုင်၏။

၅၄၉။ ငါ၏စိတ်သည် နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂစသည်မှ ကင်းစင်သည်တိုင် အောင် ကောင်းစွာ ပွါးများအပ်ပြီးဖြစ်၍ ဖြူစင်ပေစွတကား၊ (ထို့ကြောင့်သာလျှင် သစ္စာလေးပါးတို့ကို) ထိုးထွင်း၍ သိနိုင်၏၊ (အလုံးစုံသော ကိလေသာအဖို့မှ) ပယ်နုတ်

http://www.dhammadownload.com



ထားပြီးဖြစ်၍ အလုံးစုံသော ယုံမှားမှုဟူသော အရပ်မျက်နှာတို့ကို သွန်းလင်းတောက်ပ စေနိုင်၏။

၅၅၀။ ပညာရှိသောသူသည် ဥစ္စာပစ္စည်းကုန်ခန်းသော်လည်း (အပြစ်မရှိသော အသက်မွေးခြင်းဖြင့်) အသက်မွေးနိုင်သည်သာတည်း၊ (ပညာမဲ့သော သူသည်ကား) ပညာကို မရသောကြောင့် ဥစ္စာပစ္စည်းရှိငြားသော်လည်း အသက်မမွေးနိုင်။

၅၅၁။ ပညာမည်သည်ကား ကြားမြင်တိုင်းသော အရာကို ဆုံးဖြတ်နိုင်ခြင်း သဘော ရှိ၏၊ ပညာသည် မျက်မှောက်မျက်ကွယ် ကျော်စောသတင်း ပြန့်နှံ့ခြင်းကို ပွါးစေနိုင်၏၊ ဤလောက၌ ပညာရှိသောသူသည် ဆင်းရဲဒုက္ခထဲမှသော်လည်း ချမ်းသာတို့ကို ရနိုင်၏။

၅၅၂။ သဘောတရားသည် ယခုအခါ၌သာ ဖြစ်သည်မဟုတ်၊ အံ့ဖွယ်သရဲလည်းမရှိ၊ အထူးအဆန်း ဖြစ်သည်လည်းမဟုတ်၊ အကြင်သခါရလောက၌ ဖြစ်လည်း ဖြစ်ဘူးရာ၏၊ သေလည်းသေရာ၏၊ ထိုဖြစ်ခြင်း သေခြင်းသဘောရှိသော သခါရလောက၌ အဘယ် ကြောင့်လျှင် အထူးအဆန်းဖြစ်ရာအံ့နည်း။

၅၅၃။ မွေးဖွားလာသော သတ္တဝါ၏ အသက်ရှင်သည်မှ အခြားမဲ့၌ သေခြင်းသည် မြဲ၏၊ ဤလောက၌ ဖြစ်တိုင်းဖြစ်တိုင်းသော သတ္တဝါတို့သည် သေကြရကုန်၏၊ သတ္တဝါတို့ သည် စင်စစ် ဤသို့ သဘောရှိကုန်၏။

၅၅၄။ (သေသူ၏အသက်ဟူသော အကြောင်းကြောင့် အခြားတပါးသော ပုဂ္ဂိုလ်တို့ ၏ ဤငိုကြွေးခြင်းသည်) သေသူ အသက်ရှင်ခြင်းဟူသော အကျိုးငှါ မဖြစ်နိုင်၊ သေသူကို (အကြောင်းပြု၍) ငိုကြွေးခြင်းသည် အကျော်အစောကိုလည်း မဆောင်တတ်၊ စင်ကြယ် မှုကိုလည်း မဆောင်တတ်၊ သမဏ ဗြာဟ္မဏတို့သည်လည်း မချီးမွမ်းကြကုန်။

၅၅၅။ (ငိုကြွေးခြင်းသည် ငိုကြွေးသောသူ၏) မျက်စိကိုရင်း ကိုယ်ကိုရင်း ညှဉ်းဆဲ တတ်ကုန်၏၊ ထိုငိုကြွေးခြင်းကြောင့် အဆင်းသည်ရင်း ခွန်အားသည်ရင်း ပညာသည်ရင်း ဆုတ်ယုတ်၏၊ ထိုငိုကြွေးသော ပုဂ္ဂိုလ်၏ ရန်သူတို့သည် ဝမ်းမြောက်ကုန်၏၊ ထိုငိုကြွေး သောပုဂ္ဂိုလ်၏ အဆွေခင်ပွန်းကောင်းတို့သည် ကိုယ်စိတ်ချမ်းသာခြင်း မရှိကြကုန်။

၅၅၆။ ထို့ကြောင့် ပညာရှိတို့ကိုရင်း အကြားအမြင်များသူတို့ကိုရင်း မိမိအမျိုး၌ နေ ခြင်းတို့ကို လိုလားရာ၏၊ မှန်၏- အမျိုးကောင်းသားတို့သည် ရေပြည့်သောမြစ်ကို လှေဖြင့် ကူးကုန်သကဲ့သို့ (ယင်းပညာရှိတို့၏ ပညာအစွမ်းအားဖြင့် မိမိ၏) ကိစ္စကို ပြီးမြောက်စေ ကုန်ရာ၏။

ဤသို့လျှင် မဟာကပ္ပိနမထေရ်သည် ရွတ်ဆို၏။

## ၄-စူဠပန္ထကတ္ထေရဂါထာ

၅၅၇။ ရှေးပုထုဇဉ် ဖြစ်စဉ်အခါက ငါ၏ ဉာဏ်သည် နုန့်နှေးအားနည်းလှ၏၊ ကဲ့ရဲ့ရှုတ်ချ နှိပ်စက်ပြောဆိုခြင်းခံရ၏၊ အစ်ကိုကလည်း သင်သည် ယခုအိမ်သို့ သွားလေလော့ဟု ငါ့ကို နှင်ထုတ်၏။

http://www.dhammadownload.com



၅၅၈။ ထိုငါသည် နှင်ထုတ်ခံရသောကြောင့် သာသနာ၌ ငဲ့ကွက် (လူမထွက်လို)မှု ရှိသည်ဖြစ်၍ သံဃာ့အရံ၏ တံခါးမုခ်အနီး၌ နှလုံးမသာပဲ ရပ်နေခဲ့၏။

၅၅၉။ မြတ်စွာဘုရားသည် ထိုငါနေရာ တံခါးမုခ်အနီးသို့ ကြွလာတော်မူပြီးလျှင် ငါ၏ ဦးခေါင်းကို သုံးသပ်တော်မူ၏၊ ငါ၏လက်မောင်းကို ကိုင်တော်မူ၍ သံဃာ့အရံသို့ ဝင်စေတော်မူ၏။

၅၆၀။ မြတ်စွာဘုရားသည် အစဉ်သနားတော်မူသဖြင့် ညှပ်ဖြင့်ကြယ်သော ခြေသုတ်ပုဆိုးပိုင်းကို (ရဇောဟရဏံဟု နှလုံးသွင်းခြင်းဖြင့်) တခုသော နေရာ၌ ထိုင်ကာ အဓိဋ္ဌာန် ပြုလျက် ဆောက်တည်လေလော့ဟု မိန့်တော်မူပြီးလျှင် ခြေသုတ်ပုဆိုးပိုင်းကို ငါ့အား ပေးတော်မူ၏။

၅၆၁။ ငါသည် ထိုမြတ်စွာဘုရား၏ စကားတော်ကို ကြားနာရသော် သာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ နေခဲ့၏၊ မြတ်သော အရဟတ္တဖိုလ်ကို ရခြင်းငှါ သမာဓိကို ပြီးစေခဲ့ပြီ။

၅၆၂။ ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပြီ၊ နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ကို စင်ကြယ်ကြည်လင်စေအပ်ပြီ၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်းရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီးပြီ။

၅၆၃။ ပန္ထက (မည်သော ငါ)သည် မိမိကိုယ်ကို (စိတ်ဖြင့်ပြီးသော ကိုယ်ပေါင်း) တထောင်ဖန်ဆင်း၍ ဆွမ်းစားပင့်လာသည့်တိုင်အောင် မွေ့လျော်ဖွယ်ရှိသော သရက် ဥယျာဉ်၌ ထိုင်နေ၏။

၅၆၄။ ထိုနောက်မှ မြတ်စွာဘုရားသည် ငါ့ထံသို့ ဆွမ်းစားပင့်သူ တမန်ကို စေလွှတ်တော်မူ၏၊ ဆွမ်းစားသွားရန် အချိန်ကို ပြောကြား လျှောက်ထားသည်ရှိသော် ငါသည် ဆွမ်းဘုဉ်းပေးရာအရပ်သို့ ကောင်းကင်ခရီးဖြင့် ချဉ်းကပ်၏။

၅၆၅။ ငါသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို (ဦးတိုက်) ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ မြတ်စွာဘုရားသည် ငါထိုင်နေသည်ကို သိတော်မူသောအခါ (ဆွမ်း စသည်ကို) အကပ်ခံတော်မူ၏။

၅၆၆။ အလုံးစုံသော လောက၏ မြတ်သော အလှူကို ခံတော်မူထိုက်သော အဝေးမှ ဆောင်၍ လှူအပ်သော အလှူဝတ္ထုကို ခံတော်မူထိုက်သော လူတို့၏ ကောင်းမှုတည်း ဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာလယ်မြေကောင်းသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရား သည် (ဇီဝကလှူဒါန်းသော) အလှူဝတ္ထုကို ခံတော်မူ၏။

ဤသို့လျှင် စူဠပန္ထကမထေရ်သည် ရွတ်ဆို၏။

### ၅၊ ကပ္ပတ္ထေရဂါထာ

၅၆၇။ (ဤကိုယ်သည်) အမျိုးမျိုးရောပြွမ်းသော မစင်ကြယ်သော အရာတို့ဖြင့် ပြည့်၏၊ ကြီးစွာသော မစင်တွင်းနှင့်တူသော အမိဂမ်းတိုက်လျှင် ဖြစ်ရာရှိ၏၊ (အပုပ်အစပ်

http://www.dhammadownload.com



ရေတို့ဖြင့် ပြည့်၍) ကြာမြင့်ဟောင်းနွမ်းသော တံစည်းတွင်းကဲ့သို့ ဖြစ်၏၊ ပြည်မှည့်နေသော အိုင်းအမာဖုကြီးနှင့်လည်း တူ၏၊ ပြည်တစိုစိုယိုစီးနေသော အနာပျက်ကြီးနှင့်လည်း တူ၏။

၅၆၈။ ဤခန္ဓာကိုယ်သည် ပြည်ပုပ် သွေးပုပ်တို့ဖြင့် ပြည့်၏၊ မစင်တို့ဖြင့်လည်း ပြည့်ကြပ်နေ၏၊ အခါခပ်သိမ်း အရည်ယိုစီးရာဖြစ်၏၊ ယင်းသို့ ယိုစီးသော် (သလိပ်ချွဲကျင်ငယ်စသော) ပုပ်သော အရာဝတ္ထုသည်သာ အခါခပ်သိမ်း ယိုစီး၏။

၅၆၉။ ဤကိုယ်ကောင်ပုပ်သည် ခြောက်ဆယ်သော အကြောမတို့ဖြင့် ဖွဲ့ထား၏၊ အသားတည်းဟူသော သရွတ်ဖြင့် လိမ်းကျံထား၏၊ အရေဟူသော သင်တိုင်းဖြင့် ဖုံးအုပ်ထား၏၊ အကျိုးမပြီး အချည်းနှီးသာဖြစ်၏တကား။

၅၇၀။ (သုံးရာကျော်သော) အရိုးဆက်တို့ဖြင့် ဆက်စပ်ထား၏၊ (ကိုးရာသော) အကြောတည်းဟူသော ကြိုးတို့ဖြင့် အမြဲဖွဲ့ထား၏၊ များစွာသော (မဟာဘုတ်လေးပါး ဇီဝိတိန္ဒြေ ထွက်သက်ဝင်သက် ဝိညာဉ်အစရှိသော) တရားတို့၏ အညီအညွတ်ဆက်စပ်သော ကြောင့်သာလျှင် ယန္တရား စက်ကဲ့သို့ ဣရိယာပုထ်ကို ပြုပြင်ဟတ်၏။

၅၇၁။ ဤသတ္တဝါသည် သေခြင်း၏ အကျိုးငှါ အမြဲသွားခြင်းရှိသည်ဖြစ်၍ သေမင်း၏ အနီး၌ တည်၏၊ ဤပစ္စုပ္ပန်လောက၌သာလျှင် (ကိုယ်ကို) စွန့်၍ အလိုရှိတိုင်းသော အရပ်သို့ သွားဟတ်၏။

၅၇၂။ ဤခန္ဓာကိုယ်ကို အဝိဇ္ဇာနီဝရဏဖြင့် ဖုံးလွှမ်းထားအပ်၏၊ ဂန္ထတရား လေးပါးဖြင့် ထုံးဖွဲ့ထားအပ်၏၊ ဤခန္ဓာကိုယ်သည် ဩဃလေးပါးတို့၌ နစ်မြုပ်ဘတ်၏၊ အနုသယတည်းဟူသော ကွန်ရက်ဖြင့် လွှမ်းမိုးနှိပ်စက်ခံနေရ၏။

၅၇၃။ ဤခန္ဓာကိုယ်သည် နီဝရဏငါးပါးနှင့် ယှဉ်၏၊ (ကာမဝိတက်စသော မိစ္ဆာ) ဝိတက်ဖြင့် ပြည့်လျှံလျက် တဏှာဟုဆိုအပ်သော ဘဝမူလဖြင့် အစဉ်ဖွဲ့လျက် နေ၏၊ (ပြင်းစွာ တွေဝေမှုဟု ဆိုအပ်သော) မောဟတည်းဟူသော အမိုးဖြင့် ပိတ်ဖုံးထား၏။

၅၇၄။ ဤသို့ဆိုအပ်ပြီးသော အပြားဖြင့် ဤခန္ဓာကိုယ်သည် ကောင်းမှုကံ မကောင်းမှုကံ ဟူသော ယန္တရားဖြင့် သုဂတိဘဝ ဒုဂ္ဂတိဘဝတို့၌ လည်လျက်ဖြစ်၏၊ (ဤသို့ဖြစ်ရာ၌) ပြည့်စုံခြင်းသည်လည်း ပျက်စီးခြင်းအဆုံးရှိကာ အသီးအသီးဖြစ်လျက် အထူးထူးကွဲပြားခြင်းသို့ ရောက်ရ၏။

၅၇၅။ ဉာဏ်မျက်စိကန်း၍ မိုက်မဲကုန်သော အကြင်ပုထုဇဉ်တို့သည် ဤခန္ဓာကိုယ်ကို (ငါဟုစွဲယူ) မြတ်နိုးကြကုန်၏၊ ထိုအန္ဓဗာလ ပုထုဇဉ်တို့သည် ကြောက်မက်ဖွယ်ဖြစ်သော သင်းချိုင်းမြေဟုဆိုအပ်သော သံသရာကို ပွါးစေကုန်၏၊ တဖန်ဘဝသစ်ကို ယူကြကုန်၏။

၅၇၆။ အသက်ရှည်လိုသော ယောကျ်ားသည် မစင်လိမ်းကျံနေသော မြွေကို ရှောင်ကြဉ်သကဲ့သို့ အကြင်ပညာရှိတို့သည် ဤခန္ဓာကိုယ်ကို (ဆန္ဒရာဂငြိ ပယ်သောအားဖြင့်) ရှောင်ကြဉ်ကုန်၏၊ ထိုပညာရှိတို့သည် ဘဝ၏ အကြောင်း(ဖြစ်သော အဝိဇ္ဇာ ဘဝတဏှာ)ကို သတ်ဖြတ်စွန့်ပယ်ကာ အာသဝေါကင်းသည်ဖြစ်၍ (ကိလေသာအနွှာ) ပရိနိဗ္ဗာန်ပြုလတ္တံ့။

ဤသို့လျှင် ကပ္ပမထေရ်သည် ရွတ်ဆို၏

http://www.dhammadownload.com



## ၆-ဝက်န္တပုတ္တဥပသေနတ္ထေရဂါထာ

၅၇၇။ ရဟန်းသည်(လူတို့မှ ကင်းဆိတ်၍ ကြွေးကြော်သံမရှိသော(ခြင်္သေ့ သစ်ကျားစသော)သားရဲတို့၏ မှီဝဲရာဖြစ်သည့်တောကျောင်းကို တယောက်တည်း ကိန်းအောင်းရန် မှီဝဲဆည်းကပ်ရာ၏။

၅၇၈။ (ရဟန်းသည်) တံမြက်ချေးစွန့်ရာအရပ် သုသာန်ခရီးလမ်းမတို့မှ ဆောင်ယူခဲ့၍ ယင်းသို့ ဆောင်ယူခဲ့သော အဝတ်ပိုင်းတို့ဖြင့် ဆက်စပ်ချုပ်ဆိုးခြင်းကို ပြုပြီးလျှင် ခေါင်းပါးသောသင်္ကန်းကို ဆောင်ရာ၏။

၅၇၉။ ရဟန်းသည် စိတ်ကို နှိမ့်ချ၍ စက္ခုစသော တံခါးတို့ကို လုံခြုံစေလျက် ကောင်းစွာစောင့်ရှောက်၍ အစဉ်အတိုင်း တအိမ်မှ တအိမ်သို့ ဆွမ်းအလို့ငှါ သွားရာ၏။

၅၈၀။ ကြမ်းသမ်းသော ဆွမ်းဖြင့်လည်း ရောင့်ရဲနှစ်သက်ရာ၏၊(ရအပ်သောပစ္စည်းမှ) အခြားတပါးသော အချိုစသောအရသာကိုရင်း များစွာကိုရင်း မတောင့်တရာ၊ အရသာတို့၌ တပ်မက်မောသော ရဟန်း၏စိတ်သည် သမာဓိစျာန်၌ မမွေ့လျော်နိုင်။

၅၈၁။ ရဟန်းသည် အလိုနည်းသည်ဖြစ်၍ရင်း ရောင့်ရဲလွယ်သည်ဖြစ်၍ရင်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍ရင်း နေရာ၏၊ အိမ်ရာထောင်သော လူတို့နှင့်ရင်း အိမ်ရာမထောင်သော ရဟန်းတို့နှင့်ရင်း နှစ်ပါးစုံတို့နှင့် မရောနှောပဲ နေရာ၏။

၅၈၂။ ပညာရှိရဟန်းသည် (ပညာမမဲ့သော်လည်း) ပညာမဲ့သော သူကဲ့သို့ရင်း (မအသော်လည်း)အသောသူကဲ့သို့ရင်း မိမိကိုယ်ကို ပြရာ၏၊ သံဃာအလယ်၌ ပြောဆိုသော် အချိန်ကြာမြင့်စွာ မပြောမဆိုရာ။

၅၈၃။ ထို(ဆိုအပ်ပြီးသော အကျင့်ရှိသော)ရဟန်းသည် တစုံတယောက်သောသူကို (နှုတ်ဖြင့်)မစွပ်စွဲရာ (ကိုယ်ဖြင့်)ညှဉ်းဆဲနှိပ်စက်ခြင်းကို ရှောင်ကြဉ်ရာ၏၊ ပါတိမောက္ခသံဝရသီလ၌ ကောင်းစွာ စောင့်ရှောက်ရာ၏၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိရာ၏။

၅၈၄။ ကောင်းစွာယူအပ်သော သမာဓိနိမိတ်ရှိသူ ဖြစ်ရာ၏၊ တွန့်ဆုတ်ပျံ့လွင့်သော စိတ်ဖြစ်ခြင်းအကြောင်း၌ လိမ္မာသူဖြစ်ရာ၏၊သမထဘာဝနာကို ပွါးများအားထုတ်ရာ၏၊ လျောက်ပတ်သော ကာလ၌ ဝိပဿနာကိုလည်း အားထုတ်ရာ၏။

၅၈၅။ ပညာရှိရဟန်းသည် အမြဲမပြတ် အားထုတ်ခြင်းနှင့် ပြည့်စုံသူ အခါခပ်သိမ်း ဘာဝနာ၌ အမြဲယှဉ်သူဖြစ်ရာ၏၊ ဆင်းရဲ၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ မရောက်သေးသမျှ ဝီရိယကို မစုန်လျှော့ရာ။

၅၈၆။ ဤသို့သော အစီအရင်ဖြင့် နေသော(စင်စစ်)စင်ကြယ်မှု(နိဗ္ဗာန်)ကို အလိုရှိသော ရဟန်းအား အာသဝေါတရား အားလုံးတို့သည် ကုန်ခန်း ချုပ်ပျောက်ကုန်၏၊ နိဗ္ဗာန်သို့လည်း ရောက်၏။

ဤသို့လျှင် ဝက်န္တပုဏ္ဏားသားဖြစ်သော ဥပသေနမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၇-(အပရ)ဇဂါတမဝတ္ထုရဂါထာ

၅၇၇။ ပညာရှိသည် မိမိအကျိုးကို (ဟုတ်တိုင်းမှန်စွာ)သိရာ၏၊ အယုဂါဒအားလုံးကို အမှားအမှန် ဝေဖန်စိစစ်ရာ၏၊ ရဟန်းအဖြစ်သို့ ကပ်ရောက်သောထိုသူအား ဤရှင်ရဟန်းအဖြစ်၌ သင့်တင့်လျောက်ပတ်သော အပြုအမူကိုလည်း (ကြည့်ရှုဆင်ခြင်ရာ၏)။

၅၇၈။ ဤသာသနာတော်၌ အဆွေခင်ပွန်းကောင်းကို မှီဝဲခြင်း ပြန့်ပြောသော အစိသီလစသော သိက္ခာကို ဆောက်တည်ခြင်း အလေးအမြတ်ပြုအပ်ကုန်သော ဆရာဥပဇ္ဈာယ်တို့၏ အဆုံးအမကို နာယူလိုခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၇၉။ မြတ်စွာဘုရားတို့၌ ရှိသေခြင်းနှင့် တကယ့်ဖြစ်ခြင်း(အရိယာ)တရား၌ ဟုတ်မှန်သောအတိုင်း ရှိသေသဖြင့် ပူဇော်ခြင်း (အရိယာ) သံဃာ၌ ရှိသေမြတ်နိုးခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၀။ ကိုယ်နှုတ်ဖြင့် မလွန်ကျူးမှု 'အာစာရ' သင့်တင့်လျောက်ပတ်သောအရပ် 'ဂေါစရ'နှင့် ယှဉ်ခြင်း ပညာရှိတို့ မကဲ့ရဲ့အပ်သည့် သုတ်သင်ပြီးသော အသက်မွေးခြင်း စိတ်ကို ကောင်းစွာထားခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၁။ ပြုကျင့်ဆည်းပူးအပ်သော 'စာရိတ္တ'သီလ, တားမြစ်ထား၍ ရှောင်ကြဉ်အပ်သော 'ဝါရိတ္တ'သီလ, သူတပါးတို့ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ဣရိယာပုထ်ကိုမှီသော ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' သမထဝိပဿနာစသည်တို့၌ အဖန်တလဲလဲ အားထုတ်ပွါးများခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၂။ လူတို့၏ ကြွေးကြော်သံမှ ကင်း၍ ဆိတ်ငြိမ်ရာ တောကျောင်းတို့ကို မှီဝဲခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၃။ စတုပါရိသုဒ္ဓိသီလ အကြားအမြင်များခြင်း ဗာဟုသစ္စ(ရုပ်နာမ်)တရားတို့ကို မဖောက်မပြန် စုံစမ်းဆင်ခြင်ခြင်း အရိယသစ္စာတို့ကို ထိုးထွင်း၍ သိခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၄။ သင်္ခါရအားလုံးတို့၌ အနိစ္စသညာကို ပွါးများခြင်း, အနတ္တသညာကို ပွါးများခြင်း,အသုဘသညာကို ပွါးများခြင်း, တေဘူမကသင်္ခါရတို့၌ မွေ့လျော်ဖွယ်မရှိဟုဖြစ်သော 'အနဘိရတိ'သညာကို ပွါးများခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

၅၈၅။ ဗောဇ္ဈင်တို့ကိုရင်း, ဣဒ္ဓိပါဒ်တို့ကိုရင်း, ဣန္ဒြေတို့ကိုရင်း, ဗိုလ်တို့ကိုရင်း, အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကိုရင်း ပွါးများခြင်းဟူသော ဤအရာအားလုံးသည် ရဟန်း၏ သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

http://www.dhammadownload.com



၂၉၆။ ထကျာကိုပယ်စွန့်ခြင်း, အာသဝတရားတို့ကို အမြစ်မှုလနှင့်တကွ ဖောက်ခွဲဖျက်ဆီးခြင်း,(အလုံးစုံသော ဥပဓိမှ)လွတ်မြောက်ရာ နိဗ္ဗာန်ကို(မျက်မှောက်ပြု၍)နေခြင်း ဟူသော ဤအရာအားလုံးသည် ရဟန်း၏သင့်တင့်လျောက်ပတ်သော အပြုအမူပင်တည်း။

ဤသို့လျှင် ဂေါတမမထေရ်သည် ရွတ်ဆိုအံ။

# ဒသကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၁-ဧကာဒသနိပါတ်

## ၁-သံကိစ္စတ္ထေရဂါထာ

၅၉၇။ ချစ်သားသာမဏေ တော၌ သင့်အတွက် အဘယ်မှာ အကျိုးရှိအံ့နည်း၊ မိုးအခါ၌ ဥဇ္ဇုဟာနတောင်သည်လည်း သင့်အတွက် အဘယ်မှာ အကျိုးရှိအံ့နည်း၊ ဝေရမ္ဘမည်သော လေတို့သည် သင့်အတွက် အဘယ်မှာ မွေ့လျော်ဖွယ် ရှိကုန်အံ့နည်း၊ ဈာန်ဝင်စားကုန်သောသူတို့အား(မည်သည့်အရပ်၌မဆို)ဆိတ်ငြိမ်မှုကိုသာ အလိုရှိအပ်၏။

၅၉၈။ ဒါယကာ မိုးအခါ၌ ဝေရမ္ဘမည်သော လေသည် တိမ်တိုက်တို့ကို ပယ်ဖျောက်သကဲ့သို့ ဤအတူ ဆိတ်ငြိမ်မှု ဝိဝေကနှင့်ယှဉ်သော သညာတို့သည် ငါ့အား ဆိတ်ငြိမ်ရာအရပ်သို့သာလျှင် ဆွဲဆောင်ကုန်၏၊

၅၉၉။ မည်းနက်၍ ဥဠုဖြစ်သောကျီးသည် သင်းချိုင်းအရပ်၌ နေရာဌာနပြု၍ ကျက်စားသွားလာ၏၊ ငါ၏ကိုယ်၌ ရာဂကင်းခြင်းကိုမှီသော ကာယဂတာသတိကို ဖြစ်စေနိုင်သည်သာလျှင်တည်း။

၆၀၀။ အခြားသောသူတို့၏ အစောင့်အရှောက်ကိုလည်း မခံရ၊ မိမိကလည်း အခြားသူတို့ကို မစောင့်ရှောက်ရသော ရဟန်းသည် ဝတ္ထုကာမတို့၌ ငဲ့ကွက်မှုကင်းသည်ဖြစ်၍ စင်စစ် ချမ်းသာစွာ နေရ၏။

၆၀၁။ ကြည်လင်သော ရေရှိကုန်သော ကျယ်ပြန့်၍ နူးညံ့သည့် ကျောက်ရှိကုန်သော မျောက် မြေ (ကျီ) သမင်စသော သားကောင်တို့ဖြင့် ရောပြွမ်းကုန်သော (ထိုထိုအရပ်၌) ရေမှော်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ထိုကျောက်တောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၆၀၂။ ငါသည် တောအရပ်၌ ဖြစ်ကုန်သော ချောက်တို့၌၎င်း, ဂူလိုဏ်တောင်ခေါင်းတို့၌၎င်း, အစွန်အဖျားကျသော ကျောင်းတို့၌၎င်း, (ခြသေ့ ကျားစသော) သားရဲသမင်တို့ မှီဝဲအပ်သော တော၌၎င်း နေခဲ့ဘူးပြီ။

၆၀၃။ ဤသတ္တဝါတို့ သေကြစေကုန်သတည်း၊ ထိုးပစ်နှိပ်စက်ခံကြရစေကုန်သတည်း၊ ဆင်းရဲခြင်းသို့ ရောက်ကြစေကုန်သတည်း၊ (ဤသို့ ဒေါသနှင့်တကွဖြစ်သော မမြတ်သော အကြံဖြစ်ခဲ့ဘူးသည်ကို) ငါမသိစဘူး။

၆၀၄။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို နုတ်အပ်ပြီ။

၆၀၅။ အကြင် အရဟတ္တဖိုလ်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပြောန်းပြု၏၊ အလုံးစုံသော နှောင်ကြိုးသံယောဇဉ်တို့၏ ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သော အကျိုးကိုလည်း ငါရပြီ။

http://www.dhammadownload.com



၆၀၆။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ သူရင်းငှါးသည် လုပ်ခရရန်အတွက် ခနေ့ကုန်မည့်အချိန်ကိုသာ ငံ့လင့်စောင့်မြှော်သကဲ့သို့ ငါသည် ပရိနိဗ္ဗာန် ပြုရမည့်အချိန်ကိုသာ ငံ့လင့်စောင့်မြှော်၏။

၆၀၇။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ ထင်သော သတိရှိကာ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ပြုချိန်ကိုသာ ငံ့လင့် ခစောင့်မြှော်နေ၏။

ဤသို့လျှင် သံကိစ္စမထေရ်သည် ရွတ်ဆို၏။

## ဧကာဒသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၂-ဒွါဒသကနိပါတ်

## ၁-သီလဝတ္ထေရဂါထာ

၆၀၈။ ဤလောက၌ (အကျိုးစီးပွါးကို အလိုရှိသော အမျိုးသားသည်) စာရိတ္တ ဝါရိတ္တသီလကိုသာလျှင် ကောင်းစွာစင်ကြယ်သည်ကို ပြု၍ ကျင့်ရာ၏၊ မှီဝဲအပ်သော (စာရိတ္တ ဝါရိတ္တ) သီလသည် စည်းစိမ်ချမ်းသာအားလုံးကို ဆောင်တတ်၏။

၆၀၉။ ချမ်းသာသုံးမျိုးတို့ကို အလိုရှိသော ပညာရှိသည် သီလကို စောင့်ရာ၏၊ (သီလရှိသောသူအား ဤပစ္စုပ္ပန်လောက၌)ပညာရှိတို့ ချီးမွမ်းခြင်း, ဝမ်းမြောက်နှစ်သက်ရခြင်း,သေဆုံးပြီးနောက် နတ်ပြည်၌ မွေ့လျော်ရခြင်းဟူသောအကျိုးကို ရနိုင်၏။

၆၁၀။ သီလရှိသူသည် (ကိုယ်နှုတ်ကို) စောင့်စည်းခြင်းဖြင့် များစွာသော အဆွေခင်ပွန်းတို့ကို ရနိုင်၏၊ သီလမရှိသော ပုဂ္ဂိုလ်သည်ကား မကောင်းမှုကို ပြုကျင့်သည်ဖြစ်၍ အဆွေခင်ပွန်းတို့ကို ဖျက်ဆီး၏။

၆၁၁။ သီလမရှိသူသည် (မျက်မှောက်၌) ကဲ့ရဲ့ခြင်းကိုရင်း အကျော်အစောမဲ့ခြင်းကိုရင်း ရ၏၊ သီလရှိသူသည် ဂုဏ်ကျေးဇူးကိုရင်း ကျော်စောခြင်းကိုရင်း (မျက်မှောက်) ချီးမွမ်းခြင်းကိုရင်း အခါခပ်သိမ်း ရ၏။

၆၁၂။ သီလသည် (ကုသိုလ်တရားတို့၏) အစမူလဖြစ်၏၊ (ဈာန်မဂ်ဖိုလ်တရားတို့၏) တည်ရာ ဖြစ်၏၊ သီလသည် (သမထ ဝိပဿနာစသော) ကောင်းသောတရားတို့၏ အမိသဖွယ်ဖြစ်၏၊ အလုံးစုံသောတရားတို့၏ အကြီးအမှူးဖြစ်၏၊ ထို့ကြောင့် သီလကို စင်ကြယ်စေရာ၏။

၆၁၃။ သီလသည် ဒုဿီလျမှုကို ဖျက်ဆီးတတ်၏၊ ကာယဒုစရိုက်စသည်တို့၏ဖြစ်ရာဒွါရကို ပိတ်ဆို့တတ်၏၊ စိတ်ကို နှစ်သက်ရွှင်ပျစေတတ်၏၊ ခပ်သိမ်းသော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့၏ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ သက်ဆင်းရာ ဆိပ်ကမ်းလည်းဖြစ်၏၊ ထို့ကြောင့် သီလကို စင်ကြယ်စေရာ၏။

၆၁၄။ သီလသည် မာရ်ကို နှိမ်နင်းဖျက်ဆီးခြင်း၌ အတုမရှိသော ခွန်အားမည်၏၊ သီလသည် မြတ်သောလက်နက်လည်း မည်၏၊ သီလသည် မြတ်သောအဆင်တန်ဆာလည်း မည်၏၊ သီလသည် အံ့ဩဖွယ်ရာ ချပ်ဝတ်တန်ဆာလည်းမည်၏။

၆၁၅။ သီလသည် တောင့်တင်းခိုင်မြဲသော တံတားသဖွယ်ဖြစ်၏၊ သီလသည် အတုမရှိသော နံ့သာလည်း မည်၏၊ သီလသည် မြတ်သော နံ့သာပျောင်းနှင့်လည်း တူ၏၊ ယင်းသီလတည်းဟူသော ရနံ့ဖြင့် အရပ်ဆယ်မျက်နှာတိုင်အောင် ကြိုင်ကြိုင် ပျံ့လှိုင်၏။

၆၁၆။ သီလသည် မြတ်သော စမြိန်စာ ထမင်းထုပ်နှင့် [illegible] သီလသည် မြတ်သော ခရီးရိက္ခာထုပ်နှင့် တူ၏၊ သီလသည် မြတ်သော ရွှေဆောင်လှမ်းပြနှင့် တူ၏၊ ယင်းရွှေဆောင်လှမ်းပြဖြင့် အရပ်မျက်နှာ (ထိုထိုဂတိကြီးငယ်)သို့ ချမ်းသာစွာ သွားရောက်ရ၏။

http://www.dhammadownload.com



၆၁၇။ စိတ်ဆိုး စိတ်ယုတ်ရှိသူသည် ပစ္စုပ္ပန်လောက၌ ပညာရှိတို့ ကဲ့ရဲ့ခြင်းကို ခံရ၏၊ တမလွန်ဘဝ၌လည်း အပါယ်ဘုံ၌ (ယမမင်းတမန်တို့၏) ပြစ်တင်ရှုတ်ချကဲ့ရဲ့ခြင်းကို ခံရ၏၊ သီလတို့၌ မဆောက်တည် မစောင့်စည်းသော လူမိုက်သည် အလုံးစုံသော ပစ္စုပ္ပန်လောက တမလွန်လောက၌ ပူဆွေးဝမ်းနည်းရ၏။

၆၁၈။ စိတ်ကောင်း စိတ်မြတ်ရှိသူသည် ပစ္စုပ္ပန်လောက၌ ပညာရှိတို့ ချီးမွမ်းခြင်းကို ခံရ၏၊ တမလွန်ဘဝ၌လည်း နတ်ပြည်၌ (ပညာရှိနတ်တို့၏) ချီးမွမ်းခြင်းကို ခံရ၏၊ သီလတို့၌ ကောင်းစွာဆောက်တည် စောင့်စည်းသော ပညာရှိသည် အလုံးစုံသော ပစ္စုပ္ပန်လောက တမလွန်လောက၌ ရွှင်လန်းဝမ်းမြောက်ရ၏။

၆၁၉။ ဤလောက၌ သီလသည် မြတ်သည်သာလျှင်တည်း၊ ပညာရှိသူသည် ချီးမွမ်းအပ် မြတ်သည်ပင်တည်း၊ လူတို့၌ရင်း နတ်တို့၌ရင်း သီလပညာအားဖြင့် (ဆန့်ကျင်ဘက်တရားတို့ကို) အောင်နိုင်ကြကုန်၏။

ဤသို့လျှင် သီလဝမထေရ်သည် ရွတ်ဆို၏။

## ၂-သုနီတတ္ထေရဂါထာ

၆၂၀။ ငါသည် ယုတ်နိမ့်သော အမျိုး၌ ဖြစ်ခဲ့၏၊ အစားအစာရှားပါးသူ ဆင်းရဲသူဖြစ်ခဲ့၏၊ အောက်ကျယုတ်နိမ့်သော အလုပ်ကိစ္စကို ပြုလုပ်ရသူ ပန်းမှိုက်သွန် ဘင်ကျုံးဖြစ်ခဲ့ရ၏။

၆၂၁။ ငါသည် လူတို့စက်ဆုပ်အပ်သူ အနှိမ်ခံရသူ ရှုတ်ချခံရသူဖြစ်၍ စိတ်ကို နှိမ့်ချလျက် များစွာသော လူအပေါင်းကို ရှိခိုးခဲ့ရပါ၏။

၆၂၂။ အခါတပါး၌ ရဟန်းသံဃာတို့ဖြင့် ခြံရံလျက် မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသော ကြီးသောလုံ့လရှိသော မြတ်စွာဘုရားကို ဖူးမျှော်ရ၏။

၆၂၃။ (ထိုအခါ) ငါသည် ထမ်းပိုးကို ချ၍ ရှိခိုးရန် ချဉ်းကပ်ခဲ့၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ့ကို သနားတော်မူသဖြင့်သာလျှင် ရပ်နေတော်မူ၏။

၆၂၄။ ထိုအခါ ငါသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးဦးတိုက်၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ကည်နေပြီးလျှင် သတ္တဝါခပ်သိမ်းတို့ထက် မြတ်တော်မူသော ဘုရားသခင်အား ရဟန်းပြုခွင့် တောင်းခဲ့ပါ၏။

၆၂၅။ ထို့နောက် ကြီးမြတ်သော ကရုဏာရှိတော်မူသော အလုံးစုံသော လူတို့၏ အကျိုးစီးပွါးကို စောင့်ရှောက်တော်မူတတ်သောမြတ်စွာဘုရားသည်"ရဟန်း လာလှည့်"ဟု ငါ့ကို မိန့်တော်မူ၏၊ ရဟန်း လာလှည့်ဟူသော ထိုစကားမျှသည်ပင် ငါ၏ (ဧဟိ ဘိက္ခု) ရဟန်းပဉ္စင်း ဖြစ်ခြင်းတည်း။

၆၂၆။ ထိုငါသည် တော၌ တယောက်ထီးတည်း မပျင်းမရိ နေလျက် မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း မြတ်စွာဘုရားစကားတော်ကို လိုက်နာပြုကျင့်၏။

http://www.dhammadownload.com



၆၂၇။ ညဉ့်၏ပဌမယာမ်ပတ်လုံး ရှေး၌နေဘူးသော ခန္ဓာကို အစဉ်အတိုင်း အောက်မေ့ခဲ့၏၊ ညဉ့်၏ မဇ္ဈိမယာမ်ပတ်လုံး နတ်မျက်စိနှင့်တူသော မျက်စိ (ဒိဗ္ဗစက္ခုအဘိညာဉ်) ကို စင်ကြယ်ကြည်လင်စေခဲ့၏၊ ညဉ့်၏ ပစ္ဆိမယာမ်၌ မောဟအစုကို (အာသဝက္ခယဉာဏ်ဖြင့်) ဖျက်ဆီးခဲ့၏။

၆၂၈-၉။ ထိုနောက် ညဉ့်၏အဆုံး နေထွက်ခြင်းကိုအမှတ်ပြု၍ သိကြားမင်းသည်၎င်း ဗြဟ္မာမင်းသည်၎င်း လာကြကုန်လျက် လက်အုပ်ချီကာ "ယောကျ်ားဇာနည် ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရားအား အာသဝေါတရားတို့သည် ကုန်ပါကုန်ပြီ၊ ဆင်းရဲကင်းသောအရှင်ဘုရား အရှင်ဘုရားသည် မြတ်သောအလှူကို ခံတော်မူထိုက်ပါ၏"ဟု ဆို၍ ရှိခိုးကြကုန်၏။

၆၃၀။ ထိုနောက် မြတ်စွာဘုရားသည် နတ်အပေါင်းတို့ဖြင့် ခြံရံအပ်သော ငါ့ကို မြင်တော်မူ၍ ပြုံးတော်မူလျက် ဤဆိုလတ္တံ့သော အနက်သဘောကို မိန့်တော်မူ၏။

၆၃၁။ (ကုန္ဒြေကို စောင့်စည်းခြင်းဟူသော) အကျင့်ဖြင့်၎င်း (ကိုယ်, နှုတ် နှစ်ပါးကို စောင့်စည်းခြင်းဟူသော)သီလဖြင့်၎င်း (ကိလေသာတို့ကို ပယ်စွန့်ကြောင်း)ပညာဖြင့်၎င်း မြတ်သောအကျင့်ဖြင့်၎င်း ဤဆိုအပ်ခဲ့ပြီးသော အကျင့်ဖြင့် (မကောင်းမှုကို အပပြုပြီးသော) ဗြာဟ္မဏမည်၏၊ ဤအကျင့်မြတ်ရှိသောသူကို အလုံးစုံသော ဗြာဟ္မဏတို့ထက် မြတ်သော ဗြာဟ္မဏဟူ၍ ဆိုကုန်၏။

ဤသို့လျှင် သုနီတမထေရ်သည် ရွတ်ဆို၏။

# ဒွါဒသကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၃-တေရသနိပါတ်

## ၁-သောဏကောဠိဝိသတ္ထေရဂါထာ

၆၃၂။ အကြင် သောဏသည် အင်္ဂတိုင်း၌ အင်္ဂတိုင်းရှင် ဘုရင်ဗိမ္ဗိသာရမင်း၏ အလွန်မြတ်သော အခြံအရံ သူကြွယ်ဖြစ်ခဲ့၏၊ ထိုသောဏသည် ယခုအခါ လောကုတ္တရာ တရားကိုးပါးအရာတို့၌ အလွန်မြတ်သည်ဖြစ်၍ ဝဋ်ဆင်းရဲ၏ အဆုံးသို့ ရောက်ပြီ။

၆၃၃။ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို (အောက်မဂ်သုံးပါးဖြင့်) ဖြတ်တောက်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်) ငါးပါးတို့ကို (အရဟတ္တမဂ်ဖြင့်)ပယ်စွန့်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ပယ်ရန်အလို့ငှါ) သဒ္ဓါစသော ဣန္ဒြေငါးပါး တို့ကိုလည်း လွန်စွာ ပွါးစေရာ၏၊ (ဤသို့ပွါးများသော)ရဟန်းကို (ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ) ဟူသော ငြိတွယ်မှုငါးပါးတို့ကို လွန်မြောက်နိုင်၍ ဩဃလေးပါးမှ ကူးမြောက်ပြီးသူဟူ၍ ဆိုအပ်၏။

၆၃၄။ ကျူပင်ကဲ့သို့ အချည်းနှီး တက်ကြွသော မာနရှိ၍ မေ့လျော့ခြင်းသို့ရောက်သော ဗာဟိရာယတနတို့၌ တပ်မက်မှုမကင်းသော ရဟန်းအား သီလ, သမာဓိ, ပညာသည် ပြည့်စုံခြင်းသို့ မရောက်နိုင်။

၆၃၅။ အကြင်ရဟန်းသည် ရဟန်းတို့ပြုသင့်သော အမှုကိစ္စကို စွန့်ပယ်၍ ရဟန်းတို့ မပြုသင့်သော အမှုကိစ္စကိုမူကား ပြုလုပ်၏၊ ကျူပင်ကဲ့သို့ အချည်းနှီးတက်ကြွသော မာန ရှိ၍ မေ့လျော့ခြင်းသို့ ရောက်ကုန်သော ထိုရဟန်းတို့၏ သန္တာန်၌ အာသဝတရားတို့ တိုးပွါးကုန်၏။

၆၃၆။ အကြင်ရဟန်းတို့သည် ကာယဂတာသတိကို အမြဲမပြတ် ကောင်းစွာအားထုတ်အပ်ကုန်၏၊ ထိုရဟန်းတို့သည် မပြုသင့်သောကိစ္စကို မပြုလုပ်မမှီဝဲကုန်၊ ပြုသင့်သော ကိစ္စ၌ အမြဲပြုလေ့ရှိကုန်၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံကုန်သော ထိုရဟန်းတို့၏ သန္တာန်၌ အာသဝေါတရားတို့သည် ပျက်စီးချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။

၆၃၇။ ဖြောင့်မတ်သော အရိယမဂ်တရားကို (မြတ်စွာဘုရား) ဟောကြားညွှန်ပြတော်မူအပ်သည်ရှိသော် ကျင့်ကြကုန်လော့၊ မဆုတ်နစ်ကြကုန်လင့်၊ အမျိုးကောင်းသားသည် မိမိကိုယ်တိုင်သာလျှင် မိမိကိုယ်ကို တိုက်တွန်းလျက် နိဗ္ဗာန်သို့ ရှေးရှုဆောင်ရာ၏။

၆၃၈။ လောကသုံးပါး၌ အတုမရှိမူ၍ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အားထုတ်လွန်းသောဝီရိယနှင့်စပ်လျဉ်း၍ စောင်းတီးခြင်းဥပမာကို ပြုတော်မူ၍ ငါ့အား တရားဟောတော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားစကားကို ကြားနာရသည်ရှိသော် သာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ နေခဲ့၏။

http://www.dhammadownload.com



၆၃၉။ မြတ်သော (အရဟတ္တဖိုလ်) အကျိုးကို ရခြင်းငှါ ဝိပဿနာသမာဓိကို ပြီးစေခဲ့၏၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်းရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၆၄၀-၁။ ကာမဂုဏ်မှ လွတ်မြောက်မှု၌ နှလုံးသွင်းသူ စိတ်၏ဆိတ်ငြိမ်မှုကို နှလုံးသွင်းသူ ကြောင့်ကြကင်းရာ (သမာဓိသုခ)၌ နှလုံးသွင်းသူ ဥပါဒါန်တို့၏ကုန်ရာ (အရဟတ္တဖိုလ်)၌ နှလုံးသွင်းသူ တဏှာကုန်ရာ (နိဗ္ဗာန်)၌ နှလုံးသွင်းသူ စိတ်၏မတွေဝေမှု (အရိယမဂ်) ကိုနှလုံးသွင်းသူ ရဟန်း၏စိတ်သည် အာယတနတို့၏ဖြစ်ခြင်း (ချုပ်ခြင်း)ကို (မဂ်ပညာဖြင့်)မြင်သောကြောင့် အာသဝတရားအားလုံးမှ ကောင်းစွာလွတ်၏။

၆၄၂။ (ကိလေသာအားလုံးတို့မှ) ကောင်းစွာလွတ်ပြီးသော ငြိမ်သက်သောစိတ်ရှိသော ထိုရဟန္တာပုဂ္ဂိုလ်အား ပြုအပ်ပြီးသောကုသိုလ် အကုသိုလ်၏ ပွါးစီးခြင်း မရှိတော့ပြီ၊ ပြုဖွယ် (မဂ်) ကိစ္စလည်း မရှိတော့ပြီ။

၆၄၃-၄။ တစ်ခဲနက် ကျောက်အတိပြီးသောတောင်သည် ပြကတေ့သောလေကြောင့် မတုန်လှုပ်နိုင်သကဲ့သို့ ထိုအတူ အလုံးစုံသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော ဣဋ္ဌာရုံတရားတို့သည်၎င်း အနိဋ္ဌာရုံတရားတို့သည်၎င်း တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်၏ တဏှာနှင့်မယှဉ်မှု၍တည်သောစိတ်ကို မလှုပ်ရှားစေနိုင်ကုန်၊ ထိုအာရုံတရား၏ ချုပ်ခြင်း ပျက်ခြင်းကိုလည်း ရှုမြင်၏။

ဤသို့လျှင် သောဏကောဠိဝိသမထေရ်သည် ရွတ်ဆို၏။

# တေရသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၄-စုဋ္ဌသကနိပါတ်

## ၁-ခဒိရဝနိယရေဝတတ္ထေရဂါထာ

၆၄၅။ အကြင်အခါ၌ ငါသည် (လူ့ဘောင်မှ ရဟန်းဘောင်သို့) ဝင်ရောက် ရဟန်းပြု၏၊ ထိုအခါမှစ၍ အဘိဇ္ဈာ ဗျာပါဒ၏အစွမ်းဖြင့် (မမြတ်သောဒေါသနှင့်စပ်ယှဉ်သော အကြံကို) ကြံစည်ဘူး၏ဟု မသိစဘူး။

၆၄၆။ ဤရှည်စွာသောကာလအတွင်း၌ ဤသတ္တဝါတို့သည် သေကြစေကုန်သတည်း၊ ပုတ်ခတ်ညှဉ်းဆဲခံကြရစေကုန်သတည်း၊ ဆင်းရဲသို့ရောက်ကြစေကုန်သတည်း (ဟူသော မမြတ်သော ဒေါသနှင့်စပ်ယှဉ်သော) အကြံကို ကြံစည်ဘူး၏ ဟု မသိစဘူး။

၆၄၇။ အတိုင်းမသိသော သတ္တဝါ၊ပညတ်လျှင် အာရုံရှိသော ကောင်းစွာပွါးအပ်သော မေတ္တာနှင့်ယှဉ်သောစိတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အစဉ်အားဖြင့် လေ့လာဆည်းပူးအပ်သည်ကိုသာ သိဘူး၏။

၆၄၈။ ငါသည် သတ္တဝါအားလုံးတို့၏ မိတ်ဆွေ သတ္တဝါ၊အားလုံးတို့၏ ခင်ပွန်းဖြစ်၍ သတ္တဝါ အားလုံးတို့ကို ချီးမြှောက်ကာ သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ အခါခပ်သိမ်း မေတ္တာနှင့်ယှဉ်သောစိတ်ကို ပွါးများ၏။

၆၄၉။ ငါသည် မေတ္တာနှင့်ယှဉ်သော မိမိစိတ်ကို ရာဂမဆွဲဆောင် အပ်သည်ကိုရင်း ဒေါသမဖျက်ဆီးအပ်သည်ကိုရင်း ပြု၍ ဝမ်းမြောက်စေပြီးလျှင် အောက်တန်းစားပုဂ္ဂိုလ်တို့ မမှီဝဲနိုင်သော ဗြဟ္မဝိဟာရတရားလေးပါးကို ပွါးများနေ၏။

၆၅၀။ (ဝိတက် ဝိစာရကင်းသော) ဒုတိယစျာန်စသည်ကိုဝင်စားသော ဘုရားရှင်တပည့်သားသာဝကသည် ထိုဝင်စားသော အခိုက်၌ မြတ်သော ဆိတ်ဆိတ်နေခြင်းနှင့် ပြည့်စုံ၏။

၆၅၁။ ကျောက်တောင်သည် (ပကတိလေတို့ဖြင့်) မတုန်မလှုပ်မူ၍ ကောင်းစွာတည်သကဲ့သို့ ထို့အတူ ရဟန်းသည် မောဟကုန်ခြင်းကြောင့် တောင်ကဲ့သို့ မတုန်မလှုပ်ကောင်းစွာတည်၏။

၆၅၂။ (ရာဂစသော ကိလေသာ) အညစ်အကြေး ကင်းပြီးသော စင်ကြယ်၍ အပြစ်ကင်းသော တရားကို ရှာမှီးလေ့ရှိသော ယောကျ်ားအား သားမြီးဖျားမျှလောက်သော မကောင်းမှုကို တိမ်တိုက်ကြီးမျှလောက်ပင် အမြဲထင်နေ၏။

၆၅၃။ (မြို့နေလူတို့သည်) အစွန်အဖျားကျသော မိမိမြို့ကို အတွင်းရော အပြင်ပါ စောင့်ရှောက်လုံခြုံစေသကဲ့သို့ ထို့အတူ မိမိကိုယ်ကို စောင့်ရှောက်လုံခြုံစေရာ၏၊ ဗုဒ္ဓုပ္ပါဒနဝမခဏသည် သင်တို့ကို မလွန်စေလင့်။

၆၅၄။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ သူရင်းငှါးသည် လုပ်ခရရန်အတွက် နေ့ကုန်မည့်အချိန်ကိုသာ ငံ့လင့်စောင့်မျှော်သကဲ့သို့ ငါသည် ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကိုသာ ငံ့လင့်စောင့်မျှော်၏။

http://www.dhammadownload.com



၆၅၅။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ ထင်သောသတိရှိကာ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ပြုချိန်ကိုသာ ငံ့လင့်စောင့်မြော်နေ၏။

၆၅၆။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို နုတ်အပ်ပြီ။

၆၅၇။ အကြင် အရဟတ္တဖိုလ်အကျိုးငှါ (လူ့ဘောင်မှ ရဟန်းဘောင်သို့)ဝင်ရောက် ရဟန်းပြု၏၊ အလုံးစုံသော နှောင်ကြိုးသံယောဇဉ်တို့၏ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သော အကျိုးကိုလည်း ငါရပြီ။

၆၅၈။ မမေ့မလျော့မှု 'အပ္ပမာဒ'နှင့် ပြည့်စုံကြစေကုန်လော့၊ ဤသည်လျှင် ငါ၏ အဆုံးအမတည်း၊ ယခုအခါ ငါသည် ဘဝအားလုံးတို့မှ လွတ်မြောက်သူဖြစ်၍ ပရိနိဗ္ဗာန်ပြုတော့အံ့။

ဤသို့လျှင် ခဒိရဝနိယရေဝတမထေရ်သည် ရွတ်ဆို၏။

## ၂-ဂေါဒတ္တတ္ထေရဂါထာ

၆၅၉။ ဝန်ကို ဆောင်ရွက်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ ကောင်းသော အားအစွမ်းနှင့်ပြည့်စုံသော လှည်းဦး၌ တပ်ထားသော နွားလားဥသဘသည် လေးလံလွန်းသောဝန်ဖြင့် ဖိထားရုန်းစေပါသော်လည်း မိမိ(ပခုံးထက်၌တင်ထားသော)ထမ်းပိုးကိုမစွန့်သကဲ့သို့ရှင်း-

၆၆၀။ ရေပြည့်သော မဟာသမုဒ္ဒရာကဲ့သို့ရှင်း ဤအတူ (လောကီ လောကုတ္တရာ) ပညာနှင့် ပြည့်စုံသောသူတို့သည် အခြားတပါးသော ပညာမဲ့သူတို့ကို မထေမဲ့မြင်မပြုကြကုန်၊ (ဤသို့ ပညာနှင့်ပြည့်စုံမှုကြောင့် မိမိကိုယ်ကို မလွှားသကဲ့သို့ တပါးသော) သတ္တဝါတို့ကို (မထေမဲ့မြင်မပြုခြင်းသည်) အရိယာတို့၏ သဘောတည်း။

၆၆၁။ (လောကဓံနှင့်တွေ့ကြုံသော)အခါ၌ လောကဓံအလိုသို့ လိုက်ကြရကုန်သော လူတို့သည် (လောကဓံကြောင့် ဖြစ်ပေါ်လာသော) တိုးတက်မှု ဆုတ်ယုတ်မှုအလိုသို့ လိုက်ပါရကုန်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ ကျရောက်ကြရကုန်၏၊ ထိုသတ္တဝါတို့သည် (ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းသို့ ရောက်ကုန်သည်ဖြစ်၍) ဤပစ္စုပ္ပန်လောက၌ စိုးရိမ်ပူပန်ကြရကုန်၏၊ (တမလွန်လောက၌လည်း ဆင်းရဲခြင်းသို့ ရောက်ကြရကုန်၏)။

၆၆၂။ သတ္တဝါတို့သည် ချမ်းသာမှုဟူသော အကြောင်းကြောင့်လည်း တက်ကြွကုန်၏၊ ဆင်းရဲမှုဟူသော အကြောင်းကြောင့်လည်း နိမ့်ကျကုန်၏၊ (တရားသဘောကို) ဟုတ်တိုင်းမှန်စွာ မသိမြင်ကုန်သော လူမိုက်တို့သည် ယင်းတက်ကြွမှု နိမ့်ကျမှုနှစ်မျိုးကြောင့် ပင်ပန်းကြရကုန်၏။

၆၆၃။ အကြင် အရိယာပုဂ္ဂိုလ်တို့သည်ကား ဒုက္ခဝေဒနာ၌ရှင်း သုခဝေဒနာ၌ရှင်း ဥပေက္ခာဝေဒနာ၌ရှင်း ( ထိုဝေဒနာသုံးပါးနှင့်စပ်သော )တဏှာကို လွန်မြောက်ကုန်ပြီ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည် တံခါးတိုင်ကဲ့သို့ ခိုင်မြဲတည်တံ့ကြကုန်၏၊ ထိုအရိယာပုဂ္ဂိုလ်တို့သည် တက်ကြွမှု နိမ့်ကျမှုတို့သည်လည်း (တရံတခါမျှ) မဖြစ်ကြကုန်။

http://www.dhammadownload.com



၆၆၄။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လာဘ်ရခြင်းကြောင့်ရင်း လာဘ်မရခြင်းကြောင့်ရင်း မတုန်မလှုပ်ကုန်၊ အခြံအရံများခြင်းကြောင့်ရင်း ကျော်စောခြင်းကြောင့်ရင်း မတုန်မလှုပ်ကုန်၊ ကဲ့ရဲ့ခြင်းကြောင့်ရင်း ချီးမွမ်းခြင်းကြောင့်ရင်း မတုန်မလှုပ်ကုန်၊ ဆင်းရဲခြင်းကြောင့်ရင်း ချမ်းသာခြင်းကြောင့်ရင်း မတုန်မလှုပ်ကုန်။

၆၆၅။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် လောကဓံတရား အားလုံးတို့၌ ကြာဖက်ပေါ်၌ (ကျသော)ရေပေါက်ကဲ့သို့ မလိမ်းကျံ မကပ်ငြိကုန်၊ ပညာရှိသော ထိုရဟန္တာပုဂ္ဂိုလ်တို့သည် အလုံးစုံသောအရပ်တို့၌ ရန်သူတို့ မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသော အရာဌာနတို့၌ ချမ်းသာခြင်းသို့ ရောက်ကြကုန်၏။

၆၆၆။ တရားနှင့်လျော်ညီသော လာဘ်မရခြင်းနှင့် တရားနှင့်မလျော်သော လာဘ်ရခြင်းနှစ်မျိုးတို့တွင် တရားနှင့်လျော်ညီသော လာဘ်မရခြင်းက မြတ်သေး၏၊ တရားနှင့်မလျော်သော လာဘ်ရခြင်းကား မမြတ်သည်သာတည်း။

၆၆၇။ ပညာနည်းသောပုဂ္ဂိုလ်တို့၏ အခြံအရံ အကျော်အစောများခြင်းနှင့် ပညာရှိသောပုဂ္ဂိုလ်တို့၏ အခြံအရံ အကျော်အစောမရှိခြင်း(နှစ်ပါးတို့တွင်) ပညာရှိတို့၏ အခြံအရံ အကျော်အစောမရှိခြင်းသည် မြတ်သေး၏၊ ပညာနည်းသောသူတို့၏ အခြံအရံ အကျော်အစောများခြင်းသည်ကား မမြတ်သည်သာတည်း။

၆၆၈။ ပညာမဲ့သူတို့ချီးမွမ်းခြင်းနှင့် ပညာရှိတို့၏ကဲ့ရဲ့ခြင်း(နှစ်ပါးတို့တွင်) ပညာရှိတို့ ကဲ့ရဲ့ခြင်းက မြတ်ပါသေး၏၊ ပညာမဲ့သူတို့ ချီးမွမ်းခြင်းကား မမြတ်သည်သာတည်း။

၆၆၉။ (ကာမဂုဏ်တို့ကို စွဲ၍ဖြစ်သော) ချမ်းသာခြင်းနှင့် ကာမဂုဏ်မှ ကင်းဆိတ်ခြင်း'ဝိဝေက'ကြောင့်ဖြစ်သော ဆင်းရဲခြင်း(နှစ်ပါးတို့တွင်) ကာမဂုဏ်မှ ကင်းဆိတ်ခြင်း 'ဝိဝေက' ကြောင့်ဖြစ်သော ဆင်းရဲခြင်းက မြတ်သေး၏၊ ကာမဂုဏ်တို့ကို စွဲ၍ဖြစ်သော ချမ်းသာသည်ကား မမြတ်သည်သာတည်း။

၆၇၀။ မတရားသဖြင့် အသက်ရှင်နေခြင်းနှင့် တရားသဖြင့် သေရခြင်း(နှစ်ပါးတို့တွင်) တရားသဖြင့် သေရခြင်းက မြတ်သေး၏၊ မတရားသဖြင့် အသက်ရှင်ရခြင်းကား မမြတ်သည်သာတည်း။

၆၇၁။ အကြင်ပုဂ္ဂိုလ်တို့သည် ချစ်ခင်လိုက်လျောမှု 'ကာမ' မုန်းတီးဆန့်ကျင်မှု 'ကောဓ'တို့ကို ပယ်ထားပြီး ဖြစ်ကုန်၏၊ ဘဝကြီးငယ်၌ ငြိမ်းအေးသောစိတ် ရှိကုန်၏၊ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌ (တဏှာဒိဋ္ဌိအစွမ်းဖြင့်) မမှီမူ၍ ဖြစ်ကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့အား (လောကဓံတရားတို့၌) ချစ်ခြင်း မုန်းခြင်း မရှိနိုင်တော့ပေ။

၆၇၂။ (ထိုရဟန္တာပုဂ္ဂိုလ်တို့သည်) ဗောဇ္ဈင်ခုနစ်ပါးတို့ကိုရင်း ဣန္ဒြေငါးပါးတို့ကိုရင်း ဗိုလ်ငါးပါးတို့ကိုရင်း ပွါးများပြီးလျှင် မြတ်သောနိဗ္ဗာန်သို့ရောက်၍ အာသဝေါကင်းကုန်လျက် ပရိနိဗ္ဗာန်ပြုတော်မူကြကုန်၏။

ဤသို့လျှင် ဂေါဒတ္တမထေရ်သည် ရွတ်ဆို၏။

# စုဒ္ဒသကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၅-သောဠသကနိပါတ်

## ၁-အညာသိကောဏ္ဍညတ္ထေရဂါထာ

၆၇၃။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် တစုံတခုသော တရားကိုမျှ မစွဲလမ်းမူ၍ တပ်မက်မှုကင်းကြောင်းဖြစ်သော တရားတော်ကို အရှင်ဘုရားတို့သည် ဟောကြားတော်မူအပ်ပါပေ၏၊ ထိုအကျွန်ုပ်သည် မျှားမြတ်သော အရသာရှိသော တရားတော်ကို ကြားနာရ၍ လွန်စွာကြည်ညိုလှပါ၏(ဟု သိကြားမင်းက လျှောက်၏)။

၆၇၄။ ဤမြေအပြင် လူ့ပြည်လောက၌ ဆန်းကြယ်များပြားကုန်သော အာရုံတို့သည်ရင်း တင့်တယ်သော ရာဂနှင့် စပ်ယှဉ်သော ကာမဝိတက်သည်ရင်း (အချင်းချင်း) ထွေးလုံးရစ်ပတ်ကုန်ဘိသကဲ့သို့ တည်နေကြကုန်၏။

၆၇၅။ (နွေဥတု၏ နောက်ဆုံးလ၌) လေကြောင့်တက်လာသော မြူကို (ရွာသွန်းလိုက်သော) မိုးကြီးသည် ငြိမ်းအေးစေသကဲ့သို့ ထို့အတူ (အရိယာတပည့်သည်) အကြင်အခါ (ဆန်းကြယ်သော အာရုံတို့ကို ဟုတ်တိုင်းမှန်စွာ) ပညာဖြင့် ရှုမြင်နိုင်၏၊ (ထိုအခါ) မိစ္ဆာဝိတက်တို့သည် ငြိမ်းကုန်၏။

၆၇၆။ အကြင်အခါ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်ဟု (ဝိပဿနာ) ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ ငြီးငွေ့ခြင်းသည် (ဉာဏဒဿန) ဝိသုဒ္ဓိကို ရခြင်း၏ အကြောင်းတည်း။

၆၇၇။ အကြင်အခါ အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏ဟု (ဝိပဿနာ) ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ ငြီးငွေ့ခြင်းသည် (ဉာဏဒဿန) ဝိသုဒ္ဓိကို ရခြင်း၏ အကြောင်းတည်း။

၆၇၈။ အကြင်အခါ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန်ဟု (ဝိပဿနာ) ပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏၊ ဤသို့ ငြီးငွေ့ခြင်းသည် (ဉာဏဒဿန) ဝိသုဒ္ဓိကို ရခြင်း၏ အကြောင်းတည်း။

၆၇၉။ ဘုရားရှင်သို့ အတုလိုက်၍သိတော်မူသော ထက်မြက်သော လုံ့လရှိတော်မူသော ပဋိသန္ဓေနေခြင်း သေခြင်းကို ပယ်တော်မူပြီးသော ကောဏ္ဍညမထေရ်သည် မြတ်သောသီတင်းသုံးခြင်းကို အကြွင်းမဲ့ ဖြည့်လေ့ရှိ၏။

၆၈၀။ ဩဃလေးပါးနှင့် ရာဂတည်းဟူသော ကျော့ကွင်းသည်ရင်း မြဲမြံခိုင်ခံ့သော ခြောင့်တံသင်း ငါးမျိုးသည်ရင်း ဖောက်ခွဲနိုင်ခဲသော တောင်နှင့်တူသော အဝိဇ္ဇာသည်ရင်း ရှိ၏၊ အကြင်ပုဂ္ဂိုလ်သည် စိတ်၏ ခြောင့်တံသင်းငါးမျိုးကိုရင်း ဩဃလေးပါးနှင့် ရာဂတည်းဟူသော ကျော့ကွင်းကိုရင်း ဖောက်ခွဲနိုင်ခဲသော တောင်နှင့်တူသော အဝိဇ္ဇာကိုရင်း ဖောက်ခွဲဖြိုဖျက်လျက် ဈာန်ဝင်စားကာ ဩဃလေးပါးတို့ကို ကူးမြောက်လျက် နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်တော့၏။

http://www.dhammadownload.com



၆၈၁။ တုန်လှုပ်ပျံ့လွင့်သော လျှပ်ပေါ် လော်လည်သော ရဟန်းသည် ယုတ်ညံ့သော အဆွေခင်ပွန်းတို့ကို အမှီပြု၍ သံသရာဟည်းဟူသော ကြီးစွာသော ရေအယဉ်၌ အမျက်ထွက်ခြင်းစသော လှိုင်းတံပိုးတို့ လွှမ်းမိုးဖိစီးခံရလျက် နစ်မြုပ်ရ၏။

၆၈၂။ ပျံ့လွင့်တုန်လှုပ်ခြင်း မရှိ လျှပ်ပေါ် လော်လည်ခြင်းလည်း မရှိသော မိမိအကျိုးစီးပွါး သူတပါးအကျိုးစီးပွါး၌ လိမ်မာသော ဣန္ဒြေတို့ကို စောင့်စည်း ပိတ်ဆို့ထားသော အဆွေခင်ပွန်းကောင်းရှိသော ပညာရှိရဟန်းသည် ဆင်းရဲ၏ အဆုံးကို ပြုနိုင်ရာ၏။

၆၈၃။ မည်းနက်သည်ဖြစ်၍ ကိုင်းသော ကိုယ်အင်္ဂါရှိသော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသည့် ကိုယ်ရှိလျက် မပျင်းရိသော စိတ်ရှိသူသည် ထမင်းအဖျော်၌ အတိုင်းအရှည်ကို သိ၏။

၆၈၄။ ဆင်ပြောင်ကြီးသည် စစ်မြေဦး၌ (လက်နက်တို့ဖြင့် ပုတ်ခတ်မှုကို သည်းခံ၍ သူတပါးစစ်သည်ကို ဖျက်ဆီးသကဲ့သို့ ထိုအတူ ရဟန်းသည်) တောနက်ကြီးအတွင်းဝယ် သတိနှင့် ပြည့်စုံသည်ဖြစ်၍ ခြင် မှက်တို့တွေ့ထိကိုက်ခဲမှုကို သည်းခံလျက် (မာရ်စစ်သည်ကို ဖျက်ဆီးရာ၏)။

၆၈၅။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ သူရင်းငှါးသည် လုပ်ခရရန်အတွက် နေ့ကုန်သည့်အချိန်ကိုသာ ငံ့လင့်စောင့်မြော်သကဲ့သို့ ငါသည် ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကိုသာ ငံ့လင့်စောင့်မြော်၏။

၆၈၆။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ ထင်သောသတိရှိကာ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန် ပြုချိန်ကိုသာ ငံ့လင့်စောင့်မြော်နေ၏။

၆၈၇။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို နုတ်အပ်ပြီ။

၆၈၈။ အကြင်အရဟတ္တဖိုလ်အကျိုးငှါ (လူ့ဘောင်မှ ရဟန်းဘောင်သို့) ဝင်ရောက်ရဟန်းပြု၏၊ ငါသည် ထိုအရဟတ္တဖိုလ်ဟူသောအကျိုးကို အစဉ်အတိုင်း ရအပ်ပြီ၊ ငါအား ဤ (ဆိုနိုင်ခက်သော) တပည့်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။

ဤသို့လျှင် ကောဏ္ဍညမထေရ်သည် ရွတ်ဆို၏။

## ၂-ဥဒါယိတ္ထေရဂါထာ

၆၈၉-၁။ ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးသော(မဂ်ဖိုလ်သမာဓိဖြင့်)တည်ကြည်တော်မူသော ဗြဟ္မဝိဟာရတရားလေးပါးတည်းဟူသော လမ်းခရီး၌ ကြွသွားတော်မူသော စိတ်၏ ငြိမ်းအေးရာ နိဗ္ဗာန်၌ မွေ့လျော်တော်မူသော အလုံးစုံသော တရားတို့၏ ပါရဂူဖြစ်တော်မူသော အလုံးစုံသော သံယောဇဉ်တို့ကို လွန်မြောက်ပြီးသော (ကိလေသာ) တောမှ (ကိလေသာတောမရှိရာ)နိဗ္ဗာန်သို့ ကပ်ရောက်တော်မူပြီးသော (အလုံးစုံသော) ကာမတို့မှ ထွက်မြောက်ခြင်း၌ မွေ့လျော်တော်မူသော ကျောက်မှ ကင်းလွတ်သော

http://www.dhammadownload.com



ရွှေကဲ့သို့သော လူသားဖြစ်သော မြတ်စွာဘုရားကို လူတို့သည်၎င်း နတ်တို့သည်၎င်း ရှိခိုးကြကုန်၏၊ ဤသို့ ငါသည် ဘုရားအစရှိသော သူတော်ကောင်းတို့ထံမှ ကြားနာရဘူး၏။

၆၉၂။ ဟိမဝန္တာတောင်မင်းသည် အခြားတပါးသော တောင်တို့ကို လွန်၍ တင့်တယ်ဘိသကဲ့သို့ အဘူမရှိလွန်မြတ်တော်မူသော နာဂဟူ၍ မှန်ကန်သောအမည်ကို ရတော်မူသော ထိုမြတ်စွာဘုရားသည် နာဂအမည်ရသူ အားလုံးတို့ထက် စင်စစ် လွန်၍တင့်တယ်တော်မူ၏။

၆၉၃။ သင်တို့အား နာဂအကြောင်းကို ငါပြောကြားပေအံ့၊ ထိုမြတ်စွာဘုရားသည် မကောင်းမှုကို (အချင်းခပ်သိမ်း) ပြုတော်မမူသောကြောင့် နာဂမည်တော်မူ၏၊ သောရစ္စဟူသော သီလသည်၎င်း မညှဉ်းဆဲခြင်း ကရုဏာသည်၎င်း ဤတရားနှစ်ပါးတို့သည် ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ (ရှေ့)ခြေနှစ်ဖက်တို့ မည်ကုန်၏။

၆၉၄။ သတိသည်၎င်း ပညာသည်၎င်း ထိုတရားနှစ်ပါးတို့သည် ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏(နောက်)ခြေနှစ်ဖက်တို့ မည်ကုန်၏၊ (ဘုရားတည်းဟူသော)ဆင်ပြောင်ကြီးသည်ကား သဒ္ဓါတရားတည်းဟူသော နှာမောင်းရှိတော်မူ၏၊ ဥပေက္ခာတည်းဟူသော ဖြူစင်သော အစွယ်လည်း ရှိတော်မူ၏။

၆၉၅။ သတိသည်(ထိုမြတ်စွာဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏)လည်ပင်းတော်ပေတည်း၊ တရားတို့ကို ကြံစည်စူးစမ်းတတ်သော ပညာသည် ဦးခေါင်းတော်ပေတည်း၊ (ဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် သမထဝိပဿနာတရားတည်းဟူသော) ဝမ်းပိုက်ရှိတော်မူ၏၊ (ဥပဓိမှ) ကင်းဆိတ်ခြင်းသည် ထိုဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ အမြီးပေတည်း။

၆၉၆။ ထိုဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် ဈာန်အာရုံတို့ကို ရှုလေ့ရှိတော်မူ၏၊ ခြိတ်သော သက်သာရာနိဗ္ဗာန်၌ မွေ့လျော်တော်မူ၏၊ ဝိသာယဇ္ဈတ္တဟု ဆိုအပ်သော ဖလသမာပတ်၌ ကောင်းစွာ တည်ကြည်သော စိတ်ရှိတော်မူ၏၊ ဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် ကြွသည်ရှိသော် တည်ကြည်သော စိတ်ရှိတော်မူသည်ဖြစ်၍ ကြွတော်မူ၏၊ ရပ်တော်မူသည်ရှိသော် တည်ကြည်သော စိတ်ရှိတော်မူသည်ဖြစ်၍ ရပ်တော်မူ၏။

၆၉၇။ ကျိန်းစက်တော်မူသည်ရှိသော် တည်ကြည်သော စိတ်ရှိတော်မူသည် ဖြစ်၍ ကျိန်းစက်တော်မူ၏၊ ထိုင်တော်မူသည်ရှိသော် တည်ကြည်သော စိတ်ရှိတော်မူသည်ဖြစ်၍ ထိုင်တော်မူ၏၊ ဘုရားတည်းဟူသော ဆင်ပြောင်ကြီးသည် အလုံးစုံ (အာရုံဒွါရ) တို့၌ စောင့်စည်းတော်မူ၏၊ ဤသည်ပင် ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ ပြည့်စုံခြင်းပါပေတည်း။

၆၉၈။ အပြစ်မရှိသော အစာအာဟာရတို့ကို ဘုဉ်းပေးတော်မူ၏၊ အပြစ်ရှိသော အစာအာဟာရတို့ကို ဘုဉ်းပေးတော်မမူ၊ အစားအစာကို၎င်း အဝတ်အထည်ကို၎င်း ရသည်ရှိသော် သိုမှီးသိမ်းဆည်းခြင်းမှ ရှောင်ကြဉ်တော်မူ၏။

http://www.dhammadownload.com



၆၉၉။ ငယ်ငယ်ကြီးကြီးဖြစ်သော သံယောဇဉ်အနှောင်အဖွဲ့အားလုံးကို အကြွင်းမဲ့ ဖြတ်၍ ငဲ့ကွက်မှုမရှိပဲသာလျှင် သွားလိုရာရာအရပ်သို့ ကြွသွားတော်မူ၏။

၇၀၀-၁။ ဥပမာအားဖြင့် အနံ့ကောင်း၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ကြာပုဏ္ဍရိက် သည်၎င်း ပဒုမာကြာသည်၎င်း ရေ၌ ပေါက်ရောက်ကြီးပွါးသော်လည်း ရေနှင့်မူကား မလိမ်းကျံသကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရားသည် လောက၌ဖြစ်၍ လောက၌ နေတော်မူသော်လည်း လောကနှင့်လိမ်းကျံတော်မမူပေ။

၇၀၂။ အလျှံပြောင်ပြောင် တောက်လောင်သော မီးပုံကြီးသည် လောင်စာမရှိသည် ရှိသော် ငြိမ်းအေး၏၊ မီးကျီးစုတို့ ထင်ရှားရှိကုန်သေးသော်လည်း (လောင်စာမရှိသည့် အဖြစ်ကြောင့် ထိုမီးကို)ငြိမ်းပြီးဟူ၍ ဆိုရ၏။

၇၀၃။ အနက်ကို သိစေတတ်သော ဤဥပမာကို ပညာရှိတို့ ပြောကြားအပ်ကုန်ပြီ၊ ရဟန္တာ'နာဂ'ဖြစ်သော ငါသည် ပြောကြားအပ်သော (ဘုရားတည်းဟူသော ဆင်ပြောင် ကြီး)နာဂအကြောင်းကို ရဟန္တာမြတ်'မဟာနာဂ'တို့သည် သိကြကုန်လတ္တံ့။

၇၀၄။ ဘုရားတည်းဟူသော နာဂသည် ရာဂလည်း ကင်း၏၊ ဒေါသလည်း ကင်း၏၊ မောဟလည်း ကင်း၏၊ အာသဝေါလည်း ကင်း၏၊ ခန္ဓာကိုယ် အတ္တဘောကို စွန့်ပျက် အာသဝေါကင်းပြီးသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။

ဤသို့လျှင် ဥဒါယိမထေရ်သည် ရွတ်ဆို၏။

## သောဠသကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၆-ဝီသတိနိပါတ်

## ၁-အဓိမုတ္တတ္ထေရဂါထာ

၇၀၅။ ငါတို့သည် မွေးအခါက နတ်ပူဇော်ပသခြင်းငှါသော်၎င်း ဥစ္စာနှစ်ကို ဆောင်ခြင်းငှါသော်၎င်း အကြင်သတ္တဝါတို့ကို သတ်ဖြတ်ဘူးကုန်၏၊ (ငါတို့)ဖမ်းယူအပ်ကုန်သော ထိုသတ္တဝါတို့တွင် (သင်မှတပါး) အခြားသတ္တဝါတို့အား ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်၏၊ ထိုသတ္တဝါတို့သည် တုန်လှုပ်လည်း တုန်လှုပ်ကုန်၏၊ မြည်တမ်းလည်း မြည်တမ်းကုန်၏။

၇၀၆။ သင့်မှာမူကား ကြောက်ရွံ့ခြင်းမရှိ၊ သင်၏မျက်နှာအဆင်းသည် အလွန်ကြည်လင်၏၊ ဤသို့ကြီးစွာသောဘေး ရှေးရှုထင်လတ်သောအခါ၌ အဘယ့်ကြောင့် မငိုကြွေးဘိသနည်း(ဟု ခိုးသူကြီးက မေး၏)။

၇၀၇။ ခိုးသူကြီး ငဲ့ကွက်မှုတဏှာကင်းသော ငါ့အား စိတ်ဆင်းရဲမှုမရှိ၊ သံယောဇဉ်ကုန်ပြီးသော ငါ့အား အလုံးစုံသော ဘေးတို့သည် စင်စစ် လွန်မြောက်သွားကုန်ပြီ။

၇၀၈။ သစ္စာလေးပါးတရားကို ဟုတ်တိုင်းမှန်စွာ မဂ်ပညာဖြင့် မြင်သောကြောင့်၎င်း ဘဝသုံးပါးသို့ ဆွဲငင်ယူဆောင်တတ်သော တဏှာ၏ ကုန်ခြင်းကြောင့်၎င်း တစုံတယောက်သောသူသည် ခေါင်းပေါ်၌တည်ရှိသော လေးလံသောဝန်ကို ချခြင်း၌ မကြောက်သကဲ့သို့ ထို့အတူ ငါ့အား သေခြင်း၌ ကြောက်ခြင်းမဖြစ်။

၇၀၉။ ငါသည် အကျင့်မြတ်ကို ကောင်းစွာ ကျင့်အပ်ပြီ၊ အရိယမဂ်ကိုလည်း ကောင်းစွာ ပွါးများအပ်ပြီ၊ (ရောဂါနှိပ်စက်နေသောသူအား)အနာရောဂါကင်းပျောက်ခြင်းကြောင့် နှစ်သက်ဝမ်းမြောက်သကဲ့သို့ ထို့အတူ သေခြင်း၌ ငါ့အား ကြောက်ခြင်းမရှိတော့ပေ။

၇၁၀။ ငါသည် အကျင့်မြတ်ကို ကျင့်အပ်ပြီ၊ အရိယမဂ်ကိုလည်း ကောင်းစွာ ပွါးများအပ်ပြီ၊ ဘဝသုံးပါးတို့သည် သာယာဖွယ် ကင်းကုန်၏ဟူ၍ မြင်အပ်ကုန်ပြီ၊ အဆိပ်ကိုသောက်ပြီး၍ အန်ဆေးဖြင့် ထိုအဆိပ်ကို ထွေးအန်စွန့်ပစ်သကဲ့သို့ (ငါ့အား သေခြင်း၌ ကြောက်ခြင်းမရှိတော့ပေ)။

၇၁၁။ သံသရာခရီးမှ လွတ်မြောက်သူသည် နှစ်သက်ဝမ်းမြောက်သကဲ့သို့ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့ ရောက်သူ ဥပါဒါန်လေးပါးတို့ဖြင့် မစွဲလမ်းသူ မဂ်ကိစ္စကို ပြုပြီးသူ အာသဝေါကင်းပြီးသူသည် အသက်ကုန်ခြင်းဟူသော အကြောင်းကြောင့် နှစ်သက်ဝမ်းမြောက်၏။

၇၁၂။ မီးလောင်နေသော အိမ်မှ လွတ်မြောက်သူသည် မစိုးရိမ်သကဲ့သို့ မြတ်သော ထေရ်သဘောသို့ ရောက်ပြီးသူသည် အလုံးစုံသော လောက၌ ငဲ့ကွက်မှုမရှိတော့ပြီဖြစ်၍ သေခြင်း၌ မစိုးရိမ်တော့ပေ။

http://www.dhammadownload.com



၇၁၃။ ဤလောက၌ အကြင်တစုံတခုသော သင်္ခါရတို့ ပေါင်းဆုံမှုသည် ရှိ၏၊ အကြင် သတ္တဝါအပေါင်း၌ ဥပပတ္တိဘဝကိုလည်း ရအပ်၏၊ ဤအလုံးစုံသည် မိမိအလိုသို့ မလိုက်သောကြောင့် အစိုးရခြင်းမှ ကင်း၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

၇၁၄။ အကြင် အရိယာသာဝကသည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ထို ဘဝသုံးပါးကို သိ၏၊ ထိုအရိယာသာဝကသည် အလွန်ပူသော သံတွေခဲကို မကိုင်ယူသကဲ့သို့ ထို့အတူ တစုံတခုသော ဘဝကို မစွဲယူ။

၇၁၅။ ငါသည် ဖြစ်ခဲ့ဘူးပြီဟူ၍ ငါ့အား ယူမှားမှု မရှိ၊ ငါသည် ဖြစ်လိမ့်ဦးမည်ဟူ၍ ငါ့အား ယူမှားမှု မရှိ၊ သင်္ခါရတရားတို့သည် ချုပ်ပျောက်ပျက်စီးကြကုန်လတ္တံ့၊ ထိုသင်္ခါရ တရားတို့ ချုပ်ပျောက်ပျက်စီးရာ၌ ငိုကြွေးမှုသည် အဘယ်မှာ အကျိုးရှိပါအံ့နည်း။

၇၁၆။ ခိုးသူကြီး (အတ္တသာရနှင့် မရော)သက်သက်သော တရားတို့၏ ဖြစ်ခြင်းကိုရင်း (အတ္တသာရနှင့်မရော) သက်သက်သော သင်္ခါရတရားတို့၏ အစဉ်ကိုရင်း (ပညာဖြင့်) ဟုတ်တိုင်းမှန်စွာ သိမြင်သော ပုဂ္ဂိုလ်အား ထိတ်လန့် ကြောက်ရွံ့မှု မဖြစ်တော့ပေ။

၇၁၇။ (အကြင်ပုဂ္ဂိုလ်သည်) အကြင်အခါ (သင်္ခါရ) လောကကြီးကို မြက်သင်းနှင့် တူစွာ ပညာဖြင့် သိမြင်နိုင်၏၊ (ထိုအခါ) ထိုပုဂ္ဂိုလ်သည် (ထိုသင်္ခါရလောကကြီး၌) မြတ်နိုးခြင်းကိုမရသည်ဖြစ်၍ ငါ့အား (ရှေးကဖြစ်ခဲ့သော ရုပ်ဝတ္ထုစသည်လည်း)မရှိတော့ချေဟု မစိုးရိမ်။

၇၁၈။ ငါသည် (အနှစ်သာရမရှိသော) ဤကိုယ်ခန္ဓာဖြင့် ငြီးငွေ့၏၊ ငါသည် အလုံးစုံသောဘဝဖြင့် အလိုမရှိသူဖြစ်၏၊ ငါ၏ ဤကိုယ်သည် ပျက်စီးတော့လတ္တံ့၊ အခြားတပါး ကိုယ်သည်လည်း မဖြစ်လတ္တံ့။

၇၁၉။ သင်တို့သည် ဤကိုယ်ဖြင့် အလိုရှိရာကိစ္စကို ပြုကြကုန်လော့၊ ထိုသို့ ပြုခြင်း ဟူသော အကြောင်းကြောင့် ထို (ပြုသောသူ မပြုသောသူ)တို့၌ မုန်းခြင်းသော်ရင်း ချစ်ခြင်းသော်ရင်း ငါ့အား ဖြစ်လိမ့်မည်မဟုတ်(ဟု အဓိမုတ္တမထေရ်သည် ပြောဆို၏)။

၇၂၀။ ခိုးသား လုလင်တို့သည် ထိုအဓိမုတ္တမထေရ်၏ မဖြစ်ဘူးမြဲ ကြက်သီးမွေးညင်း ထဖွယ်သော ထိုစကားကို ကြားရကုန်၍ လက်နက်တို့ကို ချထားပြီးလျှင် ဤစကားကို လျှောက်ဆိုကုန်၏။

၇၂၁။ အရှင်ဘုရား အဘယ်မည်သော အမှုကို ပြုရ၍ရင်း အဘယ်သူ၏ အဆုံးအမ ဩဝါဒကို အမှီပြု၍ရင်း ထိုပူဆွေးမှုကင်းသည့်အဖြစ်ကို ရပါသနည်း၊ အရှင်ဘုရား၏ ဆရာ ကား အဘယ်သူပါနည်းဟု လျှောက်ကုန်၏။

၇၂၂။ ခိုးသူတို့ ခပ်သိမ်းသောတရားကို သိတော်မူသော ခပ်သိမ်းသော တရားကို မြင်တော်မူသော မာရ်ငါးပါးကို အောင်တော်မူသော ကြီးမြတ်သော ကရုဏာရှိတော်မူသော ဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူတတ်သော လောကအားလုံး၏ ဆေးဆရာ သဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ငါ၏ ဆရာပေတည်း။

http://www.dhammadownload.com



၇၂၃။ ထိုမြတ်စွာဘုရားသည် ကိလေသာတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အတုမရှိသော ဤတရားကို ဟောတော်မူအပ်၏၊ ထိုမြတ်စွာဘုရား၏ အဆုံးအမတော်ကို အမှီပြု၍ ထိုပူဆွေးခြင်းကင်းသည့်အဖြစ်ကို ရအပ်၏ဟု ဆို၏။

၇၂၄။ ခိုးသူတို့သည် အဓိမုတ္တရဟန္တာအရှင်မြတ်၏ ကောင်းစွာ ပြောကြားချက်ကို ကြားရကုန်သောကြောင့် (ဓား သန်လျက် စသော) လက်နက်တို့ကိုငင်း (လေး တောင်စသော)လက်နက်တို့ကိုငင်း ပစ်ချစွန့်ပယ်၍ ခိုးသူအချို့တို့သည် ထိုခိုးမှုမှ ရှောင်ကြဉ်ကုန်၏၊ ခိုးသူအချို့တို့သည်ကား ရဟန်းအဖြစ်ကို လျှောက်ကြား တောင်းပန်ကုန်၏။

၇၂၅။ ပညာရှိကုန်သော ထိုခိုးသူတို့သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီး၍ ဗောဇ္ဈင်ခုနစ်ပါး ဗိုလ်ငါးပါးတို့ကို ပွါးများကာ တက်ကြွသော စိတ်ရှိကြကုန်သည် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ပွါးအပ်ပြီးသော ဣန္ဒြေရှိကြကုန်လျက် အကြောင်းတရားတို့ မပြုပြင်အပ်သောနိဗ္ဗာန်ကို ရကြကုန်၏။

ဤသို့လျှင် အဓိမုတ္တမထေရ်သည် ရွတ်ဆို၏။

## ၂-ပါရာပရိယတ္ထေရဂါထာ

၇၂၆။ တယောက်ထီးတည်းထိုင်နေလျက် ဆိတ်ငြိမ်မှုကိုပွါးကာ ဈာန်ဝင်စားလေ့ရှိသော သမဏအမည်ရသော ပါရာပရိယရဟန်းအား တရားတော်ကို စဉ်းစားကြံစည်မှုသည် ဖြစ်၏။

၇၂၇။ (အကျိုးကို လိုလားသော) ယောကျ်ားသည် အဘယ်သို့သော အစဉ်ဖြင့် အဘယ်သို့သော သီလ အဘယ်သို့သော အကျင့်ကို ကျင့်သည်ရှိသော် မိမိပြုသင့်သော ကိစ္စကို ပြုလေ့ရှိသူဖြစ်ရာသနည်း၊ တစုံတယောက်သော သတ္တဝါကို မညှဉ်းဆဲ မနှိပ်စက်ရာ ရောက်သနည်း။

၇၂၈။ (စက္ခုန္ဒြေစသော ခြောက်ပါးသော)ဣန္ဒြေတို့သည် လူတို့အား အကျိုးစီးပွါးရှိရန်ငင်း အစီးအပွါးမဲ့ရန်ငင်း ဖြစ်ကုန်၏၊ မစောင့်စည်းအပ်ကုန်သော ဣန္ဒြေတို့သည် အကျိုးစီးပွါးမဲ့ရန် ဖြစ်ကုန်၏၊ စောင့်စည်းအပ်ကုန်သော ဣန္ဒြေတို့သည်ကား အကျိုးစီးပွါးရှိရန်သာ ဖြစ်ကုန်၏။

၇၂၉။ ဣန္ဒြေတို့ကို ကောင်းစွာ စောင့်ရှောက်သော ဣန္ဒြေတို့ကို လုံခြုံစေသောသူသည် မိမိပြုသင့်သောကိစ္စကို ပြုလေ့ရှိသူ ဖြစ်ရာ၏၊ တစုံတယောက်သော သတ္တဝါကို မညှဉ်းဆဲ မနှိပ်စက်ရာ ရောက်၏။

၇၃၀။ (အကြင်ရဟန်းသည်)ရူပါရုံတို့၌ဖြစ်သော စက္ခုန္ဒြေကို မတားမြစ်မူ၍ ယင်းသို့ မတားမြစ်ခြင်း၌ အပြစ်ကို ရှုလေ့ မရှိ၊ ထိုရဟန်းသည် ဆင်းရဲမှ မလွတ်သည်သာလျှင်တည်း။

၇၃၁။ (အကြင် ရဟန်းသည်) သဒ္ဒါရုံတို့၌ဖြစ်သော သောတိန္ဒြေကို မတားမြစ်မူ၍ ယင်းသို့ မတားမြစ်ခြင်း၌ အပြစ်ကို ရှုလေ့ မရှိ၊ ထိုရဟန်းသည် ဆင်းရဲမှ မလွတ်သည်သာလျှင်တည်း။

http://www.dhammadownload.com



၇၃၂။ (အကြင် ရဟန်းသည် အာရုံတို့မှ) ထွက်မြောက်ကြောင်းကို ရှုမြင်လေ့ မရှိပဲ ဂန္ဓာရုံတို့ကို မှီဝဲခဲ့မူ ထိုရဟန်းသည် ဂန္ဓာရုံတို့၌ တွေ့ဝေသည်ဖြစ်၍ ဆင်းရဲမှ မလွတ်နိုင်။

၇၃၃။ ချဉ်သောအရသာကိုရင်း ချိုသောအရသာကိုရင်း ခါးစပ်သောအရသာကိုရင်း အဖန်ဖန်အောက်မေ့လျက် အရသာ၌ တပ်သော တဏှာဖြင့် တပ်မက်သောရဟန်းသည်(ဆင်းရဲအဆုံးကို ပြုအံ့ဟုဖြစ်သော)စိတ်ကို မသိနိုင်။

၇၃၄။ တင့်တယ် ကောင်းမြတ်ကုန်သော စက်ဆုပ်ဖွယ်မရှိကုန်သော ဖောဋ္ဌဗ္ဗာရုံတို့ကို အဖန်ဖန်အောက်မေ့လျက် ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်သောသူသည် ရာဂဟူသော အကြောင်းကြောင့် အထူးထူးအပြားပြားသော ဆင်းရဲကိုရ၏။

၇၃၅။ အကြင်သူသည် စိတ်ကို ရူပါရုံစသော အာရုံငါးပါးတို့မှ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်၊ ထိုသို့မစောင့်ရှောက်နိုင်သောကြောင့် ထိုပုဂ္ဂိုလ်သို့ ဆင်းရဲဒုက္ခသည် ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော အာရုံငါးပါးတို့ဖြင့် အစဉ်လိုက်၏။

၇၃၆။ (ဤကိုယ်ကောင်သည်ကား) ပြည်သွေးတို့ဖြင့် ပြည့်၏၊ များစွာသော အပုပ်တို့ဖြင့်လည်း ပြည့်၏၊ လိမ်မာသော အတတ်သည်ဆရာသည် ပြုလုပ်အပ်သော ပြေပြစ် ဆန်းကြယ်သော ပန်းကလပ်ကဲ့သို့ (အပေါ်ရေမျှဖြင့်သာ) စိတ်နှလုံးကို ဆောင်၏။

၇၃၇။ (ဤကိုယ်ကောင်သည်ကား ဆင်းရဲစသည်တို့ကြောင့်)စပ်ခါးပါလျက် ကောင်းမြတ်သာယာဖွယ်ကဲ့သို့ ထင်ရ၏၊ ထိုသို့ သာယာဖွယ်ဟု ထင်သောကြောင့် ဒုက္ခအစစ်ဖြစ်ပါလျက် အချစ်နှင့် ဖွဲ့စပ်နေ၏၊ (ဤသို့သဘောရှိသော ခန္ဓာကိုယ်၌ လူအပေါင်းသည်) ပျားရည်ဖြင့် လိမ်းကျံထားသည့် သင်ဓုန်းသွားကို လျက်သောယောကျ်ားကဲ့သို့ (ဆင်းရဲခံစားရလတ္တံ့သည်ကို) မသိနိုင်လေ။

၇၃၈။ မိန်းမ၏အဆင်း၌ရင်း မိန်းမ၏အသံ၌ရင်း မိန်းမ၏အတွေ့အထိ၌ရင်း မိန်းမ၏ အနံ့တို့၌ရင်း ပြင်းစွာတပ်သောသူသည် အမျိုးမျိုးသောဆင်းရဲကို ခံစားရ၏။

၇၃၉။ မိန်းမ၏(ရူပါရုံစသည်လျှင် အာရုံရှိကုန်သော) အလုံးစုံငါးပါးသော(တဏှာ) အယဉ်တို့သည်(ယောကျ်ား၏ စက္ခုသောတစသော) ငါးဒွါရတို့၌ စီးဝင်ကုန်၏၊ ဝီရိယ ရှိသော အကြင်သူသည် ထိုငါးပါးသော (တဏှာ)အယဉ်တို့ကို စောင့်စည်းပိတ်ဆို့ခြင်းငှါ စွမ်းနိုင်၏။

၇၄၀။ ထိုသူသည် (ဤလောက၌) ပညာရှိမည်၏၊ ထိုသူသည် တရား၌တည်သူမည်၏၊ ထိုသူသည် လိမ်မာသူမည်၏၊ ထိုသူသည် မြော်မြင်ဉာဏ်ရှိသူမည်၏၊ (အိမ်၌မွေ့လျော်ခြင်း ဖြင့်) မွေ့လျော်ငြားသော်လည်း အကြောင်းအကျိုးနှင့်စပ်သောကိစ္စကို ပြုနိုင်ရာ၏။

၇၄၁။ ထိုမှတပါး မမေ့မလျော့သော ပညာရှိသည် အကယ်၍ ချမ်းသာနှင့်စပ်သော မျက်မှောက်ကျိုးလည်းနစ်မြုပ်အံ့၊ တမလွန်ကျိုးမရှိသော ကိစ္စလည်းဖြစ်အံ့၊ ထိုကိစ္စမျိုးကို (ငါမပြုအပ်ဟု) မှတ်ထင်၍ ရှောင်ကြဉ်ရာ၏။

၇၄၂။ ပစ္စုပ္ပန် တမလွန်အကျိုးနှင့်စပ်သောကိစ္စကိုရင်း တရား၌တည်သော မွေ့လျော် ခြင်းကိုရင်း ကောင်းစွာဆောက်တည်၍ ကျင့်ရာ၏၊ ထိုမွေ့လျော်ခြင်းသည် စင်စစ် မြတ် သော မွေ့လျော်ခြင်းတည်း။

http://www.dhammadownload.com



၄၄၃။ အကြင်ပုဂ္ဂိုလ်သည် (ကာမဟူသော အကြောင်းကြောင့်) နည်းအမျိုးမျိုးတို့ဖြင့် သူတပါးတို့၏ဥစ္စာကို ဆောင်ယူခြင်းငှါ အလိုရှိ၏၊ သူတပါးတို့ကို သတ်ဖြတ်၍ရှင်း ညှဉ်းဆဲနှိပ်စက်၍ရှင်း စိုးရိမ်စေ၍ရှင်း အနိုင်အထက် လုယက်ယူငင်၏၊ (ထိုသူ၏ ထိုအမှုကိစ္စမျိုးသည် အကျိုးမဲ့ကိုဆောင်တတ်၍ စင်စစ် ယုတ်ညံ့နိမ့်ကျသော ကိစ္စမျိုးဖြစ်၏)။

၄၄၄။ ကိုယ်အား ဉာဏ်အားနှင့်ပြည့်စုံသော သစ်ခွေသမားသည် (အားကြီးသော) တံသင်း (မယ်န)ဖြင့် သစ်တုံး၌တည်သော တံသင်း(မယ်န)ကို ထုတ်နုတ်သကဲ့သို့ ထို့အတူ လိမ္မာသောရဟန်းသည် စက္ခုစသော ဣန္ဒြေတို့ကို ထုတ်နုတ်လိုသည်ရှိသော် သဒ္ဓါစသော ဣန္ဒြေတို့ဖြင့်သာလျှင် ထုတ်နုတ်၏။

၄၄၅-၆။ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သမာဓိန္ဒြေ သတိန္ဒြေ ပညိန္ဒြေ (ဤဝိမုတ္တိကို ရှင့်စေတတ်သော ဣန္ဒြေငါးပါးတို့)ကို ပွါးများလျက် (ဤသဒ္ဓိန္ဒြေစသောဣန္ဒြေ) ငါးပါးတို့ဖြင့် စက္ခုစသော) ဣန္ဒြေငါးပါးတို့ကို (ချစ်ခြင်း မုန်းခြင်းစသော ကိလေသာဖြစ်ခြင်း၏ ဒွါရ အဖြစ်ကို ပယ်သောအားဖြင့်) ပယ်ဖြတ်သတ်ချ၍ ဆင်းရဲကင်းသော ရဟန္တာသည် (အနုပါဒိသေသ နိဗ္ဗာန်သို့) ရောက်၏၊ ထိုသူသည် ပညာရှိမည်၏၊ ထိုသူသည် တရား၌ တည်သူမည်၏၊ ထိုသူသည် အချင်းခပ်သိမ်း မြတ်စွာဘုရား၏ စကားတော်ဖြစ်သော အဆုံးအမကို လိုက်နာပြုကျင့်သောကြောင့် နိဗ္ဗာန်ချမ်းသာကို ပွါးစေသူမည်၏။

ဤသို့လျှင် ပါရာပရိယမထေရ်သည် ရွတ်ဆို၏။

## ၃-တေလကာနိတ္ထေရဂါထာ

၄၄၇။ ငါသည် အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ကြာမြင့်စွာသောကာလ ပတ်လုံး ဝိမုတ္တိတရားကို စူးစမ်းရှာမှီးလျက် (အထူးထူးသော အယူရှိကုန်သော) သမဏ ဗြာဟ္မဏတို့ကို မေးမြန်းပါသော်လည်း စိတ်၏ငြိမ်းကြောင်း အရိယာတရားကို မရခဲ့လေစွ တကား။

၄၄၈။ လောက၌ အဘယ်သူသည်(နိဗ္ဗာန်ဟူသော) ကမ်းတဖက်သို့ ရောက်သနည်း၊ အဘယ်သူသည် နိဗ္ဗာန်၌တည်သော ဝိမောက္ခမဂ်ကို ရလေသနည်း၊ အဘယ်မည်သော သမဏဗြာဟ္မဏ၏ မဖောက်မပြန်သောအနက်ကို သိစေတတ်သော (အဆုံးအမ)တရားကို ခံယူရပါအံ့နည်း။

၄၄၉။ (သံမျှားချိတ်တပ်သော) အစာကိုဟပ်သော ငါးကဲ့သို့ စိတ်နှလုံးအတွင်း၌ ဖြစ်သော ကိလေသာဟူသော ငါးမျှားချိတ်သည် (ငါ့အား)ဖြစ်ခဲ့၏၊ သိကြားမင်း၏ ကျော့ကွင်းဖြင့် ဖွဲ့မိသော ဝေပစိတ္တိ အသူရာကဲ့သို့ (ငါသည် ရှေးက ကိလေသာကျော့ကွင်းဖြင့် အနှောင်အဖွဲ့ခံနေခဲ့ရ၏)။

၄၅၀။ ငါသည် ဤစိုးရိမ်ခြင်း ငိုကြွေးခြင်းဟူသော ဝဋ္ဋတရားမှ ထိုကိလေသာဟူသော ကျော့ကွင်းကို ဆွဲငင်၏၊ (ယင်းသို့ ဆွဲငင်သော်လည်း မိမိကိုယ်ကို)မလွတ်စေနိုင်၊ ဤလောက၌ အဘယ်သူသည် ငါ၏(ကိလေသာ) အနှောင်အဖွဲ့ကို ဖြေလျက် မဂ်ဉာဏ်ကို ပြောကြားပါအံ့နည်း။

http://www.dhammadownload.com



၇၅၁။ (ကိလေသာတို့ကို)ဖျက်ဆီးတတ်သော တရားကို ဟောပြည့်နိုးကြားတတ်သော အဘယ်မည်သော သမဏကိုရင်း ဗြာဟ္မဏကိုရင်း (မေးမြန်း၍)အဘယ်သမဏဗြာဟ္မဏ၏ အိုခြင်း သေခြင်းကို ပယ်တတ်သော တရားကို ခံယူရပါအံ့နည်း။

၇၅၂-၃။ မဆုံးဖြတ်နိုင်မှု'ဝိစိကိစ္ဆာ'ယုံမှားမှု'ကခါ'ဖြင့် ထုံးဖွဲ့အပ်သော ချုတ်ချယ်မှု အားအစွမ်းနှင့်ယှဉ်သော အမျက်ဒေါသနှင့်ယှဉ်သောစိတ်ဖြင့် ခက်ထန်သည့်အဖြစ်သို့ ရောက်သော တဏှာဖြင့် သတ္တဝါတို့၏စိတ်ကို ဖောက်ခွဲတတ်သော တဏှာဟူသော လေးလျှင် ဖြစ်ရာရှိသော ဆယ့်ငါးနှစ်လီ အပြားရှိသော ရင်၌ စူးဝင်သော ပြင်းထန်စွာ စိတ်နှလုံး၌ ဖောက်ခွဲတည်နေသော မြှားငြောင့် (အစင်းသုံးဆယ်)ကို ရှုပါလော့။

၇၅၄။ နောက်လိုက်ဖြစ်သော သဿတစသော ဒိဋ္ဌိတို့ကို မပယ်နိုင်ခြင်း၏အကြောင်း ဖြစ်သော အကြင်သက္ကာယဒိဋ္ဌိဟူသော မြှားငြောင့်ကို မိစ္ဆာဝိတက်ဖြင့် သူတပါးတို့ကို မှီ၍ စိုက်ထောင်အပ်၏၊ ငါသည် ထိုမိစ္ဆာဒိဋ္ဌိတည်းဟူသော မြှားငြောင့်ဖြင့် နှလုံး၌ စူးဝင်အပ်သည်ဖြစ်၍ လေတိုက်သဖြင့် ကြွေကျသော သစ်ရွက်ကဲ့သို့ တုန်လှုပ်၏။

၇၅၅။ ငါ၏ အတ္တဘော၌ဖြစ်၍ (အတ္တဘောဟု မှတ်အပ်သော) ခြောက်ပါးသော ဖဿာယတနအပေါင်းသည် အကြင်အတ္တဘော၌ အခါခပ်သိမ်းဖြစ်၏၊ (မီးသည် မိမိမှီရာကို လောင်သကဲ့သို့) ငါ၏ ဥစ္စာဖြစ်သော ထိုအတ္တဘောကိုသာလျှင် လျင်မြန်စွာ လောင် ကျွမ်း၏။

၇၅၆။ အကြင်ဆေးဆရာသည် ငါ၏ မိစ္ဆာဒိဋ္ဌိတည်းဟူသော ငြောင့်ကို ပယ်နုတ်နိုင်ရာ၏၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ငြောင့်ကို ပယ်နုတ်ကုစားတတ်သော ထိုဆေးဆရာကို ငါမမြင်၊ ကြိုးနှင့်တူသော စူးချောင်းကိုသွင်း၍ရင်း ဓားဖြင့်ခွဲ၍ရင်း အခြားသော ဆေးဝါး မန္တရားဖြင့်ရင်း ယုံမှားမှု'ဝိစိကိစ္ဆာ'ဟူသော ငြောင့်ကို ပယ်နုတ်ခြင်းငှါ မတတ်နိုင်။

၇၅၇။ ဓားလက်နက်ကိုလည်း အသုံးမပြုပဲ အနာဝကိုလည်းမဖြစ်စေပဲ တကိုယ်လုံးကို မညှဉ်းဆဲ မနာကျင်စေပဲ ငါ၏နှလုံးအတွင်း၌ တည်သော ငြောင့်အစစ်ဖြစ်၍ဖြစ်သော ကိလေသာတည်းဟူသော ငြောင့်ကို အဘယ်သူသည် နုတ်နိုင်လတ္တံ့နည်း။

၇၅၈။ ငါ၏ အဆိပ်နှင့်တူသော ကိလေသာအပြစ်ဒေါသကို မျှောတတ်ဖြတ်တတ် သော အကြင်ပုဂ္ဂိုလ်သည် နက်စွာသော သံသရာဝဲသြဃ၌ ကျရောက်နေသော ငါ့အား (နိဗ္ဗာန်ဟူသော) ကြည်းကုန်းကိုရင်း မဂ်ဟူသော လက်ကိုရင်း ညွှန်ပြနိုင်ရာ၏၊ တရား အရှင်ဖြစ်သော ထိုပုဂ္ဂိုလ်သည် အမြတ်ဆုံးဖြစ်သည်သာတည်း။

၇၅၉။ ဖယ်ရှားခြင်းငှါ မတတ်ကောင်းသော (ရာဂစသော) မှုံမှော်၍ညွှန်ရှိသော လှည့်ပတ်မှု'မာယာ' ငြူစူမှု'ဣဿာ' ချုတ်ချယ်မှု'သာရမ္ဘ' စိတ်၏မခန့်မှု'ထိန'စေတသိက် တို့၏ မခန့်မှု'မိဒ္ဓ'တို့ဖြင့် ပျံ့နှံ့သော (သံသရာတည်းဟူသော)အိုင်၌ ငါသည်(ဦးခေါင်းနှင့် တကွ) နစ်မြုပ်နေရသူ ဖြစ်ခဲ့၏။

၇၆၀။ ပျံ့လွင့်မှု 'ဥဒ္ဓစ္စတည်းဟူသော' မိုးချုန်းသံရှိကုန်သော သံယောဇဉ်ဆယ်ပါး တည်းဟူသော မိုးတိမ်လည်းရှိကုန်သော ရာဂကို မှီကုန်သော မကောင်းသော အကြံ

http://www.dhammadownload.com



အစည်ဟုဆိုအပ်ကုန်သော မိုးရေအေးသည့်တို့သည် မိစ္ဆာအယူရှိသော ငါ့ကို (အပါယ် ဘည်းဟူသော သမုဒ္ဒရာသို့) ဆောင်ယူကုန်၏။

၇၆၁။ (တဏှာစသော) ရေအယဉ်တို့သည် ခပ်သိမ်းသော အာရုံတို့၌ ယိုစီးတတ် ကုန်၏၊ ထို (တဏှာစသော) ရေအယဉ်တို့ကို အဘယ်သူသည် (မယိုစီးအောင်) တားမြစ် နိုင်ပါအံ့နည်း။ (တဏှာတည်းဟူသော) နွယ်သည် (ဒွါရခြောက်ပါးတို့ကို) ဖောက်ထွင်း၍ (အာရုံခြောက်ပါးတို့၌) တည်၏၊ ထို (တဏှာတည်းဟူသော) နွယ်ကို အဘယ်သူသည် ဖြတ်တောက်နိုင်ပါအံ့နည်း။

၇၆၂။ အရှင်ကောင်းတို့ (တဏှာတည်းဟူသော) ရေအယဉ်တို့ကို တားမြစ်တတ် သော ကံသင်းကို ပြုတော်မူကြပါကုန်လော့၊ (ရေအယဉ်သည် ကမ်းနားခြံ တည်သော) သစ်ပင်ကို လဲစေ၍ ဖျက်ဆီးသကဲ့သို့ ထိုအတူ သင်၏ စိတ်၌ ဖြစ်သော (တဏှာတည်း ဟူသော) ရေအယဉ်သည် သင့်ကို မပျက်စီးပါစေလင့်။

၇၆၃။ ပညာတည်းဟူသော လက်နက်ရှိတော်မူသော လူနတ်တို့၏ဆရာ ဖြစ်တော် မူသော အင်္ဂါသာဝကစသော အရိယာသံဃာအပေါင်းတို့ မှီခိုရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဤသို့ဆိုအပ်ပြီးသော အပြားဖြင့် ထိတ်လန့်ကြောက်ရွံ့မှုဖြစ်နေသော သံသရာ ဝဋ်တည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်ဟူသော ထိုမှာဖက်ကမ်းကို ရှာမှီးသော ငါ၏ ကိုးကွယ်အားထားရာဖြစ်တော်မူပေ၏။

၇၆၄။ (ထိုမြတ်စွာဘုရားသည် ဒေသနာဉာဏ်ဖြင့်) ကောင်းစွာပြုအပ်သော ညစ်ညူး ကြောင်း (ကိလေသာတို့မှ) စင်ကြယ်သော (ပညာစသော) တရားအနှစ်ဖြင့် ပြီးသော မြဲမြံခိုင်ခန့်သော (ဝိပဿနာ) လှေခါးကို (ဩဃလေးပါးဟူသော ရေအယဉ်၌)မျောနေ သော ငါ့အား ပေးတော်မူ၏၊ သင် မကြောက်လင့်ဟုလည်း မိန့်ဆိုတော်မူ၏။

၇၆၅။ (ငါသည်) သတိပဋ္ဌာန်လေးပါးတည်းဟူသော ပြာသာဒ်ထက်သို့တက်၍ (သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့်) ထိုးထွင်း၍သိပြီ၊ သက္ကာယ၌ မွေ့လျော်သော တိတ္ထိအပေါင်းကိုရင်း (ထိုတိတ္ထိအပေါင်းတို့ ကြံဆအပ်သော အတ္တကိုရင်း) ရှေးအခါက (အနှစ်သာရအားဖြင့်) မှတ်ထင်ခဲ့ပြီ။

၇၆၆။ အကြင်အခါ ငါသည် (အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော) လှေထက်သို့ တက် စီးကြောင်းဖြစ်သော(ဝိပဿနာ)လမ်းကြောင်းကို မြင်ပြီ၊(ထိုအခါမှစ၍ တိတ္ထိအပေါင်းကို ရင်း) တိတ္ထိအပေါင်းတို့ ကြံဆအပ်သော အတ္တကိုရင်း စိတ်၌မထားမူ၍ ဆိပ်ကမ်းသဖွယ် ဖြစ်သော (အလုံးစုံသော ကုသိုလ်တရားတို့ထက်)မြတ်သော အရိယမဂ်ကို မြင်ပြီ။

၇၆၇။ (ဒိဋ္ဌိမာနစသော) ငြောင့်သည်(အတ္တဟု အမည်ရသော) အတ္တဘော၌ဖြစ်၏၊ ဘဝတဏှာကြောင့်ဖြစ်၏၊ (မြတ်စွာဘုရားသည်) ထိုဆိုအပ်ပြီးသော အကုသိုလ်တရားတို့ မဖြစ်ခြင်းငှါ မြတ်သော (အင်္ဂါရှစ်ပါးရှိသော) မဂ်ကို ဟောပြတော်မူ၏။

၇၆၈။ ရှည်မြင့်စွာသော နေ့ညဉ့် (ကာလ) ပတ်လုံး (သတ္တဝါတို့၏သန္တာန်၌) အနုသယ တလဲလဲကိန်းသော ကြာမြင့်စွာသော နေ့ညဉ့် (ကာလ) ပတ်လုံး (သတ္တဝါတို့သန္တာန်၌

http://www.dhammadownload.com



လွှမ်းမိုး၍) တည်သော (အဘိဇ္ဈာကာယဂန္ထစသော) အထုံးအဖွဲ့ 'ဂန္ထ'ကို အဆိပ်နှင့်တူသော ကိလေသာအပြစ်ဒေါသကို ဆေးလျှော်ပြီးသော မြတ်စွာဘုရားသည် ငါ့အား စွန့်စေတော်မူပြီ။

ဤသို့လျှင် တေလကာနိမထေရ်သည် ရွတ်ဆို၏။

## ၄-ရဋ္ဌပါလတ္ထေရဂါထာ

၇၆၉။ အဆန်းတကြယ် ပြုအပ်သော အိုင်းအမာတို့၏ စုဝေးတည်နေရာဖြစ်သော (သုံးရာသော အရိုးတို့ဖြင့်) စိုက်ထူ၍ ထားအပ်သော အမြဲနာကျင်သော (လူမိုက်တို့) အထူးထူးအထွေထွေ ကြံစည်အပ်သော ခန္ဓာကိုယ်အတ္တဘောကို ရှုပါလော့၊ ယင်းခန္ဓာကိုယ် အတ္တဘော၏ ခိုင်မြဲတည်တံ့သော အဖြစ်သည် မရှိချေ။

၇၇၀။ ကျောက်သံပတ္တမြားဖြင့်ရှင်း ပုတီး နားဒေါင်းဖြင့်ရှင်း အဆန်းတကြယ်ပြုပြင်အပ်သော ခန္ဓာကိုယ်ကြီးကိုရှင်း(စိုသော)အရေဖြင့် မြှေးယှက်ဖုံးလွှမ်းအပ်သော အရိုးစုဖြစ်သော ရုပ်ကိုယ်ကြီးကိုရှင်း ရှုပါလော့(ယင်းခန္ဓာကိုယ်သည်)အဝတ်တို့နှင့်တကွ(ဖုံးလွှမ်းမှသာ)တင့်တယ်နိုင်၏။

၇၇၁။ ချိပ်ရည်ဖြင့် ဆိုးအပ်သော ခြေတို့သည်ရှင်း မျက်နှာချေမှုန့်ဖြင့် လိမ်းအပ်သော မျက်နှာသည်ရှင်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော) တဖက်ကမ်းကို ရှာမှီးလေ့ရှိသောသူအား(တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၇၇၂။ ရှစ်စုခွဲ၍ ပြုပြင်အပ်သော ဆံပင်တို့သည်ရှင်း မျက်ကွင်းဆေးတို့ဖြင့် လိမ်းခြယ်အပ်ကုန်သော မျက်စိတို့သည်ရှင်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်ကုန်၏၊ (နိဗ္ဗာန်ဟူသော) တဖက်ကမ်းကို ရှာမှီးလေ့ရှိသောသူအား(တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၇၇၃။ အသစ်ဖြစ်၍ ဆန်းကြယ်သော မျက်ကွင်းဆေးကျည်တောက်ကဲ့သို့ တန်ဆာဆင်အပ်သော အကောင်ပုပ်သည် အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော) တဖက်ကမ်းကို ရှာမှီးလေ့ရှိသောသူအား(တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၇၇၄။ မုဆိုးသည် ကျော့ကွင်းကို ထောင်၏၊ သားသမင်သည် ကျော့ကွင်းကို မတိုးမူ၍ မုဆိုးမြည်တမ်းစဉ် (ပစ်ချထားသော) အစာကိုစား၍ သွားသကဲ့သို့ ငါတို့သွားပါကုန်အံ့။

၇၇၅။ သမင်သည် ကျော့ကွင်းကို မတိုးမူ၍ မုဆိုး၏ ကျော့ကွင်းကို ဖြတ်ပြီးလျှင် မုဆိုးပစ်ချထားသော အစာကို စား၍ မုဆိုးစိုးရိမ်ပူဆွေးနေစဉ် (သွားသကဲ့သို့) ငါတို့သွားပါကုန်အံ့။

၇၇၆။ (ကောရဗျမင်းကြီး ငါသည်)လောက၌ ဥစ္စာရှိကုန်သော လူတို့ကို မြင်၏၊ (ထိုသူတို့သည်)ဥစ္စာကို ရကုန်လျက် မိုက်မဲတွေဝေခြင်းကြောင့် မပေးကမ်းမလှူဒါန်းကုန်၊ လောဘဖြင့် တပ်မက်ကြကုန်သည် ဖြစ်၍ ဥစ္စာကို စုဆောင်းကြကုန်၏၊ ကာမတို့ကို လွန်လွန်ကဲကဲ တောင့်တကြကုန်၏။

http://www.dhammadownload.com



၄၄၇။ ပြည့်ရှင်မင်းသည် မြေအပြင်ကို အနိုင်အထက်ပြုလျက် အောင်နိုင်ပြီးလျှင် သမုဒ္ဒရာအဆုံးအပိုင်းအခြားရှိသော မြေကို စိုးအုပ်နေရလျက် သမုဒ္ဒရာ၏ ဤဘက်အဘို့ကို (ရသော်လည်း) မရောင့်ရဲနိုင်သော သဘောရှိသည်ဖြစ်ရကား သမုဒ္ဒရာ၏ ထိုမှာဘက်ကို တောင့်တရာ၏။

၄၄၈။ မင်းသည်၎င်း မင်းမှတပါး များစွာသော လူတို့သည်၎င်း (တဏှာ) မကင်းသေးသည်ဖြစ်၍ သေခြင်းသို့ ကပ်ရောက်ရကုန်၏၊ စိတ်အလိုမပြည့်ကြကုန်သည်ဖြစ်၍သာလျှင် ဤလူ့ကိုယ်ခန္ဓာကို စွန့်လွှတ်ကြရကုန်၏၊ ဤလောက၌ ဝတ္ထုကာမတို့ဖြင့် ရောင့်ရဲမှုမည်သည် မရှိသည်သာတည်း။

၄၄၉။ အဆွေအမျိုးတို့သည် (ထိုသေသောသူကို ရည်စူး၍) ဆံပင်တို့ကို ဖြန့်ကြဲကုန်လျက် မြည်တမ်းတသလျက် ငိုကြွေးကြကုန်၏၊ ငါတို့၏ (ဆွေမျိုးတို့သည်) မသေကုန်လေမူကား ကောင်းလေစွဟုလည်း ဆိုကြကုန်၏၊ အဝတ်ဖြင့် ဖုံးအုပ်ထားသော ထိုသူသေကောင်ကို ထိုအိမ်မှ ထုတ်ဆောင်ကာ ထင်းပုံထက်သို့ တင်ပြီးလျှင် မီးတိုက်ကြကုန်၏။

၇၈၀။ ထိုသူသေကောင်ကို တံစူးဝါးတို့ဖြင့် ထိုးဆွလျက် မီးတိုက်အပ်၏၊ ထိုသူသေကောင်သည် စည်းစိမ်ဥစ္စာတို့ကိုစွန့်၍ အဝတ်တထည်တည်းဖြင့်သာ (သွားရ၏)၊ တမလွန်ဘဝ၌ မိတ်ဆွေမျိုးတို့သည်၎င်း ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းတို့သည်၎င်း ထိုမှတပါး သူငယ်ချင်းတို့သည်၎င်း သေသောသူ၏ ကိုးကွယ် မှီခိုရာတို့ မဖြစ်ကုန်။

၇၈၁။ အမွေခံတို့သည် ထိုသေသူ၏ ဥစ္စာကို သိမ်းဆည်း ယူဆောင်ကြကုန်၏၊ သေသောသတ္တဝါသည်ကား ကံအားလျော်စွာ (ထိုထိုဘဝသို့) သွားရောက်ရ၏၊ အလိုရှိအပ်သော ဝတ္ထုတစုံတရာသည်၎င်း သားသမီးတို့သည်၎င်း မယားတို့သည်၎င်း (ရွှေငွေ) ဥစ္စာသည်၎င်း တိုင်းနိုင်ငံသည်၎င်း သေသောသူနောက်သို့ မလိုက်ပါတော့ချေ။

၇၈၂။ အသက်ရှည်ခြင်းကို ပစ္စည်းဥစ္စာဖြင့် မရနိုင်၊ အိုခြင်းကို စည်းစိမ်ဥစ္စာဖြင့် မပယ်ဖျောက် မတားမြစ်နိုင်၊ ဤအသက်ကို အလွန့်အလွန်နည်း၏၊ အမြဲမရှိ၊ ဖောက်ပြန်သော သဘောရှိ၏ဟု ပညာရှိတို့ ဆိုကြကုန်၏။

၇၈၃။ ကြွယ်ဝသောသူတို့သည်၎င်း ဆင်းရဲသောသူတို့သည်၎င်း (အလိုရှိအပ် အလိုမရှိအပ်သော) အတွေ့အထိကို တွေ့ထိကြရကုန်၏၊ ထို့အတူပင် သူမိုက်သည်၎င်း ပညာရှိသည်၎င်း (အလိုရှိအပ် အလိုမရှိအပ်သော) အတွေ့အထိကို တွေ့ထိရ၏၊ ထူးခြားချက်ကား သူမိုက်သည် (တစုံတခုသော) အတွေ့အထိဖြင့် တွေ့ထိခဲ့သော် မိုက်သည် အဖြစ်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍သာလျှင် အိပ်ရနေရ၏၊ ပညာရှိသည်ကား (ဆင်းရဲသော) အတွေ့အထိဖြင့် တွေ့ထိသော်လည်း မတုန်လှုပ်ချေ။

၇၈၄။ ထို့ကြောင့် ပညာသည်သာလျှင် ဥစ္စာထက် မြတ်၏၊ ဤလောက၌ ယင်းပညာဖြင့် (ဘဝ၏) အဆုံး (နိဗ္ဗာန်) ကို ရ၏၊ ဘဝပြီးဆုံးရာနိဗ္ဗာန်ကို မရသေးရကား မိုက်မဲတွေဝေမှုကြောင့် သူမိုက်သည် ဘဝကြီးငယ်တို့၌ မကောင်းမှုဒုစရိုက်တို့ကို ပြု၏။

http://www.dhammadownload.com



၇၇၅။ (အကြင်သူသည် မကောင်းမှုတို့ကို ပြုလုပ်၍) အဆင့်ဆင့် ကျင်လည်ခြင်းသို့ ရောက်လျက် ပဋိသန္ဓေနေခြင်းသို့ငှင်း တမလွန်လောကသို့ငှင်း ကပ်ရောက်ရ၏၊ ထို မကောင်းမှုကို ပြုသောသူ၏(အပြုအမူကို)ယုံကြည်သော ပညာနည်းသောသူသည်(ထိုသူ ကဲ့သို့ ကျင့်၍)ပဋိသန္ဓေနေခြင်းသို့ငှင်း တမလွန်လောကသို့ငှင်း ကပ်ရောက်ရ၏။

၇၇၆။ ယုတ်မာသော သဘောရှိသော ခိုးသူသည်(အိမ်ခြံစပ်ကို ဖောက်သည်ရှိသော်) အိမ်ခြံစပ်ဝ၌ (အစောင့်ယောကျ်ားတို့၏) ဖမ်းဆီးခြင်းကို ခံရသည်ဖြစ်၍ (အိမ်ခြံစပ်ကို ဖောက်ခြင်းဟူသော) မိမိပြုမူမှုကြောင့် အညှဉ်းဆဲခံရသကဲ့သို့ ထို့အတူ ယုတ်မာသော သဘောရှိသော ဤသတ္တဝါအပေါင်းသည် (ဤဘဝက မကောင်းမှုတို့ကို ပြု၍) တမလွန် ဘဝသို့ နောက်ကာလ၌ မိမိ၏ မကောင်းမှုကံကြောင့်(ငရဲစသည်တို့၌ အညှဉ်းဆဲခံရ၏)။

၇၇၇။ ကောရဗျမင်းမြတ် ဝတ္ထုကာမတို့သည် ဆန်းကြယ်ကုန် သာယာဖွယ် နှလုံး မွေ့လျော်ဖွယ်ဖြစ်ကုန်၍ အထူးထူးအပြားပြားသော သဘောဖြင့် (သာယာဖွယ်ကို ပြု၍) စိတ်နှလုံးကို မွေ့နှောက်ချောက်ချားစေတတ်ကုန်၏၊ ထို့ကြောင့် ငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုရှုမြင်၍ ရဟန်းပြုခဲ့၏။

၇၇၈။ ကောရဗျမင်းမြတ် သစ်သီးတို့သည်(မှည့်သောအခါ၌ဖြစ်စေ စိမ်းသောအခါ ၌ဖြစ်စေ)ကြွေကျသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် ငယ်ကုန်သော်ငှင်း ကြီးကုန်သော် ငှင်း ကိုယ်ခန္ဓာပျက်စီး၍ သေကြရကုန်၏၊ ငါသည် ဤသို့ မမြဲသောအဖြစ်ကိုလည်း(ပညာ မျက်စိဖြင့်) ရှုမြင်၍ ရဟန်းပြုခဲ့၏၊ မချွတ်မယွင်းသော ရဟန်း၏ အဖြစ်သည်သာလျှင် အထူးသဖြင့် ကောင်းမြတ်၏။

၇၇၉။ ငါသည်(ကံကံ၏အကျိုးကို)ယုံကြည်မှု 'သဒ္ဓါတရား' ဖြင့် ရဟန်းပြု၍ မြတ်စွာ ဘုရားသာသနာတော်၌(ကောင်းသော အကျင့်သို့)ကပ်ရောက်၏၊ ငါ၏ ရဟန်းအဖြစ်သည် (အရဟတ္တဖိုလ်ကိုရသောကြောင့်)အချည်းနှီး အကျိုးမရှိသည် မဟုတ်ပေ။ (ထို့ကြောင့် သာလျှင် ကိလေသာ) ကြွေးမြီ မရှိသည်ဖြစ်၍ (တိုင်းသူ ပြည်သားတို့၏) ဘောဇဉ်ကို သုံးဆောင်၏။

၇၈၀။ (ငါသည်)ဝတ္ထုကာမ ကိလေသာကာမတို့ကို (မီးတဆဲ့တပါးတို့ဖြင့်)တပြောင် ပြောင်တောက်လောင်သောအခြင်းအရာအားဖြင့် ရှုမြင်၍ငှင်း ရွှေငွေတို့ကို ဓားလက်နက် အနေအားဖြင့် ရှုမြင်၍ငှင်း အမိဝမ်း၌ ပဋိသန္ဓေနေသည်မှစ၍ (အလုံးစုံသော သံသရာ၌ ဖြစ်ခြင်း)ဆင်းရဲကို ရှုမြင်၍ငှင်း ငရဲကြီးရှစ်ထပ်တို့၌(ခံစားရမည့်) ကြီးစွာသော ဘေးကို ရှုမြင်၍ငှင်း ရဟန်းပြုခဲ့၏။

၇၈၁။ ဤသို့ဆိုခဲ့ပြီးသော အပြစ်ကိုသိ၍ ထိုမြတ်စွာဘုရားထံ၌ တရားနာရသောအခါ ထိတ်လန့်မှု သံဝေဂကို ရ၍၊ ထိုငါသည် လူဖြစ်စဉ်အခါက ရာဂဟူသော ခြောင့်တံသင်း စသည်တို့ စူးဝင်အပ်သော်လည်း (ယခုအခါ) အာသဝေါတရားတို့ ကုန်ခြင်းသို့ ရောက်ပြီ။

၇၈၂။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသ... အတိုင်း လိုက်နာ ပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို နုတ်အပ်ပြီ။

http://www.dhammadownload.com



၇၉၃။ အကြင် အရဟတ္တဖိုလ်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြု၏၊ အလုံးစုံသော နှောင်ကြိုး သံယောဇဉ်တို့၏ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သော ထို အကျိုးကိုလည်း ငါရပြီ။

ဤသို့လျှင် ရဋ္ဌပါလမထေရ်သည် ရွတ်ဆို၏။

## ၅-မာလုကျပုတ္တတ္ထေရဂါထာ

၇၉၄။ ရူပါရုံကိုမြင်၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကိုနှလုံးသွင်းသူအား အောက်မေ့မှု 'သတိ' လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် ရူပါရုံ၌) တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုရူပါရုံကိုလည်း ကောင်း၏ ကောင်း၏ဟု လွှမ်းမိုးသိမ်းပိုက်၍ တည်၏။

၇၉၅။ ထိုသို့သဘောရှိသောပုဂ္ဂိုလ်အား ရူပါရုံလျှင် ဖြစ်ကြောင်းရှိကုန်သော များစွာကုန်သော (သုခ စသော) ဝေဒနာတို့သည် ပွါးကုန်၏၊ (ချစ်အပ်သော ရူပါရုံတို့၌) ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း ညှဉ်းဆဲမှု 'ဝိဟိံသာ' သည်၎င်း ထိုပုဂ္ဂိုလ်၏စိတ်ကို ညှဉ်းဆဲ နှိပ်စက်၏၊ ဤသို့(ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို) ဆည်းပူးသောသူအား ဆင်းရဲမှု ဝဋ္ဋဒုက္ခ ဖြစ်၏။ (ထိုသူကို) နိဗ္ဗာန်နှင့်ဝေး၏ဟု ဆိုအပ်၏။

၇၉၆။ သဒ္ဒါရုံကိုကြား၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကို နှလုံးသွင်းသူအား အောက်မေ့မှု'သတိ' လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် သဒ္ဒါရုံ၌)တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ခံစား၏၊ ထိုသဒ္ဒါရုံကိုလည်း(ကောင်း၏ ကောင်း၏ဟု)လွှမ်းမိုး သိမ်းပိုက်၍ တည်၏။

၇၉၇။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်အား သဒ္ဒါရုံလျှင် ဖြစ်ကြောင်း ရှိကုန်သော များစွာကုန်သော(သုခစသော)ဝေဒနာတို့သည် ပွါးကုန်၏၊ (ချစ်အပ်သော သဒ္ဒါရုံတို့၌) ရှေးရှုကြံစည်မှု'အဘိဇ္ဈာ'သည်၎င်း ညှဉ်းဆဲမှု'ဝိဟိံသာ'သည်၎င်း ထိုပုဂ္ဂိုလ်၏ စိတ်ကို ညှဉ်းဆဲ နှိပ်စက်၏၊ ဤသို့ (ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို) ဆည်းပူးသောသူအား ဆင်းရဲမှု ဝဋ္ဋဒုက္ခ ဖြစ်၏၊ (ထိုသူကို) နိဗ္ဗာန်နှင့် ဝေး၏ဟု ဆိုအပ်၏။

၇၉၈။ ဂန္ဓာရုံကိုနမ်းရှူ၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကိုနှလုံးသွင်းသူအား အောက်မေ့မှု 'သတိ'သည် လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် ဂန္ဓာရုံ၌) တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ခံစား၏၊ ထိုဂန္ဓာရုံကိုလည်း(ကောင်း၏ ကောင်း၏ဟု) လွှမ်းမိုး သိမ်းပိုက်၍ တည်၏။

၇၉၉။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား ဂန္ဓာရုံလျှင်ဖြစ်ကြောင်းရှိသော များစွာကုန်သော (သုခစသော) ဝေဒနာတို့သည် ပွါးကုန်၏၊ (ချစ်အပ်သော ဂန္ဓာရုံတို့၌) ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' သည်၎င်း ညှဉ်းဆဲမှု 'ဝိဟိံသာ' သည်၎င်း ထိုပုဂ္ဂိုလ်၏စိတ်ကို ညှဉ်းဆဲ နှိပ်စက်၏၊ ဤသို့ (ဆိုအပ်ပြီးသောအခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို)ဆည်းပူးသောသူအား ဆင်းရဲမှု ဝဋ္ဋဒုက္ခ ဖြစ်၏၊ (ထိုသူကို) နိဗ္ဗာန်နှင့်ဝေး၏ဟု ဆိုအပ်၏။

၈၀၀။ ရသာရုံကိုလျက်၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကို နှလုံး သွင်းသူအား အောက်မေ့မှု 'သတိ' သည် လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် ရသာရုံ၌) တပ်စွန်း

http://www.dhammadownload.com



သော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုရသာရုံကိုလည်း (ကောင်း၏ ကောင်း၏ဟု)လွှမ်းမိုး သိမ်းပိုက်၍ တည်၏။

၁၀၁။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်အား မြသာရုံလျှင်ဖြစ်ကြောင်းရှိသော များစွာကုန်သော (သုခစသော)ဝေဒနာတို့သည် ပွါးကုန်၏၊(ချစ်အပ်သော ရသာရုံတို့၌) ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည်၎င်း ညှဉ်းဆဲမှု 'ဝိဟိံသာ'သည်၎င်း ထိုပုဂ္ဂိုလ်၏စိတ်ကို ညှဉ်းဆဲ နှိပ်စက်၏၊ ဤသို့(ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို) ဆည်းပူးသော သူအား ဆင်းရဲမှု ဝဋ္ဋဒုက္ခ ဖြစ်၏၊ (ထိုသူကို) နိဗ္ဗာန်နှင့် ဝေး၏ဟု ဆိုအပ်၏။

၁၀၂။ ဖောဋ္ဌဗ္ဗာရုံကိုတွေ့၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကိုနှလုံးသွင်းသောသူအား အောက်မေ့မှု'သတိ'သည် လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် ဖောဋ္ဌဗ္ဗာရုံ၌)တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုဖောဋ္ဌဗ္ဗာရုံကိုလည်း (ကောင်း၏ ကောင်း၏ဟု) လွှမ်းမိုးသိမ်းပိုက်၍ တည်၏။

၁၀၃။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား ဖောဋ္ဌဗ္ဗာရုံလျှင် ဖြစ်ကြောင်းရှိသော များစွာကုန်သော (သုခစသော) ဝေဒနာတို့သည် ပွါးကုန်၏၊ (ချစ်အပ်သော ဖောဋ္ဌဗ္ဗာရုံတို့၌) ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည်၎င်း ညှဉ်းဆဲမှု 'ဝိဟိံသာ'သည်၎င်း ထိုပုဂ္ဂိုလ်၏ စိတ်ကို ညှဉ်းဆဲနှိပ်စက်၏၊ ဤသို့ (ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို) ဆည်းပူးသောသူအား ဆင်းရဲမှုဝဋ္ဋဒုက္ခသည် ဖြစ်၏၊ (ထိုသူကို) နိဗ္ဗာန်နှင့် ဝေး၏ဟု ဆိုအပ်၏။

၁၀၄။ ဓမ္မာရုံကိုသိ၍ ချစ်မြတ်နိုးဖွယ်ဟု သုဘနိမိတ်ကို နှလုံးသွင်းသောသူအား အောက်မေ့မှု 'သတိ'သည် လွတ်ကင်း၏၊ (သတိလွတ်ကင်းသူသည် ဓမ္မာရုံ၌) တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ခံစား၏၊ ထိုဓမ္မာရုံကိုလည်း (ကောင်း၏ ကောင်း၏ဟု) လွှမ်းမိုး သိမ်းပိုက်၍ တည်၏။

၁၀၅။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား ဓမ္မာရုံလျှင် ဖြစ်ကြောင်းရှိကုန်သော များစွာကုန်သော (သုခစသော) ဝေဒနာတို့သည် ပွါးကုန်၏၊ (ချစ်အပ်သော ဓမ္မာရုံ၌) ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ'သည်၎င်း ညှဉ်းဆဲမှု 'ဝိဟိံသာ'သည်၎င်း ထိုပုဂ္ဂိုလ်၏စိတ်ကို ညှဉ်းဆဲနှိပ်စက်၏၊ ဤသို့ (ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘဝါဘိသင်္ခါရကို) ဆည်းပူးသောသူအား ဆင်းရဲမှုဝဋ္ဋဒုက္ခသည် ဖြစ်၏၊ (ထိုသူကို) နိဗ္ဗာန်နှင့်ဝေး၏ဟု ဆိုအပ်၏။

၁၀၆။ ရူပါရုံကိုမြင်လတ်သော် ထင်သောသတိရှိသော ပုဂ္ဂိုလ်သည် ရူပါရုံတို့၌ မတပ်မက်၊ (ရူပါရုံ၌) တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ အာရုံကိုခံစား၏၊ ထိုရူပါရုံကို လည်း လွှမ်းမိုး သိမ်းပိုက်၍မတည်။

၁၀၇။ ရူပါရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင်ရှုသော ယောဂီပုဂ္ဂိုလ် အား၎င်း (ထိုရူပါရုံကို အာရုံပြု၍ဖြစ်သော) ဝေဒနာကို (ကောင်းသော...[illegible])မှီဲသော သူအား၎င်း (ကိလေသာဝဋ်အားလုံး)ကုန်ခြင်းသို့ရောက်၏၊ [illegible] ရောက်၊ ဤသို့ သော အကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ နေ၏၊ ဤသို့ဆိုအပ်ပြီးသော

http://www.dhammadownload.com



နည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသော ပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့် နီး၏ဟူ၍ ဆိုအပ်၏။

၇၀၈။ သဒ္ဒါရုံကို ကြားလတ်သော် ထင်သောသတိရှိသော ပုဂ္ဂိုလ်သည် သဒ္ဒါရုံတို့၌ မတပ်မက်၊ (သဒ္ဒါရုံ၌)တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ အာရုံကို ခံစား၏၊ ထိုသဒ္ဒါရုံကိုလည်း လွှမ်းမိုးသိမ်းပိုက်၍ မတည်။

၇၀၉။ သဒ္ဒါရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင် နားထောင်သော ယောဂီပုဂ္ဂိုလ်အားရင်း (ထိုသဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော) ဝေဒနာကို (ဂေါစရသေဝနဖြင့်)မှီဝဲသော သူအားရင်း(ကိလေသာဝဋ်အားလုံး)ကုန်ခြင်းသို့ရောက်၏၊ ပွါးစီးခြင်းသို့မရောက်၊ ဤသို့သောအကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍နေ၏၊ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသော ပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့်နီး၏ဟု ဆိုအပ်၏။

၇၁၀။ ဂန္ဓာရုံကို နမ်းရှုလတ်သော် ထင်သောသတိရှိသော ပုဂ္ဂိုလ်သည် ဂန္ဓာရုံတို့၌ မတပ်မက်၊ (ဂန္ဓာရုံ၌) တပ်ခြင်းကင်းသောစိတ်ရှိသည်ဖြစ်၍ အာရုံကို ခံစား၏၊ ထိုဂန္ဓာရုံကိုလည်း လွှမ်းမိုးသိမ်းပိုက်၍ မတည်။

၇၁၁။ ဂန္ဓာရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင် နမ်းရှုသော ယောဂီပုဂ္ဂိုလ်အားရင်း (ထိုဂန္ဓာရုံကို အာရုံပြု၍ဖြစ်သော) ဝေဒနာကို (ဂေါစရသေဝနဖြင့်) မှီဝဲသောသူအားရင်း (ကိလေသာဝဋ်အားလုံး) ကုန်ခြင်းသို့ ရောက်၏၊ ပွါးစီးခြင်းသို့ မရောက်၊ ဤသို့သော အကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍နေ၏၊ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသော ပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့် နီး၏ဟု ဆိုအပ်၏။

၇၁၂။ ရသာရုံကို လျက်လတ်သော် ထင်သောသတိရှိသော ပုဂ္ဂိုလ်သည် ရသာရုံတို့၌ မတပ်မက်၊(ရသာရုံ၌) တပ်ခြင်းကင်းသောစိတ် ရှိသည်ဖြစ်၍ အာရုံကိုခံစား၏၊ ထိုရသာရုံကိုလည်း လွှမ်းမိုးသိမ်းပိုက်၍ မတည်။

၇၁၃။ ရသာရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင် လျက်သော ယောဂီပုဂ္ဂိုလ်အားရင်း(ထိုရသာရုံကို အာရုံပြု၍ဖြစ်သော)ဝေဒနာကို (ဂေါစရသေဝနဖြင့်) မှီဝဲသောသူအားရင်း (ကိလေသာဝဋ်အားလုံး) ကုန်ခြင်းသို့ရောက်၏၊ ပွါးစီးခြင်းသို့မရောက်၊ ဤသို့သောအကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ နေ၏၊ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသောပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့်နီး၏ဟု ဆိုအပ်၏။

၇၁၄။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလတ်သော် ထင်သောသတိရှိသောပုဂ္ဂိုလ်သည် ဖောဋ္ဌဗ္ဗာရုံတို့၌ မတပ်မက်၊ (ဖောဋ္ဌဗ္ဗာရုံ၌)တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ အာရုံကို ခံစား၏၊ ထိုဖောဋ္ဌဗ္ဗာရုံကိုလည်း လွှမ်းမိုးသိမ်းပိုက်၍ မတည်။

၇၁၅။ ဖောဋ္ဌဗ္ဗာရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင် တွေ့ထိသော ယောဂီပုဂ္ဂိုလ်အားရင်း (ထိုဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ဖြစ်သော) ဝေဒနာကို (ဂေါစရ-

http://www.dhammadownload.com



သေဝနဖြင့်)မှီဝဲသောသူအားရင်း (ကိလေသာဝဋ်အားလုံး) ကုန်ခြင်းသို့ ရောက်၏၊ ပွါးစီးခြင်းသို့ မရောက်၊ ဤသို့သော အကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ နေ၏၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသောပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့် နီး၏ဟု ဆိုအပ်၏။

၈၁၆။ ဓမ္မာရုံကို သိလတ်သော် ထင်သောသတိရှိသော ပုဂ္ဂိုလ်သည် ဓမ္မာရုံတို့၌ မတပ်မက်၊ ဓမ္မာရုံတို့၌ တပ်ခြင်းကင်းသောစိတ်ရှိသည်ဖြစ်၍ အာရုံကို ခံစား၏၊ ထိုဓမ္မာရုံကိုလည်း လွှမ်းမိုးသိမ်းပိုက်၍ မတည်။

၈၁၇။ ဓမ္မာရုံကို အဘိဇ္ဈာစသည်တို့ မဖြစ်နိုင်လောက်အောင် သိသော ထိုယောဂီပုဂ္ဂိုလ်အားရင်း (ထိုဓမ္မာရုံကို အာရုံပြု၍ဖြစ်သော) ဝေဒနာကို (ဂေါစရသေဝနဖြင့်) မှီဝဲသောသူအားရင်း(ကိလေသာဝဋ်အားလုံး)ကုန်ခြင်းသို့ ရောက်၏၊ ပွါးစီးခြင်းသို့ မရောက်၊ ဤသို့သော အကျင့်ဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိသည်ဖြစ်၍ နေ၏၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် ဝဋ်ဆင်းရဲကို မဂ်ပညာဖြင့် ဖျက်ဆီးသော ပုဂ္ဂိုလ်အား နိဗ္ဗာန်နှင့်နီး၏ဟုဆိုအပ်၏။

ဤသို့လျှင် မာလုကျပုတ္တမထေရ်သည် ရွတ်ဆို၏။

## ၆-သေလတ္ထေရဂါထာ

၈၁၈။ ကြီးမြတ်သော ဝီရိယရှိတော်မူသောမြတ်စွာဘုရား အရှင်ဘုရားသည် မဟာပုရိသလက္ခဏာတို့နှင့် တင်းတင်းပြည့်ညီသောကိုယ်ရှိတော်မူပါပေ၏၊ ကောင်းသော ကိုယ်တော်ရောင် ရှိတော်မူပါပေ၏၊ လုံးရပ်သဏ္ဌာန်တို့ဖြင့် ကောင်းစွာ ဖြစ်တော်မူပါပေ၏၊ ကြည့်ရှုသူတို့ နှစ်သက်စဖွယ် တင့်တယ်သော အဆင်းရှိတော်မူပါပေ၏၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိတော်မူပါပေ၏၊ ဖွေးဖွေးဖြူစင်သော စွယ်တော်ရှိတော်မူပါပေ၏။

၈၁၉။ လုံးရပ်သဏ္ဌာန်တို့ဖြင့် ကောင်းစွာဖြစ်သော ယောကျ်ားမြတ်၏ကိုယ်၌ မဟာပုရိသလက္ခဏာတို့သည် ထင်ရှားပြလျက် ဖြစ်ပေါ်နေကုန်သကဲ့သို့ အရှင်ဘုရား၏ ကိုယ်တော်၌လည်း မဟာပုရိသလက္ခဏာအားလုံးတို့သည် ထင်ရှားပြလျက် ဖြစ်ပေါ်နေပါကုန်၏။

၈၂၀။ မြတ်စွာဘုရား အရှင်ဘုရားသည် ကြည်လင်သော မျက်လုံးရှိတော်မူသည် (လပြည့်ဝန်းကဲ့သို့) တင့်တယ်သောမျက်နှာရှိတော်မူသည် (လုံးရပ်သဏ္ဌာန်ပြည့်စုံသဖြင့်) ကျယ်ပြန့်တော်မူ၍ (ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့) ဖြောင့်မတ်သော ကိုယ်ရှိတော်မူသည် တောက်ပသော အရောင်ရှိတော်မူသည်ဖြစ်၍ ရဟန်းအပေါင်း၏ အလယ်၌ နေမင်းကဲ့သို့ တင့်တယ်တော်မူပါပေ၏။

၈၂၁။ ရဟန်း (အရှင်ရဟန်းသည်) ကြည့်ရှုသူတို့၏ မျက်စိ၌ ကောင်းသောအမြင်ရှိတော်မူပါပေ၏၊ ရွှေနှင့်တူသောကိုယ်ရေအဆင်းရှိတော်မူပါပေ၏၊ ဤသို့လျှင် မြတ်သော အဆင်းနှင့် ပြည့်စုံတော်မူသော အရှင်ဘုရားအား ရဟန်း၏အဖြစ်ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။

http://www.dhammadownload.com



၇၂၂။ (အရှင်ဘုရားသည်) သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် မြေကိုအစိုးရသော ရန်အပေါင်းကို အောင်မြင်သော ဇမ္ဗူဒိပ်နှင့်တကွ လေးကျွန်းလုံးကို အစိုးရသော ရထားစီးချင်းမင်းတကာတို့ထက် မြတ်သော စကြဝတေးမင်းဖြစ်ရန် ထိုက်တန်တော်မူပါပေ၏။

၇၂၃။ မင်းမျိုးမင်းနွယ်တို့သည်၄င်း မြို့စားရွာစားမင်းတို့သည်၄င်း ဘိသိက်ခံပြီး မင်းတို့သည်၄င်း အရှင်၏ နောက်လိုက် အရံမင်းတို့ဖြစ်ကြပါစေ၊ ဂေါတမနွယ်ဘွား မြတ်စွာဘုရား(အရှင်ဘုရားသည်) လူတို့ကို အစိုးရသော မင်းတကာတို့ ပူဇော်ထိုက်သော စကြာမင်းပြုတော်မူပါလော့ (ဟု သေလပုဏ္ဏားက လျှောက်၏)။

၇၂၄။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏) သေလ ငါသည်မင်းဖြစ်၏၊ အတုမရှိသော တရားမင်းဖြစ်၏၊ (ထိုငါသည်) တရားဖြင့် အာဏာစက်ကို လည်စေပြီ၊ တဦးတယောက်မျှမလည်စေနိုင်သောဓမ္မစက်ကို လည်စေတော်မူ၏(ဟု မြတ်စွာဘုရား မိန့်တော်မူ၏)။

၇၂၅။ (သေလပုဏ္ဏားသည် ဤသို့လျှောက်၏) ဂေါတမနွယ်ဘွား မြတ်စွာဘုရား အရှင်သည် ဘုရားဟူ၍ ဝန်ခံတော်မူပါ၏၊ အတုမရှိသော တရားမင်းဖြစ်၏၊ တရားဖြင့် အာဏာစက်ကို လည်စေ၏ဟု မိန့်ဆိုတော်မူပါပေ၏။

၇၂၆။ ဆရာ့အလိုသို့လိုက်၍ အရှင်၏စကားကို နာယူသော စစ်သူကြီးကား အဘယ်သူပါနည်း၊ အရှင်သခင်လည်စေနိုင်သော ဓမ္မစက်ကို အဘယ်သူသည် အတုလိုက်၍ လည်စေနိုင်ပါသနည်း။

၇၂၇။ (မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏) သေလ ငါသည် ဓမ္မစက်ကို လည်စေအပ်ပြီ၊ မြတ်စွာဘုရား၏ အနုဇာတသားဖြစ်သော သာရိပုတြာသည် အတုမရှိမြတ်သော ဓမ္မစက်ကို အတုလိုက်၍ လည်စေ၏။

၇၂၈။ ပုဏ္ဏား ငါသည်ကား ထူးသောဉာဏ်ဖြင့် သိထိုက်သော ဝိဇ္ဇာနှင့် ဝိမုတ္တိကို သူးသောဉာဏ်ဖြင့်သိသူ ပွါးများထိုက်သော မဂ္ဂသစ္စာတရားကို ပွါးများပြီးသူ ပယ်ထိုက်သော သမုဒယသစ္စာကို ပယ်ပြီးသူဖြစ်သောကြောင့် သစ္စာလေးပါးကို သိပြီးသူ ဗုဒ္ဓဖြစ်၏။

၇၂၉။ ပုဏ္ဏား ငါ့အပေါ်၌ ယုံမှားမှု'ကခါ'ကို ပယ်ဖျောက်လော့၊ အတိမ်းကျဆုံးဖြတ်လော့၊ မြတ်စွာဘုရားတို့အား ဖူးမြင်ရခြင်းသည် အလွန်ပင်ရခဲလှ၏။

၇၃၀။ ပုဏ္ဏား လောက၌ သမ္ဗုဒ္ဓဘုရားတို့၏ ထင်ရှားဖြစ်ပေါ်မှုသည် အလွန်ပင်ရခဲလှ၏၊ ငါသည်(ရာဂစသော)မြားငြောင့်တို့ကို ပယ်နုတ်ပြီးသူဖြစ်၍ မိမိထက် လွန်မြတ်သူ မရှိသော သမ္ဗုဒ္ဓဘုရားပင်တည်း။

၇၃၁။ ပြဟ္မာမင်းသဖွယ်ဖြစ်သော နှိုင်းယှဉ်မှုအတုကို လွန်ပြီးသော မာရ်စစ်သည်အပေါင်းကို နှိပ်နင်းပြီးသော ငါသည် ရန်သူအားလုံးကို အလိုသို့ လိုက်ပါစေ၍ တစုံတခုဘေးမခပဲ ဝမ်းမြောက်ရ၏။

http://www.dhammadownload.com



၈၃၂။ (သေလပုဏ္ဏားသည် တပည့်တို့အား ဤသို့ ပြောဆို၏) အမောင်လုလင်တို့ ငါးပါးသော မျက်စိအမြင်ရှိသည်ဖြစ်၍ (ရာဂစသော)မြှားငြောင့်ကို ပယ်နုတ်ပြီးသော ကြီးမြတ်သော ဝီရိယရှိတော်မူသော မြတ်စွာဘုရားသည် တော(အတွင်း)ဝယ် ခြင်္သေ့မင်းဟောက်သကဲ့သို့ ဟောတော်မူအပ်သော စကားတော်ကို နာယူမှတ်သားကြကုန်လော့။

၈၃၃။ ဗြဟ္မာမင်းသဖွယ်ဖြစ်တော်မူသော နှိုင်းယှဉ်မှု အတုကို လွန်တော်မူပြီးသော မာရ်ရစ်စသည်အပေါင်းကို နှိပ်နင်းတော်မူပြီးသော မြတ်စွာဘုရားကို ဖူးမြင်ရမူ အမျိုးဇာတ် ယုတ်နိမ့်သူပင် ဖြစ်ငြားသော်လည်း အဘယ်သူသည် မကြည်ညိုပဲ ရှိအံ့နည်း။

၈၃၄။ ငါသည် ဤအရပ်၌ မြတ်သောပညာရှိတော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုတော့အံ့၊ ရဟန်းပြုလိုသူသည် ငါ့ကို အတုလိုက်၍ရဟန်းပြုလော့၊ ရဟန်း မပြုလိုသူသည် အလိုရှိရာ သွားပါလေလော့။

၈၃၅။ အရှင်၏စိတ်သည် မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုရန် အကယ်၍ နှစ်သက်ခဲ့ပါမူ အကျွန်ုပ်တို့သည်လည်း မြတ်သောပညာရှိတော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုကြပါကုန်အံ့(ဟု တပည့်တို့က ဆို၏)။

၈၃၆။ မြတ်စွာဘုရား သုံးရာကုန်သော ဤပုဏ္ဏားတို့သည် လက်အုပ်ချီကြကုန်လျက် ( ရဟန်းပြုရန် )တောင်းပန်ကြပါကုန်၏၊ အကျွန်ုပ်တို့သည် အရှင်ဘုရား၏ အထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးလိုပါကုန်၏(ဟု လျှောက်ထားတောင်းပန်၏)။

၈၃၇။ (မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏) သေလ အကြင်အကျင့်ကို ကျင့်သည်ရှိသော် မမေ့မလျော့မူ၍ ကျင့်သော အမျိုးကောင်းသား၏ ရဟန်းအဖြစ်သည် အချည်းနှီးမဖြစ်နိုင်၊ ကောင်းစွာဟောအပ်သော မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော ထိုအကျင့်မြတ်ကို ကျင့်ကြကုန်လော့။

၈၃၈။ ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား (အကျွန်ုပ်တို့သည်) ဤနေ့မှစ၍ ရေတွက်သော် ရှစ်ရက်မြောက်သောနေ့၌ အရှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ခုနစ်ညဥ့်မျှဖြင့် အရှင်ဘုရား၏ သာသနာတော်၌ ယဉ်ကျေးသူတို့ ဖြစ်ကြရပါကုန်၏။

၈၃၉။ မြတ်စွာဘုရား အရှင်ဘုရားသည် သစ္စာလေးပါးကို သိပြီးသော ဘုရားဖြစ်တော်မူပါပေ၏၊ အရှင်ဘုရားသည် လူ နတ်တို့၏ဆရာ ဖြစ်တော်မူပါပေ၏၊ အရှင်ဘုရားသည် မာရ်ငါးပါးကို နှိပ်နင်းနိုင်သော ဘုရားဖြစ်တော်မူပါပေ၏၊ အရှင်ဘုရားသည် အနုသယတို့ကို ဖြတ်တောက်လျက် (သံသရာဝဲမှ)ကူးမြောက်ပြီးဖြစ်၍ ဤသတ္တဝါအပေါင်းကို သံသရာမှ ကယ်တင်တော်မူပါပေ၏။

၈၄၀။ အရှင်ဘုရားသည် ဥပဓိလေးပါးတို့ကို ကောင်းစွာ လွန်မြောက်တော်မူပါပြီ၊ အာသဝေါတရားတို့ကို ( မဂ်ဖြင့် ) ဖောက်ခွဲဖျက်ဆီးအပ်ပါကုန်ပြီ၊ အရှင်ဘုရားသည် ခြင်္သေ့သဖွယ်ဖြစ်တော်မူပါပေ၏၊ တစုံတရာစွဲလမ်းမှုမရှိသူ ကြောက်ခြင်း ထိတ်လန့်ခြင်းတို့ကို ပယ်ပြီးသူ ဖြစ်တော်မူပါပေ၏။

http://www.dhammadownload.com



၇၄၁။ သုံးရာသော ဤရဟန်းတို့သည် လက်အုပ်ချီလျက် တည်နေကြပါကုန်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ခြေတော်တို့ကို ဆန့်ဟန်းတော်မူပါလော့၊ ရဟန္တာတို့သည် မြတ်စွာဘုရားအား ရှိခိုးကြပါစေကုန်သတည်း။

ဤသို့လျှင် သေလမထေရ်သည် ရွတ်ဆို၏။

## ၇-ကာဠိဂေါဓာပုတ္တဘဒ္ဒိယတ္ထေရဂါထာ

၇၄၂။ (မြတ်စွာဘုရား အကျွန်ုပ်သည် ရှေးအခါက) ဆင်ဦးကင်း၌ ထိုင်၍ သွားလာခဲ့ပါ၏၊ နူးညံ့သော အဝတ်ပုဆိုးတို့ကိုသာ ဝတ်ခဲ့ပါ၏၊ စင်ကြယ်သော သားငှက်သလေး ထမင်းကိုသာ စားခဲ့ပါ၏။

၇၄၃။ ယခုအခါ (ရဟန်းအဖြစ်၌ တည်သော) ကောင်းမြတ်သော (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည် သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် သပိတ်၌ ရောက်လာသောဆွမ်းဖြင့်သာ မွေ့လျော်ရောင့်ရဲပါ၏၊ (ကာဠိ) ဂေါဓာ (မည်သော မင်းသမီး)၏ သားဖြစ်သော ဘဒ္ဒိယသည် (တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ (ဖလသမာပတ်စျာန်ဖြင့်) စျာန်ဝင်စား၏။

၇၄၄။ ပံသုကူဓုတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည် သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် သပိတ်၌ ရောက်လာသော ဆွမ်းဖြင့်သာ မွေ့လျော်ရောင့်ရဲပါ၏၊ (ကာဠိ) ဂေါဓာ (မည်သော မင်းသမီး)၏ သားဖြစ်သော ဘဒ္ဒိယသည် (တဏှာဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းမူ၍ (ဖလသမာပတ်စျာန်ဖြင့်) စျာန်ဝင်စား၏။

၇၄၅။ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၄၆။ တိစီဝရိက်ဓုတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၄၇။ အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်း သပဒါနဓုတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၄၈။ ဧကာသနိက်ဓုတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာနေခြင်း၌) မြဲသည်၏ အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၄၉။ ပတ္တပိဏ္ဍိကဓုတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၀။ အတိရိက်ဝိနည်းကံပြု၍ ဘောဇဉ်ကို ဘုဉ်းပေးခြင်းကို ပယ်သော ခလုပစ္ဆာဘတ္တိကဓုတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏ အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

http://www.dhammadownload.com



၇၅၁။ အရည်ကင်မှတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာနေခြင်း၌)မြဲသည်၏ အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၂။ ရုက္ခမူမှတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၃။ အဗ္ဘောကာသိကမှတင် ဆောက်တည်သည်ဖြစ်၍ (မျက်မှောက် ဘဝဝယ် ချမ်းသာစွာနေခြင်း၌) မြဲသည်၏အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၄။ သုသာန်မှတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌)မြဲသည်၏ အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၅။ ရှေးဦးစွာ ညွှန်သောနေရာ၌ နေလေ့ရှိသော . ယထာသန္ထတိကမှတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၆။ နေသဇ္ဇိကမှတင်ဆောက်တည်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၇။ ပစ္စည်းလေးပါး၌ အလိုနည်းသည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏ အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၈။ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့်ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၅၉။ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌) မြဲသည်၏အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၆၀။ လူတို့နှင့် ရောနှောခြင်းမရှိသည် ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌)မြဲသည်၏ အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၆၁။ အားထုတ်အပ်သော လုံ့လရှိသည် ဖြစ်၍ (မျက်မှောက်ဘဝဝယ် ချမ်းသာစွာ နေခြင်း၌)မြဲသည်၏ အဖြစ်နှင့် ယှဉ်သော အကျွန်ုပ်သည်။ပ။

၇၆၂။ ပိုလ်အချိန်တရာရှိသော အနားရေးဝါရာရှိသော ရွှေလင်ပန်းကို ပယ်စွန့်၍ မြေသပိတ်ကို စွဲကိုင်ခဲ့ပြီ၊ ဤရွှေလင်ပန်းကို ပယ်စွန့်၍ မြေသပိတ်ကို စွဲကိုင်ခြင်းသည် နှစ်ကြိမ်မြောက်သော အဘိသိက်သွန်းခြင်းပါတည်း။

၇၆၃။ ငါသည် မင်းဖြစ်စဉ် ရှေးအခါက ကံတိုင်းဝန်းတို့ဖြင့် ခြံရံအပ်သော ခိုင်မြဲသော ပြအိုး ပစ္စင် တခါးမုတ်တို့နှင့် ပြည့်စုံသော မြို့၌ မြင့်သော ပြာသာဒ်ထက်ဝယ် သန်လျက် လက်စွဲကုန်သော ယောကျ်ားတို့ စောင့်ရှောက်အပ်သည်ဖြစ်လျက် ထိတ်ထိတ် လန့်လန့် နေခဲ့ရ၏။

၇၆၄။ ယခုအခါ (ဂုဏ်အဖြစ်၌ တည်သော) ကောင်းမြတ်သော ငါသည် မထိတ် [illegible]ရှိသော၍ ပယ်အပ်ပြီးသော ဘေးရန်ရှိသည်ဖြစ်၍ (နေရာ၌)၊ (ကာဠု)ဒါယီ

http://www.dhammadownload.com



(မည်သော မင်းသမီး)၏သားဖြစ်သော ဘဒ္ဒိယသည် တောသို့ သက်ဝင်၍ (ဖလသမာပတ် စျာန်ဖြင့်)စျာန်ဝင်စား၏။

၈၆၅။ သီလကျေးဇူး၌တည်၍ သတိကိုရင်း ပညာကိုရင်း ပွါးစေလျက် အစဉ်သဖြင့် သံယောဇဉ်အားလုံးတို့၏ ကုန်ခြင်းသို့ ရောက်ပြီ။

ဤသို့လျှင် ကာဠိဂေါဓာ(မည်သောမင်းသမီး)၏ သားဖြစ်သော ဘဒ္ဒိယမထေရ်သည် ရွတ်ဆို၏။

## ၈-အင်္ဂုလိမာလတ္ထေရဂါထာ

၈၆၆။ ရှင်ရဟန်း သင်သည် သွားနေသည်သာ ဖြစ်ပါလျက် ငါရပ်နေသူဖြစ်၏ဟု ဆိုဘိ၏၊ ရပ်နေသော အကျွန်ုပ်ကိုမူကား မရပ်ဟု ဆိုဘိ၏၊ ရှင်ရဟန်း ရှင်ရဟန်းအား ထိုအကြောင်းကို မေးပါ၏၊ အဘယ်အကြောင်းကြောင့် ရှင်ရဟန်းသည် ရပ်နေသူဖြစ်၍ အကျွန်ုပ်ကား ရပ်နေသူမဟုတ် (ပြေးသွားနေသူ) ဖြစ်ရပါသနည်း(ဟု အင်္ဂုလိမာလက လျှောက်၏)။

၈၆၇။ အင်္ဂုလိမာလ ငါသည် အခါခပ်သိမ်း သတ္တဝါအားလုံးတို့၌ တုတ်လက်နက်ကို စွန့်ယယ်ချထား၍ ရပ်တည်၏၊ သင်(အင်္ဂုလိမာလ)မူကား သတ္တဝါတို့၌ (ကိုယ်နှုတ်ဖြင့်) စောင့်စည်းမှုမှ ကင်းသူဖြစ်၏၊ ထို့ကြောင့် ငါသည်(ဘဝထိုထို၌ မသွားတော့ပဲ)ရပ်တည်နေသူမည်၏၊ သင်သည်မူကား မရပ်မတည်(ဘဝထိုထို၌) သွားနေသူဖြစ်၏(ဟု မြတ်စွာဘုရား မိန့်တော်မူ၏)။

၈၆၈။ ပူဇော်အပ်သော သီလက္ခန္ဓစသည့် မြတ်သောတရားကို ရှာပြီးသော ကိလေသာတို့ကို ငြိမ်းစေအပ်ပြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်အား (ချီးမြှောက်တော်မူခြင်းငှါ)တောအုပ်ကြီးသို့ ကြာမြင့်မှုပင် ကြွလာတော်မူပေစွတကား၊ အကျွန်ုပ်သည် အရှင်ဘုရား၏ တရားနှင့် စပ်သောဂါထာကို ကြားနာရသောကြောင့် အထောင်မက များပြားသောမကောင်းမှုကို စွန့်ပါတော့အံ့။

၈၆၉။ ဤသို့ဆိုပြီးသည့် အခြားမဲ့၌လျှင်(အင်္ဂုလိမာလ)ခိုးသူသည် သန်လျက်ကိုရင်း (ကြွင်းသော လေးလုံစသော)လက်နက်ကိုရင်း တောင်ကြားချောက်ကမ်းပါး၌ ပစ်စွန့်လေ၏၊ (ထိုလက်နက်တို့ကို စွန့်ပြီးလျှင်) (အင်္ဂုလိမာလ) ခိုးသူသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ထိုအရပ်၌ပင်လျှင် မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်းပန်၏။

၈၇၀။ ထိုအခါ စင်စစ် သနားခြင်းကရုဏာရှိတော်မူသော မြတ်သော သီလက္ခန္ဓစသော တရားအပေါင်းကို ရှာတော်မူပြီးသော နတ်နှင့်တကွသော သတ္တလောက၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုအင်္ဂုလိမာလကို ရဟန်း လာလှည့်(ဧဟိဘိက္ခု)ဟု၍ မိန့်တော်မူ၏၊ ဤသို့ ဧဟိဘိက္ခုဟု မိန့်တော်မူခြင်းသည်ပင်လျှင် ထိုအင်္ဂုလိမာလ၏ ရဟန်းအဖြစ် ဖြစ်လေ၏။

http://www.dhammadownload.com



၈၇၁။ အကြင်သူသည် ရှေးအခါက မေ့လျော့ခဲ့၍ နောက်အခါ၌ မမေ့မလျော့၊ ထိုသူသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ ဤ(ဩကာသ) လောကကို ထွန်းလင်းစေ၏။

၈၇၂။ အကြင်သူသည် ပြုအပ်ပြီးသော မကောင်းမှုကံကို ကုသိုလ်ကံဖြင့် ပိတ်ပင်အပ်၏၊ထိုသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤ(ဩကာသ)လောကကို ထွန်းလင်းစေ၏။

၈၇၃။ ပျိုမျစ်နုနယ်သောရဟန်းသည် ဘုရားရှင်သာသနာတော်၌ စင်စစ် ထုံ့လကြိုးကုတ် အားထုတ်၏၊ ထိုပျိုမျစ်နုနယ်သောရဟန်းသည် တိမ်တိုက်မှလွတ်သောလကဲ့သို့ ဤ(ဩကာသ)လောကကို ထွန်းလင်းစေ၏။

၈၇၄။ (ငါ၏)ရန်သူတို့သည်လည်း ငါ၏တရားစကားကို နာစေကုန်သတည်း၊ ငါ၏ရန်သူတို့သည် မြတ်စွာဘုရားသာသနာတော်၌ အားထုတ်စေကုန်သတည်း၊ အကြင် သူတော်ကောင်းတို့သည် ကုသိုလ်တရားကိုသာလျှင် ယူစေကုန်၏၊ ငါ၏ရန်သူဖြစ်ကုန်သော ထိုသူတို့သည် ထိုသူတော်ကောင်းတို့သို့ ဆည်းကပ်စေကုန်သတည်း။

၈၇၅။ ငါ၏ရန်သူတို့သည် သည်းခံမှုကျေးဇူးကို ဆိုတတ်ကုန်သော (တစုံတယောက်သော သူနှင့်)မဆန့်ကျင်သည့် မေတ္တာဖြင့်သာ ချီးမွမ်းလေ့ရှိကုန်သော သူတို့၏ တရားကို လျောက်ပတ်သောအခါဝယ် နာစေကုန်သတည်း၊ ထိုတရားကိုလည်း (ကောင်းစွာ သင်ယူ၍)အတုယူ၍ ကျင့်စေကုန်သတည်း။

၈၇၆။ (ငါ၏) ထိုရန်သူသည် စင်စစ်သဖြင့် ငါ့ကို မညှဉ်းဆဲစေသတည်း၊ အခြားတပါးသော တစုံတယောက်သော သတ္တဝါကိုလည်း မညှဉ်းဆဲစေသတည်း၊ မြတ်သော နိဗ္ဗာန်သို့ ရောက်ပြီးလျှင် အလုံးစုံသောသတ္တဝါတို့ကို (မြတ်သော စောင့်ရှောက်ခြင်းဖြင့်) စောင့်ရှောက်စေသတည်း။

၈၇၇။ ရေကိုဆောင်သောသူတို့သည် (မိမိလိုရာအရပ်သို့) ရေကိုဆောင်ကုန်၏၊ လေးသမားတို့သည် မြားကို(မီးကင်၍)ဖြောင့်အောင်ပြုကုန်၏၊ တစည်းသစ်ရွေသမားတို့သည် သစ်ကို(အလိုရှိသလို)ရွေကုန်၏၊ ဤအတူ ကောင်းသော အကျင့်ရှိကုန်သော ပညာရှိတို့သည် (သောတာပတ္တိမဂ်စသည်ကို ဖြစ်စေကုန်လျက်) မိမိကိုယ်ကို ဆုံးမကုန်၏။

၈၇၈။ (မင်း စသော) အချို့သော သူတို့သည် တုတ်လှံကန်ဖြင့်၎င်း (ဆင်ဆရာသည်)ချွန်းတောင်းတို့ဖြင့်၎င်း (မြင်းဆရာသည်)ကြိမ်လုံးတို့ဖြင့်၎င်း ဆုံးမကုန်၏၊ ငါ့ကိုမူကား တုတ်လှံကန်မရှိပဲ လက်နက်မရှိပဲလျက် တာဒိဂုဏ်နှင့်ပြည့်စုံပေ‌ာ်မူသော မြတ်စွာဘုရားသည် ဆုံးမတော်မူပြီ။

၈၇၉။ (မြတ်စွာဘုရားနှင့်မတွေ့ဆုံမီ)ရှေးအခါက ငါ၏ အမည်သည် ညှဉ်းဆဲတတ်သူ 'ဟိံသက'ဖြစ်ပါလျက် မညှဉ်းဆဲတတ်သူ 'အဟိံသက'ဟူ၍ အမည်ရှိ၏၊ ယခု မညှဉ်းဆဲတတ်သူ 'အဟိံသက'ဟု မှန်သော အမည်ရှိပြီ၊(ထို့ကြောင့်)တစုံတယောက်သော သတ္တဝါကို ငါ မညှဉ်းဆဲ။

http://www.dhammadownload.com



၈၈၀။ ငါသည် ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှား ကျော်စောသော ခိုးသူဖြစ်ခဲ့ပါ၏၊ (ကာမောဃစသော) ကြီးစွာသောဩဃဖြင့် ပျောနေစဉ် မြတ်စွာဘုရားကို ဆည်းကပ် ကိုးကွယ်ခြင်းသို့ ရောက်ခဲ့ပါ၏။

၈၈၁။ (ငါသည်) ရှေးအခါက အင်္ဂုလိမာလဟူ၍ ထင်ရှားကျော်စောလျက်(သူတပါးတို့၏)သွေးဖြင့် စွန်းပေသောလက်ရှိခဲ့၏၊ (မြတ်စွာဘုရားအား) ကိုးကွယ်ရာဟု ဆည်းကပ်သည်ကို ရှုပါလော့၊ ငါသည် ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို ကောင်းစွာပယ်နုတ်ပြီးပြီ။

၈၈၂။ (ငါသည်)များစွာသောဒုဂ္ဂတိသို့လားရောက်ကြောင်းဖြစ်သော ထိုသို့သဘောရှိသော (အကုသိုလ်) ကံကိုပြုခဲ့၍ အကုသိုလ်ကံ၏ အကျိုးဖြင့် တွေ့ထိခံစားရသော်လည်း (ကိလေသာကြွေးမြီ)ကင်းလျက် တိုင်းသူပြည်သားတို့၏ ဘောဇဉ်ကို သုံးဆောင်ရ၏။

၈၈၃။ ပညာပဲ့ကုန်သောလူမိုက်တို့သည် မေ့လျော့ခြင်းကို အဖန်ဖန်အားထုတ်ကုန်၏၊ ပညာရှိသည်သာ မမေ့မလျော့မှုကို မြတ်သော ဥစ္စာပစ္စည်းကဲ့သို့ စောင့်ရှောက်၏။

၈၈၄။ (ငါ့ရှင်တို့ သင်တို့သည်) ကုသိုလ်ကောင်းမှု၌ မေ့လျော့မှုကို အားမထုတ်ကြကုန်လင့်၊ (ဝတ္ထုကာမ ကိလေသာ)ကာမတို့၌ မွေ့လျော်မှု 'တဏှာ'ဟူသော ပေါင်းဖော်ခြင်းကို အားမထုတ်ကြကုန်လင့်၊ မမေ့မလျော့သောသူသည် ကိလေသာတို့ကို ရှို့မြိုက်လျက် မြတ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်၏။

၈၈၅။ (မြတ်စွာဘုရားထံတော်သို့ ငါ၏ လာခြင်း ငါ့ထံသို့ မြတ်စွာဘုရား ကြွလာတော်မူခြင်းသည်)ကောင်းသော လာခြင်းပါတည်း၊ အကျိုးစီးပွါးမှ ကင်းသော လာခြင်း မဟုတ်ပါ၊ (မြတ်စွာဘုရားထံတော်၌ ရဟန်းပြုအံ့ဟု) ငါ၏ ကြံတိုင်ပင် ပြောဆိုခြင်းသည် မကောင်းသော တိုင်ပင်ပြောဆိုခြင်း မဟုတ်ပါ၊ (အဘယ့်ကြောင့်နည်းဟူမူ) ဝေဖန်အပ်ကုန်သော တရားတို့တွင် အကြင် တရားသည် မြတ်၏၊ ထိုမြတ်သော တရားသို့သာလျှင် ငါ ကပ်ရောက်ပြီ။

၈၈၆။ (မြတ်စွာဘုရားထံတော်သို့ ငါ၏ လာခြင်း ငါ့ထံသို့ မြတ်စွာဘုရား ကြွလာတော်မူခြင်းသည်)ကောင်းသော လာခြင်းပါတည်း၊ အကျိုးစီးပွါးမှကင်းသော လာခြင်း မဟုတ်ပါ၊ (မြတ်စွာဘုရားထံတော်၌ ရဟန်းပြုအံ့ဟု) ငါ၏ ကြံတိုင်ပင် ပြောဆိုခြင်းသည် မကောင်းသော တိုင်ပင် ပြောဆိုခြင်း မဟုတ်ပါ၊ (အဘယ့်ကြောင့်နည်းဟူမူ) ငါသည် ဝိဇ္ဇာသုံးပါးတို့သို့ ရောက်ကုန်ပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၈၈၇။ ထိုလူဖြစ်စဉ် ရှေးအခါက တော၌၎င်း သစ်ပင်ရင်း၌၎င်း တောင်ခေါင်းလိုဏ်ဂူတို့၌၎င်း ထိုထိုသို့သော အရပ်၌သာလျှင် ထိတ်လန့်သောစိတ်ရှိလျက် ရပ်တည်ခဲ့ရ၏။

၈၈၈။ (ယခု ရဟန်းဖြစ်သော အခါ၌မူကား) ချမ်းသာစွာအိပ်ရ၏၊ ချမ်းသာစွာရပ်တည်ရ၏၊ ချမ်းသာစွာအသက်မွေးရ၏၊ မာရ်မင်း၏ အနီးအပါး စားကျက်တွင်း၌ မရှိတော့ပြီ၊ မြတ်စွာဘုရား၏ သတ္တဝါတို့၌ သနားတော်မူသောအဖြစ်သည် ကြည်အံ့ဖွယ်ရှိပါပေစွ။

http://www.dhammadownload.com



၈၈၉။ ငါသည် ရှေးအခါက (အမျိုးဇာတ်အားဖြင့်) ပြာဟ္မဏဇာတ်ဖြစ်၏၊ အမိအဖ နှစ်ပါးစုံအားဖြင့် မြတ်သောအမျိုး၌ဖြစ်၏၊ ယိုငါသည် ယခု ရဟန်းဖြစ်သောအခါ၌မူကား ကောင်းသောစကားကို ဆိုတော်မူတတ်သော တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်ဖြစ်၏။

၈၉၀။ (ငါသည် ယခုအခါ) တဏှာကင်းပြီ၊ စွဲယူမှုမရှိတော့ပြီ၊ စက္ခုဒွါရစသည်၌ လုံခြုံစွာ စောင့်ရှောက်ပြီးသော တံခါးရှိပြီ၊ ကောင်းစွာစောင့်စည်းအပ်ပြီ၊ ငါသည် အိုခြင်း သေခြင်းဆင်းရဲ၏ အရင်းမူလဖြစ်သော အဝိဇ္ဇာစသောအမြစ်ကို နုတ်ပယ်သတ်ဖြတ်ပြီး၍ အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်သို့ရောက်ပြီ။

၈၉၁။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရား၏ ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသောခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို အကြွင်းမဲ့ပယ်နုတ်ပြီးပြီ။

ဤသို့လျှင် အင်္ဂုလိမာလမထေရ်သည် ရွတ်ဆို၏။

## ၉-အနုရုဒ္ဓတ္ထေရဂါထာ

၈၉၂။ အသျှင်အနုရုဒ္ဓါသည် အမိအဖတို့ကိုင်း အစ်မ နှစ်မ ဆွေမျိုး အစ်ကိုတို့ကိုင်း ပယ်စွန့်၍ ကာမဂုဏ်ငါးပါးတို့ကို စွန့်ပြီး၍သာလျှင် ဈာန်ဝင်စားနေ၏။

၈၉၃။ ကခြင်း သီခြင်းတို့ဖြင့် အပြည့်အစုံ စည်းစိမ်ခံစားလျက် ကြေးနင်းခွက်ခွင်းသံ တို့ဖြင့် (နံနက်အခါတိုင်း၌) နိုးကြားစေအပ်သော ငါသည် ကိလေသာမာရ်၏အာရုံ (ဖြစ်သော ကာမဂုဏ်)၌ မွေ့လျော်နေသည်ဖြစ်ရကား ထိုကာမဂုဏ်ကို ခံစားခြင်းဖြင့် သံသရာမှ စင်ကြယ်မှုကို မရနိုင်လေ။

၈၉၄။ အသျှင်အနုရုဒ္ဓါသည် ဤကာမဂုဏ်ငါးပါးကိုလည်း ကျော်လွန်၍ မြတ်စွာ ဘုရားသာသနာတော်၌ ဩဃအားလုံးကို လွန်မြောက်ပြီး၍သာလျှင် ဈာန်ဝင်စားနေ၏။

၈၉၅။ အသျှင်အနုရုဒ္ဓါသည် နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူကုန်သော ဤကာမဂုဏ်ငါးပါးတို့ကိုလည်း လွန်မြောက်ပြီး၍သာ လျှင် ဈာန်ဝင်စားနေ၏။

၈၉၆။ အာသဝေါကင်းပြီးသော အနုရုဒ္ဓါရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့သည်ရှိသော် တယောက်ထီးတည်း အပေါင်းအဖော်မရှိမူ၍ ပံ့သုကူသင်္ကန်းတို့ကို ရှာမှီး၏။

၈၉၇။ ပညာရှိသော အာသဝေါကင်းပြီးသည့် အနုရုဒ္ဓါရဟန်းသည် ရွေးချယ်စိစစ်၍ ကောက်ယူကာ ဖွပ်လျှော်ချုပ်ဆိုးပြီးလျှင် ပံ့သုကူသင်္ကန်းတို့ကို ဆောင်၏။

၈၉၈။ အကြင်ပုဂ္ဂိုလ်သည် အလိုလည်းကြီး၏၊ ရောင့်ရဲခြင်းမှလည်း ကင်း၏၊ လူ ရဟန်းတို့နှင့် (မလျော်သော) ရောနှောခြင်းဖြင့် ရောနှောလျက် ပျံ့လွင့်သော စိတ်ရှိသည် ဖြစ်၍နေ၏၊ ထိုပုဂ္ဂိုလ်အား (စိတ်၏) ညစ်နွမ်းခြင်းကိုပြုတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ ဖြစ်ကုန်၏။

http://www.dhammadownload.com



ဂ၉၉။ (အကြင်အခါ၌ ဤပုဂ္ဂိုလ်သည်) သတိနှင့်လည်း ပြည့်စုံ၏၊ (ပစ္စည်းလေးပါး တို့၌) အလိုနည်း၏၊ (ရရသမျှသော ပစ္စည်းဖြင့်)ရောင့်ရဲလွယ်၏၊ စိတ်ပျံ့လွင့်ခြင်းမှ ကင်း၏၊ ဝဋ်ကို ငြိမ်းအေးစေသောတရား၌ မွေ့လျော်သည်ဖြစ်၍ နှစ်လိုဝမ်းမြောက်၏၊ အမြဲအားထုတ်အပ်သော လုံ့လရှိ၏။

၉၀၀။ ထိုပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်ကုန်သော သစ္စာလေးပါးကို သိခြင်းအဘို့၌ ဖြစ်ကုန်သော ဤ (သတိပဋ္ဌာန်စသော) တရားတို့ ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်သည် အာသဝေါကင်း ၏၊ ဤသို့ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

၉၀၁-၂။ အကြင်အခါ၌ (ရှစ်ခုမြောက်သော မဟာပုရိသ ဝိတက်ဟူသော) အကြံ အစည်သည် ငါ့အား ဖြစ်၏၊ ထိုအခါ လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားသည် ငါ၏ အကြံကို သိတော်မူလျက် စိတ်ဖြင့် ဖန်ဆင်းအပ်သော ကိုယ်ရှိသည်ဖြစ်၍ တန်ခိုးတော် ဖြင့် ချဉ်းကပ်တော်မူလာပြီးလျှင် ထိုကြံစည်ထားပြီးသော မဟာပုရိသ ဝိတက်ခုနစ်မျိုး ထက်အလွန် ရှစ်ခုမြောက်သော မဟာပုရိသဝိတက်ကို ဟောတော်မူ၏၊ သံသရာချဲ့တတ် သော ပပဉ္စတရားမှ ကင်းသည့် (လောကုတ္တရာ)တရား၌ မွေ့လျော်တော်မူသော မြတ်စွာ ဘုရားသည် သံသရာဝဋ်ကို မချဲ့ထွင်သော လောကုတ္တရာတရားကို ဟောကြားတော်မူ၏။

၉၀၃။ ငါသည် ထိုမြတ်စွာဘုရား၏ တရားကို သိ၍ သာသနာတော်၌ မွေ့လျော်နေပြီ၊ ဝိဇ္ဇာသုံးပါးတို့ကို အစဉ်အတိုင်း ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၉၀၄။ ငါသည် အကြင်အခါမှစ၍ နေသဇ္ဇိကဓုတင်ကို ဆောက်တည်ကျင့်သုံး၏၊ ထိုနေသဇ္ဇိကဓုတင် ဆောက်တည်ကျင့်သုံးသော နှစ်တို့သည် ငါးဆယ့်ငါးနှစ်တို့ ဖြစ်ကုန်၏၊ အကြင်အခါမှစ၍ ငိုက်မျည်းခြင်းမိဒ္ဓကို ပယ်ဖြတ်အပ်၏၊ ထိုမိဒ္ဓကို ပယ်ဖြတ်သော နှစ်တို့သည် နှစ်ဆယ့်ငါးနှစ်တို့ ဖြစ်ကုန်၏။

၉၀၅။ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူ၍ တဏှာကင်းတော်မူသော မြတ်စွာဘုရားသည် (ငြိမ်းအေးသော) နိဗ္ဗာန်ကို (ကြရန်) ရည်စူးလျက် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ (ထို့ ကြောင့်) စိတ်ခေတ်ကြဲ ခိုင်၍ ကောင်းဆိုးနှစ်ပါးကို အတူထားလျက် ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်လေဝင်လေတို့သည် မရှိတော့ပြီ။

၉၀၆။ (မြတ်စွာဘုရားသည်) ညှိုးငယ်ခြင်းမရှိသော စိတ်ဖြင့် ဝေဒနာကို သည်းခံ တော်မူလေပြီ၊ ထိုမြတ်စွာဘုရား၏ စိတ်တော်သည် ဆီမီးလျှံငြိမ်းသကဲ့သို့ရင်း(ချုပ်ငြိမ်း) လွတ်မြောက်တော်မူလေပြီတကား။

၉၀၇။ ယခုအခါဝယ် မြတ်စွာဘုရားအား ဖဿလျှင် ငါးခုမြောက်ရှိကုန်သော ထို တရားတို့သည် နောက်ဆုံးဖြစ်ကုန်၏၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပြီးသည် ရှိသော် တပါးသော စိတ်စေတသိက်တရားတို့သည် မဖြစ်ကုန်လတ္တံ့။

၉၀၈။ ဇာလိနီနတ်သမီး နတ်အပေါင်း၌ (ပဋိသန္ဓေအစွမ်းဖြင့်) ဖြစ်နေရခြင်းသည် ယခုအခါ၌ ငါ့အား မရှိတော့ပြီ၊ ပဋိသန္ဓေနေရခြင်းဟူသော သံသရာဝဋ်ဆင်းရဲ ကုန်ပြီ၊ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ။

http://www.dhammadownload.com



၉၀၉။ အကြင်ရဟန္တာပုဂ္ဂိုလ်သည် တခဏခြင်းဖြင့်သာလျှင် ဖြူဟွာပြည်နှင့်တကွသော အထောင်မက အပြားရှိသောသြကာသလောကကို (မျက်မှောက်ပြုသောအားဖြင့်) သိအပ်၏၊ တန်ခိုးအရာ၌ငှင်း (သတ္တဝါတို့၏) စုတိပဋိသန္ဓေ၌ငှင်း သိသော ဒိဗ္ဗစက္ခု အဘိညာဉ်၌ လေ့လာခြင်းသို့ ရောက်၏၊ ထိုရဟန္တာပုဂ္ဂိုလ်သည် နတ်တို့ကပ်ရောက်လာဆဲသောကာလ၌ နတ်တို့ကို မြင်နိုင်၏။

၉၁၀။ ရှေးဘဝ၌ (ငါသည်) စားရရုံမျှအကျိုးငှါ အခယူ၍ အဃက်မွေးရသော အန္နဘာရမည်သော သူဆင်းရဲ ဖြစ်ခဲ့ဘူး၏၊ ကျော်စောခြင်းရှိသော ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါအား အာဟာရအလှူကို လှူခဲ့၏။

၉၁၁။ ထိုငါသည် သာကီဝင်မင်းမျိုး၌ ဖြစ်လာ၍ ကခြင်းသီခြင်းတို့ဖြင့် အပြည့်အဝံ့ စည်းစိမ်ခံစားလျက် ခြေစွန်းနှင်းခွက်ခွင်းသံတို့ဖြင့် (နံနက်အခါ၌) နိုးကြားစေအပ်သူ အနုရုဒ္ဓါဟူ၍ ငါ့ကို သိကြကုန်၏။

၉၁၂။ ထိုအခါ၌ ထင်ထင်ရှားရှား ဘေးမရှိသော လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်လင်စေ၍ လူ့ဘောင်မှ ရဟန်းဘောင်၌ ဝင်ရောက် (ရဟန်းပြု)ပြီ။

၉၁၃။ ရှေးဘဝက အကြင်အရပ်၌ ငါနေခဲ့ဘူး၏၊ ထိုရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိ၏၊ တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်းအဖြစ်ဖြင့် တည်နေခဲ့ပြီ။

၉၁၄။ ငါသည် သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော မြေအပြင်ကို အောင်နိုင်ခသော လူတို့ကို အစိုးရသော စကြာမင်းအဖြစ်ကို ခုနစ်ကြိမ်ပြုခဲ့ဘူးပြီ၊ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော မင်းဖြစ်၍ တုတ်လှန်ကန်ဖြင့်ကရိုက်မပုတ်ရပဲ ဓားလှံလက်နက်ဖြင့် မညှဉ်းဆဲ မနှိပ်စက်ရပဲ တရားသဖြင့် ဆုံးမခဲ့ဘူး၏။

၉၁၅။ ဤလူ့ပြည်မှ (စုတေ၍ နတ်ပြည်၌ သိကြားမင်းအဖြစ်ဖြင့်) ခုနစ်ကြိမ် ထိုနတ်ပြည်မှ (စုတေ၍ လူ့ပြည်၌ စကြာမင်းအဖြစ်ဖြင့်) ခုနစ်ကြိမ် ဤသို့ တဆယ့်လေးကြိမ်တို့ပတ်လုံး ကျင်လည်ခဲ့ရကုန်၏၊ ထိုအခါ နတ်ပြည်၌ တည်လျက်နေဘူးသည်ကို သိဘူးပြီ။

၉၁၆။ ငါသည် အင်္ဂါငါးပါးရှိသော (အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထစျာန်) သမာဓိသည် ငြိမ်သက်သည်ဖြစ်၍ သမာဓိ၏ ပွါးခြင်းသို့ ရောက်လတ်သော် ငြိမ်းခြင်းကို ရသည်ရှိသော် ငါ၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် စင်ကြယ်၏။

၉၁၇။ ငါသည် အင်္ဂါငါးပါးရှိသောစျာန်၌ တည်၍ သတ္တဝါတို့၏ (ထိုလောကမှ)လာခြင်း (ဤလောကမှ) သွားခြင်းဟူသော စုတိပဋိသန္ဓေကို သိ၏၊ (ယင်းသို့ သိလတ်သော်) ဤလူ့အဖြစ်ကိုငှင်း တပါးသော တိရစ္ဆာန်အဖြစ်ကိုငှင်း သိ၏။

၉၁၈။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ခဲ့ပြီ ။ပ။ ဘဝသုံးပါးသို့ ဆောင်တတ်သောတဏှာကို စွန့်ပယ်အပ်ပြီ။

၉၁၉။ ငါသည် ဝဇ္ဇီတိုင်းသားတို့၏ ဝါးတောရွာ ဝါးချုံအောက်၌ အသက်ကုန်ခြင်းကြောင့် အာသဝေါကင်းသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့။

ဤသို့လျှင် အနုရုဒ္ဓါမထေရ်သည် ရွတ်ဆို၏။

http://www.dhammadownload.com



## ၁၀-ပါရာပရိယတ္ထေရဂါထာ

၉၂၀။ (ပင်လုံးကျွတ်) ပွင့်လျက်တည်ရှိနေသော အင်ကြင်းတောကြီး၌ တခုတည်းသော အာရုံရှိသည်ဖြစ်၍ ဆိတ်ငြိမ်မှု 'ဝိဝေက'ကိုပွါးလျက် ချွန်ဝင်စားကာ နေတော်မူသော (ပါရာပရိယ)ရဟန်းအား ကြံစည်မှု ဖြစ်ပေါ်လာ၏။

၉၂၁။ ယောကျ်ားတကာတို့ထက် မြတ်တော်မူသော လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူစဉ်က ရဟန်းတို့၏ အကျင့်သည် တမျိုးဖြစ်၏၊ ယခုအခါ၌မူကား ရဟန်းတို့၏အကျင့် တမျိုးတဖုံ ဖြစ်လာသည်ကို တွေ့မြင်ရ၏။

၉၂၂။ ရှေးအခါက ရဟန်းတို့သည် ချမ်းအေးသော လေကို တားမြစ်၍ အရက်အကြောက်ကို ဖျက်ဆီးတတ်သည့် အဝတ်ကြီးငယ်ကို ဖုံးလွှမ်းရုံ မျှတရုံမျှသာ အကျိုးရှိသော သက်နိုးကို ရတတ်သမျှဖြင့် ရောင့်ရဲကြကုန်လျက် သုံးဆောင်ကြကုန်၏။

၉၂၃။ မွန်မြတ်သောအစာကိုသော်၎င်း ထိုမှတပါး ကြမ်းထမ်းသော အစာကိုသော်၎င်း အနည်းငယ်သော အစာကိုသော်၎င်း ထိုမှတပါး များစွာသော အစာကိုသော်၎င်း မမက်မောကုန်ပဲ တဏှာဖြင့် တောင့်တမှုကင်းကုန်သည်ဖြစ်၍ မျှတရုံမျှအကျိုးငှါ သုံးဆောင်ကြကုန်၏။

၉၂၄။ (ရှေးအခါက)ထိုရဟန်းတို့သည် အာသဝေါတရားတို့ ကုန်ခြင်း၌ လုံ့လပြုကုန်သကဲ့သို့ ထိုအတူ (ရောဂါနှိပ်စက်ကုန်သော်လည်း) အသက်၏ အရံအတားဖြစ်သော ဆေး၌၎င်း ထိုမှတပါး (အသက်၏) အထောက်အပံ့ဖြစ်သော ပစ္စည်း၌၎င်း အလွန်လုံ့လပြုကြသည် မဟုတ်ကုန်။

၉၂၅။ (ထိုရဟန်းတို့သည်) တော၌၎င်း သစ်ပင်ရင်းတို့၌၎င်း တောင်ခေါင်း လိုဏ်ဂူတို့၌၎င်း ဝိဝေကကို ပွါးစေကုန်လျက် ထိုဝိဝေကလျှင် လည်းလျှောင်းရာရှိကုန်သည်ဖြစ်၍ နေကြကုန်၏။

၉၂၆။ (ထိုရဟန်းတို့သည် မိမိကိုယ်ကို ပလွှားမှု သူတပါးအား ရှုတ်ချမှုကို မပြုမူ၍) နှိမ့်ချသော အကျင့် ရှိကုန်၏၊ (သာသနာ၌) သက်ဝင်ရှိတည်သော သဒ္ဓါတရားရှိကုန်၏၊ (အလိုနည်းသည်၏အဖြစ်စသောအားဖြင့်) မွေးမြူလွယ်ကုန်၏၊ (ဝတ်ကြီးဝတ်ငယ်၌၎င်း အလုံးစုံမြတ်သော အကျင့်၌၎င်း) နူးညံ့ကုန်၏၊ မကြမ်းထမ်းသော စိတ်ရှိကုန်၏၊ (ကိလေသာတို့နှင့်) ရောရှက်မှု ကင်းကုန်၏၊ နှုတ်လည်း မကြမ်းကုန်၊ အကျိုးစီးပွါးကို ကြံစည်ခြင်းသို့သာ အစဉ်လိုက်ကုန်၏။

၉၂၇။ ထို့ကြောင့် (ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းစသော)သွားခြင်းသည်၎င်း (ပစ္စည်းလေးပါးကို) သုံးဆောင်ခြင်းသည်၎င်း (ကျက်စားရာအာရုံကို) မှီဝဲခြင်းသည်၎င်း ကြည်ညိုဖွယ်ကို ဆောင်နိုင်၏၊ (ကျမ်းကျင်သူသည် သွန်းလောင်းအပ်သော) ဆီအယှဉ်သည် ပြေပြစ်သကဲ့သို့ (ထို့အတူ ထိုရဟန်းတို့၏) ဣရိယာပုထ်သည် ပြေပြစ်၏၊ ကြည်ညိုဖွယ်ကို ဆောင်နိုင်၏။

http://www.dhammadownload.com



၉၂၈။ အာသဝေါတရား အားလုံးကုန်ပြီးကုန်သော မျှားစွာချျန်ဝင်စားလေ့ရှိကုန်သော များမြတ်သော အကျိုးစီးပွါးတို့နှင့် ပြည့်စုံကုန်သော တိမထေရ်တို့သည် ယခုအခါ ပရိနိဗ္ဗာန်ပြုပေယ်မူကြကုန်ပြီ၊ ယခုလက်ရှိကာလ၌ကား ထိုသို့သဘောရှိကုန်သော မထေရ်တို့သည် အနည်းငယ်မျှသာ ကြွင်းကျန်ကုန်၏။

၉၂၉။ (ဝဋ်မှထွက်မြောက်ခြင်း၏ အားကြီးသော မှီရာအကြောင်းဖြစ်ကုန်သော) ကုသိုလ်တရားတို့၏ရင်း (ဝဋ်မှ ထွက်မြောက်ကြောင်း) ပညာ၏ရင်း ကုန်ခြင်းကြောင့် အလုံးစုံသော အခြင်းအရာအထူးတို့နှင့်ပြည့်စုံသော မြတ်စွာဘုရားသာသနာတော်သည် ပျက်စီးရချေ၏။

၉၃၀။ (ဤကာလကြီးသည်) ယုတ်ညံ့သော ဒုစရိုက်တို့၏ရင်း (လောဘစသော) ကိလေသာတရားတို့၏ရင်း ဖြစ်ပေါ် လာရာ ကာလကြီးပေတည်း၊ အကြင်သူတို့သည်ကား (ဤသို့သဘောရှိသော ကာလ၌) (ကာယ စိတ္တ ဥပဓိဟူသော) ဝိဝေကအကျိုးငှါ လုံ့လ ကြိုးကုတ် အားထုတ်ကုန်၏၊ (ထိုသူတို့သည်) (ပဋိဝေဓမှ) ကြွင်းကျန်သော ကျင့်ဝတ် ပဋိပတ် သူတော်ကောင်းတရားသာ ရှိကုန်၏။

၉၃၁။ ထိုကိလေသာတို့သည်(ယခု အခါ အခွင့်ရကုန်သည်ဖြစ်၍ ရဟန်းတို့၌)ပွါးကုန်သည် ရှိသော် (ကလျာဏမိတ္တ ကင်းသော)များစွာသော လူအပေါင်းကို ပူးပင်နိုင်ကုန်၏၊ ရက္ခိုက်ဘီလူးတို့သည် သူရူးတို့ကို (ပူးဝင်) ကစားကုန်သကဲ့သို့ (ထိုအတူ ရဟန်းမိုက်တို့ကို ပူးဝင်၍) ကစားကြကုန်ယောင်တကား။

၉၃၂။ စစ်မြေပြင်၌ (စစ်ရှုံးပြီဟု) ကြွေးကြော်သည်ရှိသော် စစ်သားတို့သည် ထိုထို အရပ်သို့ ပြေးသွားကြကုန်သကဲ့သို့ ကိလေသာ၏တည်ရာ စစ်မြေပြင်၌ စစ်ထိုးကြကုန်သော ထိုသတ္တဝါတို့သည် ကိလေသာ နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ထိုထိုဘဝသို့ ပြေးသွားကြရကုန်၏။

၉၃၃။ (ဤသို့ပြေးသွားကြကုန်သော ထိုသူတို့သည်) သူတော်ကောင်းတရားကိုစွန့်၍ အချင်းချင်းငြင်းခုံကြကုန်၏၊ မိစ္ဆာအယူတို့သို့ အစဉ်လိုက်ကြကုန်လျက် ဤအယူသည်သာ မြတ်၏ ဟုလည်း မှတ်ထင်ကြကုန်၏။

၉၃၄။ ရဟန်းတို့သည် ဥစ္စာကိုင်ရင်း သားသမီးကိုရင်း မယားကိုရင်း စွန့်ပစ်ကြကုန်၍ အိမ်မှ ထွက်လာကြကုန်လျက် ကဗွန်းဝါးယောက်မမျှသော ဆွမ်းဟူသော အကြောင်းကြောင့်လည်း ရဟန်းတို့မပြုအပ်သော အမှုတို့ကို ပြုလုပ်မှီဝဲကုန်၏။

၉၃၅။ (ထိုရဟန်းတို့သည်) ဝမ်းဝပိုက်ကား ဝအောင်စား၍ ပက်လက်အိပ်စက်ကြကုန်ပြီးလျှင် အိပ်ရာမှနိုးကြကုန်သော် မြတ်စွာဘုရား ကဲ့ရဲ့ဖွယ်ဖြစ်သော စကားကိုသာ ပြောဆိုကြကုန်၏။

၉၃၆။ ထိုရဟန်းတို့သည် အဇ္ဈတ္တသန္တာန်၌ မငြိမ်းသော စိတ်ရှိကြကုန်သည်ဖြစ်၍ အတတ်ပညာသည်တို့ ပြုလုပ်အပ်သော အတတ်ပညာမျိုးစုံတို့ကို စိတ်ပါဝင်စားကုန်လျက် သင်ကြားကြကုန်၏၊ ရဟန်းတရားသည်ကား(ထိုရဟန်းတို့နှင့်) သီးခြားဖြစ်နေတော့၏။

http://www.dhammadownload.com



၉၃၇။ အလွန်အလွန် များစွာအလိုရှိကုန်သည်ဖြစ်၍ မြေညက် ခြေနယ်ဆီ ကသယ်မှုန့် ရေ နေရာစားဖွယ်တို့ကို လူတို့အား ပေးကမ်းဆောင်နှင်းကြကုန်၏။

၉၃၈။ တံပူကိုရင်း သီးသီးကိုရင်း ပန်းကိုရင်း ခဲဖွယ်အထူးတို့ကိုရင်း (အဆင်းအရသာနှင့်ပြည့်စုံသော) ဆွမ်းအထူးတို့ကိုရင်း သရက်သီးတို့ကိုရင်း သျှစ်သျှားသီးတို့ကိုရင်း လူတို့အား ပေးကမ်းဆောင်နှင်းကုန်၏။

၉၃၉။ ဆေးနှင့်သက်ဆိုင်ရာတို့၌ ဆေးဆရာတို့ကဲ့သို့ရင်း ကိစ္စကြီးငယ်ပြုလုပ်ဖွယ်တို့၌ လူတို့ကဲ့သို့ရင်း (မိမိကိုယ်ကို) တန်ဆာဆင်ရာ၌ ပြည့်တန်ဆာမကဲ့သို့ရင်း အုပ်ချုပ်စိုးမိုးရာ၌ မင်းတို့ကဲ့သို့ရင်း ပြုမူကြကုန်၏။

၉၄၀။ စဉ်းလဲကြကုန်သည်ဖြစ်၍ရင်း လှည့်ပတ်ကြကုန်သည်ဖြစ်၍ရင်း မုသားသက်သေဖြစ်ကြကုန်၍ရင်း မစောင့်စည်းသော အသက်မွေးမှုရှိကြကုန်သည်ဖြစ်၍ရင်း ဤသို့ များစွာသော မိစ္ဆာဇီဝစသော အသက်မွေးမှုတို့ဖြင့် (ဆွမ်းပစ္စည်းစသော) အာမိသကို သုံးဆောင်ကြကုန်၏။

၉၄၁။ အပ်၏ဟူသော အမြွက်ထောင်ခြင်း၌ရင်း (ပစ္စည်းတို့၌) ပရိယာယ်တပါးနှင့် ယှဉ်ရာ၌ရင်း (ကြီးပွါးရေးစသည်ကို) ကြံစည်ရာ၌ရင်း (ယုတ်မာသော တရားတို့ဖြင့်) အစဉ်ပြေးကုန်သည်ဖြစ်၍ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ပစ္စည်းဖြစ်မည့်နည်းလမ်းဖြင့် များစွာသော ဥစ္စာကို စုဆောင်းကြကုန်၏။

၉၄၂။ မိမိအမှုကြီးငယ် ဟူသော အကြောင်းကြောင့် ပရိသတ်ကို မိမိအား လုပ်ကျွေးစေကုန်၏၊ ဓမ္မဟူသော အကြောင်းကြောင့် လုပ်ကျွေးစေသည်မဟုတ်ကုန်၊ လာဘ်ဟူသော အကြောင်းကြောင့် သူတပါးတို့အား တရားဟောကုန်၏၊ အကျိုးစီးပွါး ဟူသော အကြောင်းကြောင့် တရားဟောသည်မဟုတ်ကုန်။

၉၄၃။ အရိယာသံဃာမှ အပဖြစ်သော ရဟန်းတို့သည် သံဃာ့လာဘ်ဟူသော အကြောင်းကြောင့် ငြင်းခုံကြကုန်၏၊ တပါးသူတို့၏ လာဘ်ကိုမှီ၍ အသက်မွေးကုန်သော ရဟန်းတို့သည် မကောင်းမှုကို စက်ဆုပ်ခြင်းမရှိသောကြောင့် မရှက်ကုန်။

၉၄၄။ အချို့သူတို့သည် ထိုအတူပင် တရားတို့နှင့် မယှဉ်ကုန်သည်ဖြစ်၍ ဦးပြည်းကြကာ သင်္ကန်းကို ဝတ်ရုံကြကုန်လျက် လာဘ်ပူဇော်သကာ၌ တွေဝေကုန်သည်ဖြစ်၍ ချီးမွမ်းမြှောက်စားခြင်းကိုသာလျှင် အလိုရှိကုန်၏။

၉၄၅။ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် အထူးထူးအပြားပြားသော အခြင်းအရာဖြင့် ကိလေသာဖြစ်စိမ့်သောငှါ အားထုတ်အပ်သည်ရှိသော် ယခုအခါ၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါကကဲ့သို့ စောင့်စည်းခြင်းငှါ ပြုလျက် မရအပ်သေးသော (ဈာန်ဝိပဿနာ) တရားကို ရခြင်းငှါရင်း ရပြီးသော (ဈာန်ဝိပဿနာ) တရားတို့ကို ကောင်းစွာ စောင့်ရှောက်ခြင်းငှါရင်း မလွယ်ကူတော့ချေ။

၉၄၆။ (ယောကျ်ားသည်) ဆူးရှိရာအရပ်၌ ဘိနပ်မစီးပဲ (လှည့်လည်သည်ရှိသော်) (ငါ့ကို ဆူးမစူးစေလင့်ဟု သတိထား၍) လှည့်လည်သွားလာသကဲ့သို့ ထိုအတူ (ကိလေသာ

http://www.dhammadownload.com



ဆူးရှိရာ) ရှာ၍(လှည့်လည်သော) ရဟန်းသည် သတိကိုဖြစ်စေလျက် လှည့်လည်သွားလာရာ၏။

၉၄၃။ (အားထုတ်အပ်သော ဝိပဿနာရှိသော) ရှေးယောဂီတို့ကို အောက်မေ့၍ ထိုယောဂီတို့၏ ကျင့်ဝတ်ဘာဝနာအစီအရင်ကို အစဉ်အောက်မေ့လျက် မြတ်စွာဘုရား ကွယ်လွန်၍ နောက်ဆုံးအခါကာလဖြစ်စေကာမူ (တရားတော်များ လျော်စွာသာလျှင် ကျင့်သည်ရှိသော်) သေခြင်းကင်းရာ နိဗ္ဗာန်ကို ရနိုင်ရာ၏။

၉၄၄။ ဤအကျင့်ပဋိပတ်အစီရင်ကို ဆိုပြီး၍ အင်ကြင်းတော၌(သဒ္ဓါစသော)ဣန္ဒြေကို ပွါးစေပြီးသော မကောင်းမှုကို အပပြုပြီးသော တဖန် ဘဝသစ်၌ ဖြစ်ခြင်းကင်းပြီးသော သီလက္ခန္ဓစသောတရားအပေါင်းကို ရှာမှီးပြီးသော (ပါရာပရိယမည်သော) ရဟန်းသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဤသို့လျှင် ပါရာပရိယမထေရ်သည် ရွတ်ဆို၏။

## ဝီသတိနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၇-ဝဂ်ီသနိပါတ်

## ၁-ဖုဿတ္ထေရဂါထာ

၉၄၉။ (မိမိအကျင့်ဖြင့်) ကြည်ညိုထိုက်ကုန်သော ပွါးများပြီးသော စိတ်ရှိကုန်သော (တည်ကြည်သော ဣန္ဒြေကို) ကောင်းစွာစောင့်စည်းကုန်သော များစွာသော ရဟန်းတို့ကို မြင်၍ ပဏ္ဍရရသေ့နှင့် အနွယ်တူဖြစ်သောရသေ့သည် ဖုဿအမည်ရှိသော ရဟန်းကို မေးလျှောက်၏။

၉၅၀။ (ဤသာသနာတော်ဝယ်) အနာဂတ်ကာလ၌ (ရဟန်းတို့သည်) အဘယ်သို့သော အာသာဆန္ဒ အဘယ်သို့သော အလိုအဇ္ဈာသယ အဘယ်သို့သော အသွင်အပြင်ရှိကြကုန်လတ္တံ့နည်း၊ အရှင်ဘုရား အရှင်သည် အကျွန်ုပ်မေးအပ်သည်ဖြစ်၍ ထိုအကြောင်းကို ဖြေကြားတော်မူပါလော့။

၉၅၁။ ပဏ္ဍရမည်သောရသေ့ သင်သည် ငါ၏စကားကို နားထောင်လော့၊ ရိုသေစွာမှတ်သားလော့၊ အနာဂတ်သာသနာအကြောင်းအရာကို ပြောကြားပေအံ့။

၉၅၂။ နောင်အခါ၌ များစွာသော ရဟန်းတို့သည် အမျက်ထွက်ကြကုန်လတ္တံ့၊ ရန်ငြိုးဖွဲ့ကြကုန်လတ္တံ့၊ ဂုဏ်ကျေးဇူးကို ချေဖျက်ကြကုန်လတ္တံ့၊ ခက်ထန် (မာန်မူ) ကြကုန်လတ္တံ့၊ ကောက်ကျစ်စဉ်းလဲကြကုန်လတ္တံ့၊ ငြူစူကြကုန်လတ္တံ့၊ ဝါဒအမျိုးမျိုး ရှိကြကုန်လတ္တံ့။

၉၅၃။ နက်နဲသော (သူတော်ကောင်း) တရား၌ (မိမိကိုယ်ကို မိမိ) အထင်ကြီးကုန်လျက် (သူတော်ကောင်းတရား၏) ဤမှာဖက်ကမ်း၌ ကျက်စားကုန်လတ္တံ့၊ သူတော်ကောင်းတရား၌ ပေါ့လျော့ကုန်လတ္တံ့၊ မလေးစားကြကုန်လတ္တံ့၊ အချင်းချင်း ရိုသေမှုကင်းကြကုန်လတ္တံ့။

၉၅၄။ အနာဂတ်ကာလ၌ သတ္တလောကဝယ် များစွာသော အပြစ်ဒေါသတို့ဖြစ်ကုန်လတ္တံ့၊ ပညာမဲ့သော ရဟန်းတို့သည် (မြတ်စွာဘုရား) ကောင်းစွာဟောတော်မူအပ်သော ဤတရားတော်ကို ညစ်နွမ်းစေကြကုန်လတ္တံ့။

၉၅၅။ နုတ်ကြမ်းကုန်သော အကြားအမြင်မရှိကုန်သော အလဇ္ဇီဒုဿီလရဟန်းတို့သည် (သီလစသော) ဂုဏ်မှ ယုတ်လျော့ကုန်သော်လည်း သံဃာ့အလယ်၌ ရဲရဲဝံ့ဝံ့ပြောဆိုနိုင်ကုန်သည်ဖြစ်၍ နောက်လိုက်အင်အား ကြီးမားကြကုန်လတ္တံ့။

၉၅၆။ လဇ္ဇီသီလဝန္တရဟန်းတို့သည် (သီလစသော) ဂုဏ်ရှိကြကုန်သော်လည်း သံဃာ့အလယ်၌ ဟုတ်မှန်သောအားဖြင့် ပြောဆိုကြကုန်သော် ရှက်သောစိတ်ရှိကြကုန်သည်ဖြစ်၍ ဆန့်ကျင်ဘက် မပြုလိုကြကုန်သောကြောင့် နောက်လိုက်အင်အား နည်းပါးကြကုန်လတ္တံ့။

http://www.dhammadownload.com



၉၅၇။ အနာဂတ်အခါ၌ ပညာမဲ့ရဟန်းတို့သည် ငွေကိုရင်း ရွှေကိုရင်း လယ်ကိုရင်း ယာကိုရင်း သိုး ဆိတ်စသည်ကိုရင်း ကျွန်ထီး ကျွန်မကိုရင်း လက်ခံသာယာကြကုန်လတ္တံ့။

၉၅၈။ သူတပါးကို ကဲ့ရဲ့လိုစိတ်ရှိကုန်သော မသိမလိမ္မာသော ရဟန်းတို့သည် စတုပါရိသုဒ္ဓိသီလတို့၌ မတည်ကြကုန်ပဲ ကျူပင်အလား ထောင်လွှားမော်မောက်ကြကုန်သည်ဖြစ်၍ ငြင်းခုံမှု၌သာ မွေ့လျော်ကြကာ သားတိရစ္ဆာန်တို့ကဲ့သို့ သွားလာလှည့်ပတ်ကြကုန်လတ္တံ့။

၉၅၉။ အနာဂတ်ကာလ၌ ရဟန်းဆိုးတို့သည် ပျံ့လွင့်သောစိတ်ရှိကြကုန်လတ္တံ့၊ (မအပ်သော ဆိုးရည်ဖြင့် ဆိုးအပ်သည့်)ညိုမှိုင်းသောသင်္ကန်းကို ဝတ်ရုံကြကုန်လတ္တံ့၊ ကြည်ညိုစေမှု ဟန်ဆောင်ပြုကြကုန်လျက် ခက်ထန်ကြမ်းကြုတ်သောစိတ်နှလုံးရှိကြကုန်လျက် ဒါယကာတို့အား မြှောက်ပင့်ပြောဆိုကြကုန်သည်ဖြစ်၍ ကိလေသာအများ ထင်ရှားရှိကြကုန်လျက် အရိယာတို့အယောင် ဟန်ဆောင်လှည့်လည်ကြကုန်လတ္တံ့။

၉၆၀။ ဆံပင်တို့ကို ဖယောင်းဆီဖြင့် လိမ်းသပ်ကြကုန်လျက် (တန်ဆာဆင်ခြင်း စသည်ဖြင့်) လျှပ်ပေါ်လော်လည်ကြကုန်လျက် မျက်ကွင်းဆေး ရေးခြယ်ကြကုန်လျက် ဆင်စွယ်ရောင်သင်္ကန်းကို ဝတ်ရုံကြကုန်လျက် မြို့ရွာခရီး လမ်းမကြီး၌ လှည့်လည်သွားလာကြကုန်လတ္တံ့။

၉၆၁။ အဝတ်ဖြူတို့၌ ဟပ်မက်မောကြကုန်သော ရဟန်းတို့သည် အရိယာတို့ မစက်ဆုပ်အပ်သော ကောင်းစွာဆိုးအပ်သော ဘုရားရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းကို စက်ဆုပ်ကြကုန်လတ္တံ့။

၉၆၂။ လာဘ်လာဘကို နှစ်သက်မက်မောကြကုန်လတ္တံ့၊ ပျင်းရိကြကုန်သည်ဖြစ်၍ ရှော့ရဲသောလုံ့လရှိကုန်သည်ဖြစ်၍ တောကျောင်းတို့ကို (သိတင်းသုံးခြင်းငှါ)စိတ်ငြိုငြင်ကြကုန်သည်ဖြစ်၍ ရွာနီးကျောင်းတို့၌သာ နေကြကုန်လတ္တံ့။

၉၆၃။ အကြင်အကြင်ရဟန်းတို့သည် အခါခပ်သိမ်း မှားသော အသက်မွေးခြင်း၌ မွေ့လျော်ကြကုန်သည်ဖြစ်၍ ပစ္စည်းလာဘ်လာဘကို ရကြကုန်လတ္တံ့၊ မစောင့်စည်းကုန်သော ရဟန်းငယ်တို့သည် ထိုထိုရဟန်းဆိုးတို့သို့ အတုယူကာ ကျင့်ကြံကြကုန်သည်ဖြစ်၍ မင်းအိမ်စသည်တို့ကို ချဉ်းကပ်ခိုမှီကြကုန်လတ္တံ့။

၉၆၄။ အကြင်အကြင်ရဟန်းတို့သည် (မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း ဘုန်းကံနည်းခြင်းကြောင့်)လာဘ်လာဘကို မရကြကုန်၊ ထိုထိုရဟန်းတို့သည် အနာဂတ်ကာလ၌ အပူဇော်ခံရသူတို့ မဖြစ်နိုင်ကြကုန်လတ္တံ့၊ တည်ကြည်မှုသာမာဓိနှင့် ပြည့်စုံကြ၍ သီလကို အလွန်ချစ်ခင်ကြကုန်သော်လည်း ထိုရဟန်းတို့ကို မမှီဝဲကုန်လတ္တံ့။

၉၆၅။ အချို့သော ရဟန်းတို့သည် ချောင်ခေါက်ဆိုးရည်ဖြင့် ဆိုးအပ်သော မိမိတို့နှင့် အောင်လံဖြစ်သောသင်္ကန်းကို ရွံရှာစက်ဆုပ်ကြကုန်သည်ဖြစ်၍ တိတ္ထိတို့၏ အလံ တံခွန်ဖြစ်သော အဝတ်ဖြူကို ဝတ်ရုံကြကုန်လတ္တံ့။

http://www.dhammadownload.com



၉၆၆။ နောင်အနာဂတ်ကာလ၌ ထိုရဟန်းတို့အား (အရဟတ္တဖြစ်သော)သက်န်း၌ ရှိသေမှု မရှိကုန်လတ္တံ့၊ (အရဟတ္တဓဇဖြစ်သော)သက်န်း၌ (ပစ္စဝေက္ခဏာ)ဆင်ခြင်ကာမျှ သည်လည်း မဖြစ်လတ္တံ့။

၉၆၇။ (ကြီးစွာသော ဆိပ်လူးမြားဖြင့် ပစ်အပ်သောကြောင့်) ကြီးစွာသော ဒုက္ခဖြင့် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ ကိုယ်၏ဖောက်ပြန်ခြင်းသို့ ရောက်နေသော ဆဒ္ဒန်ဆင်မင်း အား အကြီးအကျယ် ကြောက်မက်ဖွယ်သော (သူတပါးတို့)ကြံစည်ရုံမျှ မကြံစည်နိုင်သော ဆင်ခြင်ဉာဏ် ဖြစ်ဘူးလေပြီ။

၉၆၈။ ထိုစဉ်အခါက ဆဒ္ဒန်ဆင်မင်းသည် ကောင်းစွာ ဆိုးအပ်သော အရိယာတို့ အောင်လံတံခွန်ဖြစ်သော သက်န်းကို မြင်ရ၍ သက်န်းကိုမြင်ရသော ထိုခဏ၌ပင်လျှင် အကျိုးစီးပွါးနှင့်စပ်သော ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၉၆၉။ "အကြင်သူသည် ကိလေသာတည်းဟူသော ဖန်ရေတို့ဖြင့် မကင်းသည်ဖြစ်၍ ဣန္ဒြေကိုဆုံးမမှု မှန်ကန်စွာဆိုမှု သစ္စာနှင့်ကင်းကွာနေပါလျက် ဖန်ရည်စွန်းသော အဝတ် သက်န်းကို ဝတ်ရုံသုံးဆောင်လတ္တံ့၊ ဆိုသို့သောသူသည် စင်စစ် ဖန်ရည်ဆိုးသော အဝတ် သက်န်းကို (ဝတ်ရုံရန်)မထိုက်တန်။

၉၇၀။ အကြင်သူသည်ကား ထွေးအန် စွန့်ပယ်ပြီးသော ကိလေသာဖန်ရည်ရှိ၏၊ (စတုပါရိသုဒ္ဓိ)သီလတို့၌ ကောင်းစွာတည်၏၊ ဣန္ဒြေကိုဆုံးမမှု မှန်ကန်စွာဆိုမှု သစ္စာနှင့် ပြည့်စုံ၏၊ ထိုသူသည်သာ စင်စစ် ဖန်ရည်စွန်းသော အဝတ်သက်န်းကို (ဝတ်ရုံရန်)ထိုက် တန်၏"(ဟု ဆဒ္ဒန်ဆင်မင်းဆိုခဲ့၏)။

၉၇၁။ အကြင်သူသည် သီလပျက်စီး၏၊ ပညာမရှိ၊ ဒုဿီလဟု ထင်ရှား၏၊ ပြုလိုရာ ပြုလုပ်နေ၏၊ ပျံ့လွင့်တတ်သော စိတ်ရှိ၏၊ ဖြူစင်သော ကုသိုလ်ဓမ္မမှကင်း၏၊ ထိုသို့သော သူသည် ဖန်ရည်စွန်းသော အဝတ်သက်န်းကို (ဝတ်ရုံရန်)မထိုက်တန်။

၉၇၂။ အကြင်သူသည်ကား (စတုပါရိသုဒ္ဓိ)သီလနှင့် ပြည့်စုံ၏၊ ဆန္ဒရာဂကင်း၏၊ တည်ကြည်၏၊ စင်ကြယ်သန့်ရှင်းသော စိတ်အကြံရှိ၏၊ ထိုသူသည် ဖန်ရည်စွန်းသော အဝတ်သက်န်းကို (ဝတ်ရုံရန်)ထိုက်တန်၏။

၉၇၃။ အကြင်သူအား (စတုပါရိသုဒ္ဓိ)သီလမရှိ၊ ပျံ့လွင့်သောစိတ်ရှိ၏၊ ကျူပင် အလား ထောင်လွှားမောက်မာ၏၊ မိုက်မဲ၏၊ သို့သူသည် အဝတ်ဖြူနှင့်သာ ထိုက်တန်၏၊ ဖန်ရည်စွန်းသော အဝတ်သက်န်းကို အဘယ်သို့ ပြုလုပ်လိမ့်မည်နည်း။

၉၇၄။ အနာဂတ်ကာလ၌ ရဟန်းယောကျ်ားတို့သည်၎င်း ရဟန်းမိန်းမတို့သည်၎င်း (ရာဂစသည်)ဖျက်ဆီးအပ်သော စိတ်ရှိကုန်သည်ဖြစ်၍ (ဘုရားစသည်၌)ရိုသေခြင်းကင်း ကုန်သည်ဖြစ်၍ မေတ္တာဘာဝနာနှင့်ယှဉ်သော စိတ်ရှိကုန်သော (တာဒိ)ဂုဏ်နှင့်ပြည့်စုံ ကုန်သော သူတော်ကောင်းတို့ကို ညှဉ်းဆဲဖိနှိပ်ကုန်လိမ့်သတည်း။

၉၇၅။ မိုက်မဲကုန်သော ဒုဿီလဟုထင်ရှားကုန်သော ပြုလိုရာပြုလုပ်နေကြကုန်သော ပညာမဲ့သောရဟန်းတို့သည် မထေရ်ကြီးတို့က (သက်န်းဝတ်ရုံခြင်းစသည်ကို) သင်ပေး ကြကုန်သော်လည်း နားမထောင်ကြကုန်လတ္တံ့။

http://www.dhammadownload.com



၉၇၆။ မြင်းထုတ်မြင်းကြမ်းသည် ဆုံးမတတ်သော မြင်းဆရာ (စကား)ကို မနာယူသကဲ့သို့ ထိုအတူ အချင်းချင်း ရှိသေမှုကင်းကုန်သော မိုက်မဲသောရဟန်းတို့သည် ဆုံးမသင်ပြပါကုန်လျက် ဆရာဥပဇ္ဈာယ်တို့ (စကား)ကို မနာယူကြကုန်လတ္တံ့။

၉၇၇။ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့် အနာဂတ်ကာလ၌ နောက်ပိုင်းကာလသို့ ရောက်လတ်သော် ရဟန်းယောကျာ်းတို့၏ရင်း ရဟန်းမိန်းမတို့၏ရင်း (ဖောက်ပြန်ချွတ်ယွင်းသော) အကျင့်ဖြစ်လတ္တံ့။

၉၇၈။ ထိုအနာဂတ်ဘေးကြီး မရောက်လာမီ (သင်တို့သည်) ဆိုဆုံးမလွယ်သူ စိတ်နှလုံး နူးညံ့သူ အချင်းချင်း ရှိသေခြင်းရှိကြသူ ဖြစ်ကြပါကုန်လော့။

၉၇၉။ (အလုံးစုံသော သတ္တဝါတို့၌) မေတ္တာစိတ်ရှိသူ သနားခြင်းကရုဏာနှင့် ပြည့်စုံသူ (စတုပါရိသုဒ္ဓိ)သီလတို့၌ စောင့်စည်းသူ အားထုတ်သောလုံ့လရှိသူ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသူ အမြဲမပြတ် ခိုင်ခံ့သော လုံ့လရှိသူတို့ ဖြစ်ကြပါကုန်လော့။

၉၈၀။ ငါရှင်တို့ မေ့လျော့ခြင်းကို ဘေးကြီးဟူ၍ မမေ့လျော့ခြင်းကိုလည်း ဘေးကင်းကြောင်းဟူ၍ ရှုမြင်ကုန်သည်ဖြစ်၍ အင်္ဂါရှစ်ပါးရှိသော မဂ်ကို ပွါးများကြပါကုန်လော့၊ သေခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်လျက် (မိမိသန္တာန်၌ ဖြစ်စေကြကုန်လော့)။

ဤသို့လျှင် ဖုဿမထေရ်သည် ရွတ်ဆို၏။

## ၂-သာရိပုတ္တတ္ထေရဂါထာ

၉၈၁။ အကြင်သူသည် ကာယစသည်တို့ဖြင့် စောင့်စည်းသည်ဖြစ်၍ နေ၏၊ အရိယာသူတော်ကောင်းတို့နှင့် မကွဲမပြား တသားတည်း ဖြစ်နေ၏၊ လွန်ကဲသော သတိရှိ၏၊ မိစ္ဆာသင်္ကပ္ပကိုပယ်ကာ (သမ္မာသင်္ကပ္ပ၏ အစွမ်းဖြင့်) ကောင်းသော အကြံရှိသည်ဖြစ်၍ ဈာန်ဝင်စားလေ့ရှိ၏၊ မမေ့မလျော့မှု၍ ဂေါစရဇ္ဈတ္တဟူသော ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်၏၊ တည်ကြည်သော စိတ်ရှိ၏၊ တယောက်ထီးတည်း ကောင်းစွာ ရောင့်ရဲ၏၊ ထိုသို့သဘောရှိသောသူကို ရဟန်းဟူ၍ ဆိုကုန်၏။

၉၈၂။ ရဟန်းသည် စိုစွတ်သိမ်မွေ့သော အစာကိုရင်း ခြောက်သွေ့ကြမ်းထမ်းသော အစာကိုရင်း စားသည်ရှိသော် အလွန်ငမ်းဝအောင် မစားရာ၊ လျော့သော ဝမ်းရှိသည်ဖြစ်၍ နှိုင်းချိန်သော စားမျိုခြင်းရှိလျက် သတိပြုကာ နေရာ၏။

၉၈၃။ နောက်ဆုံးဖြစ်သော လေးလုတ် ငါးလုတ်တို့ကိုမသုံးဆောင်မူ၍ ရေကိုသောက်ရာ၏၊ (ဤသို့ လေးလုတ် ငါးလုတ်လျော့စား၍ ရေသောက်ခြင်းသည်)နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ စွမ်းနိုင်၏။

၉၈၄။ ဤ(အချမ်းအပူစသည်ကို တားမြစ်ရုံမျှ) အကျိုးရှိသော အပ်သောသင်္ကန်းကို ဖုံးလွှမ်းဝတ်ရုံခဲ့မူ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ စွမ်းနိုင်၏။

http://www.dhammadownload.com



၉၇၅။ (အကြင်ကျောင်း၌) ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော ရဟန်း၏ ပဆစ်ဒူး နှစ်ဖက်တို့ကို မိုးရည်မစွတ်၊ (ထိုသို့သဘောရှိသောကျောင်း၌ နေသည်ရှိသော်) နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသောရဟန်းအား ချမ်းသာစွာနေခြင်းငှါ စွမ်းနိုင်၏။

၉၇၆။ အကြင်ရဟန်းသည် သုခဝေဒနာကို ဝိပရိဏာမဒုက္ခအားဖြင့် မြင်၏၊ ဒုက္ခဝေဒနာကို ငြောင့်တံသင်းအားဖြင့် မြင်၏၊ (သုခဝေဒနာ ဒုက္ခဝေဒနာ)နှစ်ပါးတို့၏ အလယ်ဖြစ်သော အဒုက္ခမသုခဝေဒနာ၌ (အတ္တ အတ္တနိယဟု မှားသောနှလုံးသွင်းခြင်း) မဖြစ်၊ ထိုရဟန်းသည် လောက၌ အဘယ်မည်သော ကိလေသာဖြင့် အဘယ်သို့ ဖြစ်ရာပါတော့အံ့နည်း။

၉၇၇။ ယုတ်မာသော အလိုရှိသော ပျင်းရိသော လုံ့လဝီရိယ ဆုတ်ယုတ်သော အကြားအမြင်နည်းသော (အဆုံးအမ ကြွဝါဒ၌) ရိုသေခြင်းကင်းသောသူသည် ငါ၏ (အထံ၌) တရံတခါမျှ (မရှိပါစေသတည်း)၊ (အကြောင်းမူကား) လောက၌ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား အဘယ်မည်သော အဆုံးအမဩဝါဒဖြင့် အဘယ်သို့ ဖြစ်ရာပါတော့အံ့နည်း။

၉၇၈။ (အကြင်ပုဂ္ဂိုလ်သည်) များသော အကြားအမြင်လည်းရှိ၏၊ ပညာလည်းရှိ၏၊ (စတုပါရိသုဒ္ဓိ)သီလတို့၌ ကောင်းစွာတည်၏၊ စိတ်ကို ကောင်းစွာထားခြင်းနှင့် ယှဉ်၏၊ ထိုသို့သော ပုဂ္ဂိုလ်သည် ငါ၏ဦးထိပ်၌သော်လည်း တည်ပါစေသတည်း။

၉၇၉။ အကြင်ပုဂ္ဂိုလ်သည်ကား သံသရာကို ချဲ့ထွင်တတ်သော (ပပဉ္စ) တရားနှင့် ယှဉ်၏၊ သံသရာကို ချဲ့ထွင်ကဏ်သော (ပပဉ္စ)တရား၌ (အပြစ်ကို မမြင်သဖြင့်) မွေ့လျော်၏၊ သားတိရစ္ဆာန်နှင့် တူ၏၊ ထိုပုဂ္ဂိုလ်သည် ယောဂလေးပါးတို့ကုန်ရာ အတုမရှိသော နိဗ္ဗာန်ကို ချတ်ယွင်းစေ၏။

၉၈၀။ အကြင်ပုဂ္ဂိုလ်သည်ကား သံသရာကို ချဲ့ထွင်တတ်သော (ပပဉ္စ) တရားကို ပယ်၍ သံသရာကို ချဲ့ထွင်တတ်သော (ပပဉ္စ)တရား မရှိရာ နိဗ္ဗာန်ကို ရခြင်း၏အကြောင်း ဖြစ်သော အရိယမဂ်၌ မွေ့လျော်၏၊ ထိုပုဂ္ဂိုလ်သည် ယောဂလေးပါး၏ကုန်ရာ အတုမရှိသော နိဗ္ဗာန်ကို ပြီးစေနိုင်၏။

၉၈၁။ ရွာ၌သော်၎င်း တော၌သော်၎င်း ချိုင့်ဝှမ်းရာအရပ်၌သော်၎င်း မြင့်မောက်ရာ အရပ်၌သော်၎င်း အကြင်အရပ်၌ ရဟန္တာတို့သည် နေကုန်၏၊ ထိုမြေအရပ်သည် နှလုံးမွေ့လျော်ဖွယ် ရှိသည်သာလျှင်တည်း။

၉၈၂။ တောကျောင်းတို့သည် မွေ့လျော်ဖွယ် ရှိကုန်၏၊ ယင်းတောကျောင်းတို့၌ (ကာမဂုဏ်ကို ရှာမှီးသော)လူသည် မမွေ့လျော်နိုင်၊ ရာဂကင်းသော ထိုရဟန္တာပုဂ္ဂိုလ်တို့သည်ကား ကာမဂုဏ်ကို ရှာမှီးလေ့မရှိသောကြောင့် မွေ့လျော်ကုန်လတ္တံ့။

၉၈၃။ အပြစ်မြင်လေ့ရှိသော နှိပ်၍ပြောဆိုလေ့ရှိသော မေဓာဝီပညာနှင့် ပြည့်စုံသော အကြင်ပုဂ္ဂိုလ်ကို တွေ့မြင်ငြားအံ့၊ ထိုသို့သဘောရှိသော ပညာရှိကို ရွှေအိုးတို့ ကြည်ရာ အရပ်ကို ပြောကြားသောသူကဲ့သို့ ဆည်းကပ်ရာ၏၊ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူအား ကောင်းမြတ်၏၊ မယုတ်ညံ့။

http://www.dhammadownload.com



၉၉၄။ သွန်သင်ရာ၏၊ ဆုံးမရာ၏၊ အကုသိုလ်တရားမှလည်း တားမြစ်ရာ၏၊ သူတော်ကောင်းတို့သည်သာလျှင် ထို(ဆိုခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံသော)ပုဂ္ဂိုလ်ကို ချစ်ခင်၏၊ သူတော်မဟုတ် သူယုတ်တို့သည် ထို(ဆိုခဲ့ပြီးသောဂုဏ်နှင့်ပြည့်စုံသော)ပုဂ္ဂိုလ်ကို မချစ်ခင်။

၉၉၅။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူ၍ ဘုန်းတော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် (ဒီဃနခပရိဗိုဇ်စသော) တပါးသောသူအား တရားကို ဟောတော်မူ၏၊ တရားကို ဟောတော်မူအပ်သည်ရှိသော် ငါသည် အလိုရှိသည်ဖြစ်၍ နာကြား၏၊ ထိုတရားတော်ကို နာကြားခြင်းသည် ငါ့အား အချည်းနှီးမဖြစ်၊ အာသဝေါ မရှိသည်ဖြစ်၍ ကိလေသာမှ လွတ်၏။

၉၉၆။ ပုဗ္ဗေနိဝါသအဘိညာဉ်အကျိုးငှါ ငါ့အား တောင့်တမှုမရှိ၊ ဒိဗ္ဗစက္ခုအဘိညာဉ် အကျိုးငှါလည်း ငါ့အား တောင့်တမှုမရှိ၊ စုတိပဋိသန္ဓေအနီးကို မြင်တတ်သော စေတောပရိယအဘိညာဉ်အကျိုးငှါလည်း ငါ့အား တောင့်တမှုမရှိ၊ ဒိဗ္ဗသောတအဘိညာဉ် အကျိုးငှါလည်း ငါ့အား တောင့်တမှုမရှိ။

၉၉၇။ သစ်ပင်ရင်းကို မှီ၍သာလျှင် ခေါင်းရိတ်ပြီးခါစဖြစ်သော ဒုကုဋ်သင်္ကန်းကို ရုံလျက်နေသော ပညာဖြင့်မြတ်သော ဥပတိဿမထေရ်သည် စတုတ္ထဈာန်အခြေရှိသော ဖလသမာပတ်ကို ဝင်စား၏။

၉၉၈။ ဝိတက်မရှိသော စတုတ္ထဈာန်အခြေရှိသော ဖလသမာပတ်ကို ဝင်စားသော ဘုရားတပည့်ဖြစ်သော ဥပတိဿထေရ်သည် (ဘီလူးက ဦးခေါင်းကို ရိုက်သော) ထိုခဏ၌ ဖလသမာပတ်ကို ဝင်စားသည်ဖြစ်၍ မြတ်သော ဆိတ်ဆိတ်နေခြင်းနှင့် ပြည့်စုံခဲ့ပြီ။

၉၉၉။ ကျောက်တောင်သည် (ပကတိလေတို့ဖြင့်) မတုန်မလှုပ်မူ၍ ကောင်းစွာ တည်သကဲ့သို့ ထိုအတူ ရဟန်းသည် မောဟကုန်ခြင်းကြောင့် တောင်ကဲ့သို့ မတုန်မလှုပ် ကောင်းစွာ တည်၏။

၁၀၀၀။ ရာဂစသော (ကိလေသာ) အညစ်အကြေးကင်းပြီးသော စင်ကြယ်၍ အပြစ်ကင်းသော တရားကို ရှာမှီးလေ့ရှိသော ယောကျ်ားအား သားမြီးဖျားမျှလောက်သော မကောင်းမှုကို တိမ်တိုက်ကြီးမျှလောက်ပင် အမြဲထင်နေ၏။

၁၀၀၁။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ ထင်သောသတိရှိကာ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ခန္ဓပရိနိဗ္ဗာန်ပြုချိန်ကိုသာ ငံ့လင့်စောင့်မြှော်၏။

၁၀၀၂။ ငါသည် သေခြင်းကိုလည်း မနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်း မနှစ်သက်၊ သူရင်းငှါးသည် လုပ်ခရရန်အတွက် နေကုန်မည့်အချိန်ကိုသာ ငံ့လင့်စောင့်မြှော်သကဲ့သို့ ငါသည် ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကိုသာ ငံ့လင့်စောင့်မြှော်၏။

၁၀၀၃။ သေခြင်းသဘောသည် ရှေးငယ်ရွယ်စဉ်အခါ၌ရှင်း နောက် (အိုမင်းသော အခါ)၌ရှင်း မရှိသည်မဟုတ်၊ နှစ်ပါးစုံသော အခါတို့၌ပင် ဤသေခြင်းသဘောရှိသည် သာတည်း၊ (ထို့ကြောင့်) ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ကြကုန်လော့၊ အပါယ်ဘုံတို့သို့

http://www.dhammadownload.com



ရောက်၍ မပျက်စီးကြစေကုန်လင့်၊ စင်စစ်အားဖြင့် ဗုဒ္ဓပ္ပါဒနဝမခဏသည် သင်တို့ကို ကျော်လွန်မသွားစေလင့်။

၁၀၀၄။ (မြို့နေလူတို့သည်) အစွန်အဖျားကျသော မိမိမြို့ကို အတွင်းရောအပြင်ပါ စောင့်ရှောက်လုံခြုံစေသကဲ့သို့ ထို့အတူ မိမိကိုယ်ကို စောင့်ရှောက်လုံခြုံစေရာ၏၊ ဗုဒ္ဓုပ္ပါဒ နဝမခဏသည် သင်တို့ကို မလွန်စေလင့်။

၁၀၀၅။ ငြိမ်သက်သော ဣန္ဒြေရှိသော အကုသိုလ်အားလုံးကို ပြုခြင်းမှ ကြဉ်ရှောင်သော ပညာဖြင့် ဆင်ခြင်၍ ဆိုလေ့ရှိသော ဝုန်လှုပ်မှုမရှိသော ရဟန်းသည် လေသည် သစ်ရွက်ကို တိုက်ဖျက်ချွေလွှင့်သကဲ့သို့ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို လွှင့်နိုင်ပယ်နိုင်၏။

၁၀၀၆။ ငြိမ်သက်သော ဣန္ဒြေရှိသော အကုသိုလ်အားလုံးကို ပြုခြင်းမှ ကြဉ်ရှောင်သော ပညာဖြင့် ဆင်ခြင်၍ ဆိုလေ့ရှိသော ဝုန်လှုပ်မှုမရှိသော ရဟန်းသည် လေသည် သစ်ရွက်ကို ဖျက်ဆီးသကဲ့သို့ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ပြီ။

၁၀၀၇။ ငြိမ်သက်သော ဣန္ဒြေရှိသော (ကိလေသာဟူသော) ဆင်းရဲမှ ကင်းသော ကောင်းစွာ ကြည်လင်သော စိတ်ရှိသော ကောင်းသောအကျင့်သီလရှိသော ပညာရှိသည် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရာ၏။

၁၀၀၈။ မတည်သောသဘောရှိသော အချို့ပုထုဇဉ်တို့၌ အကျွမ်းမဝင်ရာ၊ ထို့အတူ အိမ်ရာထောင်သောလူတို့၌၎င်း ရဟန်းတို့၌၎င်း အကျွမ်းမဝင်ရာ၊ (အစ၌)သူတော်ကောင်း ဖြစ်၍ တည်ကုန်သော်လည်း (နောက်၌) သူတော်မဟုတ် သူယုတ်ဖြစ်တတ်ကုန်၏၊ (အစ၌) သူတော်မဟုတ် သူယုတ်မာဖြစ်သော်လည်း (နောက်၌) တဖန် သူတော်ကောင်းဖြစ်တတ်ကုန်၏။

၁၀၀၉။ ကာမဂုဏ်တို့ကို လိုလားမှု'ကာမစ္ဆန္ဒ' စီးပွါးချမ်းသာကို ဖျက်ဆီးမှု'ဗျာပါဒ' စိတ်စေတသိက်တို့၏ မခံ့မှု'ထိနမိဒ္ဓ' စိတ်မငြိမ်သက်မှု ပျံ့လွင့်မှု'ဥဒ္ဓစ္စ' အာရုံကို မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' ဟူသော ထိုတရားငါးပါးတို့သည် ရဟန်း၏ စိတ်ကို ညစ်ညူးစေတတ်ကုန်၏။

၁၀၁၀။ မမေ့မလျော့နေလေ့ရှိသော အပူဇော်ခံရသော အကြင်ပုဂ္ဂိုလ်၏ သမာဓိသည် အရှိအသေပြုခြင်းကြောင့်၎င်း အရှိအသေမပြုခြင်းကြောင့်၎င်း နှစ်ပါးစုံတို့ကြောင့် မတုန်လှုပ်။

၁၀၁၁။ အမြဲဈာန်ဝင်စားလေ့ရှိသော သိမ်မွေ့သော ပညာဖြင့် ရှုတတ်သော ဥပါဒါန်တရားတို့၏ကုန်ရာ (အရဟတ္တဖိုလ်နိဗ္ဗာန်)၌ မွေ့လျော်ခြင်းရှိသော ထိုသူကို သူတော်ကောင်းဟူ၍ ဆိုကြကုန်၏။

၁၀၁၂။ (စေတနာမရှိ၍သော ဣဋ္ဌ အနိဋ္ဌတို့၌ သည်းခံနိုင်သော)မဟာသမုဒ္ဒရာ မြေကြီး ကျောက်တောင် လေတို့သည်(စေတနာရှိလျက် ဣဋ္ဌ အနိဋ္ဌတို့၌ သည်းခံနိုင်သော)မြတ်စွာ

http://www.dhammadownload.com



ဘုရား၏ အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိနှင့် ဥပမာအဖြစ်ဖြင့် နှိုင်းယှဉ်ခြင်းငှါ မသင့်လျော်ကုန်သည်သာတည်း။

၁၀၁၃။ ဥပတိဿထေရ်သည် တရားတည်းဟူသော စကြာရတနာကို အတုလိုက်၍ လည်စေနိုင်၏၊ ကြီးမြတ်သော ပညာရှိ၏၊ တည်ကြည်၏၊ မြေ ရေ မီးနှင့် တူသည် ဖြစ်၍ တပ်မက်ခြင်းမရှိ၊ ပြစ်မှားခြင်းမရှိ။

၁၀၁၄။ (ဥပတိဿထေရ်သည်) သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ပြီးဖြစ်၍ ကြီးမြတ်သောပညာရှိ၏၊ (ပညာအားဖြင့်) မထိုင်းမှိုင်း မအသည်ဖြစ်လျက် ထိုင်းမှိုင်းသူ အသူကဲ့သို့ဖြစ်၏၊ အခါခပ်သိမ်း ကိလေသာငြိမ်း၍ လှည့်လည်နေထိုင်၏။

၁၀၁၅။ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ပြီးပြီ။ပ။ ဘဝသုံးပါးသို့ ဆောင်တတ်သောတဏှာကို စွန့်ပယ်အပ်ပြီ။

၁၀၁၆။ မမေ့မလျော့ခြင်းနှင့် ပြည့်စုံစေကြကုန်လော့၊ ဤသည်လျှင် ငါ၏ အဆုံးအမတည်း၊ ယခုအခါ ငါသည် ပရိနိဗ္ဗာန်ပြုတော့အံ့၊ ငါသည် အလုံးစုံသော ပြည့်စုံမှု၏တည်ရာ 'ဥပဓိ'မှ လွတ်မြောက်၏။

ဤသို့လျှင် သာရိပုတြာမထေရ်သည် ရွတ်ဆို၏။

## ၁၃-အာနန္ဒတ္ထေရဂါထာ

၁၀၁၇။ ပညာရှိသည် ကုန်းတိုက် ချောပစ်တတ်သူနှင့်ငင်း အမျက်ထွက်လေ့ရှိသူနှင့်ငင်း ဝန်တိုသူနှင့်ငင်း (သတ္တဝါတို့)ပျက်စီးခြင်းကို လိုလားနှစ်သက်သူနှင့်ငင်း ပေါင်းဖော်ခြင်းကို မပြုရာ၊ သူယုတ်မာနှင့် ပေါင်းဖော်ရခြင်းသည် ယုတ်မာ၏။

၁၀၁၈။ ပညာရှိသူသည် (ကံ ကံ၏အကျိုးကို) ယုံကြည်မှု'သဒ္ဓါ'ရှိသူနှင့်ငင်း သီလကို ချစ်မြတ်နိုးသူနှင့်ငင်း ဉာဏ်ပညာပြည့်စုံသူနှင့်ငင်း အကြားအမြင်များသူနှင့်ငင်း ပေါင်းဖော်ခြင်းကို ပြုရာ၏၊ ပညာရှိသူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် ကောင်းမြတ်လှ၏။

၁၀၁၉။ အဆန်းတကြယ် ပြုအပ်သော အိုင်းအမာတို့၏ စုဝေးတည်နေရာ ဖြစ်သော (သုံးရာသော အရိုးတို့ဖြင့်) စိုက်ထူ၍ ထားအပ်သော အမြဲ နာကျင်သော (လူမိုက်တို့) အထူးထူးအထွေထွေ ကြံစည်အပ်သော ခန္ဓာကိုယ်အတ္တဘောကို ရှုပါလော့၊ ယင်းခန္ဓာကိုယ်အတ္တဘော၏ ခိုင်မြဲတည်တံ့သောအဖြစ်သည် မရှိချေ။

၁၀၂၀။ ကျောက်သံပတ္တမြားဖြင့်ငင်း ပုတီး နားဒောင်းပြင့်ပုံး အဆန်းတကြယ် ပြုပြင်အပ်သော ခန္ဓာကိုယ်ကြီးကိုငင်း (စိုသော) အရေဖြင့် မြှေးရှက် ဖုံးလွှမ်းအပ်သော အရိုးစုဖြစ်သော ရုပ်ကိုယ်ကြီးကိုငင်း ရှုပါလော့၊ (ယင်း ခန္ဓာကိုယ်သည်) အဝတ်တို့နှင့် တကွ (ဖုံးလွှမ်းမှသာ) တင့်တယ်နိုင်၏။

၁၀၂၁။ ချိပ်ရည်ဖြင့်ဆိုးအပ်သောခြေတို့သည်ငင်း မျက်နှာချေမှုန့်ဖြင့်လိမ်းအပ်သော မျက်နှာသည်ငင်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော) တဖက်ကမ်းကို ရှာမှီးလေ့ရှိသောသူအား (တွေဝေစေခြင်းငှါ) မစွမ်းနိုင်။

http://www.dhammadownload.com



၁၀၂၂။ ရှစ်စုခွဲ၍ ပြုပြင်အပ်သောဆံပင်တို့သည်၎င်း မျက်ကွင်းဆေးတို့ဖြင့် လိမ်းခြယ်အပ်ကုန်သောမျက်စိတို့သည်၎င်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်ကုန်၏၊ (နိဗ္ဗာန်ဟူသော)ကမ်းတဖက်ကို ရှာမှီးလေ့ရှိသော သူအား (တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၁၀၂၃။ အသစ်ဖြစ်၍ ဆန်းကြယ်သော မျက်ကွင်းဆေးကျည်တောက်ကဲ့သို့ တန်ဆာဆင်အပ်သော အကောင်ပုပ်သည် အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော)ကမ်းတဖက်ကို ရှာမှီးလေ့ရှိသောသူအား (တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၁၀၂၄။ များသော အကြားအမြင်ရှိသော ဆန်းကြယ်သော တရားစကားကို ဟောတတ်သော မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်သော ဂေါတမအနွယ်ဖြစ်သော အသျှင်အာနန္ဒာသည် ချအပ်သောခန္ဓာဝန်ရှိသည်ဖြစ်၍ (ဩဃလေးပါးနှင့်) မယှဉ်မူ၍ အိပ်ခြင်းကို ပြု၏။

၁၀၂၅။ အာသဝေါကုန်ပြီးသော(ဩဃလေးပါးနှင့်) မယှဉ်သော (ရာဂအစရှိသော) ငြိတွယ်တတ်သော တရားကို လွန်ပြီးသော (ကိလေသာ ပူလောင်ခြင်းမှ) ကောင်းစွာငြိမ်းပြီးသော(အာနန္ဒာသည်) ပဋိသန္ဓေနေခြင်း သေခြင်းတို့၏ ကမ်းတဖက်(နိဗ္ဗာန်)သို့ ရောက်သည်ဖြစ်၍ အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်၏။"

၁၀၂၆။ အကြင် ပုဂ္ဂိုလ်ထူး၌ နေမင်းအဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ တရားတို့သည် တည်ကုန်၏၊ ဂေါတမအနွယ်ဖြစ်သော ထိုအသျှင်အာနန္ဒာသည် (သဥပါဒိသေသနိဗ္ဗာန်ကို ရပြီးဖြစ်သောကြောင့် အနုပါဒိသေသ) နိဗ္ဗာန်သို့ သွားရောက်ရာ လမ်းခရီး၌ တည်၏။

၁၀၂၇။ (ဂေါပကပုဏ္ဏားငါသည်)မြတ်စွာဘုရားအထံတော်မှ ရှစ်သောင်းနှစ်ထောင်ကုန်သော ဓမ္မက္ခန္ဓာတို့ကို သင်ယူခဲ့၏၊ (အရှင်သာရိပုတြာ အစရှိသော သာဝက)ရဟန်းတို့ထံမှ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို သင်ယူခဲ့၏၊ ရှစ်သောင်း လေးထောင် အတိုင်းအရှည်ရှိကုန်သော ယင်းတရားတို့ကို (ငါ၏နှုတ်၌) လေ့လာအပ်ကုန်၏။

၁၀၂၈။ အကြားအမြင် နည်းပါးသော ဤယောကျ်ားသည် နွားကဲ့သို့ ကြီးပွါး၏၊ ထိုသူအား အသားတို့သာ တိုးပွါးကုန်၏၊ ပညာသည်ကား မတိုးပွါး။

၁၀၂၉။ အကြား အမြင် များသော အကြင် သူသည် အကြား အမြင် နည်းသူကို အကြားအမြင်ဖြင့် မထေမဲ့မြင် ပြု၏၊ သူကန်းသည် (အမိုက်တိုက်၌) ဆီမီးအိမ်ကို ဆောင်သကဲ့သို့ ထိုအတူ (သူကန်းကဲ့သို့) ငါ၏ ဉာဏ်၌ ထင်လာ၏။

၁၀၃၀။ အကြားအမြင်များသူကို မှီဝဲဆည်းကပ်ရာ၏၊ (မှီဝဲဆည်းကပ်၍ရအပ်သော) အကြားအမြင်ကိုလည်း မပျောက်မပျက်စေရာ၊ ထိုအကြားအမြင်သည် (မဂ်ဟူသော) မြတ်သော အကျင့်၏ ပြဋ္ဌာန်းသော အကြောင်းရင်း မူလ ဖြစ်၏၊ ထို့ကြောင့်(ရှေးဦးစွာ) ပရိယတ္တိဓမ္မကို ဆောင်ရာ၏။

၁၀၃၁။ (တခုသော ဂါထာ၏)ရှေ့အဘို့ နောက်အဘို့ကိုသိ၍၎င်း အနက်ကိုသိ၍၎င်း သဒ္ဒါပုဒ်တို့၌ လိမ်မာ၍၎င်း တရားကို ကောင်းစွာ သင်ယူအပ်သည်ကိုပြု၍ မှတ်ယူ၏၊ (ကြားအပ် သင်ယူအပ်သော)တရား၏အနက်ကိုလည်း အဖန်ဖန် ရှု၏။

http://www.dhammadownload.com



၁၀၃၂။ (စိတ်ဖြင့် အဖန်ဖန်ရှုအပ်သော ထိုတရားတို့၌) အယူကို လက်ခံ ကြေနပ်ခြင်းဖြင့် အလိုဆန္ဒရှိသည်ကို ပြုအပ်၏၊ (ဝိပဿနာမှုပြုလုပ်သူသည် နာမ်ရုပ်ကို ရှုသည်၏အစွမ်းဖြင့်)အားထုတ်၍ (အနိစ္စ ဒုက္ခ အနတ္တဟူ၍လည်း) ထိုနာမ်ရုပ်ကို ကြည့်ရှုနှိုင်းချိန်၏၊ (ဤသို့ ကြည့်ရှုနှိုင်းချိန်သော) ထိုပုဂ္ဂိုလ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ စိတ်ကို ချီးမြှောက်သင့်သောအခါစသည်၌ (ချီးမြှောက်ခြင်း စသည်ဖြင့်) အားထုတ်၏။

၁၀၃၃။ (ဆိုအပ်ခဲ့ပြီးသော ဂုဏ်ကျေးဇူးသည်) အကြားအမြင်များသော ပရိယတ္တိဓမ္မကို ဆောင်သော မဂ်ပညာနှင့်ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သာဝကကို (ဆည်းကပ်သောသူအားသာ ဖြစ်၏)၊ သစ္စာလေးပါးတရားတို့၌ ပိုင်းခြားသိတတ်သော ဓမ္မဉာဏ်ကို လိုလားတောင့်တသူသည် ထိုသို့ဆိုအပ်ပြီးသော အပြားရှိသော ထိုမိတ်ဆွေကောင်းကို မှီဝဲ ဆည်းကပ်ရာ၏။

၁၀၃၄။ အကြားအမြင်များသော ပရိယတ္တိဓမ္မကိုဆောင်သည်ဖြစ်၍ မြတ်စွာဘုရား၏ (တရားတည်းဟူသော) ဘဏ္ဍာတိုက်ကို စောင့်နိုင်သော ပုဂ္ဂိုလ်သည် (နတ်နှင့်တကွသော) လောကအားလုံး၏ မျက်စိသဖွယ် ဖြစ်၏၊ (ထို့ကြောင့်) အကြားအမြင်များသောသူကို ပူဇော်ထိုက်၏။

၁၀၃၅။ တရားလျှင် မွေ့လျော်ရာရှိသော တရား၌မွေ့လျော်သော တရားကို အဖန်ဖန် ဆင်ခြင်သော တရားကို အဖန်ဖန်အောက်မေ့သော ရဟန်းသည် သူတော်ကောင်းတို့၏ တရားမှ မဆုတ်ယုတ်။

၁၀၃၆။ အကြင်ရဟန်းသည် (ခဏတိုင်း ခဏတိုင်း) အသက်အပိုင်းအခြား နည်းပါး ကုန်ခန်းနေသည်ဖြစ်ပါလျက် (ရဟန်းတရားကို) အားမထုတ်ငြားအံ့၊ ခန္ဓာကိုယ်ကို မြတ်နိုး မှု၌သာ အလေးပြုနေသော(မွန်မြတ်သော အာဟာရစသည်ဖြင့်) မိမိကိုယ်၏ ချမ်းသာမှု၌ တပ်မက်နေသော ထိုရဟန်းအား ရဟန်းအဖြစ်ဖြင့် ချမ်းသာစွာနေရခြင်းသည် အဘယ်မှာ ရှိပါအံ့နည်း။

၁၀၃၇။ အဆွေခင်ပွန်းကောင်း (အရှင်သာရိပုတြာ)သည် အနုပါဒိသေသ ပရိနိဗ္ဗာန် စံလွန်တော်မူသည်ရှိသော် အရပ်မျက်နှာအားလုံးတို့သည် ငါ့အား မထင်မရှား ဝိုးဝါးဖြစ်နေ၏၊ (ကောင်းစွာလေ့လာထားသော) ပရိယတ္တိတရားတို့သည်လည်း ငါ၏ဉာဏ်၌ မထင် လာကုန်၊ ဤလောကအားလုံးသည် အမိုက်တိုက်ကဲ့သို့ ထင်၏။

၁၀၃၈။ မြတ်စွာဘုရားတည်းဟူသော ဆရာကွယ်လွန်ခြင်းကြောင့် အဆွေခင်ပွန်း ကောင်းမှ ကင်းကွာရသော ငါ့အား ကာယဂတာသတိကဲ့သို့ အကျိုးစီးပွါးကို ဆောင် တတ်သော အဆွေခင်ပွန်းကောင်း မရှိတော့ချေ။

၁၀၃၉။ (အရှင်သာရိပုတြာစသော) အဆွေခင်ပွန်းဟောင်းတို့သည် ကွယ်လွန်ကုန်ပြီ၊ ငါ၏ (စိတ်သည်) သီတင်းသုံးဖော်သစ်တို့နှင့် မညီညွတ်၊ ထိုငါသည် ယခုအခါ (မိုးကာလ၌ အသိုက်သို့ နေခြင်းငှါ) ကပ်သောငှက်ကဲ့သို့ တယောက်ထီးတည်းသာလျှင် ဈာန်ဝင်စားရတော့အံ့။

၁၀၄၀။ (အာနန္ဒာ ငါ့အား) ဖူးမြော်ရန် လာကြကုန်သော အထူးထူးသော တိုင်း နိုင်ငံသား များစွာသောလူတို့ကို မတားမြစ်လင့်၊ (ထိုသူတို့သည်) တရားနာလိုကုန်၏၊

http://www.dhammadownload.com



ငါ့အား ဖူးမြင်စေကုန်လော့၊ (ဤအခါသည် တရားဟောအံ့သော) အခါတည်း (ဟု မြတ်စွာဘုရား မိန့်တော်မူ၏)။

၁၀၄၁။ (မြတ်စွာဘုရားအား) ဖူးမျှော်ရန်လာရောက်ကြကုန်သော အထူးထူးသော တိုင်း နိုင်ငံသား များစွာသောလူတို့ကို မြတ်စွာဘုရားသည် အခွင့်ပြုတော်မူ၏၊ စက္ခုငါးပါး နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တားမြစ်တော်မမူ။

၁၀၄၂။ နှစ်ဆဲ့ငါးနှစ်တို့ပတ်လုံး သေက္ခမျှသာဖြစ်သေးသော ငါ့အား ကာမဂုဏ်၌ ဖြစ်သော အမှတ်သညာမဖြစ်စဘူး၊ တရားတော်၏ ကောင်းသောတရားတော်၏အဖြစ်ကို ရှုပါလော့။

၁၀၄၃။ နှစ်ဆဲ့ငါးနှစ်တို့ပတ်လုံး သေက္ခမျှသာဖြစ်သေးသော ငါ့အား ဒေါသနှင့်ယှဉ် သော အမှတ်သညာမဖြစ်စဘူး၊ တရားတော်၏ ကောင်းသောတရား၏အဖြစ်ကို ရှုပါလော့။

၁၀၄၄။ ငါသည် သွားသူနောက်သို့ အစဉ်လိုက်သောအရိပ်ကဲ့သို့ နှစ်ဆဲ့ငါးနှစ်တို့ ပတ်လုံး ကာယကံမေတ္တာဖြင့် မြတ်စွာဘုရားသို့ အစဉ်လိုက်ကာ လုပ်ကျွေးခဲ့ပါ၏။

၁၀၄၅။ ငါသည် သွားသူနောက်သို့ အစဉ်လိုက်သော အရိပ်ကဲ့သို့ နှစ်ဆဲ့ငါးနှစ်တို့ ပတ်လုံး ဝစီကံမေတ္တာဖြင့် မြတ်စွာဘုရားသို့ အစဉ်လိုက်ကာ လုပ်ကျွေးခဲ့ပါ၏။

၁၀၄၆။ ငါသည် သွားသူနောက်သို့ အစဉ်လိုက်သော အရိပ်ကဲ့သို့ နှစ်ဆဲ့ငါးနှစ်တို့ ပတ်လုံး မနောကံမေတ္တာဖြင့် မြတ်စွာဘုရားသို့ အစဉ်လိုက်ကာ လုပ်ကျွေးခဲ့ပါ၏။

၁၀၄၇။ (ငါသည်) မြတ်စွာဘုရား စင်္ကြံကြွတော်မူသည်ရှိသော် မြတ်စွာဘုရား၏ နောက်တော်ကလိုက်၍ စင်္ကြံသွားခဲ့ပါ၏၊ မြတ်စွာဘုရား တရားဟောတော်မူသည်ရှိသော် ငါ့အား (တရားကို သိသော သောတာပတ္တိမဂ်) ဉာဏ် ဖြစ်ခဲ့ပါ၏။

၁၀၄၈။ ငါသည် (အထက်မဂ်သုံးခုအလို့ငှါ) ပြုဖွယ်ကိစ္စရှိနေသေး၏၊ အရဟတ္တဖိုလ်သို့ မရောက်သေးမူ၍ သေက္ခမျှသာ ဖြစ်နေသေး၏၊ ငါ့အား သနားစောင့်ရှောက်တော်မူသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည်လည်း နီးကပ်ခဲ့လေပြီတကား။

၁၀၄၉။ မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား သည် ပရိနိဗ္ဗာန်ပြုတော်မူလတ်သော် ထိုအခါဝယ် (မြေငလျင်လှုပ်ခြင်း တော်လဲခြင်း စသော) ကြောက်မက်ဖွယ်သည် ဖြစ်လေပြီတကား၊ ထိုအခါ ကြက်သီးမွေးညှင်းထခြင်း သည် ဖြစ်လေပြီတကား။

၁၀၅၀။ အကြားအမြင်များသော ပရိယတ္တိဓမ္မကို ဆောင်နိုင်သည်ဖြစ်၍ မြတ်စွာ ဘုရား၏ (တရားတည်းဟူသော) ဘဏ္ဍာတိုက်ကို စောင့်နိုင်သော (နတ်နှင့်တကွသော) လောကအားလုံး၏ မျက်စိသဖွယ်ဖြစ်၍ဖြစ်သော အာနန္ဒာမထေရ်သည် ပရိနိဗ္ဗာန်ပြုတော် မူ၏။

၁၀၅၁။ အကြားအမြင်များသော ပရိယတ္တိဓမ္မကို ဆောင်နိုင်သည်ဖြစ်၍ မြတ်စွာဘုရား ၏ (တရားတည်းဟူသော) ဘဏ္ဍာတိုက်ကို စောင့်နိုင်သော (နတ်နှင့်တကွသော) လောက

http://www.dhammadownload.com



အားလုံး၏ မျက်စိသဖွယ်ဖြစ်၍ဖြစ်သော အာနန္ဒာမထေရ်သည် (အဝိဇ္ဇာတည်းဟူသော) အမိုက်တိုက်၌ (အဝိဇ္ဇာဟူသော) အမိုက်ကို ပယ်ဖျောက်တော်မူပေ၏။

၁၀၅၂။ မြတ်သော သီလက္ခန္ဓစသည်းကို ရှာမှီးလေ့ရှိသော အာနန္ဒာမထေရ်သည် (အတုမရှိသော) ဉာဏဂတိနှင့် ပြည့်စုံ၏၊ မြတ်သောသတိ၏ ရင့်ကျက်ခြင်းနှင့် ပြည့်စုံ၏၊ (သဒ္ဒါအနက်ကို ပိုင်းခြားသတ်မှတ်ခြင်းငှါ စွမ်းနိုင်သော) တည်ကြည်မှုနှင့် ပြည့်စုံ၏၊ ပရိယတ် ပဋိပတ် ပဋိဝေဓဟုဆိုအပ်သော သူတော်ကောင်းတရားကို ဆောင်၏၊ တရားရတနာတို့၏ တည်ရာဖြစ်၏။

၁၀၅၃။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်ပြီး မြတ်စွာဘုရား ဆုံးမတော်မူသော အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ မဖြစ်ရတော့ပြီ။

ဤသို့လျှင် အာနန္ဒာမထေရ်သည် ရွတ်ဆို၏။

# တိံသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၈-စဠ္ဌာလီသနိပါတ်

## ၁-မဟာကဿပတ္ထေရဂါထာ

၁၀၅၄။ ပရိသတ်အပေါင်းခြံရံလျက် မနေရာ၊ ပရိသတ်အပေါင်းအခြံအရံဖြင့် နေသည်ရှိသော် စိတ်အနှောက်အရှက်ရှိသည်ဖြစ်၍ အလိုသန္ဒအမျိုးမျိုးရှိသော လူအပေါင်းကို ချီးမြှောက်ရခြင်းသည် ဆင်းရဲ၏၊ ဤသို့ (အပြစ်ကို) မြင်၍ ဂိုဏ်းဂဏအသင်းအပင်းကို အလိုမရှိရာ။

၁၀၅၅။ (ဤသာသနာတော်၌) ရဟန်းသည် (မင်းမျိုးစသော) အမျိုးတို့သို့ နီးနီးစပ်စပ် မချဉ်းကပ်ရာ၊ စိတ်အနှောက်အရှက်ရှိသူသည် တည်ကြည်မှု 'သမာဓိ' ကို ရခဲ၏၊ မိမိ၏ချမ်းသာကို ဆောင်ရွက်နိုင်သော အကြင်ရဟန်းသည် အရသာ၌ တပ်မက်မောသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်ခြင်း၌ ကြောင့်ကြစိုက်သူဖြစ်၏၊ ထိုရဟန်းသည် (သီလစသော) အကျိုးကို ဆိတ်သုဉ်းစေ၏။

၁၀၅၆။ ဒါယကာတို့၏ ရှိခိုးပူဇော်မှုကို ရွံ့ညွှန်ဟူ၍၎င်း သိမ်မွေ့၍ အနုတ်ခက်သော ဆူးငြောင့်တံသင်းဟူ၍၎င်း ဘုရားစသော အရိယာသူတော်ကောင်းတို့ ပြောကြားကုန်၏၊ ထိုပူဇော်သက္ကာရမျိုးကို စိတ်နေစိတ်ထား ယုတ်ညံ့သူသည် စွန့်နိုင်ခဲ၏။

၁၀၅၇။ ငါသည် တောင်ပေါ်ကျောင်းမှ ဆင်းသက်၍ မြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့၏၊ ထမင်းစားနေဆဲဖြစ်သော နူနာစွဲကပ်သူ ယောကျ်ားထံသို့ လေးလေးစားစား ဆွမ်းရပ်ခဲ့ပြီ။

၁၀၅၈။ ထိုနူနာစွဲသူသည် (အရိုးခိုက်သော နူနာရောဂါရှိသည်၏ အဖြစ်ကြောင့်) ပြုတ်လုနီးပါး သွေးပြည်စားထားသော လက်ဖြင့် တလုတ်စာ ဆွမ်းကို ငါ့အား လောင်းလှူလိုက်၏၊ ဆွမ်းကို (သပိတ်တွင်းသို့) လောင်းထည့်လိုက်စဉ် နူနာစွဲသူ၏ လက်ချောင်းသည်လည်း ဤသပိတ်၌ (ဆွမ်းနှင့်အတူ) ပြုတ်ကျ၏။

၁၀၅၉။ ငါသည် အိမ်နံရံအနီးအပါး၌ ထိုင်၍ ပြုတ်ကျသော လက်ချောင်းနှင့်တကွသော ဆွမ်းကို စားပြီ၊ ဆွမ်းစားဆဲ၌၎င်း ဆွမ်းစားပြီး၌၎င်း ငါ့အား စက်ဆုပ်ရွံရှာခြင်း မဖြစ်။

၁၀၆၀။ (သူတပါးတို့၏ အိမ်တံခါး၌) ရပ်၍ ခံယူရသော ဆွမ်းသည် (ငါ၏) စားမျိုအပ်သော အာဟာရတည်း၊ နွားကျင်ငယ်ပုပ်သည်လည်း ငါသုံးဆောင်သောဆေးတည်း၊ သစ်ပင်ရင်းသည် (ငါ၏) နေရာကျောင်းတည်း၊ မြေမှုန့်အလိမ်းလိမ်းကပ်သော (ပံ့သုကူ) အဝတ်သည် (ငါ၏) သင်္ကန်းတည်း၊ အကြင်ရဟန်းသည် ထိုပစ္စည်းလေးပါးတို့ကို နှစ်နှစ်ခြိုက်ခြိုက် သုံးဆောင်နိုင်၏၊ ထိုရဟန်းသည် စင်စစ် အရပ်လေးမျက်နှာ သွားလိုရာ သွားနိုင်သူ (စတုဒ္ဒိသာ) ရဟန်းမည်၏။

၁၀၆၁။ အကြင်ပစ္ဆိမအရွယ်၌ အချို့သူတို့သည် တောင်ကို တက်ကုန်လတ်သော် ပင်ပန်းခြင်းသို့ ရောက်ကုန်၏၊ ထိုပစ္ဆိမအရွယ်၌ မြတ်စွာဘုရား၏ အမွေခံဖြစ်သော

http://www.dhammadownload.com



ကဿပသည် ပညာအဆင်အခြင်နှင့်ပြည့်စုံကာ ထင်သောသတိရှိသည်ဖြစ်လျက် တန်ခိုးအစွမ်းဖြင့် ထောက်ပံ့ထားသည်ဖြစ်၍ (တောင်သို့) တက်နိုင်၏။

၁၀၆၂။ ကဿပသည် ဆွမ်းခံရွာမှ ပြန်ခဲ့ပြီးသော် တောင်ပေါ်သို့တက်၍ စွဲလန်းမှု 'ဥပါဒါန်' မရှိပဲ ကြောက်မက်ဖွယ်ဘေးရန်ကို ပယ်ဖျောက်လျက် ဈာန်ဝင်စားကာ နေ၏။

၁၀၆၃။ ကဿပသည် ဆွမ်းခံရွာမှ ပြန်ခဲ့ပြီးသော် တောင်ပေါ်သို့တက်၍ စွဲလန်းမှု 'ဥပါဒါန်' မရှိပဲ (ရာဂမီးစသော တဆယ့်တပါးသော) မီးတို့သည် သတ္တဝါတို့ကို လောင်မြိုက်နေကုန်စဉ် ကိလေသာအပူမရှိသည်၏အဖြစ်ဖြင့် ငြိမ်းသည်ဖြစ်၍ ဈာန်ဝင်စားကာ နေ၏။

၁၀၆၄။ ကဿပသည် ဆွမ်းခံရွာမှ ပြန်ခဲ့ပြီးသော် စွဲလမ်းမှု 'ဥပါဒါန်' မရှိပဲ (မဂ်) ကိစ္စကို ပြုပြီးသည်ဖြစ်၍ အာသဝေါကင်းလျက် တောင်ပေါ်သို့တက်၍ ဈာန်ဝင်စား၏။

၁၀၆၅။ ရေခတက်ပင်အစဉ်တို့ဖြင့် ကောင်းစွာ ရောက်ကုန်သော နှလုံးမွေ့လျော်ဖွယ် မြေအဘို့လည်းရှိကုန်သော ဆင်အော်သံဘို့ဖြင့်လည်း မွေ့လျော်ဖွယ်ရှိကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၆၆။ မိုးတိမ်ညိုအဆင်းနှင့်တူ၍ နှစ်လိုဖွယ်ရှိကုန်သော အေးမြသော ရေလည်းရှိကုန်သော စင်ကြယ်သော မြေအဖို့ကို ဆောင်ကုန်သော(သန္တာအဆင်းနှင့်တူသော နီသောအဆင်းရှိသော သိကြားကွမ်းသွေးကောင် ဣန္ဒဂုပ်ကောင်ဟု အမည်ရသော) ပိုးပရန့်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၆၇။ မိုးတိမ်ညို၏ အထွတ်နှင့်တူသော အထွတ်လည်းရှိကုန်သော မြတ်သော ပြာသာဒ်ဆောင်နှင့်လည်း တူကုန်သော ဆင်အော်သံတို့ဖြင့်လည်း မွေ့လျော်ဖွယ်ရှိကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၆၈။ မိုးရွာခြင်းကြောင့် (မြူစသည်ကင်းသဖြင့်) မွေ့လျော်ဖွယ်သော အပြင်ရှိကုန်သော ရသေ့ရဟန်းတို့ မှီဝဲအပ်ကုန်သော ဥဒေါင်းတွန်သံတို့ဖြင့် ပံ့တင်ထပ်ကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၆၉။ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ ဈာန်ဝင်စားလိုသော သတိရှိသော ငါ့အား (ထိုတောင်တို့သည် ချမ်းသာစွာနေခြင်းငှါ) လျောက်ပတ်၏၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ ကိလေသာကို ဖျက်ဆီးပြီးသော အကျိုးကို အလိုရှိသော ငါ့အား (ထိုတောင်တို့သည် ချမ်းသာစွာနေခြင်းငှါ) လျောက်ပတ်၏။

၁၀၇၀။ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ ကိလေသာကို ဖျက်ဆီးပြီးသော ချမ်းသာစွာနေခြင်းကို အလိုရှိသော ငါ့အား (ထိုတောင်တို့သည် ချမ်းသာစွာနေခြင်းငှါ) လျောက်ပတ်၏၊ (ကမ္မဋ္ဌာန်းကို ပွါးစေခြင်းဌ) အားထုတ်လိုသော နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသည်ဖြစ်၍ ဣဋ္ဌာရုံ အနိဋ္ဌာရုံစသည်တို့၌ တုန်လှုပ်ခြင်းမရှိသော ကျေးဇူးနှင့်ပြည့်စုံသော ငါ့အား(ထိုတောင်တို့သည် မွေ့လျော်ခြင်းငှါ) လျောက်ပတ်၏။

http://www.dhammadownload.com



၁၀၇၁။ အောင်မဲညိုပွင့်နှင့်တူသည်ဖြစ်၍ မိုးသိမ်ပြာတို့ ဖုံးလွှမ်းအပ်သည်ဖြစ်၍ (တန်ဆောင်မုန်းလ) ကောင်းကင်နှင့်တူသော အမျိုးမျိုးသောငှက်အပေါင်းတို့ဖြင့် ပြွမ်းကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၇၂။ လူတို့နှင့်လည်း မရောပြွမ်းကုန်သော သားကောင်အပေါင်းတို့ မှီဝဲရာလည်းဖြစ်ကုန်သော အမျိုးမျိုးသောငှက်အပေါင်းတို့ဖြင့် ပြွမ်းကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၇၃။ ကြည်လင်သော ရေရှိကုန်သော ကျယ်ပြန့်၍ နူးညံ့သည့်ကျောက်ရှိကုန်သော မျောက် ချေ (ဂျီ) သမင်စသော သားကောင်တို့ဖြင့် ရောပြွမ်းကုန်သော (ထိုထိုအရပ်၌) ရေမှော်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ထိုတောင်တို့သည် ငါ့ကို မွေ့လျော်စေကုန်၏။

၁၀၇၄။ တည်ကြည်သောစိတ်ရှိ၍ ခန္ဓာတို့၏ သဘောတရားကို ရှုသော ဓယာဂါဝစရပုဂ္ဂိုလ်အား တရား၌ မွေ့လျော်မှုဖြစ်သကဲ့သို့ အင်္ဂါငါးပါးနှင့်ပြည့်စုံသော တူရိယာဖြင့် ကာမဂုဏ်ငါးပါး ခံစားသောသူအား ထိုသို့သဘောရှိသော မွေ့လျော်မှုမျိုး မဖြစ်နိုင်။

၁၀၇၅။ (ရဟန်းတရားအားထုတ်မှု၏ ဘေးရန်ဖြစ်သော) အမှုကြီးငယ် အသွယ်သွယ်ကို မပြုရာ၊ ကလျာဏမိတ္တမဟုတ်သူကို ကြဉ်ရှောင်ရာ၏၊ လူဒါယကာတို့အတွက် ကြောင့်ကြမစိုက်ရာ၊ မိမိချမ်းသာကို ဆောင်ရွက်နိုင်သော အကြင်ရဟန်းသည် အရသာ၌ တပ်မက်မောသည်ဖြစ်၍ ဒါယကာတို့သို့ ချဉ်းကပ်ခြင်း၌ ကြောင့်ကြစိုက်သူဖြစ်၏၊ ထိုရဟန်းသည် သီလစသော အကျိုးကို ဆိတ်သုဉ်းစေ၏။

၁၀၇၆။ (ရဟန်းတရားအားထုတ်မှု၏ ဘေးရန်ဖြစ်သော) အမှုကြီးငယ် အသွယ်သွယ်ကို မပြုရာ၊ မိမိအကျိုးကို မဆောင်နိုင်သော ဤအမှုကြီးငယ်ပြုခြင်းစသည်ကို ရှောင်ကြဉ်ရာ၏၊ (အမှုသစ်ကို ဆောင်ရွက်ရသောပုဂ္ဂိုလ်၏) ကိုယ်သည် ငြိုငြင်ဆင်းရဲရ၏၊ ပင်ပန်းရ၏၊ ငြိုငြင်ပင်ပန်းသော ထိုပုဂ္ဂိုလ်သည် စိတ်တည်ကြည်ခြင်းကို မရနိုင်။

၁၀၇၇။ နှုတ်ခမ်းလှုပ်၍ ရွတ်ဖတ်သရဇ္ဈာယ်ကာမျှဖြင့်လည်း မိမိ၏ အကျိုးကို မသိမမြင်၊ (ဦးခေါင်းမော့ကာ) ခိုင်မာသောလည်ပင်းရှိသည်ဖြစ်၍ လှည့်လည်သွားလာလျက် ငါသည်သာလျှင် မြတ်၏ဟု အောက်မေ့မှတ်ထင်၏။

၁၀၇၈။ မသိမလိမ္မာသူသည် မမြင့်မြတ်သူဖြစ်ပါလျက် မြင့်မြတ်သူနှင့် ထပ်တူပြု၍ မိမိကိုယ်ကို အောက်မေ့မှတ်ထင်၏၊ ထိုသို့သဘောရှိသော ခက်မာတောင့်တင်းသော စိတ်ရှိသူကို ပညာရှိတို့ မချီးမွမ်းကုန်။

၁၀၇၉။ အကြင်ပညာရှိသည်ကား ငါသည် မြင့်မြတ်သူဟူ၍လည်း ငါသည် မြင့်မြတ်သူမဟုတ် ယုတ်ညံ့သူဟူ၍လည်း ငါသည် ထိုမြင့်မြတ်သူနှင့် တူသူဟူ၍လည်း မာန်ကိုးပါးတို့တွင် တခုခုသောမာန်ကြောင့် မတုန်လှုပ်။

၁၀၈၀။ (အရဟတ္တဖိုလ်ပညာ၏ အစွမ်းဖြင့်) ပညာရှိသော ထိုမှတပါး ဓုတင်္ဂစသည်တို့၌ သည်းခံခြင်း တာဒိဂုဏ်နှင့်ပြည့်စုံသော သီလတို့၌ ကောင်းစွာတည်သော စိတ်၏ တည်ကြည်မှုနှင့်ယှဉ်သော ထိုပုဂ္ဂိုလ်ကို ပညာရှိတို့ ချီးမွမ်းကုန်၏။

http://www.dhammadownload.com



၁၀၀၁။ အကြင်သူသည် သီတင်းသုံးဘော်တို့အပေါ်၌ ရိုသေလေးမြတ်မှုမရှိ၊ မြေကြီးသည် ကောင်းကင်မှ ဝေးသကဲ့သို့ ထိုသူသည် သူတော်ကောင်းတရားမှ ဝေး၏။

၁၀၀၂။ အကြင်ပုဂ္ဂိုလ်တို့အား အခါခပ်သိမ်း (မကောင်းမှုမှ) ရှက်ခြင်း 'ဟိရီ' ကြောက်ခြင်း 'ဩတ္တပ္ပ'သည် ကောင်းစွာတည်၏၊ ထိုပုဂ္ဂိုလ်တို့အား စည်ပင်သော အကျင့်မြတ်ရှိကုန်သည်ဖြစ်၍ ဘဝသစ်၌ ဖြစ်ခြင်းကုန်ပြီ။

၁၀၀၃။ အကြင်ရဟန်းသည် ပံ့သုကူသင်္ကန်းကို ဝတ်ရုံလျက် တုန်လှုပ်ပျံ့လွင့်၏၊ လျှပ်ပေါ်လော်လည်၏၊ ထိုရဟန်းသည် ခြင်္သေ့ရေခြုံသော မျောက်ကဲ့သို့ (အရိယာတို့၏ တံခွန်ဖြစ်သော) ထိုပံ့သုကူသင်္ကန်းဖြင့် မတင့်တယ်။

၁၀၀၄။ အကြင်ရဟန်းသည် (ပံ့သုကူသင်္ကန်းကိုဝတ်ရုံကာ) တုန်လှုပ်ပျံ့လွင့်ခြင်း ကင်းသော စိတ်ရှိ၏၊ လျှပ်ပေါ်လော်လည်ခြင်းလည်း မရှိ၊ ရင့်ကျက်သောပညာလည်း ရှိ၏၊ ဣန္ဒြေတို့ကို စောင့်စည်း၏၊ ထိုရဟန်းသည် တောင်ခေါင်းတောင်ဝှမ်း၌ အောင်းသော ခြင်္သေ့ကဲ့သို့ ပံ့သုကူသင်္ကန်းဖြင့် တင့်တယ်၏။

၁၀၀၅-၆။ တန်ခိုးကြီးကုန်သော များသော အခြံအရံရှိကုန်သော များစွာကုန်သော ထိုဗြဟ္မာတို့သည် တသောင်းနှင်နှင့်ရှိကုန်၏၊ ခပ်သိမ်းကုန်သော ထိုဗြဟ္မာအပေါင်းတို့သည် လုံ့လရှိ၍ မြတ်သောဈာန်ဝင်စားမှုရှိသော တည်ကြည်သော သမာဓိရှိသော တရားစစ်သူကြီးဖြစ်သည့်သာရိပုတြာမထေရ်ကို လက်အုပ်ချီမိုး ရှိခိုးလျက် ရပ်တည်ကုန်၏။

၁၀၀၇။ ယောကျ်ားအာဇာနည်ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရားသည် အကြင်အာရုံကို အမှီပြု၍ ဈာန်ဝင်စား၏၊ ထိုအရှင်ဘုရား ဝင်စားနေသော ဈာန်၏အာရုံကို အကျွန်ုပ်တို့ မသိပါကုန်။

၁၀၀၈။ ဘုရားရှင်တို့၏ ကျက်စားရာအာရုံဖြစ်၍ အလွန်နက်နဲသော ကိုယ်ပိုင်တရားတော်သည် အံ့ဩဖွယ်ရှိပါပေစွတကား၊ အကျွန်ုပ်တို့သည် သားမြီးဖျားကို မှန်အောင်ပစ်နိုင်သည့် လေးသမားနှင့်တူသော ပညာရှိဖြစ်ပါကုန်လျက်လည်း ယင်းတရားတော်ကို မသိနိုင်ကြပါကုန်။

၁၀၀၉။ ထိုအခါ ပူဇော်ခြင်းငှါ ထိုက်သော ထိုအရှင်သာရိပုတြာကို နတ်ဗြဟ္မာအပေါင်းတို့သည် ယင်းသို့ ပူဇော်နေသည်ကို မြင်ရ၍ အသျှင်မဟာကပ္ပိနအား ပြုံးခြင်းသည် ဖြစ်လေ၏။

၁၀၁၀။ (စကြဝဠာကုဋေတသိန်းဟူသော) ဗုဒ္ဓခေတ်ရှိသမျှအတွင်း၌ မြတ်စွာဘုရားကိုထား၍ ဓုတင်အရာပယ် ငါသည် သူးချွန်၏၊ (ဓုတင်ကို ဆောင်ရာ၌) ငါနှင့်တူသူမရှိ။

၁၀၁၁။ ငါသည် မြတ်စွာဘုရားကို ဆည်းကပ်ပြီးပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ယခုအခါ ဘဝသစ် မရှိတော့ပြီ။

http://www.dhammadownload.com



၁၀၉၂။ သက်န်း၌(တဏှာဟူသော)လိမ်းကျံမှု မရှိ၊ ကျောင်းအိပ်ရာ နေရာ၌(တဏှာဟူသော) လိမ်းကျံမှု မရှိ၊ အစာဘောဇဉ်၌ (တဏှာဟူသော) လိမ်းကျံမှု မရှိ၊ နိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာကင်းပြီးသော ဂေါတမအနွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အညစ်အကြေးကင်းသော ကြာပွင့်သည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ထို့အတူ (တဏှာလိမ်းကျံခြင်းစသည်ဖြင့်)လိမ်းကျံတော်မမူ၊ တဏှာမှထွက်ခြင်း၌ ညွတ်တော်မူသည်ဖြစ်၍ ဘဝသုံးပါးမှ ကျွတ်လွတ်တော်မူ၏။

၁၀၉၃။ ထိုမြတ်စွာဘုရားသည် သတိပဋ္ဌာန်တည်းဟူသော လည်ပင်း ရှိတော်မူ၏၊ သဒ္ဓါတည်းဟူသော လက်ရှိတော်မူ၏၊ ပညာတည်းဟူသော ဦးခေါင်းရှိတော်မူ၏၊ မြတ်သော(သဗ္ဗညုတ)ဉာဏ် ရှိတော်မူ၏၊ အခါခပ်သိမ်း ငြိမ်းအေးခြင်းသို့ရောက်၍ လှည့်လည်တော်မူ၏။

ဤသို့လျှင် မဟာကဿပမထေရ်သည် ရွတ်ဆို၏။

# စတ္တာလီသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၉–မဟာဝဂ္ဂ သနိပါတ်

## ၁-တာလပုဋ္ဌတ္ထေရဂါထာ

၁၀၉၄။ ငါသည် အဘယ်အခါ တောင်မြောင်ချောက်ကြားတို့၌ တယောက်ထီးတည်း တဏှာအဖော်မရှိပဲ အလုံးစုံသောဘဝကို အနိစ္စဟုရှုလျက် နေရပါအံ့နည်း၊ ငါ့အား ထိုသို့သောအကြံ ထမြောက်အောင်မြင်မှုသည် အဘယ်အခါ၌ ဖြစ်ပါလတ္တံ့နည်း။

၁၀၉၅။ ငါသည် အဘယ်အခါ၌ ဆိုးရည်ဖြင့် အဆင်းကိုဖျက်၍ ဓားငယ်ဖြင့် အပိုင်းပိုင်းဖြတ်အပ်သော သင်္ကန်းကိုဆောင်သော ဖန်ရည်စွန်းသောအဝတ်သင်္ကန်းကို ဝတ်သော် မြတ်နိုးမှုမှကင်းသော(တစုံတခုသော အာရုံ၌)တောင့်တမှုမရှိသော ရဟန်းဖြစ်၍ စွဲမက်မှု 'ရာဂ'ကိုရင်း အမျက်ထွက်မှု 'ဒေါသ'ကိုရင်း တွေဝေမှု'မောဟ'ကိုရင်း (အရိယမဂ်ဖြင့်) ဖြတ်တောက်ပြီးလျှင် တောအုပ်ကြီးသို့ ချဉ်းကပ်ကာ ချမ်းသာစွာ နေရပါအံ့နည်း။

၁၀၉၆။ ငါသည် အဘယ်အခါ၌ သေခြင်း နာခြင်းတို့၏ အသိုက်သဖွယ်ဖြစ်သော သေခြင်း အိုခြင်းတို့ဖြင့် နှိပ်စက်အပ်သော ဤ(ခန္ဓာ)ကိုယ်ကို အနိစ္စဟု အထူးရှုလျက် ကြောက်ရွံ့ခြင်းကင်းကာ တော၌ တယောက်ထီးတည်း နေရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ၌ ဖြစ်ပါလတ္တံ့နည်း။

၁၀၉၇။ ငါသည် အဘယ်အခါ၌ (နှစ်ဆဲ့ငါးပါးသော) ဘေးတို့၏ ဖြစ်ကြောင်းဖြစ်၍ ဆင်းရဲခြင်းကိုဆောင်တတ်သော များစွာသောအာရုံ များစွာသောဘဝသို့ အစဉ်လိုက်တတ်သော တဏှာဟုဆိုအပ်သောနွယ်ကို(ပညာဖြင့်ပြီးသော)ထက်လှစွာသော သန်လျက်ကို စွဲကိုင်၍ ဖြတ်တောက်ခုတ်စဉ်းကာ နေရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၀၉၈။ ငါသည် အဘယ်အခါ၌ ထက်သော တန်ခိုးရှိသော (ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက) ဣသိတို့၏ (မဂ်ပညာဟူသော) ဓားလက်နက်ကို အဆောတလျင် ဆွဲယူ၍ (ကိလေသာ)စစ်သည်နှင့်တကွသော မာန်ကို သီဟာသနပလ္လင်ထက်၌ အလျင်အမြန် ဖျက်ဆီးရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၀၉၉။ ငါသည် အဘယ်အခါ၌ တရားကို အလေးပြုကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော မဖောက်မပြန် မြင်စွမ်းနိုင်ကုန်သော ဣန္ဒြေတို့ကို အောင်ပြီးကုန်သော ဘုရားအစရှိသော သူတော်ကောင်းတို့ အစုအဝေးတို့၌ တရားအားထုတ်ကာ တွေ့မြင်ရသူ ဖြစ်ပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၀။ ပျင်းရိခြင်းသည်၎င်း ဆာလောင်ခြင်းသည်၎င်း ရေမွတ်သိပ်ခြင်း[illegible] လေ နေပူ တံလျှပ်တို့သည်၎င်း ခေါက်ဖတ် ကင်း သန်းတို့သည်၎င်း တောင်မြောင်[illegible] ကြား၌ အကျိုးစီးပွါးကို အလိုရှိသည်ဖြစ်၍နေသော ငါ့ကို အဘယ်အခါ မနှိပ်စ[illegible]

http://www.dhammadownload.com



လတ္တံ့နည်း၊ ထိုအကြံအစည် ထမြောက် အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၁။ ငါသည် အဘယ်အခါ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ သတိနှင့်ပြည့်စုံလျက် မြတ်စွာဘုရားသည် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော မြင်နိုင်ခဲသော သစ္စာလေးပါးတို့ကို အရိယမဂ်ပညာဖြင့် ထိုးထွင်း၍ သိရပါလတ္တံ့နည်း၊ ထိုအကြံအစည် ထမြောက် အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၂။ ငါသည် အဘယ်အခါ ငြိမ်းချမ်းသော ဝိပဿနာ မဂ်သမာဓိနှင့် ပြည့်စုံလျက် ဉာဏ်ဖြင့် မပိုင်းခြားနိုင်သော ရူပါရုံတို့ကိုလည်း သဒ္ဒါရုံတို့ကိုလည်း ဂန္ဓာရုံတို့ကိုလည်း ရသာရုံတို့ကိုလည်း ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်း ဓမ္မာရုံတို့ကိုလည်း (မီးတဆဲ့တပါးတို့ဖြင့်) တောက်လောင်နေ၏ဟူ၍ ဝိပဿနာပညာနှင့်တကွသော မဂ်ပညာဖြင့် ရှုမြင်နိုင်ပါအံ့နည်း၊ ထိုအကြံအစည်ထမြောက် အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၃။ ငါသည် အဘယ်အခါ၌ ရင့်သီးသောစကားဖြင့်(ထိခိုက်ချုတ်ချယ်၍) ပြောဆိုခံရသော် ထိုပြောဆိုခြင်းဟူသော အကြောင်းကြောင့် စိတ်အနှောက်အယှက်ရှိသူ မဖြစ်ပဲ ရှိပါအံ့နည်း၊ ထို့ပြင် တစုံတယောက်သောသူက ချီးမွမ်းအပ်သော်လည်း ထိုချီးမွမ်းခြင်းဟူသောအကြောင်းကြောင့် နှစ်လိုဝမ်းမြောက်သူမဖြစ်ပဲ ရှိပါအံ့နည်း၊ ထိုအကြံအစည် ထမြောက် အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၄။ ငါသည် အဘယ်အခါ၌ ထင်းတုံးတို့ကိုလည်း မြက်စည်းတို့ကိုလည်း နွယ်ပင်တို့ကိုလည်း (ငါ၏ သန္တာန်၌ အကျုံးဝင်ကုန်သော) ဤခန္ဓာငါးပါးတို့ကိုလည်း မရေတွက်နိုင်အောင် များပြားသော အနိဋ္ဌိယဗဒ္ဓရုပ်တရားတို့ကိုလည်း အဇ္ဈတ္တတရားတို့ကိုလည်း ဗာဟိရတရားတို့ကိုလည်း (အနိစ္စ စသည်တို့၏အစွမ်း အသာရအစရှိသည်တို့၏အစွမ်းအားဖြင့်) ယပ်တူသပ်မျှ၍ နှိုင်းချိန်နိုင်ပါအံ့နည်း၊ ထိုအကြံအစည် ထမြောက် အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၅။ အဘယ်အခါ၌ တောအုပ်ကြီးအတွင်းဝယ် မိုးတွင်းအခါ ရွာသွန်းသော မိုးကြီးသည် ဘုရားအစရှိသော ဘုရားတော်ကောင်းတို့ သွားလာရာ သမထဝိပဿနာလမ်းခရီး၌ သွားလာလှည့်လည်နေသော ငါ့ကို သင်္ကန်းနှင့်တကွ မိုးရေဖြင့် စိုစွတ်စေလတ္တံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၆။ ငါသည် အဘယ်အခါ၌ တောအုပ်အတွင်း တောင်မြောင်ချောက်ကြားဝယ် ဦးစွန်းအမောက်ရှိသော ဥဒေါင်းငှက်တွန်သံကို ကြားရသော် (အခါကိုမှတ်၍) အိပ်ရာမှ ထလျက် နိဗ္ဗာန်ကိုရခြင်းငှါ (အနိစ္စအစရှိသောအားဖြင့်) ကြံစည် နှလုံးသွင်းရပါအံ့နည်း၊ ထိုအကြံအစည်ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၇။ ငါသည် အဘယ်အခါ၌ ဂင်္ဂါမြစ်သို့လည်း ယမုနာမြစ်သို့လည်း သရဿတီမြစ်သို့လည်း ကြောက်မက်ဖွယ်ကောင်းသော သမုဒ္ဒရာအတွင်း နက်ရှိုင်းစွာတည်သောဝဲသို့လည်း မဟာသမုဒ္ဒရာ၌ ကြီးစွာလည်သော ဗလဝါမုခဝဲအဝသို့လည်း တန်ခိုးဖြင့် မငြိမတွယ်ပဲ

http://www.dhammadownload.com



ဆင်းနိုင်ရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၀၇။ ဆင်ပြောင်ကြီးသည် မငြိမကပ်မူ၍ သွားလာလှည့်လည်သကဲ့သို့ ထိုအတူ ငါသည် အဘယ်အခါ၌ တင့်တယ်၏ဟု နှလုံးသွင်းသော သုဘနိမိတ်အားလုံးကို အကြွင်းမဲ့ ရှောင်ကြဉ်သည်ဖြစ်၍ ချာန်၌ အားထုတ်ကာ ကာမဂုဏ်တို့၌ အလိုဆန္ဒကို ဖောက်ခွဲဖျက်ဆီးရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်နိုင်ပါအံ့နည်း။

၁၁၀၉။ ကြွေးမြီရှင်တို့က နှိပ်စက်အပ်သည်ဖြစ်၍ ကြွေးမြီအနှိပ်စက်ခံနေရသော သူဆင်းရဲသည် ရွှေအိုးကိုရသဖြင့် (တင်သောကြွေးကို ပေးဆပ်၍) နှစ်သက်ခြင်းဖြစ်သကဲ့သို့ ထိုအတူ ကာမစ္ဆန္ဒကြွေးမြီဖြင့် အနှိပ်စက်ခံနေရသော ငါသည် အဘယ်အခါ မြတ်စွာဘုရား၏ (ရွှေအိုးနှင့်တူသော) သာသနာကို(လက်ဆုပ်လက်ကိုင်) ရရှိ၍ နှစ်သက်ခြင်းဖြစ်ရပါအံ့နည်း၊ ထိုအကြံအစည် ထမြောက်အောင်မြင်မှုသည် အဘယ်အခါ ဖြစ်ပါလတ္တံ့နည်း။

၁၁၁၀။ ဟယ်စိတ် အိမ်၌နေခြင်းဖြင့် သင့်အား အကျိုးမရှိဟူသော ဤစကားဖြင့် သင်သည် နှစ်ပေါင်းများစွာတို့ပတ်လုံး ငါ့ကို တောင်းပန်တိုက်တွန်းဘိ၏၊ ယခုအခါ သင် တောင်းပန် တိုက်တွန်းချက်အရ ရဟန်းပြုပြီးသည်ဖြစ်ပါလျက် သင်စိတ်သည် အဘယ် ကြောင့် တရားအားမထုတ်ဘိသနည်း။

၁၁၁၁။ မိုးချုန်းသံကြောင့် တွန်ကျူးကြွေးကြော်လေ့ရှိကြကုန်သော ဆန်းကြယ်သော အတောင်ရှိကုန်သော ဥဒေါင်းငှက်စသော ထိုငှက်အပေါင်းတို့သည် တောင်တို့ခြံရံသော တော၌ ချာန်ဝင်စားသော သင့်ကို မွေ့လျော်စေပါကုန်လတ္တံ့ (ဟု သင်သည် ငါ့ကို တောင်းပန်ခဲ့သည်မဟုတ်ပါလော)၊(ဟယ်စိတ် ယခုအခါ တောင်းပန်သည်နှင့် လျော်ညီစွာ အဘယ်ကြောင့် မကျင့်ပါသနည်း)။

၁၁၁၂။ လောကဝယ် မျိုးရိုးဇာတ်အတွင်း၌ အဆွေခင်ပွန်းကောင်းတို့ကိုင်း ချစ်မြတ်နိုးအပ်သော သားမယားတို့ကိုင်း အဆွေအမျိုးတို့ကိုင်း ရှင်မြူးမွေ့လျော်ခံစားအပ်သော ကာမဂုဏ်ကိုင်း (ဆိုအပ်ပြီး) အလုံးစုံကို စွန့်လွှတ်ပယ်ရှား၍ ဤတောအရပ်သို့ ကပ်ရောက်ခဲ့၏၊ ယင်းသို့ ဖြစ်ပါလျက် သင့်အလိုသို့လိုက်၍ တည်သော ငါ့ကို အဘယ် ကြောင့် နှစ်သက်အောင် မပြုဘိသနည်း။

၁၁၁၃။ ထိုစိတ်သည် ငါ၏စိတ်သာလျှင် ဖြစ်ခဲ့၏၊ သူတပါးတို့၏စိတ်မဟုတ်၊ ဟယ်စိတ် သင်သည်မူကား (သူတပါးတို့၏ စိတ်ကဲ့သို့ပြု၍) ဘာဝနာဖြင့် ဖွဲ့ချည်သောအခါ ငိုကြွေးမြည်တမ်းဘိ၏၊ ထိုသို့ငိုကြွေးခြင်းဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း၊ ဤစိတ်သည်ငင်း တေဘူမက သင်္ခါရတရားအားလုံးသည်ငင်း အမြဲမတည် တုန်လှုပ်သောဝ.ပုားမည်၏၊ ဤသို့ (ပညာမျက်စိဖြင့်) ရှုသည်ဖြစ်၍ သေခြင်းကင်းရာ နိဗ္ဗာန်ကိုသာလျှင် ရှာမှီးလျက် ကာမ ဂုဏ်တို့မှ ငါထွက်မြောက်ခဲ့ပြီ။

၁၁၁၄။ ရာဂမကင်းသဖြင့် အလွန်တားမြစ်နိုင်ခဲသော တုန်လှုပ်သောစိတ်သည် တော ...ာက်နှင့်တူ၏ ဟူ၍ အသင့်ယုတ္တိရှိသောစကားကို ကောင်းစွာ ဆိုတော်မူတတ်သော

http://www.dhammadownload.com



အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်တော်မူသော မြတ်သောဆေးသမားသဖွယ် ဖြစ်တော်မူသော လူနတ်တို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဟောတော်မူ၏။

၁၁၁၅။ ကာမတို့သည် ဆန်းကြယ်ကုန်၏၊ သာယာဖွယ် ဖြစ်ကုန်၏၊ နှလုံးမွေ့လျော ဖွယ် ဖြစ်ကုန်၏၊ ပညာမဲ့ကုန်သော ထိုဗာလပုထုဇဉ်တို့သည် ယင်းကာမတို့၌ ကပ်မှီတွယ်တာ ကုန်သည်ဖြစ်၍ ဘဝသစ်၌ တဖန်ဖြစ်မှုကို ရှာမှီးကုန်လျက် ဆင်းရဲဒုက္ခကို လိုလားကြ ကုန်၏၊ ယင်းသို့လိုလားသူ ဗာလပုထုဇဉ်တို့သည် မိမိစိတ်သည်ပင် ငရဲသို့ ဆောင်အပ်ကုန် သည်ဖြစ်၍ (ချမ်းသာသုခမှ) ကင်းကွာကြကုန်၏။

၁၁၁၆။ ဥဒေါင်း ကြိုးကြာတို့ တွန်ကျူးရာဖြစ်သော တော၌ သစ်ကျားတို့ဖြင့် ခြံရံ အပ်သည်ဖြစ်၍နေသော သင်သည် ခန္ဓာကိုယ်၌ ငဲ့ကွက်မှုကို စွန့်လေ၊ ဟယ်စိတ် ဤ (ဗုဒ္ဓုပ္ပါဒနဝမခဏကို) မလွဲချော်ပါစေလင့်၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၁၇။ ဈာန်တို့ကိုလည်း ဣန္ဒြေတို့ကိုလည်း ဗိုလ်တို့ကိုလည်း ဗောဇ္ဈင်သမာဓိ ဘာဝနာ ကိုလည်း ပွါးများပါလေလော့၊ မြတ်စွာဘုရားသာသနာတော်၌ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်ပါ လေလော့၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၁၈။ အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော (ဝဋ်ဆင်းရဲမှ) ထွက် မြောက်စေတတ်သော ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ကုန်ရာ (နိဗ္ဗာန်)လျှင် အာရုံရှိသော ကိလေသာ အညစ်အကြေးအားလုံးကို သုတ်သင်တတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်ကို ပွါးများပါလေလော့၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော် တိုက်တွန်းခဲ့ဘူး၏။

၁၁၁၉။ သင့်သောအကြောင်းအားဖြင့် ဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခဟူ၍ ရှုလော့၊ အကြင် တရားကြောင့် ဒုက္ခသည် ဖြစ်ပေါ်၏၊ ထိုဒုက္ခဖြစ်ပေါ်ကြောင်းတရားကို စွန့်လေလော့၊ ဤအတ္တဘော၌သာလျှင် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုလော့၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၂၀။ သင့်သောအကြောင်းအားဖြင့် (ဥပါဒါနက္ခန္ဓာတို့ကို) အနိစ္စဟူ၍လည်း ဒုက္ခ ဟူ၍လည်း (အတ္တမှ) ဆိတ်သုဉ်း၏ဟူ၍လည်း အနှစ်သာရမှ ကင်း၏ဟူ၍လည်း ဆင်းရဲဟူ၍ လည်း သူသတ်နှင့်တူ၏ဟူ၍လည်း ရှုလေလော့၊ စိတ်၏ လေ့လာ ကျက်စားရာ ကာမဂုဏ်ကို မှီသော ဝမ်းမြောက်မှု၌ စိတ်ကို တားမြစ်ပိတ်ပင်လေလော့၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၂၁။ ဦးပြည်းခေါင်းတုံးရိတ်ပြီးလျှင် ဖောက်ပြန်သောအဆင်းရှိသည်ဖြစ်၍ သပိတ် လက်စွဲလျက် ဒါယကာအိမ်တို့၌ ဆွမ်းကို ရှာမှီးလေလော့၊ မြတ်သော သီလကျေးဇူး စသည်ကို ရှာတော်မူပြီးသော မြတ်စွာဘုရား၏ စကားတော်၌ အားထုတ်လော့၊ ဟယ် စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

http://www.dhammadownload.com



၁၁၂၂။ သင်သည် (ကိုယ်နှုတ်စိတ်တို့ကို) ကောင်းစွာ စောင့်စည်းခြင်းသဘောရှိသည်ဖြစ်၍ ဆွမ်းခံရန် လမ်းကြိုလမ်းကြား၌ ကြွသွားသည်ရှိသော် အညစ်အကြေးကင်းသော လပြည့်နေ့ည လပြည့်ဝန်းကဲ့သို့ ဒါယကာ ဒါယိကာမတို့အပေါ်၌ငင်း ကာမဂုဏ်တို့၌ငင်း ကပ်ငြိသောစိတ်မရှိပဲ လှည့်လည်သွားလာလေလော့၊ ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၂၃။ သင်သည် အာရညကင်ဓုတင် ဆောက်တည်သူ ဖြစ်ပါလော့၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သူ ဖြစ်ပါလော့၊ သုသာန်ဓုတင် ဆောက်တည်သူ ဖြစ်ပါလော့၊ ပံ့သုကူဓုတင် ဆောက်တည်သူ ဖြစ်ပါလော့၊ နိသဇ်ဓုတင် ဆောက်တည်သူ ဖြစ်ပါလော့၊ ဓုတင်၌ အခါခပ်သိမ်း မွေ့လျော်သူ ဖြစ်ပါလော့၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏။

၁၁၂၄။ အသီးတို့ကို အလိုရှိသော ယောကျ်ားသည် သစ်ပင်တို့ကို စိုက်ပျိုးပြီး၍ (အသီးမရှိလတ်သော်) ထိုသစ်ပင်ကိုပင် အမြစ်မှ ဖြတ်ခြင်းငှါ အလိုရှိသကဲ့သို့ သင်အလိုရှိဘိ၏၊ ဟယ်စိတ် ဤဥပမာနှင့်တူသော ဤအမှုကို သင်ပြုဘိ၏၊ အမြဲမရှိသော တုန်လှုပ်ခြင်းရှိသော သံသရာ၌ ငါ့ကို တိုက်တွန်းဘိ၏။

၁၁၂၅။ အဆင်းရုပ်မရှိသော အဝေးသို့ သွားတတ်သော တခုတည်းသာဖြစ်လေ့ရှိသော ဟယ်စိတ် (မြတ်စွာဘုရား အဆုံးအမကိုရသော) ယခုအခါ၌ ငါသည် သင်၏စကားကို မလိုက်နာတော့အံ့၊ ကာမတို့သည် (ရှေးအတိတ်ကလည်း) ဆင်းရဲသော သဘောရှိကုန်၏၊ (နောင်အခါလည်း) စပ်ခါးသော အကျိုးရှိကုန်၏၊ (အတ္တာနုဝါဒဘေးစသော) များသော ဘေးရန်ရှိကုန်၏၊ (ထို့ကြောင့်) နိဗ္ဗာန်ကိုသာလျှင် ရှေးရှုသော စိတ်ရှိသည်ဖြစ်၍ လှည့်လည်သွားလာနေတော့အံ့။

၁၁၂၆။ ငါသည် ကြက်သရေမရှိသည်၏အဖြစ်ကြောင့်ငင်း အရှက်မရှိသည်၏အဖြစ်ကြောင့်ငင်း အိမ်မှထွက်ခဲ့သည်မဟုတ်၊ စိတ်ဟူသော အကြောင်းကြောင့် အိမ်မှထွက်ခဲ့သည်မဟုတ်၊ မင်းဘေးဒဏ်ကြောင့် အိမ်မှထွက်ခဲ့သည်မဟုတ်၊ ငါသည် အသက်မွေးခြင်းဟူသော အကြောင်းကြောင့် အိမ်မှထွက်ခဲ့သည်မဟုတ်၊ ဟယ်စိတ် (ရဟန်းပြုသော ကာလမှစ၍ သင့်အလိုကို ငါမလိုက်တော့အံ့)ဟု သင့်အား ဝန်ခံခြင်းကို ငါပြုခဲ့သည် မဟုတ်ပါလော့။

၁၁၂၇။ ဘုရားစသော သူတော်ကောင်းတို့သည် (ပစ္စည်းလေးပါးတို့၌) အလိုနည်းခြင်းကို ချီးမွမ်းအပ်၏၊ သူတပါးတို့၏ ကျေးဇူးချေဖျက်ခြင်းကို ပယ်ခြင်းကို ချီးမွမ်းအပ်၏၊ ဆင်းရဲ၏ငြိမ်းအေးရာကို ချီးမွမ်းအပ်၏၊ ဟယ်စိတ် ဤသို့လျှင် သင်သည် ငါ့ကို ရှေးအခါက နှိုးဆော်တိုက်တွန်းခဲ့ဘူး၏၊ ယခုအခါ၌မူကား သင်သည် ရှေး၌ဖြစ်သော အလေ့အကျင့်ကို ကျင့်သုံးနေပြန်ဘိ၏။

၁၁၂၈။ (ပစ္စည်းလေးပါးတို့၌) တပ်မက်မှု 'တဏှာ' မသိမှု 'အဝိဇ္ဇာ' (သားမယားစသည်တို့၌) ချစ်ခင်မှုနှင့် (ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်းဟူသော)မချစ်ခင်မှုကိုငင်း တင့်တယ်သော ရူပါရုံတို့ကိုငင်း ကာမဂုဏ်ကို စွဲ၍ဖြစ်သော သုခဝေဒနာကိုငင်း ချစ်မြတ်နိုး

http://www.dhammadownload.com



အပ်ကုန်သော (ကြွင်းသော) ကာမဂုဏ် အစုတို့ကိုရင်း ငါထွေးအန်စွန့်ပစ်အပ်ကုန်ပြီ၊ ထွေးအန်စွန့်ပစ်အပ်ပြီးသော တရားတို့ကို ငါသည် နောက်ထပ် အန်ထုတ်ခြင်းငှါ မစွမ်းနိုင်တော့ပြီ။

၁၁၂၉။ ဟယ်စိတ် အလုံးစုံသော ဘဝယောနိစသည်တို့၌ သင့်စကားကို ငါလိုက်နာပြုလုပ်မိခဲ့ပြီ၊ (ပြုသော်လည်း) များစွာသော ဘဝတို့၌ ငါသည် သင့်ကို အမျက်မထွက်နိုင်ခဲ့၊ အတွင်း 'အဇ္ဈတ္တ'၌ ကောင်းစွာဖြစ်သော်လည်း သင်၏ သူ့ကျေးဇူးကို မသိသည် အဖြစ်ကြောင့် သင်ပြုလုပ်ဖြစ်စေအပ်သော သံသရာဆင်းရဲ၌ ကြာမြင့်စွာသော ကာလပတ်လုံး ငါကျင်လည်ခဲ့ရလှလေပြီ။

၁၁၃၀။ ဟယ်စိတ် သင်သည်သာလျှင် ငါတို့အား ပုဏ္ဏားဖြစ်လော့ဟူ၍လည်း ပြုစီရင်ဘိ၏၊ ခတ္တိယဇာတ် မင်းမြတ်ဖြစ်လော့ဟူ၍လည်း ပြုစီရင်ဘိ၏၊ ငါတို့သည် သင်၏ အစွမ်းကြောင့်ပင် တရံတခါ ကုန်သည်တို့သည်ရင်း သူဆင်းရဲတို့သည်ရင်း ဖြစ်ကြရကုန်၏၊ တရံတခါ နတ်အဖြစ်သည်လည်း ဖြစ်ကြရကုန်၏။

၁၁၃၁။ သင်စိတ်ဟူသော အကြောင်းကြောင့်သာလျှင် (ငါတို့သည်) အသုရာဖြစ်ကြရကုန်၏၊ သင်ဟူသော အကြောင်းကြောင့် ငရဲသူတို့ဖြစ်ကြရကုန်၏၊ ထိုမှတပါး တရံတခါ သင်၏အစွမ်းကြောင့်ပင် တိရစ္ဆာန်တို့သည်ရင်း ပြိတ္တာတို့သည်ရင်း ဖြစ်ကြရကုန်၏။

၁၁၃၂။ ဟယ်စိတ် အဖန်တလဲလဲ ငါ့ကို ဖျက်ဆီးခဲ့သည် မဟုတ်လော၊ ယခုအခါ မပြတ်လှည့်လည်ခြင်းငှါ ထိုက်သကဲ့သို့ပြုလျက် သူရူးသဖွယ်ဖြစ်သောငါ့အား ဖြားယောင်းဘိ၏၊ ဟယ်စိတ် သင်သည် ငါ့ကို အဘယ်ကြောင့် ချော့ယွင်းစေဘိသနည်း။

၁၁၃၃။ ဤစိတ်သည် ရှေးအခါက အလိုရှိရာ အရာရုံတို့၌ အလိုရှိတိုင်းသော အခြင်းအရာအားဖြင့် ချမ်းသာသည်အားလျော်စွာ လှည့်လည်ကျက်စားခြင်းကိုပြု၍ လှည့်လည်သွားလာခဲ့၏၊ ဆင်ဦးစီးသည် အမုန်ယစ်သော ဆင်ကို နှိပ်ကွပ်သကဲ့သို့ သင့်လျော်သော အကြောင်းအားဖြင့် သင့်ကို ငါနှိပ်ကွပ်တော့အံ့။

၁၁၃၄။ ငါ၏ဆရာ မြတ်စွာဘုရားသည် ဤ(ခန္ဓာဟူသော) လောကကို အမြဲမရှိသော အားဖြင့်ရင်း အမြဲမတည်သောအားဖြင့်ရင်း အနှစ်သာရမရှိသောအားဖြင့်ရင်း (ဉာဏ်ဖြင့်) ဆောက်တည်တော်မူ၏၊ ဟယ်စိတ် မြတ်စွာဘုရား၏ အဆုံးအမတော်၌ (အဟုတ်အမှန်သိခြင်းငှါ) ငါ့ကို ပြေးဝင်စေလော့၊ အလွန် ကူးမြောက်နိုင်ခဲသော ကြီးစွာသော သံသရာဝဲသြဃမှ ငါ့ကို ကူးမြောက်စေလော့။

၁၁၃၅။ ဟယ်စိတ် ဤအတ္တဘောဟူသော အိမ်သည် သင်၏ ရှေးအိမ်ဟောင်းကဲ့သို့ မဖြစ်၊ ငါသည် သင့်အလိုသို့ ပြန်လည်ဆုတ်နစ်ခြင်းငှါ မသင့်၊ ငါသည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီးဖြစ်၏၊ ငါကဲ့သို့သောသူတို့သည် ပျက်စီးခြင်းကို ဆောင်သူတို့ မဖြစ်နိုင်တော့ကုန်။

၁၁၃၆။ တောင်တို့သည်ရင်း သမုဒ္ဒရာတို့သည်ရင်း မြစ်တို့သည်ရင်း မြေကြီးတို့သည်ရင်း အရပ်လေးမျက်နှာတို့သည်ရင်း အထောင့်အရပ်တို့သည်ရင်း အောက်အရပ်သည်ရင်း နတ်ပြည်လောကစသော သတ္တဝါသင်္ခါရတို့သည်ရင်း ဘဝသုံးပါးတို့သည်ရင်း ဤအလုံး

http://www.dhammadownload.com



တို့သည် အမြဲမရှိကုန်၊ နှိပ်စက်အပ်ကုန်၏၊ ဟယ်စိတ် သင်သည် အဘယ်အရပ်သို့ သွား၍ ချမ်းသာစွာ မွေ့လျော်လတ္တံ့နည်း။

၁၁၃၇။ ဟယ်စိတ် သင်သည် လွန်စွာ တည်ကြည်သောငါ့ကို အသို့ပြုနိုင်အံ့နည်း၊ ဟယ်စိတ် သင်၏အလိုသို့ လိုက်သူဖြစ်ရန် မသင့်၊ အဝနှစ်ဖက်ရှိသော (မစင်ဖြင့်ပြည့်သော) အိတ်ကို စင်စစ် (ခြေဖြင့်သော်လည်း) မထိရသကဲ့သို့ ထို့အတူ မစင်ဖြင့် ပြည့်သော အမာဝကိုးပေါက်တို့မှ ယိုစီးသောကိုယ်ကို တွေ့ထိရခြင်းသည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပေစွ တကား။

၁၁၃၈။ တောဝက်, ဇော်မည်သောသားတို့ သက်ဝင်မှီဝဲရာဖြစ်သော ပြကတေ့အား ဖြင့်သာလျှင် ကောင်းသော ချိုင့်ဝှမ်းရာအရပ်နှင့် တောင်ထွတ်တောင်ဖျား၌ ရွာသော မိုးရေအသစ်ဖြင့် သွန်းဖျန်းအပ်သော တောတောင်အတွင်းဝယ် လိုဏ်ဂူဟုဆိုအပ်သော ကျောင်းသို့ ကပ်လျက် ထိုလိုဏ်ဂူကျောင်း၌ (ဘာဝနာဖြင့်) သင်မွေ့လျော်ရလိမ့်မည်။

၁၁၃၉။ ကောင်းစွာစိမ်းညိုသော လည်ရှိကုန်သော ကောင်းသောအမောက် (ဦးစွန်း) လည်းရှိကုန်သော ကောင်းသောအမြီးဖြမ်းလည်းရှိကုန်သော ကောင်းစွာ ဖုံးအုပ်ထား သော လွန်စွာဆန်းကြယ်သည့် အတောင်လည်းရှိကုန်သော ကောင်းစွာသာယာသော အသံအပေါင်းဖြင့် တွန်ကျူးကြွေးကြော်လေ့လည်းရှိကုန်သော (ဥဒေါင်းအစရှိကုန်သော) ထိုငှက်အပေါင်းတို့သည် တော၌ စျာန်ဝင်စားလေ့ရှိသော သင့်ကို မွေ့လျော်စေပါကုန် လတ္တံ့။

၁၁၄၀။ မိုးရွာသည်ဖြစ်၍ (ထိုထိုအရပ်၌) ပေါက်သောမြက်သည် လက်လေးသစ် ရှိလတ်သော် မိုးတိမ်ညိုအဆင်းနှင့်တူသော ကောင်းစွာပွင့်သော တောအုပ်ကြီး၌ တောင် ကြားအတွင်းဝယ် သစ်ပင်နှင့်တူသည်ဖြစ်၍ (သိမ်းဆည်းခြင်းမရှိပဲ) အိပ်စက်အံ့၊ ထိုမြက် အခင်းသည် ငါ့အတွက် နူးညံ့သော အတွေ့ရှိသည်ဖြစ်၍ လဲဝါဂွမ်းနှင့်တူစွာ ဖြစ်လိမ့်မည်။

၁၁၄၁။ အရှင်သခင်သည် (မိမိစကားကို လိုက်နာသော ကျွန်စသည်ကို) အလိုသို့လိုက် စေသကဲ့သို့ ဟယ်စိတ် ထို့အတူ အလိုသို့လိုက်သည်ကို ငါပြုလုပ်တော့အံ့၊ (ပစ္စည်းလေးပါး တို့တွင်) ရရသမျှသော ပစ္စည်းဖြင့်ပင် ငါ့အား သင့်လျော် လျောက်ပတ်သည် ဖြစ်စေ လော့၊ (ဘာဝနာ၌) မပျင်းမရိသူသည် (မိမိစိတ်ကို ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှု၌ ခံ့သည် ကို) ပြုသကဲ့သို့ ဟယ်စိတ် ထို့အတူ ငါသည် သင့်ကို ကောင်းစွာနယ်အပ်သော ကြောင် သားရေအိတ်ကဲ့သို့ အမှု၌ ခံ့သည်ကို ပြုအံ့။

၁၁၄၂။ အရှင်သခင်သည် (မိမိစကားကို လိုက်နာသော ကျွန်စသည်ကို) အလိုသို့လိုက် စေသကဲ့သို့ ဟယ်စိတ် ထို့အတူ အလိုသို့လိုက်သည်ကို ငါပြုလုပ်တော့အံ့၊ (ပစ္စည်းလေးပါး တို့တွင်) ရရသမျှသော ပစ္စည်းဖြင့်ပင် ငါ့အား သင့်လျော်လျောက်ပတ်သည်ဖြစ်စေလော့၊ လိမ္မာသောဆင်ဦးစီးသည် အမုန်ယစ်သောဆင်ကို မိမိအလိုသို့ ဆောင်သကဲ့သို့ ဟယ်စိတ် သင့်ကို မိမိ၏ဝီရိယဖြင့် ဘာဝနာဗိုလ်ကို ဖြစ်စေ၍ ငါ၏အလိုသို့ ဆွဲဆောင်တော့အံ့။

၁၁၄၃။ ဟယ်စိတ် မြင်းထိန်းသည် ကောင်းစွာဆုံးမထားသော ဖြောင့်ဖြောင့်သွား သော မြင်းဖြင့် ဘေးကင်းရာအရပ်သို့ သွားခြင်းငှါ စွမ်းနိုင်သကဲ့သို့ ထို့အတူ (သမထ

http://www.dhammadownload.com



ဝိပဿနာဘာဝနာတို့ဖြင့်)ကောင်းစွာယဉ်ကျေးပြီးသော တည်ကြည်သောသင်စိတ်ဖြင့်ပင် စိတ်ကို အစဉ်စောင့်ရှောက်သော ဘုရားအစရှိသည်တို့ အခါခပ်သိမ်း မှီဝဲအပ်သော အေးမြသော အရိယမဂ်ခရီးကို ငါသည် လျှောက်သွားခြင်းငှါ စွမ်းနိုင်၏။

၁၁၄၄။ ဆင်ထိန်းသည် ဆင်ပြောင်ကြီးကို ဆင်ချည်တိုင်၌ မြဲမြံလှသော ကြိုးဖြင့် ဖွဲ့ချည်သကဲ့သို့ ထို့အတူ ငါသည် သင်စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ဘာဝနာ၏ အစွမ်းဖြင့် ချည်အံ့၊ ဟယ်စိတ် သင်သည် ငါ၏သတိဖြင့် ကောင်းစွာလုံခြုံစေအပ် ကောင်းစွာပွါး များအပ်သည်ဖြစ်၍ အလုံးစုံသော ဘဝတို့၌ (တဏှာစသော မှီရာတို့ဖြင့်) မမှီရသည် ဖြစ်လတ္တံ့။

၁၁၄၅။ ခရီးမဟုတ်သည်ကို သွားသောစိတ်ကို ပညာဖြင့်ဖြတ်တောက်၍ (ဝိပဿနာ ဟူသော) အားထုတ်ခြင်း လုံ့လဖြင့် နှိပ်ကွပ်၍ (ဝိပဿနာ)ခရီး၌ တည်စေ၍ အာယတန ဖြစ်ကြောင်းတရားကိုငှင်း ကင်းခြင်းကိုငှင်း ဖြစ်ခြင်းကိုငှင်း (မတွေဝေသောအားဖြင့်) သိမြင်၍ သင်သည် မြတ်သော နိဗ္ဗာန်ကို ဟောတော်မူတတ်သော မြတ်စွာဘုရား၏ အမွေ ခံ ဖြစ်ပေလတ္တံ့။

၁၁၄၆။ ဟယ်စိတ် သင်သည် (အနိစ္စ၌ နိစ္စ အသုဘ၌ သုဘ ဒုက္ခ၌ သုခ အနတ္တ၌ အတ္တဟု) လေးပါးသော ဖောက်ပြန်မှု 'ဝိပလ္လာသ'တို့၏ အလိုသို့လိုက်လျက်တည်သော ငါ့ကို ရွာသူသားငယ်ကဲ့သို့ ထိုမှ ဤမှ ဆွဲဆောင်ဘိ၏၊ သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်တတ်သော သနားခြင်းကရုဏာရှိတော်မူသော မြတ်စွာဘုရားကို မှီဝဲဆည်းကပ်သင့် သည် မဟုတ်တုံလော။

၁၁၄၇။ သမင်သည် (သစ်ပင်ချုံနွယ်တို့ဖြင့်) ကောင်းစွာ ဆန်းကြယ်သော တောင်၌ မိမိအလိုရှိသည့်အတိုင်း မွေ့လျော်သကဲ့သို့ ထို့အတူ မိုးကာလ၌ မိုးတိမ်တည်းဟူသော ပန်းကုံးရှိ၍ နှလုံးမွေ့လျော်ဖွယ်ရှိသော တောင်ကို (အမှီရ၍) အနှောက်အယှက်မရှိသော ထိုတောင်၌ ငါမွေ့လျော်လတ္တံ့၊ ဟယ်စိတ် သင်သည် မချွတ်ပျက်စီးရလတ္တံ့။

၁၁၄၈။ ဟယ်စိတ် အကြင်ယောကျ်ားတို့သည်ငှင်း အကြင်မိန်းမတို့သည်ငှင်း သင်၏ အလိုဆန္ဒဖြင့် ဖြစ်ကြရကုန်၍ အကြင်ကာမဂုဏ်ကိုမှီသော ချမ်းသာကို ခံစားကြကုန်၏၊ ပညာမဲ့ကုန်သော မာရ်၏အလိုသို့ အစဉ်လိုက်ကုန်သော ကာမဘဝစသည်ကို နှစ်သက်ကုန် သော သင်၏တပည့်ဖြစ်ကုန်သော ထိုလူမိုက်တို့သည် သင်၏အဆုံးအမအတိုင်း ပြုကုန်၏။

ဤသို့လျှင် တာလပုဋမထေရ်သည် ရွတ်ဆို၏။

## ပဉ္စာသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၂၀—သဋ္ဌိနိပါတ်

## ၁-မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ

၁၁၄၉။ (ငါတို့သည်) အာရညကင်ဓုတင် ဆောက်တည်ကြသူ ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်ကြသူ ဆွမ်းခံလှည့်လည်ခြင်းဖြင့် သပိတ်သို့ ရောက်လာသောဆွမ်း၌ မွေ့လျော်ကြသူ ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာတည်ကြည်သူတို့ ဖြစ်ကုန်၍ ၎သေမင်း၏ (ကိလေသာ) စစ်သည်ကို ဖြိုခွဲဖျက်ဆီးကြကုန်အံ့။

၁၁၅၀။ (ငါတို့သည်) အာရညကင်ဓုတင်ဆောက်တည်ကြသူ ပိဏ္ဍပါတ်ဓုတင်ဆောက်တည်ကြသူ ဆွမ်းခံလှည့်လည်ခြင်းဖြင့် သပိတ်သို့ ရောက်လာသောဆွမ်း၌ မွေ့လျော်ကြသူတို့ ဖြစ်ကြကုန်၍ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏ (ကိလေသာ) စစ်သည်ကို ဖျက်ဆီးကြကုန်အံ့။

၁၁၅၁။ (ငါတို့သည်) (ဘာဝနာဖြင့်) အမြဲဖြစ်သော လုံ့လရှိကုန်၍ ရုက္ခမူဓုတင်ကို ဆောက်တည်ကြသူ ဆွမ်းခံလှည့်လည်ခြင်းဖြင့် သပိတ်သို့ ရောက်လာသောဆွမ်း၌ မွေ့လျော်ကြသူ ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာတည်ကြည်ကြသူဖြစ်၍ သေမင်း၏ (ကိလေသာ) စစ်သည်ကို ဖြိုခွဲဖျက်ဆီးကြကုန်အံ့။

၁၁၅၂။ (ငါတို့သည်) (ဘာဝနာဖြင့်) အမြဲဖြစ်သော လုံ့လရှိကုန်၍ ရုက္ခမူဓုတင် ဆောက်တည်ကြသူ ဆွမ်းခံလှည့်လည်ခြင်းဖြင့် သပိတ်သို့ ရောက်လာသောဆွမ်း၌ မွေ့လျော်ကြသူ ဖြစ်၍ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏ (ကိလေသာ) စစ်သည်ကို ဖျက်ဆီးကြကုန်အံ့။

၁၁၅၃။ အရိုးအဆက်ဖြင့်ပြီးသော အိမ်ရှိသော အသားအကြောတို့ဖြင့် (ထက်ဝန်းကျင်မှ) ချုပ်စပ်ဖွဲ့ချည်အပ်သော မစင်မကြယ် စက်ဆုပ်ဖွယ်တို့ဖြင့်ပြည့်သော မကောင်းသော အနံ့ရှိသော (ခန္ဓာကိုယ်၌) စက်ဆုပ်ဖွယ်ဟု ဖြစ်စေလော့၊ (သင်သည်ကား) သူတပါးတို့၏ ခန္ဓာကိုယ်၌ မြတ်နိုးဘိ၏။

၁၁၅၄။ မစင်ဖြင့် ပြည့်သော သားရေအိတ်နှင့်တူသော အရေဖြင့် ဖွဲ့အပ်သော ရင်၌ အိုင်းအမာနှင့်တူသော သားမြတ်နှစ်ခုရှိသည်ဖြစ်၍ (အကျီးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်) မြေဘုတ်ဘီလူးနှင့်လည်းတူသော သင်၏ ကိုယ်၌ အကြင်ကိုးမျိုးသော အယဉ်တို့သည် (ကိုးပေါက်သောအမာဝတို့မှ) အခါခပ်သိမ်း ယိုစီးကုန်၏။

၁၁၅၅။ ကိုးမျိုးသော အယဉ်ရှိသော သင်၏ကိုယ်သည် မကောင်းသော အနံ့ကို ပြုတတ်၏၊ (ကောင်းသောအကျင့်၏) ဘေးရန်ဖြစ်၏၊ စင်ကြယ်ခြင်းကို အလိုရှိသော သူသည် မစင်ကို ရှောင်ကြဉ်သကဲ့သို့ ထိုအတူ ရဟန်းသည် ထိုကိုယ်ကို (အဝေးမှ) ရှောင်ကြဉ်ရာ၏။

၁၁၅၆။ ဤသို့လျှင် ကိုယ်ဟုမှတ်အပ်သော ဤမစင်ကြယ်သော အစုကို ငါသည် (ဟုတ်မှန်သည့်အတိုင်း) သိသကဲ့သို့ ထိုအတူ လူများအပေါင်းသည် ထိုကိုယ်ကို သိရာ၏၊

http://www.dhammadownload.com



(စင်ကြယ်ခြင်းကို အလိုရှိသူသည်) မိုးကာလအခါ၌ စိုစွတ်သော မစင်ရှိရာ အရပ်ကို (အဝေးမှ) ရှောင်ကြဉ်သကဲ့သို့ ဝေးစွာ ရှောင်ကြဉ်ရာ၏ (ဟု ဖြားယောင်းလာသော ပြည့်တန်ဆာမကို မထေရ်က ဆို၏)။

၁၁၅၇။ ကြီးသောလုံ့လရှိသော ရှင်ရဟန်း ရှင်ရဟန်းပြောဆိုသော စကားသည် ဤသို့ ရှင်ရဟန်းပြောဆိုတိုင်း မှန်၏၊ အချို့သောသတ္တဝါတို့သည် (စက်ဆုပ်ရွံရှာဖွယ် သဘောရှိသော) ဤကိုယ်၌ နွားအိုကြီးသည် ညွန်၌ နစ်မြုပ်သကဲ့သို့ နစ်မြုပ်ကြကုန်၏ (ဟု ပြည့်တန်ဆာမက ဆို၏)။

၁၁၅၈။ အကြင်ပုဂ္ဂိုလ်သည် နနွင်းဖြင့်ဂှင်း တပါးသော ဆိုးရေဖြင့်ဂှင်း ကောင်းကင်ကို ဆိုးခြင်းငှါ ထတ်ကောစင်း၏ဟု မှတ်ထင်အံ့၊ ထိုပုဂ္ဂိုလ်၏ မှတ်ထင်ခြင်းသည် စိတ်ပင်ပန်းခြင်းသာလျှင် ဖြစ်ရာ၏။

၁၁၅၉။ ထိုငါ၏ စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ တည်သည်ဖြစ်၍ ကောင်းကင်နှင့် တူ၏၊ ထို့ကြောင့် ပိုးဖလံသည် မီးပုံကို ထိပါးမိသကဲ့သို့ ယုတ်မာသော စိတ်ဖြင့် ငါကဲ့သို့သောသူတို့ကို မထိပါးမိစေလင်။

၁၁၆၀။ အဆန်းတကြယ်ပြုအပ်သော အိုင်းအမာတို့၏ စုဝေးတည်နေရာ ဖြစ်သော (သုံးရာသောအရိုးတို့ဖြင့်) စိုက်ထူထားအပ်သော အမြဲနာကျင်သော (လူမိုက်တို့) အထူးထူးအထွေထွေကြံစည်အပ်သော ခန္ဓာကိုယ်အတ္တဘောကို ရှုပါလေ၊ ယင်းခန္ဓာကိုယ် အတ္တဘော၏ ခိုင်မြဲတည်တံ့သော အဖြစ်သည် မရှိချေ။

၁၁၆၁။ ~~ကျောက်ထံပတ္တမြားဖြင့်ဂှင်း ပုတီးနားရွှေဒင်းဖြင့်ဂှင်း အဆန်းတကြယ်ပြု~~ ပြင်အပ်သော ခန္ဓာကိုယ်ကြီးကိုရှင်း (စိုသော) အရေဖြင့် မြေးယှက်ဖုံးလွှမ်းအပ်သော အရိုးစုဖြစ်သော ရုပ်ကိုယ်ကြီးကိုရှင်း ရှုပါလေ၊ (ယင်းခန္ဓာကိုယ်သည်) အဝတ်တို့နှင့် တကွ ဖုံးလွှမ်းမှုသာ တင့်တယ်နိုင်၏။

၁၁၆၂။ ချိပ်ရည်ဖြင့် ဆိုးအပ်သောခြေတို့သည်ဂှင်း မျက်နှာချေမှုန့်ဖြင့် လိမ်းအပ်သော မျက်နှာသည်ဂှင်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော) ကမ်းတဖက်ကို ရှာမှီးသောသူအား (တွေဝေစေခြင်းငှါ)မစွမ်းနိုင်။

၁၁၆၃။ ရှစ်စုခွဲ၍ ပြုပြင်အပ်သော ဆံပင်တို့သည်ဂှင်း မျက်ကွင်းဆေးတို့ဖြင့် လိမ်းခြယ်အပ်ကုန်သော မျက်စိတို့သည်ဂှင်း အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်ကုန်၏၊ (နိဗ္ဗာန်ဟူသော)ကမ်းတဖက်ကို ရှာမှီးလေ့ရှိသောသူအား(တွေဝေစေခြင်းငှါ) မစွမ်းနိုင်။

၁၁၆၄။ အသစ်ဖြစ်၍ ဆန်းကြယ်သော မျက်ကွင်းဆေးကျည်တောက်ကဲ့သို့ တန်ဆာဆင်အပ်သော အကောင်ပုပ်သည် အန္ဓပုထုဇဉ်အားသာ တွေဝေစေခြင်းငှါ စွမ်းနိုင်၏၊ (နိဗ္ဗာန်ဟူသော)ကမ်းတဖက်ကို ရှာမှီးလေ့ရှိသောသူအား(တွေဝေစေခြင်းငှါ) မစွမ်းနိုင်။

၁၁၆၅။ မုဆိုးသည် ကျော့ကွင်းကို ထောင်၏၊ သားသမင်သည် ကျော့ကွင်းကို မတိုးမူ၍ မုဆိုးမြည်တမ်းစဉ် (ပစ်ချထားသော) အစာကို စား၍ သွားသကဲ့သို့ ငါတို့သွားပါကုန်အံ့။

http://www.dhammadownload.com



၁၁၆၆။ သမင်သည် ကျော့ကွင်းကို မတိုးမိဘဲ ပူဆိုး၏ ကျော့ကွင်းကို ဖြတ်ပြီးလျှင် မူဆိုးပစ်ချထားသော အစာကို စား၍ မူဆိုးစိုးရိမ်ပူဆွေးနေစဉ် (သွားသကဲ့သို့) ငါတို့ သွားကုန်အံ့။

၁၁၆၇။ များစွာသော (သီလသံဝရစသော) အပြားတို့နှင့် ပြည့်စုံတော်မူသော အသျှင်သာရိပုတြာ ပရိနိဗ္ဗာန်ပြုတော်မူသော် ထိုအခိုက်ဝယ် ကြောက်မက်ဖွယ် မြေငလျင် လှုပ်ခြင်းသည် ဖြစ်လေပြီတကား၊ ကြက်သီးမွေးညင်းထဖွယ် (မြေငလျင်လှုပ်ခြင်း)သည် ဖြစ်လေပြီတကား။

၁၁၆၈။ ဖြစ်ခြင်းပျက်ခြင်းသဘောရှိ၍ ပြုပြင်ရသော 'သင်္ခါရ'တရားတို့သည် မမြဲ လေကုန်စွတကား၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေကုန်စွတကား' ထို(သင်္ခါရ တရား)တို့၏ ငြိမ်းခြင်းသည်သာလျှင် ချမ်းသာပေလိမ့်မည်တကား။

၁၁၆၉။ အကြင်ယောဂီပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါးတို့ကို အနတ္တအားဖြင့် မြင်ကုန်၏၊ အတ္တအားဖြင့် မမြင်ကုန်၊ ထိုယောဂီပုဂ္ဂိုလ်တို့သည် (အစိတ်တရာစိတ်၍ တစိတ်မျှသော) သားမြီးဖျားကို မြားဖြင့်(မှန်အောင်)ပစ်နိုင်သကဲ့သို့ ထိုအပူ အလွန်သိမ်မွေ့သော အနက် အဓိပ္ပါယ်ကို ထိုးထွင်း၍ သိကုန်၏။

၁၁၇၀။ အကြင်ယောဂီပုဂ္ဂိုလ်တို့သည် သင်္ခါရတရားတို့ကို အနတ္တအားဖြင့် မြင်ကုန်၏၊ အတ္တအားဖြင့် မရှုမြင်ကုန်၊ (ထိုယောဂီပုဂ္ဂိုလ်တို့သည်) (အစိတ်ဟရာစိတ်၍ တစိတ်မျှ သော)သားမြီးဖျားကို မြားဖြင့်(မှန်အောင်)ပစ်နိုင်သကဲ့သို့ ထိုအတူ သိမ်မွေ့သောတရား ကို ထိုးထွင်း၍ သိကြကုန်၏။

၁၁၇၁။ လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း ဦးခေါင်းမီးလောင်ခံရသူကဲ့သို့၎င်း ထို့အတူ ရဟန်းသည် ကာမရာဂကို ပယ်ခြင်းငှါ သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏။

၁၁၇၂။ လှံဖြင့် အထိုးခံရသူကဲ့သို့၎င်း ဦးခေါင်းမီးလောင်ခံရသူကဲ့သို့၎င်း ထို့အတူ ရဟန်းသည် ဘဝရာဂကို ပယ်ခြင်းငှါ သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏။

၁၁၇၃။ (အသျှင်မဟာမောဂ္ဂလ္လာန်သည်) ပွါးစေအပ်ပြီးသော စိတ်ရှိတော်မူသော အဆုံးစွန်သော ကိုယ်တော်ကို ဆောင်တော်မူသော မြတ်စွာဘုရားက တိုက်တွန်းတော်မူ အပ်သည်ဖြစ်၍ မိဂါရမာတာ(ဝိသာခါ)၏ ပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေပြီ။

၁၁၇၄။ အလုံးစုံသော ဂန္ထတရားတို့မှ လွတ်မြောက်ရာ ဤနိဗ္ဗာန်ကို ပေါ့ပေါ့လျော့ လျော့ အားထုတ်၍ မရနိုင်၊ ဤနိဗ္ဗာန်ကို အနည်းငယ်သော ဝီရိယအားအစွမ်းဖြင့် မရနိုင်။

၁၁၇၅။ ဤရဟန်းသည်ကား ငယ်သေး၏၊ ယောကျ်ားမြတ်ဖြစ်သော ဤရဟန်း ငယ်သည် စစ်သည်ဗိုလ်ပါနှင့်တကွသော (ဒေဝပုတ္တစသော)မာရ်ကို အောင်ပြီး၍ အဆုံး စွန်သောကိုယ်ကို ဆောင်၏။

၁၁၇၆။ လျှပ်စစ်တို့သည် ဝေဘာရတောင် ပဏ္ဍဝတောင်တို့၏ အကြား၌ ရှက်သန်း ကုန်၏၊ အတုမရှိမူ၍ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သားတော်

http://www.dhammadownload.com



(အသျှင်မဟာမောဂ္ဂလ္လာန်)သည် (ဝေဘာရတောင် ပဏ္ဍဝ) တောင်တို့၏ အကြားသို့ ကပ်လျက် စျာန်ဝင်စား၏။

၁၁၇၇။ ငြိမ်သက်သော ဣန္ဒြေရှိသော စျာန်ဖြင့် မွေ့လျော်သော ဆိတ်ငြိမ်ရာအစွန်ဖြစ်သောကျောင်း၌ နေလေ့ရှိသည့်ပြင် ဘုရားမြတ်၏ တရားအမွေခံလည်းဖြစ်သော ရဟန်းမြတ်အသျှင်မဟာမောဂ္ဂလ္လာန်ကို မဟာဗြဟ္မာမင်းသည် ရှိခိုးအပ်၏။

၁၁၇၈။ ပုဏ္ဏား [၁] ငြိမ်သက်သောဣန္ဒြေရှိသော စျာန်ဖြင့်မွေ့လျော်သော ဆိတ်ငြိမ်ရာအစွန်ဖြစ်သောကျောင်း၌ နေလေ့ရှိသည့်ပြင် ဘုရားမြတ်၏ တရားအမွေခံလည်းဖြစ်သော ရဟန်းမြတ်ဖြစ်သော အသျှင်မဟာကဿပကို ရှိခိုးလော့။

၁၁၇၉-၈၀။ အကြင်သူသည်ကား ဗေဒင်ကို သင်ယူသူ ဗေဒင်ပညာနှင့် ပြည့်စုံသူဖြစ်၍ လူ့ပြည်တို့၌ အဖန်ဖန် ဘဝတရာပတ်လုံး အားလုံးသော ဗြာဟ္မဏဇာတ်တို့သို့ ကပ်ရောက်စေကာမူ ဗေဒင်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဗေဒင်သုံးပုံတို့၏ ကမ်းတဖက်သို့ ရောက်စေကာမူ ထိုသူ၏ ဗေဒင်စသည်ကို အားထုတ်မှုသည် ထိုအသျှင်မဟာကဿပမထေရ်အား ရှိခိုးခြင်းကောင်းမှု၏ တဆယ့်ခြောက်စိတ်စိတ်၍ တစိတ်မျှ မမှီနိုင်။

၁၁၈၁။ ပုဏ္ဏား အကြင်ရဟန်းသည် ဆွမ်းမစားမီ ရူပစျာန်စသော ရှစ်ပါးသော ဝိမောက္ခတို့ကို အနုလုံ ပဋိလုံ(အကြိမ်များစွာ)ဝင်စား၏၊ ထိုသမာပတ်ဝင်စားပြီးသည်မှ နောက်၌ ဆွမ်းခံလှည့်လည်၏။

၁၁၈၂။ ထိုသို့သဘောရှိသော (ရဟန္တာဖြစ်သော)ရဟန်းကို မထိပါးမချုတ်ချယ်လင့်၊ ပုဏ္ဏား မိမိကိုယ်ကို မတူးမဖြိုလင့်၊ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၌ (သင်၏)စိတ်ကို အလွန်ကြည်လင်စေလော့၊ လျင်မြန်စွာလက်အုပ်ချီလျက် ရှိခိုးလေလော့၊ သင်၏ဦးခေါင်းကို(မကွဲစေလင့်)။

၁၁၈၃။ ဤပေါဋ္ဌိလရဟန်းသည် သူတော်ကောင်းတရားကို မမြင်၊ သံသရာအနှောင်အဖွဲ့ဖြစ်သော အဝိဇ္ဇာစသည်ဖြင့် ခြံရံလျက် အောက်အပါယ်ဘုံတို့၌ ဖြစ်စေတတ်သော လမ်းကောက်လမ်းမှားသို့ ပြေးဝင်နေ၏။

၁၁၈၄။ ပေါဋ္ဌိလရဟန်းသည် မစင်လိမ်းကျံသော ပိုးလောက်ကဲ့သို့ (ကိလေသာအညစ်အကြေးရောသော)သင်္ခါရတရား၌ နစ်မျောလျက် လာဘ်ပူဇော်သက္ကာ၌ (တဏှာ၏အစွမ်းဖြင့်) အပြားအားဖြင့် သက်ဝင်လျက် အချည်းနှီးသာဖြစ်၏။

၁၁၈၅-၆။ ကောင်းသောဉာဏ်အမြင်ရှိသော နှစ်ဖက်သောအဘို့တို့ဖြင့် (ကိလေသာတို့မှ)လွတ်ပြီးသော ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာတည်ကြည်သော စိတ်ရှိသော ရာဂစသော ငြောင့်တံသင်းတို့မှ ကင်းပြီးသော ယောဂလေးပါးကုန်ပြီးသော ဝိဇ္ဇာသုံးပါးရှိသော သေခြင်းတရားကို စွန့်တော်မူပြီးသော မြတ်သောအလှူကို ခံတော်မူထိုက်သော လူတို့၏ အတုမရှိသော ကောင်းမှုတည်းဟူသောမျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်လည်းဖြစ်သော ဤအသျှင်သာရိပုတြာ ကြွလာတော်မူသည်ကို ရှုလော့။

---

၁။ အသျှင်သာရိပုတြာ၏တူ မိစ္ဆာဒိဋ္ဌိဖြစ်သောပုဏ္ဏား။

http://www.dhammadownload.com



၁၁၇၇။ တန်ခိုးကြီးမားကုန်သော များသောအခြံအရံရှိကုန်သော များစွာကုန်သော ထိုမြဟ္မာတို့သည် တသောင်းနှင့်နှင့်ရှိကုန်၏၊ ခပ်သိမ်းကုန်သော ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့သည် အသျှင်မဟာမောဂ္ဂလ္လာန်ကို လက်အုပ်ချီမိုး ရှိခိုးလျက် ရပ်တည်ကုန်၏။

၁၁၇၈။ ယောကျ်ားအာဇာနည် ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ်ဖြစ်တော်မူသော အရှင်ဘုရား အရှင်ဘုရားအား ရှိခိုးပါ၏၊ အရှင်ဘုရားအား အာသဝေါတရားတို့သည် ကုန်ပါပြီ၊ အရှင်ဘုရား အရှင်ဘုရားသည် မြတ်သောအလှူကို ခံတော်မူထိုက်ပါ၏။

၁၁၇၉။ လူနတ်အပေါင်းသည် (မြတ်သောပူဇော်ခြင်းဖြင့်) ပူဇော်အပ်သော အသျှင်မောဂ္ဂလ္လာန်သည် (လောကထဲ၌ ဖြစ်လျက်) သေခြင်းကို နှိပ်နင်းလွှမ်းမိုး၍ တည်၏၊ ကြာပုဏ္ဍရိက်သည် ရေနှင့် မလိမ်းကျံ မကပ်ငြိသကဲ့သို့ သင်္ခါရတရားအပေါင်း၌ (တဏှာ ဒိဋ္ဌိဟူသော လိမ်းကျံခြင်းဖြင့်) လိမ်းကျံကပ်ငြိတော်မမူ။

၁၁၈၀။ (တန်ခိုးကြီးသော) အကြင်အသျှင်မဟာမောဂ္ဂလ္လာန်သည် တခဏခြင်းအားဖြင့်သာလျှင် ဗြဟ္မာနှင့် တကွသော အထောင်မက အပြားရှိသော သြကာသလောကကို (မျက်မှောက်ပြုသောအားဖြင့်) သိအပ်၏၊ တန်ခိုးအရာ၌ရင်း (သတ္တဝါတို့၏) စုတိပဋိသန္ဓေ၌ရင်း သိသော ဒိဗ္ဗစက္ခုအဘိညာဉ်၌ လေ့လာခြင်းသို့ ရောက်၏၊ ထိုအသျှင်မဟာမောဂ္ဂလ္လာန်သည် နတ်တို့ ကပ်ရောက်လာဆဲသောကာလ၌ နတ်တို့ကို မြင်နိုင်၏။

၁၁၈၁။ အကြင်ရဟန်းသည် ပညာပြည့်စုံခြင်းဖြင့်ရင်း သီလပြည့်စုံခြင်းဖြင့်ရင်း ကိလေသာငြိမ်းခြင်းဖြင့်ရင်း အသျှင်သာရိပုတြာကဲ့သို့ ကမ်းတဖက်သို့ ရောက်၏၊ထိုရဟန်းသည် ထိုအသျှင်သာရိပုတြာအတိုင်းသာလျှင် ဖြစ်ရာ၏။

၁၁၈၂။ ငါသည် ကုဋေတသိန်း အရေအတွက်ရှိသော အတ္တဘောကို ခဏခြင်းဖြင့် ဖန်ဆင်းနိုင်၏၊ တန်ခိုးအထူး ဖန်ဆင်းခြင်းတို့၌ လိမ္မာ၏၊ (အလုံးစုံသော) တန်ခိုး၌ လေ့လာခြင်းသို့ ရောက်ပြီးသူဖြစ်၏။

၁၁၈၃။ မောဂ္ဂလ္လာနပုဏ္ဏားအနွယ်ဖြစ်သော အသျှင်မဟာမောဂ္ဂလ္လာန်သည် တဏှာဟူသော မှီရာကင်းတော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ (သဝိတက္က သဝိစာရစသော) သမာဓိ (ချမ်းသာ) (ပုဗ္ဗေနိဝါသဉာဏ်စသော) ဝိဇ္ဇာတို့၌ လေ့လာသည်၏ အဖြစ်ဖြင့် အပြီးအဆုံးသို့ ရောက်၏၊ မြဲမြံတည်ကြည်သော သမာဓိရှိ၏၊ ကောင်းစွာတည်ကြည်သော ဣန္ဒြေလည်း ရှိ၏၊ ဆင်ပြောင်ကြီးသည် မိမိအား နှောင်ဖွဲ့ထားသော ပုပ်ပွဆွေးမြေ့နေသည့် နွယ်ကြိုးကို (လွယ်ကူစွာ) ဖြတ်သကဲ့သို့ (ထိုအတူ အလုံးစုံသော ကိလေသာဟူသော အနှောင်အဖွဲ့ကို) အကြွင်းမဲ့ ဖြတ်အပ်ပြီ။

၁၁၈၄။ ငါသည် မြတ်စွာဘုရားသို့ ဆည်းကပ်အပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ လေးလံလှစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးသို့ ဆောင်တတ်သော တဏှာကို အကြွင်းမဲ့ ပယ်နုတ်အပ်ပြီ။

http://www.dhammadownload.com



၁၁၉၅။ အကြင်အရဟတ္တဖိုလ်အကျိုးငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)၏၊ အလုံးစုံသော နှောင်ကြိုးသံယောဇဉ်တို့၏ကုန်ရာ အရဟတ္တဖိုလ်ဖြစ်သော ထိုအကျိုးကိုလည်း ငါရပြီ။

၁၁၉၆။ ဒုဿီမာရ်နတ်သည် ဝိဓုရမည်သော (ကကုသန်မြတ်စွာဘုရား၏) အဂ္ဂသာဝကကိုငြင်း ကကုသန်မြတ်စွာဘုရားကိုငြင်း ထိပါးပုတ်ခတ်၍ အကြင်ငရဲ၌ ကျက်ရ၏၊ ထိုငရဲသည် အဘယ်သို့ သဘောရှိသနည်း။

၁၁၉၇။ ဒုဿီမာရ်နတ်သည် ဝိဓုရမည်သော (ကကုသန်မြတ်စွာဘုရား၏) အဂ္ဂသာဝကကိုငြင်း ကကုသန်မြတ်စွာဘုရားကိုငြင်း ထိပါးပုတ်ခတ်၍ အကြင်ငရဲ၌ ကျက်ရ၏၊ ထိုငရဲ၌ (ငရဲထိန်းများကိုင်သော) တရာသော သံချောင်းရှိ၏၊ ငရဲသူသတ္တဝါအားလုံးတို့သည် အသီးအသီး ဝေဒနာခံစားကြရကုန်၏၊ ထိုငရဲသည် ဤသို့သော သဘောရှိ၏၊

၁၁၉၈။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည ဤကံ ကံ၏အကျိုးကို ရှေးရှုမျက်မှောက်သိ၏၊ မာရ်နတ် သင်သည် ထိုသို့သဘောရှိသော အဂ္ဂသာဝကရဟန်းကို ထိပါးပုတ်ခတ်သောကြောင့် (ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော)ဆင်းရဲကို ရလတ္တံ့သတည်း။

၁၁၉၉။ မဟာသမုဒ္ဒရာအလယ်၌ (ရေကို အမှီပြု၍ဖြစ်သော) ဗိမာန်တို့သည် ကပ္ပဋ္ဌိတိဖြစ်၍ တည်ကုန်၏၊ (ထိုဗိမာန်တို့၏ အရောင်အဆင်းတို့သည်) ကြောင်မျက်ရွဲအဆင်းရှိကုန်၏၊ နှစ်သက်စဖွယ် တင့်တယ်ကုန်၏၊ အလျှံရှိကုန်၏၊ ပြိုးပြိုးပြက်သော အရောင်နှင့် ပြည့်စုံကုန်၏၊ ထိုဗိမာန်တို့၌ အဆင်းအမျိုးမျိုးရှိကုန်သော များစွာသော နတ်သမီးတို့သည် ကကြကုန်၏။

၁၂၀၀။ မြတ်စွာဘုရား၏တပည့် အကြင်ရဟန်းသည် ဤဝိမာနဝတ္ထုကို ရှေးရှု (မျက်မှောက်)သိ၏။ပ။ မာရ်နတ် သင်သည် ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော ဆင်းရဲကို ရလတ္တံ့သတည်း။

၁၂၀၁။ အသျှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား တိုက်တွန်းတော်မူအပ်သည် ဖြစ်၍ ရဟန်းသံဃာတို့ ကြည့်ရှုစဉ် မိဂါရမာတာ ဝိသာခါ၏ ပြာသာဒ်ကျောင်းကို ခြေမဖျားဖြင့် တုန်လှုပ်စေ၏။

၁၂၀၂။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည် ဤတန်ခိုးဖြင့် တုန်လှုပ်စေခြင်းကို ရှေးရှု(မျက်မှောက်)သိ၏။ပ။ မာရ်နတ် (ထိုသင်သည် ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော) ဆင်းရဲကို ရလတ္တံ့သတည်း။

၁၂၀၃။ အသျှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးအစွမ်းဖြင့် ထောက်ပံ့အပ်သည်ဖြစ်၍ ဝေဇယန္တာပြာသာဒ်ကို ခြေမဖျားဖြင့် တုန်လှုပ်စေ၏၊ နတ်အပေါင်းတို့ကိုလည်း ထိတ်လန့်စေ၏။

၁၂၀၄။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည် ဤတန်ခိုးဖြင့် တုန်လှုပ်စေခြင်းကို ရှေးရှု(မျက်မှောက်) သိ၏။ပ။ မာရ်နတ် (ထိုဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော) ဆင်းရဲကို ရလတ္တံ့သတည်း။

http://www.dhammadownload.com



၁၂၀၅။ အကြင်ရဟန်းသည် ဝေဇယန္တာပြာသာဒ်၌ တည်သော သိကြားမင်းအား သိကြားမင်း တဏှာကုန်ခြင်း ကိလေသာမှ လွတ်မြောက်ခြင်း 'ဝိမုတ္တိ'တို့ကို (မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း) သိပါ၏လောဟု မေး၏၊ ပြဿနာအမေးခံရသော သိကြားမင်းသည် ထိုအသျှင်မဟာမောဂ္ဂလ္လာန်အား မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ဖြေကြား၏။

၁၂၀၆။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည် ဤမေးအပ်သော အနက်အဓိပ္ပါယ်ကို မျက်မှောက်သိ၏။ပ။ မာရ်နတ် (ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော) ဆင်းရဲကို ရလတ္တံ့သတည်း။

၁၂၀၇။ အကြင်ရဟန်းသည် မဟာဗြဟ္မာတို့၏ သုဓမ္မာသဘင်၌တည်လျက် (အမေးပုစ္ဆာပြဿနာ)ကို မေး၏၊ အချင်းဗြဟ္မာ (ဘုရားမကြွလာမီ) ရှေးအခါက (ဗြဟ္မာ့ပြည်သို့ လာနိုင်သော တစုံတယောက်သော သမဏဗြာဟ္မဏဟု သင့်အား ဖြစ်ပေါ်ဘူးသော အယူသည် ယခုလည်း ရှိပါသေးသလော၊ ဗြဟ္မာ့ဘုံ၌ ထိုမှ ဤမှ လှည့်လည်လျက် ပြိုးပြိုး ပြက်ထွက်သော အရောင်ကို မြင်၏လော(ဟု မေး၏)။

၁၂၀၈။ အရှင်ဘုရား (ဤဗြဟ္မာ့ပြည်သို့ ဘုရားကြွမလာမီ) ရှေးအခါက (ဗြဟ္မာ့ပြည်သို့ လာနိုင်သော တစုံတယောက်သော သမဏဗြာဟ္မဏမရှိဟု)အကျွန်ုပ်အား ဖြစ်ပေါ်ဘူးသော အယူသည် ယခုအခါ မရှိတော့ပါဟု အမေးခံရသော ဗြဟ္မာသည် ထိုရဟန်း (အသျှင်မဟာမောဂ္ဂလ္လာန်)အား အမှန်အတိုင်း ဖြေကြား၏။

၁၂၀၉။ ဗြဟ္မာ့ဘုံ၌ ထိုမှဤမှ လှည့်လည်လျက် ပြိုးပြိုးပြက်ထွက်သော မြတ်စွာဘုရား၏ အရောင်ကို မြင်ရပါ၏၊ ထိုအကျွန်ုပ်သည် ယခုအခါ ငါသည် (မသေခြင်းအားဖြင့်)မြဲ၏ (ယနေ မြင့်မိုရ် သမုဒ္ဒရာစသည်ကဲ့သို့) အမြဲတည်၏ဟူ၍ အသို့ ဆိုနိုင်ပါတော့အံ့နည်း။

၁၂၁၀။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည် ဤဗြဟ္မာတို့၏ အသံကို (မျက်မှောက်) သိ၏။ပ။ မာရ်နတ် (ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော) ဆင်းရဲကို ရလတ္တံ့သတည်း။

၁၂၁၁။ အကြင်ရဟန်းသည် မြင့်မိုရ်တောင်မင်း၏အထွတ်ကို ဈာနဝိမောက္ခဟူသော မှီရာရှိသော အဘိညာဉ်ဖြင့် တွေ့ထိသိမြင်နိုင်၏၊ ဇမ္ဗူဒိပ်ကျွန်းကိုရင်း အရှေ့ကျွန်းကိုရင်း မြေလျှင်အိပ်ရာရှိကုန်သော အနောက်ကျွန်း မြောက်ကျွန်းသားတို့ကိုရင်း တွေ့ထိ(သိမြင်) နိုင်၏။

၁၂၁၂။ မြတ်စွာဘုရား၏ တပည့်ဖြစ်သော အကြင်ရဟန်းသည် ထိုအခြင်းအရာကို (မျက်မှောက်)သိ၏၊ မာရ်နတ် သင်သည် ထိုသို့သဘောရှိသော အဂ္ဂသာဝကရဟန်းကို ထိပါးပုတ်ခတ်သောကြောင့်(ဆိုခဲ့ပြီးသော ငရဲ၌ဖြစ်သော)ဆင်းရဲကို ရလတ္တံ့သတည်း။

၁၂၁၃။ ငါသည် မိုက်သောသူကို လောင်စေအံ့ဟု မီးက(လောင်ခြင်းငှါ)လုံ့လမပြု၊ သူမိုက်က အလျှံပြောင်ပြောင်တောက်သောမီးကို ထိခိုက်သောကြောင့်သာ ထိုလူမိုက်ကို လောင်စေ၏၊

http://www.dhammadownload.com



၁၂၁၄။ မာရ်နတ် ဤအတူသာလျှင် (ငါတို့သည် မထိခိုက် မညှဉ်းဆဲလိုကုန်)၊ သင်သည်သာ မီးကို ထိပါးမိသော လူမိုက်ကဲ့သို့ အရိယာတပည့်ရဟန်းကို ထိခိုက်၍ မိမိကိုယ်တိုင် လောင်စေလတ္တံ့။

၁၂၁၅။ မာရ်နတ်သည် မီးနှင့်တူသော အရိယာတပည့်ရဟန်းကို ထိပါးမိသော ကြောင့် မကောင်းမှုကို ရ၏၊ မာရ်နတ် မကောင်းမှုသည် ငါ့အား အကျိုးမပေးဟု သင် ထင်မှတ်သလော။

၁၂၁၆။ မာရ်နတ် မကောင်းမှုကိုပြုသော သင်သည် မကောင်းမှုကို ကြာမြင့်စွာသော ကာလပတ်လုံး ပွါးစေအပ်၏၊ မာရ်နတ် သစ္စာလေးပါးကို သိသော ရဟန်းထံမှ ထွက်ခွါ ရှောင်လွှဲလေလော့။ ရဟန်းတို့ကို (ချုတ်ချယ်အံ့ ညှဉ်းဆဲအံ့ဟူသော) အလိုအာသာကို မပြုလေလင့်။

၁၂၁၇။ ဤသို့ (အသျှင်မဟာမောဂ္ဂလ္လာန်) ရဟန်းသည် ဘေသကဠာမည်သော တော၌ မာရ်နတ်ကို ခြိမ်းချောက်၏၊ ယင်းသို့ခြိမ်းချောက်ခြင်းကြောင့် ထိုမာရ်နတ်သည် နှလုံးမသာယာသည်ဖြစ်၍ ထိုအရပ်၌သာ ကွယ်ပျောက်လေ၏။

ဤသို့လျှင် အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ရွတ်ဆို၏။

## သဋ္ဌိနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၂၁-မဟာနိပါတ်

## ၁-ဝင်္ဂီသတ္ထေရဂါထာ

၁၂၁၈။ လူ့ဘောင်မှ ထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုသော ငါ့ကို (ကာမဝိတက်စသော ယုတ်မာသော) ဝိတက်တို့သည် ကပ်ရောက်ကုန်၏၊ မည်းညစ်သောအားဖြင့် ကြမ်းကြုတ်ကုန်သော ဤကာမဝိတက်တို့သည် (အရှက်မရှိလေကုန်စွတကား)။

၁၂၁၉။ (ဆရာအထံ၌) သင်အပ်ပြီးသော လေးအတတ်ရှိကုန်သော အတင်ခက်သော ပိုလ်ချိန်နှစ်ထောင်အားကို ဆောင်သည့်လေးကို တင်နိုင်ကုန်သော စစ်မြေပြင်ဝယ် ထွက်ပြေးလေ့မရှိကုန်သော ထင်ရှားသောလေးသမားအထောင်တို့သည် ငါ့ကို ထက်ဝန်းကျင်မှ မြှားတို့ဖြင့် ပစ်ကုန်ရာ၏။

၁၂၂၀။ ဤမျှအတိုင်းအရှည်ရှိကုန်သော ထို့ထက်အပိုအလွန်သော်လည်း ဖြစ်ကုန်သော မိန်းမတို့သည် အကယ်လာကြလိမ့်မည်ဖြစ်စေကာမူ ငါ့ကို ညှဉ်းဆဲနိုင်ကြလိမ့်မည် မဟုတ်ကုန်၊ ငါသည်ကား မိမိဥစ္စာဖြစ်သော မဂ်ဖိုလ်တရား၌ တည်ပြီးသူ ဖြစ်၏။

၁၂၂၁။ ငါသည် နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏ မျက်မှောက်တော်မှ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော (ဝိပဿနာ) ဤခရီးကို ကြားနာရဘူး၏၊ ထို နိဗ္ဗာန်ရောက်ကြောင်း(ဝိပဿနာ)ခရီး၌ ငါ၏စိတ်သည် မွေ့လျော်ပျော်ပိုက်၏။

၁၂၂၂။ မာရ်ယုတ် ဤဆိုခဲ့ပြီးသော (ဝိပဿနာ) ခရီးဖြင့်သာလျှင်နေသော ငါ့ကို အကယ်၍ သင်ချဉ်းကပ်ခဲ့မူ (ငါ၏)ခရီးကို အကြောင်းအခြင်းအရာအားဖြင့် (ပြုလုပ်သည်ရှိသော်) သင်မမြင်နိုင်၊ ထိုအခြင်းအရာအားဖြင့် သေခြင်းအဆုံးကို ငါပြုအံ့။

၁၂၂၃။ မမွေ့လျော်ခြင်းကိုရင်း မွေ့လျော်ခြင်းကိုရင်း ပယ်စွန့်၍ သားမယားစသည်နှင့်စပ်ယှဉ်သော မိစ္ဆာဝိတက်ကို အကြွင်းမဲ့ပယ်စွန့်ပြီးလျှင် တစုံတခုသောအာရုံ၌ တပ်မက်မှု တဏှာကို မပြုရာ၊ အကြင်သူသည် တပ်မက်မှုမရှိ၊ နှစ်သက်မှုမရှိ၊ ထိုသူသည် ဘိက္ခုမည်၏။

၁၂၂၄။ ဤလောက၌ အလုံးစုံသောမြေ၌တည်သော အရာဝတ္ထုသည်ရင်း ကောင်းကင်၌တည်သော အရာဝတ္ထုသည်ရင်း ရုပ်သဘောသည်ရင်း ဘဝသုံးပါး၌ အကျုံးဝင်သော သင်္ခတတရားသည်ရင်း ဆွေးမြေ့တတ်၏၊ ထိုဆွေးမြေ့တတ်သော သဘောတရားအားလုံးသည် အမြဲ မရှိ၊ ဤသို့ သိတတ်သောသဘောရှိသော ပညာရှိတို့သည် မဂ်ပညာဖြင့် ပိုင်းခြားသိကြကုန်၍ နေကြကုန်၏။

၁၂၂၅။ အနွပုထုဇဉ်တို့သည် (ခန္ဓုပဓိစသော) ဥပဓိတို့၌ တပ်မက်သောစိတ်ရှိကုန်၏၊ မြင်အပ်သော ရူပါရုံ၌ရင်း ကြားအပ်သောသဒ္ဒါရုံ၌ရင်း တွေ့ထိအပ်သောဖောဋ္ဌဗ္ဗာရုံ၌ရင်း နမ်းအပ်သော ဂန္ဓာရုံ၌ရင်း လျက်အပ်သော ရသာရုံ၌ရင်း (အထူးအားဖြင့်) ဤ (ကာမဂုဏ်ပမိ)၌ အလိုဆန္ဒကိုပယ်ဖျောက်သော တဏှာတည်းဟူသော မြူ ကင်းသူ

http://www.dhammadownload.com



ဖြစ်ပါလော၊ အကြင်သူသည် ဤကာမဂုဏ်ငါးပါး၌ (တဏှာဟူသော လိမ်းကျံခြင်းဖြင့်) လိမ်းကျံခြင်း မရှိ၊ ထိုပုဂ္ဂိုလ်ကို မုနိဟူ၍ (ပညာရှိတို့) ဆိုကုန်၏။

၁၂၂၆။ မိစ္ဆာဝိတက်ရှိသူ အချို့တို့သည် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူကို မှီကုန်လျက် ဓမ္မသဘောမှ ကင်းကုန်သည်ဖြစ်၍ ပုထုဇဉ်အဖြစ်၌ သက်ဝင်တည်ကုန်၏၊ အကြင်သူသည် တစုံတခုသော ဝတ္ထု၌ (သဿတစသော) မိစ္ဆာအစုသို့ရောက်သော အယူ ရှိသူမဖြစ်ရာ၊ ရုန့်ရင်းကုန်သော မိစ္ဆာဝါဒတို့ကို ယူလေ့ရှိသူလည်း မဖြစ်ရာ၊ ထိုသူသည် ဘိက္ခုမည်၏။

၁၂၂၇။ ပညာရှိသော ကြာမြင့်စွာသော ကာလပတ်လုံး တည်ကြည်သော မာန် ထောင်မှုမရှိသော ရင့်ကျက်သော ပညာရှိသော တပ်မက်မှုတဏှာကင်းသော ရဟန်းသည် ငြိမ်းအေးသော နိဗ္ဗာန်ကို ရ၏၊ (အာရုံပြုသည်၏ အစွမ်းဖြင့်) နိဗ္ဗာန်ကိုစွဲ၍ (သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်) ပရိနိဗ္ဗာန် ပြု၏၊ ထိုရဟန်းသည် (အနုပါဒိသေသ နိဗ္ဗာန် အလို့ငှါ) အခါကာလကို ငံ့လင့်၏။

၁၂၂၈။ ဂေါတမ[၁] (သေယျမာန်စသော ကိုးပါးသော) မာန်မာနကို ပယ်စွန့်လော၊ မာန်မာန၏ ဖြစ်ရာဌာန ဖြစ်သော (အယောနိသောမနသိကာရ ခြံရံအပ်သော) ဓာတ် စသည်ကို အကြွင်းမဲ့ စွန့်လော၊ ထိုသင်သည် မာန်မာန၏အကြောင်း၌ တွေဝေခြင်းသို့ မရောက်သည်ဖြစ်၍ ကြာမြင့်စွာသော ကာလပတ်လုံး နှလုံးမသာယာမှု ဖြစ်ခဲ့ရလေပြီ။

၁၂၂၉။ သူတပါးကျေးဇူးကို ချေဖျက်ခြင်းဖြင့် ချေဖျက်တတ်ကုန်သော သတ္တဝါတို့ သည် မာန်မာနက ဖျက်ဆီးအပ်သောကြောင့် ငရဲသို့ ကျရောက်ကြရကုန်၏၊ မာန်မာန ဖျက်ဆီးအပ်ကုန်သည်ဖြစ်၍ ငရဲ၌ဖြစ်ကြရကုန်သော လူတို့သည် ရှည်မြင့်စွာသောကာလ ပတ်လုံး စိုးရိမ်ကြရကုန်၏။

၁၂၃၀။ မဂ်ဖြင့် အောင်အပ်ပြီးသော ကိလေသာရှိသော ကောင်းသော အကျင့်ရှိ သော ရဟန်းသည် တရံတခါမျှ မပူဆွေးရ၊ (ပညာရှိတို့၏) ချီးမွမ်းခြင်းကိုငှင်း (ကိုယ် စိတ်၌ဖြစ်သော) ချမ်းသာခြင်းကိုငှင်း ရရှိခံစားနိုင်၏၊ မှန်သော သဘောရှိသော ထိုသူကို တရားကို မြင်သောသူ ဟူ၍ (ပညာရှိတို့) ဆိုကုန်၏။

၁၂၃၁။ ထိုကြောင့် ဤလောက၌ ငြောင့်တံသင်း ငါးပါးမှကင်းပြီးသော သမ္မပ္ပဓာန် လုံ့လနှင့်ပြည့်စုံသော အထူးသဖြင့် ခင်ကြယ်သော စိတ်ရှိသော ရဟန်းသည် နီဝရဏ တရားတို့ကို ပယ်စွန့်၍ (ကိုးပါးသော) မာန်မာနကိုလည်း (အရဟတ္တမဂ်ဖြင့်) အကြွင်းမဲ့ ပယ်စွန့်၍ အကြွင်းမဲ့ငြိမ်းပြီးသော ကိလေသာရှိသည်ဖြစ်၍ ဝိဇ္ဇာသုံးပါးဖြင့် ဘဝအဆုံးကို ပြုတတ်၏ (ဟု မိမိကိုယ်ကို ဆုံးမ၏)။

၁၂၃၂။ (အရှင်ဘုရားအာနန္ဒာ တပည့်တော်သည်) ကာမရာဂဖြင့် ပူလောင်နေပါ ၏၊ အကျွန်ုပ်၏စိတ်သည် ကာမရာဂဖြင့် အဖန်တလဲလဲလောင်မြိုက်နေပါ၏၊ ဂေါတမအနွယ် ဖြစ်သော အရှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား သနားသဖြင့် (ရာဂအပူ)

---

[၁] ဂေါတမအနွယ်ဖြစ်သော မြတ်စွာဘုရား၏ တပည့်ဖြစ်သောကြောင့် မိမိကိုယ်ကို ဂေါတမအနွယ်ပြု၍ ခေါ်သည်။

http://www.dhammadownload.com



ငြိမ်းအေးကြောင်းဖြစ်သော အဆုံးအမ ဩဝါဒကို ဟောကြားတော်မူပါလော့ (ဟု ဝင်္ဂီသကလျှောက်၏)။

၁၂၃၃။ (အသုဘ၌ သုဘဟုဖြစ်သော ဖောက်ပြန်စွာစွဲယူမှု) အမှတ်သညာ၏ ဖောက်ပြန်ခြင်းကြောင့် သင်၏စိတ်သည် ပူလောင်နေ၏၊ ရာဂပွါးကြောင်းဖြစ်သော သုဘနိမိတ်ကို ပယ်စွန့်လော့။

၁၂၃၄။ အသုဘဟု အဖန်တလဲလဲ ရှုခြင်းဖြင့် စိတ်ကို တခုတည်းသော အာရုံရှိအောင် ကောင်းစွာတည်ကြည်သည်ကိုပြု၍ ပွါးများလေလော့၊ သင့်အား သုံးဆဲ့နှစ်ကောဋ္ဌာသကိုယ်အစု၌ သတိဖြစ်လေလော့၊ အလုံးစုံသော အတ္တဘော၌ ငြီးငွေ့မှုတရား များပြားသည် ဖြစ်ပါစေလော့။

၁၂၃၅။ အကြောင်းနိမိတ်ကင်းမှု (အနိမိတ္တာနုပဿနာ) ကိုလည်း ပွါးများလေလော့၊ မာနာနုသယကို ပယ်စွန့်လော့၊ ယင်းသို့ မာနကိုပယ်ခြင်းကြောင့် (ရာဂစသည်တို့) ငြိမ်းသည်ဖြစ်၍ နေရလတ္တံ့. (ဟု အသျှင်အာနန္ဒာက မိန့်၏)။

၁၂၃၆။ အကြင်စကားဖြင့် မိမိကိုယ်ကို မပူပန်မနှိပ်စက်ရာ သူတပါးတို့ကိုလည်း မညှဉ်းဆဲမနှိပ်စက်ရာ ထိုစကားသည်သာ ကောင်းစွာ ဆိုအပ်သော စကားမည်၏၊ ထိုစကားကိုသာ ပြောဆိုရာ၏။

၁၂၃၇။ ချစ်ဖွယ်သောစကားကိုသာလျှင် ဆိုရာ၏၊ အကြင်စကားသည် နှစ်လိုဖွယ်ဖြစ်၏၊ ထိုစကားကိုသာ ဆိုရာ၏၊ သူတပါးတို့အား ပြောဆိုသည်ရှိသော် သူမနှစ်မြို့ဖွယ် ယုတ်ညံ့သောစကားတို့ကို မယူမူ၍ ချစ်ဖွယ်သောစကားကို ပြောဆိုရာ၏။

၁၂၃၈။ မှန်သောစကားသည် စင်စစ် အမြိုက်သုဓာဘုတ်နှင့်တူ၏၊ ဤမှန်သောစကားကို ပြောဆိုခြင်းသဘောသည် ရှေးသူဟောင်းတို့ ထုံးဟောင်းတံထွာ ဖြစ်၏၊ သူတော်ကောင်းတို့သည် မှန်သောစကား၌ရင်း အကျိုးတရား၌ရင်း အကြောင်းတရား၌ရင်း တည်ကုန်၏ဟု ဆိုကြကုန်ပြီ။

၁၂၃၉။ မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ဝဋ္ဋ်ဆင်းရဲအဆုံးကို ပြုခြင်းငှါ ဘေးမရှိသော အကြင်စကားကို ဆိုတော်မူ၏၊ ထိုစကားသည်သာ စကားတကာတို့ထက် လွန်မြတ်၏။

၁၂၄၀။ နက်နဲသောပညာလည်းရှိတော်မူသော အကျိုးအကြောင်းကို သိသောပညာရှိသော အကြောင်းဟုတ်သည်မဟုတ်သည်၌ လိမ်မာတော်မူသော (သာဝကပါရမီဉာဏ်တို့၏ အထွတ်အထိပ်သို့ ရောက်သဖြင့်) ကြီးမြတ်သော ပညာလည်းရှိသော အသျှင်သာရိပုတြာသည် ရဟန်းတို့အား တရားဟောတော်မူ၏။

၁၂၄၁။ (ထိုအသျှင်သာရိပုတြာသည်) တရားကို အကျဉ်းအားဖြင့်လည်း ဟောတော်မူ၏၊ အကျယ်အားဖြင့်လည်း ဟောတော်မူ၏၊ သာလိကာ၏ သာယာစွာ ကြွေးကြော်သံကဲ့သို့ အသျှင်သာရိပုတြာ၏ (သာယာသော) အသံသည် ဖြစ်ပေါ်လာ၏၊ (သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့) အဆင့်ဆင့် အဆုံးမရှိသော ဉာဏ်ပဋိဘာန်ထင်လာ၏။

http://www.dhammadownload.com



၁၂၄၂။ ရဟန်းတို့သည် ထိုတရားကိုဟောသော ထိုအသျှင်သာရိပုတြာ၏ သာယာစွာသောအသံကို နာကြားရကုန်၏၊ တပ်နှစ်သက်ဖွယ်ရှိသော နာပျော်ဖွယ်ရှိသော သာယာသော အသံကြောင့် တက်ကြွသောစိတ်ရှိကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်လျက် နားထောင်ကြကုန်၏။

၁၂၄၃။ ယနေ့ တဆဲ့ငါးရက်မြောက်သော ဥပုသ်နေ့၌ သံယောဇဉ် အနှောင်အဖွဲ့ကို ဖြတ်၍ တည်ကုန်သော ဆင်းရဲမရှိကုန်သော တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိကုန်သော ရဟန္တာတို့ချည်း ဖြစ်ကုန်သော ရဟန်းငါးရာတို့သည် စင်ကြယ်သော ဝိသုဒ္ဓိပဝါရဏာပြုခြင်းအကျိုးငှါ အညီအညွတ် စည်းဝေးရောက်လာကြကုန်၏။

၁၂၄၄-၅။ စကြဝတေးမင်းသည် အမတ်အပေါင်းခြံရံလျက် ပတ်ဝန်းကျင် သမုဒ္ဒရာအဆုံးရှိသော ဤမြေပြင်ကို အစဉ်လှည့်လည်သကဲ့သို့ ထို့အတူ ကိလေသာဟူသော စစ်မြေအရပ်ကို အောင်ပြီးသော ယာဉ်မှူးသဖွယ်ဖြစ်တော်မူသော အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားကို သေခြင်းတရား ပယ်ကုန်ပြီးသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော တပည့်သာဝကတို့သည် ဆည်းကပ်ကြကုန်၏။

၁၂၄၆။ အလုံးစုံသော ရဟန္တာငါးရာတို့သည် မြတ်စွာဘုရား၏ သားတော်များဖြစ်ကြကုန်၏၊ ဤရဟန္တာငါးရာအပေါင်း၌ အချည်းနှီး(သီလကင်းသော)ရဟန်းမရှိ၊ တဏှာတည်းဟူသော ငြောင့်ကို နုတ်ပယ်တော်မူတတ်သော နေမင်းအဆွေဖြစ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၂၄၇။ တထောင်မကသော ရဟန်းတို့သည် ကိလေသာမြူကင်းသည်ဖြစ်၍ တစုံတခုမျှ ဘေးမခသည့် နိဗ္ဗာန်နှင့်စပ်သောတရားကို ဟောတော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။

၁၂၄၈။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောကြားတော်မူအပ်သော အညစ်အကြေးကင်းသော တရားတော်ကို နာကြကုန်၏၊ ရဟန်းအပေါင်းခြံရံအပ်သော မြတ်စွာဘုရားသည် တင့်တယ်ပါပေစွတကား။

၁၂၄၉။ မြတ်စွာဘုရား အရှင်ဘုရားသည် (မကောင်းမှုကို ပြုတော်မမူတတ်သောကြောင့်) နာဂအမည်ရှိတော်မူပါ၏၊ ဝိပဿီစသောဘုရား (ဣသိ) တို့၏ ခုနစ်ဆူမြောက်ဘုရား (ဣသိ) ဖြစ်တော်မူသော အရှင်ဘုရားသည် မိုးကြီးကဲ့သို့ဖြစ်၍ တပည့်သာဝကတို့အား (တရားတည်းဟူသော မိုးကို) ရွာသွန်းတော်မူ၏။

၁၂၅၀။ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ တပည့်သာဝက ဝင်္ဂီသသည် မြတ်စွာဘုရားကို ဖူးမြင်လိုသောကြောင့် နေ့သန့်စင်ရာမှ ထွက်ခဲ့၍ အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

၁၂၅၁။ (အကြင်မြတ်စွာဘုရားသည်)မာရ်မင်း၏ ကိလေသာဖြစ်ခြင်း၏ အကြောင်းကို လွှမ်းမိုး၍ (ရာဂအစရှိသော) တံသင်းတို့ကို ဖျက်ဆီးလျက် ကြွသွားတော်မူ၏၊ အနှောင်အဖွဲ့မှ လွတ်ခြင်းကို ပြုတော်မူတတ်သော ရာဂစသည်ကို မမှီပဲ (သတိပဋ္ဌာန်

http://www.dhammadownload.com



စသော) အဘိုးအစုအားဖြင့် ခွဲခြမ်းဝေဖန်၍ (ဟောတော်မူသော) ထိုမြတ်စွာဘုရားကို ရှုကြပါကုန်လော့။

၁၂၅၂။ မြတ်စွာဘုရားသည် ဩဃလေးပါးမှ ထွက်မြောက်ခြင်းအကျိုးငှါ (သတိပဋ္ဌာန်စသည်တို့၏ အစွမ်းဖြင့်) များသောအပြားရှိသော အကြောင်း (မဂ်) တရားကို ဟောတော်မူ၏၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ထိုအမြိုက်နိဗ္ဗာန်၌ တရားကို ရှုမြင်လေ့ရှိကုန်သောသူတို့သည် တွန့်တိုခြင်းမရှိကုန်မူ၍ တည်ကုန်၏။

၁၂၅၃။ ထွန်းလင်းတောက်ပခြင်းကို ပြုတော်မူတတ်သော မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူပြီး၍ အလုံးစုံသော ဒိဋ္ဌိဌာနတို့ကို လွန်မြောက်ရာ နိဗ္ဗာန်ကို မြင်တော်မူပြီ၊ ထိုမြတ်စွာဘုရားသည် မြတ်သောတရားကို သိမြင်ပြီး၍ရှင်း မျက်မှောက်ပြုပြီး၍ရှင်း ပဥ္စဝဂ္ဂီတို့အား ဟောကြားတော်မူ၏။

၁၂၅၄။ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် (မြတ်စွာဘုရားသည်) တရားကို ကောင်းစွာ ဟောတော်မူသည်ရှိသော် တရားကို သိသောသူတို့အား အဘယ်မေ့လျော့ခြင်း ဖြစ်နိုင်ပါအံ့နည်း၊ ထိုကြောင့်ပင် ထိုမြတ်စွာဘုရားသာသနာတော်၌ ရှိခိုးလျက် အခါခပ်သိမ်း မမေ့မလျော့ ကျင့်ရာ၏။

၁၂၅၅။ မြဲမြံသော လုံ့လရှိသော အကြင်ကောဏ္ဍညမထေရ်သည် ချမ်းသာစွာ နေကြောင်းဖြစ်ကုန်သော ဝိဝေကသုံးပါးတို့ကို အမြဲမပြတ် ရခြင်းရှိ၏၊ ထိုကောဏ္ဍည မထေရ်သည် (သာဝက အားလုံးတို့၏ ရှေးဦးစွာ) မြတ်စွာဘုရားသို့ အတုလိုက်၍ သစ္စာလေးပါးကို သိတော်မူ၏။

၁၂၅၆။ မမေ့မလျော့ကျင့်သော ထိုကောဏ္ဍညမထေရ်သည် မြတ်စွာဘုရား အဆုံးအမအတိုင်း လိုက်နာပြုကျင့်လေ့ရှိသော တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော တရားအားလုံးသို့ အစဉ်ရောက်အပ်ပြီ။

၁၂၅၇။ ကြီးသော ကန်ခိုးအာနုဘော်ရှိသော ဝိဇ္ဇာသုံးပါးနှင့်လည်း ပြည့်စုံသော စေတောပရိယ အဘိညာဉ်၌လည်း လိမ်မာသော မြတ်စွာဘုရား၏ အမွေခံဖြစ်သော ကောဏ္ဍညမထေရ်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၏။

၁၂၅၈။ သေခြင်းကို ပယ်စွန့်ကုန်ပြီးသော ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော တပည့်သာဝကတို့သည် ဣသိဂိလိတောင်နံပါး (ကျောက်ညိုအပြင်) ၌ နေတော်မူသော ဝဋ်ဆင်းရဲ၏ အဆုံး (နိဗ္ဗာန်) သို့ ရောက်တော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။

၁၂၅၉။ တန်ခိုးကြီးသော အသျှင်မဟာမောဂ္ဂလ္လာန်သည် ထိုရဟန်းတို့၏ စိတ်ကို စုံစမ်းဆင်ခြင်သည်ရှိသော် (စေတောပရိယအဘိညာဉ်) ဖြင့် ဥပဓိအားလုံးတို့၏ ကင်းခြင်း ကိလေသာမှ လွတ်မြောက်ခြင်းကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

၁၂၆၀။ ဤသို့ ဆိုအပ်ပြီးသည့်အတိုင်း အလုံးစုံသော အင်္ဂါတို့နှင့် ပြည့်စုံသော ဝဋ်ဆင်းရဲအပေါင်း၏ အဆုံး (နိဗ္ဗာန်) သို့ ရောက်တော်မူပြီးသော များသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားကို (တပည့်သာဝက အပေါင်းတို့သည်) ဆည်းကပ်ကြကုန်၏။

http://www.dhammadownload.com



၁၂၆၁။ တိမ်တိုက်ကင်းသော ကောင်းကင်၌ လပြည့်ဝန်းသည် တင့်တယ်သကဲ့သို့ရှင်း (တိမ်တိုက်စသော) အညစ်အကြေးကင်းသော နေမင်းသည် တင့်တယ်သကဲ့သို့ရှင်း ထို့အတူသာလျှင် ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော အရောင်ရှိတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အခြံအရံဖြင့် အလုံးစုံသော လောကကို လွှမ်း၍ တင့်တယ်တော်မူပါပေ၏။

၁၂၆၂။ ငါတို့သည် ရှေးအခါက ကဗျာဖွဲ့ခြင်းမျှ ရှိကုန်သည်ဖြစ်၍ တရွာမှ တရွာ တမြို့မှ တမြို့သို့ သွားလာလှည့်လည်ကြရပါကုန်၏၊ ထိုစဉ်အခါဝယ် ခပ်သိမ်းသောတရား တို့၏ အဆုံးတိုင်အောင် သိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရပါကုန်ပြီ။

၁၂၆၃။ ဝဋ်ဆင်းရဲအပေါင်း၏ အဆုံးသို့ ရောက်တော်မူပြီးသော ထိုမြတ်စွာဘုရား သည် အကျွန်ုပ်အား တရားကို ဟောတော်မူပါ၏၊ (ဟောတော်မူသော) တရားတော်ကို ကြားနာရသောကြောင့် (ရတနာသုံးပါးအပေါင်း၌)အကျွန်ုပ်တို့ ကြည်ညိုကြရပါကုန်၏။

၁၂၆၄။ အကျွန်ုပ်သည် ထိုမြတ်စွာဘုရား၏ တရားစကားကို ကြားနာရ၍ ခန္ဓာငါးပါး တို့ကိုရှင်း အာယတနတဆယ့်နှစ်ပါးတို့ကိုရှင်း ဓာတ်တဆယ့်ရှစ်ပါးတို့ကိုရှင်း သိ၍ အိမ်ရာ မထောင် ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏။

၁၂၆၅။ အကြင်သတ္တဝါတို့သည် မြတ်စွာဘုရား အဆုံးအမတော်အတိုင်း လိုက်နာ ပြုကျင့်ကြကုန်၏၊ ထိုမိန်းမယောကျ်ား သတ္တဝါအများတို့၏ အကျိုးငှါ ဘုရားရှင်တို့ ပွင့် တော်မူကြပေကုန်စွ တကား။

၁၂၆၆။ အကြင်ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် မဖောက်ပြန်သော သဘော ရှိသည်ဖြစ်၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့်မြဲသော မဂ်လေးပါးကို ရကုန်၏၊ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမတို့၏အကျိုးငှါ မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်ကို ရတော်မူပါပေသည်တကား။

၁၂၆၇-၈။ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့အား အစဉ်သနားတော်မူသဖြင့် ဒုက္ခသစ္စာ ဒုက္ခ၏ဖြစ် ကြောင်း သမုဒယသစ္စာ ဒုက္ခကိုလွန်မြောက်ရာ နိရောဓသစ္စာ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မြတ်သောအင်္ဂါရှစ်ပါး ရှိသော မဂ္ဂသစ္စာဟူသော ဤလေးပါး သော အရိယသစ္စာတို့ကို ဟောတော်မူအပ်ကုန်၏။

၁၂၆၉။ ဤဒုက္ခသစ္စာစသော အရိယသစ္စာတို့သည် ဤသို့ဒုက္ခစသော အပြားအား ဖြင့် မဖောက်မပြန်ကုန်၊ ထိုအရိယသစ္စာတို့ကို မြတ်စွာဘုရားသည် အကြင် အခြင်းအရာ အားဖြင့် ဟောတော်မူအပ်ကုန်၏၊ ထိုအခြင်းအရာအားဖြင့် ငါသည် မြင်အပ်ကုန်၏၊ ငါသည် အရဟတ္တဖိုလ်ဟူသော မိမိအကျိုးကို အစဉ်ရအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော် မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၁၂၇၀။ မြတ်စွာဘုရား၏အထံသို့ ငါ၏လာခြင်းသည် ကောင်းသောလာခြင်းဖြစ်လေ စွတကား၊ ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူအပ်ကုန်သော တရားတို့တွင် အကြင်တရား

http://www.dhammadownload.com



သည် အထူးသဖြင့် ချီးမွမ်းအပ်၏၊ ထိုအထူးသဖြင့် ချီးမွမ်းအပ်သော မဂ်ဖိုလ်တရားသို့ ငါကပ်ရောက်ရပြီ။

၁၂၇၁။ ငါသည် အဘိညာဉ်တို့၏ အထွတ်အထိပ်သို့ ရောက်ပြီ၊ ဒိဗ္ဗသောတအဘိညာဉ်ကို သုတ်သင်ပြီးပြီ၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံပြီ၊ ဣဒ္ဓိဝိဓအဘိညာဉ်သို့ ရောက်ပြီ၊ စေတောပရိယအဘိညာဉ်၌ လိမ္မာပြီ။

၁၂၇၂။ မယုတ်လျော့သော ပညာရှိတော်မူသော မြတ်စွာဘုရားကို မေးလျှောက်ပါ၏၊ ယခုဘဝ၌ပင် တွေးတောမှု ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ပယ်ဖြတ်သူ ထင်ရှားသူ အခြံအရံများသူ ငြိမ်းအေးပြီးသောစိတ်ရှိသူ အကြင်ရဟန်းသည် အဂ္ဂါဠဝစေတီ၌ စုတေခွေလျော ခဲ့ပါပြီ။

၁၂၇၃။ မြတ်စွာဘုရား ဗြာဟ္မဏဖြစ်သော ကိုရဟန်း၏အမည်ကို နိဂြောဓကပ္ပဟူ၍ အရှင်ဘုရား မှည့်ခေါ်ပါ၏၊ မြဲမြံသောသဘောရှိသော နိဗ္ဗာန်ကိုမြင်တော်မူသော မြတ်စွာဘုရား နိဗ္ဗာန်ဝိမုတ္တိကို တောင့်တ၍ ထက်သန်သော လုံ့လရှိသော ထိုနိဂြောဓကပ္ပရဟန်းသည် အရှင်ဘုရားကို ရှိခိုးလျက် လှည့်လည် သွားလာနေပါ၏။

၁၂၇၄။ သာကီဝင်မင်းမျိုးဖြစ်တော်မူသော ထက်ဝန်းကျင်မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့အားလုံးသည်လည်း ထို(နိဂြောဓကပ္ပအမည်ရှိသော) သာဝကကို သိလိုပါကုန်၏၊ အကျွန်ုပ်တို့၏ နားတို့သည် နာကြားရန် ကောင်းစွာတည်ပါကုန်၏၊ အရှင်ဘုရားသည် အကျွန်ုပ်တို့၏ ဆရာပါတည်း၊ အရှင်ဘုရားသည် အတုမရှိ မြတ်တော်မူပါပေ၏။

၁၂၇၅။ မြေကြီးအထုနှင့်တူသော ပညာရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့၏ ယုံမှားမှု 'ဝိစိကိစ္ဆာ'ကို ဖြတ်တော်မူပါ၊ ထိုနိဂြောဓကပ္ပ ပရိနိဗ္ဗာန်ပြုသည်ကို ဟောကြားသိစေတော်မူဘိလော၊ ထက်ဝန်းကျင် မြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရား မျက်စိတထောင်ရှိသော သိကြားမင်းသည် နတ်တို့အလယ်၌ ပြောဆိုဘိသကဲ့သို့ အကျွန်ုပ်တို့အလယ်၌ ဟောကြားတော်မူပါလော့။

၁၂၇၆။ ဤခန္ဓာငါးပါးတည်းဟူသောလောက၌ မတွေ့ဝေမှု 'မောဟ'၏ လမ်းကြောင်း မသိမှု 'အဝိဇ္ဇာ'၏အသင်းအပင်း တွေးတောမှု 'ဝိစိကိစ္ဆာ'၏ တည်ရာဖြစ်ကြသည့် အထုံးအဖွဲ့ 'ဂန္ထ'ဟူသမျှ အားလုံးတို့သည် မြတ်စွာဘုရားထံမှောက် ရောက်ကြကုန်သော် မဖြစ်ပေါ်တော့ကုန်၊ ဤဘုရားတည်းဟူသော စက္ခုသည် သတ္တဝါတို့၏ အမြတ်ဆုံး စက္ခုပါတည်း။

၁၂၇၇။ လေသည် တိမ်စိုင်တိမ်ခဲကို မဖျောက်လွင့်နိုင်ခဲ့မူ လောကအားလုံးသည် တိမ်တိုက်လွှမ်းသည်ဖြစ်၍ အမိုက်တိုက်သာလျှင် ဖြစ်ရာသကဲ့သို့ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိလေသာတို့ကို မဖြတ်ခဲ့မူ လောကအားလုံးသည် စင်စစ်အမိုက်တုံးကြီးသာလျှင် ဖြစ်ရာ၏၊ ပညာရောင်ထွန်းပကုန်သော သူတို့သော်လည်း မထွန်းပနိုင်ကုန်ရာ။

http://www.dhammadownload.com



၁၂၇၈။ ပညာရှိတို့သည်သာ ပညာရောင်ကို ပြုတတ်သူတို့ဖြစ်ပါကုန်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် အရှင်ဘုရားကို ပညာရောင်ပြုတတ်သူ ပုဂ္ဂိုလ်ဟူ၍ သာလျှင် အောက်မေ့ပါ၏၊ အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို အထူးမြင်တတ်သူဟူ၍ သိကြကုန်သည်ဖြစ်၍သာလျှင် ချဉ်းကပ်လာရောက်ကြပါကုန်၏၊ ထို့ကြောင့် ပရိသတ် အလယ်၌ အကျွန်ုပ်တို့အား နိဂြောဓကပ္ပမထေရ်ကို ထင်ရှားအောင်ပြတော်မူပါလော့။

၁၂၇၉။ သာယာဖွယ်အသံရှိတော်မူသော မြတ်စွာဘုရား သာယာဖွယ်ရှိသောစကားကို လျင်မြန်စွာ မြွက်ဆိုတော်မူပါလော့၊ ဟင်္သာသည် လည်ကိုမြှောက်၍ ဖြည်းညှင်းစွာ ကျူးရင့်သကဲ့သို့ ကောင်းစွာပြုပြင်အပ်သော လုံးသောအသံတော်ဖြင့် ကျူးရင့်တော်မူပါလော့၊ အလုံးစုံသော ထိုတပည့်တော်တို့သည် မပျံ့လွင့်သောစိတ်ရှိလျက် နာကြားပါကုန်အံ့။

၁၂၈၀။ ပဋိသန္ဓေနေမှု သေမှုကို အကြွင်းမဲ့ ပယ်တော်မူပြီးသော မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်ပြီးလျှင် (ကိလေသာကို) ဆေးကြောတတ်သော တရားကို ဟောကြားစေအံ့၊ ပုထုဇဉ် သေက္ခ အသေက္ခတို့သည် အလိုရှိရာကို ပြုလုပ်ပေးစွမ်းနိုင်မှု မရှိ၊ မြတ်စွာဘုရားတို့မူကား ပညာဖြင့် နှိုင်းချိန်၍ ပြုနိုင်သည်သာဖြစ်၏။

၁၂၈၁။ မယုတ်လျော့သော ပညာရှိတော်မူသော မြတ်စွာဘုရား ကောင်းစွာဖြောင့်မတ်သော ပညာရှိတော်မူသော မြတ်စွာဘုရားအသည် (ကောင်းစွာ ဖြစ်စေအပ်သော) အပြည့်အစုံ ဖြေကြားတော်မူအပ်သော ဤစကားဖြောက်ကို ကောင်းစွာ သင်ယူအပ်ဘူးပါပြီ၊ နောက်တဖန် ဤလက်အုပ်ကို ကောင်းစွာ ညွတ်ကာ ရှိခိုးပါ၏၊ (နိဂြောဓကပ္ပ၏ လားရာဂတိကို) သိတော်မူသောမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မတွေဝေပါစေလင့်။

၁၂၈၂။ မယုတ်လျော့သော ဝီရိယရှိတော်မူသော မြတ်စွာဘုရား (လောကီလောကုတ္တရာအားဖြင့်) မြတ်ထက်မြတ်ဖြစ်သော အရိယသစ္စာတရားကို ထိုးထွင်းသိတော်မူပြီး၍ (ဉေယျဓမ္မတရားအားလုံးကို သိတော်မူသော) မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မတွေဝေပါစေလင့်၊ နွေအခါ၌ နွေပူနှိပ်စက်ခံရသော ယောကျ်ားသည် ရေကို အလိုရှိသကဲ့သို့ အရှင်ဘုရား၏ စကားတော်ကို အလိုရှိပါ၏၊ အကြားအမြင်သုတတည်းဟူသော ဒေသနာမိုးကို ရွာသွန်းတော်မူပါလော့။

၁၂၈၃။ အကြင် အကျင့်မြတ်ကို နိဂြောဓကပ္ပသည် လိုလိုချင်ချင် ကျင့်ပါ၏၊ ထို နိဂြောဓကပ္ပ၏ အကျင့်မြတ်သည် အချည်းနှီး မဖြစ်ပဲရှိပါ၏လော၊ ထိုနိဂြောဓကပ္ပသည် ကိလေသာ အကြွင်းရှိသေးသည်ဖြစ်၍ ခန္ဓာချုပ်ငြိမ်းလေသလော၊ သို့မဟုတ် အချင်း ခပ်သိမ်း ကိလေသာမှ လွတ်မြောက်ပြီးသူ ရဟန္တာကဲ့သို့ ပရိနိဗ္ဗာန်ပြုပါလေသလော၊ ထို နိဂြောဓကပ္ပ၏ အကြောင်းကို နာကြားလိုပါကုန်၏။

၁၂၈၄။ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏၊ ဤနာမ်ရုပ်နှစ်ပါး၌ ကဏှာအမည်ရသောမာရ်၏အယဉ်ဖြစ်သောကြာမြင့်စွာသောနေ့ညဥ့်ပတ်လုံး အစဉ်မပြတ် ကိန်းအောင်းနေသောတဏှာကို ကပ္ပရဟန်းသည် အကြွင်းမဲ့ ဖြတ်ပြီ၊ ပဋိသန္ဓေနေခြင်း သေခြင်းမှ အကြွင်းမဲ့ ကူးမြောက်ပြီဟု ပဉ္စဝဂ္ဂီတို့ထက် မြတ်သော မြတ်စွာဘုရားဟောတော်မူ၏။

http://www.dhammadownload.com



၁၂၈၅။ (ဝိပဿီအစရှိသော ဘုရားရှင်တို့တွင်) ခုနစ်ဆူမြောက် ဣသိဖြစ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရား၏ ဤစကားတော်ကို ကြားနာရသောကြောင့် အရှင်ဘုရားအား အကျွန်ုပ် ကြည်ညိုလှပါ၏၊ စင်စစ် အကျွန်ုပ်မေးအပ်သော ပြဿနာသည် အချည်းနှီးမဟုတ်ပါ (အကျိုးရှိပါ၏)၊ ပုဏ္ဏားမျိုးကပ္ပသည် အကျွန်ုပ်အလိုကို မချွတ်ယွင်းစေပါ။

၁၂၈၆။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ပြောဆိုသည့်အတိုင်း ပြုလုပ်လေ့ရှိသူ ဖြစ်ပါ၏၊ မာယာများသော သေမင်း၏ ဝဋ်ဆင်းရဲကို ချဲ့ကတ်သော မြဲမြံသော တဏှာ ကွန်ရက်ကို ဖြတ်တောက်လေပြီ။

၁၂၈၇။ မြတ်စွာဘုရား နိဂြောဓကပ္ပသည် ကံ ကိလေသာတို့စွဲလမ်းအပ်သော ဝဋ်၏ အစကို မြင်လေပြီ၊ ကပ္ပမထေရ်သည် အလွန်ကူးမြောက်နိုင်ခဲသော သေခြင်း၏တည်ရာ ဝဋ်ကို စင်စစ် လွန်မြောက်လေပြီတကား။

၁၂၈၈။ နတ်တကာတို့ထက်လွန်သော နတ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက် မြတ်တော်မူသော မြတ်စွာဘုရား အရှင်ဘုရားသို့ အတုလိုက်၍ဖြစ်သော ကြီးသော လုံ့လရှိသော နာဂမည်တော်မူသော ဘုရားရှင်၏ ရှေ့ရင်တော်နှစ် သားတော်စစ်ဖြစ်၍ နာဂမည်သော ထိုနိဂြောဓကပ္ပကို ရှိခိုးပါ၏။

ဤသို့လျှင် အရှင်ဝင်္ဂီသမထေရ်သည် ဤဂါထာတို့ကို ရွတ်ဆို၏။

## မဟာနိပါတ် ပြီး၏။

## ထေရဂါထာပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်

# ထေရဂါထာပါဠိတော်

## မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ဧကကနိပါတ်

### ၁-အညတရထေရဂါထာ

၁။ ထေရိမ (သင်သည်) ချစ်ချစ်ပူနေသော အုံးခွက်ထဲ၌ ခြောက်သွေ့သွားသော ဟင်းရွက်ကဲ့သို့ သင်၏ (သန္တာန်၌) တပ်စွန်းမှု 'ရာဂ' ကင်းပြီးဖြစ်သောကြောင့် ပုံသုကူ အဝတ်ဖြင့် သက်နိုးချုပ်၍ ဝတ်ရုံကာ (သာသနာတော်၌) ချမ်းသာစွာ နေပါလေလော့။

ဤသို့လျှင် မထင်ရှားသော တေရိ ဘိက္ခုနီမတပါးသည် ဤဂါထာကို ရွတ်ဆို၏။

### ၂-မုတ္တာထေရီဂါထာ

၂။ မုတ္တာ (သင်သည်) ရာဟုဖမ်းခြင်းမှ လွတ်သော လပြည့်ဝန်းကဲ့သို့ ယောဂလေးပါး တို့မှ လွတ်မြောက်အောင် ကြိုးစားလေလော့၊ သင်သည် လွတ်မြောက်သောစိတ်ရှိသည် ဖြစ်၍ ကိလေသာကြွေးမြီကင်းလျက် (ပြည်သူတို့၏) ဆွမ်းကို ဘုဉ်းပေး (သုံးဆောင်) လော့။

ဤသို့လျှင် မြတ်စွာဘုရားသည် ဤမုတ္တာထေရီအလောင်းသိက္ခမာန်မကို ဤဂါထာဖြင့် မပြတ်ဆုံးမတော်မူ၏။

### ၃-ပုဏ္ဏာထေရီဂါထာ

၃။ ပုဏ္ဏာ (သင်သည်) တဆယ့်ငါးရက် လပြည့်နေ့ဝယ် ထွက်ပေါ်လာသောလပြည့် ဝန်းကဲ့သို့ ဗောဓိပက္ခိယတရား (သုံးဆယ့်ခုနစ်ပါး)တို့နှင့် ပြည့်စုံပါစေလော့၊ ပြည့်စုံသော (အရဟတ္တမဂ်) ပညာဖြင့် မောဟအစု အမိုက်ထုကို ဖောက်ခွဲဖျက်ဆီးလိုက်ပါလော့။

ဤသို့လျှင် ပုဏ္ဏာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၄-တိဿထေရဂါထာ

၄။ တိဿ (သင်သည်) (အစိသီလစသော) သိက္ခာသုံးပါး၌ ကျင့်လေလော့၊ ယောဂလေးပါးတို့သည် သင့်ကို မနှိပ်စက် မလွှမ်းမိုးစေကုန်လင့်၊ ယောဂအားလုံးတို့နှင့် မစပ်ယှဉ်သည်ဖြစ်၍ ပစ္စုပ္ပန်ယောက၌ အာသဝေါကင်းကာ နေလိုက်ပါလော့။

ဤသို့လျှင် တိဿထေရသည် ဤဂါထာကို ရွတ်ဆို၏။

## ၅-အညတရတိဿထေရဂါထာ

၅။ တိဿ (သင်သည်) သမထဝိပဿနာတရား ဗောဓိပက္ခိယတရားတို့ဖြင့် အားထုတ်ပါလော့၊ (ဗုဒ္ဓုပ္ပါဒနဝမ) ခဏကောင်းသည် သင့်ကို ကျော်လွန်မသွားပါစေလင့်၊ ခဏကောင်းကို ကျော်လွန်သူတို့သည် ငရဲ၌ ဖြစ်ကြရကုန်၍ ပူဆွေးကြရကုန်၏။

ဤသို့လျှင် တပါးသောတိဿမည်သော ထေရသည် ဤဂါထာကို ရွတ်ဆို၏။

## ၆-ဝီရထေရဂါထာ

၆။ ဝီရ (သင်သည်) (ကာမသညာစသောအကုသိုလ်) သညာတို့၏ ငြိမ်းရာဖြစ်၍ စင်စစ်ချမ်းသာရာဖြစ်သော နိရောဓေါတ် နိဗ္ဗာန်မြတ်ကို ရအောင်အားထုတ်ပါလော့၊ ယောဂလေးပါးတို့၏ ဘုန်ရာဖြစ်သော မိမိထက်လွန်မြတ်သော တရားမရှိသော နိဗ္ဗာန်ကို လိုလားနှစ်သိမ့်ပါစေလော့။

ဤသို့လျှင် ဝီရထေရသည် ဤဂါထာကို ရွတ်ဆို၏။

## ၇-ဝီရထေရဂါထာ

၇။ ရဲမှင့်ခြင်းကိုဖြစ်စေတတ်သည့် အရိယမဂ်တရားတို့ဖြင့် ပွါးများပြီးသော ဣန္ဒြေရှိသော ဝီရမည်သောဘိက္ခုနီမသည် စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေသမာရ်ကို အောင်မြင်၍ အဆုံးစွန်ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

ဤသို့လျှင် ဝီရထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၈-မိတ္တာထေရီဂါထာ

၈။ မိတ္တာ ( သင်သည် ) ယုံကြည်မှု 'သဒ္ဓါ 'တရားဖြင့် ရဟန်းပြုခဲ့ပြီး၍ မိတ်ဆွေကောင်းတို့၌ မွေ့လျော်နိုင်သူဖြစ်ပါလေလော့၊ ယောဂလေးပါးတို့၏ကုန်ရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို ရခြင်းငှါ ကုသိုလ်ဖြစ်သော အရိယမဂ်တရားတို့ကို ပွါးများလေလော့။

ဤသို့လျှင် မိတ္တာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၉-ဘဒြာထေရီဂါထာ

၉။ ဘဒြာ ( သင်သည် ) ယုံကြည်မှု 'သဒ္ဓါ 'တရားဖြင့် ရဟန်းပြုခဲ့ပြီး၍ ကောင်းသော သီလစသော တရားတို့၌ မွေ့လျော်နိုင်သူ ဖြစ်ပါလော့၊ ယောဂလေးပါးတို့၏ကုန်ရာ

http://www.dhammadownload.com



အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရခြင်းငှါ ကုသိုလ်ဖြစ်သော အရိယမဂ်တရားတို့ကို ပွါးများလေလော့။

ဤသို့လျှင် ဘဒြာထေရီအည် ဤဂါထာကို ရွတ်ဆိုရ၏။

### ၁၀-ဥပသမာထေရီဂါထာ

၁၀။ ဥပသမာ (သင်သည်) သေမင်း၏နယ်ပယ်ဖြစ်သော အလွန်ကူးမြောက်နိုင်ခဲသော သံသရာတည်းဟူသော ကြီးစွာသောရေအယဉ်ကို (အရိယမဂ်တည်းဟူသော လှေဖြင့်) ကူးခတ်ပါလေလော့၊ စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေသမာရ်ကို အောင်မြင်၍ အဆုံးစွန်ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်ပါလေလော့။

ဤသို့လျှင် ဥပသမာထေရီသည် ဤဂါထာကို ရွတ်ဆိုခဲ့၏။

### ၁၁-မုတ္တာထေရီဂါထာ

၁၁။ ငါသည် ကုန်း၍ ထောင်းထုလုပ်ကိုင်ရသော ဆုံမှရင်း ကျည်ပွေ့မှရင်း ကုန်းသော လင်မှရင်း ဤအကုန်းသုံးမျိုးတို့မှ လွတ်မြောက်သဖြင့် ကောင်းစွာလွတ်မြောက်သူ လွတ်မြောက်ကြီး လွတ်မြောက်သူ ဖြစ်ပါထော့၏၊ ဘဝသို့ ဆောင်တတ်သော တဏှာကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့သတ်ပြီးဖြစ်သောကြောင့် ပဋိသန္ဓေနေခြင်း သေခြင်းမှလည်း လွတ်မြောက်သူ ဖြစ်ရပေ၏။

ဤသို့လျှင် မုတ္တာထေရီသည် ဤဂါထာကို ရွတ်ဆိုခဲ့၏။

### ၁၂-ဓမ္မဒိန္နာထေရီဂါထာ

၁၂။ အကြင်ထေရီမသည် ( အရဟတ္တဖိုလ်အကျိုးငှါ ) အလိုဆန္ဒ ဖြစ်ပေါ်လျက်ရှိနေ၏၊ ရဟန်းကိစ္စပြီးဆုံးမှုကို လိုလားတောင့်တ၏၊ (သုံးခုသော အရိယမဂ်)စိတ်ဖြင့် နိဗ္ဗာန်သို့ရောက်သူဖြစ်၏၊ ကာမဂုဏ်တို့၌ တပ်မက်သောစိတ်မရှိ၊ ထိုထေရီမကို ဥဒ္ဓံသောတ အနာဂါမ်ဟု ဆိုအပ်၏။

ဤသို့လျှင် ဓမ္မဒိန္နာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

### ၁၃-ဝိသာခါထေရီဂါထာ

၁၃။ အကြင်မြတ်စွာဘုရားအဆုံးအမတော်ကို လိုက်နာပြုလုပ်သောကြောင့် နောင်တ တဖန်မပူပန်ရ၊ ထိုမြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာပြုလုပ်ကြကုန်လော့၊ လျင်လျင်မြန်မြန် ခြေတို့ကို ဆေးပြီးလျှင် တစုသောနေရာ၌(နိဗ္ဗာန်ရှုလို့ သပ္ပကာ)ထိုင်နေကြကုန်လော့။

ဤသို့လျှင် ဝိသာခါထေရီသည် ဤဂါထာကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၁၄-သုမနာထေရီဂါထာ

၁၄။ ( စက္ခုစသော )ခေတ်တို့ကို ဆင်းရဲကုန်၏ဟူ၍ ( ပညာမျက်စိဖြင့် )ရှုပြီး၍ တဖန် ပဋိသန္ဓေနေရခြင်းသို့ မကပ်ရောက်စေလင့်၊ ဘဝ၌ တပ်မက်မှုဆန္ဒကို ကင်းအောင် ဖြတ်တောက်ပြီးသော် ကိလေသာငြိမ်းအေးသည်ဖြစ်၍ (ချမ်းသာစွာ)နေရလတ္တံ့။

ဤသို့လျှင် သုမနာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၁၅-ဥတ္တရာထေရီဂါထာ

၁၅။ (ငါသည်)ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ထိုမှတပါး စိတ်ဖြင့်ရင်း စောင့်စည်းခဲ့ ပါပြီ၊ အရင်းမူလ အနုသယနှင့်တကွသော တပ်မက်မှု'တဏှာ'ကို နုတ်ပယ်လျက် ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ရသူဖြစ်ပါ၏။

ဤသို့လျှင် ဥတ္တရာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၁၆-ဝုဍ္ဎပဗ္ဗဇိတသုမနာထေရီဂါထာ

၁၆။ အရွယ်ကြီးသောသုမနာ သင်၏( သန္တာန်၌ ) တပ်မက်မှု 'ရာဂ'ကင်းပြီးသူ ( ကိလေသာမီး ) ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်သူဖြစ်သောကြောင့် (ပံ့သုကူ)အဝတ်ဖြင့် သက်န်းချုပ်၍ ဝတ်ရုံကာ ချမ်းသာစွာ နေပါလေလော့။

ဤသို့လျှင် ဝုဍ္ဎပဗ္ဗဇိတသုမနာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၁၇-ဓမ္မာထေရီဂါထာ

၁၇။ (ငါသည်) အားနည်းသည်ဖြစ်သောကြောင့် တောင်ဝှေးကို ထောက်ကာ တုန် တုန်လှုပ်လှုပ်ဖြစ်သော ကိုယ်အင်္ဂါတို့ဖြင့် ဆွမ်းခံလှည့်လည်သည်ရှိသော် ထိုလှည့်လည်ရာ ခရီး မြေကြီးပေါ်၌သာလျှင် လဲကျခဲ့၏၊ ငါ၏စိတ်သည် ကိုယ်ခန္ဓာ၌ အသုဘ အနိစ္စ စသောအပြစ်ကို မြင်ပြီးသည့်နောက်၌ ကိလေသာမှ လွတ်မြောက်ခဲ့ပြီ။

ဤသို့လျှင် ဓမ္မာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ၁၈-သံဃာထေရီဂါထာ

၁၈။ ငါသည် အိမ်ကိုစွန့်၍ ချစ်နှစ်သက်ဖွယ်သော သားသမီးကိုရင်း နွားကျွဲစသော တိရစ္ဆာန်ကိုရင်း စွန့်၍ တပ်မက်မှု 'ရာဂ'ကိုရင်း အမျက်ထွက်မှု 'ဒေါသ'ကိုရင်း အရိယ မဂ်ဖြင့် ပယ်ဖြတ်ကာ အဝိဇ္ဇာကိုလည်း မဂ်ဖြင့် ဖြတ်တောက်၍ အရင်းမူလ အနုသယနှင့် တကွသော တပ်မက်မှု'တဏှာ'ကို ပယ်နုတ်လျက် ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ရသူဖြစ်၏။

ဤသို့လျှင် သံဃာထေရီသည် ဤဂါထာကို ရွတ်ဆို၏။

## ဧကကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၂—ဒုကနိပါတ်

## ၁-အဘိရူပနန္ဒာထေရီဂါထာ

၁၉။ နန္ဒာ ကျင်နာနိုပ်စက်သော မစင်ကြယ်သည်ဖြစ်၍ ပုပ်သောခန္ဓာကိုယ်ကြီးကို (ပညာမျက်စိဖြင့်) ရှုစမ်းပါလော့၊ အသုဘဟု အဖန်တလဲလဲ ရှုခြင်းဖြင့် စိတ်ကို တခုတည်း အာရုံရှိအောင် ကောင်းစွာ တည်ကြည်သည်ကို ပြု၍ ပွါးများလေလေလော့။

၂၀။ (အကြောင်းနိမိတ်ကင်းမှု) အနိမိတ္တာနုပဿနာကိုလည်း ပွါးများလေလေလော့၊ (ငါတကားဟု ထောင်လွှားသော) မာနာနုသယကို ပယ်ရှင်းလေလေလော့၊ ယင်းသို့ မာနကို ပယ်ခြင်းကြောင့် (ရာဂစသည်တို့) ငြိမ်းသည်ဖြစ်၍ နေရလတ္တံ့။

ဤသို့ မြတ်စွာဘုရားသည် အဘိရူပနန္ဒာသိက္ခမာန်ကို ဤဂါထာတို့ဖြင့် မပြတ်ဆုံးမ တော်မူ၏။

## ၂-ဇေန္တာထေရီဂါထာ

၂၁။ အကြင်ဗောဇ္ဈင်ခုနစ်ပါး တရားတို့သည် နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ထိုဗောဇ္ဈင်ခုနစ်ပါး တရားအားလုံးတို့ကို မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း ငါ ပွါးများအပ်ကုန်ပြီ။

၂၂။ ငါသည် (ဓမ္မကာယဖြစ်သော) ထိုမြတ်စွာဘုရားကို (အရိယာအမြင်ဖြင့်) မြင်အပ်ပြီ၊ ထို့ကြောင့် ဤငါ၏ ခန္ဓာကိုယ်သည် အဆုံးဖြစ်သော ခန္ဓာကိုယ်တည်း၊ ပဋိသန္ဓေနေမှု ဇာတိသံသရာ ကုန်ပြီ၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ။

ဤသို့လျှင် ဇေန္တာထေရီသည် ဤဂါထာတို့ကို ရွတ်ဆိုနှ၏။

## ၃-သုမင်္ဂလမာတာထေရီဂါထာ

၂၃။ ငါသည် (ဘဝသစ်မှ) လွတ်ခြင်းရှိသူ ဖြစ်၏၊ ငါသည် (ဘဝသစ်မှ) ကောင်းစွာ လွတ်ခြင်းရှိသူဖြစ်၏၊ ငါသည် ကျည်ပွေ့မှ ကောင်းစွာသာလျှင် လွတ်ခဲ့၏၊ ငါ၏ အရှက် ကင်းသော လင်ကိုရင်း ရောင်း၍ အသက်မွေးခြင်းငှါ ပြုလုပ်ရသော ထီးကိုရင်း ငါ မနှစ် သက်ခဲ့၊ ငါ၏ (လူဖြစ်စဉ်က) ထမင်းအိုးသည် ရေမြွေနံ့ လှိုင်၏၊ ငါမနှစ်သက်သော လင်မှရင်း ထီးအလုပ်မှရင်း ထမင်းအိုးမှရင်း ကောင်းစွာ လွတ်မြောက်ခဲ့ရသူ ဖြစ်ပေ၏။

၂၄။ ငါသည် တပ်မက်မှု 'ရာဂ' ကိုရင်း အမျက်ထွက်မှု 'ဒေါသ' ကိုရင်း ဖြတ်တောက် ဖျက်ဆီးရပြီ၊ (နီးတို့ကို ရက်သော) ဖျင်ဖျင် ဖျစ်ဖျစ်ဟူသော အသံကိုလည်း ပယ်ရှင်း ရပြီ၊ ထိုငါသည် (ဆိတ်ငြိမ်ရာ) သစ်ပင်ရင်းသို့ ကပ်ရောက်၍ ဩော်ချမ်းသာစွာဟု နှလုံး သွင်းလျက် ချမ်းသာသောအားဖြင့် ဈာန်ဝင်စား၏။

ဤသို့လျှင် သုမင်္ဂလမာတာထေရီသည် ဤဂါထာတို့ကို ရွတ်ဆိုနှ၏

http://www.dhammadownload.com



## ၄-အစုကာသိထေရဂါထာ

၂၅။ ကာသိတိုင်း၌ဖြစ်သော အခွန်အတုတ်သည် အကြင် (တထောင်) မျှလောက် အတိုင်းအရှည် ရှိ၏၊ ငါ့အစုကာသိ၏ (ပြည့်တန်ဆာမအလုပ်ဖြင့် ရသည့်) အခကြေးငွေ သည်လည်း ထိုတထောင်မျှလောက်ပင် ရှိ၏၊ (နောက်ကာလ၌) နိဂုံးနေ လူအပေါင်း သည် ထိုတထောင်သော အခကြေးငွေကို ထက်ဝက်ပြု၍ ငါ့ကို ပြည့်တန်ဆာအရာ၌ ထားပြီ။

၂၆။ ထိုနောင် (သာသနာတော်ကို မှီ၍) ငါသည် အဆင်း ရုပါရုံ၌ (အနိစ္စ ဒုက္ခ အသုဘဟု ရှုလျက်) ငြီးငွေ့ပြီ၊ ငြီးငွေ့သည်ဖြစ်၍လည်း ငါသည် တပ်မက်မှု ကင်းပြီ၊ ပဋိသန္ဓေနေခြင်းရှိသော သံသရာ၌ နောက်ထပ်တဖန် မကျင်လည်ရအံ့သတည်း၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုပြီးပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် အစုကာသိထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၅-စိတ္တာထေရီဂါထာ

၂၇-၈။ (ငါသည်) ကြုံလှီသော ကိုယ်ရှိကာ မကျန်းမမာသည်ဖြစ်၍ အလွန် အား နည်းသော်ငြားလည်း တောင်ဝှေးကို ထောက်လျက် သွားလာနေရပါ၏၊ (ငါသည်) (ဂိဇ္ဈကုဋ်) တောင်ထက်သို့ တက်ပြီးလျှင် ဒုကုဋ်သင်္ကန်းကို ချထား၍ သပိတ်ကို မှောက် ထားလျက် (ဂိဇ္ဈကုဋ်)တောင်ထက်၌ပင် ထိုင်နေကာ မောဟအစု အမိုက်ထုကို ဖောက်ခွဲ၍ မိမိကိုယ်ကို (နောင်တဖန် မဖြစ်စေသောအားဖြင့်) ခွဲခွါလိုက်ပြီ။

ဤသို့လျှင် စိတ္တာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၆-မေတ္တိကာထေရီဂါထာ

၂၉-၃၀။ (ငါသည်) အသက်ကြီးသည်ဖြစ်၍ အားနည်းလျက် ဆင်းရဲဒုက္ခရောက်နေ ငြားသော်လည်း တောင်ဝှေးကို ထောက်လျက် သွားလာနေရပါ၏၊ ငါသည်(ဂိဇ္ဈကုဋ်) တောင်ထက်သို့ တက်ပြီးလျှင် ဒုကုဋ်သင်္ကန်းကို ချထား၍ သပိတ်ကို မှောက်ထားလျက် ကျောက်တောင်ထက်၌ပင် (ကမ္မဋ္ဌာန်းကို ပွါးစေလျက်) ထိုင်နေကာ နောင်မှ ငါ၏ စိတ်သည် ကိလေသာတို့မှ လွတ်မြောက်၏၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြီးပြီ။

ဤသို့လျှင် မေတ္တိကာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၇-မိတ္တာထေရီဂါထာ

၃၁-၂။ (ငါသည်) (လဆန်း)ပက္ခ (လဆုတ်)ပက္ခ၏ အကြင် တဆယ့်လေးရက် မြောက်သောနေ့၌၎င်း တဆယ့်ငါးရက်မြောက်သော နေ့၌၎င်း ရှစ်ရက်မြောက်သော

http://www.dhammadownload.com



နေ့၌ရှင်း ဥပုသ်နေ့တို့၏ အကြိုနေ့ အပိုနေ့ (ပါဋိဟာရိယပက္ခ)၌ရှင်း (စာတုမဟာရာဇ်) နတ်ဘုံကို နှစ်သက်တောင့်တသည်ဖြစ်၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ခဲ့ပါ၏၊ ထိုငါသည် ယခုအခါ တထပ်သာစားခြင်းဖြင့် ဦးပြည်းဖြစ်၍ (ခေါင်းတုံးရိတ်ကာ) ဒုကုဋ်သင်္ကန်းကို ဝတ်ရုံလျက် (ရှင်ရဟန်းပြုပြီးသော်) စိတ်နှလုံး၌ ကိလေသာပူပန်မှုကို ဖျောက်ပယ်ပြီး ဖြစ်ရကား (တစုံတခုသော) နတ်ဘုံကိုမျှ မတောင့်တတော့ပြီ။

ဤသို့လျှင် မိတ္တာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၈-အဘယမာတုထေရီဂါထာ

၃၃။ မယ်တော်ကြီးပဒုမဝတီ (သင်သည်) ခြေဖဝါးအပြင်မှ အထက်ဆံဖျားတိုင်အောင် ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင် မစင်မကြယ်သည်ဖြစ်၍ အပုပ်နံ့လှိုင်သော ဤခန္ဓာကိုယ်ကို ဉာဏ်ဖြင့် ရှုပါလော့။

၃၄။ ဤသို့ (ငါ့သား အဘယထေရ်) ဆုံးမသောအတိုင်းနေသော ငါ (ပဒုမဝတီ) သည် တပ်မက်မှု 'ရာဂ'အားလုံးကို ကောင်းစွာ နုတ်ပယ်လျက် ကိလေသာ ပူပန်မှုအားလုံးကို အကြွင်းမဲ့ဖြတ်ကာ ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်လေပြီ။

ဤသို့လျှင် အဘယမာတာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၉-အဘယာထေရီဂါထာ

၃၅။ အဘယာမည်သောထေရီမ ကိုယ်ခန္ဓာသည် ပျက်စီးခြင်းသဘောရှိ၏၊ (ခဏခြင်းအားဖြင့် ပျက်စီးခြင်းသဘောရှိသော) အကြင် ကိုယ်ခန္ဓာ၌ ပုထုဇဉ် မိုက်တို့သည် ကပ်ငြိတွယ်တာကုန်၏၊ (ငါသည်ကား) ဤကိုယ်ခန္ဓာကို ဆင်ခြင်ဉာဏ်သမ္ပဇဉ် အောက်မေ့မှု 'သတိနှင့်' ပြည့်စုံသည်ဖြစ်၍ (တဖန် မယူသောအားဖြင့်) စွန့်ပစ်တော့အံ့။

၃၆။ များစွာသော ဆင်းရဲခြင်းသဘောတို့နှင့် တွေ့ထိရ၍ မမေ့မလျော့မှု၌ မွေ့လျော်သော ငါသည် တဏှာကုန်ခြင်းသို့ ရောက်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် အဘယာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၁၀-သာမာထေရီဂါထာ

၃၇။ (ငါသည်) စိတ်ငြိမ်သက်တည်ကြည်မှုကို မရသည်ဖြစ်၍ ငါ၏စိတ်သည် ငါ့အလိုသို့ မလိုက်နိုင်သည်ဖြစ်ရကား လေးကြိမ် ငါးကြိမ်တိုင်အောင် ကျောင်းမှ ထွက်ခဲ့၏၊ ထိုငါသည် (ကမ္မဋ္ဌာန်းအားထုတ်နေစဉ်) ညဥ့်သည် ရှစ်ရက်မြောက် ဖြစ်ခဲ့လေပြီ၊ ယင်းရှစ်ရက်မြောက်နေ့၌ပင် တဏှာကို ကောင်းစွာ ပယ်နုတ်နိုင်ခဲ့လေပြီ။

http://www.dhammadownload.com



၃၈။ များစွာသော ဆင်းရဲခြင်းသဘောတို့နှင့် တွေ့ထိရ၍ မမေ့မလျော့ခြင်း၌ မွေ့လျော်သောငါသည် တဏှာကုန်ခြင်းသို့ ရောက်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသော အတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် သာမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ဒုကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၄ - တိံသနိပါတ်

## ၁-အပရသာမာထေရီဂါထာ

၃၉။ ရဟန်းဖြစ်သည်မှစ၍ နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး ငါ၏ စိတ်ငြိမ်သက်ခြင်း ရသည်ကို တရံတဆစ်မျှ ငါမသိစဘူး။

၄၀။ ငါသည် စိတ်၏ ငြိမ်သက်တည်ကြည်မှုကို မရသည်ဖြစ်၍ ငါ၏ စိတ်သည် ငါ့အလိုသို့ မလိုက်နိုင်သည်ဖြစ်ရကား မြတ်စွာဘုရား၏ အဆုံးအမကောင်ကို သတိရလျက် ထိတ်လန့်ခြင်းသို့ ရောက်ပြီ။

၄၁။ များစွာသော ဆင်းရဲခြင်းသဘောတို့နှင့် တွေ့ထိရ၍ မမေ့မလျော့မှု၌ မွေ့လျော်သော ငါသည် တဏှာကုန်ခြင်းသို့ ရောက်ပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ၊ ငါသည် (ကမ္မဋ္ဌာန်းအားထုတ်နေစဉ်) ယနေ့ညဥ့်သည် ခုနစ်ရက်မြောက်ခဲ့လေပြီ၊ ယင်းခုနစ်ရက်မြောက်နေ့၌ပင် အရဟတ္တမဂ်ဖြင့် တဏှာကို ခန်းခြောက်စေခဲ့ပြီ။

ဤသို့လျှင် တပါးသော သာမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၂-ဥတ္တမာထေရီဂါထာ

၄၂။ (ငါသည်)စိတ်ငြိမ်သက်တည်ကြည်မှုကို မရသည်ဖြစ်၍ ငါ၏စိတ်သည် ငါ့အလိုသို့ မလိုက်နိုင်သည်ဖြစ်ရကား လေးကြိမ် ငါးကြိမ်တိုင်အောင် ကျောင်းမှ ထွက်ခဲ့၏။

၄၃။ အကြင် (ပဋာစာရီ) ဘိက္ခုနီမသည် ငါယုံကြည်အပ်သော စကားရှိသူ ဖြစ်၏၊ ထိုဘိက္ခုနီမ(ပဋာစာရီ)ကို ထိုငါသည် ဆည်းကပ်ပြီ၊ ထိုပဋာစာရီသည် ခန္ဓာ အာယတန ဓာတ်တို့ကို(ပြလျက်)ငါ့အား တရားဟော၏။

၄၄။ ထိုပဋာစာရီဘိက္ခုနီမ၏ တရားကို ကြားနာရ၍ ငါသည် ထိုပဋာစာရီဆုံးမသည့်အတိုင်း(ကျင့်ကာ)ခုနစ်ရက်ပတ်လုံး နှစ်သက်မှု'ပီတိ'ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍ တခုသော ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေပြီ၊ ရှစ်ရက်မြောက်သောနေ့၌ မောဟအစု အမိုက်ထုကို(အရဟတ္တမဂ်ဖြင့်)ဖောက်ခွဲနိုင်၍ ခြေတို့ကို ဆန့်ခဲ့ပြီ။

ဤသို့လျှင် ဥတ္တမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၃-အပရာဥတ္တမာထေရီဂါထာ

၄၅။ အကြင်ဗောဇ္ဈင်ခုနစ်ပါး တရားတို့သည် နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ငါသည် ထိုဗောဇ္ဈင်ခုနစ်ပါး တရားအားလုံးတို့ကို မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ပွါးစေအပ်ကုန်ပြီ။

http://www.dhammadownload.com



၄၆။ ငါသည် သုညတသမာပတ်ကိုင်း အနိမိတ္တသမာပတ်ကိုင်း အလိုရှိတိုင်း ဝင်စားရရှိခဲ့ပါ၏၊ ငါသည် မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သမီးစစ်ဖြစ်၍ အခါခပ်သိမ်း နိဗ္ဗာန်၌ မွေ့လျော်၏။

၄၇။ နတ်၌ဖြစ်သော အကြောင်းကာမဂုဏ်တို့သည်၎င်း လူ၌ဖြစ်သော အကြောင်းကာမဂုဏ်တို့သည်၎င်း ရှိကြကုန်၏၊ ဝိုကာမဂုဏ်အားလုံးတို့ကို အကြွင်းမဲ့ဖြတ်အပ်ကုန်ပြီ၊ ငါ့အား ပဋိသန္ဓေနေခြင်းဟူသော ဇာတိသံသရာကုန်ပြီ၊ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

ဤသို့လျှင် တပါးသော ဥတ္တမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၄-ဒန္တိကာထေရီဂါထာ

၄၈။ ငါသည် နေ့သန့်စင်ခြင်းငှါ ကျောင်းမှ ထွက်ခဲ့၍ ဂိဇ္ဈကုဋ်တောင်ပေါ်၌(ထိုင်နေစဉ်) (စန္ဒာဘာဂါ) မြစ်သို့ သက်ဆင်းပြီး၍ တက်လာသောဆင်ကို (စန္ဒာဘာဂါ) မြစ်ကမ်းနား၌ တွေ့မြင်ရပြီ။

၄၉။ (ဆင်ထိန်း) ယောကျ်ားသည် ချွန်းကို ကိုင်ယူလျက် ခြေကို ဆန့်ပေးလော့ဟု တောင်းဆို၏၊ ဆင်သည် ခြေကို ဆန့်ပေး၏၊ (ဆင်ထိန်း) ယောကျ်ားသည် ဆင်ပေါ်သို့ တက်၏။

၅၀။ ငါသည် ရှေး၌ မယဉ်ကျေးပဲလျက် ယဉ်ကျေးအောင် ဆုံးမထား၍ လူတို့၏ အလိုကျလိုက်လျောသော ဆင်ကို မြင်ရသော် ထိုမြင်ပြီးသည့်နောက်၌ ထိုဆင်လိမ်မာပုံ အမှုအရာကြောင့် တောသို့သွားကာ စိတ်ကို တည်ကြည်စေသည်သာတည်း။

ဤသို့လျှင် ဒန္တိကာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၅-ဥဗ္ဗိရိထေရီဂါထာ

၅၁။ ဥဗ္ဗိရိ သင်သည် ချစ်သမီးဇီဝါဟု (မြည်တမ်းလျက်) တော၏ အလယ်၌ငိုကြွေး ဘိ၏၊ ဥဗ္ဗိရိ သင်သည် မိမိကိုယ်ကို သိအောင်ပြုပါဦးလော့၊ ရှစ်သောင်းလေးထောင်ကုန်သော ဇီဝါအမည်ရှိသော သင်၏သမီးအားလုံးတို့ကို ဤသင်းချိုင်းတခုတည်း၌ပင် ဖုတ်ကြည်းသင်္ဂြိုဟ်ဘူးကုန်ပြီ၊ထိုရှစ်သောင်းလေးထောင်သော ဇီဝါအမည်ရှိသော သမီးတို့တွင် အဘယ်မည်သော သမီးကို သင်စိုးရိမ်ပူဆွေးဘိသနည်း(ဟု မြတ်စွာဘုရားမိန့်တော်မူ၏)။

၅၂။ မြင်နိုင်ခဲသော နှလုံး၌မှီသော ငါ၏ သောကတည်းဟူသော ငြောင့်ကို ပယ်နုတ်နိုင်လေပြီတကား၊ စိုးရိမ်မှု'သောက'ဖြင့် နှိပ်စက်ခံနေရသော ငါ၏သမီးကို စွဲ၍ဖြစ်သော စိုးရိမ်မှု'သောက'ကို အကြွင်းမဲ့ ပယ်နုတ်နိုင်ပေ၏တကား။

၅၃။ ထိုငါသည် ယခုအခါ သောကတည်းဟူသော ငြောင့်ကို ပယ်နုတ်ပြီးသည့်ပြင် တဏှာတည်းဟူသော မွတ်သိပ်ခြင်းကင်းကာ ကိလေသာငြိမ်းအေးသည်ဖြစ်၍ တရားအားလုံးတို့ကို သိတော်မူတတ်သော မြတ်စွာဘုရားကို၎င်း တရားတော်ကို၎င်း အရိယာသံဃာတော်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်နေရပါတော့သတည်း။

ဤသို့လျှင် ဥဗ္ဗိရိထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၆-သုက္ကာထေရီဂါထာ

၅၄။ ရာဇဂြိုဟ်ပြည်၌(နေကုန်သော)ဤလူတို့သည် အဘယ်အမှုကို ပြုလုပ်နေကြကုန် ဘိသနည်း၊ အကြင်ရာဇဂြိုဟ်ပြည်သားတို့သည် မြတ်စွာဘုရားအဆုံးအမတော်ကို ဟော ကြားတတ်သော(သုက္ကာထေရီဘိက္ခုနီမကို မဆည်းကပ်ကြကုန်)၊ (ထိုရာဇဂြိုဟ်ပြည်သား တို့သည်)ပျားရေအရက်ကို သောက်၍ မူးယစ်ကြသူတို့ကဲ့သို့ နေကြလေယောင်တကား။

၅၅။ (အပိုမပါသဖြင့်)ပယ်နုတ်တားမြစ်ရန် မထိုက်သော(အလိုမပါသဖြင့်)ထည့်သွင်း လောင်းစွက်ခြင်းငှါ မထိုက်သော သြဇာရှိသော ထို(သုက္ကာထေရီမ)ဟောသော တရား ကိုလည်း တိမ်တိုက်ကြားမှ ထွက်ကျသော ရေကို ခရီးသွားတို့ သောက်သုံးကုန်သကဲ့သို့ ပညာရှိတို့သည်သာ သောက်သုံးကုန်၏ဟု ထင်မိပေ၏(ဟု စကြံဦး သစ်ပင်စောင့်နတ်က ဆို၏)။

၅၆။ သုက္ကာထေရီမသည် ဖြူစင်သော လောကုတ္တရာတရားတို့နှင့် ပြည့်စုံ၏၊ ဘပ်မက်မှု 'ရာဂ'ကင်း၏၊ တည်ကြည်၏၊ သုက္ကာထေရီမသည် စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေ သမာရ်ကို အောင်ပြီး၍ အဆုံးစွန်ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

ဤသို့လျှင် သုက္ကာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၇-သေလာထေရီဂါထာ

၅၇။ လောက၌ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်မည်သည် မရှိ၊ ထို့ကြောင့် သင့်အား ကိုယ်၏ ဆိတ်ငြိမ်မှု'ကာယဝိဝေက'ဖြင့် အဘယ်သို့ ပြုလတ္တံ့နည်း၊ ကာမဂုဏ်၌ မွေ့လျော်မှုံးထူးခြင်းတို့ကို ခံစားဦးလော့၊ နောင်တတဖန် ပူပန်မှု မဖြစ်ပါစေလင့်(ဟု မာရ်နတ်က ဆို၏)။

၅၈။ မာရ်နတ် ကာမဂုဏ်တို့သည် ဓားလှံ့ သံတက်ကျင်နှင့် တူကုန်၏၊ ဉပါဒါနက္ခန္ဓာ ငါးပါးတို့သည် ထိုကာမဂုဏ်တို့၏ ခုတ်စဉ်းဖြတ်ပိုင်းရာ စဉ်းတီတုံးနှင့် တူကုန်၏၊ အကြင် ကာမဂုဏ်၌ မွေ့လျော်ခြင်းကို သင်ပြောဆို၏၊ ထိုကာမဂုဏ်၌ မွေ့လျော်မှုမျိုးသည် ယခု အခါ ငါ့အား မွေ့လျော်နှစ်ခြိုက်ဖွယ် မဟုတ်တော့ပြီ။

၅၉။ ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှု တဏှာကို ပယ်ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာ အဝိဇ္ဇာကို ပယ် သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူဖြစ်ခဲ့ပြီ။

ဤသို့လျှင် သေလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၈-သောမာထေရီဂါထာ

၆၀။ သောမာ အကြင်အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အရပ်သို့ ဘုရားအစရှိသော ပညာရှိ ဣသိတို့သည် ရောက်အပ်၏၊ သူတပါးတို့သည် ဖြစ်စေနိုင်ခဲ၏၊ ထိုအရဟတ္တဖိုလ် နိဗ္ဗာန်တည်းဟူသော အရပ်ကို လက်နှစ်လုံးမျှပညာရှိသော သင်ကဲ့သို့သော မိန်းမသည် ရောက်ခြင်းငှါ မတတ်ကောင်း(ဟု မာရ်နတ်က ဆို၏)။

http://www.dhammadownload.com



၆၁။ မာရ်ယုတ် သစ္စာလေးပါးတရားကို ကောင်းစွာ ရှုမြင်နိုင်သူအား စိတ်သည် ကောင်းစွာ တည်ကြည်၍ အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ် နိုင်သည်ရှိသော် မိန်းမ အဖြစ်သည် ငါတို့အား အဘယ်သို့သော တားမြစ်ခြင်းကို ပြုနိုင်ရာသနည်း။

၆၂။ ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှု တဏှာကို ပယ်ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာ အဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူ ဖြစ်ခဲ့ပြီ။

ဤသို့လျှင် သောမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## တိကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၄-စတုက္ကနိပါတ်

## ၁-ဘဒ္ဒါကာပိလာနီထေရီဂါထာ

၆၃။ မြတ်စွာဘုရား၏သားတော်ဖြစ်၍ တရားအမွေကို ခံထိုက်သော ကောင်းစွာ တည်ကြည်သောစိတ်ရှိသော မဟာကဿပထေရ်သည် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို သိတော်မူပြီ၊ နတ်ပြည် ဗြဟ္မာ့ပြည်၌ဖြစ်ခြင်း အပါယ်ဘုံ၌ဖြစ်ခြင်းကိုလည်း (ဒိဗ္ဗစက္ခုဖြင့်) မြင်တော်မူပြီ။

၆၄။ ထိုမှတပါး ဇာတိ၏ကုန်ကြောင်းဖြစသော အရဟတ္တဖိုလ်သို့ ရောက်ပြီ၊ ထူးသော ဉာဏ်ဖြင့် သိ၍ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီ၊ အာသဝက္ခယဉာဏ်ဟူသော အထွတ် အထိပ်သို့ ရောက်ပြီ၊ ဤသို့ သုံးပါးသော ဝိဇ္ဇာတို့ဖြင့် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံ၍ မကောင်း မှုကို အပပြုပြီးသော ရဟန္တာ ဗြာဟ္မဏအစစ် ဖြစ်တော်မူပေ၏။

၆၅။ ထိုမဟာကဿပထေရ်အတူသာလျှင် ဘဒ္ဒါကာပိလာနီသည်လည်း ဝိဇ္ဇာသုံးပါး နှင့် ပြည့်စုံ၏၊ သေခြင်း၏အကြောင်းကို စွန့်ပယ်ပြီး ဖြစ်၏၊ စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေသမာရ်ကို အောင်ပြီး၍ အဆုံးစွန်ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။

၆၆။ လောက၌ (အိမ်ထောင်သားမွေးခြင်း၏) အပြစ်ကိုမြင်၍ ငါတို့နှစ်ယောက်လုံး အာသဝေါကုန်ပြီးသူတို့ ဖြစ်ကြကုန်၏၊ (ကိုယ်စိတ်နှစ်ပါးကို) ယဉ်ကျေးအောင် ဆုံးမထား ပြီး ဖြစ်ကုန်၏၊ ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ကြရလေ ကုန်ပြီ။

ဤသို့လျှင် ဘဒ္ဒါကာပိလာနီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## စတုက္ကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၅-ပဉ္စကနိပါတ်

## ၁-အညတရထေရီဂါထာ

၆၇။ ငါသည် ရဟန်းဖြစ်သည်မှစ၍ နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး လက်ဖျစ်တတွက် လောက်ကာလမျှလည်း စိတ်၏ ငြိမ်သက် တည်ကြည်မှုကို မရခဲ့စဘူး။

၆၈။ ငါသည် စိတ်၏ငြိမ်သက်ခြင်းကိုမရပဲ ကာမရာဂတည်းဟူသော မိုးရေဖြင့် စိုစွတ်သည်ဖြစ်၍ လက်မောင်းနှစ်ဖက်တို့ကို မြှောက်ချီကာ ငိုကြွေးလျက်သာ ကျောင်းတွင်းသို့ ဝင်ခဲ့ပါ၏။

၆၉။ အကြင်(ဓမ္မဒိန္နာ)ဘိက္ခုနီမသည် ငါယုံကြည်အပ်သော စကားရှိ၏၊ ထိုဓမ္မဒိန္နာဘိက္ခုနီမကို ထိုငါသည် ဆည်းကပ်ပြီ၊ ထိုဓမ္မဒိန္နာသည် ခန္ဓာ အာယတန ဓာတ်တို့ကို (ပြလျက်) ငါ့အား တရားဟောခဲ့ပြီ။

၇၀။ ထိုဓမ္မဒိန္နာဘိက္ခုနီမ၏ တရားကို ကြားနာရ၍ ငါသည် သင့်လျော် လျောက်ပတ်သော အရပ်သို့ ကပ်ရောက်နေထိုင်ခဲ့ပြီ၊ ငါသည် ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိခဲ့ပြီ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ။

၇၁။ ငါသည် သူတပါးတို့၏စိတ်ကို ပိုင်းခြား၍သိသော စေတောပရိယညာဏ်ကိုရင်း ဒိဗ္ဗသောတအဘိညာဉ်ကိုရင်း သုတ်သင်အပ်ပြီ၊ ဣဒ္ဓိဝိဓအဘိညာဉ်ကိုလည်း မျက်မှောက်ပြုအပ်ပြီ၊ အာသဝေါတရားတို့၏ကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်ပြီ၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် အညတရထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၂-ဝိမလာထေရီဂါထာ

၇၂။ ငါသည် ဂုဏ်ဖြင့်ရင်း အဆင်းရူပါရုံဖြင့်ရင်း တင့်တယ်ခြင်းဖြင့်ရင်း အခြံအရံဖြင့်ရင်း မာန်ယစ်ကာ ပျိုမျစ်နုနယ်သောအဖြစ်ဖြင့်လည်း အဆင့်ဆင့် ပင့်မြှောက်သည်ဖြစ်၍ အခြား တပါးသော မိန်းမတို့အား မထီမဲ့မြင် ပြုခဲ့ပြီ။

၇၃။ ငါသည် လူမိုက်တို့သာ ချီးမွမ်းစကား ပလွှား ပြောဆိုတတ်သော မစင်အတိပြီးသော ဤခန္ဓာကိုယ်ကို အလွန် ဆန်းကြယ်စွာ တန်ဆာဆင်ပြီး၍ မုဆိုးသည် ကျောကွင်းထောင်ကာ ကျော့ကွင်းအနီး၌ ရပ်တည်သကဲ့သို့ ပြည့်တန်ဆာမတို့၏ အိမ်တံခါး၀၌ ငါ့ကိုယ်တည်းဟူသော ကျော့ကွင်းကို ထောင်၍ ရပ်တည်ခဲ့ပါ၏။

၇၄။ လျှို့ဝှက်အပ်သော အင်္ဂါကိုရင်း ထင်ရှားပြအပ်သော များစွာသော အဆင်တန်ဆာကိုရင်း ပြလျက် များစွာသော လူအပေါင်းကို (ဖြားယောင်းခြင်းငှါ) ရယ်သွမ်းသွေးလျက် အထူးထူး အပြားပြား များစွာသော မာယာကို ပြုလုပ်ခဲ့ပါ၏။

http://www.dhammadownload.com



၇၅။ ထိုငါ (ဝိမလာ) သည် သခုအခါ၌မူ (အသျှင်မဟာမောဂ္ဂလ္လာန်၏ အဆုံးအမ၌ တည်လျက် သာသနာတော်၌ ရှင်ရဟန်းပြု၍) ခေါင်းတုံးရိတ်ကာ ဒုကုဋ္ဌသင်္ကန်းကို ဝတ်ရုံလျက် ဆွမ်းခံ လှည့်လည်ပြီးလျှင် သစ်ပင်ရင်း၌ ထိုင်နေကာ ဝိတက်ကင်းသော ဒုတိယ ဈာန်လျှင် အခြေရှိသော အရဟတ္တဖိုလ်ကို ရခဲ့ပြီ။

၇၆။ ငါသည် လူ့ပြည် နတ်ပြည်၌ အကျုံးဝင်သော ယောဂအားလုံးတို့ကို မဂ်ဖြင့် အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ အာသဝေါတရား အားလုံးတို့ကို ကုန်စေကာ ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ရလေပြီ။

ဤသို့လျှင် ပြည့်တန်ဆာမဖြစ်ဘူးသော ဝိမလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၁-သီဟာထေရီဂါထာ

၇၇။ (ငါသည်) မသင့်မတင့် နှလုံးသွင်းခြင်းဖြင့် ကာမဂုဏ်တို့၌ တပ်မက်မှု (ဆန္ဒရာဂ) နှိပ်စက်အပ်သည်ဖြစ်၍ ငါ၏စိတ်သည် ငါ့အလိုသို့ မလိုက်သောကြောင့် ရှေးအခါက ပျံ့လွင့်ခဲ့ပါ၏။

၇၈။ ငါသည် (ကာမရာဂစသော)ကိလေသာတို့ နှိပ်စက်အပ်သည်ဖြစ်၍ တင့်တယ်၏ ဟူသောအမှတ် သုဘသညာသို့ အစဉ်လိုက်ကာ ကာမရာဂနှင့်ယှဉ်သော စိတ်၏အလိုသို့ အစဉ်လိုက်လျက် စိတ်၏ငြိမ်သက်တည်ကြည်မှုကို မရနိုင်တော့ပါ။

၇၉။ ငါသည် ကြုံလှီ၍ ဖြော့တော့သော အဆင်းရှိလျက် အဆင်းမလှသည်ဖြစ်၍ ခုနစ်နှစ်တို့ပတ်လုံး လှည့်လည်နေထိုင်ခဲ့ရ၏၊ ငါသည် အလွန်ဆင်းရဲသည်ဖြစ်၍ နေ့၌ရင်း ညဉ့်၌ရင်း ရဟန်းချမ်းသာကို မရစဘူးပေ။

၈၀။ ထိုသို့ ရဟန်းချမ်းသာကို မရခြင်းကြောင့် ကြိုးကိုယူပြီးလျှင် တဖန်လူထွက်ခြင်းထက် ဤတောအုပ်အတွင်း၌ ကြိုးဆွဲချ၍ သေရခြင်းကပင် ငါ့အား မြတ်သေး၏ဟု(နှလုံးသွင်းကာ) တောတွင်းသို့ ဝင်ခဲ့ပြီ။

၈၁။ ငါသည် ခိုင်မြဲသောကြိုးကွင်းကို ပြုလုပ်၍ သစ်ကိုင်း၌ ဖွဲ့ချည်ပြီးလျှင် လည်ပင်း၌ ကြိုးကွင်းကို ထည့်သွင်းလိုက်ပါ၏၊ ထိုသို့ ကြိုးကွင်းထည့်သွင်းသည့် အခြားမဲ့၌ မဂ်အစဉ်ဖြင့် ငါ၏စိတ်သည် ကိလေသာအားလုံးတို့မှ လွတ်မြောက်ခဲ့ပြီ။

ဤသို့လျှင် သီဟာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၄-သုန္ဒရီနန္ဒာထေရီဂါထာ

၈၂။ နန္ဒာ ကျင်နာနှိပ်စက်သော မစင်ကြယ်သည်ဖြစ်၍ ပုပ်သောခန္ဓာကိုယ်ကြီးကို (ပညာမျက်စိဖြင့်) ရှုစမ်းပါလော့၊ အသုဘဟု အဖန်တလဲလဲရှုခြင်းဖြင့် စိတ်ကို တခုတည်းသော အာရုံရှိအောင် ကောင်းစွာတည်ကြည်သည်ကိုပြု၍ ပွါးများလေလော့။

၈၃။ ဤအသက်ရှိသော ကိုယ်ကောင်ကဲ့သို့ ထိုအတူ ထိုသင်္ချိုင်းချသောအကောင်ပုပ်သည် မကောင်းသောအနံ့ရှိ၍ ပုပ်သောအနံ့လှိုင်၏၊ ထိုအကောင်ပုပ်ကဲ့သို့ ထို့အတူ ဤ

http://www.dhammadownload.com



ကိုယ်ကောင်သည်လည်း မကောင်းသောအနံ့ရှိ၍ ပုပ်သောအနံ့ လှိုင်သည်သာတည်း၊ ဤသို့ သဘောရှိသော ကိုယ်ကောင်ကြီးကို သူမိုက်တို့သာ အလွန်နှစ်သက်အပ်၏။

၈၄။ ထိုခန္ဓာကိုယ်ကို ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် နေ့နေ့ ညည မပျင်းမရိသည်ဖြစ်၍ ကြည့်ရှုဆင်ခြင်သည်ရှိသော် ထိုသုတမယဉာဏ်ဖြစ်ပြီးသည့်နောက် မိမိပညာဖြင့် ဖောက်ခွဲ၍ မြင်ရလတ္တံ့. (ဟု မြတ်စွာဘုရားဟောတော်မူ၏)။

၈၅။ မမေ့မလျော့သည်ဖြစ်၍ အသင့်အားဖြင့် စူးစမ်းဆင်ခြင်သော ထိုငါသည် အတွင်းအပနှင့်တကွဖြစ်သော ဤခန္ဓာကိုယ်ကို ဟုတ်တိုင်းမှန်စွာ မြင်အပ်ပြီ။

၈၆။ ထိုသို့ မြင်အပ်ပြီးသည့်နောက် ငါသည် ခန္ဓာကိုယ်၌ ငြီးငွေ့ခဲ့ပြီ၊ အဇ္ဈတ္တသန္တာန်၌ လည်း တပ်မက်မှုကင်းခဲ့ပြီ၊ ငါသည် မမေ့မလျော့ သံယောဇဉ်ကင်းကာ ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ ငြိမ်းအေးခြင်းသို့ ရောက်လေပြီ။

ဤသို့လျှင် သုန္ဒရိနန္ဒာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၅-နန္ဒုတ္တရာထေရီဂါထာ

၈၇။ ငါသည် မီးကိုဒုင်း လကိုဒုင်း နေကိုဒုင်း နတ်တို့ကိုဒုင်း ရှိခိုးခဲ့ပါ၏၊ မြစ်ဆိပ်တို့ သို့ သွား၍ ရေသို့လည်း သက်ဆင်းခဲ့ပါ၏။

၈၈။ ငါသည် (ပဥ္စာတပအကျင့်စသော) များစွာသော ဝတ်အကျင့်ကို ဆောက်တည် ၍ ဦးခေါင်း၏ထက်ဝက်သော ဆံပင်ကို ရိတ်ခဲ့ပါ၏၊ မြေ၌ အိပ်ခြင်းကို ပြုခဲ့ပါ၏၊ ငါသည် ညစာထမင်းကို မစားခဲ့ပါ။

၈၉။ (အဝတ်တန်ဆာ ပန်းနံ့သာစသည်တို့ဖြင့်) တန်ဆာဆင်မှု၌ မွေ့လျော်သည်ဖြစ်၍ ရေချိုးခြင်း ချေးပွတ်ခြင်းတို့ဖြင့်လည်း ဤခန္ဓာကိုယ်ကို ချီးမြှောက် ထောက်ပံ့ခဲ့ပါ၏၊ ဤသို့ ချီးမြှောက်ထောက်ပံ့မှု ပြုသည်ရှိသော် ကာမရာဂဖြင့် နှိပ်စက်ခံရပါ၏။

၉၀။ ထိုနောက် (အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်ထံ၌ အဆုံးအမခံသဖြင့် သာသနာ တော်၌) ယုံကြည်မှု 'သဒ္ဓါ'တရားကိုရ၍ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်း ပြုခဲ့ပါ၏။

၉၁။ (ငါသည်) ဘဝအားလုံးတို့ကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ အလိုရမ္မက်ကိုဒုင်း (ဘဝ၌) တောင့်တမှု 'ပတ္ထနာ'ကိုဒုင်း အကြွင်းမဲ့ ဖြတ်အပ်ပြီ၊ ယောဂအားလုံးတို့မှ ကင်းသည်ဖြစ်၍ စိတ်၏ငြိမ်သက်ခြင်းသို့ ရောက်ခဲ့ရပေပြီ။

ဤသို့လျှင် နန္ဒုတ္တရာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၆-မိတ္တာကာဠီထေရီဂါထာ

၉၂။ ငါသည် ယုံကြည်မှု 'သဒ္ဓါ'တရားဖြင့် အိမ်ရာထောင်သော လူ့ဘောင်မှ ထွက် ပြီးလျှင် ရဟန်းဘောင်၌ ရဟန်းပြုခဲ့၍ လာဘ်ပူဇော်သကာ၌ လုံ့လပြုလျက် ထိုထို တရားဟောခြင်းစသော လှည့်လည်ခဲ့ပါ၏။

http://www.dhammadownload.com



၉၃။ ငါသည် မြတ်သော (ချာန် ဝိပဿနာ မဂ်ဖိုလ်စသော) အကျိုးကို စွန့်ပစ်၍ ယုတ်သော (ပစ္စည်းလေးပါးတည်းဟူသော) (အာမိသ) အကျိုးကို မှီဝဲခဲ့ပြီ၊ ကိလေသာ တို့၏ အလိုနိုင်ငံသို့ လိုက်သည်ဖြစ်၍ ရဟန်းကိစ္စကို ငါမသိခဲ့။

၉၄။ ထိုငါသည် နေရာတိုက်ခန်း၌ ထိုင်နေစဉ် ထိတ်လန့်မှု 'သံဝေဂ' တရားဖြစ်ပေါ် ခဲ့၏၊ ငါသည် (ပစ္စည်း၌ တပ်မက်မှု) တဏှာ၏ အလိုနိုင်ငံသို့ လိုက်၍ သူတော်ကောင်းတို့ သွားမြဲ မဟုတ်သော ခရီးမှားသို့ သွားခဲ့၏။

၉၅။ ငါ၏ အသက်သည် နည်း၏၊ အိုခြင်း နာခြင်းသည်လည်း ငါ့ကို နှိပ်စက်နေ၏၊ ဤကိုယ်ခန္ဓာသည် မချွတ် ပျက်စီးလတ္တံ့၊ ငါ့အား မေ့လျော့ခြင်းငှါ အခါကာလမဟုတ် တော့ချေ (ဟု ထိတ်လန့်မှု 'သံဝေဂ' တရားဖြစ်ပေါ် ခဲ့၏)။

၉၆။ ငါသည် ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာ ရှုဆင်ခြင် သည်ရှိသော် ကိလေသာတို့မှ လွတ်သောစိတ်ရှိသည်ဖြစ်၍ ဘဝမှ ထမြောက်ခဲ့ပြီ၊ မြတ်စွာ ဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

ဤသို့လျှင် မိတ္တာကာဠီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၇-သကုလာထေရီဂါထာ

၉၇။ ငါသည် အိမ်ရာထောင်သော လူ့ဘောင်၌ နေထိုင်စဉ် ရဟန်း(တပါး)၏ တရား စကားကို ကြားနာရ၍ ကိလေသာမြူကင်းသော (မသေခြင်း၏) အကြောင်းဖြစ်သော စုတေရွေ့လျောမှုမရှိသော နိဗ္ဗာန်ကို မြင်တွေ့ရပြီ။

၉၈။ ထိုငါသည် သားကိုဂင်း သမီးကိုဂင်း ဥစ္စာစပါးကိုဂင်း စွန့်ပစ်၍ ဆံပင်တို့ကို ရိတ်ဖြတ်စေပြီးလျှင် အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပါ၏။

၉၉။ ငါသည် သိက္ခမာန်သာဖြစ်သေးလျက် မဂ္ဂမပဋိပဒါခရီးဖြစ်သော အထက်မဂ်ကို ဖြစ်စေသည်ရှိသော် ရာဂဒေါသကိုဂင်း ထိုရာဂဒေါသနှင့်တူသော တည်ရာရှိသော အာသ ဝေါတရားတို့ကိုဂင်း ပယ်စွန့်နိုင်ခဲ့ပြီ။

၁၀၀။ ငါသည် အသက်ပြည့်သောအခါ ပဉ္စင်းခံ၍ ဘိက္ခုနီမဖြစ်လတ်သော် ရှေး ဘဝကို အောက်မေ့နိုင်ခဲ့ပြီ၊ ကောင်းစွာပွါးများအပ်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကို အညစ် အကြေးကင်းစင်အောင် သုတ်သင်အပ်ပြီ။

၁၀၁။ အကြောင်းပစ္စည်းကြောင့် ဖြစ်ကုန်သော ပျက်စီးတတ်သည့် သဘောရှိကုန် သော တေဘူမကသင်္ခါရတရားတို့ကို သူစိမ်းပြင်ပအားဖြင့် ရှုမြင်၍ အာသဝေါတရား အားလုံးတို့ကို ပယ်ခဲ့ပြီ၊ ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ ငြိမ်းအေးခြင်းသို့ ရောက်ခဲ့ပြီ။

ဤသို့လျှင် သကုလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၈-သောဏထေရဂါထာ

၁၀၂။ ငါသည် ဤရှုပကာယဟု ဆိုအပ်သော ခန္ဓာကိုယ်၌ တည်၍ ထကျိပ်သော သားသမီးတို့ကို ဖွားမြင်ခဲ့ပြီးသော် ထိုသို့ဖွားမြင်ရသောကြောင့် ခွန်အားနည်းပါး အိုမင်းသည်ဖြစ်၍ ဘိက္ခုနီမ (တဦး) ထံသို့ ချဉ်းကပ်ခဲ့ပါ၏။

၁၀၃။ ထိုဘိက္ခုနီမသည် ခန္ဓာ အာယတန ဓာတ်တို့ကို ပြလျက် ငါ့အား တရားဟော၏၊ ငါသည် ထိုဘိက္ခုနီမ၏ တရားကို ကြားနာရ၍ ဆံပင်တို့ကို ရိတ်ဖြတ်ကာ ရဟန်းပြုခဲ့ပါ၏။

၁၀၄။ ထိုငါသည် သိက္ခမာန်သာ ဖြစ်သေးလျက် ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ ငါသည် အကြင်ဘုံဘဝ၌ ရှေးကနေခဲ့ဘူးပြီ၊ ထိုသို့သဘောရှိသော ရှေးကနေဘူးသော ခန္ဓာအစဉ်ကို သိပြီ။

၁၀၅။ တခုတည်းသော အာရုံရှိသည် ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ အကြောင်းနိမိတ်ကင်းမှု အနိမိတ္တာနုပဿနာကိုလည်း ပွါးများ၏၊ ငါသည် အရဟတ္တမဂ်၏ အခြားမဲ့၌ဖြစ်သော (အရဟတ္တဖိုလ်) ဝိမောက္ခရှိသူ ဖြစ်ခဲ့ပြီ၊ တစုံတခုသော အာရုံကို စွဲလမ်း၍ မယူပဲ ကိလေသာငြိမ်းအေးပြီ။

၁၀၆။ ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ကုန်ပြီ၊ ထိုခန္ဓာငါးပါးတို့သည် အဝိဇ္ဇာတဏှာတည်းဟူသော အမြစ်ပြတ်ကုန်သည်ဖြစ်၍ တည်ကုန်၏၊ ဟယ် ယုတ်မာလှစွာသော ဇရာ သင်၏ဖြစ်ပုံကား စက်ဆုပ်ဖွယ်ကောင်းလေစွ့တကား၊ ငါ့အား ယခုအခါ နောက်တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

ဤသို့လျှင် သောဏာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၉-ဘဒ္ဒါကုဏ္ဍလကေသာထေရီဂါထာ

၁၀၇။ ငါသည် ရှေးအခါက (ထန်းစေ့မှုတ်ခွံဖြင့်) ဆံပင်တို့ကို နုတ်ပယ်လျက် (တံပူမသုံးသဖြင့်) သွားချေးကပ်သော သွားရှိသည်ဖြစ်၍ အဝတ်တထည်တည်းသာ ဝတ်ရုံပြီးလျှင် (တက္ကတွန်းပြုကာ ရေချိုးခြင်းစသော) အပြစ်မရှိသော အမှု၌ အပြစ်ရှိ၏ဟု (မာနထောင်လွှားခြင်းစသော) အပြစ်ရှိသောအမှု၌ကား အပြစ်မရှိဟု အယူရှိလျက် လှည့်လည်ခဲ့ပါ၏။

၁၀၈။ ထိုအခါ၌ ငါသည် နေ့သန့်စင်ခြင်းငှါ ကျောင်းမှ ထွက်ခဲ့သော် ဂိဇ္ဈကုဋ်တောင်ပေါ်၌ ရဟန်းအပေါင်းခြံရံအပ်သော ကိလေသာမှုကင်းသော မြတ်စွာဘုရားကို ဖူးမြင်ရပါ၏။

၁၀၉။ ငါသည် ဒူးနှစ်ဖက်ကို ထောက်၍ ရှိခိုးပြီးလျှင် မျက်မှောက်တော်၌ လက်အုပ်ချီခြင်းကို ပြုပြီ၊ (မြတ်စွာဘုရားသည်) ဘဒ္ဒါ လာလှည့်ဟု ငါ့ကို မိန့်တော်မူ၏၊ ထိုသို့မိန့်တော်မူခြင်းသည် ငါ့အား ပဥ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏။

၁၁၀။ ရှေးအခါ ကိလေသာ ကြွေးမြီနှင့်တကွ ပြည်သူတို့၏ ဆွမ်းကို စားခဲ့သော ငါသည် အင်္ဂအင်္ဂတိုင်း မဂဓတိုင်း ဝဇ္ဇီတိုင်း ကာသိတိုင်း ကောသလတိုင်းကြီးတို့ကို

http://www.dhammadownload.com



လှည့်လည်သွားလာခဲ့ဘူးလေပြီ၊ (ထိုတိုင်းတို့၌ပင် ယခုအခါ) ကိလေသာ ကြေးမြီကင်း သည်ဖြစ်၍ အနှစ်ငါးဆယ်တို့ပတ်လုံး ပြည်သူတို့၏ ဆွမ်းကို ငါစားခဲ့၏။

၁၁၁။ အကြင် ဥပါသကာသည် အလုံးစုံသော ဂန္ထလေးပါးတို့မှ လွတ်သော ဘဒ္ဒါ ထေရီမအား ဆက်နိုးကို ပေးလှူဘူး၏၊ ဤဥပါသကာသည် ပညာရှိပေစွတကား၊ များ စွာသော ကောင်းမှုကိုလည်း ပွါးများစေဘိ၏တကား။

ဤသို့လျှင် ဘဒ္ဒါကုဏ္ဍလကေသာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၁၀-ပဋာစာရီထေရီဂါထာ

၁၁၂။ လူတို့သည် ထွန်တုံးတို့ဖြင့် သယ်ထွန်ကြကုန်သည်ဖြစ်၍ မျိုးစေ့တို့ကို မြေ၌ စိုက်ပျိုးကြကာ သားမယားတို့ကို မွေးမြူကြကုန်လျက် ဥစ္စာစပါးကို ရကြကုန်ဘိသေး၏။

၁၁၃။ ငါသည်ကား သီလနှင့် ပြည့်စုံသူ မပျင်းမရိသူ မပျံ့လွင့်သူဖြစ်၍ မြတ်စွာ ဘုရားအဆုံးအမကို လိုက်နာပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်ကို မရပဲ ရှိအံ့နည်း (ရမည် သာတည်း)။

၁၁၄။ ငါသည် (ဤသို့ကြံစည်၍) ခြေတို့ကို ဆေးသော် မြင့်ရာအရပ်မှ နိမ့်ရာအရပ်သို့ စီးဆင်းသော ခြေဆေးရေကိုလည်း မြင်ရ၍ ခြေဆေးရေတို့၌ (ဝိပဿနာပွါးခြင်း အမှတ် နိမိတ်ကို)ပြု၏။

၁၁၅။ ထိုနောက် လိမ်မာသော ရထားထိန်းသည် အာဇာနည်မြင်းကောင်းကို ဆုံးမ သကဲ့သို့ ငါသည် စိတ်ကို ဝိပဿနာသမာဓိဖြင့် ကောင်းစွာ တည်စေပြီးနောက် ငါသည် ဆီမီးကိုယူ၍ ကျောင်းတွင်းသို့ ဝင်ပြီးလျှင် အိပ်ရာနေရာကို (ဆီမီးရောင်ဖြင့်) ကြည့်၍ ညောင်စောင်းယဉ်၌ (ထိုင်နေအံ့သောငှါ) အနီးသို့ ကပ်၏။

၁၁၆။ ထိုနောင် ငါသည် အပ်သံချွန်ကို ယူ၍ ဆီမီးစာကို ဆွဲချ၏၊ ဆီမီး၏ ငြိမ်း ခြင်းကဲ့သို့ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းသည် ဖြစ်၏။

ဤသို့လျှင် ပဋာစာရီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၁၁-တိံသမတ္တာထေရီဂါထာ

၁၁၇။ လူတို့သည် (အသက်မွေးခြင်းဟူသော အကြောင်းကြောင့်) ကျည်ပွေ့တို့ကို စွဲကိုင်လျက် စပါးကို ထောင်းကြကုန်၏၊ လူတို့သည် သားမယားတို့ကို မွေးမြူကုန်လျက် ဥစ္စာစပါးကို ရကြဘိသေး၏။

၁၁၈။ အကြင် မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာ ပြုကျင့်သောကြောင့် နောင်တတဖန် မပူပန်ရ၊ ထိုမြတ်စွာဘုရား အဆုံးအမတောဂကု သင်တို့ လိုက်နာပြုကျင့်ကြ ကုန်လော့၊ လျှင်မြန်စွာ ခြေတို့ကို ဆေး၍ သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေကြ ကုန်လော့၊ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို အားထုတ်ကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ကြကုန်လော့(ဟု ပဋာစာရာထေရီသည် သုံးကျိပ်သော ဘိက္ခုနီမတို့အား ဆုံးမ၏)။

http://www.dhammadownload.com


၁၁၉။ ထိုသုံးကျိပ်သော ဘိက္ခုနီမတို့သည် ထိုပဋာစာရာထေရီ၏စကားကို ကြားနာကြရကုန်၍ ခြေတို့ကို ဆေးကြပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ နေကြကုန်လျက် စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို အားထုတ်ကန်သည်ဖြစ်၍ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ကြကုန်၏။

၁၂၀။ (မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ကြကုန်သောကြောင့်) ညဥ့်ဦးယံ၌ ရှေးဘဝကို အောက်မေ့နိုင်ကုန်၏၊ ညဥ့်သန်ခေါင်ယံ၌ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်နိုင်ကြကုန်၏၊ ညဥ့်မိုးသောက်ယံ၌ မောဟအစု အမိုက်ထုကို ဖောက်ခွဲနိုင်ကြကုန်၏။

၁၂၁။ (ထိုသုံးကျိပ်သော ဘိက္ခုနီမတို့သည်) နေရာမှ ထကြကုန်၍ (မြတ်သော ထေရီမ) သင်၏ အဆုံးအမကို လိုက်နာပြုကျင့်အပ်ပါကုန်ပြီ (ဟု ဆိုကုန်၍) ပဋာစာရာထေရီမ၏ ခြေတို့ကို ရှိခိုးကြကုန်၏၊ စစ်မြေပြင်၌ အသူရာတို့ မအောင်နိုင်သော သိကြားမင်းကို ခြံရံ၍ နေကြကုန်သော ဘာဝတိံသာနတ်တို့ကဲ့သို့ အကျွန်ုပ်တို့သည် သင့်ကို ခြံရံ၍ နေကြပါကုန်အံ့၊ အကျွန်ုပ်တို့သည် အရှင်မပဋာစာရာကြောင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကြရကုန်သည်ဖြစ်၍ အာသဝေါကင်းကြရပါကုန်၏။

ဤသို့လျှင် သုံးကျိပ်ကုန်သော ဘိက္ခုနီထေရီမတို့သည် ပဋာစာရာ၏ အထံ၌ အရဟတ္တဖိုလ်ကို ပြောကြားကြကုန်၏။

## ၁၂-စန္ဒာထေရီဂါထာ

၁၂၂။ ငါသည် ရဟန်းမပြုမီ ရှေးလူဖြစ်စဉ်အခါက သူဆင်းရဲမ ဖြစ်ခဲ့ပါ၏၊ မုဆိုးမလည်း ဖြစ်ခဲ့ပါ၏၊ သားသမီးလည်း မရှိပါ၊ အဆွေခင်ပွန်း ဆွေမျိုးဉာတိ ကင်းသည်ဖြစ်၍ အစားအဝတ်ကို (ပြည့်စုံလုံလောက်အောင်) မရခဲ့ပါ။

၁၂၃။ ငါသည် ခွက်ကိုင်၊ တောင်ဝှေးကိုင်၊ လက်စွဲ၍ တအိမ်မှ တအိမ်သို့ (လှည့်လည်) တောင်းစားရသည့်ပြင် အချမ်းအပူဖြင့်လည်း နှိပ်စက်ခံကာ ခုနစ်နှစ်တို့ပတ်လုံး လှည့်လည်ခဲ့ရပါ၏။

၁၂၄။ ခုနစ်နှစ်လွန်ပြီးနောက် ထမင်းအဖျော်ကို ရသော (ပဋာစာရာ) ဘိက္ခုနီမကို မြင်ရ၍ ချဉ်းကပ်ပြီးလျှင် အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်းအဖြစ်ကို ပန်ကြားလျှောက်ထား၏။

၁၂၅။ ပဋာစာရာမည်သော ထိုဘိက္ခုနီမသည် ငါ့ကိုအစဉ်သနားသဖြင့် ရဟန်းပြုပေး၏၊ ထိုနောက် ငါ့ကို ဆိုဆုံးမ၍ မြတ်သော အကျိုးဖြစ်သော ပဋိပတ်၌ တိုက်တွန်းနှိုးဆော်၏။

၁၂၆။ ငါသည် ထိုပဋာစာရာဘိက္ခုနီမ၏ ဆုံးမစကားကို ကြားနာရ၍ ဆုံးမသော အတိုင်း လိုက်နာပြုကျင့်ပြီ၊ အရှင်မပဋာစာရာ၏ အဆုံးအမသည် အချည်းနှီး မဟုတ်ပါ၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍ အာသဝေါကင်းသူ ဖြစ်ရပါ၏။

ဤသို့လျှင် စန္ဒာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ပဉ္စကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၆-ဆက္ကနိပါတ်

## ၁-ပဥ္စသတမတ္တာထေရီဂါထာ

၁၂၇။ ဤဘဝသို့လာသော အကြင်သတ္တဝါ၏ လာရာခရီးကိုငှင်း ဤဘဝမှသွားသော အကြင်သတ္တဝါ၏ သွားရာခရီးကိုငှင်း သင်မသိနိုင်ချေ၊ (ယင်းသို့ဖြစ်ပါလျက်) တစုံတခု သောအရပ်မှလာသော ထိုသတ္တဝါကို ငါ့သားဟူ၍ အဘယ့်ကြောင့် ငိုကြွေးရဘိသနည်း။

၁၂၈။ ဤဘဝသို့လာသော ထိုသတ္တဝါ၏ လာရာခရီးကိုငှင်း ဤဘဝမှ သွားသော ထိုသတ္တဝါ၏ သွားရာခရီးကိုငှင်း သင်သည် အကယ်၍ သိသည်ဖြစ်စေဦးတော့၊ ဤသို့ပင် သိသော်လည်း သတ္တဝါတို့သည် ဤသို့ သေခြင်းပျက်ခြင်းသဘောရှိကုန်သည်သာ ဖြစ် သောကြောင့် ထိုသေပြီးသောသားကို သင်မစိုးရိမ်ပါလေလင့်။

၁၂၉။ ထိုသေပြီးသော သင့်သားသည် ထိုတမလွန်ဘဝမှ လာပါလည့်ဟု သင့်မ တောင်းပန်ရပဲ ဤဘဝသို့ ရောက်လာ၏၊ သွားပါလေတော့ဟု သင်ခွင့်မပြုပဲ ဤပစ္စုပ္ပန် ဘဝမှ တမလွန်ဘဝသို့ သွားရ၏၊ တစုံတခုသောဘဝမှ (ပဋိသန္ဓေနေသောအားဖြင့်) လာ၍ တရက်နှစ်ရက်နေပြီးလျှင် ဤဘဝမှလည်း တပါးသောဘဝသို့ သွားသည်မဟုတ် လော၊ ထိုတပါးသောဘဝမှလည်း တပါးသောဘဝသို့ သွားရဦးမည်မဟုတ်လော။

၁၃၀။ (ထိုထိုဘဝ၌ ဖြစ်ပြီး၍ ယင်းဘဝမှ) ကင်းသော သင်၏သားသည် (လူ၏ အသွင် အပြင်စသည်ဖြင့် ထိုထိုဘဝ၌ ဖြစ်သည်၏ အစွမ်းဖြင့်) ကျင်လည်ရသည်ဖြစ်၍ (ထိုထိုဘဝသို့) သွားရလတ္တံ့၊ (သင်၏သားသည်) မသိရသောဘဝမှ မခေါ်ရပဲ ဤဘဝသို့ လာသကဲ့သို့ ထို့အတူ (ခွင့်မပြုပဲ) မသိရသောဘဝသို့ သွား၏၊ ထိုသို့ လာလိုက လာ၍ သွားလိုက သွားသော သင့်သားအပေါ်၌ ငိုကြွေးခြင်းသည် အဘယ်အကျိုးရှိအံ့နည်း။

၁၃၁။ မြင်နိုင်ခဲသော နှလုံး၌မှီသော ငါ၏သောကတည်းဟူသော ငြောင့်ကို ပယ်နုတ် နိုင်လေပြီတကား၊ စိုးရိမ်မှု 'သောက'ဖြင့် အနှိပ်စက်ခံနေရသော ငါ၏သားကို စွဲ၍ ဖြစ် သော စိုးရိမ်မှု 'သောက'ကို ပယ်နုတ်နိုင်ပေစွာ့တကား။

၁၃၂။ ထိုငါသည် ယခုအခါ သောကတည်းဟူသော ငြောင့်ကို ပယ်နုတ်ပြီးသည့်ပြင် တဏှာတည်းဟူသော မွတ်သိပ်ခြင်းကင်းကာ ကိလေသာငြိမ်းအေးသည်ဖြစ်၍ တရားအား လုံးတို့ကို သိတော်မူတတ်သော မြတ်စွာဘုရားကိုငှင်း တရားတော်ကိုငှင်း အရိယာသံဃာ တော်ကိုငှင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်နေရပါသတည်း။

ဤသို့လျှင် ငါးရာသော ထေရီတို့သည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၂-ဝါသေဋ္ဌီထေရီဂါထာ

၁၃၃။ ငါသည် သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပျံ့လွင့်သော စိတ်ရှိသူ မိန်းမောတွေဝေသူ အရူးမဖြစ်ခဲ့ပါ၍ အဝတ်မပါ ဗလာကိုယ်တည်း ဖရိုဖရဲ ဖြန့်ကြဲသော ဆံပင်ရှိလျက် ထိုထိုရွာနိဂုံးသို့ လှည့်လည်ခဲ့ပါ၏။

http://www.dhammadownload.com



၁၃၄။ တံမြက်ချေးစု အမှိုက်ပုံတို့၌၎င်း သုသာန်သင်းချိုင်း၌၎င်း ခရီးမတို့၌၎င်း ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သုံးနှစ်တို့တိုင်တိုင် လှည့်လည်နေခဲ့ရပါ၏။

၁၃၅။ ထို့နောက် ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော မယဉ်ကျေးသေးသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မည်သည့်အရပ်ကမှ ဘေးရှိတော်မမူသော မြတ်စွာဘုရားကို မိတ္ထိလာပြည်သို့ ရှေးရှုကြွသွားတော်မူသည်ကို ဖူးမြင်ရပါ၏။

၁၃၆။ ထိုအခါ ငါသည် (ဘုရား၏အာနုဘော်ဖြင့် ရူးသွပ်ခြင်းပျောက်ကာ) ပကတိမိမိစိတ်ကိုရ၍ ရှိခိုးပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ခဲ့ပါ၏၊ ဂေါတမအနွယ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ငါ့အား အစဉ်သနားသဖြင့် တရားဟောတော်မူပါ၏။

၁၃၇။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာမှတ်သား၍ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပြီ၊ မြတ်စွာဘုရား သာသနာတော်၌ အားထုတ်သည်ဖြစ်၍ ဘေးဥပဒ်မရှိ၊ အေးငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီ။

၁၃၈။ ငါသည် စိုးရိမ်မှု အားလုံးတို့ကို အကြွင်းမဲ့ ဖြတ်အပ်ကုန်ပြီ၊ ပယ်အပ်ကုန်ပြီ၊ အကြင် ဥပါဒါနက္ခန္ဓာငါးပါး အကြောင်းတရားတို့ကြောင့် စိုးရိမ်မှုသောကတို့ ဖြစ်ပေါ်လာရ၏၊ ထိုစိုးရိမ်မှုသောကတို့၏ တည်ရာအကြောင်းတရား ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို (ပရိညာသုံးပါးတို့ဖြင့်) ပိုင်းခြား၍ သိအပ်ကုန်ပြီးဖြစ်ရကား စိုးရိမ်မှုသောကအားလုံးတို့သည် ယခုငါ့ရအပ်သော အရဟတ္တဖိုလ်လျှင် အဆုံးအပိုင်းအခြားရှိကုန်၏။

ဤသို့လျှင် ဝါသေဋ္ဌီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၃-ခေမာထေရီဂါထာ

၁၃၉။ ခေမာထေရီမ သင်သည် ငယ်ရွယ်နုနယ်၍ အဆင်းလှပေ၏၊ ငါသည်လည်း ငယ်ရွယ်နုနယ်၍ လုလင်ပျိုဖြစ်ပါ၏၊ လာပါလည့်၊ (ငါတို့သည်) အင်္ဂါငါးပါးရှိသော တူရိယာမျိုးဖြင့်(တီးမှုတ်ကာ)မွေ့လျော်ပျော်ပါး နေကြပါကုန်စို့(ဟု မာရ်နတ်က ဆို၏)။

၁၄၀။ မာရ်ယုတ် (ငါသည်) ကာမတဏှာကို (မဂ်ဖြင့်) ပယ်နုတ်ဖျက်ဆီးအပ်ပြီးဖြစ်၍သောကြောင့် ကျင်နာနှိပ်စက်၍ ပျက်စီးတတ်သော သဘောရှိသော ဤအပုပ်ကောင်ဖြင့် ငြီးငွေ့လှပါ၏၊ စက်ဆုပ်လှပါ၏။

၁၄၁။ ကာမဂုဏ်တို့သည် ဓားလှံ သံတံကျင်နှင့်တူကုန်၏၊ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ထိုကာမဂုဏ်တို့၏ ခုတ်စဉ်းဖြတ်ပိုင်းရာ စဉ်းတီကုံးနှင့်တူကုန်၏၊ အကြင်ကာမဂုဏ်၌မွေ့လျော်ခြင်းကို သင်ပြောဆို၏၊ ထိုကာမဂုဏ်၌ မွေ့လျော်မှုမျိုးသည် ယခုအခါ ငါ့အား မွေ့လျော်နှစ်ခြိုက်ဖွယ် မဟုတ်တော့ပြီ။

၁၄၂။ ငါသည် ခပ်သိမ်းသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ပယ်ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တံဏှာအဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူဖြစ်ခဲ့ပြီ။

http://www.dhammadownload.com



၁၄၃။ လူမိုက်တို့သည် ဟုတ်တိုင်းမှန်စွာ မသိကြကုန်သောကြောင့် ငြိုယ်နကွတ်တို့ကို ရှိခိုးကြကုန်လျက် တော၌ မီးကို လုပ်ကျွေးကြကုန်သည်ရှိသော် ကိလေသာမှ စင်ကြယ်၏ ဟု အောက်မေ့မှတ်ထင်ကြကုန်၏။

၁၄၄။ ငါသည်ကား ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးလျက် မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်သည်ဖြစ်၍ ဆင်းရဲအားလုံးတို့မှ လွတ်မြောက်ခဲ့လေပြီ။

ဤသို့လျှင် ခေမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၄-သုဇာတာထေရီဂါထာ

၁၄၅-၆။ အဝတ်တန်ဆာ ကောင်းစွာဝတ်ဆင်ကာ ပန်းတို့ကို ပန်ဆင်လျက် စန္ဒကူးနံ့သာဖြင့် လိမ်းကျံပြီးလျှင် အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် (တန်ဆာဆင်သည်၏ အစွမ်းဖြင့်) ဖုံးလွှမ်းအပ်သော ကိုယ်ရှိသည်ဖြစ်၍ အတင့်အတယ်ပြုထားသော ငါသည် ကျွန်မအပေါင်းခြံရံလျက် များသော ထမင်းအဖျော်ခဲဘွယ်ဘောဇဉ်ကို ယူ၍ နေအိမ်မှ ထွက်ကာ ဥယျာဉ်သို့ ရွှေ့ရှုဆောင်ခဲ့၏။

၁၄၇။ ထိုဥယျာဉ်၌ မွေ့လျော်ပျော်ပါး ကစားမြူးတူးပြီး၍မိမိနေအိမ်သို့ပြန်လာသည် ရှိသော် သာကေတမြို့အနီး မျက်စဉ်းတော၌ (တည်ရှိသော) ကျောင်းတော်ကို ကြည့်ရှု ခြင်းငှါ ဝင်ခဲ့ပါ၏။

၁၄၈။ (ထိုကျောင်းတော်၌) လောက၏ ဆီမီးတန်ဆောင်သဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရသော် ရှိခိုး၍ ချဉ်းကပ်ခဲ့ပါ၏၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားသည် ငါ့အား သနားတော်မူသဖြင့် တရားဟောတော်မူ၏။

၁၄၉။ ငါသည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သစ္စာလေးပါးကို ထိုးထွင်း သိပြီ၊ ထိုကျောင်း၌ပင်လျှင် ကိလေသာမြူကင်း၍ သေခြင်းကင်းသော အမြိုက် နိဗ္ဗာန်ကို ရပြီ။

၁၅၀။ ထိုနောက် (ငါသည်) သူတော်ကောင်းတရားကို သိအပ်ပြီးဖြစ်၍ အိမ်ရာ မထောင် ရဟန်းဘောင်၌ ရဟန်းပြုပြီ၊ (ငါသည်) ဝိဇ္ဇာသုံးပါးတို့သို့ ရောက်အပ်ကုန်ပြီ၊ မြတ်စွာဘုရား အဆုံးအမတော်သည် အချည်းနှီးမဖြစ်ပါ။

ဤသို့လျှင် သုဇာတာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၅-အနောပမာထေရီဂါထာ

၁၅၁။ ငါသည် များသောအသုံးအဆောင်ရှိသော များသောဥစ္စာရှိသော မြင့်မြတ်သော အမျိုး၌ဖြစ်ရ၍ ကိုယ်ရေအဆင်း လှပတင့်တယ်ခြင်းနှင့်ပြည့်စုံကာ မဇ္ဈမည်သော သူဌေး၏ ရင်၌ ဖြစ်သော သမီးပါတည်း။

၁၅၂။ ငါသည် မင်းသားတို့ လိုချင်တောင့်တအပ်သူ သူဌေးသားတို့ကလည်း တပ်မက်မောအပ်သူဖြစ်သောကြောင့် (ထိုမင်းသား သူဌေးသားတို့သည်) အကျွန်ုပ်အား အနောပမာမည်သောသမီးကို ပေးပါလော့ဟု ငါ၏ ဘခင်ထံသို့ တမန် စေလွှတ်ကြကုန်၏။

http://www.dhammadownload.com



၁၅၃။ အရှင်သူဌေး အရှင်သူဌေး၏ အနောပမာမည်သော သမီးကို အကြင်မျှလောက် အဘိုးထိုက်တန်၏ဟု (ရုပ်လက္ခဏာသိသူတို့က) ပိုင်းခြားအပ်၏၊ ထိုထိုက်တန်သော အဘိုးထက် ရှစ်ဆတက်၍ ရွှေငွေကိုငှင်း ရတနာတို့ကိုငှင်း ပေးပါအံ့(ဟု ငါ၏ ဘခင်ထံ တမန် စေလွှတ်ကြကုန်၏)

၁၅၄။ ထိုငါသည် လူသုံးပါးတို့၏ အကြီးအမှူးဖြစ်တော်မူသော အတုမရှိသော မြတ်စွာဘုရားကို ဖူးမြင်ရသော် ထိုမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌နေ၏။

၁၅၅။ ဂေါတမနွယ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် အစဉ်သနားတော်မူပါသဖြင့် ငါ့အား တရားဟောတော်မူပါ၏၊ (ငါသည်) ထိုနေရာ၌ ထိုင်နေလျက်ပင် တတိယမြောက် (အနာဂါမိ)ဖိုလ်ကို ရရှိပါ၏။

၁၅၆။ ထို့နောက် ဆံပင်တို့ကို ရိတ်ဖြတ်၍ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၏၊ ငါသည် (ကမ္မဋ္ဌာန်းအားထုတ်နေစဉ်) ယနေ့ ညဥ့်သည် ခုနစ်ရက်မြောက်ခဲ့လေပြီ၊ ယင်းခုနစ်ရက်မြောက်နေ့၌ပင် အရဟတ္တမဂ်ဖြင့် တဏှာကို ခန်းခြောက်စေခဲ့ပြီ။

ဤသို့လျှင် အနောပမာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

### ၆-မဟာပဇာပတိဂေါတမီထေရီဂါထာ

၁၅၇။ ကြီးမြတ်သော လုံ့လရှိတော်မူသော (သီလစသောဂုဏ်တို့ကြောင့်) အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူသောမြတ်စွာဘုရား အကြင်အရှင်ဘုရားသည် အကျွန်ုပ်ကိုငှင်း အကျွန်ုပ်မှတပါးသော များစွာသော လူအပေါင်းကိုငှင်း ဆင်းရဲမှ လွတ်စေတော်မူပါ၏၊ ထိုအရှင်ဘုရားအား ရှိခိုးခြင်းဖြစ်ပါစေသတည်း။

၁၅၈။ အကျွန်ုပ်သည် အလုံးစုံသော ဒုက္ခသစ္စာကို ပိုင်းခြား၍ သိအပ်ပါပြီ၊ ဒုက္ခ၏ အကြောင်းဖြစ်သော တဏှာဟုဆိုအပ်သော သမုဒယသစ္စာကို ခြောက်ကပ်စေအပ်ပါပြီ၊ အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာကိုလည်း ပွါးစေအပ်ပါပြီ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုလည်း မျက်မှောက် ပြုအပ်ပါပြီ။

၁၅၉။ အကျွန်ုပ်သည် (ဖြစ်ခြင်း၏ အကြောင်းစသည်ကို)ဟုတ်တိုင်းမှန်စွာမသိသောကြောင့် (သံသရာဟူသောသမုဒ္ဒရာ၌) ထောက်ရာတည်ရာကို မရသည်ဖြစ်၍ အဖန်တလဲလဲ ဖြစ်သည်၏အစွမ်းဖြင့် ကျင်လည်ခဲ့ရလေပြီ၊ (ယခုဘဝ၌) အမိဖြစ်၍ (တပါးသော ဘဝ၌ ထိုအမိ၏) သားဖြစ်ခဲ့ရ၏၊ (ထိုဘဝမှ အခြားသောဘဝ၌) အဖဖြစ်ခဲ့ရ၏၊ အစ်ကို မောင်ဖြစ်ခဲ့ရ၏၊ အဖွားဖြစ်ခဲ့ရ၏။

၁၆၀။ ငါသည် (ဓမ္မကာယဖြစ်သော) ထိုမြတ်စွာဘုရားကို အရိယာအမြင်ဖြင့် မြင်အပ်ပြီးသည်သာလျှင်တည်း၊ (ထို့ကြောင့်)ဤငါ၏ ခန္ဓာကိုယ်သည် အဆုံးဖြစ်သော ခန္ဓာကိုယ်တည်း၊ ပဋိသန္ဓေနေခြင်း ဇာတိသံသရာ ကုန်ပြီ၊ ယခုအခါ ငါ့အား တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

http://www.dhammadownload.com



၁၆၁။ (အကြင်သူသည်) ထက်သန်သောလုံ့လရှိကုန်သော နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိကုန်သော မပြတ် မြဲမြံ ခိုင်ခံ့သော လုံ့လရှိကုန်သော အညီအညွတ်ဖြစ်ကုန်သော မြတ်စွာဘုရား၏ တပည့်သာဝကတို့ကို ဟုတ်တိုင်းမှန်စွာ မြင်စွမ်းနိုင်၏၊ ထိုသူ၏ ဤသို့ သာဝကတို့ကိုမြင်ခြင်းသည် မြတ်စွာဘုရားနှင့် မြတ်စွာဘုရားဟပည့်သာဝကတို့အား ရှိခိုးခြင်း မည်၏။

၁၆၂။ ငါ၏ (အစ်မ) မာယာဒေဝီသည် များစွာသောသတ္တဝါတို့၏ အကျိုးငှါ ဂေါတမအနွယ်ဖြစ်သော သားတော်ဘုရားလောင်းကို ဖွားမြင်ခဲ့ပေစွတကား၊ ထိုသားတော်မြတ်စွာဘုရားသည် နာခြင်းသေခြင်းဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါတို့၏ ဆင်းရဲအစုကို နှုတ်ပယ်တော်မူပြီ။

ဤသို့လျှင် မဟာပဇာပတိဂေါတမီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ဂ-ဂုတ္တာထေရီဂါထာ

၁၆၃။ ဂုတ္တာ အကြင်ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်အကျိုးငှါ ချစ်မြတ်နိုးအပ်သော သားကိုရင်း စည်းစိမ်ဥစ္စာ အစုကိုရင်း စွန့်၍ ရဟန်းပြုခဲ့၏၊ ထိုကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်အကျိုးကိုသာလျှင် သင်ပွါးများလော့၊ စိတ်၏အလိုသို့ မလိုက်လင့်။

၁၆၄။ (ကောက်ကျစ်စဉ်းလဲသော) စိတ်သည် လှည့်ပတ်အပ်သည်ဖြစ်၍ ဉာဏ်မရှိကုန်သော ပုထုဇဉ်သတ္တဝါတို့သည် ကိလေသမာရ်၏ အာရုံဖြစ်သော ကာမဂုဏ်၌ မွေ့လျော်ကုန်သည်ဖြစ်ရကား ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ကြရကုန်၏။

၁၆၅-၆။ ဂုတ္တာမည်သောဘိက္ခုနီမ ကာမဂုဏ်၌လိုလားမှု 'ကာမစ္ဆန္ဒ' ကိုရင်း သူတပါးစည်းစိမ်ကို ပျက်စီးစေလိုမှု 'ဗျာပါဒ' ကိုရင်း ငါ၏ကိုယ် ငါ၏ဥစ္စာဟု အယူမှားသော 'သက္ကာယဒိဋ္ဌိ' ကိုရင်း နွား၏အလေ့အကျင့်စသည်ဖြင့် သံသရာမှထွက်မြောက်၏ဟု မှားသောအားဖြင့် စွဲလမ်းတတ်သော 'သီလဗ္ဗတပရာမာသ' ဒိဋ္ဌိကိုရင်း ငါးခုမြောက်သော (ဘုရား၌ ယုံမှားခြင်းစသော တဆယ့်ခြောက်ပါးသော) ယုံမှားမှု 'ဝိစိကိစ္ဆာ' ကိုရင်း သင်သည် ထိုသို့ သဘောရှိကုန်သော အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း၏ အကြောင်းဖြစ်ကုန်သော သံယောဇဉ်တို့ကို (အနာဂါမိမဂ်ဖြင့်) ပယ်စွန့်၍ (သင်သည်) ဤကာမဘုံသို့ တဖန် မလာရလတ္တံ့။

၁၆၇။ ရူပဘဝ အရူပဘဝ၌ တပ်စွန်းမှု 'ရူပရာဂ အရူပရာဂ' ကိုရင်း ထောင်လွှားမှု 'မာန' ကိုရင်း မသိမှု 'မောဟ' ကိုရင်း ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' ကိုရင်း ထိုသို့ သဘောရှိကုန်သော (အထက်ရူပဘုံ အရူပဘုံ၌ ပဋိသန္ဓေနေခြင်း၏ အကြောင်းဖြစ်ကုန်သော) ဥဒ္ဓံဘာဂိယ သံယောဇဉ်တို့ကို (ဝိပဿနာဖြင့်) ပယ်ခွါ၍ (အရဟတ္တမဂ်ဖြင့်)ဖြတ်ပြီးလျှင် (သင်သည်) ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုရလတ္တံ့။

၁၆၈။ ပဋိသန္ဓေနေခြင်းအရင်းရှိသော သံသရာကို ပြီးဆုံးစေပြီး၍ တဖန် ဘဝသစ်၌ ဖြစ်ခြင်းကို ပိုင်းခြားသိလျက် မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် တဏှာ

http://www.dhammadownload.com



တည်းဟူသော မှတ်သိပ်မှုကင်းသည်ဖြစ်၍ ကိလေသာမီးငြိမ်းကာ ( ချမ်းသာစွာ ) သင်နေရလတ္တံ့။

ဤသို့လျှင် ဂုတ္တာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

### ၈-ဝိဇယာထေရီဂါထာ

၁၆၉။ ငါသည် စိတ်၏ငြိမ်သက်တည်ကြည်မှုကို မရသည်ဖြစ်၍ ငါ၏စိတ်သည် ငါ့အလိုသို့ မလိုက်သည်ဖြစ်ရကား လေးကြိမ် ငါးကြိမ်တိုင်အောင် ကျောင်းမှ ထွက်ခဲ့ဘူးပါ၏။

၁၇၀-၁။ ငါသည် ခေမာထေရီဘိက္ခုနီမကို ချဉ်းကပ်၍ ရိုသေစွာ မေးလျှောက်ခဲ့ပါ၏၊ ထိုခေမာထေရီဘိက္ခုနီမသည် မြတ်သော အရဟတ္တဖိုလ်နိဗ္ဗာန်ဟူသော အကျိုးကို ရရောက်ခြင်းငှာ၊ ခန္ဓာ အာယတန ဓာတ်တို့ကိုရင်း အရိယသစ္စာလေးပါးတို့ကိုရင်း ဣန္ဒြေငါးပါးတို့ကိုရင်း ဗိုလ်ငါးပါးတို့ကိုရင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုရင်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောမဂ်ကိုရင်း (ပြလျက်) ငါ့အား တရားဟော၏။

၁၇၂။ ငါသည် ထိုခေမာထေရီဘိက္ခုနီမ၏ တရားစကားကို ကြားနာရ၍ (ခေမာထေရီဘိက္ခုနီမ၏)အဆုံးအမကို လိုက်နာပြုကျင့်သောကြောင့် ညဦးယံ၌ ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်ပြီ။

၁၇၃။ ညဉ့်သန်ခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်ခဲ့ပြီ၊ ညဉ့်မိုးသောက်ယံ၌ မောဟအစု အမိုက်ထုကို ဖောက်ခွဲနိုင်ပြီ။

၁၇၄။ (ဖလသမာပတ်)ပီတိသုခဖြင့်လည်း ငါ၏ကိုယ်ကို ပျံ့နှံ့စေ၍ နေပြီ၊ ထိုအခါ ဝိပဿနာစီးဖြန်းသည်မှ ခုနစ်ရက်မြောက်သောနေ့၌ မောဟအစု အမိုက်ထုကို ဖောက်ခွဲနိုင်၍ (ထက်ဝယ်ဖွဲ့သော)ခြေတို့ကို ဆန့်တန်းပြီ။

ဤသို့လျှင် ဝိဇယာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ဆဋ္ဌနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၇-သတ္တကနိပါတ်

## ၁-ဥတ္တရာထေရီဂါထာ

၁၇၅။ လူတို့သည် (အသက်မွေးခြင်းဟူသော အကြောင်းကြောင့်) ကျည်ပွေ့တို့ကို စွဲကိုင်လျက် စပါးကို ထောင်းကြကုန်၏၊ လူတို့သည် သားမယားတို့ကို မွေးမြူကုန်လျက် ဥစ္စာစပါးကို ရကြကုန်ဘိသေး၏။

၁၇၆။ အကြင်မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာပြုကျင့်သောကြောင့် နောင်တတဖန် မပူပန်ရ၊ ထိုမြတ်စွာဘုရား အဆုံးအမသာသနာတော်၌ (ကမ္မဋ္ဌာန်း) အားထုတ်ကုန်လော့၊ လျင်မြန်စွာ ခြေတို့ကိုဆေးပြီးလျှင် သင့်တင့်သောနေရာ၌ ထိုင်နေကြကုန်လော့။

၁၇၇။ (ဘာဝနာ) စိတ်ကို (ကမ္မဋ္ဌာန်း၌) ထင်စေ၍ (စိတ်၏) တခုတည်းသော အာရုံရှိသည်ကို ကောင်းစွာ ဘည်ကြည်ခြင်းကို ပြု၍ တေဘူမကသင်္ခါရတို့ကို သူစိမ်းပြင်ပအားဖြင့် ဆင်ခြင်ကြကုန်လော့၊ အတ္တအားဖြင့် မဆင်ခြင်ကုန်လင့်(ဟု ပဋာစာရာထေရီမသည် ဆုံးမ၏)။

၁၇၈။ ငါသည် ထိုပဋာစာရာမည်သော ထေရီမ၏ အဆုံးအမဟာရားစကားကို ကြားနာရ၍ ခြေတို့ကို ဆေးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ နေခဲ့၏။

၁၇၉။ ညဉ့်ဦးယံ၌ ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏၊ ညဉ့်သန်ခေါင်ယံ၌ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်ခဲ့၏။

၁၈၀။ ညဉ့်မိုးသောက်ယံ၌ မောဟအစု အမိုက်ထုကို ဖောက်ခွဲနိုင်ခဲ့ပြီ၊ ထိုနောက် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည်ဖြစ်၍ (နေရာမှ) ထပြီ၊ မြတ်သောထေရီမ သင်၏အဆုံးအမကို လိုက်နာပြုကျင့်ပြီးပြီ။

၁၈၁။ စစ်မြေပြင်၌အသုရာတို့မအောင်နိုင်သော သိကြားမင်းကို ခြံရံ၍ နေကုန်သော တာဝတိံသာနတ်တို့ကဲ့သို့ ငါသည် သင်ပဋာစာရာထေရီမကို ခြံရံ၍ နေပါအံ့၊ အရှင်မ ပဋာစာရာကြောင့် ငါသည် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသည်ဖြစ်၍ အာသဝေါကင်းရပါ၏။

ဤသို့လျှင် ဥတ္တရာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၂-စာလာထေရီဂါထာ

၁၈၂။ (စာလာမည်သော) ဘိက္ခုနီမသည် သတိကိုရှေးရှုဖြစ်စေ၍ (အရိယမဂ္ဂဘာဝနာဖြင့်) ပွါးစေအပ်ပြီးသော ဣန္ဒြေရှိသည်ဖြစ်၍ ငြိမ်းအေးသော ခပ်သိမ်းသော သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော စင်စစ် ချမ်းသာလှစွာသော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် သိပြီ။

၁၈၃။ စာလာ သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ခေါင်းတုံးရိတ်သနည်း၊ (သင်္ကန်းကို ဆောင်သဖြင့်) ရဟန်းမိန်းမကဲ့သို့ တွေ့မြင်ရ၏၊ ရသေ့ပရိဗိုဇ်တို့၏ ပါသဏ္ဍ

http://www.dhammadownload.com



အယူတို့ကို သင်မနှစ်သက်ခဲ့၊ အဘယ့်ကြောင့် ဤ(ရသေ့ပရိဗိုဇ်တို့၏ ပါသဏ္ဍအယူဖြင့် စီရင်အပ်သော ဖြောင့်မတ်သောနိဗ္ဗာန်)ခရီးကို (ပယ်စွန့်လျက်) တွေဝေကာ လှည့်လည်ဘိသနည်း(ဟု မာရ်နတ်က ဆို၏)။

၁၈၄။ မာရ်ယုတ် ဤမြတ်စွာဘုရားသာသနာတော်မှ အပဖြစ်သော ပါသဏ္ဍအယူရှိသူတို့သည် (သဿတစသော)ဒိဋ္ဌိတို့ကို ကပ်မှီသောအားဖြင့် ယုကုန်၏၊ ထိုပါသဏ္ဍအယူရှိသူတို့သည် ဖြစ်ခြင်းသဘောရှိသော တရားကိုလည်း မသိကုန်၊ မဖြစ်ခြင်းတရားသဘောဌ်လည်း မလိမ္မာကြကုန်။

၁၈၅။ သာကီဝင်မင်းမျိုး၌ ဖြစ်တော်မူသော ပြိုင်ဘက်ပုဂ္ဂိုလ် ရှိတော်မမူသော မြတ်စွာဘုရားသည် (လောက၌ ထင်ရှား)ရှိတော်မူ၏၊ ထိုမြတ်စွာဘုရားသည် ငါ့အားမိစ္ဆာအယူအားလုံးတို့ကို လွန်ကြောင်းဖြစ်သော သစ္စာတရားကို ဟောတော်မူ၏။

၁၈၆။ ဒုက္ခသစ္စာကိုရှင်း ဒုက္ခကို ဖြစ်စေတတ်သော တဏှာဟု ဆိုအပ်သော သမုဒယသစ္စာကိုရှင်း ဝဋ်ဒုက္ခကို လွန်ရာဖြစ်သော နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာကိုရှင်း ဝဋ်ဒုက္ခ၏ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာကိုရှင်း (ဟောတော်မူ၏)။

၁၈၇။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာတော်၌ မွေ့လျော်ကာ နေ၏၊ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်၏၊ မြတ်စွာဘုရား ဆုံးမတော်မူသော အတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၁၈၈။ (ငါသည်) အလုံးစုံသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ပျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာအဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူဖြစ်ခဲ့၏။

ဤသို့လျှင် စာလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၃-ဥပစာလာထေရီဂါထာ

၁၈၉။ အောက်မေ့မှု 'သတိ'နှင့် ပြည့်စုံသော ပညာမျက်စိနှင့် ပြည့်စုံသော ဥပစာလာမည်သော ဘိက္ခုနီမသည် ပွါးစေအပ်ပြီးသော ဣန္ဒြေရှိသည်ဖြစ်၍ မယုတ်မာသည့် ဘုရားစသော ယောကျ်ားမြတ်တို့ မှီဝဲအပ်သော ငြိမ်သက်စွာသော နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် သိပြီ။

၁၉၀။ ဥပစာလာ သင်သည် အဘယ့်ကြောင့် ပဋိသန္ဓေနေမှုကို မနှစ်သက်သနည်း၊ ပဋိသန္ဓေနေသောသူသည် ကာမဂုဏ်ချမ်းသာတို့ကို ခံစားရ၏၊ (ထို့ကြောင့် ပဋိသန္ဓေနေပြီးသော သင်သည်)ကာမဂုဏ်ချမ်းသာဖြင့် မြူးထူးမွေ့လျော်ခြင်းတို့ကို ခံစားဦးလော့၊ (ကာမဂုဏ်ချမ်းသာကို မခံစားလိုက်ရဟု) နောင်တတဖန် ပူပန်ခြင်း မဖြစ်လင့် (ဟု မာရ်နတ်က ဆို၏)။

၁၉၁။ မာရ်ယုတ် ပဋိသန္ဓေနေရပြီးသော သတ္တဝါအား သေခြင်းသည် ဖြစ်၏၊ ပဋိသန္ဓေနေရပြီးသော သတ္တဝါအား လက်ခြေတို့ကို ဖြတ်ခြင်းဖြစ်၏၊ ပဋိသန္ဓေနေရသော

http://www.dhammadownload.com



သတ္တဝါသည် သတ်ခြင်း နှောင်ဖွဲ့ခြင်းစသည်ဖြင့် ပူပန်နှိပ်စက်ခြင်းသို့ရင်း (တပါးသော) ဆင်းရဲခြင်းသို့ရင်း ရောက်ရ၏၊ (ထို့ကြောင့် ပဋိသန္ဓေနေခြင်းကို ငါမနှစ်သက်)။

၁၉၂။ သာကီဝင်မင်းမျိုး၌ဖြစ်တော်မူသော မြတ်စွာဘုရားသည် (လောက၌ ထင်ရှား)ရှိတော်မူ၏၊ ထိုမြတ်စွာဘုရားသည် ငါ့အား ပဋိသန္ဓေနေခြင်းကို လွန်ကြောင်းဖြစ်သော သစ္စာလေးပါးတရားကို ဟောတော်မူ၏။

၁၉၃။ ဒုက္ခသစ္စာကိုရင်း ဒုက္ခကို ဖြစ်စေတတ်သော တဏှာဟူသော သမုဒယသစ္စာကိုရင်း ဝဋ္ဋဒုက္ခကို လွန်ရာဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုရင်း ဝဋ္ဋဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာကိုရင်း (ဟောတော်မူ၏)။

၁၉၄။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာတော်၌ မွေ့လျော်ကာ နေ၏၊ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသော အတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

၁၉၅။ အလုံးစုံသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာ အဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူဖြစ်ခဲ့၏။

ဤသို့လျှင် ဥပစာလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## သတ္တကနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၈-အဋ္ဌကနိပါတ်

## ၁-သီဟပစာလာထေရီဂါထာ

၁၉၆။ သီဟပစာလာမည်သော ရဟန်းမိန်းမသည် စင်ကြယ်သော သီလနှင့် ပြည့်စုံသည်ဖြစ်၍ ဣန္ဒြေခြောက်ပါးတို့၌ ကောင်းစွာ စောင့်စည်းသည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အကြောင်းဖြစ်သော ငြိမ်သက်စွာသော ဖြည့်စွက်သွန်းလောင်းဖွယ် မရှိသော ဩဇာရှိသော အရိယမဂ်နိဗ္ဗာန်ကို ဆိုက်ရောက်ရရှိ၏ (ဟု ဥဒါန်းစကားကို ဆို၏)။

၁၉၇။ တာဝတိံသာနတ်တို့သည်၎င်း ယာမာနတ်တို့သည်၎င်း တုသိတာနတ်တို့သည်၎င်း နိမ္မာနရတိနတ်တို့သည်၎င်း ပရနိမ္မိတဝသဝတ္တီနတ်တို့သည်၎င်း ရှိကြကုန်၏၊ အကြင်နတ်ဘုံငါးရပ်တို့၌ သင်သည် ရှေးက နေခဲ့ဘူး၏၊ ထိုသင်နေခဲ့ဘူးသော နတ်ဘုံတို့၌ သင်၏စိတ်ကို ထားလော့ (ဟု မာရ်နတ်က ဆို၏)။

၁၉၈။ မာရ်ယုတ် တာဝတိံသာနတ်တို့သည်၎င်း ယာမာနတ်တို့သည်၎င်း တုသိတာနတ်တို့သည်၎င်း နိမ္မာနရတိနတ်တို့သည်၎င်း ပရနိမ္မိတဝသဝတ္တိနတ်တို့သည်၎င်း ရှိကြကုန်၏။

၁၉၉။ ထိုနတ်တို့သည် တဘဝမှ တဘဝသို့ (ကပ်ရကုန်သည်ဖြစ်၍) ထိုထိုကာလဝယ် ခန္ဓာငါးပါးတည်းဟူသော သက္ကာယ၌ ရှေးရှုပြုကုန်သည်ဖြစ်၍ ငါးပါးတည်းဟူသော သက္ကာယကို မလွန်နိုင်ကုန်သည်ဖြစ်သောကြောင့် ပဋိသန္ဓေနေခြင်း သေခြင်းသို့ အစဉ်လိုက်ကြရကုန်၏။

၂၀၀။ (မာရ်ယုတ် သင်ဆိုသော ကာမလောကသာမဟုတ်)၊ လောကအားလုံးသည် ရာဂမီးစသော တဆယ့်တပါးသော မီးတို့ဖြင့်တောက်လောင်နေ၏၊ လောကအားလုံးသည် ထပ်တလဲလဲ တောက်လောင်နေ၏၊ လောကအားလုံးသည် အလျှံတပြောင်ပြောင် မပြတ်တောက်လောင်နေ၏၊လောကအားလုံးသည် ကိလေသာတို့ဖြင့် တုန်လှုပ်ချောက်ချား၏။

၂၀၁။ တစုံတယောက်ကမျှ တုန်လှုပ်ချောက်ချားစေခြင်းငှါ မစွမ်းနိုင်သော (ဂုဏ်အားဖြင့် ဤမျှသာဟု) နှိုင်းချိန်ခြင်းငှါ မစွမ်းနိုင်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့ မမှီဝဲအပ်သော လောကုတ္တရာတရား ကိုးပါးကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ထိုလောကုတ္တရာတရား ကိုးပါး၌ ငါ၏စိတ်သည် မွေ့လျော်၏။

၂၀၂။ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သာသနာတော်၌ မွေ့လျော်ကာ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

၂၀၃။ အလုံးစုံသော အာရုံတို့၌ နှစ်သက်မှုတဏှာကို ဖျောက်အပ်ပြီ၊ မောဟအစုအမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာအဝိဇ္ဇာကို ပယ်သောသူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်သည် ရှုံးသူဖြစ်ခဲ့၏။

ဤသို့လျှင် သီဟပစာလာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

**အဋ္ဌကနိပါတ် ပြီး၏။**

http://www.dhammadownload.com

# ၉-နဝနိပါတ်

## ၁-ဝစ္စမာတုထေရဂါထာ

၂၀၄။ ချစ်သားဝစ္စ လောက၌ ကိလေသာဟူသော တောချုံသည် သင့်အား တရံတဆစ်မျှ မဖြစ်စေလင့်၊ သားချစ်ဝစ္စ သင်သည် အဖန်ဖန် ပဋိသန္ဓေနေခြင်းစသော ဆင်းရဲ၏အဘို့ဖြစ်သော ကိလေသာရှိသူ မဖြစ်ပါစေလင့်။

၂၀၅။ ထိုစကားမှန်၏၊ ချစ်သားဝစ္စ ရဟန္တာအရှင်မြတ်တို့သည် တုန်လှုပ်ချောက်ချားစေတတ်သည့် တဏှာမရှိကုန်သည်ဖြစ်၍ ယုံမှားသံသယကို ဖြတ်တောက်ကြကာ ကိလေသာငြိမ်းအေးကုန်သည်ဖြစ်၍ ယဉ်ကျေးခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အာသဝေါကင်းကုန်လျက် ချမ်းသာစွာ နေကုန်၏၊

၂၀၆။ ချစ်သားဝစ္စ ထိုရဟန္တာ(ဣသိ)တို့သည် ကျင့်အပ် လေ့ကျက်အပ်သော သမထ ဝိပဿနာတည်းဟူသော အကြောင်းကို မဂ်ဉာဏ်အမြင်ကိုရသဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ ပွါးများလော့(ဟု ဘိက္ခုနီမကျောင်းသို့ လာသော မိမိသားဝစ္စထေရ်ကို မယ်တော်ထေရီမက လျှောက်၏)။

၂၀၇။ မယ်တော် ဤသို့ အကျိုးစီးပွါးနှင့်စပ်သေ အဆုံးအမကို ရဲဝံ့စွာသာလျှင် ငါ့အား ပြောဆို၏၊ မြတ်နိုးအပ်သော မယ်တော် (သား၌ ချစ်မြတ်နိုးတတ်သော) ကိလေသာဟူသော တောချုံသည်လည်း သင်မယ်တော်အား မရှိတော့လေယောင်တကား(ဟု ဝစ္စမထေရ်က ဆို၏)။

၂၀၈။ ချစ်သားဝစ္စ အယုတ် အမြတ် အလတ် ဖြစ်ကုန်သော အကြောင်းတရားလေးပါးတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော သင်္ခါရတရားတို့သည် ရှိကုန်၏၊ ထိုသင်္ခါရတရားတို့၌လည်း အနည်းငယ်မျှလောက်ပင်သော်လည်း အဏုမြူမျှလောက်ပင်သော်လည်း ကိလေသာတောချုံသည် ငါ့အား မရှိတော့ပြီ။

၂၀၉။ ကမ္မဋ္ဌာန်း၌ မမေ့မလျော့သည်ဖြစ်၍ မကောင်းမှုကို ရှို့မြိုက်ပြီးသော ငါ့အား အလုံးစုံသော အာသဝေါတရားတို့ ကင်းကုန်ပြီ၊ ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရားဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ(ဟု မယ်တော်ထေရီမက ဆို၏)။

၂၁၀။ ငါ၏ မယ်တော်သည် မြတ်သောအဆုံးအမပေးခြင်းတည်းဟူသော နှင်တံကို ကောင်းစွာ ဖြစ်စေဘိ၏တကား၊ သားအပေါ်၌ သနားညှာတာသည့်အတိုင်း မြတ်သော နိဗ္ဗာန်အကျိုးနှင့် စပ်ယှဉ်ကုန်သော ဂါထာတို့ကို ဖြစ်စေဘိ၏။

၂၁၁-၂။ ငါသည် ထိုမယ်တော်၏ အဆုံးအမစကားကို ကြားနာရ၍ ငါ့အား ဟရားနှင့်စပ်သော ပြင်းစွာသော ထိတ်လန့်ခြင်းသို့ ရောက်ရပြီ၊ ထိုငါသည် မယ်တော်တိုက်တွန်းအပ်သည်ဖြစ်၍ နေ့ညဉ့်ပတ်လုံး မပျင်းမရိ ယောဂလေးပါးတို့ကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ သမ္မပ္ပဓာန်လုံ့လဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ အားထုတ်အပ်သည်ရှိသော် ကိလေသာတို့၏ငြိမ်းရာ နိဗ္ဗာန်ကို ရပြီ။

ဤသို့လျှင် ဝစ္စမာတာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## နဝနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၀-ကောဒသနိပါတ်

## ၁-ကိသာဂေါတမီထေရီဂါထာ

၂၁၃။ မြတ်စွာဘုရားသည် သတ္တလောကကို ရည်ရွယ်တော်မူ၍ အဆွေခင်ပွန်းကောင်းရှိသူ၏ အဖြစ်ကို ချီးမွမ်းတော်မူအပ်၏၊ အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲဆည်းကပ်ရသူသည် ရှေးက မိုက်ခဲ့သော်လည်း ပညာရှိဖြစ်နိုင်ပြန်ရာ၏။

၂၁၄။ ထို့ကြောင့် ဘုရားစသောသူတော်ကောင်းတို့ကို (အခါခပ်သိမ်း)မှီဝဲဆည်းကပ်ထိုက်ကုန်၏၊ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်သူတို့အား ပညာတိုးပွါးနိုင်၏၊ ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရသော ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်းစသောဆင်းရဲအားလုံးတို့မှ လွတ်မြောက်နိုင်ရာ၏။

၂၁၅။ ဒုက္ခသစ္စာကိုရင်း ဝဋ္ဋဒုက္ခ၏ဖြစ်ကြောင်း တဏှာဟု ဆိုအပ်သော သမုဒယသစ္စာကိုရင်း ဝဋ္ဋဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုရင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာကိုရင်း ဤအရိယသစ္စာလေးပါးတို့ကို သိရာ၏။

၂၁၆-၇။ မိန်းမအဖြစ်ကို(လျှပ်ပေါ်ခြင်း ကိုယ်ဝန်ဆောင်ခြင်းစသော အပြစ်တို့ဖြင့်) ဆင်းရဲ၏ဟူ၍ မယဉ်ကျေးသူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်၏၊ လင်တူမယားအဖြစ်ဖြင့် နေရခြင်းသည်လည်း ဆင်းရဲ၏၊ အချို့သော မိန်းမတို့သည် တကြိမ်သားဖွားရကုန်သည်ရှိသော် ဆင်းရဲကိုသည်းမခံနိုင်ကုန်သည်ဖြစ်၍ မိမိလည်ပင်း၌သော်လည်း ဓားဖြင့် လှီးဖြတ်ကြကုန်၏၊ သိမ်မွေ့သော ကိုယ်ရှိသော မိန်းမတို့သည် အဆိပ်တို့ကို စားကြကုန်၏၊ တွေဝေသဖြင့် ပဋိသန္ဓေနေသော သားသူငယ်ကို ကိုယ်ဝန်ဆောင်ရကုန်သည်ဖြစ်၍ သားအမိနှစ်ယောက်တို့သည်လည်း သေခြင်းအဆုံးရှိသော ပျက်စီးခြင်းတို့သို့ ရောက်ကြရကုန်၏။ ၁

၂၁၈။ သားဖွားခါနီး ကာလ၌ ခရီးထွက်ခဲ့သော ငါ (ပဋာစာရာ)သည် မိမိအိမ်သို့ မရောက်မီလမ်းခရီး၌ သားဖွားပြီးလျှင် မြွေကိုက်၍ သေသော လင်ကို မြင်ရပြီ။

၂၁၉။ ငါ၏ သားငယ်နှစ်ယောက်တို့သည် သေခဲ့ကုန်၏၊လင်သည်လည်း လမ်းခရီး၌ သေခဲ့၏၊ (လင် သား သေသည်ဖြစ်၍)ငြိုငြင်ဆင်းရဲနေရသော ငါ၏ အမိအဖတို့သည်၎င်း မောင်သည်၎င်း ထင်းပုံတပုံတည်း၌ မီးရှို့ခံကြရကုန်၏(ဟု ပဋာစာရာသည် ရွတ်ဆို၏)။ ၂

၂၂၀။ စည်းစိမ်ဥစ္စာစသည်တို့ ပျက်စီးကုန်ခန်းသော အမျိုးသို့ရောက်ရ၍ သူတပါးတို့မထီမဲ့မြင် အပြုခံရသော ကိသာဂေါတမီ သင့်ကိုယ်တိုင် အတိုင်းမသိသော ဆင်းရဲကို ခံစားခဲ့ရဘူးလေပြီ၊ များသော ဘဝအထောင်တို့ပတ်လုံး သင်၏ မျက်ရည်တို့သည်လည်း ယိုစီးခဲ့ရဘူးလေပြီ။

---

၁။ ဤနှစ်ဂါထာကား ရှေးဘဝက မိမိခံစားခဲ့ဘူးသည်ကို ဆင်ခြင်၍ ရွတ်ဆိုသော ဂါထာတို့တည်း။

၂။ ဤနှစ်ဂါထာကား ပဋာစာရာ ရွတ်ဆိုသည်ကို အာရုံပြု၍ ရွတ်ဆို၏၊ မိန်းမဘဝ၏ ဆင်းရဲတို့ကို ထင်ရှားစေရန် ရွတ်ဆိုနေခြင်းဖြစ်သည်ဟူ၏။

http://www.dhammadownload.com



၂၂၁။ ထိုမှ တပါးလည်း မြေခွေးမ ဖြစ်စဉ် သုသာန်အလယ်၌ နေခဲ့ရ၏၊ (ကျား ကျားသစ်စသည် ဖြစ်စဉ်ကလည်း)သားသမီးတို့၏ အသားတို့ကို စားခဲ့ရကုန်၏၊ အမျိုး အနွယ် ပျက်စီးသူ သူခပ်သိမ်းတို့ အကဲ့ရဲ့ခံရသူ လင်သေမုဆိုးမဖြစ်လျက်လည်း (အဆော့ ခင်ပွန်းကောင်းကို မှီခဲ့ရသဖြင့်) သေခြင်းကင်းရာ နိဗ္ဗာန်ကို ရပြီ။

၂၂၂။ ငါသည် မြတ်သောအင်္ဂါရှစ်ပါးရှိသော သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက် စေတတ်သော မဂ်ကို ပွါးစေအပ်ပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ၊ တရားဖြင့်ပြီးသော ကြေးမုံ(မှန်)ကို ငါရှုမြင်ရပြီ။

၂၂၃။ ငါသည် နာဂစသော ငြောင့်တံသင်းကို အရိယမဂ်ဖြင့် ဖြတ်ပြီးသူ ကိလေသာ အဘိသင်္ခါရတည်းဟူသော ဝန်ကို ချပြီးသူ ဖြစ်ပါ၏၊ ငါသည်(ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းစသော တဆယ့်ခြောက်ပါးသော)မဂ်ကိစ္စကို ပြုအပ်ပြီ၊ ကိသာဂေါတမီမည်သော ထေရီမသည် (ကိလေသာမှ) ကောင်းစွာ လွတ်သော စိတ်ရှိသည်ဖြစ်၍ ဤသို့သော အနက်ကိုဆိုပြီ။

ဤသို့လျှင် ကိသာဂေါတမီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ကောဒသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၁-ဧကဒသနိပါတ်

## ၁-ဥပ္ပလဝဏ္ဏာထေရီဂါထာ

၂၂၄။ အမိနှင့်သမီးဖြစ်ကြသူ နှစ်ယောက်ကုန်သော ငါတို့သည် လင်တူမယားတို့ ဖြစ်ကြရကုန်၏၊ ထိုငါတို့အား မဖြစ်စဘူး ထူးထူးကဲကဲ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေတတ်သော ထိတ်လန့်မှု သံဝေဂဖြစ်ခဲ့၏။

၂၂၅။ ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ် ရှိကုန်၏၊ မစင်မကြယ် နံ့ရှာဖွယ်ဖြစ်၍ မကောင်းသော အနံ့ရှိကုန်၏၊ များစွာသော ကိလေသာတည်းဟူသော ဆူးငြောင့်ရှိကုန်၏၊ ယင်းသို့သဘောရှိသော ကာမဂုဏ်၌ အမိနှင့်သမီးဖြစ်ကြသူ ငါတို့သည် လင်တူမယား ဖြစ်ခဲ့ကြရကုန်၏။

၂၂၆။ ထိုငါသည် ကာမဂုဏ်တို့၌ အပြစ်ကို မြင်၍ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို ဘေးကင်းသောအားဖြင့် ရှုမြင်ပြီးလျှင် ရာဇဂြိုဟ်ပြည်၌ပင် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ အိမ်ရာမထောင် ရဟန်းဘောင်၌ ရဟန်း ပြုခဲ့ပြီ(ဟု ဘိက္ခုနီမတဦး ရွတ်ဆိုသော သံဝေဂသုံးဂါထာကို ရွတ်ဆို၏)[၁]။

၂၂၇။ ငါသည် ရှေး၌နေဘူးသောခန္ဓာအစဉ်ကို သိ၏၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ သူတပါးစိတ်ကို ပိုင်းခြား၍ သိနိုင်သော စေတောပရိယအဘိညာဉ်ကိုရင်း ဒိဗ္ဗသောတအဘိညာဉ်ကိုရင်း သုတ်သင်အပ်ပြီ။

၂၂၈။ ငါသည် ဣဒ္ဓိဝိဓအဘိညာဉ်ကိုလည်း မျက်မှောက်ပြုအပ်ပြီ၊ ငါသည် အာသဝက္ခယဉာဏ်ကို ရအပ်ပြီ၊ ငါသည် အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်ပြီ၊ ငါသည် မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်ပြီးပြီ။

၂၂၉။ ငါသည် မြင်းလေးကောင် ကသောရထားကို တန်ခိုးဖြင့်ဖန်ဆင်း၍ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍(ရပ်တည်၏)။

၂၃၀။ သူငယ်မ သင်သည် အဖျားမှစ၍ ပင်လုံးကျွတ် ပွင့်သော ပန်းပွင့်ရှိသော အင်ကြင်းပင်ရင်းသို့ ချဉ်းကပ်၍ အင်ကြင်းပင်ရင်း၌ တယောက်ထီးတည်း တည်နေဘိ၏၊ သင့်အား အဖော်တစုံတယောက်မျှလည်း မရှိ၊ သူငယ်မ သင်သည် မိန်းမကျူး လူရမ်းကားတို့မှ အဘယ်ကြောင့် မကြောက်ဘိသနည်း(ဟု မာရ်နတ်က ဆို၏)။

၂၃၁။ မာရ်နတ် ဤသင်ကဲ့သို့သဘောရှိကုန်သော အသိန်းမကသည်လည်း ဖြစ်ကုန်သော မိန်းမကျူး လူရမ်းကားတို့သည် ငါ့ကို ဖျက်ဆီးရန် လာကြစေဦးတော့၊ ငါ၏ မွေးညှင်းတပင်မျှသော်လည်း မလှုပ်ရှားရာ၊ မာရ်နတ် သင်သည် တယောက်ထီးတည်းသာဖြစ်လျက် ငါ့အား အဘယ်သို့သောဖျက်ဆီးမှုကို ပြုနိုင်လတ္တံ့နည်း။

---

၁။ ဂင်္ဂါတီရိယမထေရ်၏အမိနှင့်နှစ်မတို့သည် သားနှင့်မောင်ကိုလင်ပြု၍ လင်တူမယားအဖြစ် အတူနေခဲ့ကြရကြောင်းကိုရည်ရွယ်၍ သံဝေဂဖြစ်ရန် ရွတ်ဆိုသော ဂါထာများတည်း။

http://www.dhammadownload.com



၂၃၂။ မာရ်နတ် ထိုငါသည်(သင့်ရှေ့၌ တည်လျက်ပင် ကိုယ်ကို) ကွယ်ပျောက်စေအံ့၊ သင်မသိစဉ် သင့်ဝမ်းသို့မူလည်း ဝင်အံ့၊ သင်၏ မျက်မှောင်ကြား၌မူလည်း ရပ်တည်နေအံ့၊ ဤသို့ ရပ်တည်နေသော ငါ့ကို သင်မမြင်ရလတ္တံ့။

၂၃၃။ မာရ်နတ် ငါသည် စျာန်သမာပတ်နှင့်ယှဉ်သော စိတ်၌ လေ့လာပြီးသူ ဖြစ်၏၊ ငါသည် ဣဒ္ဓိပါဒ်လေးပါးတို့ကိုလည်း ပွါးစေအပ်ကုန်ပြီ၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်ပြီ၊ မြတ်စွာဘုရား၏ ဆုံးမတော်မူသောအတိုင်း လိုက်နာ ပြုကျင့်ပြီးပြီ။

၂၃၄။ ကာမဂုဏ်တို့သည် ဓား လှံ သံတံကျင်နှင့် တူကုန်၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ထိုကာမဂုဏ်တို့ကို ခုတ်စဉ်းပိုင်းဖြတ်ရာ စဉ်းတီတုံးနှင့် တူကုန်၏၊ အကြင် ကာမဂုဏ်၌ မွေ့လျော်ခြင်းကို သင်ပြောဆို၏၊ ထိုကာမဂုဏ်၌ မွေ့လျော်မှုမျိုးသည် ယခုအခါ ငါ့အား မွေ့လျော် နှစ်ခြိုက်ဖွယ် မဟုတ်တော့ပြီ။

၂၃၅။ ငါသည် ခပ်သိမ်းသောအာရုံတို့၌ နှစ်သက်မှု 'တဏှာ'ကို ပယ်ဖျောက်အပ်ပြီ၊ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီ၊ မာရ်ယုတ် ဤသို့ တဏှာ အဝိဇ္ဇာကို ပယ်သော သူဟု ငါ့ကို သိလော့၊ မာရ်ယုတ် သင်ကား ရှုံးသူဖြစ်ခဲ့ပြီ။

ဤသို့လျှင် ဥပ္ပလဝဏ်ထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

# ဒွါဒသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၂-သောဠသနိပါတ်

## ၁-ပုဏ္ဏာထေရီဂါထာ

၂၃၆။ ရေခပ်ရသော ငါသည် အရှင်သခင်တို့၏ လုင်ကန်တ်ပြာဘေးမှ ကြောက်သည် ဖြစ်၍ရှင်း ဆိုမြည် ဆဲရေးခြင်း အမျက်ထွက်ခြင်းတည်းဟူသောဘေးဖြင့် နှိပ်စက်အပ် သည်ဖြစ်၍ရှင်း ချမ်းအေးသောအခါ၌သော်လည်း အခါခပ်သိမ်း ရေသို့ သက်ဆင်းရပါ၏။

၂၃၇။ အိုပုဏ္ဏား သင်သည် အဘယ်ဘေးမှ ကြောက်သည်ဖြစ်၍ အခါခပ်သိမ်း ရေ သို့ သက်ဆင်းရပါသနည်း၊ (သက်ဆင်းပြီး၍လည်း) (ချမ်း၍) တုန်လှုပ်သော ကိုယ်အင်္ဂါ တို့ဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းလှသောဆင်းရဲကို ခံစားရလေဘိ၏ (ဟု ပုဏ္ဏာဆို၏)။

၂၃၈။ ပုဏ္ဏာမည်သော အိုရှင်မ ပြုခဲ့ဘူးသော မကောင်းမှုကံကို တားမြစ်နိုင်သော ကုသိုလ်ကံကို ပြုလုပ်အားထုတ်နေသော ငါ့ကို သင်သည် သိလျက်လည်း မေးဘိ၏။

၂၃၉။ အသက်ကြီးသူလည်းဖြစ်စေ အသက်ငယ်သူပင် ဖြစ်စေ အကြင်သူသည် မကောင်းမှုကို အလွန် အကျွံ ပြုမိ၏၊ ထိုသူသည်လည်း ရေချိုးခြင်းဖြင့် မကောင်းမှုမှ မုချ လွတ်မြောက်နိုင်၏(ဟု ပုဏ္ဏားက ဖြေ၏)။

၂၄၀။ ပုဏ္ဏား ကံ၏အကျိုးကိုမသိသော သင်ပုဏ္ဏားအား ကံ၏ အကျိုးကို အလျှင်း မသိသော အဘယ်သူက ရေချိုးခြင်းဟူသော အကြောင်းကြောင့် မကောင်းမှုမှ လွတ် မြောက်နိုင်၏ဟု ဤသို့သော အနက် အဓိပ္ပါယ်ကို ပြောဘူးသနည်း။

၂၄၁။ အလုံးစုံသော ဖားနှင့် လိပ်တို့သည်ရှင်း နဂါးတို့သည်ရှင်း မိကျောင်းတို့ သည်ရှင်း ရေ၌ကျက်စားကြသော အခြား ငါးမကာရ်းစသော သတ္တဝါတို့သည်ရှင်း နတ် ပြည်သို့ ရောက်ကြကုန်လိမ့်မည်ထင်၏။

၂၄၂။ ဆိတ်သတ်သမားတို့သည်ရှင်း ဝက်သတ်သမားတို့သည်ရှင်း တံငါသည်တို့ သည်ရှင်း မုဆိုးတို့သည်ရှင်း သူခိုးတို့သည်ရှင်း သူသတ်ယောကျ်ားတို့သည်ရှင်း အခြား သော မကောင်းမှုကို ပြုလေ့ရှိကုန်သောသူတို့သည်ရှင်း ရေချိုးခြင်းကြောင့် မကောင်းမှုမှ လွတ်ကြကုန်လိမ့်ယောင်တကား။

၂၄၃။ ဤ အစိရဝတီ မြစ်တို့သည် ရှေးက ပြုအပ်ပြီးသော သင်၏ မကောင်းမှုကို အကယ်၍ မျှောနိုင်ကုန်ငြားအံ့၊ ထိုသို့ မျှောနိုင်ကုန်သော် ဤ အစိရဝတီစသော မြစ်တို့ သည် သင်၏ ကုသိုလ်ကောင်းမှုကိုလည်း မျှောလေကုန်ရာ၏၊ ယင်းသို့ဖြစ်ခဲ့သော် သင် သည် ထို ကောင်းမှုကံမှ အပဖြစ်ရာ၏။

၂၄၄။ ပုဏ္ဏား သင်သည် အကြင် မကောင်းမှုမှ ကြောက်သည်ဖြစ်၍ အခါခပ်သိမ်း ရေသို့ သက်ဆင်း၏၊ ပုဏ္ဏား သင်သည် ထိုကြောက်သော မကောင်းမှုကိုသာလျှင် မပြုပါ လင့်၊ (ရေချိုးခြင်းကြောင့်ဖြစ်သော) အချမ်းသည် သင်ပုဏ္ဏား၏အရေကို မညှဉ်းဆဲ မနှိပ် စက်စေလင့်(ဟု ပုဏ္ဏာက ဆို၏)။

http://www.dhammadownload.com



၂၄၅။ အိုရှင်မပုဏ္ဏာ သင်သည် (မကောင်းမှုကို ပယ်ဖျောက်ခြင်းငှါ) ရေချိုးခြင်းဖြင့် မကောင်းမှုမှ ဇင်ကြွယ်၏ဟူသော လမ်းမှားသို့သွားနေသော ငါ့ကို ဘုရား စသော အရိယာပုဂ္ဂိုလ်တို့ သွားမြဲဖြစ်သော လမ်းမှန်သို့ ကောင်းစွာ ဆောင်ပေ၏၊ ထို့ကြောင့် ဤပုဆိုးကို သင့်အား (ဆရာစားပြု၍) ပေးလှူပါ၏(ဟု ပုဏ္ဏားက ဆို၏)။

၂၄၆။ ပုဏ္ဏား ပုဆိုးသည် သင့်အားသာလျှင် ဖြစ်ပါစေလော့၊ ငါသည် ပုဆိုးကို အလိုမရှိပါ၊ သင်သည် ဆင်းရဲမှ အကယ်၍ ကြောက်ခဲ့ပါမူ သင်သည် ဆင်းရဲကို မချစ်ခင်ခဲ့ပါမူ—

၂၄၇။ မျက်မှောက်၌သော်၎င်း မျက်ကွယ်၌သော်၎င်း မကောင်းမှုကို မပြုလင့်၊ သင်သည် မကောင်းမှုကို အကယ်၍ နောင်အခါ၌မူလည်း ပြုခဲ့ပါမူ ယခုလည်းပြုခဲ့ပါမူ—

၂၄၈။ ဤသို့ပြုသည်ရှိသော်(မကောင်းမှု၏အကျိုး ငါ့သို့မလိုက်နိုင်လတ္တံ့ဟု)ပျံတက်၍ ပြေးသော်လည်း သင့်အား ဆင်းရဲမှ လွတ်ခြင်းမရှိ၊ သင်သည် ဆင်းရဲမှ ကြောက်ခဲ့မူ ဆင်းရဲကို မချစ်ခဲ့မူ–

၂၄၉။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၎င်း လောကုတ္တရာတရားကိုးပါးကို၎င်း အရိယာသံဃာရှစ်ယောက်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ သီလတို့ကို ဆောက်တည်လေလော့၊ ထို (ရတနာသုံးပါးကို ဆည်းကပ်ခြင်း သီလဆောက်တည်ခြင်း)သည် သင့်အား အကျိုးများခြင်းငှါ ဖြစ်လတ္တံ့. (ဟု ပုဏ္ဏာက ဆို၏)။

၂၅၀။ အိုရှင်မပုဏ္ဏာ ငါသည် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၎င်း ဆယ်ပါးသောတရားတော်ကို၎င်း အရိယာသံဃာရှစ်ယောက်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါအံ့၊ သီလတို့ကိုလည်း ဆောက်တည်ပါအံ့၊ ထို (ရတနာသုံးပါးကို ဆည်းကပ်ခြင်း သီလဆောက်တည်ခြင်း) သည် ငါ့အား အကျိုးများခြင်းငှါ ဖြစ်ပါလတ္တံ့။

၂၅၁။ ငါသည် ရှေးအခါက (ပုဏ္ဏားတို့သမုတ်သဖြင့်) ဗြဟ္မာမင်း၏ အဆွေဖြစ်သော ဗြာဟ္မဏဇာတ်ရှိသူ ဖြစ်ခဲ့၏၊ ယခုအခါသော်ကား မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏ အစစ်ဖြစ်ခဲ့၏၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ဝေဒဟုဆိုအပ်သောမဂ်ဉာဏ်နှင့်ပြည့်စုံသူ ပရမတ္ထအားဖြင့် ချမ်းသာခြင်းရှိသူ ကိလေသာအညစ်အကြေးတို့ကို ဆေးကြောပြီးသူ ဖြစ်၏။

ဤသို့လျှင် ပုဏ္ဏာသထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

# သောဠသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၃-ဝီသတိနိပါတ်

## ၁-အမ္ဗပါလီထေရီဂါထာ

၂၅၂။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ ဦးခေါင်း၌ပေါက်သော ဆံပင်တို့သည် မည်းနက်သော အဆင်းရှိကုန်၏၊ ပိတုန်းရောင်နှင့်တူသော အဆင်းရှိကုန်၏၊ ကော့တက်သော အဖျားရှိကုန်၏၊ (ယခုမူကား) အိုခြင်းကြောင့် ထိုဦးခေါင်း၌ ပေါက်သောဆံပင်တို့သည် ပိုက်ဆံလျှော်မျှင်နှင့် တူခဲ့ကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၃။ ငါ၏ မြတ်သော အင်္ဂါဟူသောခေါင်း၌ ပေါက်သောဆံထုံးသည် (ရှေးပျိုရွယ်စဉ်အခါက) (ပန်းနံ့သာမှုန့်စသည်တို့ဖြင့်) ထုံအပ်သော နံ့သာကြုတ်ကဲ့သို့ ကောင်းစွာ မွှေးကြိုင်သော အနံ့ရှိ၏၊ (စကားပန်း မုလေးပန်းစသော ပန်းတို့ဖြင့်) ပြည့်သည်ဖြစ်၍ (အညစ်အကြေးကင်း၏)၊ (ယခုမူကား) အိုခြင်းကြောင့် ထိုဦးခေါင်း၌ပေါက်သော ဆံပင်သည် ပြုကတေ့ ညှီစို့စို့ဆံပင်နံ့သာလျှင် နံပေ၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၄။ ငါ၏ ဆံပင်တို့သည် (ရှေးပျိုရွယ်စဉ်အခါက) ညီညီညွတ်ညွတ် ကောင်းစွာ စိုက်ပျိုးအပ်သော တခဲနက်ထူထပ်စွာသော အခက်အလက်ရှိသော ပန်းတောကဲ့သို့ ဘီးဖြင့်ရှင်း ရွှေဆံကျင်တို့ဖြင့်ရှင်း သင်အပ်ပြီးသော အဖျားရှိသည်ဖြစ်၍ တင့်တယ်လှပ၏၊ (ယခုမူကား) အိုခြင်းကြောင့် ခေါင်း၌ ပေါက်သောဆံပင်တို့သည် ထိုထိုအရပ်၌ ကျဲတောက်တောက်သာလျှင် ကျန်ရှိတော့၏ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၅။ ထိုဦးခေါင်းသည် (ရှေးပျိုရွယ်စဉ်အခါက) ရွှေဆံကျင် စိန်ဆံထိုးအစရှိသည်တို့ဖြင့် တန်ဆာဆင်အပ်သော မည်းနက်သောဆံပင်ရှိလျက် ငုရွှေပန်းသဏ္ဍာန် ကောင်းသော ဆံမြိတ်ဆံထုံးတို့ဖြင့် တန်းဆာဆင်အပ်သည်ဖြစ်၍ တင့်တယ်ခဲ့ပါ၏၊ (ယခုမူကား) ထိုဦးခေါင်းသည် အိုခြင်းတရားနှိပ်စက်အပ်သည်ဖြစ်၍ ဆံပင်ကျွတ်ကာ ခေါင်းပြောင်ခဲ့ပါ၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၆။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ ကောင်းစွာ လှပတင့်တယ်သော မျက်ခုံးအရေးတို့သည် ညိုသောအဆင်းဖြင့် ပန်းချီဆရာ ကောင်းစွာရေးခြယ်အပ်သော အရေးတို့ကဲ့သို့ ကောင်းစွာ တင့်တယ်ကုန်၏၊ ယခုအခါ အိုခြင်းကြောင့် ထိုမျက်ခုံးအရေးတို့သည် နဖူးစွန်း၌ဖြစ်သော အရေတွန့်တို့ဖြင့် တွန့်ရှုန့် တွဲရရွဲကျလျက် တည်ကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

http://www.dhammadownload.com



၂၅၇။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏မျက်လုံးတို့သည် မြလက်စွပ်ကဲ့သို့ ပြိုးပြိုးပြက်သော အရောင်ရှိသည်ဖြစ်၍ အလွန်နှစ်သက်ဖွယ်ရှိကုန်၏၊ အလွန်ညိုသည်ဖြစ်၍ ကျယ်ဝန်းကုန်၏၊ ယခုမူကား ထိုငါ၏မျက်လုံးတို့သည် အိုခြင်းတရားနှိပ်စက်အပ်သည်ဖြစ်၍ မတင့်တယ်ကြလေတော့ကုန်၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၈။ (ရှေးပျိုရွယ်စဉ်အခါက)ငါ၏နှာခေါင်းနှာတံသည် အလွန်ပျိုနုသောအရွယ်ကိုစွဲကာ သိမ်မွေ့စွာ ထင်ပေါ်လျက် (ကြွင်းသော မျက်နှာအစိတ်အပိုင်းတို့နှင့် လျောက်ပတ်သည်ဖြစ်၍) တင့်တယ်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုနှာခေါင်းနှာတံသည် သားရေကြိုးထုံးကဲ့သို့ဖြစ်၏၊ ဟုတ်မှန်သည်ကိုသာဆိုလေ့ရှိသောမြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၅၉။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ နားရွက်တို့သည် ကောင်းစွာပြုအပ် ကောင်းစွာပြီးစေအပ်သော ရွှေလက်ကောက်ကဲ့သို့ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုငါ၏နားရွက်တို့သည် အရေတွန့်တို့ဖြင့် ကွန့်ရရှုံ့ တွဲရရွဲ ရှည်တွဲကျကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၀။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ သွားတို့သည် ငှက်ပျောငုံအကင်းနှင့်တူသော သဏ္ဌာန်ရှိကုန်သည်ဖြစ်၍ တင့်တယ်ကြကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုငါ၏ သွားတို့သည် ကျိုးပျက်မည်းနက်ကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၁။ (ရှေးပျိုရွယ်စဉ်အခါက)တောအုပ်၌ ကျက်စားလေ့ရှိသော တော၌ နေလေ့ရှိသော ဥဩမကဲ့သို့ သာယာစွာသောအသံကို ငါပြောဆိုခဲ့ပါ၏၊ ယခုမူကား အိုခြင်းကြောင့် ထိုသာယာစွာသောအသံသည် ထိုထိုသို့သောစကား၌ ချွတ်ယွင်းခဲ့၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၂။ (ရှေးပျိုရွယ်စဉ်အခါက)ငါ၏လည်တိုင်သည် သိမ်မွေ့ပြေပြစ်သော ရွှေခရုသင်းကဲ့သို့ (လည်ရေးတို့ဖြင့်) တင့်တယ်၏၊ ယခုမူကား အိုခြင်းကြောင့် ခရုသင်းကဲ့သို့ အရစ်အရစ်ထသော လည်တိုင်သည် (အကြောပြိုင်းပြိုင်းထသဖြင့်) ပျက်စီးသည်ဖြစ်၍ ဖောက်ပြန်ခြင်းသို့ ရောက်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်)ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၃။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ လက်မောင်းနှစ်ဖက်တို့သည် လုံးသောတံခါးတိုင်နှင့် တူကုန်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုလက်မောင်းနှစ်ဖက်တို့သည် ဆွေးမြေ့ဖြူဖွေးသော သခွတ်ကိုင်းနှင့် တူနေကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

http://www.dhammadownload.com



၂၆၄။ (ရှေးပျိုရွယ်စဉ်အခါက)ငါ၏ လက်ချောင်းတို့သည် ရွှေဖြင့်ပြီးသော သိမ်မွေ့ပြေပြစ်သော လက်စွပ်တို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုလက်ချောင်းတို့သည် မုံလာဥအမြစ်ကဲ့သို့ ဖြစ်ကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၅။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ သားမြတ်နှစ်ခုတို့သည် ဖြိုးပြည့်လုံးလျောင်း ဟပေါင်းတည်းစပ်လျက် အထက်သို့ မောက်တက်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုသားမြတ်နှစ်ခုတို့သည် ရေမရှိသော ရေစစ်အိတ်ကဲ့သို့ တွဲရရွဲ တွဲကျကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၆။ (ရှေးပျိုရွယ်စဉ်အခါက)ငါ၏ ကိုယ်သည် (ဟသံပြတ်ားဖြင့်) ရှည်ကြာမြင့်စွာ ပွတ်နယ်အပ်သော ရွှေပျဉ်ပြားကဲ့သို့ တင့်တယ်ခဲ့၏၊ ထိုကိုယ်သည် ယခုအခါ သေးငယ်သော အတွန့်တို့ဖြင့် အရေတွန့်သောအဖြစ်သို့ ရောက်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၇။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ ပေါင်နှစ်ဖက်တို့သည် ဆင်နှာမောင်းနှင့် တူကုန်သည်ဖြစ်၍သာလျှင် တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုပေါင်နှစ်ဖက်တို့သည် ပါးနပိန်အဆစ်နှင့် တူကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၈။ (ရှေးပျိုရွယ်စဉ်အခါက) ငါ၏ ခြေသလုံးတို့သည် သိမ်မွေ့ပြေပြစ်သော ရွှေခြေကျင်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုခြေသလုံးတို့သည်(ရိတ်၍ကြွင်းသော)နှမ်းရိုးခြောက်ငုတ်တို့ကဲ့သို့ ဖြစ်ကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၆၉။ (ရှေးပျိုရွယ်စဉ်အခါက)ငါ၏ ခြေနှစ်ဖက်တို့သည် လက်ပံလဲသွတ်သည့် ဖနှောင့်ဖုံး ဖမိုးဖုံးတတ်သော ဘိနပ်နှင့်အတူ နူးညံ့ကုန်သည်ဖြစ်၍ တင့်တယ်ကုန်၏၊ ယခုမူကား အိုခြင်းကြောင့် ထိုခြေဖမိုးနှစ်ဖက်တို့သည် ကွဲကုန်၏၊ တွန့်သောအရေရှိကုန်၏၊ ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်) ဟောတော်မူတိုင်း မှန်သည်သာတည်း။

၂၇၀။ ဤငါ၏ကိုယ်သည် ဤသို့သဘောရှိ၏၊ အိုမင်းရင့်ရော်၍ များစွာသော ဆင်းရဲတို့၏ တည်ရာဖြစ်၏၊ ထိုငါ၏ ကိုယ်သည် အိမ်အိုကြီးကဲ့သို့ အသားအသွေးကုန်သဖြင့် လဲပြိုခြင်းသို့ ရွေးရှု၏၊ (ထို့ကြောင့်)ဟုတ်မှန်သည်ကိုသာ ဆိုလေ့ရှိသော မြတ်စွာဘုရား၏ စကားတော်သည် (တမျိုးတခြားမဖြစ်)ဟောတော်မူတိုင်း မှန်သည်သာတည်း။

ဤသို့လျှင် အမ္ဗပါလီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၂-ရောဟိနီထေရီဂါထာ

၂၇၁။ ချစ်သမီးရောဟိနီ (သင်သည်) အိပ်သောအခါ၌လည်း ရဟန်း ရဟန်းဟူသော စကားကိုသာလျှင် ဆိုလျက် အိပ်ဘိ၏၊ အိပ်ရာမှ နိုးသောအခါ၌လည်း ရဟန်း ရဟန်း ဟူသော စကားကိုသာလျှင်ဆိုလျက် နိုးဘိ၏၊ (သင်သည်) ရဟန်းတို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်းဘိ၏၊ (သင်သည် လူ့အသွင်ဖြင့် နေသော်လည်း) စိတ်အားဖြင့် ရဟန်းမ ဖြစ်ဂိမ့်မည်ဟု ထင်ဘိ၏။

၂၇၂။ ရဟန်းတို့အား များစွာသော ထမင်းအဖျော်ကို ပေးလှူ၏၊ ချစ်သမီး-ရောဟိနီ ယခုအခါ သင့်အား ငါမေးပါ၏၊ အဘယ်အကြောင်းကြောင့် သင်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်သနည်း။

၂၇၃။ ရဟန်းတို့သည် အမှုကိစ္စကို ပြုလုပ်ခြင်းငှါ အလိုမရှိကြကုန်၊ ပျင်းရိကြကုန်၏၊ သူတပါးတို့ ပေးအပ်သည်ကိုသာမှီ၍ အသက်မွေးလေ့ ရှိကြကုန်၏၊ သူတပါးတို့ထံမှ အရှိ အသေပြုခြင်းစသည်ကိုသာ တောင့်တစတ်ကြကုန်၏၊ ချိုမြိန်ကောင်းမွန်သော အစာကိုသာ အလိုရှိကြကုန်၏၊ သင်သည် အဘယ်အကြောင်းကြောင့် ရဟန်းတို့ကို ချစ်အပ်ပါသနည်း(ဟု ဖခင်ပုဏ္ဏားက မေး၏)။

၂၇၄။ ဖခင်ပုဏ္ဏား ကြာမြင့်မှလျှင် ရဟန်းတို့အား ချစ်အပ်သည်ကို အကျွန်ုပ်အား မေးလေဘိ၏၊ ထိုရဟန်းတို့၏ ပညာ သီလ လုံ့လကို သင်ဖခင်အား ပြောကြားပါအံ့။

၂၇၅။ ရဟန်းတို့သည် (ဝတ်ကြီးဝတ်ငယ်စသော) ရဟန်းအမှုကိစ္စကို ပြုလုပ်ခြင်းငှါ အလိုရှိကုန်၏၊ ပျင်းရိမှု မရှိကုန်၊ နိဗ္ဗာန်သို့ ဆောင်တတ်သော မြတ်သောအမှုကို ပြုတတ်ကုန်၏၊ တပ်မက်မှုရာဂကိုငင်း အမျက်ထွက်မှု ဒေါသကိုငင်း စွန့်ကြကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၇၆။ မကောင်းမှု၏ အမြစ်အရင်းသုံးပါးတို့ကို ပယ်စွန့် ခါတွက်နိုင်ကြပေကုန်၏၊ အပြစ်မရှိ စင်ကြယ်သောအမှုကို ပြုတတ်ကုန်၏၊ ထိုရဟန်းတို့သည် အလုံးစုံမကောင်းမှု အားလုံးကို ပယ်အပ်ပြီ၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၇၇။ ထိုရဟန်းတို့၏ ကိုယ်ဖြင့်ပြုအပ်သော (ကာယကံ)မှုသည်လည်း စင်ကြယ်၏၊ ထိုကာယကံအတူ နှုတ်ဖြင့်ပြုအပ်သော (ဝစီကံ)မှုသည်လည်း စင်ကြယ်၏၊ ထိုရဟန်းတို့၏ စိတ်ဖြင့် ပြုအပ်သော (မနောကံ)မှုသည်လည်း စင်ကြယ်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၇၈။ ထိုရဟန်းတို့သည် (ပွတ်သစ်စဖြစ်သော) ခရုသင်း ပုလဲရတနာတို့ကဲ့သို့ ရာဂ စသော အညစ်အကြေးကင်းကုန်၏၊ ကိုယ်တွင်းကိုယ်ပမှ စင်ကြယ်သော အလိုဆန္ဒလုံ့လ ရှိကုန်၏၊ (စင်စစ်) ဖြူစင်ကုန်သော အပြစ်မရှိသော သီလစသော ကျေးဇူးတရားတို့နှင့် ပြည့်စုံကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၇၉။ ထိုရဟန်းတို့သည် များသောအကြားအမြင်ရှိကုန်၏၊ ပရိယတ္တိ ပဋိပတ္တိ တရားကို ဆောင်ကုန်၏၊ အရိယာဖြစ်ကုန်၏၊ တရားသဖြင့် အသက်မွေးတတ်ကုန်၏၊

http://www.dhammadownload.com



အနက်ကိုရင်း ပါဠိကိုရင်း ပြောဟောတတ်ကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၀။ ထိုရဟန်းတို့သည် များသောအကြားအမြင်ရှိကုန်၏၊ ပရိယတ္တိ ပဋိဝေဓ တရားကို ဆောင်ကုန်၏၊ အရိယာဖြစ်ကြကုန်၏၊ တရားသဖြင့် အသက်မွေးကုန်၏၊ တည်ကြည်သောစိတ်ရှိကုန်၏၊ ထင်သော သတိရှိကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၁။ ထိုရဟန်းတို့သည် လူနှင့်ဝေးသော တောအရပ်သို့ သွားတတ်ကုန်၏၊ ထင်သောသတိရှိကုန်၏၊ ပညာဖြင့် ဆင်ခြင်၍ စကားကို ဆိုလေ့ရှိကုန်၏၊ ပျံ့လွင့်ခြင်းမရှိကုန်၊ ဝဋ်ဆင်းရဲ၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို ပိုင်းခြား၍ သိကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၂။ ထိုရဟန်းတို့သည် အကြင်ရွာမှ ဖဲသွားကြကုန်၏၊ ထိုရွာ၌ တစုံတခုသော သတ္တဝါသခါရကို (တပ်မက်ငဲ့ကွက်သောအားဖြင့်) ပြန်လှည့်၍ပင် မကြည့်ကြကုန်၊ ငဲ့ကွက်ခြင်းကင်းကုန်သည်ဖြစ်၍သာလျှင် ရွာမှ ဖဲသွားကြကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၃။ ထိုရဟန်းတို့သည် မိမိဥစ္စာကို ဘဏ္ဍာတိုက်ကျီကြ၌ မသိုမှီးကြ၊ မသိမ်းဆည်းကြကုန်၊ အိုး၌ မသိုမှီးမသိမ်းဆည်းကြကုန်၊ ခြင်းတောင်း၌ မသိုမှီးမသိမ်းဆည်းကြကုန်၊ ချက်ပြီးသော အစာကိုသာ ရှာမှီးလေ့ ရှိကြကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၄။ ထိုရဟန်းတို့သည် အသပြာကို အလှူမခံကုန်၊ ရွှေကို အလှူမခံကုန်၊ ငွေကို အလှူမခံကုန်၊ ပစ္စုပ္ပန်ဖြစ်သော ပစ္စည်းဖြင့်သာ မျှတတော်မူကြကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏။

၂၈၅။ ထိုရဟန်းတို့သည် အထူးထူးသော အမျိုးမှရင်း အထူးထူးသော ဇနပုဒ်တို့မှရင်း ရဟန်းပြုကုန်သည်ဖြစ်၍ (အမျိုးအမည် မတူပါပဲလျက်) အချင်းချင်းချစ်မြတ်နိုးကြပေကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းတို့ကို ချစ်အပ်ပါကုန်၏(ဟု ရောဟိနီက ဖြေ၏)။

၂၈၆။ ချစ်သမီးရောဟိနီ သင်ချစ်သမီးသည် ငါတို့၏ အကျိုးစီးပွါးအလို့ငှါ ငါတို့အမျိုး၌ ဖြစ်လာပေစွတကား၊ သင်ချစ်သမီးသည် ဘုရား၌ရင်း တရား၌ရင်း သံဃာ၌ရင်း ယုံကြည်မှုသဒ္ဓါတရားရှိပါပေစွတကား၊ ထက်သန်သောရိုသေမှု ရှိပါပေစွတကား။

၂၈၇။ သင်ချစ်သမီးသည် အလွန်အကဲမရှိသော ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော ထိုရတနာသုံးပါးကို သိပေ၏၊ ထိုရဟန်းတို့သည် ငါတို့၏လည်း လှူဖွယ်ဝတ္ထုကို ခံပေကုန်၏(ဟု ဖခင်ပုဏ္ဏားက ဆို၏)။

၂၈၈။ ဤရဟန်းတို့၌ တည်ထားအပ်သော လှူဖွယ်ဝတ္ထုသည် ငါတို့အား ပြန့်ပြော များမြတ်သော အကျိုးရှိလတ္တံ့၊ ဖခင်ပုဏ္ဏား သင်သည် ဆင်းရဲမှ ကြောက်ခဲ့မူ ဆင်းရဲကို မချစ်ခဲ့မူ—

http://www.dhammadownload.com



၂၇၉။ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုငင်း တရားတော်ကိုငင်း သံဃာတော်ကိုငင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ သီလတို့ကို ဆောက်တည်လေလော့၊ ထိုရတနာသုံးပါးကို ဆည်းကပ်ခြင်း သီလဆောက်တည်ခြင်းသည် သင်ဖခင်အား အကျိုးများခြင်းငှါ ဖြစ်ပါလတ္တံ့ (ဟု ရောဟိနီက ဆို၏)။

၂၈၀။ ချစ်သမီးရောဟိနီ ငါသည် တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုငင်း တရားတော်ကိုငင်း သံဃာတော်ကိုငင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သီလတို့ကိုလည်း ဆောက်တည်ပါအံ့၊ ထိုရတနာသုံးပါးကို ဆည်းကပ်ခြင်း သီလဆောက်တည်ခြင်းသည် ငါ့အား အကျိုးများခြင်းငှါ ဖြစ်ပါလတ္တံ့။

၂၈၁။ ထိုငါသည် ရှေးအခါက (ပုဏ္ဏားတို့၌ သမုတ်သဖြင့်) ဗြဟ္မာမင်း၏ အဆွေဖြစ်သော ဗြာဟ္မဏဇာတ်ရှိသူ ဖြစ်ခဲ့၏၊ ယခုအခါသော်ကား မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏဖြစ်ခဲ့၏၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူ ပရမတ္ထအားဖြင့် ချမ်းသာခြင်းရှိသူ ဖြစ်ခဲ့၏၊ ဝေဒဟုဆိုအပ်သော မဂ်ဉာဏ်နှင့်ပြည့်စုံသူ ကိလေသာအညစ်အကြေးတို့ကို ဆေးကြောပြီးသူ ဖြစ်ခဲ့၏(ဟု ဖခင်ပုဏ္ဏားက ဖြေ၏)။

ဤသို့လျှင် ရောဟိနီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၃-စာပါထေရီဂါထာ

၂၈၂။ စာပါ ဥပကသည် ရှေးပရိဗိုဇ်ရဟန်းဖြစ်စဉ်အခါ၌ တောင်ဝှေးလက်စွဲ၍ သွားသော တက္ကတွန်းဖြစ်ခဲ့ဘူးပြီ၊ ထိုဥပကသည် ယခုအခါ သားမှုဆိုးဖြစ်၏၊ တပ်မက်မောမှုကြောင့် ကြမ်းထမ်းစွာသော ကာမဂုဏ်ဒိဋ္ဌိတည်းဟူသော ညွှန်စေးမှ ကမ်းတဖက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ခြင်းငှါ မစွမ်းနိုင်။

၂၈၃။ မိမိ၌ ကာမဂုဏ်၏ အစွမ်းဖြင့် အလွန်တပ်မက်နေပြီဟု မှတ်ထင်ကာ မုဆိုးသမီးဖြစ်သော စာပါသည် ငါ့ကို (ချုတ်ချယ်စောင်းမြောင်းလိုသည်ဖြစ်၍ တက္ကတွန်းသားစသည်ဖြင့်) သားကို ချော့၏၊ စာပါ ငါသည် သင်၌ ချစ်ခြင်းကိလေသာဟူသော အနှောင်အဖွဲ့ကို ဖြတ်၍ နှစ်ကြိမ်မြောက် နောက်ထပ်တဖန်လည်း ရဟန်းပြုတော့အံ့(ဟု ဥပကက ပြော၏)။

၂၈၄။ ကြီးသော လုံ့လရှိသော ဥပက(ပြက်ရယ်မှုပြုကာမျှဖြင့်)အကျွန်ုပ်အား အမျက်မထွက်ပါလင့်၊ ရဟန်းမြတ်ဖြစ်သော အသျှင်ဥပက (ပြက်ရယ်ပြုကာမျှဖြင့်)အကျွန်ုပ်အား အမျက်မထွက်ပါလင့်၊ မုန်လှပါ၏၊ အမျက်ထွက်ခြင်းဖြင့် နှိပ်စက်အပ်သော အသျှင်ဥပကအား သီလ၏စင်ကြယ်ခြင်းသည် မရှိနိုင်ရာ၊ မြိုးချိသော အကျင့်သည် အဘယ်မှာ ရှိနိုင်အံ့နည်း(ဟု စာပါက ပြော၏)။

၂၈၅။ စာပါ အဘယ်သူသည် ဤနာဠန္ဒရွာ၌ နေလတ္တံ့နည်း၊ ငါသည် နာဠန္ဒရွာမှ မချွတ်သွားအံ့သည်သာတည်း၊ စာပါ သင်သည် တရားသဖြင့် အသက်မွေးကုန်သော ငါကဲ့သို့သော ရဟန်းကောင်းတို့ကို မိန်းမတို့၏ အမူအရာ အသွင်အပြင်ဖြင့် နှောင်ဖွဲ့လျက် တည်ဘိ၏(ဟု ဥပကက ပြော၏)။

http://www.dhammadownload.com



၂၉၆။ မည်းနက်သော အဆင်းရှိသော အသျှင်ဥပက လာပါဦး၊ ရှေးကကဲ့သို့ ကာမဂုဏ်တို့ကို ခံစားပါဦးလော့၊ အကျွန်ုပ်သည်ရင်း အကျွန်ုပ်၏ အကြင်ဆွေမျိုးတို့သည်ရင်း ရှိကြပါကုန်၏၊ ထိုအကျွန်ုပ်နှင့်တကွ ဆွေမျိုးအားလုံးတို့သည် သင်၏ အလိုသို့ လိုက်သည်တို့ကို ပြုကြပါကုန်အံ့(ဟု စာပါက ပြော၏)။

၂၉၇။ စာပါ ယခုအခါ သင်သည် အကြင်သို့သဘောရှိသော စကားကို ပြောဆို၏၊ သင် ယခုပြောဆိုသော ဤစကားထက် လေးဆတက်ဖြစ်သော ချစ်နှစ်သက်ဖွယ် စကား ပြောဆိုခြင်းကို အကယ်၍ ပြောဆိုစေဦးတော့၊ ထိုချစ်ဖွယ်သောစကား ပြောဆိုခြင်းသည် သင်၌ တပ်မက်မောသော ယောကျ်ားအားသာ မွန်မြတ်သည်သာ ဖြစ်ပေရာ၏၊ ငါသည်မူကား သင်၌ တပ်မက်မှု ကင်းခဲ့ပြီ(ဟု ဥပကက ပြော၏)။

၂၉၈-၉။ မည်းနက်သောအဆင်းရှိသော အသျှင်ဥပက တောင်ထိပ်၌ လှိုင်စွာပွင့်သော ရေသကျည်းပင်ကဲ့သို့ရင်း လှိုင်စွာပွင့်သော သလဲနွယ်ကဲ့သို့ရင်း လေးကျွန်းအချာ အသုရာ ပြည်၌ လှိုင်စွာပွင့်သော သခွတ်ပင်ကဲ့သို့ရင်း ထွတ်ထွတ်နုနယ် တင့်တယ်သော ကိုယ်အင်္ဂါ ရှိသော စန္ဒကူးနီဖြင့် လိမ်းကျံအပ်သော ကိုယ်အင်္ဂါရှိသော မြတ်သော ကာသိတိုင်း၌ဖြစ် သော အဝတ်အရုံကိုသာ ဝတ်ရုံသော ထိုသို့သဘောရှိသော အကျွန်ုပ်ကို အဆင်းလှခြင်းနှင့် ပြည့်စုံသည်ဖြစ်ပါလျက် အဘယ်ကြောင့် စွန့်၍ သင်သွားအံ့နည်း(ဟု စာပါကပြော၏)။

၃၀၀။ စာပါ ငှက်မုဆိုးသည် ငှက်အပေါင်းကို ထောင်ခြင်းငှါ အလိုရှိသကဲ့သို့ ထို့အတူ သင်သည် ပြုပြင်ဖန်တီးသော ရုပ်အဆင်းဖြင့် ငါ့ကို ကာမဂုဏ်ဖြင့် နှောင်ဖွဲ့ခြင်းငှါ အလိုရှိခဲ့၏၊ ယခုအခါ သင်သည် ငါ့ကို မညှဉ်းဆဲနိုင်လတ္တံ့(ဟု ဥပကက ပြော၏)။

၃၀၁။ မည်းနက်သော အဆင်းရှိသော အသျှင်ဥပက ထိုအကျွန်ုပ်၏ သားတည်း ဟူသော အသီးကို အသင်သည် ဖြစ်စေအပ်ပါ၏၊ ထိုသို့သဘောရှိသော အကျွန်ုပ်ကို သားရှိသူ ဖြစ်ပါလျက် အဘယ်ကြောင့် စွန့်၍ သင်သွားအံ့နည်း(ဟု စာပါက ပြော၏)။

၃၀၂။ စာပါ ပညာရှိတို့သည် သားသမီးတို့ကို စွန့်ကြကုန်၏၊ ထို့နောက် ဆွေမျိုး တို့ကို စွန့်ကြကုန်၏၊ ထို့နောက် ပစ္စည်းဥစ္စာကို စွန့်ကြကုန်၏၊ ဆင်ပြောင်ကြီးသည် အနှောင်အဖွဲ့ကို ဖြတ်၍ သွားသကဲ့သို့ ကြီးသော လုံ့လရှိသော သူတော်ကောင်းတို့သည် လူ၏ အနှောင်အဖွဲ့ကို ဖြတ်၍ ရဟန်းပြုကြကုန်၏(ဟု ဥပကက ပြော၏)။

၃၀၃။ မည်းနက်သော အဆင်းရှိသော အသျှင်ဥပက ယခု သင်၏သားကို တုတ်လုံးတံ ဖြင့်ရင်း ဓားငယ်ဖြင့်ရင်း ရိုက်ပုတ်ထိုးခုတ်ပေအံ့၊ မြေ၌သော်လည်း ချ၍ ညှဉ်းဆဲပေအံ့၊ သား၌ စိုးရိမ်ခြင်းကြောင့် သင်မသွားရလတ္တံ့(ဟု စာပါက ပြော၏)။

၃၀၄။ ဟယ် အယုတ်မ သင်သည် သားကို မြေခွေး အိမ်ခွေးတို့အား ကိုက်စေရန် အကယ်၍ ပေးလိုက်စေဦးတော့၊ သားတည်းဟူသော အကြောင်းကြောင့် သင်သည် ငါ့ကို လူ့ဘောင်သို့ တဖန် မလည်စေနိုင်လတ္တံ့(ဟု ဥပကက ပြော၏)။

၃၀၅။ မည်းနက်သော အဆင်းရှိသော ကောင်းသော ကျေးဇူးနှင့် ပြည့်စုံသော အသျှင်ဥပက ယခုအခါ အဘယ်အရပ်သို့ သွားပါမည်နည်း၊ အဘယ်မည်သော ရွာနိဂုံး မြို့ မင်းနေပြည်တို့သို့ သင်သွားပါမည်နည်း(ဟု စာပါက မေး၏)။

http://www.dhammadownload.com



၃၀၆။ စာပါ ငါတို့သည် ရှေးအခါက ဂိုဏ်းကိုဆောင်သော တက္ကတွန်းတို့ဖြစ်ခဲ့ကြကုန်၏၊ ရဟန်းမဟုတ်ကုန်ပဲလျက် ရဟန်းဟု အမှတ်ရှိခဲ့ကြကုန်လျက် တရွာမှတရွာမြို့ မင်းနေပြည်တို့သို့ လှည့်လည်ခဲ့ကြကုန်၏။

၃၀၇။ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော ဤမြတ်စွာဘုရားသည် နေရဉ္ဇရာမြစ်၏အနီး၌ သတ္တဝါတို့၏ အလုံးစုံသော ဆင်းရဲကိုပယ်ခြင်းငှါ တရားဟော၍ နေတော်မူ၏၊ ငါသည် ထိုမြတ်စွာဘုရား၏အထံတော်သို့ သွားတော့အံ့၊ ထိုမြတ်စွာဘုရားသည် ငါ၏ဆရာဖြစ်လတ္တံ့သတည်း(ဟု ဥပကက ဖြေ၏)။

၃၀၈။ မည်းနက်သော အဆင်းရှိသော အသျှင်ဥပက ယခု အကျွန်ုပ်၏ ရှိခိုးခြင်းကို အတုမရှိမူ၍ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားအား လျှောက်ထားပါလေလော့၊ သင်သည် မြတ်စွာဘုရားကို လက်ျာရစ် လှည့်လည် ရှိခိုးခြင်းကို ပြုပြီးနောက် အကျွန်ုပ်အား ကောင်းမှုအဘို့ကိုလည်း ချည်ညွှန်းပေးဝေပါလော့(ဟု စာပါက ပြော၏)။

၃၀၉။ စာပါ သင်သည် အကြင်စကားကို ငါ့အား ပြောဆို၏၊ ထိုမြတ်စွာဘုရားအား ရှိခိုးခြင်း ကောင်းမှု၏အဘို့ကို သင့်အား ပေးဝေမှုမျိုးကို ငါတို့သည် သင့်အား ပေးဝေခြင်းငှါ ရကောင်းပါ၏၊ ယခုအခါ သင်၏ရှိခိုးခြင်းကို အတုမရှိမူ၍ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားအား ငါလျှောက်ကြားလိုက်ပါအံ့၊ မြတ်စွာဘုရားကို လက်ျာရစ်လှည့်လည်ရှိခိုးပြီးနောက် ကောင်းမှု၏အဘို့ကို သင့်အား အမျှပေးဝေလိုက်ပါအံ့(ဟု ဆိုပြီးလျှင်)—

၃၁၀။ မည်းနက်သောအဆင်းရှိသော အသျှင်ဥပကသည် ထိုရွာမှ ဖဲသွားလေ၏၊ ထိုမည်းနက်သော အဆင်းရှိသော ဥပကသည် နေရဉ္ဇရာမြစ်ကမ်းနား၌ သေခြင်း ကင်းရာ နိဗ္ဗာန်ကို ဟောတော်မူသော မြတ်စွာဘုရားကို မြင်ရလေ၏။

၃၁၁။ ဒုက္ခသစ္စာကိုင်း ဒုက္ခ၏အကြောင်းဖြစ်သော တဏှာဟုဆိုအပ်သော သမုဒယသစ္စာကိုင်း ဝဋ်ဆင်းရဲ၏လွန်ရာဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုင်း မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုင်း (ဟောတော်မူတတ်သော မြတ်စွာဘုရားကို ဖူးမြင်ပြီးနောက်)—

၃၁၂။ ထိုမြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ လက်ျာရစ် လှည့်လည် ရှိခိုးခြင်းတည်းဟူသော မြတ်သော ကောင်းမှုကိုပြုပြီးနောက် စာပါအား ကောင်းမှု၏အဘို့ကို အမျှပေးဝေ၍ ထိုဥပကသည် အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၏၊ ထိုဥပကသည် ဝိဇ္ဇာသုံးပါးဘို့ကို ရအပ်ကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။

ဤသို့လျှင် စာပါထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

http://www.dhammadownload.com



## ၄-သုန္ဒရီထေရီဂါထာ

၃၁၃။ ထေရီမ သင်သည် ရှေးအခါက သေသောသားသမီးတို့ကို စားသည်ဖြစ်၍ ၁ နေ့၌ရင်း ညဥ့်၌ရင်း ပြင်းစွာလျှင် ပူပန်ဘိ၏။

၃၁၄။ ပုဏ္ဏားမျိုးဖြစ်သော ဝါသေဋ္ဌီထေရီမ ထိုသင်သည် အလုံးစုံ အရာမကသော သားတို့ကိုစား၍ ယခု အဘယ်ကြောင့် ပြင်းစွာ မပူပန်ဘိလေသနည်း(ဟု သုဇာတပုဏ္ဏား က မေး၏)။

၃၁၅။ သုဇာတပုဏ္ဏား ငါသည်ရင်း သင်သည်ရင်း ရှေးလွန်လေပြီးသော ဘဝ၌ အရာမကများလှစွာသော သားတို့ကိုရင်း အရာမကသော ဆွေမျိုးအပေါင်းတို့ကိုရင်း စားအပ်ကုန်ပြီ။

၃၁၆။ ထိုငါသည် ပဋိသန္ဓေနေခြင်း (အိုခြင်း) သေခြင်း၏ ထွက်မြောက်ရာနိဗ္ဗာန်ကို (မဂ်ဉာဏ်ဖြင့်)သိ၍ မစိုးရိမ်တော့ပြီ၊ ငိုလည်း မငိုကြွေးတော့ပြီ၊ ပင်ပန်းလည်း မပင်ပန်း တော့ပြီ(ဟု ထေရီမက ဖြေ၏)။

၃၁၇။ ဝါသေဋ္ဌီမည်သော ထေရီမ သင်သည် မဖြစ်ဘူးမြဖြစ်သော ဤသို့ သဘော ရှိသော စကားကို ပြောဆိုပေစွတကား၊ သင်သည် အဘယ်မည်သောဆရာ၏ တရား စကားကို သိရ၍ ဤသို့ သဘောရှိသော စကားကို ပြောဆိုနိုင်ဘိသနည်း(ဟု သုဇာတ ပုဏ္ဏားက ထပ်၍ မေး၏)။

၃၁၈။ သုဇာတပုဏ္ဏား အလုံးစုံသော တရားတို့ကို အလိုလို ကိုယ်တော်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် မိထိလာပြည်ကြီးအနီး၌ ဆင်းရဲအားလုံးကို ပယ် ခြင်းငှါ သတ္တဝါတို့အား တရားဟောတော်မူ၏။

၃၁၉။ သုဇာတပုဏ္ဏား ငါသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ထိုမြတ်စွာဘုရား ၏ ဆင်းရဲခြင်းမရှိသော တရားတော်ကို ကြားနာရသည်ရှိသော် ထိုမြတ်စွာဘုရား အထံ တော်၌ သစ္စာလေးပါး တရားကို သိပြီးသည်ဖြစ်၍ သား၌ စိုးရိမ်ခြင်းကို ပယ်နိုင်ခဲ့၏(ဟု ထေရီမက ဖြေ၏)။

၃၂၀။ (ဝါသေဋ္ဌီထေရီမ) ထိုငါသည်လည်း မိထိလာပြည်၏ အနီးသို့ သွားပေအံ့၊ ထို မြတ်စွာဘုရားသည် ငါ့ကို ဆင်းရဲအားလုံးမှ လွတ်စေနိုင်မည်လည်း မသိပါ(ဟု ဆို၏)။

၃၂၁။ သုဇာတပုဏ္ဏားသည် (မိထိလာပြည်သို့ သွားပြီးလျှင်)ကိလေသာအားလုံးတို့မှ လွတ်တော်မူသော ဆင်းရဲခြင်းရှိတော်မမူသော မြတ်စွာဘုရားကို ဖူးမြင်ရလေ၏၊ ဝဋ် ဆင်းရဲဟူသော ရေအယဉ်၏ ကမ်းတဖက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော ထို မြတ်စွာဘုရားသည် ထိုသုဇာတပုဏ္ဏားအား သစ္စာလေးပါးတရားကို ဟောတော်မူ၏။

၃၂၂။ ဒုက္ခသစ္စာကိုရင်း ဒုက္ခ၏အကြောင်းဖြစ်သော တဏှာဟုဆိုအပ်သောသမုဒယ သစ္စာကိုရင်း ဝဋ်ဆင်းရဲ၏လွန်ရာဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုရင်း

---

၁ အဘိဓာနဝေါဟာရအားဖြင့် ဆဲရေးသောစကားဖြစ်၏၊ ရှေးတိုင်းမှေ့းတိုင်းသော သာသမီးတို့ သေဆုံး သည်ကို ဆိုလို၏။

http://www.dhammadownload.com



မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုငှင်း (ဟောတော်မူ၏)။

၃၂၃။ သုဇာတပုဏ္ဏားသည် ထိုမြတ်စွာဘုရား သာသနာတော်၌ သစ္စာလေးပါး တရားတည်းဟူသော သူတော်ကောင်းတရားကို သိအပ်ပြီးသည်ဖြစ်၍ ရဟန်းအဖြစ်ကို လျှောက်ကြား တောင်းပန်ခဲ့ပြီ၊ (ရဟန်းဖြစ်ပြီး၍) သုံးညဉ့်တို့ဖြင့် ဝိဇ္ဇာသုံးပါးတို့ကို တွေ့ထိ ရရှိခဲ့လေပြီ။

၃၂၄။ ရထားထိန်း လာဦး၊ သင် သွားပါချေလော့၊ ဤရထားကို ပုဏ္ဏေးမအား အပ်နှင်းပါချေလော့၊ ငါ၏ အနာရောဂါ ကင်းသောအဖြစ်ကိုလည်း ပုဏ္ဏေးမအား ပြောပါ ချေလော့၊ သုဇာတပုဏ္ဏားသည် ယခုအခါ ရဟန်းပြုပြီ၊ သုံးညဉ့်တို့ဖြင့် ဝိဇ္ဇာသုံးပါးတို့ကို ရပြီဟု ပြောပါချေလော့။

၃၂၅။ ရထားထိန်းသည် ထိုမိထိလာပြည်မှ ရထားကိုငှင်း အသပြာတထောင်ကိုငှင်း ကောင်းစွာယူခဲ့၍ (ပုဏ္ဏေးမအား ဆောင်နှင်းပေ၏)၊ သုဇာတပုဏ္ဏား၏ အနာရောဂါ ကင်းသောအဖြစ်ကိုလည်း ပုဏ္ဏေးမအား ပြောဆို၏၊ အရှင်ပုဏ္ဏေးမ သုဇာတပုဏ္ဏားသည် ရဟန်းပြုပြီ၊ သုံးညဉ့်တို့ဖြင့် ဝိဇ္ဇာသုံးပါးတို့ကို ရပြီ (ဟု ပုဏ္ဏေးမအား ပြောဆို၏)။

၃၂၆။ ရထားထိန်း ငါသည် ဤမြင်းကသော ရထားကိုငှင်း အသပြာတထောင်ကို ငှင်း သုဇာတပုဏ္ဏား ဝိဇ္ဇာသုံးပါးရကြောင်းကို (သင့်ထံမှ) ကြားရသဖြင့် သင့်အား နှစ်သက်သောပေးခြင်းကို (ပြု၍) ပေးပါ၏ဟု ပုဏ္ဏေးမက ဆို၏။

၃၂၇။ ပုဏ္ဏေးမ မြင်းကသော ရထားသည်ငှင်း အသပြာတထောင်သည်ငှင်း အရှင်မ အားသာ ဖြစ်ပါစေလော့၊ အကျွန်ုပ်သည်လည်း မြတ်သောပညာရှိတော်မူသော မြတ်စွာ ဘုရား၏အထံတော်၌ ရဟန်းပြုပါအံ့(ဟု ရထားထိန်းက ဆို၏)။

၃၂၈။ ချစ်သမီးသုန္ဒရီ သင်ချစ်သမီး၏ဖခင် သုဇာတပုဏ္ဏားသည် ဆင်ကိုငှင်း နွားနှင့်မြင်းကိုငှင်း ပတ္တမြားနားဒေါင်းကိုငှင်း လယ်ယာရွှေငွေစသော များပြားသောအိမ် စည်းစိမ်အားလုံးကိုငှင်း ပယ်စွန့်၍ ရဟန်းပြုလေပြီ၊ ချစ်သမီးသုန္ဒရီ သင်သည် စည်းစိမ် တို့ကို ခံစားလော့၊ သင်သည် ငါတို့အမျိုး၌ အမွေခံခြင်းငှါ ထိုက်၏(ဟု မိခင်ပုဏ္ဏေးမက ဆို၏)။

၃၂၉။ မိခင် အကျွန်ုပ်၏ ဖခင်သည် သား၌ စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်ကိုငှင်း နွားနှင့်မြင်းကိုငှင်း ပတ္တမြားနားဒေါင်းကိုငှင်း လယ်ယာ ရွှေငွေစသော များ ပြားသောအိမ် စည်းစိမ်အားလုံးကိုငှင်း စွန့်၍ ရဟန်းပြုခဲ့ပါ၏၊ အကျွန်ုပ်သည်လည်း မောင်၌ စိုးရိမ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ရဟန်းပြုပါအံ့(ဟု သုန္ဒရီက ပြော၏)။

၃၃၀။ ချစ်သမီးသုန္ဒရီ သင်သည် အကြင်ရဟန်းပြုခြင်းကို တောင့်တ၏၊ သင်၏ ထို တောင့်တသော အကြံအစည်သည် ပြည့်စုံပါစေ၊ အိမ်တိုင်းရပ်၍ ရသောဆွမ်းကိုငှင်း(ဆွမ်း အလို့ငှါ အိမ်စဉ်မပြတ်လှည့်လည်ခြင်း ရပ်တည်ခြင်းဟူသော) ဆွမ်းရွာမိခြင်းကိုငှင်း မြေမှုန့်ကဲ့သို့ စက်ဆုပ်ဖွယ်ရှိသော ထမ်းမြက်ချေးစသည်တို့၌ရသော သင်္ကန်းကိုငှင်း ဤသည်

http://www.dhammadownload.com



တို့ကို ပြီးစေနိုင်သည်ဖြစ်၍ တမလွန်လောက၌ အာသဝကင်းလျက် (သင်တောင့်တသော အကြံအစည်သည် ပြည့်စုံပါစေ) (ဟု မိခင်က ခွင့်လွှတ်ပြောဆို၏)။

၃၃၁။ ဥပဗ္ဗာယ်ဖြစ်သော အရှင်မ အကျွန်ုပ်သည် သိက္ခမာန်သာဖြစ်သေးလျက် ဒိဗ္ဗစက္ခုအဘိညာဉ်ကို သုတ်သင်အပ်ပြီ၊ အကျွန်ုပ်သည် အကြင်ဘုံ၌ ရှေးဘဝက နေခဲ့ဘူး၏၊ ထိုဘုံဝယ် ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို သိပါ၏။

၃၃၂။ သံဃာ၏ ထေရီမဖြစ်သော တင့်တယ်သော သီလစသောဂုဏ်နှင့် ပြည့်စုံသော အဆွေခင်ပွန်းကောင်းဖြစ်သော ဥပဗ္ဗာယ်အရှင်မ အရှင်မကို အမှီပြု၍ အကျွန်ုပ်သည် ဝိဇ္ဇာသုံးပါးတို့ကို ရအပ်ပါကုန်ပြီ၊ မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း လိုက်နာ ပြုကျင့်ပြီးပါပြီ။

၃၃၃။ ဥပဗ္ဗာယ်အရှင်မ အကျွန်ုပ်သည်(ဗာရာဏသီပြည်မှ)သာဝတ္ထိပြည်သို့ သွားခြင်းငှါ အလိုရှိပါ၏၊ အကျွန်ုပ်အား ခွင့်ပြုပါလော့၊ ဘုရားမြတ်ထံတော်၌ (အရဟတ္တဖိုလ်ကို ကြားခြင်းတည်းဟူသော) ရဲရင့်သောအသံ(ဖြင့် လျှောက်ထားခြင်း)ကို လျှောက်ထား ပါချေအံ့ (ဟု သုန္ဒရီဘိက္ခုနီမက ဆို၏)။

၃၃၄။ ချစ်သမီးသုန္ဒရီ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော ရွှေနှင့်တူသော တောက်ပသော အရေတော်လည်း ရှိတော်မူသော မယဉ်ကျေးသောသူတို့ကို ယဉ်ကျေး အောင် ဆုံးမတော်မူတတ်သော ခပ်သိမ်းသော တရားတို့ကို မိမိအလိုလို ကိုယ်တော်တိုင် သာလျှင် သိတော်မူသော မည်သည့်အရပ်ကမျှ ဘေးမရှိသော မြတ်စွာဘုရားကို သင်ဖူး မြင်လေလော့(ဟု ဥပဗ္ဗာယ်ထေရီက ခွင့်ပြု၏)။

၃၃၅။ ကိလေသာတို့မှ လွတ်ပြီးသော ဆင်းရဲခြင်းမရှိသော ရာဂကင်းပြီးသော သံယောဇဉ်တို့မှလည်း ကင်းပြီးသော ပြုအပ်ပြီးသော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စ ရှိသော အာသဝကင်းပြီးသော သုန္ဒရီမည်သော အကျွန်ုပ် မြတ်စွာဘုရားအထံသို့ လာသည် ကို (မြတ်စွာဘုရားသည်) ရှုတော်မူပါလော့။

၃၃၆။ ကြီးမြတ်သော လုံ့လရှိတော်မူသောမြတ်စွာဘုရား အရှင်ဘုရား၏ တပည့်မ ဖြစ်သော သုန္ဒရီသည် ဗာရာဏသီပြည်မှထွက်ခဲ့၍ အရှင်ဘုရားထံတော်သို့ လာပြီးလျှင် အရှင်ဘုရား၏ ခြေတော်တို့ကို ရှိခိုးပါ၏။

၃၃၇။ မကောင်းမှုမှ အပပြုပြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် နတ်နှင့် တကွသော လောက၌ တဆူတည်းသော သဗ္ဗညုဘုရားပါပေတည်း၊ အရှင်ဘုရားသည် အကျွန်ုပ်၏ဆရာပါပေတည်း၊ အကျွန်ုပ်သည် အရှင်ဘုရား၏ ရင်၌ဖြစ်သော သမီးတော်၊ အရှင်ဘုရား၏ ခံတွင်းတော်မှဖြစ်သော သမီးတော်, တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို ပြုပြီးဖြစ်၍ အာသဝေါကင်းပြီးသော သမီးတော်ဖြစ်ပါ၏။

၃၃၈။ ကောင်းသောကျေးဇူးနှင့် ပြည့်စုံသောသုန္ဒရီ ထိုဗာရာဏသီပြည်မှ ထိုသင်၏ ငါ့ထံသို့ လာခြင်းသည် ကောင်းသောလာခြင်းတည်း၊ထို့ကြောင့်သာလျှင် ငါဘုရားထံတော် သို့ လာခြင်းသည် အပြစ်မရှိသောလာခြင်းတည်း၊သုန္ဒရီ ဤယခု သင်လာသကဲ့သို့ပင် အရိယ မဂ်ဘည်းဟူသော ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးကုန်ပြီးသော ရာဂကင်းကုန်ပြီးသော

http://www.dhammadownload.com



သံယောဇဉ်တို့မှ ကင်းကုန်ပြီးသော တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို ပြုပြီးကုန်သော အာသဝေါကင်းပြီးသော ရဟန္တာတို့သည် ငါဘုရား၏ ခြေတော်တို့ကို ရှိခိုးကုန်သည်ဖြစ်၍ လာကြကုန်စမြဲတည်း၊ ထို့ကြောင့် သင်၏ ငါဘုရားထံတော်သို့ လာခြင်းသည် ကောင်းသော လာခြင်းတည်း၊ အပြစ်မရှိသော လာခြင်းဘည်း။

ဤသို့လျှင် သုန္ဒရီထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

## ၅-သုဘာကမ္မာရဓီတုထေရီဂါထာ

၃၃၉။ ဆွေမျိုးအပေါင်းတို့ ငါသည် ရှေးလူဖြစ်စဉ်အခါက ငယ်ငယ်ရွယ်ရွယ်ဖြစ်လျက် စင်ကြယ်သော အဝတ်ကိုဝတ်သည်ဖြစ်၍(မြတ်စွာဘုရားထံဘော်၌)တရားတော်ကို အကြောင်း ကြောင့် ကြားနာရပြီ၊ ထို့ကြောင့် မမေ့မလျော့သော သတိဖြင့် အားထုတ်သော ထို ငါ့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဖြစ်ခဲ့ပြီ။

၃၄၀။ ထို့ကြောင့် ငါသည် အလုံးစုံသော ကာမဂုဏ်တို့၌ အလွန်အလွန်မမွေ့လျော်မှု ကို ရပြီ၊ ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော သက္ကာယ၌ ဘေးကို မြင်ရ၍ ကာမဂုဏ်မှ ထွက်မြောက်ရာနိဗ္ဗာန်ကိုသာလျှင် တောင့်တ၏။

၃၄၁-၂။ ငါသည် ဆွေမျိုးအပေါင်းကိုရင်း ကျွန်အမှုလုပ်တို့ကိုရင်း စည်ပင်ဝပြောကုန် သော ရွာ လယ်ယာတို့ကိုရင်း နှစ်သက်ဖွယ် ဝမ်းမြောက်ဖွယ်ဖြစ်ကုန်သော စည်းစိမ်အစု တို့ကိုရင်း စွန့်လွှတ်၍ များစွာသော ဥစ္စာနှစ်ကို ပယ်စွန့်၍ ဤသို့ ဆိုခဲ့ပြီးသောအပြားဖြင့် ယုံကြည်မှု သဒ္ဓါတရားဖြင့် အိမ်မှထွက်ပြီးလျှင် မြတ်စွာဘုရား ကောင်းစွာဟောကြား တော်မူအပ်သော သူတော်ကောင်းတရားတည်းဟူသော အရိယဝိနည်း၌ ငါရဟန်းပြုခဲ့၏။

၃၄၃။ ဤသို့ ရဟန်းပြုပြီးသော ငါ့အား ထိုစွန့်အပ်ပြီးသော ကာမဂုဏ်တို့သို့ တဖန် ပြန်လည်ခြင်းသည် မသင့်တင့် မလျောက်ပတ်၊ ဥစ္စာသိမ်းဆည်းခြင်းမရှိသော ရဟန်း အဖြစ်ကိုသာလျှင် ငါတောင့်တ၏၊ အကြင်ပုဂ္ဂိုလ်သည် ရွှေငွေစသော ဥစ္စာကို စွန့်ပယ်ခဲ့ ပြီးမှ တဖန် ပြန်လည်ယူငြားအံ့(ထိုပုဂ္ဂိုလ်သည် ပညာရှိတို့အလယ်၌ အသို့လျှင် ဦးခေါင်း ထောင်ဝံ့ ပါအံ့နည်း)။

၃၄၄။ ငွေသည်ရင်း ရွှေသည်ရင်း သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်အကျိုး ငှါ မဖြစ်၊ ကိလေသာတို့မှ ငြိမ်းရာဖြစ်သော နိဗ္ဗာန်အကျိုးငှါ မဖြစ်၊ ဤရွှေငွေစသော ဝတ္ထုကို ခံယူခြင်းသည် ရဟန်းတို့အား မလျောက်ပတ်၊ ဤရွှေငွေစသော သိမ်းဆည်းအပ် သော ဝတ္ထုသည် အရိယာတို့ဥစ္စာမဟုတ်။

၃၄၅။ ဤသိမ်းဆည်းအပ်သော ရွှေငွေစသော ဝတ္ထုသည် တပ်မက်မောမှု လောဘကို ဖြစ်စေတတ်၏၊ မာန်ယစ်ခြင်းကို ဆောင်တတ်၏၊ ပြင်းစွာတွေဝေခြင်းကို ဖြစ်စေတတ်၏၊ ရာဂစသော ကိလေသာမြူကို ပွါးစေတတ်၏၊ ရှုံရှာတွေးတောဖွယ် ဘေးဘျမ်းနှင့်တကွ ဖြစ် ၏၊ (စီမံမှု စောင့်ရှောက်မှုစသည်ဖြင့်) များသော ပင်ပန်းခြင်းရှိ၏၊ ဤသိမ်းဆည်းအပ် သော ရွှေငွေစသောဝတ္ထု၌ မြဲမြံခိုင်ခံ့မှုသည်ရင်း တည်တံ့မှုသည်ရင်း မရှိ။

http://www.dhammadownload.com



၃၄၆။ ဤရွှေငွေစသော ဝတ္ထုတို့၌ တပ်မက်ကုန်သော သတ္တဝါတို့သည်ရင်း ကုသိုလ်တရားတို့၌ သတိကင်းသဖြင့် မေ့လျော့ကုန်သော သတ္တဝါတို့သည်ရင်း ညစ်ညူးသော စိတ်ရှိကြကုန်၏၊ (ထို့ကြောင့်) များစွာသော သတ္တဝါတို့သည် တယောက်သည်တယောက်နှင့် ဆန့်ကျင်ဘက်ရန်သူဖြစ်ကြကုန်လျက် ငြင်းခုံမှုကို ပြုကြကုန်၏။

၃၄၇။ ကာမဂုဏ်လိုက်စားကုန်သော သူတို့အား သတ်ခြင်း နှောင်ဖွဲ့ခြင်း သတ်ဖြတ်ခြင်းစသော ပူပန်နှိပ်စက်ခြင်းသို့ ရောက်ခြင်း ဥစ္စာအခြွေအရံမှ ရှုံးခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်းဟူသော များစွာသော အကျိုးမဲ့ပျက်စီးခြင်းသည် ထင်လာ၏။

၃၄၈။ ထိုသို့ ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော သဘောရှိသော ငါ့ကို သင်တို့သည် ဆွေမျိုးဖြစ်ပါကုန်လျက် ရန်သူတို့ကဲ့သို့ ကာမဂုဏ်တို့၌ အဘယ်ကြောင့် တိုက်တွန်းကြကုန်ဘိသနည်း၊ ကာမဂုဏ်တို့၌ ဘေးဘယ်ကို မြင်သည်ဖြစ်၍ ရဟန်းပြုသူဟူ၍ ငါ့ကို သိကြကုန်လော့။

၃၄၉။ ရွှေငွေဖြင့် အာသဝလေးပါးတို့ မကုန်ခန်းနိုင်ကုန်၊ ကာမဂုဏ်တို့သည် အဆွေခင်ပွန်းမဟုတ်ကုန်၊ သူသတ်ယောကျ်ားနှင့်တူကုန်၏၊ ရန်သူနှင့်တူကုန်၏၊ ရာဂစသော ပြောင့်တံသင်းငါးစင်းကို ဖွဲ့တတ်ကုန်၏။

၃၅၀။ ထိုသို့ ကာမဂုဏ်တို့၌ တပ်မက်ခြင်းကင်းသော သဘောရှိသော ငါ့ကို သင်တို့သည် ဆွေမျိုးဖြစ်ပါကုန်လျက် ရန်သူတို့ကဲ့သို့ ကာမဂုဏ်တို့၌ အဘယ်ကြောင့် တိုက်တွန်းကြကုန်ဘိသနည်း၊ ရိတ်ပြီးသော ဆံရှိသော ထိုထိုအရပ်၌ အဝတ်ဟောင်း အဝတ်စုတ်ကို ယူ၍ ချုပ်စပ်သော သင်္ကန်းကို ဝတ်ရုံကာ ရဟန်းပြုသူဟူ၍ ငါ့ကို သိကြကုန်လော့။

၃၅၁။ အိမ်တိုင်းအိမ်တိုင်း ရပ်၍ ရအပ်သောဆွမ်းကိုရင်း ဆွမ်းအလို့ငှါ အိမ်စဉ်မပြတ် လှည့်လည်ခြင်း ရပ်တည်ခြင်းဟူသော ဆွမ်းကို ရှာမှီးခြင်းကိုရင်း မြေမှုန့်ကဲ့သို့ စက်ဆုပ်ဖွယ်ရှိသော တံမြက်ချေးစုစသည်တို့၌ ရသော သင်္ကန်းကိုရင်း ဤသုံးပါးသာ ငါ့အား လျောက်ပတ်၏၊ အိမ်ရာထောင်ခြင်းမရှိသော ရဟန်းတို့၏ မှီရာဖြစ်၍ အသက်၏ အရံအတားဖြစ်၏။

၃၅၂။ နတ်ပြည်၌ဖြစ်သော အကြင်ကာမဂုဏ်တို့သည်ရင်း လူ့ပြည်၌ဖြစ်သော အကြင်ကာမဂုဏ်တို့သည်ရင်း ရှိကြပေကုန်၏၊ ထိုကာမဂုဏ်တို့ကို မြတ်သော သီလစသော ကျေးဇူးကို ရှာတော်မူတတ်သော ဘုရားစသော သူတော်ကောင်းတို့သည် စွန့်အပ်ကုန်၏၊ ထိုဘုရားစသော သူတော်ကောင်းတို့သည် (ယောဂလေးပါးတို့ဖြင့်) ဘေးဥပဒ် မရှိရာ နိဗ္ဗာန်ဟူသောအရပ်၌ ကိလေသာတို့မှ လွတ်ကုန်သည်ဖြစ်၍ တုန်လှုပ်ခြင်းမရှိသော နိဗ္ဗာန်ချမ်းသာကို ရကုန်၏။

၃၅၃။ အကြင်ကာမဂုဏ်တို့၌ အကျိုးစီးပွါးကို ကာကွယ်စောင့်ရှောက်တတ်သော တရားမည်သည် တခုမျှမရှိ၊ ထိုကာမဂုဏ်တို့သည် အဆွေခင်ပွန်း မဟုတ်ကုန်၊ သူသတ်ယောကျ်ားနှင့် တူကုန်၏၊ မီးပုံကြီးနှင့် တူကုန်၊ ဆင်းရဲကုန်၏၊ (ထို့ကြောင့် ငါသည် ထိုကာမဂုဏ်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းသို့ မရောက်နိုင်တော့ပြီ)။

၃၅၄။ ဤကာမဂုဏ်သည် နှိပ်စက်တတ်သော ဘေးရန်မည်၏၊ စိတ်ပင်ပန်းခြင်းနှင့် တကွ ဖြစ်၏၊ စူးဝင်တတ်သော ဆူးငြောင့်နှင့်တကွဖြစ်၏၊ တပ်မက်မောခြင်း၏ အကြောင်း

http://www.dhammadownload.com



ဖြစ်၏၊ ဤကာမဂုဏ်သည် လွန်ကဲသော ကြောင့်ကြမှုကြီးဖြစ်၏၊ ကျယ်ဝန်းများပြား၏၊ တွေဝေခြင်း၏ အကြောင်းဖြစ်၏။

၃၅၅။ ဤကာမဂုဏ်သည် စွဲကပ်တတ်သော ဘေးရန်ကဲ့သို့လည်းဖြစ်၏၊ အလွန်ကြောက်မက်ဖွယ်သဘောလည်း ရှိ၏၊ ကာမဂုဏ်တို့သည် မြွေဦးခေါင်းနှင့် တူကုန်၏၊ ယင်းမြွေဦးခေါင်းနှင့်တူသော ကာမဂုဏ်တို့ကို မိုက်ကုန်သော ပညာမရှိသည်ဖြစ်၍ သူကန်းသဖွယ်ဖြစ်ကုန်သော ပုထုဇဉ်တို့သည် အလွန်နှစ်သက်ကြကုန်၏။

၃၅၆။ လောက၌ ပညာမရှိကုန်သော များစွာသောသူတို့သည် ကာမဂုဏ်ညွန်ပျောင်းဖြင့် ကပ်ငြိတွယ်တာကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို မသိနိုင်ကြကုန်။

၃၅၇။ လူတို့သည် မိမိ၏ ကျင်နာခြင်း နှိပ်စက်တတ်သော အနာရောဂါနှင့်တူသော ဆင်းရဲကို ဆောင်တတ်သော ကာမဂုဏ်ကို သုံးဆောင်ခံစားခြင်းလျှင် အကြောင်းရှိသော များစွာသော စင်စစ် ငရဲစသော အပါယ်လေးဘုံသို့ လားစေတတ်သော အကြောင်းဖြစ်သော အကုသိုလ်ဒုစရိုက်ကို ပြုကျင့်ကုန်၏။

၃၅၈။ ဤဆိုအပ်ပြီးသော အပြားဖြင့် ကာမဂုဏ်တို့သည် အဆွေခင်ပွန်းမဟုတ်သော အဖြစ်ကိုသာ ဖြစ်စေတတ်ကုန်၏၊ ပူပန်စေတတ်သော သဘောရှိကုန်၏၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကို ရခြင်း၌ ထိုက်ကုန်၏၊ လောက၌ အသုံးအဆောင် အာမိသသဖွယ်ဖြစ်၍ ဖြစ်ကုန်၏၊ အနှောင်အဖွဲ့ သံယောဇဉ်တို့ဖြင့် နှောင်ဖွဲ့အပ်သော တရားဖြစ်ကုန်၏၊ (ဘဝ၌ ဖြစ်ခြင်း၏ အကြောင်းဖြစ်၍) သေခြင်းနှင့် စပ်ကုန်၏။

၃၅၉။ ကာမဂုဏ်တို့သည် စိုးရိမ်ခြင်း ရူးသွပ်ခြင်းကို ပြုတတ်ကုန်၏၊ တိုး၍တိုး၍ ပလွှားပြောဆိုတတ်ကုန်၏၊ စိတ်ကို နှိပ်စက်တတ်သော အလေ့ရှိကုန်၏၊ သတ္တဝါတို့ကို နှိပ်စက်ပူပန်စေခြင်းဖြင့် မာရ်နတ်သည် ထောင်အပ်သော မြှုံးသဖွယ်ဖြစ်၏။

၃၆၀။ ကာမဂုဏ်တို့သည် မဆုံးနိုင်လောက်အောင် များသောအပြစ်ရှိကုန်၏၊ များသော ဆင်းရဲရှိကုန်၏၊ ပြင်းသောအဆိပ်နှင့် တူကုန်၏၊ (ခားသွားဖျား၌ တည်သော ပျားရည်ကဲ့သို့) သာယာမှု နည်းပါးကုန်၏၊ ပြင်းစွာတပ်စွန်းမှု 'ရာဂ'စသော ကိလေသာကို ပွါးစေတတ်ကုန်၏၊ မြတ်စင်သော ကုသိုလ်အဘို့ကို ခြောက်တပ်စေတတ်ကုန်၏။

၃၆၁။ ဤဆိုခဲ့ပြီးသော အကြောင်းကြောင့် ထိုငါသည် အခါခပ်သိမ်း နိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်၍ ထိုဆိုခဲ့ပြီးသော သဘောရှိသော ကာမဂုဏ်ချမ်းသာကို ခံစားခြင်းလျှင် အကြောင်းရှိသော ပျက်စီးခြင်း၏ အကြောင်းဖြစ်သော ထိုကာမဂုဏ်သို့ တဖန်ပြန်မသွားတော့အံ့။

၃၆၂။ (ငါသည် ကိလေသာဟူသော ပူပန်ခြင်း၏) ငြိမ်းကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို အလိုရှိသည်ဖြစ်၍ ကာမဂုဏ်တို့ကို စစ်ထိုးမှုပြုကာ သံယောဇဉ်အားလုံးတို့၏ ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သည်ဖြစ်၍ မမေ့ မလျော့နေပေတော့အံ့။

http://www.dhammadownload.com



၃၆၃။ ဘုရားစသော သူတော်ကောင်းတို့သည် အကြင်မဂ္ဂင်ရှစ်ပါးဖြင့် သံသရာတည်းဟူသော ကြီးစွာသော ရေအယဉ်ကို ကူးကုန်၏၊ ငါသည်လည်း ထိုဘုရားစသော သူတော်ကောင်းတို့ သွားရာဖြစ်သော စိုးရိမ်မှုမရှိသော ကိလေသာမြူလည်း မရှိသော ကြောင့်ကြမှု ဘေးမရှိသော ဖြူစင်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဖြောင့်မတ်စွာသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ထိုခရီးသို့ လိုက်ပေတော့အံ့။

၃၆၄။ (ရဟန်းတို့) သင်တို့သည် အရိယဖိုလ်တရား၌ တည်သော ရွှေပန်းထိမ်သည်၏သမီးဖြစ်သော သုဘာမည်သော ဤရဟန္တာမိန်းမကို ရှုကြကုန်လော့၊ (ဤသုဘာမည်သော ရဟန်းမိန်းမသည်) တဏှာကင်းသော အရဟတ္တဖိုလ်ကို ပြည့်စုံစေ၍ သစ်ပင်ရင်း၌ အရဟတ္တဖိုလ်ဈာန်ကို ဝင်စားနေ၏။

၃၆၅။ သုဘာမည်သော ရဟန်းမိန်းမသည် ယနေ့ ရဟန်းပြု၍ ရှစ်ရက်မြောက်သော နေ့တည်း၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော သူတော်ကောင်းတရားကို ရသဖြင့် တင့်တယ်၏၊ ဥပ္ပလဝဏ်ထေရီမက ဆိုဆုံးမအပ်သည်ဖြစ်၍ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏၊ သေခြင်းတရားကို ပယ်စွန့်နိုင်ခဲ့၏။

၃၆၆။ ထိုသုဘာထေရီဘိက္ခုနီမသည် ကိလေသာဟူသော အရှင်မှ တော်လှန်ပြီးဖြစ်၍ (ကာမစ္ဆန္ဒစသော) ကြွေးမြီလည်း မရှိပြီ၊ ပွါးစေအပ်ပြီးသော ဣန္ဒြေရှိ၏၊ ယောဂအားလုံးတို့မှ လွတ်ကင်းပြီ၊ တဆယ့်ခြောက်ပါးသော မဂ်ကိစ္စကိုလည်း ပြုအပ်ပြီးပြီ၊ အာသဝေါကင်းသော ရဟန္တာမိန်းမဖြစ်ပေ၏(ဟု မြတ်စွာဘုရား မိန့်တော်မူ၏)။

၃၆၇။ (လူ့ဘုံ စာတုမဟာရာဇ်ဘုံ တာဝတိံသာဘုံတည်းဟူသော ကာမသုဂတိဘုံ၌ဖြစ်သည့်) သတ္တဝါတို့၏ အရှင်ဖြစ်သော သိကြားနတ်မင်းသည် နတ်အပေါင်းနှင့်တကွ ရွှေပန်းထိမ်သည်၏သမီးဖြစ်သော သုဘာမည်သော ထိုရဟန္တာထေရီမသို့ မိမိတန်ခိုးဖြင့် ချဉ်းကပ်၍ ရှိခိုး၏။

ဤသို့လျှင် ရွှေပန်းထိမ်သည်၏သမီးဖြစ်သော သုဘာထေရီသည် ဤဂါထာတို့ကို ရွတ်ဆို၏။

# ဝီသတိနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၄-တိံသနိပါတ်

## ၁-သုဘာဇီဝကမ္ဗဝနိကာထေရီဂါထာ

၃၆၇။ နှလုံးမွေ့လျော်ဖွယ်ဖြစ်သော ဇီဝက၏ သရက်ဥယျာဉ်သို့ သွားသော သုဘာမည်သော ဘိက္ခုနီမကို (ရာဇဂြိုဟ်ပြည်နေ) မိန်းမလိုက်စား လူရမ်းကားသည် လမ်းကို ပိတ်ဆို့တားမြစ်၏၊ ထိုမိန်းမလိုက်စား လူရမ်းကားကို သုဘာထေရီက ပြောဆို၏။

၃၆၈။ အမောင် သင့်အား ငါအဘယ်သို့ ပြစ်မှားဘူးသနည်း၊ အကြင်အပြစ်ကြောင့် ဥယျာဉ်သို့သွားသောငါ့အား လမ်းခရီးကို ပိတ်၍ သင်ရပ်တည်ဘိ၏၊ (ထိုအပြစ်သည်) ငါ၌ မရှိသည်သာတည်း၊ အမောင် ရဟန်းမိန်းမအား ယောကျ်ားသည် ထိပါးသုံးသပ်ခြင်းငှါ မအပ်သည်သာတည်း။

၃၇၀။ အမောင် ကျောက်ထီးကဲ့သို့ အလေးပြုအပ်သော ငါ၏ဆရာ မြတ်စွာဘုရား သာသနာတော်၌ အကြင်ကျင့်ဝတ်သိက္ခာပုဒ်ကို မြတ်စွာဘုရား ဟောကြား ပညတ်တော်မူအပ်၏၊ စင်ကြယ်သော ကုသိုလ်အစုရှိသော ရာဂစသော ကိလေသာလည်းမရှိသော ငါကဲ့သို့သော ရဟန်းမိန်းမကို အဘယ်အကြောင်းကြောင့် လမ်းခရီးပိတ်ဆို့၍ သင်ရပ်တည်ဘိသနည်း။

၃၇၁။ (ကာမဝိတက်စသည်တို့၏ အစွမ်းဖြင့်)နောက်ကျုသော စိတ်ရှိ၍ ရာဂစသော ကိလေသာမြူရှိသူ (သင်သည်) နောက်ကျုသော စိတ်မရှိမူ၍ ရာဂစသော ကိလေသာမြူကင်းပြီးသော ရာဂစသော ကိလေသာမရှိသော အလုံးစုံသော ခန္ဓာငါးပါးအပေါင်း၌ ကိလေသာတို့မှ လွတ်သော စိတ်ရှိသော ငါကဲ့သို့သော ရဟန်းမိန်းမကို အဘယ်အကြောင်းကြောင့် ခရီးပိတ်ဆို့၍ သင်ရပ်တည်ဘိသနည်း(ဟု သုဘာထေရီမက မေး၏)။

၃၇၂။ နှစ်မ သင်သည် အသက်အရွယ်ငယ်လှပါသေး၏၊ အဆင်းအားဖြင့်လည်း လှပ၏၊ သို့ဖြစ်လျက် သင့်အား ရဟန်းအဖြစ်သည် အဘယ်ပြုအံ့နည်း၊ ဖန်ရည်ဆိုးသင်္ကန်းကို ချွတ်ပါလော့၊ လာပါလှည့်၊ လှိုင်စွာ ပွင့်သော ပန်းပင်ရှိသော ဥယျာဉ်အတွင်း၌ ငါတို့ မွေ့လျော်ပျော်ပါးကြပါကုန်အံ့။

၃၇၃။ သစ်ပင်တို့သည် (မိမိတို့၏) ပန်းဝတ်မှုံစုဖြင့် တညီတညွတ် တည်ကုန်လျက် ထက်ဝန်းကျင်မှ မွှေးကြိုင်သော အနံ့ကိုလည်း လှိုင်စေကုန်၏၊ ဤလ ဥတုအချိန်အခါသည် ရှေးဦးစွာသော မိုးလ ရှေးဦးစွာသော မိုးဥတုဖြစ်၍ အေးမြချမ်းသာသော အတွေ့ရှိသောကြောင့် အလွန်သာယာ၏၊ (နှစ်မ)လာပါလှည့်၊ လှိုင်စွာပွင့်သော ပန်းပင်ရှိသော ဥယျာဉ်အတွင်း၌ ငါတို့မွေ့လျော် ပျော်ပါးကြပါကုန်အံ့။

၃၇၄။ အဖျားတိုင်အောင် ကောင်းစွာပွင့်သော ပန်းပွင့်ရှိကုန်သော သစ်ပင်တို့သည် လေတိုက်အပ်ကုန်သည်ဖြစ်၍ ယိမ်းနွဲ့လှုပ်ရှားကုန်လျက် ထစ်ချုန်းကြွေးကြော်သကဲ့သို့ တည်ကုန်၏၊ သင်နှစ်မသည် တယောက်ထီးတည်းသာ တောသို့ သက်ဝင်ခဲ့မူ(ထိုတော၌) သင်နှစ်မအား အဘယ်မည်သော မွေ့လျော်ခြင်းဖြစ်ပါလတ္တံ့နည်း။

http://www.dhammadownload.com



၃၇၅။ ခြင်္သေ့ သစ်ကျွဲစသော သားရဲအပေါင်းတို့ မှီဝဲအပ်သော အမုန်ယစ်သော ဆင်ပေါက် ဆင်မတို့ ချိုးဖွဲ့အပ်သော သစ်ရွက် သစ်ခက်သတို့ဖြင့် ချောက်ချားနှောက်ရှက် အပ်သည့် အရပ်ဖြစ်သော လူသူကင်း၍ ကြောက်မက်ဖွယ်ရှိသော တောအုပ်ကြီးသို့ အဖော်မပါ တယောက်တည်းသာလျှင် သွားခြင်းငှါ သင်အလိုရှိဘိ၏။

၃၇၆။ နီဖလံရွှေဖြင့် ထုလုပ်စီရင်အပ်သော ယဉ်မင်းရုပ်ကဲ့သို့ရင်း စိတ္တလတာမည် သော နတ်ဥယျာဉ်၌ နတ်သမီးကဲ့သို့ရင်း အလွန်တင့်တယ်လျက် သွားလာလှည့်လည်ဘိ၏၊ နှိုင်းယှဉ်ရာ မရနိုင်သောနှစ်မ သင်နှစ်မသည် အလွန်ပြေပြစ်ချောမွေ့သော ကာသိတိုင်းဖြစ် သိမ်မွေ့နူးညံ့သော အဝတ်တို့ဖြင့် နှိုင်းယှဉ်စရာမရှိအောင် တင့်တယ်ဘိ၏။

၃၇၇။ ကိန္နရီမကဲ့သို့ ညင်ညင်သာသာကြည့်သော ကြည်လင်စွာသော မျက်လုံးရှိသော နှစ်မ နှစ်ယောက်သောငါတို့သည် တော၏အလယ်၌ အတူတကွ မွေ့လျော်နေကြရကုန်မူ ငါသည် သင့်အလိုသို့ လိုက်ပါအံ့၊ သင့်ထက်သာလွန်၍ ချစ်အပ်သောသူ တစုံတယောက်မျှ ငါ့အား မရှိပါ။

၃၇၈။ (သင်သည်) ငါ၏ စကားကို အကယ်၍ လိုက်နာမည်ဖြစ်အံ့၊ ဤကာမဂုဏ် စည်းစိမ်တို့ဖြင့် ချမ်းချမ်းသာသာ အိမ်ကို စိုးအုပ်၍ နေလှည့်ပါလော့၊ ပြာသာဒ်ဆောင် ဝယ် လေတိုက်မခံ စံနေပါလော့၊ ကျွန်မိန်းမတို့သည် သင်၏ အမှုကြီးငယ်တို့ကို ပြုလုပ် ပါစေကုန်။

၃၇၉။ သင်နှစ်မသည် ကာသိတိုင်းဖြစ် သိမ်မွေ့သော အထည်အဝတ်တို့ကို ဝတ်ဆင် ပါလော့၊ ပန်းနံ့သာပျောင်းတို့ကိုလည်း ပန်ဆင်လိမ်းခြယ်ပါလော့၊ ရွှေ ပတ္တမြား ပုလဲ တို့ဖြင့် ခြယ်လှယ်အပ်သော အထူးထူးအပြားပြား များစွာသော တန်ဆာကို သင့်အတွက် ပြုလုပ်အံ့။

၃၈၀။ နှစ်မ ကောင်းစွာ ဆေးလျှော်သုတ်သင်ပြီးဖြစ်၍ မြူမှုန်ကင်းစင်သော အထက်၌ ကြက်အပ်သော နီသော မိတာန်ရှိသော တင့်တယ်စွာသော ရှည်သော အမွေးရှိသော ကော်ဇောနက်ဖြင့်၎င်း ဟင်္သာမွေးစသည်ဖြင့် ပြည့်သော လဲသွတ်သော မွေ့ရာအခင်း တို့ဖြင့်၎င်း ခင်းအပ်သော အသစ်စက်စက်ဖြစ်၍ အဘိုးများစွာထိုက်တန်သော ဂေါသီသ စသော-စန္ဒကူးနှစ်ဖြင့် ထုံအပ်သည့် အလွန်မွှေးကြိုင်သော အနံ့လည်းရှိသော အိပ်ရာ ထက်သို့ တက်၍ အိပ်စက်နေထိုင်ပါလော့။

၃၈၁။ ရက္ခိုသ်တို့ စောင့်ရှောက်အပ်သော ရေကန်၌ဖြစ်သောကြောင့် လူတို့မသုံး ဆောင်ရသော ရေမှစွင့်စွင့်ထက်၍ ပွင့်သော ကြာပန်းသည် တစုံတယောက်မျှ မသုံး ဆောင်ရပဲ ပျက်စီးသကဲ့သို့ ထို့အတူ သင်နှစ်မသည် မြတ်သောအကျင့်ကို ကျင့်သည် ဖြစ်၍ မိမိဥစ္စာဖြစ်ကုန်သော ကိုယ်အင်္ဂါကြီးငယ်တို့ကို တစုံတယောက်သောသူမျှ မသုံး ဆောင်ရကုန်ပဲ အိုခြင်းသို့ ရောက်ရသတ္တံ့သတည်း(ဟု မိန်းမလိုက်စား လူရမ်းကားက ပြောဆို၏)။

၃၈၂။ အမောင် ဆံစသော သုံးဆယ့်နှစ်ပါးသော အပုပ်တို့ဖြင့်ပြည့်သော စင်စစ် မုချ ပျက်တတ်သော သဘောရှိသော သုသာန်မြေကို တိုးပွါးစေတတ်သော ဤကိုယ်

http://www.dhammadownload.com



ကောင်း၍ အဘယ်မည်သောဝတ္ထုကို အမောင်သည် မြတ်၏ဟု ချီးမွမ်းအပ်သနည်း၊ အကြင်ကိုယ်အင်္ဂါကို မြင်၍ ဖောက်ပြန်သော စိတ်အကြံရှိလျက် သင်ကြည့်ရှုဘိ၏၊ ထို (သင်နှစ်သက်သော) ကိုယ်အင်္ဂါကို ငါ့အား ပြောစမ်းပါလော့(ဟု သုဘာထေရီဘိက္ခုနီမ က မေး၏)။

၃၇၃။ နှစ်မ သမင်မယဉ်၏ မျက်လုံးတို့ကဲ့သို့ရင်း တောင်ဝှမ်း၌(နေသော)ကိန္နရီမ၏ မျက်လုံးတို့ကဲ့သို့ရင်း တင့်တယ်ကုန်သော သင်၏ မျက်လုံးတို့ကို မြင်ရ၍ အတိုင်းထက် အလွန် ငါ၏ ကာမဂုဏ်၌ မွေ့လျော်လိုမှု တိုးပွါးပါ၏။

၃၇၄။ နှစ်မ အညစ်အကြေးမရှိသော ရွှေရုပ်၏မျက်နှာနှင့်တူသော သင်နှစ်မ၏ မျက်နှာပြင်၌ ကြာနီပွင့်ချပ်ဖျားနှင့် တူကုန်သော မျက်တောင်ရှိကုန်သော သင့်မျက်လုံးတို့ကို မြင်၍ ငါ့အား အတိုင်းထက်အလွန် ကာမဂုဏ်မွေ့လျော်လိုမှု တိုးပွါးလာ၏။

၃၇၅။ နှစ်မ သင်သည် ဝေးသောအရပ်သို့ သွားသော်လည်း ရှည်သွယ်သော မျက်တောင်ရှိကုန်သော အညစ်အကြေးကင်းသည်ဖြစ်၍ သန့်ရှင်းစင်ကြယ်သော မျက်လုံး တို့ကို ငါတို့အောက်မေ့အမှတ်ရကြပါကုန်၏၊ ကိန္နရီမကဲ့သို့ ညှင်းညှင်းသာသာကြည့်သော ကြည်လင်သော မျက်လုံးရှိသောနှစ်မ သင်၏မျက်လုံးထက်သာလွန်၍ ချစ်အပ်သောအရာ (ငါ့အား) မရှိတော့ပါ(ဟု မိန်းမလိုက်စား လူရမ်းကားက ပြော၏)။

၃၇၆။ အမောင် အကြင်သင်သည် မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သမီးစစ်ဖြစ် သော ငါ့ကို တောင့်တဘိ၏၊ ထိုသင်သည် ဆူးငြောင့်ဘေးရန်ရှိသော မှားသောလမ်းခရီး ဖြင့် သွားခြင်းငှါ အလိုရှိ၏၊ လဗိမာန်ကို ကစားဖွယ်ရာဟူ၍ ရှာသည်မည်၏၊ မြင်းမိုရ် တောင်မင်းကို ခုန်ကျော်ခြင်းငှါ အလိုရှိသည်မည်၏။

၃၇၇။ အမောင် ယခုအခါ အကြင်အာရုံ၌ ငါ့အား တပ်စွန်းမှု'ရာဂ'ဖြစ်ရာ၏၊ ငါ၏ သန္တာန်၌ထိုတပ်စွန်းမှု'ရာဂ'ဖြစ်ရာ အာရုံမျိုးသည် နတ်နှင့်တကွသော လောက၌ မရှိတော့ သည်သာတည်း၊ ထိုတပ်စွန်းမှု'ရာဂ'ကို အဘယ်သို့ သဘောရှိ၏ဟူ၍သော်လည်း ငါမသိ တော့ချေ၊ (မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော) အမြစ်အရင်းနှင့်တကွ သော တပ်စွန်းမှု'ရာဂ'ကို အရိယမဂ်ဖြင့် ငါသတ်ဖြတ်ဖျက်ဆီးအပ်လေပြီ။

၃၇၈။ မီးကျီးတွင်း၌ ပစ်ချအပ်သော လောင်စာကဲ့သို့ရင်း အဆိပ်စေးကိုမျှ မကြွင်းရ အောင် မီးကျီးတွင်း၌ ပစ်ချဖျက်ဆီးခြင်းကို ပြုအပ်ပြီးသော အဆိပ်ခွက်ကဲ့သို့ရင်း ထို တပ်စွန်းမှု'ရာဂ'ကို အဘယ်သို့ သဘောရှိ၏ဟူ၍သော်လည်း ငါမသိတော့ချေ၊ (မသင့် မတင့်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော) အမြစ်အရင်းနှင့် တကွသော တပ်စွန်းမှု 'ရာဂ'ကို အရိယမဂ်ဖြင့် ငါသတ်ဖြတ်ဖျက်ဆီးအပ်လေပြီ။

၃၇၉။ အကြင်မိန်းမသည် (ဤခန္ဓာအပေါင်းကို) မဆင်ခြင်အပ်သေးသည်ဖြစ်ရာ၏၊ မြတ်စွာဘုရားကိုမူလည်း မဆည်းကပ်အပ်သေးသည် ဖြစ်ရာ၏၊ ထိုသို့သဘောရှိသော လောကုတ္တရာတရားကို မျက်မှောက်မပြုရသေးသော မိန်းမကို (ကာမဂုဏ်ဖြင့်) သင် ဖြားယောင်းလေလော့၊ ထိုသင်သည် ဖြစ်ခြင်းပျက်ခြင်းကို မဖောက်မပြန်သိသော ဤ သုဘာထေရီဘိက္ခုနီမကို (အကြောင်းပြု၍) ပင်ပန်းဘိ၏။

http://www.dhammadownload.com



၃၉၀။ အမောင် ဆဲရေးခြင်း ရိုက်ခြင်း၌၎င်း ချမ်းသာခြင်း ဆင်းရဲခြင်း၌၎င်း ဆင်ခြင်မှု ပစ္စဝေက္ခဏာနှင့်ယှဉ်သောသတိသည် ငါ့အား အခါခပ်သိမ်း ထင်နေ၏၊ ထို့ကြောင့် တေဘူမကသင်္ခါရကို မတင့်တယ်ဟုသိ၍ ဘဝသုံးပါးလုံး၌ပင်လျှင် ငါ၏စိတ်သည် (တဏှာတည်းဟူသော လိမ်းကျံခြင်းစသည်ဖြင့်) မလိမ်းကျံတော့ပေ။

၃၉၁။ မြတ်စွာဘုရား၏ တပည့်မဖြစ်သော ထိုငါသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် မဂ်တည်းဟူသော အရိယာပုဂ္ဂိုလ်တို့၏ယာဉ်ဖြင့်(နိဗ္ဗာန်ရွှေပြည်သို့) သွားလေ့ရှိသူ ကိလေသာတည်းဟူသော ငြောင့်တံကျင်ကို ပယ်နုတ်ပြီးသူ အာသဝေါကင်းပြီးသူဖြစ်၍ ဆိတ်ငြိမ်ရာသို့ သွားလျက် တယောက်ထီးတည်း မွေ့လျော်၏။

၃၉၂။ အမောင် လက်ခြေမျက်နှာစသော အခြင်းအရာဖြင့် ဆန်းကြယ်စွာ စီရင် ဖန်ဆင်းပြုလုပ်အပ်ကုန်သော ကောင်းမွန်တင့်တယ်သော အဆင်းသဏ္ဌာန်ရှိသည်ဖြစ်၍ ကြိုးသွယ်တို့ဖြင့်၎င်း (လက်ခြေကျောက်ကုန်း နားရွက်စသည်တို့ကို သွယ်ခြင်းငှါ တပ်အပ်သော) သစ်သားစို့တို့ဖြင့်၎င်း (အသွယ်အသွယ်)ဖွဲ့အပ်သော သစ်သားတို့ဖြင့် ဆန်းကြယ်စွာ စီရင်အပ်သော စက်ယန္တရားရုပ်တို့ကို ယန္တရားစက်ကြိုးစသည်တို့ဖြင့် ဆွဲငင်လျှော့ချလျက် ကစေသည်တို့ကို ငါမြင်ဘူးကုန်ပြီ။

၃၉၃။ အမောင် ထိုသစ်သားယန္တရားရုပ်၌ ဖွဲ့ချည်ထားသောကြိုး လက်ဆစ်ခြေဆစ်စသည်တို့၌ ဖွဲ့ချည်သောကြိုးနှင့် ရိုက်နှက်ထားသော သစ်သားစို့တို့ကို ဖွဲ့ချည်ထားတိုင်းသောအရပ်မှ နုတ်ပစ်အပ်သော်၎င်း ထိုထိုသို့သောအရပ်တို့၌ ပစ်ချသဖြင့် ဖရိုဖရဲဖြန့်ကြဲအပ်သော်၎င်း ထိုသစ်သားယန္တရားရုပ်အစိတ်၌ အထုံးအထုံး အပိုင်းအပိုင်းရှိသောအားဖြင့်(ကိုယ်တခြား လက်တခြား တခုစီတခုစီ)ပြုအပ်သော်၎င်း ဤကြိုးကားယန္တရားရုပ် ဤသစ်သားစို့ကား ယန္တရားရုပ်ဟုမှတ်၍ မရနိုင်ရာ၊ ထိုအစိတ်အစိတ်သော ကြိုးသစ်သားစို့တို့တွင် အဘယ်အစိတ်အစိတ်၌ သစ်သား စက်ယန္တရားရုပ်ဟူ၍ စိတ်ကို သက်ဝင်စေနိုင်ပါတော့အံ့နည်း။

၃၉၄။ အမောင် ထိုအပိုင်းအပိုင်းခွဲခြားပြီးသော သစ်သားစက်ယန္တရားရုပ်အတူပင် လက်ခြေမျက်နှာစသော ကိုယ်အင်္ဂါတို့သည် (ပထဝီဓာတ်စသော ပရမတ္ထ) တရားတို့နှင့်ကင်း၍ မဖြစ်ကုန်၊ ကိုယ်ခန္ဓာအတ္တဘောသည် လက်ခြေမျက်နှာစသော ကိုယ်အင်္ဂါအစိတ်တို့နှင့်ကင်း၍ မဖြစ်ဟု ငါ၏ဉာဏ်၌ ထင်လာ၏၊ ယင်းသို့ ဖြစ်သည်ရှိသော် ထိုပထဝီဓာတ်စသော အစိတ်အစိတ်သော တရားတို့တွင် အဘယ်မည်သော တရားအစိတ်၌ မိန်းမယောကျ်ားဟု စိတ်ကို သက်ဝင်စေနိုင်ပါတော့အံ့နည်း။

၃၉၅။ အမောင် တိုက်နံရံ၌ ဆေးဒါန်း ဟင်္သပြဒါး အင်တွဲစသည်ဖြင့် လိမ်းကျံပွတ်နယ်၍ ပြုလုပ်အပ်သော မိန်းမရုပ်ကို မြင်ရာ၏၊ ထိုမိန်းမရုပ်၌ လူမိန်းမပင် ဖြစ်လေသလောဟူသော အမှတ်သည် အချည်းနှီး အကျိုးမရှိသည်သာတည်း၊ ထိုမိန်းမရုပ်၌ လူမိန်းမဟုရှုခြင်းသည် ဖောက်ပြန်မှားယွင်းသောအားဖြင့် ရှုခြင်းမည်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါးဟူသော ပရမတ္ထတရား၏ အပုံအစု၌ မိန်းမယောကျ်ားဟု မှတ်ယူ၍ သိခြင်းသည်လည်း ဖောက်ပြန်မှားယွင်းသော အယူပင်ဖြစ်၏။

http://www.dhammadownload.com



၃၉၆။ ပညာမျက်စိအမြင်မရှိသော အမောင်လုလင် မျက်လှည့်သည်သည် လူတကာတို့၏ ရှေ့မှောက်အနီး၌ ပြအပ်သော မျက်လှည့်ကဲ့သို့ရင်း အိပ်မက်၌မြင်မက်သော ရွှေသစ်ပင်ကဲ့သို့ရင်း ထိုအတူ သင်သည် အချည်းနှီးသက်သက် အနှစ်မှကင်းသော ဤခန္ဓာကိုယ်အတ္တဘောကို အနှစ်ရှိသကဲ့သို့ ထင်မှတ်ဘိ၏၊ မျက်လှည့်သည်သည် လူတို့အလယ်၌ ပြအပ်သောရုပ် ရွှေရုပ်စသည်တို့ကဲ့သို့ ဤခန္ဓာကိုယ်အတ္တဘောသည် အနှစ်မရှိ အချည်းနှီးသက်သက်သာဖြစ်ဘိသည်တကား။

၃၉၇။ အမောင် သစ်ခေါင်း၌ ထားအပ်ကုန်သော ချိပ်လုံးတို့ကဲ့သို့ (မျက်လှာ) အလယ်၌တည်သော ရေပွက်နှင့်တူကုန်သော မျက်လုံးတို့သည် မျက်ရည်နှင့်တကွ ဖြစ်ကုန်၏၊ ဤမျက်လုံးအိမ်အဝန်း၌ အစွန်းနှစ်ဖက်တို့ဝယ် မျက်ချေးသည်(ညှိစို့စို့) အဆိပ်နံ့ကို လှိုင်စေလျက်ဖြစ်၏၊ အထူးထူးအပြားပြားများကုန်သော စက္ခုပသာဒအဘို့အစုတို့သည် တပေါင်းတည်းကဲ့သို့ တည်ကုန်၏ (ဟု ပြောဆိုရှ)—

၃၉၈။ ထိုခဏ၌ပင်လျှင် ရှုချင်စဖွယ် တင့်တယ်သော အမြင်ရှိသော သုဘာထေရီဘိက္ခုနီမသည်(တစုံတခုသောအာရုံ၌မျှ) ငြိတွယ်သော စိတ်မရှိမူ၍ "အမောင် သင်အလိုရှိသော ဤငါ့မျက်လုံးကို ယူလော့၊ယူပြီး၍ လိုရာအရပ်သို့ ဆောင်သွားလော့"ဟုပြောဆိုကာ မျက်လုံးကို မျက်ကွင်းမှ ဆွဲထုတ်ပြီးလျှင် ထိုမိန်းမလိုက်စား လူရမ်းကားအား ပေးလေ၏၊ (ထိုသုဘာထေရီဘိက္ခုနီမသည် ထုတ်ပေးအပ်သော မျက်လုံး၌) ကပ်ငြိခြင်းသို့ မရောက်။

၃၉၉။ ထိုလူရမ်းကားအားလည်း (ထေရီမက မျက်လုံးကိုဖောက်ထုတ်ပေးလိုက်သော) ထိုခဏ၌ ထိုမျက်လုံး၌ တပ်မက်မှုရာဂသည် ကင်းလေ၏၊ ထိုမိန်းမလိုက်စား လူရမ်းကားသည် ထိုသုဘာထေရီမကို ကန်တော့လည်း ကန်တော့၏၊ မြတ်သောအကျင့်ရှိသောထေရီမ အသင့်အား အနာကင်းသဖြင့် ချမ်းသာခြင်းဖြစ်ပါစေသတည်း၊ နောက်ထပ်ဤသို့သော မကောင်းမှုဒုစရိုက်မျိုးကို ကျင့်ခြင်းမဖြစ်ပါလတ္တံ့ ။

၄၀၀။ အကျွန်ုပ်သည် ဤသို့သဘောရှိသော ခပ်သိမ်းသော အာရုံ၌ တပ်မက်ခြင်းကင်းပြီးသော အရှင်မသုဘာကို နှောက်ရှက်ညှဉ်းဆဲမိသောကြောင့် ပြောင်ပြောင်တောက်သော မီးပုံကြီးကိုဘက်၍ နေရသည်နှင့်တူပါ၏၊ လျင်သော အဆိပ်ရှိသော မြွေပွေး မြွေဟောက်ကို ဖမ်းကိုင်၍ နေမှားမိသည်နှင့်တူပါ၏၊ (အရှင်မအား) စင်စစ် ချမ်းသာခြင်းဖြစ်ပါစေသတည်း၊ အကျွန်ုပ်တို့၏အပြစ်ကို သည်းခံတော်မူပါလော့(ဟု ကန်တော့လည်း ကန်တော့၏)။

၄၀၁။ ထိုသုဘာမည်သောရဟန်းမိန်းမသည်လည်း ထိုမိန်းမလိုက်စား လူရမ်းကားလက်မှ လွတ်ပြီးသော် ဘုရားမြတ်၏ အထံတော်သို့ သွားလေ၏၊ ဘုန်းသမ္ဘာတော်တို့ကြောင့်ဖြစ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကို ဖူးမြင်ရသည်ရှိသော် ရှေးမျက်စိအမြင်ကဲ့သို့ မျက်လုံးသည် အသစ်တဖန်ဖြစ်ပြန်၍ ပြကတေ့ရှိ၏။

ဤသို့လျှင် ဇီဝကသရက်ဥယျာဉ်၌နေသော သုဘာထေရီသည် ဂါထာတို့ကို ရွတ်ဆို၏။

# တိံသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၅-စတ္တာလီသနိပါတ်

## ၁-ဖုဿိဒါသီထေရီဂါထာ

၄၀၂။ အလုံးစုံသော ဇမ္ဗူဒိပ်မြေအပြင်၏ တန်ဆာသဖွယ်ဖြစ်သော ယခုအခါ ပါဋလိပုတ်မည်၍ ရှေးက ကုသုမပြည်အမည်ရှိသောမြို့ဝယ် သာကီဝင်မင်းသားဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်တည်းဟူသော အမျိုး၌ အမျိုးကောင်းသမီးဖြစ်ကုန်သော သီလစသော ကျေးဇူးနှင့်ပြည့်စုံကုန်သော ရဟန်းမိန်းမနှစ်ယောက်တို့ ရှိကြကုန်၏။

၄၀၃။ ထိုနှစ်ယောက်တို့တွင် တယောက်သော ရဟန်းမိန်းမသည် ဖုဿိဒါသီမည်၍ ဒုတိယရဟန်းမိန်းမသည် ဗောဓိထေရီမည်၏၊ ထိုရဟန်းမိန်းမနှစ်ယောက်တို့သည် စတုပါရိသုဒ္ဓိနှင့်လည်း ပြည့်စုံကုန်၏၊ လောကီလောကုတ္တရာစျာန်ကို ဝင်စားခြင်း၌ မွေ့လျော်ကုန်၏၊ များသော ပရိယတ္တိအကြားအမြင်လည်း ရှိကုန်၏၊ အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို ပယ်နုတ်ခါတွက်ပြီးသူတို့ ဖြစ်ကြကုန်၏။

၄၀၄။ ထိုရဟန်းမိန်းမနှစ်ယောက်တို့သည် ပါဋလိပုတ်မြို့တွင်းသို့ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားခြင်းကိစ္စပြီးဆုံးပြီးလျှင် သပိတ်တို့ကို ဆေးကြောပြီးလတ်သော် လူသူကင်းဆိတ်ရာ ဂင်္ဂါမြစ် သဲသောင်ပြင်၌ ( ဝိဝေကချမ်းသာဖြင့် ) ချမ်းသာစွာ နေကုန်လျက် ဤဆိုလတ္တံ့သော ဂါထာတို့ကို ဆိုကြကုန်၏။

၄၀၅။ အရှင်မဖုဿိဒါသီ သင်သည် မြင်ရသူတို့၏ စိတ်ကြည်လင်ဖွယ်ကို ဆောင်နိုင်သူဖြစ်ခဲ့၏၊ သင်၏အရွယ်သည်လည်း (ပဌမအရွယ်၌ တည်သည်ဖြစ်၍) မဆုတ်ယုတ်သေး၊ အဘယ်သို့သောအပြစ်ကိုမြင်၍ ကာမဂုဏ်မှ ထွက်မြောက်မှု ရဟန်းပြုခဲ့သနည်း။

၄၀၆။ ဆိတ်ငြိမ်ရာအရပ်ဝယ် ဤသို့ ဗောဓိမည်သော ထေရီမက မေးအပ်သော် တရားဟောခြင်း၌ လိမ္မာသော ဖုဿိဒါသီမည်သော ထိုရဟန်းမိန်းမသည် အရှင်မဗောဓိငါသည် အကြင်အခြင်းအရာဖြင့် ရဟန်းပြု၏၊ ထိုအခြင်းအရာကို နာ၊ထောင်လော့ဟု ဤစကားကို ပြောဆို၏။

၄၀၇။ အရှင်မဗောဓိ အကျွန်ုပ်၏အဖသည် အဝန္တိတိုင်း ဥဇ္ဇေနီမည်သော ပြည်မြတ်၌ သီလကို စောင့်သုံးသော သူဌေးဖြစ်ပါ၏၊ အကျွန်ုပ်သည် ထိုသူဌေး၏ ချစ်မြတ်နိုးအပ်သူ နှလုံးကိုပွါးစေတတ်သူ သနားအပ်သူ တဦးတည်းသောသမီး ဖြစ်ခဲ့ပါ၏။

၄၀၈။ ထိုနောက် (အရွယ်သို့ရောက်သောအခါ) သာကေတမြို့မှ ငါ့အား (သားနှင့်) ထိမ်းမြားလိုသော မြတ်သောအမျိုး၌ဖြစ်သော များသောဥစ္စာရတနာရှိသော သူဌေးသည် ရောက်လာခဲ့ပြီ၊ ငါ၏ ဖခင်သူဌေးသည် ငါ့ကို ချွေးမပြုရန် ထိုသာကေတပြည်သားသူဌေးအား ဆောင်နှင်းလိုက်ပါ၏။

၄၀၉။ အကျွန်ုပ်သည် ယောက္ခမမိန်းမသူ့သို့ရှင်း ယောက္ခမယောကျ်ားသူ့သို့ရှင်း ညနံနက်တိုင်း ချဉ်းကပ်၍ ဦးဖြင့်ရှိခိုးခြင်းကို ပြုပါ၏၊ ထိုယော ၃မနှစ်ဦးတို့၏ ခြေတို့ကို ရှိခိုးပါ၏၊ ယောက္ခမတို့ ဆုံးမသည့်အတိုင်း လိုက်နာပြုကျင့်ပါ၏။

http://www.dhammadownload.com



၄၁၀။ အကျွန်ုပ်လင်၏ အစ်မနှစ်မတို့သည်ငှင်း အစ်ကိုညီ၏အခြွေအရံတို့သည်ငှင်း ရှုံ့ကြပါကုန်၏၊ ထိုသို့ သဘောရှိသော တယောက်သော အကျွမ်းဝင်သူကိုမျှလည်း မြင်ရသော် ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ သင့်လျော်သောနေရာကို ပေးခဲ့ပါ၏။

၄၁၁။ ထမင်းဖြင့်ငှင်း အဖျော်ဖြင့်ငှင်း ခဲဖွယ်ဖြင့်ငှင်း လုပ်ကျွေးပါ၏၊ ထိုထမင်းကျွေးရာအရပ်၌ စီရင်ထားသော ထင်ရှားရှိသောဝတ္ထုကိုလည်း ဖုံးလွှမ်းသိုမှီးသင့်သည်ကို ဖုံးလွှမ်းသိုမှီးပါ၏၊ (ဖုံးလွှမ်းသိုမှီးထားသော ဝတ္ထုမှ) ပေးကမ်းဆောင်နှင်းသင့်သည်ကို ပေးကမ်းဆောင်နှင်းပါ၏၊ အကြင်ဝတ္ထုသည် အကြင်သူအား လျောက်ပတ်၏၊ ထိုလျောက်ပတ်သော ဝတ္ထုကို ထိုသူအား ပေးလည်းပေးပါ၏။

၄၁၂။ အကျွန်ုပ်သည် လုပ်ကျွေးသင့်သော အချိန်အခါကို မလွန်စေသဖြင့် အိမ်ထောင်မှုကိစ္စကို ပြီးစေပြီးနောက် တံခါးခုံ၌ ရပ်လျက် လက်ခြေတို့ကို ဆေးပြီးသော် အိမ်သို့ ချဉ်းကပ်ပါ၏၊ လက်အုပ်ချီလျက် လင့်ထံသို့ ချဉ်းကပ်ပါ၏။

၄၁၃။ အကျွန်ုပ်သည် (ခေါင်းဖြီးစရာ) ဘီးကိုငှင်း မျက်နှာချေမှုန့်ကိုငှင်း မျက်စဉ်းကျည်ကိုငှင်း မှန်ကိုငှင်း ကိုင်ယူ၍ အလုပ်အကျွေးကျွန်မကဲ့သို့ ကိုယ်တိုင်သာလျှင် လင်ကို တန်ဆာဆင်ပေးပါ၏။

၄၁၄။ ကိုယ်တိုင်သာလျှင် ထမင်းချက်ပါ၏၊ ကိုယ်တိုင်သာလျှင် စားအိုးစားခွက်ကို ဆေးကြောသည်ဖြစ်၍ အမိသည် တဦးတည်းသော သားကိုပြုစုလုပ်ကျွေးသကဲ့သို့ ထို့အတူ အကျွန်ုပ်သည် လင်ကို ပြုစုလုပ်ကျွေးပါ၏။

၄၁၅။ ဤသို့ လင့်၌ခစားခြင်းရှိသော လင့်အလိုအလိုက်တပ်မက်သော ထိုထိုပြုဖွယ်ကိစ္စကို ပြုတတ်သော မာန်မာနကို နှိမ်ချသော ထကြွလုံ့လနှင့် ပြည့်စုံ၍ ပျင်းရိခြင်းမရှိသော သီလအကျင့်ရှိသော ထိုအကျွန်ုပ်ကို လင်ယောက်ျားသည် အမျက်ထွက်ပါ၏။

၄၁၆။ ထိုအကျွန်ုပ်လင်သည် အမိကိုငှင်း အဖကိုငှင်း ပြောဆို၏၊ အကျွန်ုပ်သည် မိခင်ဖခင်တို့ကို ပန်ကြား၍ (တစုံတခုသောအရပ်သို့) သွားပါတော့အံ့၊ ဇနီးဖြစ်သူ ဣသိဒါသီနှင့် တအိမ်တည်း၌ အတူတကွနေရန် အလိုမရှိတော့ပါဟု ပြောဆို၏။

၄၁၇။ ချစ်သား ဤသို့ မပြောဆိုလင့်၊ (သင့်ဇနီး) ဣသိဒါသီသည် ပညာရှိ၏၊ လိမ္မာ၏၊ ထကြွလုံ့လနှင့် ပြည့်စုံ၍ ပျင်းရိခြင်းမရှိ၊ ချစ်သား သင်ချစ်သားသည် အဘယ့်ကြောင့် သင့်ဇနီး ဣသိဒါသီကို မနှစ်သက်လေဘိသနည်း။

၄၁၈။ အမိအဖတို့ ဣသိဒါသီသည် အနည်းငယ်မျှ ညှဉ်းဆဲလည်း မညှဉ်းဆဲပါ၊ အကျွန်ုပ်သည် ဣသိဒါသီနှင့်တကွ မနေလိုတော့ပါ၊ အကျွန်ုပ်သည် ဣသိဒါသီကို မုန်းလှသည်သာတည်း၊ အကျွန်ုပ်အား ထိုဣသိဒါသီဖြင့် အလိုမရှိတော့ပါ၊ အကျွန်ုပ်သည် သင်မိခင်ဖခင်တို့ကို ပန်ကြား၍ သွားပါတော့အံ့ (ဟု ပြောပါ၏)။

၄၁၉။ ယောက္ခမတို့သည် ထိုအကျွန်ုပ်လင်၏ စကားကို ကြားရကုန်၍ အကျွန်ုပ်ကို မေးကြပါကုန်၏၊ ဣသိဒါသီ ထိုသင့်လင်အား သင်သည် အဘယ်သို့သော ပြစ်မှားမှုကို ပြစ်မှား ပြုလုပ်မိသနည်း၊ ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ ပွင့်ပွင့်လင်းလင်းပြောဆိုပါလော့။

http://www.dhammadownload.com



၄၂၀။ ယောက္ခမမိဖတို့ အကျွန်ုပ်သည် ထိုအကျွန်ုပ်လင်အား အနည်းငယ်မျှ ဖြစ်မှားလည်း မပြစ်မှားမိပါ၊ ညှဉ်းဆဲလည်း မညှဉ်းဆဲမိပါ၊ မကောင်းသော စကားကို ဆိုလည်း မဆိုပါ၊ ယောက္ခမမိဖတို့ အကျွန်ုပ်လင်သည် အကျွန်ုပ်ကို အကြောင်းမရှိပဲပင် မုန်းခဲ့ပါ၏၊ ယင်းသို့ မုန်းခြင်းကို အကျွန်ုပ်သည် အဘယ်သို့ပြုခြင်းငှါ တတ်နိုင်ပါတော့အံ့နည်း။

၄၂၁။ (ဤသို့ပြောဆိုသော်) ထိုယောက္ခမတို့သည် နှလုံးမသာကုန်သည် ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ မိမိတို့သား၏ စိတ်ကို စောင့်ရှောက်လိုကုန်သော ကြောင့် အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၍ ကြက်သရေရှိသောချွေးမကို ဆုံးရှုံးရကုန်၏တကား ဟု ပြောဆိုပြီးလျှင် အကျွန်ုပ်ကို မိဖအိမ်သို့ ပြန်ပို့ကြကုန်၏။

၄၂၂။ ထိုသို့ မိဖအိမ်သို့ ပြန်ပို့ပြီးနောက်မှ အကျွန်ုပ်၏ ဖခင်သည် ကြွယ်ဝသော ဒုတိယအမျိုးသား လင်၏အိမ်သို့ အကျွန်ုပ်ကို ပေးလိုက်ပြန်ပါ၏၊ ပဌမသူဌေးထံမှ အကျွန်ုပ် ရသော လက်ဖွဲ့ပစ္စည်းအောက် ထက်ဝက်ယုတ်လျော့သော လက်ဖွဲ့ပစ္စည်းဖြင့် ဒုတိယသူဌေး အား ဆောင်နှင်းထိမ်းမြား ပေးစားလိုက်ပြန်ပါ၏။

၄၂၃။ ထိုဒုတိယလင်၏ အိမ်၌လည်း တလမျှ အကျွန်ုပ် နေရပါ၏၊ ထို့နောက် ထို ဒုတိယလင်သည်လည်း အိမ်ကျွန်မကဲ့သို့ လုပ်ကျွေးခစား၍ မဖျက်ဆီးထိုက်သော သီလနှင့် ပြည့်စုံသော အကျွန်ုပ်ကို အိမ်မှ နှင်ထုတ်ပြန်ပါ၏။

၄၂၄။ ထို့နောက် (သနားခြင်း၏ တည်ရာ၏ အဖြစ်ဖြင့် သူတပါးတို့၏ စိတ်ကို) ယဉ်ကျေးစေတတ်သော သူတပါးတို့ ပေးကမ်းချင်လောက်အောင် (ကိုယ် နှုတ် စိတ်) ငြိမ်သက်သည်ကို ပြု၍ သူတပါးတို့ ပေးကမ်းသော ထမင်းအလို့ငှါ လှည့်လည်သော သူတောင်းစားကို ငါ၏အဖသည် ပြောဆိုပါ၏၊ သူတောင်းစား သင်သည် ငါ၏ သားမက် ဖြစ်ပါလော့၊ သင်ဝတ်ထားသော လျှော်မျှင်ပုဆိုးပိုင်းကိုရှင်း ထမင်းခွက်ကိုရှင်း မြေအိုး ငယ်ကိုရှင်း စွန့်ပစ်လိုက်ပါလော့(ဟု ပြောဆိုပါ၏)။

၄၂၅။ ထိုသူတောင်းစားသည်လည်း တဆဲ့ငါးရက်မျှ အကျွန်ုပ်နှင့်နေပြီး၍ ထို တဆဲ့ ငါးရက်လွန်သောအခါ၌ အကျွန်ုပ်အဖကို ပြောဆိုပါ၏၊ ငါ၏ လျှော်မျှင်ပုဆိုးပိုင်းကိုရှင်း ထမင်းတောင်းသောခွက်ကိုရှင်း မြေအိုးငယ်ကိုရှင်း ပေးပါလော့၊ ငါသည် တဖန် ထမင်း တောင်းရန် လှည့်လည်ရပါဦးအံ့ဟု ပြောဆိုပါ၏။

၄၂၆။ ထို့နောက် ငါ၏ အဖသည်ရှင်း အမိသည်ရှင်း ဆွေမျိုးအားလုံး အပေါင်း သည်ရှင်း ပေါင်းစည်းစုဝေး၍ ထို သူတောင်းစားကို ပြောဆိုပါ၏၊ ဤပြည့်စုံကြွယ်ဝသော အိမ်၌ သင်၏ အဘယ်မည်သောအမှုကို မပြီးစေသနည်း၊ လျင်မြန်စွာ ပြောဆိုပါလော့၊ ထိုအမှုကို သင်ပြုရလတ္တံ့ (ဟု ပြောဆို၏)။

၄၂၇။ ဤသို့ ပြောဆိုသော် သူတောင်းစားသည် ဖြေကြားပြောဆိုပါ၏၊ ငါ၏ ကိုယ်သည် မိမိအလိုအတိုင်း ကိုယ်စိုးကိုယ်ပိုင် နေစွမ်းနိုင်ခြင်း အကယ်၍ ရှိသည် ဖြစ်အံ့၊ ငါ့အား ဣသိဒါသီကို အလိုမရှိပါ၊ ငါသည် ဣသိဒါသီနှင့် တအိမ်တည်း၌ အတူတကွမနေ လိုပါဟု ပြောဆို၏။

http://www.dhammadownload.com



၄၂၈။ ထိုသူတောင်းစားသည် ငါ့အဖကလွှတ်လိုက်သည့်ရှိသော် အလိုရှိရာသွားလေ၏၊ အကျွန်ုပ်သည်လည်း တယောက်ထီးတည်းသာလျှင် ကြံစည်မိပါ၏၊ ငါသည် ငါ့အဖကို ပန်ကြား၍ သေခြင်းငှါမူလည်း သွားတော့အံ့၊ ရဟန်းဖြစ်မူလည်း ပြုတော့အံ့ (ဟု ကြံစည်မိပါ၏)။

၄၂၉။ ထိုအခါ ဝိနည်းကိုဆောင်သော များသော အကြားအမြင်ရှိသော သီလနှင့် ပြည့်စုံသော အရှင်မ ဇိနဒတ္တာသည် ဆွမ်းခံ လှည့်လည်လျက် အကျွန်ုပ်၏ အဖအိမ်သို့ ရောက်လာပါ၏။

၄၃၀။ အကျွန်ုပ်တို့၏ အဖအိမ်သို့ ရောက်လာသော ထိုဇိနဒတ္တာထေရီမကို ဖူးမြင်ရ၍ အကျွန်ုပ်သည် နေရာမှထကာ ထိုထေရီမ၏အလို့ငှါ နေရာခင်းခဲ့ပါ၏၊ ထိုင်နေပြီးသောသေရီမ၏ ခြေတို့ကိုလည်း ရှိသေစွာရှိခိုးပြီးလျှင် ဆွမ်းဘောဇဉ်ကို ပေးလှူခဲ့ပါ၏။

၄၃၁။ ထမင်းဖြင့်ရင်း အဖျော်ဖြင့်ရင်း ခဲဖွယ်ဖြင့်ရင်း ထိုဆွမ်းကျွေးရာအရပ်၌ စီရင်ထားသော ထင်ရှားရှိသော ဝတ္ထုဖြင့်ရင်း ထိုဇိနဒတ္တာထေရီမကို ကောင်းစွာ ရောင့်ရဲစေပြီး၍ အရှင်မ အကျွန်ုပ်သည် ရဟန်းပြုအံ့သောငှါ အလိုရှိပါ၏ (ဟု ပြောဆိုပါ၏)။

၄၃၂။ ထိုအခါ အကျွန်ုပ်၏ အဖသည် အကျွန်ုပ်ကို ချစ်သမီး ဤအိမ်၌ပင်လျှင် သင်သည် ရဟန်းအကျင့်စသော တရားကို ကျင့်ဦးလော့၊ ရဟန်းတို့ကိုရင်း ပုဏ္ဏားမျိုးတို့ကိုရင်း ထမင်းအဖျော်တို့ဖြင့် ရောင့်ရဲစေဦးလော့ဟု ပြောဆိုပါ၏။

၄၃၃။ ထိုအခါ အကျွန်ုပ်သည် ငိုကြွေးလျက် လက်အုပ်ချီကာ ဖခင်ကို ဖခင် အကျွန်ုပ်သည် မကောင်းမှုကိုသာ ပြုအပ်ပါ၏၊ ထိုမကောင်းမှုကို ပျက်စီးစေအံ့ (ဟု ပြောဆိုပါ၏။)

၄၃၄။ ထိုအခါ အကျွန်ုပ် ဖခင်သည် ချစ်သမီး အကြင် မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာတရားကိုးပါးကို အခြေနှစ်ချောင်းရှိသော လူ နတ် ဗြဟ္မာတို့ထက်မြတ်တော်မူသော မြတ်စွာဘုရားသည် မျက်မှောက်ပြုတော်မူ၏၊ ထိုသို့သဘောရှိသော မဂ်ဉာဏ်သို့ရင်း မြတ်သော အရဟတ္တဖိုလ်တရားသို့ရင်း သင်ရောက်ပါစေသတည်း၊ နိဗ္ဗာန်ကိုလည်း ရယူပါစေသတည်း (ဟု အကျွန်ုပ်ကို ပြောဆိုပါ၏)။

၄၃၅။ အကျွန်ုပ်သည် အမိအဖတို့ကိုရင်း ပေါင်းစည်းစုဝေးသော ဆွေမျိုးအားလုံး အပေါင်းကိုရင်း ရှိခိုးပြီးလျှင် ရဟန်းဖြစ်၍ ခုနစ်ရက်မျှဖြင့် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုရပြီ။

၄၃၆။ အရှင်မဗောဓိ အကျွန်ုပ်သည် မိမိ၏ ရှေးခုနစ်ဘဝတို့ကို သိရှိပါ၏၊ အကြင်မကောင်းမှုကံ၏ ဤလင်မနှစ်သက်သောအဖြစ်ဟုဆိုအပ်သော အကျိုးဝိပါက်သည် ဖြစ်၏၊ ထိုမကောင်းမှုကံကို သင်ဗောဓိထေရီမအား ပြောကြားပါအံ့၊ ထိုပြောကြားမည့်မကောင်းမှုကံကို တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ နားထောင်ပါလော့။

၄၃၇။ အကျွန်ုပ်သည် ရှေးခုနစ်ဘဝ၌ ဧရကစ္ဆအမည်ရှိသောမြို့ဝယ် ဥစ္စာ များစွာကြွယ်ဝသော ရွှေပန်းထိမ်သည် ဖြစ်ခဲ့ပါ၏၊ ထိုရွှေပန်းထိမ်သည်ဖြစ်သော အကျွန်ုပ်သည် အရွယ်မာန်ယစ်ခြင်းဖြင့် ယစ်သည်ဖြစ်၍ သူတပါးမယားကို မှီဝဲခဲ့ဘူးပါ၏။

http://www.dhammadownload.com



၄၃၈။ ထိုအကျွန်ုပ်သည် ထိုရွှေပန်းထိမ်သည်ဘဝမှ စုတေခဲ့၍ အဝီစိငရဲကြီး၌ ကြာမြင့်စွာသော ကာလပတ်လုံး ငရဲမီးလောင်ခဲ့ရ၏၊ ထိုအဝီစိငရဲမှ လွတ်မြောက်ခဲ့ပြီး၍လည်း တိရစ္ဆာန်မျောက်မဝမ်း၌ ပဋိသန္ဓေနေရပါ၏။

၄၃၉။ မွေးဖွား၍ ခုနစ်ရက်မြောက်ပြီးသော အကျွန်ုပ်ကို မျောက်အပေါင်း၏ အရှင်ဖြစ်သော မျောက်မင်းသည် ဝှေးစေ့ကို ကိုက်ဆုတ်လိုက်ပါ၏၊ အကျွန်ုပ်သည် အကြင်အကြောင်းဖြင့်လည်း သူတပါးမယားကို လွန်ကျူး၍ ကျင့်ခဲ့ဘူးပါ၏၊ ထိုအကျွန်ုပ်အား ဤဝှေးစေ့ကို မျောက်မင်း ကိုက်ထုတ်ခံရခြင်းဟူသော အကျိုးသည် ရှေးဘဝ၌ ပြုအပ်သော ထိုပရဒါရကံ၏ အကျိုးပါတည်း။

၄၄၀။ ထိုအကျွန်ုပ်သည် ထိုမျောက်ဘဝမှ စုတေခဲ့၍ သိန္ဓုဝတိုင်း တောအရပ်၌ ကန်းလည်းကန်း ခြေလည်းခွင်သော ဆိတ်မ၏ဝမ်း၌ ပဋိသန္ဓေနေရပါ၏။

၄၄၁။ အကျွန်ုပ်သည် ဝှေးစေ့ထုတ်ခံရသည်ဖြစ်၍ တဆယ့်နှစ်နှစ်တိုင်တိုင် ကျောက်ကုန်း၌ တက်စီးကုန်သောသူငယ်တို့ကို ချီပိုးရွက်ဆောင်လျက် ပိုးလောက်အတိတက်ကာ နှိပ်စက်အပ်သည်ဖြစ်၍ မကျန်းမာခဲ့ပါ၊ ဤဝှေးစေ့ထုတ်သော ဆိတ်အဖြစ်၌ ဆင်းရဲခံရခြင်းဟူသောအကျိုးသည် ရှေးဘဝ၌ပြုအပ်သော ထိုပရဒါရကံ၏ အကျိုးပါတည်း။

၄၄၂။ ထိုအကျွန်ုပ်သည် ထိုဆိတ်ဘဝမှ စုတေခဲ့၍ နွားကုန်သည်တယောက်၏ နွားမဝမ်း၌ ဖြစ်ခဲ့ရပါ၏၊ ထိုအကျွန်ုပ်သည် ချိပ်ရည်ဖြင့်ဆိုးသကဲ့သို့ နီသောအမွေးရှိသော နွားပေါက်ငယ်ဖြစ်၍ တဆယ့်နှစ်လသို့ရောက်သောအခါ၌ ဝှေးစေ့ထုတ်ခံရပါတော့၏။

၄၄၃။ အကျွန်ုပ်သည် ထွန်ဘုံးကိုလည်း ဆောင်ရ၍ လှည်းကိုလည်း ရုန်းရပါ၏၊ ရုန်းပြီးနောက် အကန်းဖြစ်ကာ နှိပ်စက်အပ်သည်ဖြစ်၍ မကျန်းမာခဲ့ပါ၊ ဤဝှေးစေ့ထုတ်သော နွားအဖြစ်၌ ဆင်းရဲခံရခြင်းဟူသောအကျိုးသည် ရှေးဘဝ၌ ပြုအပ်သော ထိုပရဒါရကံ၏ အကျိုးပင်တည်း။

၄၄၄။ ထိုအကျွန်ုပ်သည် နွားဘဝမှ စုတေခဲ့၍ မြို့လမ်းခရီး၌ အိမ်ပေါက်ကျွန်မ၏ ဝမ်း၌ ဖြစ်ရပါ၏၊ မိန်းမမဟုတ် ယောကျ်ားမဟုတ် နပုံးဖြစ်ရပါ၏၊ ဤသို့ နပုံးဖြစ်ရခြင်းဟူသောအကျိုးသည် ရှေးဘဝ၌ ထိုပရဒါရကံ၏ အကျိုးပင်တည်း။

၄၄၅။ (နပုံးဖြစ်၍) အနှစ်သုံးဆယ်ရှိသောအခါ သေခဲ့ရပါ၏၊ (သေပြီးနောက်) ဆင်းရဲစွာသော စည်းစိမ်ဥစ္စာနည်းပါးသော ကြွေးမြီရှင်ယောကျ်ားတို့၏ နှိပ်စက်ခံရခြင်းများသော လှည်းသမားအမျိုးအိမ်၌ သူငယ်မကလေးဖြစ်ရပါ၏။

၄၄၆။ လှည်းကုန်သည်သူကြွယ်တဦးသည် တိုးပွါးများပြားသော ကြွေးမြီ၏ အတိုးပွါးခြင်းအားဖြင့် အကျွန်ုပ်မွေးဖွားရာအိမ်မှ လုယက်၍ ငိုကြွေးမြည်တမ်းစဉ် ထိုအကျွန်ုပ်ကို ဆွဲငင်၍ ယူဆောင်သွားပါ၏။

၄၄၇။ ထို့နောက် တဆယ့်ခြောက်နှစ်မြောက် (အရွယ်ရောက်) သောအခါ၌ ဂိရိဒါသမည်သော ထိုလှည်းကုန်သည်၏သားသည် အရွယ်ရောက်သော သတို့သမီးငယ်ဖြစ်သော အကျွန်ုပ်ကို မြင်၍ အိမ်သူမယားအဖြစ်ဖြင့် သိမ်းပိုက်ပါ၏။

http://www.dhammadownload.com



၄၄၇။ (အကျွန်ုပ်၏လင်ဖြစ်သော) ထိုဂိရိဒါသအားလည်း အကျွန်ုပ်မှတပါး သီလနှင့်ပြည့်စုံသော ကျေးဇူးနှင့်ပြည့်စုံသော အခြွေအရံနှင့်လည်း ပြည့်စုံသော လင်ကိုချစ်ခင်သူ မယားကြီးသည် ရှိပါသေး၏၊ အကျွန်ုပ်သည် ထိုလင်အား ထိုမယားကို မုန်းအောင်ပြုခဲ့မိပါ၏။

၄၄၈။ အိမ်ကျွန်မကဲ့သို့ လင်ကိုလုပ်ကျွေးသူ အကျွန်ုပ်ကို လင်သုံးယောက်တို့သည် စွန့်ပစ်၍ သွားကုန်၏၊ ဤသို့ လင်တို့ စွန့်ပစ်ထွက်သွားခြင်းသည် ထိုအကျွန်ုပ်၏ သူတပါးမယားကို လွန်ကျူးသောမကောင်းမှု လင်မုန်းအောင်ပြုသောမကောင်းမှု၏ အကျိုးဆက်ပါတည်း၊ အကျွန်ုပ်သည် ယခုအခါ အရဟတ္တမဂ်ကို ရသဖြင့် ဤသို့ အစဉ်လိုက်နေသော ကြမ်းထမ်းသော မကောင်းမှုကံ၏ အဆုံးကို ပြုအပ်ပြီးပါပြီ။

ဤသို့လျှင် ဣသိဒါသီထေရီသည် ဂါထာတို့ကို ရွတ်ဆို၏။

## စတ္တာလီသနိပါတ် ပြီး၏။

http://www.dhammadownload.com

# ၁၆-မဟာနိပါတ်

## ၁-သုမေဓာထေရီဂါထာ

၄၅၀။ ငါသည် မန္တာဝတီမြို့ဝယ် ကောဉ္စမည်သောဘုရင်၏ မိဖုရားကြီး၏ သမီးတော် သုမေဓာမင်းသမီးဖြစ်ခဲ့၏၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ကုန်သော အရိယာပုဂ္ဂိုလ်တို့ တရားဟောသဖြင့် သာသနာတော်၌ ကြည်ညိုသူ ဖြစ်ပါ၏။

၄၅၁။ ထိုသမီးတော်သုမေဓာသည် အကျင့်သီလနှင့် ပြည့်စုံ၏၊ ဆန်းကြယ်သောတရားစကားကို ပြောဆိုတတ်၏၊ များသောပရိယတ် အကြားအမြင်ရှိ၏၊ မြတ်စွာဘုရားသာသနာ၌ ဆုံးမအပ်ပြီးဖြစ်၍ စောင့်စည်းသော ကိုယ်နှုတ်စိတ်ရှိ၏၊ ထိုသမီးတော်သုမေဓာသည် ခမည်းတော် မယ်တော်တို့ထံ ချဉ်းကပ်ခစား၍ ခမည်းတော် မယ်တော်နှစ်ပါးတို့သည် အကျွန်ုပ်၏စကားကို နားထောင်ကြပါကုန်လော့ဟု ပြောဆို၏။

၄၅၂။ ခမည်းတော် မယ်တော်တို့ အကျွန်ုပ်သည် နိဗ္ဗာန်ချမ်းသာ၌ မွေ့လျော်ပါ၏၊ ဘုံသုံးပါး၌ အကျိုးဝင်သော အလုံးစုံသော တေဘူမကသင်္ခါရမည်သည်ကား နတ်ပြည်၌ အကျိုးဝင်သည်ဖြစ်စေကာမူ အမြဲမတည်နိုင်ပါ၊ လူ့ပြည်၌ဖြစ်သော ကာမဂုဏ်တို့သည်ကား အဘယ်ဆိုဖွယ်ရာရှိပါကုန်အံ့နည်း၊ အနှစ်မရှိသည်သာဖြစ်၍ အချည်းနှီးသာတည်း၊ လုံးသွားထက်၌ ပျားရည်စက်ကဲ့သို့ တပ်မက်သာယာဖွယ် မရှိကုန်၊ ပစ္စုပ္ပန်တမလွန်၌ များစွာပင်ပန်းခြင်း ရှိပါကုန်၏။

၄၅၃။ ကာမဂုဏ်တို့သည် အလိုမရှိအပ် ခါးစပ်ကုန်၏၊ ဘေးဘျမ်းနှင့် တကွဖြစ်သောကြောင့် လျင်သောအဆိပ်ရှိသော မြွေဟောက်နှင့်တူကုန်၏၊ ယင်းကာမဂုဏ်တို့၌ လူမိုက်တို့သည် အလွန်တွေဝေမိန်းမောကုန်၏၊ ထိုလူမိုက်တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ငရဲ၌ မိမိတို့မကောင်းမှုကံက ပစ်ချအပ်ကုန်သည်ဖြစ်၍ ဆင်းရဲသော ကိုယ်စိတ်ရှိကုန်လျက် အနှိပ်စက်ခံကြရကုန်၏။

၄၅၄။ ကိုယ်ဖြင့်ရှင်း နှုတ်ဖြင့်ရှင်း စိတ်ဖြင့်ရှင်း မစောင့်စည်းကုန်သော လူမိုက်တို့သည် အခါခပ်သိမ်း မကောင်းမှုတိုးပွါးကုန်သည်ဖြစ်၍ မိမိတို့မကောင်းမှုကံကြောင့် ဖရိုဖရဲပျက်စီးကျရောက်ရာ အပါယ်လေးဘုံ၌ ကျရောက်ကုန်လျက် စိုးရိမ်ကြရကုန်၏။

၄၅၅။ ပညာမရှိကုန်၍ မိမိအစီးအပွါးကို ဆောင်တတ်သော စိတ်စေတနာမရှိကုန်သော ဒုက္ခသမုဒယအမည်ရသော တပ်မက်မောမှု တဏှာလျှင် အကြောင်းရင်းရှိသော သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းရကုန်သော ထိုလူမိုက်တို့သည် သစ္စာလေးပါးတရားကို ဟောတော်မူအပ်သည်ရှိသော် အနက်ကို မသိကုန်သည်ဖြစ်၍ အရိယသစ္စာတို့ကို ထိုးထွင်း၍ မသိနိုင်ကြကုန်။

၄၅၆။ မယ်တော် အကြင်လူမိုက်တို့သည် ဘုံသုံးပါး၌တည်သော ဝဋ်ဆင်းရဲကို အလွန်နှစ်သက်ကုန်၏၊ နတ်ပြည်တို့၌ ဖြစ်ခြင်းကို တောင့်တကြကုန်၏၊ ထိုလူမိုက်တို့သည် ဘုရား

http://www.dhammadownload.com



မြတ်တို့ ဟောတော်မူအပ်သော သစ္စာလေးပါးတို့ကို မသိနိုင်ကြကုန်၊ ထိုသစ္စာလေးပါးကို မသိသော လူမိုက်တို့သည်သာလျှင် ဤလောက၌ များပြားကုန်၏။

၄၅၇။ အလုံးစုံသော ဘုံဘဝသည် မမြဲသည်ရှိသော် နတ်ပြည်ဘုံ၌ ဖြစ်ခြင်းသည် လည်း မမြဲသည်သာတည်း၊ (ဤသို့ မမြဲသော်လည်း) လူမိုက်တို့သည် အဖန်တလဲလဲ ဖြစ်လတ္တံ့သည်မှ မထိတ်လန့်ကုန်သည်သာတည်း။

၄၅၈။ (ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော) အပါယ်လေးဘုံတို့သည် ချမ်းသာအစုမှ ဖရိုဖရဲပျက်စီးကျရာ ဂတိတို့ပေတည်း၊ လူ့ ဘုံ နတ်ဘုံဟူသော ဂတိနှစ်ပါး တို့ကိုလည်း (ကောင်းမှုကံ၏ ပြုနိုင်ခဲသည်၏အဖြစ်ကြောင့်) ငြိုငြင်ပင်ပန်းသဖြင့် ရအပ် ကုန်၏၊ ချမ်းသာမှုကင်းသော အပါယ်လေးဘုံတို့၌ ပျက်စီးကျရောက်ရကုန်သော သတ္တဝါ တို့အား ရှင်ရဟန်းအဖြစ်သည် မရှိနိုင်သည်သာတည်း။

၄၅၉။ ခမည်းတော် မယ်တော်နှစ်ပါးတို့ သင်တို့သည် အားတော်ဆယ်ပါးနှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ အကျွန်ုပ်ကို ရဟန်းပြုရန် ခွင့်ပြုကြပါ ကုန်လော့၊ အကျွန်ုပ်သည် တပါးသောအမှုတို့၌ အားထုတ်ခြင်းကင်းသည်ဖြစ်၍ ပဉ္စသန္ဓေ နေမှု အိုမှု သေမှုကို ပယ်အံ့သောငှါ ဘာဝနာကို အားထုတ်ပါတော့အံ့။

၄၆၀။ ခန္ဓာကိုယ်ကို ဆင်းရဲစေတတ်သော အနှစ်သာရမရှိသော ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲကို အလွန်နှစ်သက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဘုံသုံးပါး၌ဖြစ်သော တဏှာ၏ချုပ်ခြင်းအကျိုးငှါ (အသင်မိဖနှစ်ပါးတို့သည်) အခွင့်ပြုကြပါကုန်လော့၊ အကျွန်ုပ်သည် ရဟန်းပြုပါတော့အံ့။

၄၆၁။ အကျွန်ုပ်သည် ဘုရားရှင်တို့ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းကို ရအပ်ပါပြီ၊ ရှေ၌ဖြစ်ခြင်းစသော ရှစ်ပါးသောအက္ခဏကို ကြဉ်အပ်ဗျပြီ၊ ဗုဒ္ဓုပ္ပါဒနဝမခဏကို ရအပ် ပါပြီ၊ စတုပါရိသုဒ္ဓိသီလတို့ကိုငှင်း သာသနာတော်တည်းဟူသော အကျင့်မြတ်ကိုငှင်း အသက်ထက်ဆုံး မဖျက်ဆီးပါအံ့။

၄၆၂။ အကျွန်ုပ်သည် လူအဖြစ်၌ တည်နေရသမျှ ကာလပတ်လုံး အစာအာဟာရကို မသုံးဆောင်တော့အံ့၊ အစာမစားပဲ သေမင်းနိုင်ငံသို့သာ လိုက်ပါတော့အံ့၊ ဤသို့သုမေဓာ သတို့သမီးသည် ခမည်းတော် မယ်တော်တို့ကို ပြောဆို၏။

၄၆၃။ ထိုသုမေဓာမင်းသမီး၏ မယ်တော်သည် ဆင်းရဲခြင်းသို့ ရောက်သည်ဖြစ်၍ ငိုကြွေး၏၊ ခမည်းတော်သည်လည်း မျက်ရေတို့ဖြင့် အချင်းခပ်သိမ်း စိုစွတ်သောမျက်နှာ ရှိသည်ဖြစ်၍ ငိုကြွေး၏၊ ထိုမယ်တော်ခမည်းတော်နှစ်ပါးတို့သည် ပြာသာဒ်ကြမ်းပြင်၌ လဲကျသော သုမေဓာမင်းသမီးအား လူဝတ်ကြောင်ဘဝ၌ စည်းစိမ်ခံစားမှုကို သိမှတ်စေ ခြင်းငှါ အားထုတ်ကြကုန်၏။

၄၆၄။ ချစ်သမီးသုမေဓာ ထပါလော့၊ (ရဟန်းမပြုရဟု) စိုးရိမ်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ သင်ချစ်သမီးသည် ဝါရဏာဝတီမည်သောမြို့၌ ပေးအပ်ပြီးသူဖြစ်၏၊ အနိကရတ္တ မည်သောမင်းသည် အဆင်းလှ၏၊ ကိုအနိကရတ္တမင်းအား သင်ချစ်သမီးကို ပေးအပ် ကြောင်းလမ်းပြီး ဖြစ်ပါ၏။

http://www.dhammadownload.com



၄၆၅။ သင်ချစ်သမီးသည် အနီကရတ္တမည်သောမင်း၏ မိဖုရားကြီးဖြစ်လတ္တံ့၊ ချစ်သမီးသုမေဓာ ပါတိမောက္ခသံဝရစသော သီလလေးပါးတို့သည်၎င်း ဗြဟ္မစရိယအကျင့်မြတ်ဟူသော သာသနာတော်သည်၎င်း ရဟန်းအဖြစ်သည်၎င်း ပြုလုပ်နိုင်ခဲ ကျင့်ကြံနိုင်ခဲ၏။

၄၆၆။ အနီကရတ္တမင်း၏ တိုင်းပြည်၌ သင်ချစ်သမီး၏ အာဏာနှံ့ခြင်း ဤငါတို့၏ နန်းတော် လင်ဖြစ်သော အနီကရတ္တမင်း၏နန်းတော်၌ဖြစ်သောဥစ္စာ အစိုးရခြင်း အလှူနှင့်သက်အပ်သောစည်းစိမ် ဤဆိုခဲ့ပြီးအလုံးစုံသည် (သင်ချစ်သမီး၏လက်သို့ရောက်လာ၏)၊ သင်ချစ်သမီးသည် အရွယ်လည်း ငယ်ရွယ်ပျိုနုလှသေး၏၊ ထို့ကြောင့် ကာမဂုဏ်စည်းစိမ်တို့ကို ခံစားပါဦးလော့၊ ချစ်သမီးသုမေဓာ ထို့ကြောင့် သင့်အား ထိမ်းမြားသက်ထပ်ခြင်းသည်လည်း ဖြစ်ပါစေလော့(ဟု ခမည်းတော် မယ်တော်တို့က ပြော၏)။

၄၆၇။ ထိုအခါ ထိုမယ်တော် ခမည်းတော်တို့ကို သုမေဓာမင်းသမီးသည် ပြောဆို၏၊ အကျွန်ုပ်အား ဤသို့သဘောရှိကုန်သော အနီကရတ္တမင်း၏ တိုင်းပြည်၌ အာဏာနှံ့ခြင်းစသည်ကို မဖြစ်ပါစေကုန်လင့်၊ ဘုံသုံးပါး၌ဖြစ်သော ဝဋ်ဆင်းရဲသည် အနှစ်မရှိပါ၊ အကျွန်ုပ်အား ရဟန်းအဖြစ်သော်၎င်း သေခြင်းသော်၎င်း မချွတ်ဖြစ်ပါလတ္တံ့၊ ထိုအနီကရတ္တမင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းမဖြစ်လတ္တံ့သည်သာတည်း။

၄၆၈။ ပိုးလောက်ကဲ့သို့ အနံ့ထွက်သော(ရာဂမကင်းသေးသော)သူတို့အား ကြောက်ခြင်းကို ဆောင်တတ်သော မွေကောင်ပုပ် ခွေးကောင်ပုပ်တို့ဖြင့် ပြည့်သည့်သားရေအိပ်ကဲ့သို့ အတူးထူး အပြားပြားသော မစင်ကြယ်သောအရာတို့ဖြင့် ပြည့်သည်ဖြစ်၍ တကြိမ်မဟုတ် အခါခပ်သိမ်း ယိုစီးသော ဤအကျွန်ုပ်၏ ကိုယ်ကောင်ပုပ်ကို မစင်ကြယ်သော ကိုယ်ဟူ၍ နှလုံးသွင်းပေအံ့။

၄၆၉။ အလွန်စက်ဆုပ်ဖွယ်ရှိသော မစင်ကြယ်သော အသားအသွေးတို့ဖြင့် လိမ်းကျံအပ်သော များစွာသော ပိုးမျိုးရှစ်ဆယ်တို့၏တည်ရာ အိမ်သဖွယ်ဖြစ်သော ကျီး လင်းတစသည်တို့၏ အစာလည်းဖြစ်သော ထိုအကောင်ပုပ်ကို သိသည်ဖြစ်၍ တည်သော အကျွန်ုပ်ကို အဘယ့်ကြောင့် အိမ်ရာထောင်ခြင်း၏ အစွမ်းဖြင့် ပေးလေဘိသနည်း။

၄၇၀။ ဤခန္ဓာကိုယ်သည် မကြာမြင့်မီ သေသည်ဖြစ်၍ ဝိညာဉ်ကင်းသည်ရှိသော် ဤခန္ဓာကိုယ်ကို အဆွေအမျိုးတို့ စက်ဆုပ်ကုန်သည်ဖြစ်၍ အကျိုးမရှိသော ထင်းတုံးကို စွန့်ပစ်သကဲ့သို့ သုသာန်သို့ ထုတ်ဆောင်စွန့်ပစ်အပ်ပါ၏။

၄၇၁။ မိမိ၏ အမိအဖတို့သော်မှလည်း အခြားတပါးသောခွေး မြေခွေးစသည်တို့၏ အစာဖြစ်သော ထိုအကောင်ပုပ်ကို စွန့်ပစ်ခဲ့ပြီး၍ ဤမျှဖြင့်ပင် စက်ဆုပ်ကြကုန်လျက် (ဦးခေါင်းနှင့်တကွ ငုပ်၍)ရေချိုးကြကုန်ဘိသေး၏၊ မိမိနှင့် ဆက်ဆံကာမျှသာဖြစ်သော မိဖမှအခြား တပါးသောလူအပေါင်းသည်ကား အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

၄၇၂။ လူမိုက်တို့သည် အနှစ်သာရမရှိသော အရိုးစု အကြောစုမျှသာ ဖြစ်သော တံထွေး မျက်ရည် ကျင်ကြီးကျင်ငယ်တို့ဖြင့် ယိုစီးကာပြည့်နေသော အပုပ်အစုဖြစ်သော ဤခန္ဓာကိုယ်အကောင်ပုပ်၌ တဏှာ၏ အစွမ်းဖြင့် လွှမ်းမိုးဖိစီး၍ တည်ကုန်၏။

http://www.dhammadownload.com



၄၇၃။ အကြင်သူသည် ထိုခန္ဓာကိုယ်ကို ဉာဏ်ဖြင့် ခွဲခြမ်းဝေဘန်ခြင်းကိုပြု၍ ထိုခန္ဓာကိုယ်၏ အတွင်းအင်္ဂါကို အပဥ္စ အကယ်၍ပြုခဲ့မူ ထိုခန္ဓာကိုယ်ကောင်၏ ပုပ်သိုးသောအနံ့ကိုလည်း မခံနိုင်သည်ဖြစ်၍ မိမိ၏ အမိပင်ဖြစ်သော်လည်း စက်ဆုပ်လေရာ၏။

၄၇၄။ ခန္ဓာအာယတနဓာတ်ဟုဆိုအပ်သော ရုပ်နာမ်တရားအပေါင်းသည် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားတို့ ကပ်၍ပြုပြင်အပ်သော သင်္ခတတရားတည်း၊ ထိုသင်္ခတဟုဆိုအပ်သော ဘဝဥ္စဖြစ်သော ဆင်းရဲသည် ပဋိသန္ဓေနေခြင်းလျှင် အကြောင်းရှိ၏၊ ဤသို့ အသင့်အားဖြင့် ကြံဆင်ခြင်လေ့ရှိသော အကျွန်ုပ်သည် ထိမ်းမြားလက်ထပ်ခြင်းကို အဘယ့်ကြောင့် အလိုရှိပါအံ့နည်း။

၄၇၅။ နေ့တိုင် နေ့တိုင်း (ထိုခဏ၌ သွေးအပ်သော အဖြစ်ဖြင့်) အသစ်အသစ်ဖြစ်ကုန်လျက် သုံးရာသော လှံတို့သည် အကျွန်ုပ်ကိုယ်၌ ကျကုန်ရာ၏၊ ဤသို့ ကျခြင်းတည်းဟူသော အကြောင်းကြောင့် ဝဋ်ဆင်းရဲ၏ကုန်ခြင်းသည် အကယ်၍ ဖြစ်ခဲ့ပါမူ အနှစ်တရာပတ်လုံးလည်းကျသော ဆိုခဲ့ပြီးသော လှံထိုးခံရခြင်းသည် မြတ်ပါသေး၏။

၄၇၆။ အကြင်ပုဂ္ဂိုလ်သည် ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အစမထင်သော သံသရာအတိုင်းမသိသော ဝဋ်ဆင်းရဲကို ပြတတ်သောမြတ်စွာဘုရား၏ စကားတော်ကို သိသည်ရှိသော် ထိုလှံထိုးမိခြင်းဖြင့် ဝဋ်ဆင်းရဲ၏ ကုန်ခြင်းသည် အကယ်၍ ဖြစ်ခဲ့ပါမူ လှံထိုးမိသော ဆင်းရဲကို ခံရာ၏၊ အဖန်တလဲလဲ ပဋိသန္ဓေနေမှု အိုမှု နာမှု သေမှုစသောဆင်းရဲတို့ဖြင့် နှိပ်စက်အပ်သော ထိုလူမိုက်တို့အားသာလျှင် သံသရာသည် ရှည်လျား၏။

၄၇၇။ မနိုင်းယှဉ်အပ်ကုန်သော ကိုယ်စိတ်ကို ညှဉ်းဆဲတတ်ကုန်သော ဆင်းရဲဒုက္ခတို့သည် နတ်ပြည်တို့၌ရင်း လူ့ပြည်တို့၌ရင်း တိရစ္ဆာန်မျိုး၌ရင်း ကာလကဉ္စိကစသောပြိတ္တာအသုရကယ်ဘုံ၌ရင်း နိဇ္ဈာမတဏှိကစသော ပြိတ္တာဘုံတို့၌ရင်း ငရဲဘုံတို့၌ရင်း ထင်ကုန်၏။

၄၇၈။ ပျက်စီးကျရောက်ရာ အပါယ်သို့လားသည်ဖြစ်၍ ထိုးခြင်း ခုတ်ခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်သော သတ္တဝါအား အပါယ်ဘုံတို့၌ များစွာကုန်သော သတ်ခြင်း ညှဉ်းဆဲခြင်းတို့သည် ထင်ကုန်၏၊ နတ်ပြည်တို့၌လည်း (ရာဂပူပန်မှုစသည်ဖြင့် ဆင်းရဲခြင်းရှိသည်ဖြစ်၍) ကိုးကွယ်ရာ မရှိ၊ နိဗ္ဗာန်ချမ်းသာထက် လွန်မြတ်သော တပါးသော ချမ်းသာသည် မရှိ။

၄၇၉။ အကြင်သူတော်ကောင်းတို့သည် မြတ်စွာဘုရား၏ သာသနာတော်၌ လုံ့လကြိုးကုတ် အားထုတ်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေမှု(အိုမှု) သေမှုကို ပယ်အံ့သောငှါ အခြားတပါးသော ကိစ္စတို့၌ ကြောင့်ကြမဲ့ ဖြစ်ကုန်လျက် ကမ္မဋ္ဌာန်းစီးဖြန်းမှု၌သာ လုံ့လပြုကုန်၏၊ ထိုသူတော်ကောင်းတို့သည် နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏။

၄၈၀။ မယ်တော် ခမည်းတော်တို့ အကျွန်ုပ်သည် ယနေ့ပင်လျှင် တောထွက်၍ ရဟန်းပြုပါတော့အံ့၊ အနှစ်မရှိကုန်သော ကာမဂုဏ်စည်းစိမ်တို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အကျွန်ုပ်သည် ကာမဂုဏ်တို့ကို ခွေးအန်ဖတ်ကဲ့သို့ တပ်မက်မှုကင်းပါကုန်ပြီ၊ ထန်းပင်ရာကဲ့သို့ ပြုအပ်ပါကုန်ပြီ။

http://www.dhammadownload.com



၄၇၁။ ထိုသုမေဓာမင်းသမီးကလည်း မယ်တော် ခမည်းတော်ကို ဤသို့ အိမ်ရာထောင်မှု၌ အလိုမရှိ ရဟန်းအဖြစ်ကိုသာ အလိုရှိသော အခြင်းအရာဖြင့် ပြောဆို၏၊ အနီကရတ္တမည်သော အကြင်မင်းအား ထိုသမီးတော်ကို ပေးအပ်ပြီ၊ ထိုအနီကရတ္တမင်းကလည်း ထိမ်းမြားအံ့သောကာလနီးလတ်သော် ထိမ်းမြားလက်ထပ်ရန် လာ၏။

၄၇၂။ ထိုအခါ သုမေဓာမင်းသမီးသည် ပတ္တမြားညိုပိတုန်းတောင်အတူ မည်းနက်၍ တခဲနက် စုပုံသော လဲဝါဂွမ်းအတွေ့ကဲ့သို့ နူးညံ့ကုန်သော မိမိဆံပင်တို့ကို သန်လျက်ဖြင့် ဖြတ်လျက် နေရာပြာသာဒ်ကြက်သရေတိုက်ခန်းကို ပိတ်ပြီးလျှင် ပဌမဈာန်ကို ဝင်စားနေ၏။

၄၇၃။ ထိုသုမေဓာမင်းသမီးကလည်း ထိုပြာသာဒ်၌ ဈာန်ဝင်စား၏၊ အနီကရတ္တမင်းကလည်း မန္တာဝတီမြို့သို့ ရောက်လာ၏၊ သုမေဓာမင်းသမီးသည် ပြာသာဒ်၌သာ အနိစ္စာနုပဿနာကို ကောင်းစွာ ပွါးများနေ၏။

၄၇၄။ ထိုသုမေဓာမင်းသမီးကလည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်း၏၊ အနီကရတ္တမင်းကလည်း ပတ္တမြားဖြင့် ဆန်းကြယ်ကုန်သော ရွှေပန်းအဆင်တန်ဆာတို့ဖြင့် ဆင်အပ်သော ကိုယ်ရှိသည်ဖြစ်၍ အဆောတလျင် ပြာသာဒ်ထက်သို့ တက်ပြီးလျှင် လက်အုပ်ချီလျက် သုမေဓာမင်းသမီးကို တောင်းပန်၏။

၄၇၅။ ငါ၏တိုင်းပြည်၌ အစိုးရခြင်း အလွန်နှစ်သက်အပ်သော စည်းစိမ် ဤအလုံးစုံသည် သင့်လက်သို့ ရောက်လာ၏၊ သင်မင်းသမီးသည် ငယ်ရွယ်ပျိုနုလှပါသေး၏၊ ကာမဂုဏ်စည်းစိမ်တို့ကို ခံစားပါဦးလော့၊ လောက၌ ကာမဂုဏ်ချမ်းသာတို့သည် ရခဲပါကုန်၏။

၄၇၆။ သင်မင်းသမီးအား သုံးဆောင်ဖွယ်ရှိသော ငါ၏တိုင်းပြည်ကို စွန့်အပ်ပါ၏၊ ကာမဂုဏ်စည်းစိမ်တို့ကို ခံစားပါဦးလော့၊ များစွာသော အလှူဒါနတို့ကို ပေးလှူပါဦးလော့၊ စိတ်မချမ်းမသာ မဖြစ်ပါလင့်၊ သင်၏ မယ်တော် ခမည်းတော်တို့သည် စိတ်မချမ်းမသာခြင်းသို့ ရောက်ကြရကုန်၏(ဟု တောင်းပန်၏)။

၄၇၇။ ထိုအနီကရတ္တမင်းအား သုမေဓာမင်းသမီးသည် ထိုစကားကို ပြောဆို၏၊ အနီကရတ္တမင်း အကျွန်ုပ်သည် ကာမဂုဏ်တို့ဖြင့် အလိုမရှိပါ၊ ဘေ့ဝေမှု မောဟကင်းပါ၏၊ အသင်အနီကရတ္တမင်းသည် ကာမဂုဏ်တို့ကို မနှစ်သက်ပါလင့်၊ ကာမဂုဏ်တို့၌ အပြစ်ကို ကြည့်ရှုပါလော့။

၄၇၈။ လေးကျွန်းလုံးကို အစိုးရသော ကာမဂုဏ်စည်းစိမ်ခံစားသော သူတို့ထက်မြတ်သော မန္ဓာတ်စကြဝတေးမင်းသည် ရှေးကဖြစ်ခဲ့ဘူး၏၊ ထိုမန္ဓာတ်စကြဝတေးမင်းသော်မှလည်း ကာမဂုဏ်တို့ဖြင့် မရောင့်ရဲနိုင်သည်ဖြစ်၍ သေလွန်ရပါသေး၏၊ ထိုမန္ဓာတ်စကြဝတေးမင်းအား ကာမဂုဏ်၌ အလိုအာသာသည် ပြည့်လည်း မပြည့်သေး(အလိုမပြည့်မီ သေရပါ၏)။

၄၇၉။ ရတနာ ၇-ခုနစ်ပါးမိုးကြီးသည် အရပ်ဆယ်မျက်နှာတို့ကို နှံ့စေ၍ ထက်ဝန်းကျင်မှ ရွာရာ၏၊ ဤသို့ရွာသော်လည်း ကာမဂုဏ်တို့ဖြင့် ရောင့်ရဲခြင်းမရှိ၊ လူမိုက်တို့သည် ကာမဂုဏ်တို့ဖြင့် မရောင့်ရဲနိုင်သည်ဖြစ်၍သာလျှင် သေကြရကုန်၏။

http://www.dhammadownload.com



၄၉၀။ ကာမဂုဏ်တို့သည် ဆင်းရဲ၏ တည်ရာဖြစ်သောကြောင့် သန်လျက်သွားနှင့် တူကုန်၏၊ ဘေးနှင့်တကွဖြစ်သောကြောင့် မြွေဦးခေါင်းနှင့် တူကုန်၏၊ မြက်မီးရှူးနှင့် တူသည်ဖြစ်၍ လောင်မြိုက်တတ်ကုန်၏၊ သာယာဖွယ်မရှိသောကြောင့် အရိုးဆက်အရိုးစုနှင့် တူကုန်၏။

၄၉၁။ ကာမဂုဏ်တို့သည် အမြဲမရှိကုန်၊ မတည်တံ့နိုင်ကုန်၊ များစွာသော ဆင်းရဲခြင်းရှိကုန်၏၊ လတ်တလော သေစေတတ်သော အဆိပ်နှင့်တူကုန်၏၊ ပြောင်ပြောင်တောက်သော သံတွေခဲကဲ့သို့ ပူလောင်၏၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ဆင်းရဲခြင်းတည်းဟူသော အကျိုးရှိကုန်၏။

၄၉၂။ ကာမဂုဏ်တို့သည် (အင်္ဂါကြီးငယ်တို့၏ သုံးဆောင်ရာဖြစ်သော အနက်ကြောင့်) သစ်သီးနှင့်တူကုန်၏၊ (အများတို့၏ ဆက်ဆံရာဖြစ်သော အနက်ကြောင့်) သားတစ်နှင့်တူကုန်၏၊ ဆင်းရဲကုန်၏၊ အိပ်မက်နှင့်တူကုန်၏၊ မျက်လှည့်နှင့်တူကုန်၏၊ အခိုက်အတန့် တခဏမျှငှါး၍ သုံးဆောင်အပ်သော ဥစ္စာနှင့်တူကုန်၏။

၄၉၃။ ကာမဂုဏ်တို့သည် (စူးဝင်တတ်သော အနက်ကြောင့်) လှံသွားနှင့်တူကုန်၏၊ အနာရောဂါနှင့်တူကုန်၏၊ အိုင်းအမာနှင့်တူကုန်၏၊ ဆင်းရဲမည်ကုန်၏၊ သေမင်းနှင့်တူကုန်၏၊ မီးကျီးတွင်းနှင့်တူကုန်၏၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ဘေးဘျမ်းမည်ကုန်၏၊ လူသတ်သမားနှင့်တူကုန်၏။

၄၉၄။ ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် ကာမဂုဏ်တို့သည် များသောဆင်းရဲခြင်းရှိကုန်၏၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့ ဟောတော်မူအပ်ကုန်၏၊ သင်တို့ သွားကြကုန်လော့၊ အကျွန်ုပ်အား ဘုံသုံးပါး၌ အကျွန်ုပ်နှင့် အကျွမ်းဝင်သောသူ မရှိပါ။

၄၉၅။ မိမိဦးခေါင်းကို ရာဂစသော တဆယ့်တပါးသောမီး လောင်သည်ရှိသော် အိုခြင်း သေခြင်းသည် အစဉ်လိုက်သည်ရှိသော် အကျွန်ုပ်မှတပါး အခြားသူသည် အကျွန်ုပ်အား အဘယ်မည်သော အစီးအပွါးကို ပြုလတ္တံ့နည်း၊ ထိုအိုခြင်း သေခြင်း ဦးခေါင်းမီးလောင်ခြင်းကို ပယ်ဖျောက်ခြင်းငှါ အကျွန်ုပ် အားထုတ်ရပါ၏။

၄၉၆။ အကျွန်ုပ်သည် တံခါးကို ဖွင့်လိုက်သည်ရှိသော် မယ်တော် ခမည်းတော်တို့ကိုငှင်း အနီကရတ္တမင်းကိုငှင်း မြေကြီး၌ ထိုင်နေကြကုန်သည်ဖြစ်၍ ငိုနေကြသည်တို့ကို မြင်ရသဖြင့် ဤစကားကို ပြောဆိုပါ၏။

၄၉၇။ အစမထင်သော သံသရာ၌ အဖ၏ သေခြင်းကြောင့်ငှင်း မောင်ကို သတ်ခြင်းကြောင့်ငှင်း မိမိကိုယ်ကိုသတ်ခြင်းကြောင့်ငှင်း အဖန်ဖန် စိုးရိမ်သည်၏အစွမ်းဖြင့် ငိုကြွေးကုန်သော လူမိုက်တို့အား သံသရာသည် ရှည်လျားလှ၏။

၄၉၈။ သံသရာ၏အစကို မသိအပ်သည်၏အဖြစ်ကြောင့် (ရှည်စွာသောကာလဖြင့်) ကျင်လည်ရကုန်သော သတ္တဝါတို့၏ (ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် တွေ့ကုန်၍ ငိုကြွေးသော) မျက်ရည်ကိုငှင်း (ငယ်ရွယ်စဉ်အခါ ကမိနို့မှ စို့အပ်သော) နို့ရည်ကိုငှင်း

http://www.dhammadownload.com



(ရန်သူတို့ သတ်အပ်သည်ဖြစ်၍ ထွက်သော)သွေးကိုငင်း သင်တို့သည်(အဘယ်မျှ များသည်ကို)အောက်မေ့ကြကုန်လော့၊ အရိုးတို့၏ အပုံအစုကိုလည်း အောက်မေ့ကြကုန်လော့။

၄၉၉။ အစမထင်သော သံသရာ၌ ကျင်လည်ရသော တယောက်တယောက်သော သတ္တဝါ၏ ထွက်သောမျက်ရည် စို့သောနို့ရည် ထွက်သောသွေး၌ နှိုင်းယှဉ်အပ်သော မဟာသမုဒ္ဒရာလေးစင်းတို့ကို ဥပမာ၏ အစွမ်းအားဖြင့် မြတ်စွာဘုရားတို့သည် ဆောင်၍ ဟောတော်မူအပ်သည်တို့ကို အောက်မေ့ပါလော့၊ (တဦးသောပုဂ္ဂိုလ်၏ တခုသော ကမ္ဘာ၌ အရိုးစုအရိုးပုံကို ဝိပုလတောင်နှင့်အတူအမျှ (ဥပမာဆောင်၍ ဟောတော်မူအပ်သည်ကို)အောက်မေ့ပါလော့။

၅၀၀။ ဇမ္ဗုဒိပ်ကျွန်းဟုဆိုအပ်သော မြေကြီးကို ဇီးစေ့ခန့်မျှ အလုံးလုံး၍ (ဤအလုံးသည် ငါ၏အမိ ဤအလုံးသည် ငါ၏အဖွားစသည်ဖြင့်) ခွဲဝေသည်ရှိသော် အစမထင်သော သံသရာ၌ ကျင်လည်ရသော သတ္တဝါ၏အမိ အဖွားတို့၌ပင်လျှင် မလောက်နိုင်ကုန်၊(ဤသို့ ဇမ္ဗုဒိပါမြေကို ဥပမာဆောင်၍ ဟောတော်မူအပ်သော စကားတော်ကို နှလုံးသွင်းပါလော့)။

၅၀၁။ (ဤလောက၌ ရှိသမျှသော) မြက် သစ်သား သစ်ခက် သစ်ရွက်ကို လက်လေးသစ် အတိုင်းအရှည်ရှိသော အတုံးအပိုင်းတို့ပြုလုပ်၍ (ဤအတုံးအပိုင်းသည် ငါ့အဖ ဤအတုံးအပိုင်းသည် ငါ့အဘိုး စသည်ဖြင့်) ခွဲဝေအပ်ကုန်သည်ရှိသော် ထိုအတုံးအပိုင်းတို့သည် (သံသရာ၏) အစမထင်သောကြောင့် အဖအဘိုးတို့၌ပင်လျှင် မလောက်နိုင်ကုန်၊ (ဤသို့ မြက်သစ်သား သစ်ခက် သစ်ရွက်ကို ဥပမာဆောင်၍ ဟောတော်မူသည်ကို အောက်မေ့ပါလော့)။

၅၀၂။ အရှေ့သမုဒ္ဒရာ၌ငင်း အနောက်သမုဒ္ဒရာ မြောက်သမုဒ္ဒရာ တောင်သမုဒ္ဒရာ၌ငင်း လေ၏အစွမ်းဖြင့် မျှောပါးနေသော ထမ်းပိုး၏အပေါက်သည် ထိုအနှစ်တရာလွန်မှ တကြိမ်သာ လည်ကိုဖော်သော လိပ်ကန်း၏ ဦးခေါင်းကို စွပ်မိခြင်းဟူသော မျက်စိနှစ်ဖက်ကန်းလိပ်ကို လူ့အဖြစ်ရခြင်း၌ ဥပမာပြု၍ အောက်မေ့ပါလော့။

၅၀၃။ ရေမြှုပ်စိုင်နှင့်တူသော အနှစ်မရှိသော ကိုယ်ဟုဆိုအပ်သော အစု၏ စက်ဆုပ်ဖွယ်သဘောကို အောက်မေ့ပါလော့၊ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အမြဲမရှိသည်တို့ကို ဉာဏ်မျက်စိဖြင့် ရှုပါလော့၊ ရေကြီးရှစ်ထပ် ဥဿဒရက်ငရဲ တဆယ့်ခြောက်ထပ်၌ များစွာဆင်းရဲခြင်းရှိသည်တို့ကို အောက်မေ့ပါလော့။

၅၀၄။ ထိုထိုသို့သော ဘဝတို့၌ အဖန်တလဲလဲ သင်းချိုင်းရာမြေကို ထပ်ကာ ထပ်ကာဖြစ်သဖြင့် ပွါးစေကုန်သော သတ္တဝါတို့ကို အောက်မေ့ပါလော့၊ မိကျောင်းဘေးဟု ဟောတော်မူအပ်သော ဝမ်းစာကို ရှာမှီးရသော အဖြစ်တို့ကိုလည်း အောက်မေ့ပါလော့ [၁]၊ အရိယသစ္စာလေးပါးတို့ကိုလည်း အောက်မေ့ပါလော့။

---

၁။ "မိကျောင်းဘေးဟူသော ဤအမည်သည် ဝမ်းစာရှာမှီးခြင်း၏ အမည်တည်း"ဟု အင်္ဂုတ္တိုရ်၌ ဟောထားသည်ကို ရည်ရွယ်သည်၊ အင်္ဂ မြန် ၁-၄၅၂ တွင်ကြည့်။

http://www.dhammadownload.com



၅၀၅။ (မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် ဆောင်အပ်သော သူတော်ကောင်းတရားတည်းဟူသော ) အမြိုက်အရသာရှိပါလျက် အခါး အစပ် ငါးမျိုး[၁] ရှိသော သင်၏ကာမဂုဏ်ငါးပါး အရသာကို သောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်မှုအားလုံးတို့သည် အခါးအစပ် ငါးမျိုးဖြင့် အလွန်ခါးစပ်ကုန်၏။

၅၀၆။ မြတ်စွာဘုရားသည် မဟာကရုဏာတော်ဖြင့် ဆောင်အပ်သော သူတော်ကောင်းတရားတည်းဟူသော အမြိုက်အရသာသည် ရှိပါလျက် အကြင်ကာမဂုဏ်တို့သည် ပစ္စုပ္ပန်တမလွန်၌ ပူပန်ရကုန်၏၊ သင်၏ ထိုကာမဂုဏ်တို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ ကာမဂုဏ်တို့၌ မွေ့လျော်မှုအားလုံးတို့သည် (ရာဂစသော တဆယ့်တပါးသော မီးတို့ဖြင့်) ပြောင်ပြောင် တောက်ကုန်သည် ကျိုက်ကျိုက်ဆူကုန်သည်ဖြစ်၍ သတ္တဝါတို့ကို တုန်လှုပ်စေတတ် ပူပန်စေတတ်ကုန်၏။

၅၀၇။ ရန်သူမျိုးငါးပါးမှ ကင်းသော ဧဟာန်းအဖြစ်သည် ရှိနေပါလျက် အကြင်ကာမဂုဏ်တို့သည် များသောရန်သူရှိကုန်၏၊ ထိုများသောရန်သူရှိသော သင်၏ကာမဂုဏ်တို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ ကာမဂုဏ်တို့သည် မင်း မီး ခိုးသူ ရေ မချစ်မနှစ်သက်သော ရန်သူတို့နှင့် ဆက်ဆံကုန်သည်ဖြစ်၍ များသောရန်သူရှိကုန်၏။

၅၀၈။ ကိလေသာတို့မှ လွတ်မြောက်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သည် ရှိပါလျက် အကြင်ကာမဂုဏ်တို့၌ သတ်ဖြတ်ပုတ်ခတ်ခြင်း နှောင်ဖွဲ့ခြင်းသည် ရှိ၏၊ သင်၏ ထိုကာမဂုဏ်ငါးပါးတို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ ကာမဂုဏ်တို့၌ သတ်ခြင်း နှောင်ဖွဲ့ခြင်း ဆင်းရဲတို့ကို ခံစားရကုန်၏၊ ထို့ကြောင့် ကာမဂုဏ်တို့သည် ယုတ်မာကုန်၏။

၅၀၉။ ပြောင်ပြောင်တောက်ကုန်သော မြက်ဖြင့် ပြုလုပ်အပ်သော မီးရှူးတို့သည် မလွှတ်ပဲ ကိုင်သောသူကို လောင်ကုန်၏၊ ကာမဂုဏ်တို့သည် မီးရှူးနှင့် တူကုန်၏၊ အကြင်သူတို့သည် ထိုကာမဂုဏ်တို့ကို မလွှတ်ကုန်၊ ထိုသူတို့ကို ပစ္စုပ္ပန် တမလွန်၌ လောင်တတ်ကုန်၏။

၅၁၀။ သင်သည် အနည်းငယ်သော ကာမဂုဏ် ချမ်းသာ၏ အကြောင်းကြောင့် ပြန့်ပြောများပြားမြတ်သော လောကုတ္တရာချမ်းသာကို မစွန့်ပါလင့်၊ (အစာ၌ တပ်မက်မောသဖြင့်) ငါးမြှားချိတ်ကိုမျို၍ ပျက်စီးခြင်းသို့ ရောက်သော ငါးကဲ့သို့ (ကာမဂုဏ် ချမ်းသာတို့ကို မစွန့်မူ၍) နောင်အခါ၌ ပင်ပန်းခြင်းသို့ မရောက်ပါစေလင့်။

---

၁။ အခါးအစပ် ငါးမျိုးဟူသည်—

၁။ ပရိယေသန= ရှာမှီးရမှု၊
၂။ ပရိဂ္ဂဟ= သိမ်းဆည်းရမှု၊
၃။ အာရက္ခ= စောင့်ရှောက်ရမှု၊
၄။ ပရိဘောဂ= သုံးဆောင်ရမှု၊
၅။ ဝိပါက= အကျိုးခံစားမှု၊

၎င်းငါးမျိုး၌ ခါးခါးစပ်စပ် ဆိုးဝါးသည်ဟူ၏။

http://www.dhammadownload.com



၅၁၁။ လည်တောက်ကြိုးဖြင့် နှောင်ဖွဲ့အပ်သော ခွေးသည် (တပါးသောအရပ်သို့ သွားခြင်းငှါ မတတ်နိုင်သည်ဖြစ်၍ ထိုချည်တိုင်၌သာ ပတ်ပတ်လည် လှည့်နေသကဲ့သို့) သင်သည် ကာမတဏှာဖြင့် နှောင်ဖွဲ့ခံနေရ၏၊ စင်စစ်ကာမဂုဏ်တို့၌ ဣန္ဒြေတို့ကို ဆုံးမပါလော့၊ ဒွန်းစဏ္ဍားတို့သည် မွတ်သိပ်ကုန်သည်ဖြစ်၍ ခွေးကို အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်စေကုန်သကဲ့သို့ ထိုအတူ ကာမဂုဏ်တို့သည် သင့်ကို အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်သည်ကို ပြုကုန်လတ္တံ့။

၅၁၂။ သင်သည် ကာမဂုဏ်တို့နှင့် ယှဉ်သည်ဖြစ်၍ နှိုင်းယှဉ်ခြင်းငှါ မတတ်ကောင်းသော ဇရာစသည်ဘို့၌ဖြစ်သော ကိုယ်၏ဆင်းရဲခြင်းကိုရင်း၊ များစွာကုန်သော စိတ်၌ ရအပ်သော နှလုံးမသာခြင်းတည်းဟူသော စိတ်၏ ဆင်းရဲခြင်းတို့ကိုရင်း ခံစားရလတ္တံ့၊ ကာမဂုဏ်တို့ကို စွန့်လွှတ်လိုက်ပါလော့။

၅၁၃။ အလုံးစုံသောဘဝစသည်တို့၌ ပဋိသန္ဓေနေမှုအားလုံးတို့ကို အိုခြင်းသေခြင်း နာခြင်းသည် ဆွဲယူအပ်ကုန်သည်ဖြစ်၍ ထိုအိုခြင်းသေခြင်းနာခြင်းစသည်တို့မှ မလွတ်နိုင်ကုန်၊ ထို့ကြောင့် မအိုရာဖြစ်သော နိဗ္ဗာန်သည် ထင်ရှားရှိပါလျက် အိုခြင်းစသည်မှ မလွတ်သော ကာမဂုဏ်တို့ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။

၅၁၄။ ဤနိဗ္ဗာန်တခုတည်းသာလျှင် အိုခြင်းမရှိ၊ ဤနိဗ္ဗာန်တခုတည်းသာလျှင် သေခြင်းမရှိ၊ ဤနိဗ္ဗာန်တခုတည်းသာလျှင် အိုခြင်းသေခြင်း နှစ်ပါးစုံမရှိ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသောသူတို့၏ ထွက်မြောက်ကြောင်းဖြစ်၏၊ စိုးရိမ်ခြင်းလည်းမရှိ၊ ရန်သူလည်း မရှိ၊ ကိလေသာတည်းဟူသော ကျဉ်းမြောင်းခြင်းလည်း မရှိ၊ ဒုစရိုက်တည်းဟူသော ချွတ်ယွင်းခြင်းလည်း မရှိ၊ ဘေးဘျမ်းလည်း မရှိ၊ ဆင်းရဲပူပန်ခြင်းလည်း မရှိ။

၅၁၅။ ဤသေခြင်းကင်းရာနိဗ္ဗာန်ကို များစွာကုန်သော ဘုရားစသော အရိယာတို့သည် သိအပ် မျက်မှောက်ပြုအပ်၏၊ အကြင်ပုဂ္ဂိုလ်သည် အသင့်အားဖြင့် အားထုတ်၏၊ ထိုပုဂ္ဂိုလ်သည် ယခုလည်း ဤသေခြင်းကင်းရာ နိဗ္ဗာန်ကိုရခြင်းငှါ တတ်ကောင်း၏၊ အားမထုတ်သော ပုဂ္ဂိုလ်သည်ကား ရခြင်းငှါ မတတ်ကောင်းသည်သာတည်း။

၅၁၆။ ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် သုမေဓာမင်းသမီးသည် တရားစကားကို ပြောဟော၏၊ သုမေဓာမင်းသမီးသည် သင်္ခါရတရားအပေါင်း၌ မွေ့လျော်ခြင်းကို မရသည်ဖြစ်၍ အနီကရတ္တမင်းကို သိစေလိုသည်ဖြစ်ရကား (သန်လျက်ဖြင့် ဖြတ်ပြီးသော မိမိ၏) ဆံပင်တို့ကိုသာလျှင် ပြာသာဒ်ထက်မှ မြေပေါ်သို့ ပစ်ချလိုက်၏။

၅၁၇။ ထိုအနီကရတ္တမင်းသည် နေရာမှထကာ လက်အုပ်ချီလျက် ထိုမင်းသမီး၏ ခမည်းတော်ဖြစ်သော ကောဉ္စမင်းကြီးအား သုမေဓာမင်းသမီးကို ရဟန်းပြုရန် ခွင့်ပြုလိုက်ပါကုန်လော့၊ ထိုသုမေဓာမင်းသမီးသည် (ရဟန်းပြုပြီးနောက်)မဖောက်မပြန်သော နိဗ္ဗာန်ကို မြင်ပါစေသတည်းဟု တောင်းပန်၏။

၅၁၈။ သုမေဓာမင်းသမီးသည် ခမည်းတော်မယ်တော်တို့က ခွင့်လွှတ်အပ်သည်ဖြစ်၍ ဆွေမျိုးတို့နှင့် ကွေကွင်းရခြင်းစသည်အကြောင်းရှိသော စိုးရိမ်မှုထက် သံသရာဘေးမှ ကြောက်သည်ဖြစ်၍ ရှင်ရဟန်းပြု၏၊ ထိုသုမေဓာမင်းသမီးသည် သိက္ခမာန်ဖြစ်စဉ်ပင်

http://www.dhammadownload.com



အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ကုန်ပြီ၊ (ထိုကြောင့်ပင်လျှင်) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ။

၅၁၉။ သုမေဓာမင်းသမီး၏ ထိုကိလေသာတို့မှ ငြိမ်းခြင်းသည် အံ့ဖွယ်သရဲရှိ၏၊ မဖြစ်ဘူးမြဲဖြစ်၏၊ နောက်ဆုံးဖြစ်သော ခန္ဓပရိနိဗ္ဗာန်ပြုခါနီးကာလ၌ ရှေးနေခဲ့ဘူးသော ခန္ဓာ၌ အကျုံးဝင်သောအကျင့်ကို ထိုသုမေဓာမင်းသမီး ပြောကြားသော အခြင်းအရာအားဖြင့် သိအပ်၏။

၅၂၀။ ကောဏာဂုံအမည်ရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူသည်ရှိသော် သံဃာကိုရည်၍ အသစ်ဆောက်အပ်သောအရံ၌ အဆွေခင်ပွန်းမဖြစ်ကုန်သော ဓနဉ္စာနီ ခေမာနှင့်တကွ အကျွန်ုပ်တို့သုံးယောက်တို့သည် ကျောင်းအလှူကို ပေးလှူခဲ့ဘူးပါကုန်၏။

၅၂၁။ ထိုကျောင်းအလှူ၏ အာနုဘော်ကြောင့် ဆယ်ကြိမ်ရင်း အကြိမ်တရာရင်း အကြိမ်တထောင်ရင်း အကြိမ်တသောင်းရင်း နတ်ပြည်တို့၌ ငါတို့သုံးယောက်ဖြစ်ဘူးကြကုန်၏၊ လူ့ပြည်တို့ဝယ်ဖြစ်သောအကြိမ်တို့၌ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

၅၂၂။ နတ်ပြည်တို့၌ဖြစ်ကြသောအခါ ကြီးသောတန်ခိုးရှိကြသူတို့ ဖြစ်ကြရပါကုန်၏၊ လူ့အဖြစ်ကိုရ၍ တန်ခိုးကြီးသည်အဖြစ်၌ကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ အကျွန်ုပ်သည် ရတနာခုနစ်ပါးနှင့်ပြည့်စုံသော စကြဝတေးမင်း၏ မိဖုရားကြီးဖြစ်သော မိန်းမရတနာဖြစ်ခဲ့ဘူးပါ၏။

၅၂၃။ ထိုကျောင်း လှူခြင်းတည်းဟူသောအကြောင်းသည် ဆိုအပ်ခဲ့ပြီးသော နတ်စည်းစိမ်၏အကြောင်းတည်း၊ ထိုကျောင်းလှူခြင်းတည်းဟူသော အမွန်အစသည် ဆိုအပ်ခဲ့ပြီးသော နတ်စည်းစိမ်၏ အမွန်အစတည်း၊ ထိုကျောင်းလှူခြင်းတည်းဟူသော အရင်းမူလသည် ဆိုအပ်ခဲ့ပြီးသော နတ်စည်းစိမ်၏ အရင်းမူလတည်း၊ ထိုကျောင်းလှူခြင်းတည်းဟူသော စေတနာသည်သာလျှင် ဤမြတ်စွာဘုရား အဆုံးအမတရား၌ (ရှုမြင်နိုင်ခဲ့သော) ဝိပဿနာပညာဖြစ်၏၊ ထိုကျောင်းလှူခြင်းတည်းဟူသော စေတနာသည် မြတ်စွာဘုရားအဆုံးအမတရားနှင့် ရှေးဦးစွာ ပေါင်းဆုံခြင်းဖြစ်၏၊ ထိုကျောင်းလှူခြင်းစေတနာသည် မြတ်စွာဘုရား အဆုံးအမတရား၌ မွေ့လျော်ခြင်းကြောင့် နိဗ္ဗာန်မည်၏။

၅၂၄။ အကြင်ပုဂ္ဂိုလ်တို့သည် ပြည့်စုံသော ပညာရှိတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ယုံကြည်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဤသို့ ဟောတော်မူတိုင်း ကျင့်ကြကုန်၏၊ ကျင့်ကုန်သောသူတို့သည် ဘုံသုံးပါး၌ဖြစ်သော သံသရာဝဋ်၌(ဝိပဿနာပညာဖြင့်) ငြီးငွေ့ကြကုန်၏၊ ငြီးငွေ့ကြကုန်ပြီးလျှင် အရိယမဂ်ဖြင့် ဘဝ၌ တပ်ခြင်းကင်းကြကုန်၏။

ဤသို့လျှင် သုမေဓာထေရီသည် ဂါထာတို့ကို ရွတ်ဆို၏။

## မဟာနိပါတ် ပြီး၏။

## ထေရီဂါထာပါဠိတော်မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ထေရဂါထာနှင့်ထေရီဂါထာပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ်အကြောင်းအရာစဉ်


| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကုန်းသုံးမျိုးမှလွတ်မြောက်သူ | ၁၀၅ |
| အခါးအစပ်ငါးမျိုး | ၂၅၃ |
| အင်္ဂဏိကဘာရဒွါဇမထေရ် | ၄၃ |
| အင်္ဂုလိမာလခိုးသူ ဗဟိဿုတ ရဟန်းဖြစ်ခြင်း | ၁၃၀ |
| အင်္ဂုလိမာလခိုးသူအား မြတ်စွာဘုရား မိန့်တော်မူခြင်း | ၁၃၀ |
| အင်္ဂုလိမာလမထေရ် | ၁၃၃ |
| အင်္ဂါးဥစ္စာနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| အဆိပ်နှင့်တူသောကာမဂုဏ် | ၂၅၁ |
| အဆွေခင်ပွန်းကောင်းတို့ကို မှီ၍ ဆည်းကပ်ခြင်းအကျိုး | ၂၁၄ |
| အဇကရဏီမြစ် | ၅၉ |
| အဇိတမထေရ် | ၆ |
| အဇိနမထေရ် | ၃၁ |
| အဇ္ဇုနမထေရ် | ၂၁ |
| အဍ္ဎုနဝနိယမထေရ် | ၁၄ |
| အညတရထေရီ | ၁၉၆ |
| အညတရာတိဿာထေရီ | ၁၀၄ |
| အညတရာထေရီ | ၁၀၃ |
| အနုကာသိထေရီ | ၁၀၀ |
| အဓိမုတ္တမထေရ် | ၂၃၊၁၁၃ |
| အန္ဓဘာရမည်သောသူဆင်းရဲဖြစ်စဉ်က ဥပရိဋ္ဌမည်သော ပစ္စေကဗုဒ္ဓါအား အာဟာရအလှူကို ပေးလှူခဲ့ဘူးသူ | ၁၃၅ |
| အနာဂတ်သာသနာအကြောင်း မှတ်သားဖွယ်များ | ၁၄၀ |
| အနာရောဂါနှင့်တူသောကာမဂုဏ် | ၂၅၁ |
| [ အ ] | |
| အနီကရတ္တမည်သော မင်းအား သုမေဓာမင်းသမီးကိုပေးအပ် ကြောင်းလမ်းပြီးခြင်း | ၂၄၃ |
| အနီကရတ္တမည်သော မင်းအား သုမေဓာမင်းသမီးက ကာမဂုဏ်၏ အပြစ်တို့ကို ဥပမာအမျိုးမျိုးပြ၍ ပြောဆိုခြင်း | ၂၅၀ |
| အနီကရတ္တမည်သော မင်းသည် ပြာသာဒ် ထက်သို့တက်ပြီးလျှင် လက်အုပ် ချီလျက် သုမေဓာမင်းသမီးအား တောင်းပန်ခြင်း | ၂၅၀ |
| အနုရုဒ္ဓါမထေရ် | ၁၃၅ |
| အနုရုဒ္ဓါရဟန်းသည် ဆွမ်းခံရာမှပြန်ခဲ့၍ ပံ့သုကူသင်္ကန်းတို့ကို ရှာမှီးခြင်း | ၁၃၃ |
| အနူပမမထေရ် | ၄၅ |
| အနောပမာထေရီ | ၂၀၆ |
| အပရသာမာထေရီ | ၁၉၁ |
| အပရာဥတ္တမာထေရီ | ၁၉၂ |
| အဘယမထေရ် | ၈၊၂၄ |
| အဘယမာတာထေရီ | ၁၀၉ |
| အဘယာထေရီ | ၁၀၉ |
| အဘိဘူတမထေရ် | ၅၁ |
| အဘိရူပနန္ဒာထေရီ | ၁၀၃ |
| အမ္ဗပါလီထေရီ | ၂၂၀ |
| အမ္ဗာဋကတောအုပ် | ၃၉ |
| အရေဖြူသော သင်တိုင်းဖြင့် ဖုံးအုပ်ထားသောကိုယ် | ၉၄ |
| အရိုးဆက်, အရိုးစုနှင့်တူသောကာမဂုဏ် | ၂၅၁ |

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[အ]

အလိုကြီးခြင်း, ရောင့်ရဲမှုမှကင်းခြင်း, လူ ရဟန်းတို့နှင့်(မလျော်သော) ရောနှောခြင်းဖြင့်ရောနှောခြင်း ကြောင့် ရဟန်းတို့အား အကုသိုလ် တိုးပွါးပုံ ၁၃၃
အဝန္တီတိုင်း ဥဇ္ဇေနီမည်သောပြည် ၂၄၀
အသားတည်းဟူသော သရွတ်တို့ဖြင့် လိမ်းကျံထားသောကိုယ် ၉၄

[ အာ ]

အာစာရနှင့်ဂေါစရ ၉၆
အာတုမမထေရ် ၁၈
အာနန္ဒာမထေရ် ၁၅၁
အာနန္ဒာမထေရ်သည် နှစ်ဆယ့် ငါးနှစ်တို့ပတ်လုံး ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာဖြင့် မြတ်စွာဘုရားသို့ အစဉ်လိုက်၍ လုပ်ကျွေးခဲ့ခြင်း ၁၅၀

[ ဣ ]

ဣသိဒတ္တမထေရ် ၂၉
ဣသိဒါသီမည်သော ထေရီမက မိမိ ရဟန်းပြုခဲ့ပုံအခြင်းအရာကို ဗောဓိ ထေရီမအား ပြောကြားခြင်း ၂၄၀
ဣသိဒါသီအား သူတောင်းစားလက်သို့ ပေးအပ်ခြင်း ၂၄၂
ဣသိဒါသီ၏ဖခင်က မင်ဂုဏ်ဖိုလ်ဂုဏ် နိဗ္ဗာန်ကို ရယူပါစေဟု ပြောဆိုခြင်း ၂၄၃
ဣသိဒါသီသည် ရဟန်းဖြစ်၍ ခုနစ်ရက် မျှဖြင့် ဝိဇ္ဇာသုံးပါးကို မျက်မှောက် ပြုနိုင်ပုံ ၂၄၃

[ ဥ ]

ဥက္ခေပကတဝစ္ဆမထေရ် ၁၆
ဥဂ္ဂမထေရ် ၂၀

[ ဥ ]

ဥဇ္ဇယမထေရ် ၁၂
ဥဇ္ဇုဟာနတောင် ၉၈
ဥတ္တမာထေရီ ၁၉၁
ဥတ္တရပါလမထေရ် ၅၁
ဥတ္တရဖဂ္ဂုနိနက္ခတ်ပွဲ ၅၆
ဥတ္တရမထေရ် ၃၀
ဥတ္တရာထေရီ ၁၈၆၊၂၀၉
ဥတ္တိယမထေရ် ၈၊၁၄၊၂၄
ဥဒါယိမထေရ် ၁၁၁
ဥဒ္ဒံသောတအနာဂါမ် ၁၇၅
ဥပကတက္ကတွန်း ၂၂၅
ဥပကနှင့်စာပါ အပြန်အလှန် စကား ပြောဆိုပုံ ၂၂၆
ဥပစာလာထေရီ ၂၁၀
ဥပတိဿမထေရ် ၁၄၅
ဥပဓိမှကင်းဆိတ်ခြင်းသည် ဘုရားတည်း ဟူသော ဆင်ပြောင်ကြီး၏အမြီး မည်ခြင်း ၁၁၀
ဥပ္ပလဝဏ္ဏာထေရီ ၂၁၆
ဥပဝါဟနမထေရ် ၄၀
ဥပသမာထေရီ ၁၇၅
ဥပါဒါနက္ခန္ဓာငါးပါးတို့သည် စဉ်းတီ တုံးနှင့်တူပုံ ၁၉၃
ဥပါလိမထေရ် ၁၁၀
ဥရုဝေဠကဿပမထေရ် ၆၉
ဥသဘမထေရ် ၂၆၊၄၂

[ ေ ]

ကေမ္မသဝနီယမထေရ် ၁၇
ကေဝိဟာရိယမထေရ် ၉၁
ကေ့ဒါနိယမထေရ် ၁၇
ရေကမထေရ် ၂၃
ရေကစ္ဆမည်သောမြို့ဝယ် ဥစ္စာ များစွာ ကြွယ်ဝသော ရွှေပန်းထိမ်သည်ဘဝ မာန်ယစ်ခဲ့ခြင်း ၂၄၃

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ အို-အိပ်-အိုင်း ]

အိုခြင်းကြောင့် ကိုယ်လက်အင်္ဂါတို့ ပျက်စီးယိုယွင်းပုံ ၂၂၁
အိုခြင်းကြောင့် ဆံပင်တို့သည် ပိုက်ဆံလျှော်မျှင်နှင့်တူပုံ ၂၂၀
အိပ်မက်နှင့်တူသော ကာမဂုဏ် ၂၅၁
အိုင်းအမာနှင့်တူသောကာမဂုဏ် ၂၅၁

[က]

ကစ္စါရေဝတမထေရ် ၂
ကဏှဒိန္နမထေရ် ၃၉
ကပ္ပဋကုရမထေရ် ၄၂
ကပ္ပမထေရ် ၉၄
ကဿပမထေရ် ၂၀
ကာတိယာနမထေရ် ၇၄
ကာမဂုဏ်ကိုစွဲ၍ဖြစ်သော ချမ်းသာနှင့် ကာမဂုဏ်မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်းနှစ်မျိုးတို့၏ အယုတ်အမြတ် ထူးခြားချက် ၁၀၇
ကာမဂုဏ်ငါးပါး ၁၃၃
ကာမဂုဏ်၏ဥပမာများ ၂၅၁
ကာမဂုဏ်၏ အမြဲမရှိ မတည်တံ့ များစွာသော ဆင်းရဲရှိပုံ ၂၅၁
ကာလကဥ္စိကပြိတ္တာ ၂၄၉
ကာရမ္ဘမည်သော တောအုပ် ၇
ကာဠုဒါယီမထေရ် ၉၀
ကိမ္ဗိလမထေရ် ၂၀၊၃၅
ကိသာဂေါတမီထေရီ ၂၁၄
ကုဋိဝိဟာရိမထေရ် ၁၄
ကုဏ္ဍဓာနမထေရ် ၅
ကုမာပုတ္တမထေရ် ၁၀
ကုမာပုတ္တသဟာယကမထေရ် ၁၀
ကုမာရကဿပမထေရ် ၄၃
ကုလမထေရ် ၆
ကုလ္လမထေရ် ၇၁
ကောဏ္ဍညမထေရ် ၁၀၉

[က]

ကောရဗျမင်း ၁၁၉
ကောလိယမင်းမျိုး ၈၉
ကောသလဝိဟာရိမထေရ် ၁၅
ကောသိယမထေရ် ၆၈
ကိုးရာသော အကြောတည်းဟူသော ကြိုးတို့ဖြင့် အမြဲဖွဲ့ထားသောကိုယ် ၉၄
ကျောင်းလှူရခြင်းအကျိုး ၂၅၅
ကြိုးဆွဲချ၍သေရန် လုံ့လပြုစဉ် ကိလေသာအားလုံးမှ လွတ်မြောက်သောထေရီမ ၁၉၇

[ ခ ]

ခဏ္ဍသုမနမထေရ် ၂၃
ခဒိရဝနိယမထေရ် ၁၁
ခဒိရဝနိယရေဝတမထေရ် ၁၀၆
ခိတကမထေရ် ၂၅
ခုဇ္ဇသောဘိတမထေရ် ၄၈
ခုနစ်နှစ်သာရှိသေးလျက် ပဥ္စင်းဖြစ်သောမထေရ် ၈၁၊၈၂
ခေမာထေရီ ၂၀၄
ခြောက်ဆယ်သော အကြောမတို့ဖြင့် ဖွဲ့ထားသောကိုယ် ၉၄

[ ဂ ]

ဂင်္ဂါတီရိယမထေရ် ၃၁
ဂယာကဿပမထေရ် ၆၄
ဂဝံပတိမထေရ် ၁၀
ဂဟ္ဘရတီရိယမထေရ် ၉
ဂိရိဒါသမည်သော လှည်းကုန်သည်၏ သား ၂၄၄
ဂိရိမာနန္ဒမထေရ် ၆၂
ဂုတ္တာထေရီ ၂၀၈
ဂေါတမ မထေရ် ၃၂၊၅၂၊၉၇
ဂေါဒတ္တမထေရ် ၁၀၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဂ ]** | |
| ဂေါသာလမထေရ် | ၃ |
| ဂိုဏ်းဂဏအသင်းအပင်းကို အလိုမရှိ အပ်ကြောင်း | ၁၅၂ |
| **[ င ]** | |
| ငါးရာသော ထေရီမများ | ၂၀၇ |
| ငိုက်မျဉ်းခြင်း မိဒ္ဓကို နှစ်ဆယ့်ငါးနှစ် ပယ်စွန့်ခဲ့သော မထေရ် | ၁၃၄ |
| **[ စ ]** | |
| စက္ခုပါလမထေရ် | ၂၇ |
| စကြဝဠာကုဋေတသိန်းဟူသော ဗုဒ္ဓခေတ်၌ ခုံတင်ဆောင်ရာ၌ အသျှင်မဟာကဿပနှင့်တူသူ မရှိခြင်း | ၁၅၅ |
| စန္ဒနမထေရ် | ၅၈ |
| စန္ဒာထေရီ | ၂၀၂ |
| စရည်းပင်ရောက်ရာလိုဏ်တံခါး | ၄၉ |
| စာပါထေရီ | ၉၆ |
| စာရိတ္တသီလနှင့်ဝါရိတ္တသီလ ထူးခြားချက် | ၉၆ |
| စာလာ ဥပစာလာ သိသူပစာလာ တို့အား သတိပေးခြင်း | ၁၁ |
| စာလာထေရီ | ၂၀၉ |
| စိတ္တကမထေရ် | ၃ |
| စိတ္တာထေရီ | ၁၈၈ |
| စူဠကမထေရ် | ၄၄ |
| စူဠပန္ထကမထေရ် | ၉၇ |
| စူဠဝစ္ဆမထေရ် | ၄ |
| **[ ဆ ]** | |
| ဆန္နမထေရ် | ၁၃ |
| ဆိတ်ဘဝမှ နွားဘဝသို့ရောက်၍ ဝှေးစေ့ ထုတ်ခံရပြန်ခြင်း | ၂၄၄ |
| **[ ဇ ]** | |
| ဇမ္ဗုကမထေရ် | ၅၆ |
| ဇမ္ဗုဂါမိကပုတ္တမထေရ် | ၈ |
| ဇမ္ဗုဒိပ်ကျွန်းမြေကို ဥပမာဆောင်၍ ဟောတော်မူခြင်း | ၂၅၂ |
| ဇာလိနီနတ်သမီး | ၁၃၄ |
| ဇိနဒတ္တာထေရီမ ဆွမ်းခံလှည့်လည်လာစဉ် ဣသိဒါသီ၏ ဖခင်အိမ်သို့ရောက်လာခြင်း | ၂၄၇ |
| ဇေန္တမထေရ် | ၂၃ |
| ဇေန္တာထေရီ | ၁၈၃ |
| ဇောတိဒါသမထေရ် | ၇၇ |
| **[ တ ]** | |
| တကျိပ်သော သားသမီးတို့ကို ဖွားမြင်ခဲ့ပြီးမှ ဘိက္ခုနီသာသနာသို့ ဝင်ရောက်သူ | ၂၀၀ |
| တဦးသောသတ္တဝါ၏ အရိုးစုကို ဝိပုလ တောင်နှင့်နှိုင်းယှဉ်ခြင်း | ၂၅၂ |
| တရားကို ရှာမှီးလေ့ရှိသော ယောကျ်ား အား သားမြီးဖျားမျှလောက်သော မကောင်းမှုကို တိမ်တိုက်ကြီးလောက် ပင် အမြဲထင်နေပုံ | ၁၄၅ |
| တာလပုဋ္ဌမထေရ် | ၁၅၃ |
| တိဿမထေရ် | ၁၀၊၂၃၊၇၅ |
| တိဿာထေရီ | ၁၈၄ |
| တေကိစ္ဆကာရိမထေရ် | ၃၀ |
| တေလကာနိမထေရ် | ၁၁၉ |
| **[ ထ ]** | |
| ထမင်းအဖျော်အဝတ်သင်္ကန်း ကျောင်း အိပ်ရာနေရာတို့ဖြင့် လာဘ်ရသော ရဟန်းသည် ရန်သူတို့ကိုရသည် မည်ခြင်း | ၇၅ |

http://www.dhammadownload.com




| အကွက်ရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဒ ]** | |
| ဒဗ္ဗမထေရ် | ၃ |
| ဒါသကမထေရ် | ၆ |
| ဒုတိယကုဋိဝိဟာရိမထေရ် | ၁၄ |
| ဒေဝသဘမထေရ် | ၂၂၊၂၄ |
| **[ ဓ ]** | |
| ဓနိယမထေရ် | ၄၀ |
| ဓမ္မဒိန္နာထေရီ | ၁၀၅ |
| ဓမ္မပါလမထေရ် | ၄၃ |
| ဓမ္မသဝပိတုမထေရ် | ၂၆ |
| ဓမ္မသဝမထေရ် | ၂၆ |
| ဓမ္မိကမထေရ် | ၅၉ |
| ဓီရာထေရီ | ၁၀၄ |
| ဓုတင်တဆယ့်သုံးပါး | ၁၂၀ |
| **[ န ]** | |
| နန္ဒကမထေရ် | ၃၀၊၅၅ |
| နန္ဒမထေရ် | ၃၅ |
| နန္ဒိယမထေရ် | ၇ |
| နဒီကဿပမထေရ် | ၆၄ |
| နန္ဒုတ္တရာထေရီ | ၁၉၀ |
| နပုံးဖြစ်ရခြင်းအကြောင်း | ၂၄၄ |
| နပုံးဘဝမှစုတေသော် လှည်းသမား အမျိုး၌ဖြစ်ခဲ့သူ | ၂၄၄ |
| နာဂသမာလမထေရ် | ၅၄ |
| နာဂိတမထေရ် | ၂၁ |
| နာဠကရွာ | ၂၂၅ |
| နိဂြောဓမထေရ် | ၇ |
| နိဗ္ဗာနတကိုကပြိတ္တာ | ၂၄၉ |
| နိတကမထေရ် | ၄၁ |
| နိသဘမထေရ် | ၄၂ |
| နိတမထေရ် | ၂၀ |
| နှုနာခစွဲကပ်သူ၏ ပြတ်ကျသောလက်ချောင်း နှင့် တကွသော ဆွမ်းကို အသျှင်မဟာ ကဿပ ဘုဉ်းပေးတော်မူခြင်း | ၁၅၂ |
| **[ န ]** | |
| နေသဇ္ဇိကဓုတင်ကို ငါးဆယ့်ငါးနှစ် ဆောက်တည်သော မထေရ် | ၁၁၄ |
| နှာတကမုနိမထေရ် | ၇၆ |
| နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး စိတ်ငြိမ်သက်မှု မရသော ထေရီမ | ၁၉၁၊၁၉၆ |
| နွားဘဝမှစုတေသော် နပုံးဘဝသို့ရောက်ခဲ့ ရသော အကြောင်း | ၂၄၄ |
| **[ ပ ]** | |
| ပက္ခမထေရ် | ၁၆ |
| ပစ္စယမထေရ် | ၄၇ |
| ပဋ္ဌာတပအကျင့် | ၁၉၀ |
| ပညာနည်းသော ပုဂ္ဂိုလ်တို့၏ အခြံအရံ အကျော်အစောများခြင်းနှင့် ပညာ ရှိသော ပုဂ္ဂိုလ်တို့၏ အခြံအရံ အကျော်အစော မရှိခြင်း နှစ်မျိုး၏ အယုတ်အမြတ်ရွေးချယ်ပုံ | ၁၀၇ |
| ပညာမဲ့သူ ချီးမွမ်းခြင်းနှင့် ပညာရှိတို့ ကဲ့ရဲ့ခြင်းနှစ်မျိုး၏ အယုတ်အမြတ် ရွေးချယ်ပုံ | ၁၀၇ |
| ပညာရှိတို့မပေါင်းအပ်သူ | ၁၄၇ |
| ပညာရှိတို့သည် သားသမီးဆွေမျိုး ပစ္စည်း ဥစ္စာကို စွန့်ကုန်၏ဟု ဥပက,က စာပါ အား ပြောဆိုခြင်း | ၂၂၆ |
| ပညာသည် ဆင်ပြောင်ကြီး၏ ဦးခေါင်းနှင့် တူပုံ | ၁၁၀ |
| ပဋာစာရီထေရီ | ၂၀၁ |
| ပဋာစာရီထေရီမသည် ဥတ္တရာအား ဥပမာ ပြ၍ အဆုံးအမပေးခြင်း | ၂၀၉ |
| ပဋိသန္ဓေနေရခြင်းကို ငါမနှစ်သက်ဟု ဥပစာလာ ထေရီမက မာရ်နတ်အား ပြောဆိုခြင်း | ၂၁၁ |
| ပဏ္ဍရရသေ့ | ၁၄၀ |
| ပဒုမရက်၏ အပြစ်များ | ၂၄၄ |
| ပရိပုဏ္ဏကမထေရ် | ၂၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပဝိဋ္ဌမထေရ် | ၂၁ |
| ပါစိနဝံသမည်သောတောအုပ် | ၃၅ |
| ပါဠလိပုတ်ပြည် | ၄၈ |
| ပါဋလိပုတ်မည်သော ကုသုမပြည် | ၂၄၀ |
| ပါရာပရိယမထေရ် | ၂၈၊၁၁၄၊၁၃၉ |
| ပိဏ္ဍောလဘာရဒွါဇမထေရ် | ၃၀ |
| ပိလိန္ဒဝစ္ဆမထေရ် | ၄ |
| ပိယဥ္စဟမထေရ် | ၁၉ |
| ပုဏ္ဏမထေရ် | ၂၊၁၇ |
| ပုဏ္ဏမာသမထေရ် | ၄၊၃၈ |
| ပုဏ္ဏာထေရီ | ၁၈၃၊၂၁၈ |
| ပုရောဟိတ်ပုဏ္ဏားသားဖြစ်သော ဇေန္တမထေရ် | ၇၅ |
| ပေါသိယမထေရ် | ၉ |
| ပုံသုကူသက်န်းနှင့် မတင့်တယ်သော ရဟန်း | ၁၅၅ |
| ပြည့်တန်ဆာမဖြစ်ဘူးသောဝိမလာထေရီ ၁၉၇ | |
| **[ ဖ ]** | |
| ဖုဿမထေရ် | ၁၄၀၊၁၄၃ |
| ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံရန်မထိုက်သူ | ၁၄၂ |
| **[ ဗ ]** | |
| ဗန္ဓုရမထေရ် | ၂၅ |
| ဗာကုလမထေရ် | ၄၇ |
| ဗေလဋ္ဌသီသမထေရ် | ၅ |
| ဗေလဋ္ဌာနိကမထေရ် | ၂၄ |
| ဗောဓိထေရီမအား ဣသိဒါသီထေရီမက မိမိ၏ ရှေးခုနစ်ဘဝအကြောင်းများကို ပြောကြားခြင်း | ၂၄၃ |
| ဗြဟ္မဒတ္တမထေရ် | ၇၇ |
| ဗြဟ္မပုရောဟိတာ ဗြဟ္မာတသောင်းတို့ အသျှင်မဟာမောဂ္ဂလ္လာန်အား ရှိခိုးလျက် ရပ်တည်ခြင်း | ၁၆၉ |
| ဗြဟ္မာလိမထေရ် | ၄၃ |
| **[ ဘ ]** | |
| ဘဂုမထေရ် | ၃၆ |
| ဘဒ္ဒဇိမထေရ် | ၃၆ |
| ဘဒ္ဒမထေရ် | ၈၀ |
| ဘဒ္ဒါကာပိလာနီထေရီ | ၁၉၅ |
| ဘဒ္ဒါကုဏ္ဍလကေသာထေရီ | ၂၀၁ |
| ဘဒြာထေရီ | ၁၈၅ |
| ဘဒ္ဒိယမထေရ် | ၁၃၀ |
| ဘရတမထေရ် | ၃၈ |
| ဘလ္လိယမထေရ် | ၃ |
| ဘာရဒွါဇမထေရ် | ၃၉ |
| ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ ဝမ်းပိုက်နှင့်တူသော တရား | ၁၁၀ |
| ဘူတမထေရ် | ၈၈ |
| ဘေသကလမည်သော တော | ၆ |
| ဘေသကဠာမည်သော တောအုပ်၌ အသျှင်မဟာမောဂ္ဂလ္လာန်က မာရ်နတ်ကို ခြိမ်းချောက်ခြင်း | ၁၇၂ |
| **[ မ ]** | |
| မတရားသဖြင့်အသက်ရှင်နေခြင်းနှင့် တရားသဖြင့် သေရခြင်းနှစ်မျိုး၏ အယုတ်အမြတ် ရွေးချယ်ခြင်း | ၁၀၇ |
| မန္တာနီပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏမထေရ် | ၂ |
| မန္တာဝတီမြို့ ကောဉ္စမည်သော ဘုရင်၏ သမီး သုမေဓာ | ၂၄၆ |
| မလိတဝမ္ဘမထေရ် | ၂၅ |
| မဟာကစ္စာယနမထေရ် | ၈၅ |
| မဟာကပ္ပိနမထေရ်ပြုံးတော်မူခြင်း | ၁၅၅ |
| မဟာကပ္ပိနမထေရ် | ၉၂ |
| မဟာကဿပမထေရ် | ၁၅၆ |
| မဟာကာလမထေရ် | ၃၄ |
| မဟာကောဋ္ဌိကမထေရ် | ၂ |
| မဟာစုန္ဒမထေရ် | ၃၃ |
| မဟာနာဂမထေရ် | ၇၁ |
| မဟာနာမ်မထေရ် | ၂၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မဟာပဇာပတိဂေါတမီထေရီ | ၂၀၇ |
| မဟာပန္ထကမထေရ် | ၈၆ |
| မဟာပနာဒမင်း | ၃၇ |
| မဟာမောဂ္ဂလ္လာန်မထေရ် | ၁၇၂ |
| မဟာဝစ္ဆမထေရ် | ၄ |
| မာဏဝမထေရ် | ၁၈ |
| မာတင်္ဂပုတ္တမထေရ် | ၄၈ |
| မာလုကျပုတ္တမထေရ် | ၇၂၊၁၂၅ |
| မာလောနွယ် | ၇၂ |
| မိဂဇာလမထေရ် | ၇၄ |
| မိဂသိရမထေရ် | ၃၉ |
| မိဂါရမာတာဝိသာခါ၏ ပြာသာဒ် ကျောင်းကို ခြေမဖျားဖြင့် တုန်လှုပ်စေသောမထေရ် | ၁၇၀ |
| မိတ္တာကာဠီထေရီ | ၁၉၉ |
| မိတ္တာထေရီ | ၁၈၄၊၁၈၉ |
| မီးကျီးတွင်းနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| မုတ္တာထေရီ | ၁၈၃၊၁၈၅ |
| မုဒိတမထေရ် | ၅၉ |
| မူဆိုးသမီးစာပါ | ၂၂၅ |
| မေဃိယမထေရ် | ၁၆ |
| မေဏ္ဍသိရမထေရ် | ၁၉ |
| မေတ္တဇိမထေရ် | ၂၃ |
| မေတ္တိကာထေရီ | ၁၈၈ |
| မေဠဇိနမထေရ် | ၃၁ |
| မောဃရာဇမထေရ် | ၄၄ |
| မိန်းမဘဝဆင်းရဲလှပုံ | ၂၁၄ |
| မိန်းမလိုက်စား လူရမ်းကားက သုဘာထေရီမအား ကာမဂုဏ်အမျိုးမျိုး ဖြင့် ဖြားယောင်းခြင်း | ၂၃၆ |
| မျက်လှည့်နှင့် တူသော ကာမဂုဏ် | ၂၅၁ |
| မျောက်ဘဝမှ စုတေသော် ဆိတ်ဘဝသို့ ရောက်ခြင်း | ၂၄၄ |
| မြက်မီးရှူးနှင့် တူသော ကာမဂုဏ် | ၂၅၁ |
| မြက်သစ်သား သစ်ခက် သစ်ရွက် တို့ကို ဥပမာဆောင်ခြင်း | ၂၅၂ |
| မြတ်စွာဘုရားနှင့် အသျှင်သာရိပုတြာ စသော သာဝကတို့ထံမှ ဓမ္မက္ခန္ဓာ တို့ကို သင်ယူခဲ့သော မထေရ် | ၁၄၈ |
| မွေးဖွားစ မျောက်ငယ်၏ ငွေးမေ့ကို မျောက်မင်း ကိုက်ထုတ်ခြင်း၏ ရှေးဝိပါက် | ၂၄၄ |
| မြွေဦးခေါင်းနှင့် တူသော ကာမဂုဏ် | ၂၅၁ |
| [ ယ ] | |
| ယသဒတ္တမထေရ် | ၆၆ |
| ယသမထေရ် | ၂၈ |
| ယသောဇမထေရ် | ၅၀ |
| [ ရ ] | |
| ရက္ခိတမထေရ် | ၁၉ |
| ရဋ္ဌပါလမထေရ် | ၁၂၂ |
| ရမဏီယကုဋိကမထေရ် | ၁၄ |
| ရမဏီယဝိဟာရီမထေရ် | ၁၂ |
| ရဟန်းတို့၏ သင့်တင့်လျောက်ပတ်သော အပြုအမူများ | ၉၆ |
| ရဟန်းတို့အား ချစ်မြတ်နိုးအပ် ကြောင်းကို ရောဟိနီက ဖခင် ပုဏ္ဏားအား ပြောကြားခြင်း | ၂၂၃ |
| ရဟန်းတို့၏ စိတ်ကို ညစ်ညူးစေတတ်သော တရားငါးပါး | ၁၄၆ |
| ရဟန်းဟူ၍ ဆိုအပ်သူ | ၁၄၃ |
| ရာဇဒတ္တမထေရ် | ၆၁ |
| ရာဓမထေရ် | ၃၁ |
| ရာမဏေယျကမထေရ် | ၁၂ |
| ရာဟုလမထေရ် | ၅၇ |
| ရေချိုးခြင်းဖြင့် မကောင်းမှုမှ မုချ ကင်းလွတ်နိုင်၏ဟု အယူရှိသူ | ၂၁၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရွှေပန်းထိမ်သည်၏ သမီးဖြစ်သော သုဘာထေရီ | ၂၃၄ |
| ရောဟနီမြစ် | ၈၉ |
| ရောဟိနီထေရီက ဖခင်ပုဏ္ဏားအား ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ရန် တိုက်တွန်းခြင်း | ၂၂၅ |
| **[ လ ]** | |
| လကုဏ္ဍကဘဒ္ဒိယမထေရ် | ၈၀ |
| လူသတ်သမားနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| လေးကြိမ် ငါးကြိမ်တိုင်အောင် ကျောင်းမှ ထွက်ခဲ့သော ထေရီမ | ၁၉၁ |
| လောမသကင်္ဂိယမထေရ် | ၈ |
| လင်တူမယားကြီးကို မုန်းအောင် ပြုခဲ့သော မကောင်းမှု၏ အကျိုးဆက် | ၂၄၅ |
| လင်ဆိုး၊ ထီးအလုပ်နှင့် ထမင်းအိုးမှ ကောင်းစွာ လွတ်မြောက်ခဲ့သူ | ၁၈၇ |
| လင်သုံးယောက် စွန့်ပစ်ခံခဲ့ရသော ဣသိဒါသီသတို့သမီး၏ ရှေးအကြောင်း | ၂၄၅ |
| လိပ်ကန်းဥပမာကို ဆောင်ခြင်း | ၂၅၂ |
| လုံသွားနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| **[ ဝ ]** | |
| ဝက္ကလိမထေရ် | ၆၅ |
| ဝင်္ကန္တပုဏ္ဏား၏ သားဖြစ်သော ဥပသေနမထေရ် | ၉၅ |
| ဝင်္ဂီသမထေရ် | ၁၈၁ |
| ဝစ္ဆဂေါတ္တမထေရ် | ၂၇ |
| ဝစ္ဆပါလမထေရ် | ၁၈ |
| ဝဍ္ဎတမထေရ် | ၄၅ |
| ဝဍ္ဎပုတ္တမထေရ် | ၁၅၊ ၂၉ |
| ဝနမထေရ် | ၆၃ |
| ဝနမာတုထေရီ | ၂၁၃ |
| ဝနမာနမထေရ် | ၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝနဝစ္ဆမထေရ် | ၅၊ ၂၇ |
| ဝနဝစ္ဆမထေရ်၏တူ သိဝကသာမဏေ | ၅ |
| ဝလ္လိယမထေရ် | ၁၃၊ ၃၀ |
| ဝသဘမထေရ် | ၃၂ |
| ဝဿိကမထေရ် | ၄၉ |
| ဝါရဏမထေရ် | ၄၉ |
| ဝါရဏဝတီမည်သောမြို့ | ၂၄၇ |
| ဝါသေဋ္ဌီထေရီ | ၂၀၄ |
| ဝါသေဋ္ဌီထေရီမနှင့် သုဇာတ ပုဏ္ဏားတို့ တွေ့ဆုံခြင်း | ၂၂၈ |
| ဝါးတောရွာ ဝါးချုံအောက်၌ အာသဝေါကင်းသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ဣသျှင်အနုရုဒ္ဓါမထေရ် | ၁၃၅ |
| ဝိဇယမထေရ် | ၂၂ |
| ဝိဇယာထေရီ | ၂၀၈ |
| ဝိဇိတသေနမထေရ် | ၆၅ |
| ဝိမလကောဏ္ဍညမထေရ် | ၁၆ |
| ဝိမလမထေရ် | ၁၃၊ ၅၂ |
| ဝိမလာထေရီ | ၁၉၃ |
| ဝိသာခပဥ္စာလပုတ္တမထေရ် | ၄၄ |
| ဝိသာခါထေရီ | ၁၈၅ |
| ဝီတသောကမထေရ် | ၃၇ |
| ဝီရမထေရ် | ၃ |
| ဝီရာထေရီ | ၁၈၄ |
| ဝုဍ္ဍပဗ္ဗဇိတသုမနာထေရီ | ၁၇၀ |
| ဝေဇယန္တာပြာသာဒ်ကို ခြေမဖျားဖြင့် တုန်လှုပ်စေသောမထေရ် | ၁၇၀ |
| ဝေရမ္ဘမည်သောလေ | ၉၈ |
| **[ သ ]** | |
| သံကိစ္စမထေရ် | ၉၈ |
| သံဃရက္ခိတမထေရ် | ၂၆ |
| သံဃာထေရီ | ၁၈၆ |
| သံတံကျင်နှင့်တူသော ကာမဂုဏ် | ၂၅၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သံတွေခဲနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| သဥ္ဇယမထေရ် | ၁၂ |
| သတ္တဝါတယောက်၏ ထွက်သော ချက်ရည် စို့သောနို့ရည်, ထွက်သောသွေးနှင့် မဟာသမုဒ္ဒရာလေးစင်းတို့ကို ဥပမာဆောင်၍ ပြခြင်း | ၂၅၂ |
| သတိ,ပညာ တရားနှစ်ပါးသည် ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ နောက်ခြေနှစ်ဖက်နှင့် တူပုံ | ၁၁၀ |
| သတိသည် ဆင်ပြောင်ကြီး၏ လည်ပင်းနှင့် တူပုံ | ၁၁၀ |
| သဒ္ဓါတရားသည် ဆင်ပြောင်ကြီး၏ နှာမောင်းနှင့် တူပုံ | ၁၁၀ |
| သန္တိတမထေရ် | ၄၅ |
| သပ္ပကမထေရ် | ၅၉ |
| သပ္ပဒါသမထေရ် | ၇၃ |
| သဗ္ဗကာမိမထေရ် | ၇၈ |
| သဗ္ဗမိတ္တမထေရ် | ၃၄ |
| သဘိယမထေရ် | ၅၅ |
| အမ္ဗုလကစ္စာယနမထေရ် | ၄၁ |
| သမ္ဘူတမထေရ် | ၅၇ |
| သမာဓိရှိသူသည် အကြောင်းနှစ်ပါးကြောင့် မတုန်လှုပ်ခြင်း | ၁၄၆ |
| သမိတိဂုတ္တမထေရ် | ၂၀ |
| သမိဒ္ဓိမထေရ် | ၁၂ |
| သရဘင်္ဂမထေရ် | ၈၃ |
| သရဘူမြစ်ကို တန့်စေသောမထေရ် | ၁၀ |
| သာဋ္ဌိမတ္တိယမထေရ် | ၅၀ |
| သာနုမထေရ် | ၁၁ |
| သာမညကာနိမထေရ် | ၉ |
| သာမာထေရီ | ၁၉၀ |
| သာမိဒတ္တမထေရ် | ၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[သ]** | |
| သာရိပုတြာမထေရ် | ၁၄၇ |
| သာရိပုတြာမထေရ်၏ တူဖြစ်သော မိစ္ဆာဒိဋ္ဌိပုဏ္ဏားကို အသျှင်မဟာကဿပမထေရ်အား ရှိခိုးစေခြင်း | ၁၆၈ |
| သာလိကာ၏ သာယာစွာ ကြွေးကြော်သံကဲ့သို့ အသျှင်သာရိပုတြာ၏ အသံဖြစ်ပေါ်လာခြင်း | ၁၃၅ |
| သားတစ်နှင့်တူသော ကာမဂုဏ် | ၂၅၁ |
| သားမြီးကို ဖစ်နိုင်သည့် လေးသမားနှင့် တူသောအသျှင် | ၁၁ |
| သိကြားကွမ်းသွေးကောင် | ၅ |
| သိင်္ဂါလပိတုမထေရ် | ၆ |
| သိန္ဓုဝတိုင်းတောအရပ်၌ ကန်းယည်းကန်းခြေလည်းခွင်သော ဆိတ်မဝမ်း၌ ပဋိသန္ဓေနေရခြင်း၏ ရှေးမကောင်းမှု၏အကျိုးဆက် | ၂၄၄ |
| သိရိမဏ္ဍလမထေရ် | ၇၈ |
| သိရိမမထေရ် | ၃၆ |
| သိရိမိတ္တမထေရ် | ၈၅ |
| သိရိဝဍ္ဎမထေရ် | ၄၀ |
| သိဝကမထေရ် | ၄၀ |
| သိဝကသာမဏေ | ၅ |
| သီလကရုဏာတရားနှစ်ပါးတို့သည် ဘုရားတည်းဟူသော ဆင်ပြောင်ကြီး၏ရှေ့ ခြေနှစ်ဖက်မည်ပုံ | ၁၁၀ |
| သီလဝမထေရ် | ၁၀၁ |
| သီဝလိမထေရ် | ၁၅ |
| သီသူပစာလာထေရီ | ၂၁၂ |
| သီဟမထေရ် | ၂၀ |
| သီဟာထေရီ | ၁၉၇ |
| သုက္ကာထေရီ | ၁၉၃ |
| သုဂန္ဓမထေရ် | ၇ |
| သုဇာတာထေရီ | ၂၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သုန္ဒရသမုဒ္ဒမထေရ် | ၇၉ |
| သုန္ဒရီထေရီ | ၂၂၈ |
| သုန္ဒရီကမိခင်ပုဏ္ဏေးမအား ရဟန်းပြုရန် ခွင့်တောင်းခြင်း | ၂၂၉ |
| သုန္ဒရီနန္ဒာထေရီ | ၁၉၈ |
| သုန္ဒရီဘိက္ခုနီမက မြတ်စွာဘုရားထံသို့ သွားလိုကြောင်း ဥပဇ္ဈာယ်အရှင်မထံ ခွင့်ပန်ခြင်း | ၂၃၀ |
| သုနာဂမထေရ် | ၂၁ |
| သုနီတမထေရ် | ၁၀၂ |
| သုပ္ပိယမထေရ် | ၉ |
| သုဗာဟုမထေရ် | ၁၃ |
| သုဘာကမ္မာရဓိတုထေရီ | ၂၃၁ |
| သုဘာဇီဝကမ္ဗဝနိကာထေရီ | ၂၃၅ |
| သုဘာထေရီမအား လူရမ်းကားက လမ်းကိုပိတ်ဆို့ကာ တားမြစ်ခြင်း | ၂၃၄ |
| သုဘာထေရီမအား လူရမ်းကားက ကန့်ကွက်ခြင်း | ၂၃၉ |
| သုဘာထေရီမက လူရမ်းကားအား မျက်လုံးကို ဖောက်ထုတ်၍ပေးခြင်း | ၂၃၉ |
| သုဘူတမထေရ် | ၆၁ |
| သုဘူတိမထေရ် | ၂ |
| သုမင်္ဂလမထေရ် | ၁၁ |
| သုမင်္ဂလမာတာထေရီ | ၁၈၇ |
| သုမနမထေရ် (သာမဏေ) | ၆၂၊၇၆ |
| သုမနာထေရီ | ၁၈၆ |
| သုမေဓာမင်းသမီးသည် သိက္ခမာန် ဖြစ်စဉ်ပင် အဘိညာဉ်ခြောက်ပါး တို့ကို မျက်မှောက်ပြုခြင်း | ၂၅၅ |
| သုမေဓာမင်းသမီးသည် သန်လျက်ဖြင့် ဖြတ်ပြီးသော မိမိ၏ဆံပင်တို့ကို ပြာသာဒ်ထက်မှ မြေပေါ် သို့ပစ်ချ လိုက်ခြင်း | ၂၅၄ |
| သုမေဓာမင်းသမီးရှင်ရဟန်းပြုခြင်း | ၂၅၄ |
| သုမေဓာမင်းသမီးသည် ဆံပင်တို့ကို ဖြတ်လျက် တိုက်ခန်းတွင်း၌ ပဌမ ဈာန်ကိုဝင်စားခြင်း | ၂၅၀ |
| သုမေဓာမင်းသမီးသည် ခမည်းတော် မယ်တော်တို့အား ရဟန်းပြုရန် ခွင့်တောင်းခြင်း | ၂၄၇ |
| သုယာမနမထေရ် | ၁၈ |
| သုရာဓမထေရ် | ၃၂ |
| သုသာရဒမထေရ် | ၁၈ |
| သုဟေမန္တမထေရ် | ၂၅ |
| သူတပါးမယားကို မှီဝဲခဲ့ဘူးသော အကုသိုလ်ကြောင့် အဝီစိငရဲကြီး၌ ငရဲမီးလောင်ခံရခြင်း | ၂၄၄ |
| သေခြင်းကိုလည်းမနှစ်သက် အသက် ရှည်ခြင်းကိုလည်း မနှစ်သက် ခန္ဓ ပရိနိဗ္ဗာန်ပြုချိန်ကိုသာ ငံ့လင့်စောင့် မြော်သူ | ၁၄၅ |
| သေတုစ္ဆမထေရ် | ၂၅ |
| သေနကမထေရ် | ၅၆ |
| သေလပုဏ္ဏား | ၁၂၆ |
| သေလမထေရ် | ၁၂၈ |
| သေလာထေရီ | ၁၉၃ |
| သောဏကုဋိကဏ္ဏမထေရ် | ၆၇ |
| သောဏကောဠိဝိသမထေရ် | ၁၀၄ |
| သောဏာထေရီ | ၂၀၀ |
| သောဏပေါဠိရိယမထေရ် | ၄၁ |
| သောပါကမထေရ် | ၉-၈၂ |
| သောဘိတမထေရ် | ၃၇ |
| သောမမိတ္တမထေရ် | ၃၄ |
| သောမာထေရီ | ၁၉၄ |
| သစ်သီးနှင့်တူသောကာမဂုဏ် | ၂၅၁ |

http://www.dhammadownload.com




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| [သ] | |
| သန်လျက်သွားနှင့်တူသော ကာမဂုဏ် | ၂၅၁ |
| သုံးကျိပ်သော ဘိက္ခုနီထေရီ | ၂၀၂ |
| သုံးရာကျော်သော အရိုးဆက်ရှိသော ကိုယ် | ၉၄ |

| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| [ ဟ ] | |
| ဟတ္ထာရောဟမထေရ် | ၁၉ |
| ဟာရိတမထေရ် | ၈၊၅၂ |
| ဟိ°သကမည်သော ခိုးသူ | ၁၃၁ |
| ဟေရညကာနိမထေရ် | ၃၃ |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com